# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်

## စတုတ္ထပုံမှန်အစည်းအဝေး

# မှတ်တမ်း

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ

ya 1

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# မှတ်တမ်း

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁။ | | **အစည်းအဝေးပထမနေ့ မှတ်တမ်း(၃. ၁၀. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၂ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၂ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၃ |
| | (စ) | တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း။ | ၃ |
| | (ဆ) | ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က (၁-၅-၂၀၁၆)ရက်မှ (၃၁-၈-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၅ |
| | (ဇ) | ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၉ |
| | (ဈ) | ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က (၁-၇-၂၀၁၆)ရက်မှ (၃၁-၈-၂၀၁၆)ရက်ထိ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း။ | ၁၇ |
| | (ည) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဇင်က မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၈ |


ya 2

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)၊ (၃)နှင့် (၄)တို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၆ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)၊ (၆)နှင့် (၇)တို့အား စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၉ |
| (ဎ) | တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၈)အား စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃၃ |
| (ဏ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၃၆ |
| (တ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၃၆ |
| (ထ) | တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြ၀င်း။ | ၃၆ |
| (ဒ) | တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၃၇ |
| (ဓ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညို၀င်းက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၃၇ |
| (န) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညို၀င်းက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၄၁ |
| (ပ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညို၀င်းက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၄၂ |


ya 3

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဖ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)၊ (၃)၊ (၄)နှင့် (၅)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၄၅ |
| (ဗ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၆)၊ (၇)နှင့် (၈)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၅၄ |
| (ဘ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၉)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၅၈ |
| (မ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၆၀ |
| (ယ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၆၃ |
| (ရ) | ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန် အင်းသမားနှင့် ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများအပေါ် မူဝါဒချမှတ်၍ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။ | ၆၆ |
| (လ) | အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ | ၆၉ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | (ဂ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၆၉ |
| ၂။ | | **အစည်းအဝေးဒုတိယနေ့ မှတ်တမ်း(၄. ၁၀. ၂၀၁၆)ရက်နေ့** | |
| | (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၇၀ |
| | (ခ) | တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၇၀ |
| | (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၇၁ |
| | (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၇၁ |
| | (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၇၂ |
| | (စ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာအား စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ညွန့်ညွန့်ဌေး၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၇၂ |
| | (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၇၅ |
| | (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၇၉ |
| | (စျ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်အောင်က မေးမြန်းသည့် မေးခွန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၆ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေးက မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၈၉ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်က မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၀ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၂ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၃ |
| (ဏ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၉၄ |
| (တ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၉၄ |
| (ထ) | တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၉၄ |
| (ဒ) | တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၉၅ |
| (ဓ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၉၅ |
| (န) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ပ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦးက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၁ |
| (ဖ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်က မေးမြန်းသည့် မေးခွန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၁ |
| (ဗ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၅ |
| (ဘ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၇ |
| (မ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၀၉ |
| (ယ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)၊ (၅)၊ (၆)၊ (၇)၊ (၈)နှင့် (၉)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၁၇ |
| (ရ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ | ၁၂၂ |
| ၃။ | **အစည်းအဝေးတတိယနေ့ မှတ်တမ်း(၅. ၁၀. ၂၀၁၆)ရက်နေ့** | |
| (က) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၂၃ |
| (ခ) | တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ | ၁၂၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဂ) | အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ | ၁၂၄ |
| (ဃ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ | ၁၂၄ |
| (င) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း။ | ၁၂၅ |
| (စ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာ ကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ အဖွဲ့ဝင် ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၂၅ |
| (ဆ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၁၂၈ |
| (ဇ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်က မေးမြန်းသည့် မေးခွန်း များအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၂၉ |
| (ဈ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်းက မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၁ |
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းက မေးမြန်းသည့် မေးခွန်းများအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၂ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၅ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၈ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၃)နှင့် (၄)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၃၉ |


ya 8

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၀ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၃ |
| (တ) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၁၄၄ |
| (ထ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၁၄၅ |
| (ဒ) | တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၁၄၅ |
| (ဓ) | တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၁၄၅ |
| (န) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၆ |
| (ပ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၄၈ |
| (ဖ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးငွေးလွင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)၊ (၆)နှင့် (၇)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၃ |
| (ဗ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၅ |
| (ဘ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (မ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၅၉ |
| (ယ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆၀ |
| (ရ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)နှင့် (၅)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆၆ |
| (လ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက မေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၆၇ |
| (ဝ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်က မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၇၁ |
| (သ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၇၂ |
| (ဟ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)၊ (၃)၊ (၄)နှင့် (၅)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၇၄ |
| (ဠ) | ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန် အင်းသမားနှင့် ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများအပေါ် မူဝါဒချမှတ်၍ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုအား လွှတ်တော် ကိုယ်စားလှယ်များက | ၁၇၆ |


ya 10

စဉ် | အကြောင်းအရာ | စာမျက်နှာ

ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

(အ) ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း။ ၁၈၄

## ၄။ အစည်းအဝေးစတုတ္ထနေ့ မှတ်တမ်း(၆. ၁၀. ၂၀၁၆)ရက်နေ့

(က) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ ၁၈၅

(ခ) တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း။ ၁၈၅

(ဂ) အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း ကြေညာခြင်း။ ၁၈၆

(ဃ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။ ၁၈၆

(င) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း။ ၁၈၇

(စ) ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးနိုင်အောင်ခင်က လွှတ်တော်သို့ တင်ပြခြင်း။ ၁၈၇

(ဆ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးကဖြေကြားခြင်း။ ၁၉၂

(ဇ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဦးက မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးကဖြေကြားခြင်း။ ၁၉၄

(ဈ) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညွှန့်ဝေက မေးမြန်းသည့် မေးခွန်းအားစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ ၁၉၄

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ည) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်မင်းဇော်က မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၉၅ |
| (ဋ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၁၉၇ |
| (ဌ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)နှင့် (၃)တို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၀၀ |
| (ဍ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၄)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၀၁ |
| (ဎ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၀၄ |
| (ဏ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)၊ (၃)၊ (၄)နှင့် (၅)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၀၇ |
| (တ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၀ |
| (ထ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းကိုက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၁ |
| (ဒ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)၊ (၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (ခ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစောသူရအောင်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၇ |
| (န) | အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း။ | ၂၁၈ |
| (ပ) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။ | ၂၁၈ |
| (ဖ) | တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂၁၈ |
| (ဗ) | တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်း အစည်းအဝေးအစီအစဉ် ကြေညာခြင်း။ | ၂၁၉ |
| (ဘ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၁၉ |
| (မ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်းက မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၀ |
| (ယ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦးက မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၁ |
| (ရ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၁)အား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၃ |
| (လ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်က မေးမြန်းသည့် မေးခွန်း အမှတ်စဉ်(၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၂၇ |
| (ဝ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၃၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (သ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်က မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၃၇ |
| (ဟ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်အောင်က မေးမြန်းသည့် မေးခွန်းများအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၃၇ |
| (ဠ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းလင်းကျော်က မေးမြန်းသည့် မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၀ |
| (အ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမခက မေးမြန်းသည့် မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၁ |
| (ကက) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးက မေးမြန်းသည့် မေးခွန်းအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၅ |
| (ခခ) | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲလင်းနိုင်က မေးမြန်းသည့် မေးခွန်းများအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားခြင်း။ | ၂၄၆ |
| (ဂဂ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးမြင့်ဦး၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း။ | ၂၄၈ |
| (ဃဃ) | ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း။ | ၂၄၉ |
| (ငင) | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း။ | ၂၅၀ |
| (စစ) | ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ရပ်နားကြောင်းနှင့် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း။ | ၂၅၃ |

# ဒုတိယအကြိမ်  ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | မဲဆန္ဒနယ်/တာဝန် |
|---|---|---|
| ၁။ | ဦးခင်မောင်ရင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊ လွှတ်တော်ဥက္ကဋ္ဌ |
| ၂။ | ဦးဝင်းသိန်း | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ ဝန်ကြီးချုပ် |
| ၃။ | ဦးကြည်ဇင် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>လွှတ်တော်ဒုတိယဥက္ကဋ္ဌ |
| ၄။ | ဗိုလ်မှူးကြီးခင်မောင်ဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်<br>လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး |
| ၅။ | ဒေါ်နော်ပွယ်စေး | ကရင်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်<br>ကရင်တိုင်းရင်းသားရေးရာဝန်ကြီး |
| ၆။ | ဦးအောင်ဇော်နိုင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး |
| ၇။ | ဦးကျော်မင်းစံ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး |
| ၈။ | ဦးသန်းဝင်း | ပြင်ပပညာရှင်<br>စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး |
| ၉။ | ဦးမောင်မောင်လွင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ် (၂)<br>စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး |
| ၁၀။ | ဦးညွန့်ရွှေ | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး |
| ၁၁။ | ဦးညွန့်ရွှေ | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၂။ | ဒေါက်တာစောညိုဝင်း | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၃။ | ဦးမျိုးမြင့်အောင် | သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၁၄။ | ဦးမျိုးခိုင် | ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၅။ | ဦးမျိုးကြည် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၆။ | ဒေါ်ရီရီထိုက် | ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၇။ | ဦးအောင်နိုင်ဦး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၈။ | ဦးညီညီထွေး | ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၁၉။ | ဦးလင်းလင်းကျော် | ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၀။ | ဦးသန်းထိုက်အောင် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၁။ | ဦးသူရဇော် | ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၂။ | ဦးဝင်းမြင့် | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၃။ | ဒေါ်လှလှဝင်း | ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၄။ | ဦးအေးမင်းဝင်း | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၅။ | ဦးမိုးမခ | တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၆။ | ဒေါက်တာကျော်ကျော် | ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၇။ | ဦးစည်သူလွင် | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၂၈။ | ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး | ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၂၉။ | ဦးသက်စိန် | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၀ | ဒေါ်နွယ်နီဝင်း | ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၁။ | ဦးမြင့်ဦး | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၂။ | ဦးဌေးလွင် | အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၃။ | ဦးခင်မောင်ဝင်း | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၄။ | ဦးဌေးလွင် | ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၅။ | ဦးသက်ဝင်းလှိုင် | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၆။ | ဦးကျော်ဇေယျ | ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၇။ | ဦးသက်မင်းဇော် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၈။ | ဦးဝင်းနိုင် | ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၃၉။ | ဒေါ်ဇင်မိုးထိုက် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၀။ | ဒေါ်ပပဟန် | ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၁။ | ဦးရဲလင်းနိုင် | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)<br>တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၄၂။ | ဦးထွန်းထွန်းဦး | ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၃။ | ဦးဇော်နိုင်ဦး | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၄။ | ဦးဇော်လင်းထိုက် | သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၅။ | ဦးညွန့်ဝေ | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၆။ | ဦးအုန်းသွင် | ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၇။ | ဒေါ်မူမူခင် | သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၈။ | ဦးမျိုးအောင် | လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၄၉။ | ဦးအောင်အောင် | မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၀။ | ဒေါ်ညွန့်ညွန့်ဌေး | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၁။ | ဦးစောသူရအောင် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၂။ | ဦးဉာဏ်ဝင်း | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၃။ | ဦးထူးခိုင် | ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၄။ | ဦးမောင်မောင်ဦး | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၅။ | ဦးကျော်ကျော်နိုင် | နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) |
| | | တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |

| | | |
|---|---|---|
| ၅၆။ | ဦးအေးဝင်း | မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၇။ | ဦးဝင်းကို | မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၈။ | ဦးအောင်ကိုမင်း | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၅၉။ | ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် | ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် |
| ၆၀။ | ဒုတိယဗိုလ်မှူးကြီးတင်မျိုးနောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၁။ | ဗိုလ်မှူးမြတ်လှိုင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၂။ | ဗိုလ်မှူးကိုကိုလတ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၃။ | ဗိုလ်မှူးသိန်းလွင်ဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၄။ | ဗိုလ်မှူးအောင်ကျော်မိုး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၅။ | ဗိုလ်မှူးဇော်လွင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၆။ | ဗိုလ်မှူးသိန်းခိုင်မြင့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၇။ | ဗိုလ်မှူးဖြိုးမင်းသန့် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၈။ | ဗိုလ်မှူးရဲမောင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၆၉။ | ဗိုလ်မှူးနိုင်ဝင်းဌေး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၀။ | ဗိုလ်မှူးဖြိုးဟိန်းကျော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၁။ | ဗိုလ်မှူးဇေယျာဦး | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၂။ | ဗိုလ်မှူးကျော်ဝင်းထွန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၃။ | ဗိုလ်မှူးပြည့်ဖြိုးဇော် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၄။ | ဗိုလ်မှူးရန်နိုင်စန်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၅။ | ဗိုလ်ကြီးကျော်မင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၆။ | ဗိုလ်ကြီးခင်မောင်ဝင်း | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |
| ၇၇။ | ဗိုလ်ကြီးနိုင်အောင်ခင် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် |

## ဖိတ်ကြား၍ တက်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဟုတ်သည့် ပြင်ပပုဂ္ဂိုလ်များ အမည်စာရင်း

| | | |
|---|---|---|
| ၇၈။ | ဦးမောင်မောင်ရွှေ | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် |
| ၇၉။ | ဦးအုန်းမြင့် | တိုင်းဒေသကြီးဥပဒေချုပ် |
| ၈၀။ | ဒေါ်သန်းဝင်း(ခ)<br>ဒေါ်သန်းသန်းဝင်း | တိုင်းဒေသကြီးစာရင်းစစ်ချုပ် |
| ၈၁။ | ဦးစိုးသိန်း | အကြံပေးအဖွဲ့ဝင် |
| ၈၂။ | ဒေါက်တာမြသောင်း | အကြံပေးအဖွဲ့ဝင် |
| ၈၃။ | ဦးသိန်းလှိုင် | အကြံပေးအဖွဲ့ဝင် |
| ၈၄။ | ဒေါ်နုနုဆွေ | အကြံပေးအဖွဲ့ဝင် |
| ၈၅။ | ဒေါ်မြင့်မြင့်ကြည် | အကြံပေးအဖွဲ့ဝင် |
| ၈၆။ | ဦးအောင်စိုး | အကြံပေးအဖွဲ့ဝင် |
| ၈၇။ | ဦးငွေဝင်း | အင်ဂျင်နီယာအကြံပေး |
| ၈၈။ | ဒေါ်ဇင်မာထူး | အင်ဂျင်နီယာအကြံပေး |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
# [ ၂၀၁၆ခုနှစ် ၊ အောက်တိုဘာလ ၃ ရက် ]
# (တနင်္လာနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၇၃ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၆. ၀၅ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန် တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး ပထမနေ့ အစည်းအဝေးအစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက် ဆောင်ရွက်သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ ဗိုလ်မှူးရန်နိုင်စန်းနှင့် ဗိုလ်မှူးဇေယျာဦးတို့သည် အရေးကြီးတာဝန်ထမ်းဆောင်ရန် ရှိပါသဖြင့် (၃-၁၀-၂၀၁၆) ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၃)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီးလွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားခြင်း အစီအစဉ်ဖြစ်သည့်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားပေးရန် ဖြစ်ပါတယ်။

**ဝန်ကြီးချုပ်**။ ။ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လက်ရှိအစိုးရသက်တမ်း(၆)လ ပြည့်ပြီး ကာလအတွင်းမှာ မိမိတို့ဦးဆောင်ခဲ့သည့် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများနှင့်ပတ်သက်၍ အနည်းငယ်ရှင်းပြချင်ပါကြောင်း၊ လိုအပ်ချက်များလည်းရှိနေပါကြောင်း၊ အစိုးရသစ်ပြောင်းလဲသည့်ကာလတွင် လိုအပ်ချက်များရှိပါက တောင်းပန်ပါကြောင်း၊ လွှတ်တော်နှင့် အစိုးရကြားတွင် ပွတ်တိုက်မှုဆိုသည်မှာ ရှိနေမည် ဖြစ်ကြောင်း၊ လွှတ်တော်သည် ပြည်သူများကို အာမခံချက်ပေးသည့် အဖွဲ့အစည်းဖြစ်ပြီး အစိုးရအဖွဲ့သည် သတ်မှတ်ထားသည့် ဘောင်အတွင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ၎င်းတို့(၂)ခုကြားတွင် သဟဇာတမဖြစ်မှုများ၊ အားနည်းမှုများရှိမည်ဖြစ်၍ ၎င်းအပေါ် ခွင့်လွှတ်နားလည် ပေးစေချင်ပါကြောင်း၊ မိမိတို့၏ မြန်မာ့သမိုင်းတလျှောက်တွင် နိုင်ငံရေးပိုင်းဆိုင်ရာ ခေတ်အဆက်ဆက် မတည်ငြိမ်ခဲ့မှုများ၊ နိုင်ငံရေးကို ဗဟိုပြုပြီး ယိုယွင်းခဲ့ရသည့် စီးပွားရေးအနေအထားများကြောင့် ၎င်းမှတစ်ဆင့် ပျက်စီးစိတ်သုဉ်းခဲ့ရသည့် လူမှုရေးပိုင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့် သီလတရားများ၏ နောက်ကွယ်မှာ

မြန်မာ့လူ့အဖွဲ့အစည်းသည် နိုင်ငံတကာ၏ လက်ညှိုးထိုးခံခဲ့ရသည့် ဘဝတွင်သာမက ကိုယ့်အချင်းချင်းမှာလည်း သွေးကွဲပြီး၊ လက်ညှိုးထိုးရသည့်ဘဝများဆီ ရောက်ရှိသွားသည်ဆိုသည်ကို ယခုအခမ်းအနားမှာရှိသည့် ခေါင်းဆောင်ကိုယ်စားလှယ်များအားလုံး အသိပင်ဖြစ်ပါကြောင်း ပြောကြားပါသည်။

အချင်းချင်းမယုံကြည်မှု (Trust) ကြားမှတစ်ဆင့် ဌာနဆိုင်ရာအကြီးအကဲများ၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာများမှာ မယုံကြည်မှုကြောင့် ချွတ်ချော်အားနည်းမှုများ ရှိနေဆဲဖြစ်သည်ကို ယနေ့သမိုင်း၏ အကျိုးဆက်များက မိမိတို့သိရှိရမှာဖြစ်ကြောင်း၊ သို့ပါ၍ (၂၁)ပင်လုံညီလာခံကို အချိန်ယူပြီး မြန်မာနိုင်ငံ၏ တိုင်းပြည်ပြန်လည် တည်ဆောက်ရေးတွင် အခြေခံအုတ်မြစ်ကို နိုင်ငံရေးပိုင်းမှစတင်၍ တည်ဆောက်နေဆဲဖြစ်ပါကြောင်း၊ ယခုအချိန်အခါတွင် တစ်ဖက်မှ လက်နက်ကိုင်အချင်းချင်း ပြန်လည်ယုံကြည်မှုတွင် သာမက တစ်ဖက်ကလည်း လက်နက်မကိုင်ဆွဲသော်ငြားလည်း ၎င်းတို့ကြားတွင် ကွာဟနေသည့် စီးပွားရေးပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာတို့တွင် ကြီးမားစွာပေါ်ပေါက်နေသည့်ကြားမှ ဖြစ်ပေါ်နေသည့်မယုံကြည်မှုကြောင့် အောက်ခြေတွင် ကွဲပြဲနေသည်များကို အားလုံးသိရှိကြပြီး ဖြစ်သည့်အတွက် ၎င်းနေရာတွင် ပြန်လည်ပေါင်းစည်းရေးများကို ပြောကြားရာ၌ ကွဲပြားမှု၊ နားလည်မှုများတွင် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ကွဲပြားမှု၏ နောက်ကွယ်တွင်ရှိသည့် အင်အားကိုအသုံးပြုပြီး တိုင်းပြည်ပြန်လည်တည်ဆောက်ရေးတွင် အင်အားအဖြစ် အသုံးချ၍ မိမိတို့၏မဲဆန္ဒနယ်အသီးသီးတွင် မိမိတို့ကျရာ ကော်မတီအသီးသီးမှနေ၍ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကြားတွင် လူထုကိုပညာပေးရေးလုပ်ငန်းများ၊ စည်းရုံးရေးလုပ်ငန်းများကို အုပ်ချုပ်ရေးကဏ္ဍနှင့်တွဲပြီး ဆောင်ရွက်ပေးစေချင်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ မြင့်မားလာစေရေးအတွက် စီမံချက်ချမှတ်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး တိုင်းပြည်တည်ဆောက်ရေးအတွက် အရေးကြီးလိုအပ်နေသည့် Infrastructure များကို အထူးဂရုပြုတည်ဆောက်နေကြောင်း ပြောကြားပါသည်။

ရုပ်ပိုင်းဆိုင်ရာမြင်ရသည့်လမ်းများ၊ တံတားများမဟုတ်ဘဲ မိမိတို့တိုင်းပြည်အတွက် မမြင်ရသည့် မိမိတို့၏ လူမှုဘဝများပြန်လည်တည်ဆောက်ရန်၊ ပညာရေးကဏ္ဍများကို ပြန်လည်အသက်သွင်းရန်၊ တစ်နည်းအားဖြင့် တစ်ချိန်ကပညာရေးအရ အခြေခံလာသည့် အားနည်းလာသည့် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်များ ပြန်လည်ဖော်ဆောင်ရေးတို့ကိုပါ စဉ်းစားထားပြီးဖြစ်ပါကြောင်း၊ အောက်ခြေဒေသကျေးရွာများတွင် ကွဲပြားမှုများကို ခံနိုင်ရည်မရှိဘဲ တစ်ချိန်က မိမိတို့သည် Function ဘဝနှင့်နေခဲ့ကြပြီး၊ ယခုအချိန်မှာ လွတ်လပ်စွာ ဒီမိုကရေစီရေးအရ ဖြစ်လာသည့်အခါတွင် အသိဉာဏ်အားနည်းပြီး အောက်ခြေအဆင့်များတွင် ပြန်လည်တည်ဆောက်ရမည့် အနေအထားရှိလာပါကြောင်း၊ Infrastructure များအပြင် အလုပ်အကိုင် အခွင့်အလမ်းများရရှိရန် စက်မှုဇုန်များတိုးချဲ့တည်ဆောက်ရေးကိစ္စတို့တွင် အာရုံစိုက်ပြီး မိမိတို့အစိုးရသစ်မှ ဆက်လက်ကြိုးပမ်းလျက်ရှိပါကြောင်း၊ လူမှုရေးကဏ္ဍတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများသည်အရေးကြီးသည့် ကဏ္ဍများဖြစ်ပြီး လွှတ်တော်မှ မှတ်ချက်များကို တောင်းဆိုသည့်အခါ ဘတ်ဂျက်ဘောင်အတွင်းမှ ဆောင်ရွက်ရသည်ဖြစ်၍ လိုလားချက်များရှိနေသေးသော်လည်း မိမိတို့မှ အကောင်းဆုံးချိန်ညှိပြီး၂၀၁၇-၂၀၁၈ ဘတ်ဂျက်မှစ၍ ၎င်းကိစ္စရပ်များကို အကောင်းဆုံးဖြစ်အောင် ဆက်လက်ပြီး လက်တွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးပိုင်းနှင့် ပတ်သက်၍ အဓိကကဏ္ဍဖြစ်သည့်

သင်ရိုးညွှန်းတမ်းပိုင်းကို လွတ်လပ်စွာ တွေးခေါ်တီထွင်ကြံဆနိုင်သည့်အသိကို အခြေခံသည့် ပညာရေးဖြစ်စေရန် လွှတ်တော် ကိုယ်စားလှယ်များမှ ကူညီဆောင်ရွက်ပေးစေလိုပါကြောင်း၊ လွှတ်တော်မှနေ၍ လိုအပ်နေသေးသည့် ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းများအပြင် လက်ရှိပဲခူးတိုင်းဒေသကြီးသာမက မြန်မာနိုင်ငံအတွင်းရှိ ဆောက်လုပ်ရေးနှင့် ပတ်သက်သည့်ကဏ္ဍများတွင် ဥပဒေပြုရန်ကိစ္စများရှိပါကြောင်း၊ အထူးသဖြင့် လက်ရှိဆောက်လုပ်ရေး လုပ်ငန်းများတွင် ချိန်ခွင်ညှာညှိနိုင်သည့်အလုပ်များ၊ မစစ်ဆေးနိုင်သည့်နေရာများတွင် အားနည်းသည့်အတွက် လုပ်ငန်းပိုင်းဆိုင်ရာများတွင် အားနည်းနေ၍ ငွေကြေးပိုင်းဆိုင်ရာများတွင် အားနည်းမှုနှင့် ချွတ်ချော်တိမ်းပါးမှုများ ရှိနိုင်သည့်အတွက် တိုင်းပြည်၏ ဘဏ္ဍာငွေများမလိုအပ်ဘဲ တည်ရှိနေသည်ကို အားလုံးသိပြီးဖြစ်သည့်အတွက် ဆောက်လုပ်ရေးပိုင်းဆိုင်ရာများတွင် ဥပဒေများပြန်လည်ပြင်ဆင်ပြဋ္ဌာန်းနိုင်အောင်ကြိုးစားပေးစေလိုကြောင်း၊ နောက်ဆုံးအနေဖြင့် ပြောကြားလိုသည်မှာ မိမိတို့အနေဖြင့် လာမည့်တည်ဆောက်ရေးအပိုင်းများတွင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် မိမိတို့၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တရားရေးမဏ္ဍိုင်များအပါအဝင် မဏ္ဍိုင်(၃)ခုလုံးမှ မှတ်တမ်း၊ မှတ်ချက်စာများအား ပြည်သူများ၏ အကျိုးအတွက် ရင်းနှီးစွာဖြင့် အားလုံးပူးပေါင်း ပါဝင်အကောင်အထည်ဖော်ပြီး တိုင်းပြည်၏ အကျိုးစီးပွားတိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်နိုင်ရန် ကြိုးပမ်းကြပါစို့ဟု ပြောကြားလျက် နိဂုံးချုပ်အပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က (၁-၅-၂၀၁၆)ရက်မှ (၃၁-၈-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က (၁-၅-၂၀၁၆)ရက်မှ (၃၁-၈-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ရွှေ[တရားလွှတ်တော်တရားသူကြီးချုပ်]**။ ။လေးစားအပ်ပါသော ပဲခူးတိုင်း ဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်-

ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် တရားရုံးအဆင့်ဆင့်၏ (၁. ၅. ၂၀၁၆)နေ့မှ (၃၁. ၈. ၂၀၁၆) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြ ပါမယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်ကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ၃. ၅. ၂၀၁၁ ရက်နေ့မှစ၍ တရားသူကြီးချုပ်နှင့် တရားလွှတ်တော် တရားသူကြီး (၂)ဦးတို့ဖြင့် အမှုများကြားနာစစ်ဆေးခဲ့ပြီး ၂၇. ၃. ၂၀၁၆ ရက်နေ့တွင် တရားလွှတ်တော် တရားသူကြီး ဦးကြည်သိန်း သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၂ အရ အသက်(၆၅)နှစ်ပြည့်အနား

ယူသွားသဖြင့် တရားလွှတ်တော်တရားသူကြီး (၂)ဦးအား ထပ်မံတာဝန်ပေးအပ်ခဲ့ပါတယ်။ ထပ်မံခန့်အပ်ခြင်းခံရသော တရားလွှတ်တော်တရား သူကြီး(၂)ဦးသည် ၃. ၆. ၂၀၁၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ်အရေးပေါ် အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆)၌ ကျမ်းကျိန်ဆိုပြီး ၃. ၆. ၂၀၁၆ ရက်နေ့မှစ၍ တရားသူကြီးချုပ်နှင့် တရားလွှတ်တော်တရားသူကြီး (၃)ဦးတို့ဖြင့် အမှုများကြားနာစစ်ဆေး ဆောင်ရွက်လျှက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

အစီရင်ခံခဲ့သည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တွင် စစ်ဆေးစီရင်ခဲ့သော ရာဇဝတ်မှုများနှင့်စပ်လျဉ်း၍ (၁. ၅. ၂၀၁၆)နေ့ စာရင်းဖွင့်လက်ကျန်မှာ (၃၈၃)မှုဖြစ်ပြီး စွဲဆိုတင်ပို့မှုမှာ (၂၀၆)ဖြစ်၍ စစ်ဆေးရန်ကျန်ရှိသည့်အမှုပေါင်းမှာ (၅၈၉)မှုရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၃၁)မှုဖြစ်သဖြင့် (၃၁. ၈. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ(၄၅၈)မှု ဖြစ်ပါတယ်။

ဆက်လက်၍ တရားမမှုခင်းများနှင့် ပတ်သက်လို့တင်ပြပါမယ်။ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ ( ၁. ၅. ၂၀၁၆ )နေ့တရားမမှုခင်း စာရင်းဖွင့်လက်ကျန်မှာ (၁၈၈)မှုဖြစ်ပြီးစွဲဆိုတင်ပို့မှုမှာ (၁၇၃)မှုဖြစ်သဖြင့် စစ်ဆေးရန်ရှိသည့် အမှုပေါင်းမှာ(၃၆၁)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၁၁၆)မှု ဖြစ်သဖြင့် (၃၁. ၈. ၂၀၁၆ )ရက်နေ့ စာရင်းပိတ်လက်ကျန် မှာ(၂၄၅)မှု ဖြစ်ပါတယ်။

ရာဇဝတ်မှုများနှင့် တရားမမှုများကို စုစုပေါင်းဖော်ပြရလျှင် (၁. ၅. ၂၀၁၆) နေ့စာရင်းဖွင့်လက်ကျန်မှာ (၅၇၁)မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့် အမှုပေါင်းမှာ(၃၇၉)မှုဖြစ်၍ စစ်ဆေးရန်ရှိသည့်အမှုပေါင်း (၉၅၀)မှုရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၂၄၇)မှု ဖြစ်သဖြင့် (၃၁. ၈. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန် အမှုမှာ(၇၀၃)မှုရှိပါတယ်။ စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်းမှာ(၂၆%) ရှိကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများရဲ့ တရားစီရင်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြပါမယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရိုင်တရားရုံး၊ တောင်ငူခရိုင် တရားရုံး၊ ပြည်ခရိုင်တရားရုံး၊ သာယာဝတီခရိုင်တရားရုံးများမှ စီရင်ခဲ့သည့် (၁. ၅. ၂၀၁၆) ရက်နေ့မှ (၃၁. ၈. ၂၀၁၆) ရက်နေ့အထိ ကာလအတွင်း စစ်ဆေးစီရင်ခဲ့သော ရာဇဝတ်အမှုများနှင့် တရားမမှုများစစ်ဆေးကြားနာ စီရင်နိုင်မှု အခြေအနေကို တင်ပြပါမယ်။

ရာဇဝတ်ဆိုင်ရာအမှုများနှင့်စပ်လျဉ်း၍ ခရိုင်တရားရုံးများ၏ (၁. ၅. ၂၀၁၆)ရက်နေ့ စာရင်းဖွင့်လက်ကျန်မှာ(၂၈၇)မှုဖြစ်ပြီး စွဲဆိုတင်ပို့သည့် အမှုပေါင်းမှာ (၄၇၃)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၇၆၀) ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု(၄၂၁)မှု ဖြစ်သောကြောင့် စာရင်းပိတ်လက်ကျန်မှာ (၃၃၉)မှု ရှိပါတယ်။

တရားမမှုများနှင့်စပ်လျဉ်း၍ (၁. ၅. ၂၀၁၆) ရက်နေ့ စာရင်းဖွင့်လက်ကျန်မှာ(၁၀၃၁)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၃၈၇)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ(၁၄၁၈)မှု ရှိပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၃၄၉)မှု ဖြစ်သောကြောင့် (၃၁. ၈. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ (၁၀၆၉)မှု ဖြစ်ပါတယ်။

ရာဇဝတ်မှုနှင့်တရားမမှု စုစုပေါင်းကို ဖော်ပြရလျှင် (၁. ၅. ၂၀၁၆)ရက်နေ့ စာရင်းဖွင့်လက်ကျန်မှာ (၁၃၁၈)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၈၆၀)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ(၂၁၇၅)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၂၁၇၈)မှု ဖြစ်သဖြင့် (၃၁. ၈. ၂၀၁၆)ရက်နေ့ စာရင်းပိတ်လက်ကျန်မှာ (၁၄၀၈)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှု ရာခိုင်နှုန်းမှာ (၃၅%)ရှိကြောင်း တင်ပြအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တရားရုံး (၂၈)ရုံးတွင် ရာဇဝတ်ဆိုင်ရာအမှုများနှင့် စပ်လျဉ်း၍ (၁. ၅. ၂၀၁၆) ရက်နေ့ စာရင်းဖွင့်လက်ကျန် အမှုမှာ(၄၀၄၀)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၁၅၈၅၂)မှု ဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၁၉၈၉၂)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၆၀၄၆)မှု ဖြစ်သောကြောင့် (၃၁. ၈. ၂၀၁၆)ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၃၈၄၆)မှု ဖြစ်ပါတယ်။

တရားမမှုများနှင့်စပ်လျဉ်း၍ (၁. ၅. ၂၀၁၆) ရက်နေ့ စာရင်း ဖွင့်လက်ကျန်အမှုမှာ(၃၀၆၉)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၁၂၉၆)မှု ဖြစ်၍ စစ်ဆေးရန်ရှိသည့်အမှုပေါင်းမှာ (၄၃၆၅)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၃၈၃)မှု ဖြစ်သဖြင့် (၃၁. ၈. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၂၉၈၂)မှု ဖြစ်ပါတယ်။

ရာဇဝတ်မှုများနှင့် တရားမမှုများကို စုပေါင်းဖော်ပြရလျှင် (၁. ၅. ၂၀၁၆) ရက်နေ့ စာရင်းဖွင့် လက်ကျန်အမှုပေါင်းမှာ(၇၁၀၉)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့် အမှုမှာ (၁၇၁၄၈)မှုဖြစ်၍ စစ်ဆေးစီရင်ရန် ရှိသည့် အမှုပေါင်းမှာ (၂၄၂၅၇)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၁၇၄၂၉)မှု ဖြစ်သောကြောင့် (၃၁. ၈. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၆၈၂၈)မှုဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုရာခိုင်နှုန်းမှာ (၇၂%)ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရစွဲဆိုသော အမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့်လက်ကျန်အမှုပေါင်းမှာ(၃၄)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့် အမှုမှာ(၂၂)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၅၆)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၅)မှု ဖြစ်သောကြောင့် (၃၁. ၈. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၄၁)မှုဖြစ်ပါတယ်။

၁၉၈၆ ခုနှစ် လောင်းကစားဥပဒေအရစွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့် လက်ကျန်အမှုပေါင်းမှာ(၂၂၁)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၁၀၄)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၃၂၅)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ (၁၁၁)မှု ဖြစ်သောကြောင့် (၃၁. ၈. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၂၁၄)မှု ဖြစ်ပါတယ်။

၂၀၀၅ခုနှစ် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအရ စွဲဆိုသောအမှုမှာ အစီရင်ခံသည့် ကာလအတွင်း စာရင်းဖွင့်လက်ကျန် အမှု ပေါင်းမှာ(၄)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၁)မှုဖြစ်၍ စစ်ဆေးစီရင်ရန် ရှိသည့်အမှုပေါင်းမှာ (၅)မှုဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၁)မှု ဖြစ်သောကြောင့် (၃၁. ၈. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ (၄)မှု ဖြစ်ပါတယ်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၇၆ အရ မုဒိမ်းမှုဖြင့် စွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့် လက်ကျန်အမှုပေါင်းမှာ(၇၉)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ(၂၉)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၁၀၈)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၄၆)မှု ဖြစ်သောကြောင့် (၃၁. ၈. ၂၀၁၆) ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ(၆၂)မှု ဖြစ်ပါတယ်။

ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၀၂ လူသတ်မှုဖြင့်စွဲဆိုသောအမှုမှာ အစီရင်ခံသည့်ကာလအတွင်း စာရင်းဖွင့် လက်ကျန်အမှုပေါင်းမှာ(၉၁)မှု ဖြစ်ပြီး စွဲဆိုတင်ပို့သည့်အမှုမှာ (၄၉)မှုဖြစ်၍ စစ်ဆေးစီရင်ရန်ရှိသည့် အမှုပေါင်းမှာ (၁၄၀)မှု ဖြစ်ပါတယ်။ စစ်ဆေးပြီးပြတ်မှုမှာ(၃၂)မှု ဖြစ်သောကြောင့် (၃၁. ၈. ၂၀၁၆)ရက်နေ့ စာရင်းပိတ်လက်ကျန်မှုမှာ(၁၀၈)မှု ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၂၈) မြို့နယ်မှာ ဖြစ်ပွားတဲ့ မော်တော်ယာဉ်ဥပဒေကို ဖောက်ဖျက်ကျူးလွန်တဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်မှု (၇၂၅၄) မှုကို စစ်ဆေးစီရင်ခဲ့ပါတယ်။ အစီရင်ခံသည့်ကာလအတွင်း သက်သေဦးရေ (၁၄၉၈၀)ဦး စစ်ဆေးခဲ့ပြီး သက်သေစရိတ်ငွေ (၁၇၂၈၉၄၂၀/-) ကျပ် ထုတ်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

ဆက်လက်ပြီး တရားစီရင်ရေးလုပ်ငန်းနဲ့ တရားရုံးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲခြင်းနဲ့ ပတ်သက်လို့ တင်ပြပါမယ်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများနဲ့ ခရိုင်တရားသူကြီးများ၊ ဒုတိယခရိုင် တရားသူကြီးများသည် တရားရုံးများလက်စွဲအပိုဒ် ၉၉၇ အရ ပုံမှန်စစ်ဆေးခြင်းနဲ့ ရှောင်တခင်စစ်ဆေးခြင်း များကို အစီရင်ခံတဲ့ကာလအတွင်း ရုံးစစ်ဆေးရေး စီမံချက်နဲ့အညီ တာဝန်ခွဲဝေချထားတဲ့ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများကို ပုံမှန်စစ်ဆေးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါကြောင်း တင်ပြအပ် ပါတယ်။

စီမံချက်အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ ခရိုင်ရုံးများသည် မိမိတို့ ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများအား တရားရုံးများလက်စွဲအပိုဒ် ၉၉၇ နှင့်အညီ ရုံးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။

အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်အမှတ် (၅/ ၂၀၁၃) နှင့်အညီ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က ၂၈. ၆. ၂၀၁၆ နေ့တွင် ကျောက်တံခါး မြို့မရဲစခန်းအချုပ်အားလည်းကောင်း၊ ၁. ၇. ၂၀၁၆ နေ့က ဒိုက်ဦးမြို့၊ ကျိုက်စကော စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင် စခန်းအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပြီး၊ တရားလွှတ်တော် တရားသူကြီး ဦးမောင်မောင်အေးက ၃၀. ၆. ၂၀၁၆ နေ့တွင် ရွှေမြယာစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား လည်းကောင်း၊ တရားလွှတ်တော်တရားသူကြီး ဦးတင်ဟုန်က (၈. ၇. ၂၀၁၆) နေ့တွင် ပေါင်းတည်အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များအား မှာကြားထားခဲ့ပါတယ်။

ဆက်လက်ပြီး ဝန်ထမ်းရေးရာကိစ္စများနှင့် ပတ်သက်လို့ တင်ပြပါမယ်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ်တရားရုံးများရဲ့ ဝန်ထမ်းအင်အား အခြေအနေကို တင်ပြရမယ်ဆိုလျှင် တရားရေးအရာရှိ ခွင့်ပြုအင်အားမှာ (၁၄၇) ဦးဖြစ်ပြီး လက်ရှိအင်အား မှာ (၉၉) ဦးဖြစ်၍ လစ်လပ်အင်အားမှာ (၄၈) ဦးဖြစ်ပါတယ်။ အခြားအဆင့် ဝန်ထမ်းခွင့်ပြုအင်အားမှာ (၅၈၃) ဦးဖြစ်ပြီး လက်ရှိအင်အားမှာ (၃၉၃) ဦးဖြစ်၍ လစ်လပ်အင်အားမှာ (၁၉၀) ဦး ဖြစ်ပါတယ်။

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးတရား လွှတ်တော်၏ ကြီးကြပ်မှုဖြင့် သာယာဝတီ ခရိုင်တရားရုံးက ဖွင့်လှစ်သည့် စာရေးဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းအမှတ်စဉ် ၁/၂၀၁၆ ကို ၇. ၅. ၂၀၁၆ နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းသား(၄၀)ဦး တက်ရောက်ပြီး ၂၉. ၅. ၂၀၁၆ ရက်နေ့တွင် သင်တန်းဆင်းခဲ့ပါသည်။

တောင်ငူခရိုင်တရားရုံးက ဖွင့်လှစ်သည့်စာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် ၁/၂၀၁၆ ကို ၄. ၆. ၂၀၁၆ နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းသား (၂၃)ဦး တက်ရောက်ပြီး ၂၆. ၆. ၂၀၁၆ ရက်နေ့တွင် သင်တန်းဆင်းခဲ့ပါသည်။

ပြည်ခရိုင်တရားရုံးကဖွင့်လှစ်သည့် စာရေးဝန်ထမ်းများစွမ်း ဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် ၁/၂၀၁၆ ကို ၈. ၇. ၂၀၁၆ နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ သင်တန်းသား(၂၂)ဦး တက်ရောက်ပြီး ၃၁. ၇. ၂၀၁၆ ရက်နေ့တွင် သင်တန်းဆင်းခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ဝန်ထမ်းများအပေါ် အရေးယူအပြစ်ပေးခြင်း မရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ဘတ်ဂျက်နှင့် ထောက်ပံ့ရေးရာကိစ္စရပ်များနှင့် ပတ်သက်လို့ တင်ပြပါမယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း သာယာဝတီခရိုင်နှင့် မြို့နယ်တရားရုံး အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်း(ပထမပိုင်း) ပြီးစီးပြီဖြစ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် (ဒုတိယပိုင်း) ဆောက်လုပ်ခြင်းလုပ်ငန်းတွင် ရေစင်၊ အဝီစိတွင်း၊ မြေစည်းရိုးဆောက်လုပ်ခြင်းလုပ်ငန်းများ ပြီးစီးပြီး ဖြစ်ပါတယ်။ အမှုတွဲခန်းအုတ်စီပြီးစီးခြင်း၊ အချုပ်ခန်း၊ သက်သေနားနေဆောင်၊ သက်သေခံပစ္စည်း ထားသိုဆောင်၏ ဘောနံရံအကာနှင့်အမိုး ပြီးစီးခြင်း၊ ရုံးအဆောက်အဦ(၂၁၀ပေ×၉၅ပေ×၂၁ပေ)၏ တိုင်လုံး ကျည်းပေါင်တံခါး တပ်ဆင်မှုပြီးစီးပြီးအမိုး(၇၅%) ပြီးစီးခြင်းဖြင့် တည်ဆောက်ရေးလုပ်ငန်း၏ (၈၅%) အဆင့်လုပ်ငန်းများ ပြီးစီးပြီဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

နိဂုံးချုပ်အနေနဲ့ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်သည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ လမ်းညွှန်မှုကိုခံယူ၍ တိုင်း/ခရိုင်/မြို့နယ်တရားရုံး အဆင့်ဆင့်တို့အား ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေတို့နှင့်အညီ တရားစီရင်ရေး တရားရုံးစီမံခန့်ခွဲရေးစသည့်လုပ်ငန်း တာဝန်များကိုလည်းကောင်း၊ မှုခင်းများကို ဥပဒေနှင့် အညီ မှန်မှန်နှင့်မြန်မြန် ထိရောက်စွာ စစ်ဆေးရေးအတွက်လည်းကောင်း၊ အနီးကပ်ကြီးကြပ်လမ်းညွှန် ဆောင်ရွက်လျှက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

## ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအုန်းမြင့်[တိုင်းဒေသကြီးဥပဒေချုပ်]။** ။၂၀၁၆ခုနှစ်၊ အောက်တိုဘာလ (၃)ရက်နေ့၊ နံနက် (၁၀း၀၀)နာရီအချိန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးတွင် တင်ပြသည့် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ (၁၂. ၉. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၁၂/၅-၂/ဦး ၅ ဖြင့် အကြောင်းကြားချက်အရ ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ (၃)ရက် (တနင်္လာနေ့) နံနက် (၁၀း၀၀)အချိန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး၊ အစည်းအဝေးခန်းမတွင် ကျင်းပသည့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် တင်ပြဆွေးနွေးသည့် တိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာအား ပြုစုတင်ပြအပ်ပါသည်။

**သက်ဆိုင်ရာပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် တာဝန်ဝတ္တရားများ ထမ်းဆောင်ခြင်း နှင့်စပ်လျဉ်း၍ တင်ပြအပ်ခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (င)နှင့် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (က)တို့အရ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရ အဖွဲ့တွင် အဖွဲ့ဝင်ဖြစ်သည့်အလျောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁)နှင့် (၂)တို့ပါ ပြဋ္ဌာန်းချက်များအရ တိုင်းဒေသကြီး ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့အား တာဝန်ခံ၍လည်းကောင်း လုပ်ငန်းတာဝန်များအား ထမ်းဆောင်လျက်ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နိုင်ငံရေးနှင့် လုံခြုံရေးအစည်းအဝေး တစ်ပတ်လျှင် (၃)ကြိမ်တက်ရောက်ပြီး ဥပဒေရေးရာ ကိစ္စများနှင့် စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်များပေးခြင်း၊ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့ (Cabinet)အစည်းအဝေးကို (၂)ပတ်တစ်ကြိမ် (ကြာသပတေးနေ့)တိုင်း တက်ရောက်ကာ ပါဝင်ဆွေးနွေးပြီး ဆုံးဖြတ်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အစည်းအဝေးများသို့ တက်ရောက်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တရားဥပဒေစိုးမိုးရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥပဒေအကြံပြု ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**သက်ဆိုင်ရာ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံဉာဏ်တောင်းခံလာမှုများ အပေါ် ဥပဒေအကြံဉာဏ်ပေး ခြင်းကိစ္စများနှင့် စပ်လျဉ်း၍ တင်ပြအပ်ခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ)နှင့် ပြည်ထောင်စုရှေ့နေချုပ်နည်းဥပဒေ ၇၂၊ နည်းဥပဒေခွဲ (က)တို့အရ အစီရင်ခံသည့်ကာလအတွင်း အောက်ပါပြစ်မှုဆိုင်ရာအမှုများ နှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းမပြုမီ ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် တရားစွဲအဖွဲ့အစည်းက ဥပဒေအကြံဉာဏ်တောင်းခံလာခြင်းများ အပေါ် ဥပဒေနှင့်အညီ ဥပဒေအကြံဉာဏ်များ

ပေးခဲ့ပါကြောင်း တင်ပြအပ်ပါသည် -

- အုတ်တွင်းမြို့မရဲစခန်း (ပ) ၁၃၅/၂၀၁၆၊ တရားလို ဦးလေးလွင်နှင့် တရားခံ နိုင်နိုင်ဦး ပါ(၈)၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၁၁၄ အရ အရေးယူမှု ၊
- ပြည်မြို့နယ်၊ ဝက်ထီးကန်ရဲစခန်း (ပ) ၇၀ / ၂၀၁၆၊ တရားလို ဦးအောင်ငွေနှင့် တရားခံမျိုးချစ်၊ ရာဇသတ်ကြီးပုဒ်မ ၂၉၄/၅၀၀ အရ အရေးယူမှု ၊
- ပြည်မြို့နယ်၊ ဝက်ထီးကန်ရဲစခန်း (ပ) ၇၄/၂၀၁၆၊ တရားလို ဦးကျော်ကျော်ဉာဏ်ဝင်းနှင့် တရားခံ မျိုးချစ်၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ)အရ အရေးယူမှု ၊
- ပဲခူးမြို့နယ်၊ အမှတ် (၃)ရဲစခန်း (ပ) ၉၆ / ၂၀၁၆၊ တရားလို ဦးမင်းအောင်ကျော်ဦးနှင့် တရားခံ သန့်ဇင်ဦး၊ အပက (၃) အရ အရေးယူမှု ၊
- သနပ္ပင်ရဲစခန်း (ပ) ၁/၂၀၁၆၊ တရားလို ရဲအုပ် ရဲလင်းထွန်းနှင့် တရားခံ ဝေယံ ပါ (၃)၊ မူး/စိတ်ပြောင်းဥပဒေပုဒ်မ ၁၅/၂၀(ခ)အရ အရေးယူမှု ၊
- အမှတ် (၁) ယန္တရားအင်ဂျင်နီယာတပ်ရင်း (အင်းတကော်)၏ တပ်ပိုင်မြေဧရိယာအတွင်း ကျူးကျော်မှုများအပေါ် အရေးယူဆောင်ရွက်နိုင်ရေး တင်ပြလာမှု ၊
- ပြည်မြို့မရဲစခန်း (ပ) ၈၅၆/၂၀၁၅၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/၁၀၆အရ အရေးယူမှု ၊
- စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ တရားရုံးက တရားရှုံးပိုင်ပစ္စည်းများ လေလံတင်ရောင်းနေမှုအပေါ် အချိန်မီဘဏ်ချေးငွေ ပြန်လည်ရရှိရေး ဥပဒေအကြံဉာဏ်တောင်းခံလာမှု ၊
- ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပဲခူးရုံး မြေဧရိယာ (၀. ၃၉၉)ဧကပေါ်ရှိ ဌာနပိုင် သိုလှောင်ရုံကို ငှားရမ်းကာလ စာချုပ်သက်တမ်း ပြည့်မြောက်ပြီးဖြစ်သော်လည်း ပြန်လည်အပ်နှံခြင်းမရှိသဖြင့် အရေးယူဆောင်ရွက်နိုင်ရေး ဥပဒေအကြံဉာဏ်တောင်းခံလာမှု ၊
- ဖြူးမြို့မရဲစခန်း (ပ) ၁၁၃ / ၂၀၁၆၊ တရားလို ဦးသန်းထွန်းနှင့် တရားခံမြကြီး ပါ (၃) ၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇/၃၄၁ အရ အရေးယူမှု။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဇယား (၂)ပါ ဥပဒေပြုရေးကဏ္ဍနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေအား တင်ပြအပ်ခြင်း**

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် သက်တမ်းအတွင်း ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား (၂)အရ အတည်ပြုပြဋ္ဌာန်းခဲ့သည့် ဥပဒေ ၃၆ ခုအနက် အစီရင်ခံသည့် ကာလအတွင်း နည်းဥပဒေ (၇)ခုသာ ထုတ်ပြန်နိုင်ခဲ့သဖြင့် ကျန်ရှိသည့် နည်းဥပဒေများကို ဆက်လက်ထုတ်ပြန်နိုင်ရေး တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ အကြံပြုတင်ပြဆောင်ရွက်ခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ၊ ဇယား (၂)၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း အမှတ်စဉ် ၅။ စက်မှုလက်မှုကဏ္ဍ၊ အပိုဒ်ခွဲ (ခ)ပါ

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်း ဦးစီးဌာနက ရေးဆွဲတင်ပြလာသည့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများဥပဒေ(မူကြမ်း)အပေါ် မူဝါဒများ၊ ရေးထုံးရေးနည်းများနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီး လိုအပ်သည်များကို ဥပဒေရှုထောင့်မှအကြံပြုပေးခဲ့ပါသည်။

၎င်းအပြင် အစီရင်ခံသည့်ကာလအတွင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ (ဝန်ကြီးရုံး)က ပေးပို့လာသည့် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းများနည်းဥပဒေ (မူကြမ်း)နှင့် စပ်လျဉ်းပြီး ပြင်ဆင်ဖြည့်စွက်၊ ပယ်ဖျက်သင့်သည်များကို ဥပဒေနှင့်အညီ စိစစ်ပြီး လိုအပ်သည်များကို ဥပဒေရှုထောင့်မှ အကြံပြုပေးခဲ့ပါသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနက ပေးပို့လာသည့် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (မူကြမ်း)အပေါ် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ပြီး လိုအပ်သည်များကို ဥပဒေရှုထောင့်မှအကြံပြုပေးခဲ့ပါသည်။ တိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် ဥပဒေပြုရေးကဏ္ဍနှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော်ဥပဒေကြမ်း ရေးဆွဲရေးကော်မတီ၊ အဖွဲ့များနှင့် ပူးပေါင်းကာ ဥပဒေ(မူကြမ်း)များ ရေးဆွဲခြင်းနှင့် အတည်ပြုပြဌာန်းနိုင်ရေးကိစ္စများအား ဆောင်ရွက်လျက် ရှိပါသည်။

**အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများနှင့် ဒေသဆိုင်ရာစာချုပ်စာတမ်းများ စိစစ်ခြင်းနှင့် ဥပဒေ အကြံဉာဏ်ပေးခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြအပ်ခြင်း**

တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် နိုင်ငံတော်သမ္မတရုံး၏ (၈. ၆. ၂၀၁၆)ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၁)/၇/သမ္မတရုံးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စာချုပ်များ ချုပ်ဆိုဆောင်ရွက်ရာတွင် ဥပဒေ လုပ်ထုံးလုပ်နည်းများ၊ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုရှိစေရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အခများ နစ်နာဆုံးရှုံးမှု မရှိစေရေးတို့အတွက် စာချုပ်များ ချုပ်ဆိုခြင်းမပြုမီ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်များ တောင်းခံရယူ၍ အဆိုပါသဘောထားမှတ်ချက်များနှင့်အညီ ပြင်ဆင်ပြီးမှသာ ဆက်လက်ဆောင်ရွက်သွားရန် ညွှန်ကြားချက်အရ တိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ ချုပ်ဆိုမည့် အပြည်ပြည် ဆိုင်ရာစာချုပ်စာတမ်းများနှင့် ဒေသဆိုင်ရာစာချုပ်စာတမ်းများနှင့် ပတ်သက်၍ သဘောထားမှတ်ချက်များ တောင်းခံခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ဂ)အရ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဥပဒေအကြံဉာဏ်တောင်းခံလာသည့် အောက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာစာချုပ်စာတမ်းများနှင့် ဒေသဆိုင်ရာစာချုပ်စာတမ်းများအပေါ် ဥပဒေနှင့်အညီ စိစစ် အကြံပြုခဲ့ပါသည် -

- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် www.bagoregion.gov.mm website လွှင့်တင်နိုင်ရေးအတွက် hostmyanmar ကုမ္ပဏီနှင့် ချုပ်ဆိုမည့် နှစ်ဦးနှစ်ဖက် သဘောတူ စာချုပ် (မူကြမ်း)၊
- ၂၀၁၆ - ၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုး

တက်ရေးဦးစီးဌာနနှင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ ချုပ်ဆိုဆောင်ရွက်မည့် နှစ်ဦးနှစ်ဖက် လုပ်ငန်းသဘောတူစာချုပ် (မူကြမ်း)

- ပဲခူးတိုင်းဒေသကြီးအစိုးရ (BRG)နှင့် Japan Infrastructure Partners (JIP)တို့အကြားကျောက်တံခါးမြို့နယ်၊ အင်းပတ်လည်ကျေးရွာအုပ်စု၊ အင်းပတ်လည် - ဘုံဘော - အိုင်တုံတံတား တည်ဆောက်ရန် နှစ်ဦးနှစ်ဘက် သဘောတူလက်မှတ်ရေးထိုး ဆောင်ရွက်မည့် နားလည်မှု စာချွန်လွှာ MOU (မူကြမ်း)

(ဃ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနက ပေးပို့လာသည့် ပညာရေးဝန်ကြီးဌာန၊ တောင်ငူပညာရေးကောလိပ်နှင့် Kaung Dana Aung (Monywa)Co.Ltd Managing Director, KDA Co.Ltd တို့ ချုပ်ဆိုဆောင်ရွက်ကြမည့် တောင်ငူပညာရေးကောလိပ်ကျောင်းသစ်နှင့် ဝန်ထမ်းအိမ်ရာတွင် ၄၀၀ ဗို့ မြေအောက်ကေဘယ်လ်ဓါတ်အားလိုင်းသွယ်တန်းခြင်းနှင့် ၁၁ကေဗွီဓါတ်အားလိုင်း ဖြုတ်သိမ်းခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ဓါတ်အားခွဲရုံရွှေ့ပြောင်းခြင်းဆိုင်ရာ လုပ်ငန်းသဘောတူ စာချုပ် (မူကြမ်း)၊

**ဝန်ကြီးချုပ်ခရီးစဉ်နှင့်အတူ လိုက်ပါ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တင်ပြအပ်ခြင်း**

တိုင်းဒေသကြီးဥပဒေချုပ်သည် အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးဝင်းသိန်း ဦးဆောင်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာ အကြီးအမှူးများနှင့် အတူ (၂၈. ၈. ၂၀၁၆)ရက်နေ့တွင် ပြည်ခရိုင်နှင့် သာယာဝတီခရိုင် ခရီးစဉ်အတွင်း လိုက်ပါကာ ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်ခဲ့ပါသည်။

၎င်းအပြင် နိုင်ငံတော် ဒုတိယသမ္မတ၏ (၁၈. ၇. ၂၀၁၆)ရက်နေ့ ပဲခူးတိုင်းဒေသကြီး ခရီးစဉ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တစ်ဦးအနေဖြင့် ခရီးစဉ်တစ်လျှောက်လိုက်ပါကာ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဒေသဖွံ့ဖြိုးရေး၊ သဘာဝဘေး အန္တရာယ်ကြိုတင်ကာကွယ်တားဆီးဆောင်ရွက်နေမှုများနှင့် သဘာဝဘေးသင့်ပြည်သူများအပေါ် လူမှုရေးအရ ထောက်ပံ့ကူညီမှုများနှင့် စပ်လျဉ်း၍ တင်ပြဆောင်ရွက်ခဲ့ပါသည်။

**ပြည်ထောင်စုရှေ့နေချုပ်ဥပဒေပုဒ်မ ၂၆အရ ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များနှင့် ပုဒ်မ ၂၇ တို့အရ ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းပြီး ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များအား တင်ပြအပ်ခြင်း**

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် အနေဖြင့် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် ယင်း၏ကြီးကြပ် မှုအောက်ရှိ ပဲခူး/တောင်ငူ/သာယာဝတီ/ပြည်ခရိုင်စသည့် ခရိုင် (၄)ခရိုင်နှင့် မြို့နယ် (၂၈)မြို့နယ်စသည့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ဥပဒေရုံးများအနေဖြင့် ပြစ်မှုဆိုင်ရာအမှုများအား တရားစွဲဆိုခြင်းမပြုမီဥပဒေနှင့်အညီ ဖြစ်စေရေး၊ တရားစွဲအဖွဲ့အစည်းက ဥပဒေအကြံဉာဏ် တောင်းခံလာသဖြင့် ဥပဒေအကြံဉာဏ်ပေးခဲ့မှု (၁၂၄၅)မှု ရှိပါသည်။

၄င်းအပြင် ပြစ်မှုဆိုင်ရာအမှုများတွင် နိုင်ငံတော်ကိုယ်စား သက်ဆိုင်ရာ တရားရုံး အဆင့် ဆင့်တွင် လိုက်ပါဆောင်ရွက်ခဲ့သည့် အမှုများ အနေဖြင့် မူလမှု (၂၉၆၄)မှု၊ အယူခံမှု (၆၁)မှု၊ ပြင်ဆင်မှု (၂၄၉)မှု၊ အထွေထွေလျှောက်ထားမှု (၁၇)မှုဖြစ်ပါသည်။ နိုင်ငံတော်က တရားလို၊ တရားပြိုင်အဖြစ် ပါဝင်သည့် ဘဏ္ဍာမှုခင်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံး အဆင့်ဆင့်တွင် လိုက်ပါဆောင်ရွက်ခဲ့ရာ တွင် တရားမမူလမှု (၅)မှု၊ တရားမဇာရီမှု (၈၃၄)မှု၊ တရားမအယူခံမှု (၁)မှု၊ တရားမပြင်ဆင်မှု (၁)မှု တို့ဖြစ်ပါသည်။

**လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပခြင်းနှင့် အခမ်းအနားများသို့ တက်ရောက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ တင်ပြအပ်ခြင်း**

အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ မဟာဗျူဟာစီမံကိန်းအရ IDLO, UNDP တို့နှင့် ပူးပေါင်း၍ မျှတသော တရားစီရင်ရေးစနစ်ဖြစ်ပေါ်စေရေးအတွက် အလုပ်ရုံ ဆွေးနွေးပွဲအား ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးတွင် **(၁၆. ၇. ၂၀၁၆)ရက်နေ့ မှ (၁၇. ၇. ၂၀၁၆)ရက်နေ့ အထိ (၂)ရက်** ကျင်းပခဲ့ပြီး ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးနှင့် ယင်း၏ ကြီးကြပ်မှုအောက်ရှိ ခရိုင်/မြို့နယ် ဥပဒေရုံးအသီးသီးမှ ဥပဒေအရာရှိများ၊ တရားသူကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြင်ပရှေ့နေကြီးများ တက်ရောက်ကာ ပါဝင်ဆွေးနွေး ဆောင်ရွက်ခဲ့ပါသည်။

၄င်းအပြင် အစိုးရသစ်ကာလ ပြည်သူလူထု၏ မျှော်လင့်ချက်များ၊ ဆန္ဒများပြည့်ဝစေရန် အမှန်တကယ် အကျိုးသက်ရောက်မှုရှိသည့် လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက် ခဲ့သည့် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ပြည်သူလူထုအတွက် ရက် (၁၀၀)စီမံကိန်းပါ လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် (၁. ၈. ၂၀၁၆)ရက်နေ့တွင် တိုင်းဒေသကြီး ဥပဒေချုပ်ရုံးတွင် တရားစွဲအဖွဲ့အစည်းများ၊ အမှုလိုက်အဖွဲ့အစည်းများ၊ တရားစီရင်ရေးနယ်ပယ်မှ တရားသူကြီးများ၊ ပြင်ပရှေ့နေကြီးများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့အပြင် အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် အောက်ပါ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများ၊ အခမ်းအနားများသို့ တက်ရောက်ခဲ့ကာ ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ခဲ့ပါသည် -

- (၂၂. ၇. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး၊
- (၂၈. ၇. ၂၀၁၆)ရက်နေ့ကျင်းပသည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး၊
- (၂၉. ၇. ၂၀၁၆)ရက်နေ့ကျင်းပပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊
- (၅. ၈. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်သည့် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး၊
- (၉. ၈. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်သည့် ဧရာဝတီဘဏ် အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် ရေဘေးအလှူငွေ ပေးအပ်ပွဲအခမ်းအနား၊

- (၁၀. ၈. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်သည့် ထွေအုပ်ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနား၊
- (၁၂. ၈. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်သည့် CB ဘဏ် အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် ရေဘေးအလှူငွေပေးအပ်ပွဲ အခမ်းအနား၊
- (၁၆. ၈. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး ပြည်တွင်း/ပြည်ပစက်မှုဇုန် ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊
- (၁၈. ၈. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ ပြန်လည်ပြင်ဆင်ရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊
- (၁၉. ၈. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်သည့် အုတ်တွင်းကြယ်နီဆေးလိပ်ရုံနှင့် ကျားမင်း ဘီယာစက်ရုံအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် ရေဘေး အလှူငွေပေးအပ်ပွဲ အခမ်းအနား၊
- (၂၃. ၈. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့၏ ရက် (၁၀၀) စီမံချက် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနား၊
- (၂၉. ၈. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကိုရီးယား ဧည့်သည်တော်များအဖွဲ့နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ရင်းနှီးချစ်ကြည်စွာ တွေ့ဆုံဆွေးနွေးပွဲ၊
- (၅. ၉. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စက်မှုဇုန်ကြီးကြပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊
- (၈. ၉. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်သည့် နိုင်ငံတကာ စာတတ်မြောက်ရေး လှုပ်ရှားမှု အထိမ်းအမှတ် ကျင်းပပြုလုပ်သည့် အခမ်းအနား၊
- (၁၃. ၉. ၂၀၁၆)ရက်နေ့ ကျင်းပပြုလုပ်ခဲ့သည့် လူကုန်ကူးမှုတိုက်ဖျက်ရေး အထိမ်းအမှတ် ကျင်းပပြုလုပ်သည့် အခမ်းအနား၊
- (၁၅. ၉. ၂၀၁၆)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြည်ပ စက်မှုဇုန်အတွင်း ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းရှင်များဖြစ်ကြသည့် နိုင်ငံခြားကုမ္ပဏီများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊

**တိုင်ကြားစာများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်အပေါ် တင်ပြအပ်ခြင်း**

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်အနေဖြင့် ပြည်ထောင်စုရှေ့နေ ချုပ်ရုံး၏ တာဝန်ပေးချက်အရ နစ်နာသူများအနေဖြင့် နိုင်ငံတော်အကြီးအကဲများထံ ပေးပို့တိုင်ကြားခဲ့သည့် တိုင်ကြားစာ (၁၅)စောင်နှင့် ပတ်သက်၍ မှန်ကန်မှု ရှိ မရှိ စိစစ်ပြီး သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့တင်ပြဆောင်ရွက်ခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၏ ရက် (၁၀၀)စီမံချက်အတွင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စပ်လျဉ်း၍ တင်ပြအပ်ခြင်း

အစီရင်ခံသည့်ကာလအတွင်း ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး အနေဖြင့် ရက် (၁၀၀) စီမံချက်အတွင်း (၆)လအထက် ကြန့်ကြာမှုခင်း၊ ယခင်လက်ကျန် (၁၂၁၀)မှု၊ အသစ်ရ (၈၄၄)မှု၊ ပြီးပြတ် (၉၄၇)မှု၊ လက်ကျန် (၁၁၀၇)မှု၊ ပြီးပြတ်ရာခိုင်နှုန်း (၄၆. ၁%)အားလည်းကောင်း၊ ရုပ်သိမ်းခွင့်ပြုရန် တင်ပြခဲ့သည့်အမှု (၃၇၀)မှု၊ ပြီးပြတ် (၃၇၀)မှု၊ ပြီးပြတ်ရာခိုင်နှုန်း (၁၀၀%)အားလည်းကောင်း၊ ကျန်လုပ်ငန်း များနှင့် စပ်လျဉ်း၍ ရာနှုန်းပြည့်လည်းကောင်း၊ ပြီးပြတ်ဆောင်ရွက်နိုင်ခဲ့ပြီး ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအားလည်း စနစ်တကျ စီမံချက်များရေးဆွဲကာ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အဆင့်ဆင့်သော ဥပဒေရုံးများ၏ ရည်မှန်းချက်အတိုင်း တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနှင့် ကာကွယ်စောင့်ရှောက်နိုင်ရေး ဆောင်ရွက်ထား ရှိပါကြောင်း တင်ပြအပ်ပါသည်။

## အထွေထွေ

အစီရင်ခံသည့်ကာလအတွင်း တိုင်းဒေသကြီးဥပဒေချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေတို့အရ ဆောင်ရွက်သည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအပေါ် သက်ဆိုင်ရာ မြေငှားရမ်းခများ သတ်မှတ် ကောက်ခံနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အကြံပြုသုံးသပ်တင်ပြချက် စာတမ်းတင်သွင်း၍ အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၄င်းအပြင် တိုင်းဒေသကြီးဥပဒေချုပ် အနေဖြင့် နိုင်ငံတော်၏ စီးပွားရေး ရည်မှန်းချက် (၄)ရပ်၊ မူဝါဒ (၁၂)ရပ်နှင့်အညီ ရှေ့ဆက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအနက် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်း ဆိုင်ရာ စာချုပ်များ ချုပ်ဆိုရာတွင်လည်းကောင်း၊ နာလည်မှုစာချွန်လွှာများ၊ သဘောတူညီချက် မှတ်တမ်းများ၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အချက်အလက်များနှင့် အခြားစာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် လည်းကောင်း၊ လိုအပ်သည့် ဥပဒေအကြံဉာဏ်များ တောင်းခံလာပါက ပြည်ထောင်စု ရှေ့နေချုပ်ရုံးသို့ တင်ပြပြီး သဘောထားမှတ်ချက်ရယူကာ ဥပဒေ အကြံဉာဏ်ပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက် ခဲ့ပါသည်။

ထို့အပြင် တိုင်းဒေသကြီးဥပဒေချုပ် အနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပဲခူးမြို့ ပြည်တွင်း စက်မှုနယ်မြေအတွင်း စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရန်အတွက် မြေနေရာ ခွင့်ပြုရရှိထားသည့် လုပ်ငန်းရှင်များ၏ အမှုတွဲ (၈၆)မှုနှင့် ပြည်ပစက်မှုနယ်မြေအတွင်း နိုင်ငံခြားကုမ္ပဏီ (၁၅)ခုနှင့် မြေငှားစာချုပ် ချုပ်ဆိုထားသည့် စာချုပ် (၁၇)ခုတို့အပေါ် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ သားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ယင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ယင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက် သင့်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေရှုထောင့်မှ သုံးသပ်ကာ အကြံပြုတင်ပြခဲ့ပါသည်။

**နိဂုံး**

တရားဥပဒေစိုးမိုးရေးသည် မိမိတို့ လူ့အဖွဲ့အစည်းအတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်ရာ တရားဥပဒေများ ရှင်သန်ခိုင်မာအားကောင်းစေရေးနှင့် တရားစီရင်ရေးစနစ်အပေါ် ပြည်သူများ ယုံကြည်ကိုးစားမှုရရှိစေရေးတို့သည် လွန်စွာအရေးကြီးပါသည်။ ၎င်းအပြင် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များသည် ပြည်သူများ တရားမျှတမှုရရှိခံစားနိုင်ရေးအပေါ် အကျိုးသက်ရောက်မှုဖြစ်စေနိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များအပေါ် မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ယခုအခါ တရားဥပဒေစိုးမိုးမှု လျော့နည်းကာ လူ့အဖွဲ့အစည်း၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို စိန်ခေါ်မှုအသွင်များ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။ တရားဥပဒေစိုးမိုးရေး (Rule of Law)ဟုဆိုရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများကို ပြည်သူများက အလေးထားလိုက်နာခြင်း၊ ဥပဒေဆိုင်ရာ အဖွဲ့အစည်းများ (Law enforcement)များ ခိုင်မာအားကောင်းခြင်း၊ တာဝန်ကျေပွန်ခြင်း စသည့်တို့ အားဖြင့် ဥပဒေများ ရှင်သန်မှုရှိနေရမည်ဖြစ်ပါသည်။ ဥပဒေများ ပြဋ္ဌာန်းထားပါလျက် အများပြည်သူက လိုက်နာမှုမရှိခြင်း၊ ဥပဒေဆိုင်ရာအဖွဲ့အစည်းများကလည်း ဥပဒေမလိုက်နာမှုများနှင့် ပတ်သက်၍ ထိထိရောက်ရောက် အရေးယူမှုမရှိခြင်းကြောင့် ယခုအခါ ဥပဒေရှိမှန်းပင်မသိရတော့သည့် အခြေအနေသို့ ရောက်ရှိနေသဖြင့် ဥပဒေဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် တာဝန်ရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။

သို့ဖြစ်ရာ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးအနေဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အဆင့်ဆင့်သော ဥပဒေရုံးများ၏ ရည်မှန်းချက်အတိုင်း တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနှင့် ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးနှင့် ဥပဒေအရာရှိများ၏ ပြုမူဆောင်ရွက်ချက်များသည် ၎င်းတို့ဝန်းကျင်ရှိ ပြည်သူများအနေဖြင့် တရားမျှတမှုရရှိခံစားနိုင်စေရေးအပေါ် အမှန်တကယ် အကျိုးသက်ရောက်မှုရှိစေရေးအတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က (၁-၇-၂၀၁၆)ရက်မှ (၃၁-၈-၂၀၁၆)ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်က (၁-၇-၂၀၁၆)ရက်မှ (၃၁-၈-၂၀၁၆)ရက်ထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအား တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်သန်းဝင်း(ခ)ဒေါ်သန်းသန်းဝင်း[တိုင်းဒေသကြီးစာရင်းစစ်ချုပ်]**။ ။(ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြပါသည်။)

# ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများက တစ်ခုချင်းပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးကြည်ဇင်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ အသုံးပြုခွင့်၊ လုပ်ပိုင်ခွင့်များ ရရှိထားသော်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော စည်းကမ်းလိုက်နာမှုမရှိသည့်ကုမ္ပဏီများ တစ်သီးပုဂ္ဂလပိုင် မြေယာများအား ဥပဒေနှင့်အညီ ပြန်လည်သိမ်းဆည်းရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကြည်ဇင်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသည့် ကုမ္ပဏီများ၊ တစ်သီးပုဂ္ဂလများ အနေနှင့် ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၂ ခုနှစ်၊ မတ်လ(၃၀)ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းလိုက်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပါ လိုက်နာရမည့်စည်းကမ်းများကို မလိုက်နာမှု၊ ဖောက်ဖျက်ကျူးလွန်မှုများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ခြင်းရှိ/မရှိ သိရှိလိုပါသောကြောင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါသည်။ ထိုမေးခွန်းကို မေးမြန်းရခြင်းအကြောင်းကို ပဲခူးတိုင်းဒေသကြီး၏ လူနေမှုစနစ်များနှင့် ယှဉ်ထိုးတင်ပြခွင့်ပြုပါ။

ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၏ အကျယ်အဝန်းဟာ ၃၉၄၀၀ စတုရန်းကီလိုမီတာရှိပြီးတော့ လူဦးရေဟာ ၄၈၆၇၃၇၃ဦးနေထိုင်ကြောင်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ သိရှိခဲ့ပြီးဖြစ်ပါသည်။ လူဦးရေနှင့်ရှိသောမြေကို အချိုးချမည်ဆိုလျှင် ၁ စတုရန်းကီလိုမီတာမှာ လူဦးရေ ၁၂၃. ၅ယောက် နေထိုင်ခွင့်ရှိပါသည်။ တစ်စတုရန်းကီလိုမီတာမှာ ဧကအနေနှင့်ဖွဲ့မည်ဆိုပါလျှင် ၂၄၇ဧကကျော်ရှိသည့်အတွက် လူတစ်ဦးချင်းစီနှင့် မြေယာအချိုးမှာ လူ ၁ ႏ မြေ ၂ဧကအဖြစ် ကိန်းဂဏန်းများအရ တွက်ချက်ရရှိကြောင်း တင်ပြအပ်ပါသည်။ ကျွန်တော်ယခုလို တွက်ချက်ရရှိမှု တင်ပြနေခြင်းမှာ အကြောင်းမဲ့မဟုတ်ပါ။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၏မြေဧရိယာနှင့် လူဦးရေအချိုးတို့မှာ များစွာကျယ်ဝန်းနေသော မြေဧရိယာများဖြစ်ပါလျှက် ပဲခူးတိုင်းဒေသကြီးမှ မြို့နယ် ၂၈ မြို့နယ်လုံး မြေယာပြဿနာများ၊ ကျူးကျော်ကိစ္စများနှင့် ပြည့်နှက်နေပြီး နိုင်ငံတော်၏ ရှေ့သို့သွားရမည့် လမ်းကြောင်းအား နှောင့်ယှက်ဟန့်တားနေသောကိစ္စများအဖြစ် မြင်ကြတွေ့ကြရမှာ ဖြစ်ပါသည်။

အခုလိုဖြစ်ရခြင်း၏အဓိကအကြောင်းရင်းများကို လေ့လာသုံးသပ်ကြည့်သည့်အခါမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ယခင်အစိုးရလက်ထက်က အညှာအတာကင်းမဲ့စွာ ဗိုးပေါလအော ပေးကမ်းလုပ်ကိုင်စေခဲ့ခြင်းကြောင့် ဖြစ်တယ်ဆိုတာ တွေ့ရှိရပါသည်။ ကျွန်တော်အခုလို ပြောရခြင်းကလည်း ကျွန်တော့်မဲဆန္ဒနယ်မှ ဖြစ်စဉ်များနှင့် နှိုင်းယှဉ်ပြီး သုံးသပ်ရခြင်းဖြစ်ပါသည်။ တစ်နိုင်တစ်ပိုင် တောတိုးလုပ်ကိုင်ခဲ့ကြတဲ့ ကရင်တိုင်းရင်းသား တောင်ယာလုပ်ကိုင်သူလူမျိုးစုများဟာ ကျွန်တော့်နယ်မြေမှာ တော်တော်များများ ရှိနေတဲ့အတွက် သူတို့ရဲ့ယာမြေစိုက်ခင်းများဟာလည်း သိမ်းဆည်းခံခဲ့ရပြီး လုပ်ပိုင်ခွင့်ရရှိသူများ လက်ထဲသို့ ရောက်ရှိပြီး လုပ်ပိုင်ခွင့်လည်းဆုံးရှုံး၊ လျော်ကြေး၊ နစ်နာကြေးလည်းမရရှိသူများမြောက်မြားစွာရှိနေပါသေးသည်။ ဒါဟာဥပဒေကို နားလည်သူ၊ ငွေကြေးတတ်နိုင်သူများကဥပဒေနားမလည်သည့် ချို့တဲ့တောင်သူများအပေါ် အနိုင်ကျင့်ခြင်းဘဲဖြစ်ပါသည်။

ကျွန်တော်အထက်ကတင်ပြခဲ့သလို ငွေရှင်ကြေးရှင်များ၊ ကုမ္ပဏီများမှ တစ်ဦးတစ်ဦးလျှင် ဧကရာချီ၊ ထောင်ချီ၍ ရယူထားကြသော်လည်း ရရှိထားသောမြေပေါ်တွင် ရာခိုင်နှုန်းပြည့် လုပ်ကိုင်ဆောင်ရွက်နိုင်ကြခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ အခန်း(၆)၊ ပုဒ်မ ၁၆ အပိုဒ်ခွဲ (ဂ)မှာ **“ ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ အငှားချထားခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း (သို့မဟုတ်) ခွဲစိတ်ခြင်းမပြုရ ”** ဟုလည်းကောင်း၊ ပုဒ်မ ၁၆ အပိုဒ်ခွဲ(ခ)တွင် **“လုပ်ပိုင်ခွင့်ရသည့်မြေကို စတင်ခွင့်ပြုသည့်နေ့မှ စ၍ (၄)နှစ်အတွင်းသတ်မှတ်ချက်အတိုင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်။ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြေအနေ ကြောင့်သော်လည်းကောင်း ကုန်လွန်သွားသည့်အချိန်အတွက် သတ်မှတ်ကာလကို ဗဟိုကော်မတီ မှ ပြန်လည်ပြင်ဆင်သတ်မှတ်ပေးနိုင်သည်”** ဟုပြဋ္ဌာန်းပါရှိပါသည်။

လက်ရှိလုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိထားသောကုမ္ပဏီများ၊ တသီးပုဂ္ဂလများစသည့်မြေအသုံးပြုခွင့်ရရှိသူများဟာ အချို့မှာ ပြန်လည်အငှားချထားခြင်း၊ ပြန်လည်ရောင်းချခြင်းများကို လေ့လာတွေ့ရှိပါသည်။ အဓိကအချက်အားဖြင့်ကတော့-ရယူပိုင်ဆိုင်ထားသော လုပ်ပိုင်ခွင့်ရသူများအနေနှင့် ပုဒ်မ ၁၆ အပိုဒ်ခွဲ(ခ)ပါ စတင်ခွင့်ပြုသည့်နေ့မှ (၄)နှစ်အတွင်း လုပ်ငန်းပြီးစီးသည်အထိ ဖော်ထုတ်လုပ်ကိုင်ရမည်ဟု ဥပဒေအရ ပြဋ္ဌာန်းပြီးဖြစ်သော်လည်း(၄)နှစ်ကျော်သည်အထိ လုပ်ပိုင် ခွင့်ရမြေဧရိယာ၏ ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှု မရှိသည်ကိုလည်း တွေ့ရှိရပါသည်။ ဥပမာအားဖြင့် တင်ပြရလျှင် ကျွန်တော်တို့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ နံဘေးတောက်လျှောက်မှာ ကုမ္ပဏီများသို့ လုပ်ပိုင်ခွင့်ပေးပြီးသော မြေကွက်များသာဖြစ်နေပြီး မျက်နှာစာ ရှေ့အတန်းလောက်တွင်သာ စိုက်ခင်းဆိုင်းဘုတ်လေးများကပ်၍ ဟန်ပြလုပ်ကိုင်နေခြင်းသာဖြစ်ပြီး ၄င်းတို့ ရရှိထားသော မြေဧရိယာ၏၅၀%အောက်သာ စိုက်ပျိုးနိုင်ကြသည်ကို တွေ့ရှိရပါသည်။ စိုက်ပျိုးရန် ကျန်သော မြေဧရိယာများမှာ ကျန်ရှိနေသေးသည်။ အခုလိုတင်ပြရခြင်းကလည်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၁မှာ **“ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ဤဥပဒေပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းတွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးငွေကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင်**

**လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့်ရှိသည်ဟု"** အတိအကျပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။

ကျွန်တော်ရဲ့အစပထမပြောခဲ့တဲ့ မြေယာပြဿနာများအတွက် ဥပဒေနှင့်မညီညွတ်သော ဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်သော မြေယာလုပ်ပိုင်ခွင့်ရရှိထားသူများထံမှ ဥပဒေနှင့်အညီ ပြန်လည်သိမ်းဆည်းရယူပြီး တစ်ပိုင်တစ်နိုင်အသက်မွေးဝမ်းကျောင်းမှုအတွက် မြေယာလိုအပ်သူများအား ဥပဒေနှင့်အညီ ပြန်လည်ချထားပေးနိုင်ခဲ့ပါလျှင် ကျွန်တော်တို့ပဲခူးတိုင်းဒေသကြီးအတွင်း မြေယာပြဿနာများ၏ ၇၅% အထက်ရှင်းလင်းနိုင်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ မြေယာပိုင်ဆိုင်မှုများကို ပဲခူးတိုင်းဒေသကြီး၏ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြန်လည်ရယူနိုင်ခဲ့ပါလျှင် မြို့ပြ၏ လူနေကျပ်တည်းကျဉ်းမြောင်းမှုပြဿနာများကိုလည်း မြို့သစ်၊ ရွာသစ်များ နေရာချထားပေးခြင်းဖြင့် ဖြေရှင်းနိုင်ခဲ့ပါလျှင် ဒီမိုကရေစီအစိုးရသစ်၏ လုပ်ဆောင်မှုများအားလည်း ဝိုင်းဝန်းဖော်ဆောင်ရာ ရောက်ပါသည်။

ဒါကြောင့် အချုပ်အားဖြင့်ဆိုရပါလျှင် ပဲခူးတိုင်းဒေသကြီးအတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့်၊ လုပ်ပိုင်ခွင့်များရရှိထားသော်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော လိုက်နာရမည့်(သို့မဟုတ်) လုပ်ဆောင်ရမည့် စည်းကမ်းများအား လိုက်နာမှုမရှိသည့်ကုမ္ပဏီများ တသီးပုဂ္ဂလပိုင်မြေယာများအား ဥပဒေနှင့်အညီ ပြန်လည်သိမ်းဆည်းရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကြည်ဇင်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးကြည်ဇင်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပဲခူးတိုင်းဒေသကြီး အတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ အသုံးပြုခွင့်၊ လုပ်ပိုင်ခွင့်များ ရရှိထားသော်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိသော စည်းကမ်းလိုက်နာမှု မရှိသည့်ကုမ္ပဏီများ တစ်သီးပုဂ္ဂလပိုင် မြေယာများအား ဥပဒေနှင့်အညီ ပြန်လည်သိမ်းဆည်းရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသောကိစ္စနှင့်ပတ်သက်၍ တိုင်းဒေသကြီးမြေ အသုံးချမှုစာရင်းတွင် ပဲခူးတိုင်းဒေသကြီးအကျယ်အဝန်းမှာ (၁၅၂၁၄. ၁၂၉)စတုရန်းမိုင်၊ ဧရိယာ(၉၇၃၇၀၄၃)ဧက၊ စိုက်ပျိုးမြေဧရိယာ(၃၃၂၉၀၈၆)ဧက၊ (၃၄. ၁၉%)၊ မြေရိုင်းဧရိယာ(၁၈၁၁၁၈)ဧက၊ (၁. ၈၆%)၊ တောရိုင်းဧရိယာ(၁၈၉၆၅၄)ဧက၊ (၁. ၉၅%) သစ်တောကြိုးဝိုင်းဧရိယာ(၃၉၁၀၄၂၀)ဧက၊ (၄၀. ၁၆%)၊ စိုက်ပျိုးခြင်းမပြုနိုင်သော မြေ(OA)(၁၃)မျိုး ဧရိယာ(၂၁၂၆၇၆၅)ဧက၊ (၂၁. ၈၄%) ဖြစ်ပါသည်။ လုပ်ငန်းရှင်များမှ ရယူထားသောဧရိယာများမှာ ဗဟိုခွင့်ပြုတွင် တောင်သူဦးရေ(၇၂၉)ဦး၊ ခွင့်ပြုဧရိယာ (၁၆၆၉၃၆. ၆၁)ဧက၊ ဖော်ထုတ်စိုက်ပျိုးပြီး ဧရိယာ(၇၈၀၉၅. ၈၂)ဧက၊ ဆောင်ရွက်ရန်ကျန်ဧရိ ယာ(၈၈၈၄၀. ၇၉)ဧက၊သတ်မှတ်ကာလကျော်လွန်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းမရှိ၍ ပြန်လည်သိမ်းယူရမည့် ဧက(၈၈၈၄၀. ၇၉)ဧက၊ ဝန်ကြီးဌာန ခွင့်ပြုတွင် တောင်သူဦးရေ(၂)ဦး၊ ခွင့်ပြုဧက (၅၃၄၄. ၀၀) ဧက၊ ဖော်ထုတ်စိုက်ပြီးဧရိယာ(၁၄၀၅. ၀၀)ဧက၊

ဆောင်ရွက်ရန်ကျန်ဧရိယာ(၃၉၃၉. ၀၀)ဧက၊ သတ်မှတ်ကာလကျော်လွန်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိ၍ ပြန်လည်သိမ်းယူရမည့် ဧရိယာ(၃၉၃၉. ၀၀)ဧက၊ ဒေသအာဏာပိုင်ခွင့်ပြုတွင် တောင်သူဦးရေ(၆)ဦး၊ ခွင့်ပြုဧက(၂၈၈၃. ၀၀) ဧက၊ ဖော်ထုတ်စိုက်ပျိုးပြီးဧရိယာ(၂၈၈၃. ၀၀)ဧက၊ တိုင်းဒေသကြီးခွင့်ပြုတွင် တောင်သူဦးရေ (၁၇၆)ဦး၊ ခွင့်ပြုဧရိယာ(၁၉၄၄. ၉၉)ဧက၊ ဖော်ထုတ်စိုက်ပျိုးပြီး(၃၈၃. ၆၉)ဧက၊ ဆောင်ရွက်ရန်ကျန်ဧရိယာ (၁၅၆၁. ၃၀)ဧက၊ ဗဟိုကော်မတီခွင့်ပြုတွင် တောင်သူဦးရေ(၆၆)ဦး၊ ခွင့်ပြုဧရိယာ (၂၅၆၂၃. ၃၂)ဧက၊ ဖော်ထုတ်စိုက်ပျိုးပြီး(၇၃၀၄. ၈၆)ဧက၊ ဆောင်ရွက်ရန်ကျန်ဧရိယာ (၁၈၃၁၈. ၄၆)ဧက၊ စုစုပေါင်းခွင့်ပြု ပြီးဦးရေ(၉၇၉)ဦး၊ ခွင့်ပြုဧရိယာ (၂၀၂၇၃၁. ၉၂)ဧက၊ ဖော်ထုတ်စိုက်ပျိုးပြီးဧရိယာ(၉၀၀၇၂. ၃၇)ဧက၊ ဆောင်ရွက်ရန်ကျန်(၁၁၂၆၅၉. ၅၅)ဧက အနက် မြေလွတ်မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးနည်း ဥပဒေအပိုဒ်(၄၇)၊အပိုဒ်ခွဲ(ဃ)အရ မြေလွတ်မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိပြီး နောက်ဆက်လက်လုပ်ကိုင်နိုင်ခြင်း၊ အသုံးပြုနိုင်ခြင်းမရှိပါက ဗဟိုကော်မတီသို့ ပြန်လည်အပ်နှံရမည်ဖြစ်ပြီး၊ တိုင်းဒေသကြီးမှ (၂၅-၂-၂၀၁၆)ရက်စွဲပါစာအမှတ်-၁၈၉/မြေလွတ်မြေရိုင်း/၂၀၁၆ဖြင့် ဥက္ကဋ္ဌ မြေလွတ်မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ပဲခူးရိုးမ တောပြုန်း၊ ဆင်မျိုးသုဉ်းမည့် အခြေအနေကို ကယ်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“ပဲခူးမြို့၊ မြို့ရှောင်လမ်းမှာ (၈)လကာလအတွင်း ဆိုးဝါးစွာ ပျက်စီးနေမှုအပေါ် ဆောက်လုပ်ခဲ့သူ ကုမ္ပဏီနှင့် ဌာနများက မည်သို့မည်ပုံ ပြန်လည်ပြုပြင်ပေးမည်”**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **“ပဲခူးမြို့နယ်၊ အုတ်ဖို-ကျုံးရိုးကျေးရွာအုပ်စု ကမ်းပါးပြိုမည့် အန္တရာယ်မှ ကင်းဝေးနိုင်ရေးအတွက် မြေထိန်းတုတ်များ ပေ(၂၀၀၀)ခန့် ရိုက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **“ပဲခူးမြို့၏ မိန်းလမ်းမကြီးဖြစ်သည့် သနပ်ပင်-ပဲခူးလမ်းမကြီးအား အဆင့်မြှင့်လမ်းပိုင်း အဖြစ် ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်သည် ပဲခူးချောင်းဖျားဒေသ၊ ပဲခူးရိုးမတောကြီးနှင့်ဆက်စပ်နေသော နယ်မြေဖြစ်ပါသည်။ ၎င်းပဲခူးရိုးမနယ်မြေ သစ်ခိုးထုတ်သောအဖွဲ့များ၊ တောဆင်ရိုင်းအား လိုက်လံသတ်ဖြတ်၍ ဆင်စွယ်၊ ဆင်သားရေယူသော ဆင်လိုက်မုဆိုးများကျက်စားရာဒေသ လည်းဖြစ်ပါသည်။ ၎င်းပဲခူးရိုးမသစ်ထုတ်ခွင့်(၁၀)နှစ် ပိတ်ပင်ထားရာလည်း ဖြစ်ပြီး၊ ပုဒ်မ(၁၄၄) ထုတ်ပြန်ထားရာဒေသလည်းဖြစ်ပါသည်။ သို့သော်လည်း ၎င်းဒေသတွင် စစ်ဆေးဂိတ်များ

အထပ်ထပ်ချထားသော်လည်း သစ်ခိုးထုတ်သူများက ကားလမ်းမှတစ်ဖုံ၊ ရေလမ်းကတစ်မျိုး ခိုးထုတ်နေကြကြောင်း၊ ၎င်းဒေသရှိကျေးလက်ပြည်သူများက သတင်းပေးဆောင်ရွက်ကြသော်လည်း ကာကွယ်နိုင်ခြင်းမရှိသည်ကိုတွေ့ရ၍ ပြည်သူများကစိတ်ပျက်နေကြပါသည်။ ဆင်ရိုင်းများမှာလည်း မုဆိုးများရန်ကိုကြောက်၍ ကျေးရွာများအနီးချဉ်းကပ်လာပြီး၊ ကျေးရွာနေပြည်သူတို့၏ စိုက်ခင်းများ၊ နေအိမ်များကို မကြာခဏဖျက်ဆီးခံရကြောင်း သိရပါသည်။ ယခုနှစ်လခန့်အတွင်း၌ပင် ဆင်သတ်မုဆိုးများရန်ကြောင့် ဆင်သုံးကောင်သေဆုံးပြီးကြောင်း ဓါတ်ပုံအထောက်အထားများနှင့်တကွ တင်ပြထားပါသည်။

ထို့ကြောင့် ပဲခူးရိုးမအနေဖြင့် တောလဲပြုန်း၊ ဆင်တွေလည်း မျိုးသုဉ်းတော့မည့် အခြေအနေရောက်လာပါပြီ၊ တိုင်းဒေသကြီးအစိုးရအနေဖြင့် ပဲခူးရိုးမကို ကယ်တင်ဖို့အတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ(၂၈)ရက်နေ့တွင် လမ်းဖွင့်ပွဲပြုလုပ်ခဲ့သော ပဲခူးမြို့၊ မြို့ရှောင်လမ်းမှာ အရှည်(၁၁)မိုင် (၃)ဖာလုံရှိပြီး၊ ပေ(၅၀)အထက် တံတား(၂)စင်းနှင့် ပေ(၅၀)အောက် တံတား (၅၄)စင်း ပါဝင်ကြောင်းသိရပါသည်။ စိုးရတနာလင်းကုမ္ပဏီနှင့် ပဲခူးခရိုင်ဆောက်လုပ်ရေးတို့မှ ပူးတွဲတာဝန်ယူဆောင်ရွက်ထားပါသည်။ လမ်းအဆင့်မှာတော့ နိုင်ငံတကာ အဝေးပြေးလမ်းမကြီး အဆင့်သို့ ဆိုင်းဘုတ်ထောင်ထားတာတွေ့ရပါသည်။ လမ်းအနေအထားမှာ ယခုလုပ်ငန်းပြီး (၈) လအတွင်းမှာဘဲ စုတ်ပြတ်နေပြီး ချိုင့်ကျင်းပေါင်းများစွာနှင့် ခက်ခက်ခဲခဲသွားလာနေရသော အဆင့်တွင်ဖြစ်ပါသည်။

ကုန်ကျငွေကတော့ လမ်းပိုင်း(၁၁)မိုင် (၃)ဖာလုံအတွက် သုံးစွဲငွေကတော့ ကျပ်သန်းပေါင်း (၁၀၀၇၂. ၉၄) သန်းရှိပြီး၊ တံတားများအတွက် ကျပ်သန်းပေါင်း(၃၆၆၈)သန်း သုံးစွဲထားသည်ဟု သိရပါသည်။ ယခု ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင်လည်း တံတားများ ကျောက်စီမြေထိန်းနံရံအတွက် ကျပ်သန်းပေါင်း (၇၆၅. ၆၈)သန်း ထပ်မံသုံးစွဲဦးမည်ဖြစ်ကြောင်း သိရပါသည်။

ဤမျှလောက် များပြားသောငွေကြေးအကုန်အကျခံဆောက်လုပ်ခဲ့သော ဤလမ်းကို မည်သို့မည်ပုံ အရည်အသွေးစစ်ဆေးလက်ခံခဲ့သနည်း။ ယခုလို (၈)လတာကာလအတွင်း ဆိုးဝါးစွာပျက်စီးနေမှုအပေါ် ဆောက်လုပ်ခဲ့သူ ကုမ္ပဏီနှင့်ဌာနများက မည်သို့မည်ပုံပြန်လည်ပြုပြင် ပေးမည်နည်း။ တာဝန်ယူမှု၊ တာဝန်ခံမှု မည်သို့ရှိသနည်း။ တိုင်းဒေသကြီးအစိုးရကရော မည်သို့ အရေးယူဆောင်ရွက်ထားသနည်းဟူသော မေးခွန်းကို ပြည်သူအများကိုယ်စား အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အုတ်ဖို-ကျုံးရိုးကျေးရွာအုပ်စုသည် ပဲခူးမြစ်၏ အရှေ့ဘက်ကမ်းပါးတွင် ရှေ့ပဝေသဏီကပင် တည်ထားခဲ့သော ကျေးရွာများဖြစ်ပါသည်။ ပဲခူးမြစ်၏ မြစ်ရေတိုက်စားမှုကြောင့်လည်းကောင်း၊ ရေလမ်းကြောင်းပြောင်းလဲလာမှုကြောင့်လည်းကောင်း၊ ကျုံးရိုးကျေးရွာမှ ကမ်းပါးများပြိုကျခဲ့ပါသည်။ ယခုအခါ ကမ်းပါးလူသွားလမ်းများပါ ပြိုကျသည့်အထဲတွင်ပါဝင်ပြီး၊ လူနေအိမ်များနှင့် အလွန်နီးကပ်နေပြီဖြစ်ပါသည်။ ကျေးရွာစာသင်ကျောင်း လျှပ်စစ်ဓါတ်မီးတိုင်

များနှင့်လည်း နီးကပ်လျက်ရှိပြီး၊ လူနေအိမ်အချို့မှာ ပြောင်းရွှေ့နေကြရပါသည်။ ထို့ကြောင့် လာမည့်ရာသီတွင် ကမ်းပါးပြိုမည့် အန္တရာယ်မှ ကင်းဝေးနိုင်ရေးအတွက် မြစ်ကမ်းပါးမြေထိန်းတုတ်များရိုက်၍ ကာကွယ်ပေးမည်ဆိုပါက သက်သာနိုင်မည်ဖြစ်ပြီး၊ မြေထိန်းတုတ်များ ပေ(၂၀၀၀)ခန့် ရိုက်ပေးရမည်ဖြစ်၍ ကျေးရွာမှ တတ်နိုင်မည်မဟုတ်ပါသဖြင့် သက်ဆိုင်ရာဌာနမှ ကျေးရွာပျက်မည့်အရေး ကာကွယ်ပေးနိုင်ရန်အတွက် ရေတားတုတ်များရိုက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့သည် တိုင်းမြို့တော်ဖြစ်ပါသည်။ ၎င်းအပြင် ရှေးဟောင်းဂန္ထဝင် အမွေအနှစ်၊ စေတီပုထိုးများ ပေါများရာမြို့လည်းဖြစ်ပါသည်။ ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ကြရာ ယဉ်ကျေးမှုဇုန်နယ်မြေလည်းဖြစ်ပါသည်။ သို့သော်လည်း ပဲခူးမြို့၏ လမ်းပန်းများအခြေအနေက ညံ့ဖျင်းလွန်းလှပါသည်။ ပဲခူးမြို့၏ မိန်းလမ်းမကြီးဖြစ်သည့် သနပ်ပင်-ပဲခူးလမ်းမကြီးများ ချိုင့်ကျင်းပေါင်းများစွာဖြင့် ပျက်စီးနေပါသည်။ ပြုပြင်ပြန်တော့လည်း သဲဖို့ခဲထည့်အဆင့်သာတွေ့မြင်နေရပါသည်။ ထို့ကြောင့် ၎င်းလမ်းပိုင်းအား အဆင့်မြင့်လမ်းပိုင်းအဖြစ် ပြင်ဆင်ပေးနိုင်ရန် ပြည်သူများကလိုလားတောင့်တနေကြပါသည်။ လမ်းများမှာလဲ မိုးရွာလျှင် ရေစီးမြောင်းဖြစ်နေကြပါသည်။ အဆင့်မြင့်လမ်းအဖြစ် ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန]။** ။ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးရိုးမ တောပြုန်း၊ ဆင်မျိုးသုဉ်းမည့်အခြေအနေကို ကယ်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးသည် ဧရိယာအကျယ်အဝန်း(၉၇၃၇၀၃၀)ဧက ကျယ်ဝန်းပြီး ကြိုးဝိုင်း တော(၁၀၁)ခု၊ ကြိုးပြင်ကာကွယ်တော (၈)ခုနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ(၂)ခု စုစုပေါင်း သစ်တောမြေ(၃၉၇၁၇၈၇)ဧက (၄၀. ၇၉%)ရှိပါသည်။

ပဲခူးရိုးမ၏သစ်တောအတန်းအစားကျဆင်းရသည့်အဓိကအကြောင်းအရင်းများမှာ နိုင်ငံတော်၏ ဘဏ္ဍာငွေရရှိရေးနှစ်စဉ်သစ်နှင့် သစ်တောထွက်ပစ္စည်းများထုတ်ယူခြင်း၊ ပဲခူးတိုင်းဒေသအတွင်း လူဦးရေ(၄. ၈၆၇)သန်းအတွက် နှစ်စဉ် ထင်း(၉၄၁၂၇၃)တန်၊ မီးသွေး(၁၂၄၀၅၆) တန် ထုတ်ယူသုံးစွဲခြင်းနှင့် နီးစပ်ရာတိုင်းဒေသကြီးများ၏ ထင်း/မီးသွေးလိုအပ်ချက်အား ဖြည့်တင်းပေးရခြင်း၊ တရားမဝင် သစ်ခိုးထုတ်မှုများရှိခြင်း၊ စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ ဆည်၊ တာတမံများ မြို့ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးချဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနတွင် သစ်တောဝန်ထမ်း(၆၁၉)ဦးသာရှိပြီး သစ်တောဝန်ထမ်းတစ်ဦးလျှင် ပျမ်းမျှဧရိယာ(၁၅၇၃၀)ဧကကို တာဝန်ယူထိန်းသိမ်းရပါသည်။ ပဲခူးမြို့နယ်တွင် သစ်တောဝန်ထမ်း(၅၁)ဦးသာရှိပြီး၊ သစ်တောဝန်ထမ်းတစ်ဦးလျှင် ပျမ်းမျှဧရိယာ(၃၁၇၆၂) ဧကကို လက်ရှိဝန်ထမ်းအင်အားဖြင့် ဝန်နဲ့အားမမျှ ထိန်းသိမ်းနေရပါသည်။

ပဲခူးတိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနအနေဖြင့် တရားမဝင်သစ်ဖမ်းဆီးရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ခုနှစ်၊ ဘဏ္ဍာနှစ်တွင် တရားမဝင်သစ်(ကျွန်း/သစ်မာ/အခြား) (၆၁၂၄. ၁၇၇၆)တန်၊ ယာဉ်(၁၇၂)စီး၊ ထော်လာဂျီ(၃)စီး၊ ဆိုင်ကယ်(၈၃)စီး၊ ဂွန်ဒေါင်း (၁)စီး၊ စက်လှေ (၁၂)စီးနှင့် တရားခံ(၇၀၈)ဦး ဖမ်းဆီးနိုင်ခဲ့ပါသည်။

၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် ဩဂုတ်လကုန်အထိ တရားမဝင်သစ်(ကျွန်း/သစ်မာ/အခြား) (၂၂၆၂. ၆၈၀၇)တန်၊ ယာဉ်(၁၂၀)စီး၊ ထော်လာဂျီ(၆)စီး၊ ဆိုင်ကယ်(၂၉)စီး၊ ဂွန်ဒေါင်း (၃)စီးနှင့် တရားခံ(၃၉၈)ဦး ဖမ်းဆီးနိုင်ခဲ့ပါသည်။ ယခင်အလားတူကာလနဲ့ နှိုင်းယှဉ်ပါက (ကျွန်း/သစ်မာ/အခြား) (၁၃၀. ၁၁၄၀)တန်၊ ယာဉ်(၇၇)စီးနှင့် တရားစွဲဆိုမှု (၁၀၆)မှု ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

တရားမဝင်သစ်ခိုးထုတ်သူများအနေဖြင့် ယခုကဲ့သို့ပိတ်ဆို့ဆောင်ရွက်မှုများကြောင့် သစ်တောဝန်ထမ်းများအပေါ် အုပ်စုဖွဲ့၍ဥပဒေမဲ့ ရန်ပြုတိုက်ခိုက်ခြင်း၊ ဖမ်းဆီးရမိသက်သေယာဉ်များပြန်လည်လုယူခြင်းများ မကြာခဏပြုလုပ်လာကြပါသည်။ ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း အုပ်စုဖွဲ့ရန်ပြုတိုက်ခိုက်မှု (၁၀)ကြိမ်ခန့် ကြုံတွေ့ခဲ့ရပါသည်။

သို့ဖြစ်ရာ ယခုအစိုးရအသစ်ကာလအတွင်း တရားမဝင်သစ်များလျော့နည်းပပျောက်စေရေးအတွက် အောက်ပါလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

- တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်ထောင်စုအစိုးရအဖွဲ့များ၏ ပံ့ပိုးကူညီမှုများဖြင့် တိုင်းဒေသကြီးအတွင်း သစ်တောလုံခြုံရေးရဲတပ်ဖွဲ့အင်အား(၅၀)ဦးရရှိခဲ့ပြီး သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များအား ခရိုင်အလိုက် တာဝန်ချထား၍ သစ်တောဦးစီးဌာနဝန်ထမ်းများဖြင့် ပူးပေါင်း၍ ဖမ်းဆီးပိတ်ဆို့မှုများ ဆောင်ရွက်ခြင်း၊
- သစ်ခိုးထုတ်ရာတွင် အသုံးပြုသည့်လက်ကိုင်လွှစက်များ ထိန်းချုပ်တားဆီးရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျှက်ရှိခြင်း၊
- တရားမဝင်သစ်ဖမ်းဆီးရေးကို စစ်ကြောင်းအသွင်ဖြင့် ပိတ်ဆို့ဖမ်းဆီးခြင်း၊ ရှောင်တခင် စစ်ဆေးခြင်း၊ သတင်းရယူခြင်းစသည့် စီမံချက်များ ချမှတ်ကာထိရောက်စွာ ဆောင်ရွက်လျက်ရှိခြင်း၊
- ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောစသည့် သစ်တောနယ်မြေများနှင့် အရေးကြီးသည့် ဆည်/ရေလှောင်တမံများ၏ ရေဝေရေလဲဧရိယာများတွင် တရားမဝင်ကျူးကျော်ဝင်ရောက်ခြင်းနှင့် တရားမဝင်သစ်ခိုးထုတ်ခြင်းများ မရှိစေရေးအတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (၁၄၄)အား (၂)လတစ်ကြိမ် ထုတ်ပြန်ထားရှိခြင်းတို့ ဆောင်ရွက်လျှက်ရှိပါသည်။

သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအဖြင့်လည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် သစ်တောဥပဒေအား ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် ပြင်ဆင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၏ စီမံကြီးကြပ်မှုဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သစ်တောများ ပြန်လည်တည်ထောင်ရေးအတွက် ၂၀၁၇-၂၀၁၈ခုနှစ်မှ ၂၀၂၆-၂၀၂၇ခုနှစ် အထိ (၁၀)နှစ်စီမံကိန်းရေးဆွဲပြီး ပြည်ထောင်စုအစိုးရထံ တင်ပြဆောင်ရွက်လျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးသည် သစ်တောဧရိယာကျယ်ပြန့်ပြီး အဖိုးတန်သစ်တောသယံဇာတများ၊ သဘာဝ သစ်တောကြီးများတည်ရှိသဖြင့် တောဆင်ရိုင်းများကြိုက်နှစ်သက်သည့် သဘာဝပေါက်ပင်များ၊ မြစ်/ချောင်း/ အင်းအိုင်များ တည်ရှိသဖြင့် တောဆင်ရိုင်းများ၏ မူရင်းနေထိုင် ကျက်စားရာဒေသလည်းဖြစ်ပါသည်။ သို့ရာတွင် ၎င်းတို့စားကျက်များအား လူတို့မှနည်းလမ်း မျိုးစုံဝင်ရောက်ကျူးကျော်လာခြင်းကြောင့် ၎င်းတို့၏ စားကျက် ပျောက်ကာ လူနှင့်ဆင် ပဋိပက္ခများ ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း တိုင်းဒေသကြီးအတွင်း ဆင်မုဆိုးများအား ရှာဖွေဖော်ထုတ် ဖမ်းဆီးခြင်းနှင့် ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (၁၇-၈-၂၀၁၆) ရက်စွဲပါစာအမှတ် ၇/၃-၃/ဦး ၆ (၁၁၀) ဖြင့် ဆက်စပ်ဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ပါသည်။

ဆင်မုဆိုးများ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းနှင့် ထိရောက်စွာအရေးယူဆောင်ရွက်ရေးအဖွဲ့များအနေဖြင့် ဆင်မုဆိုးများအား ဖမ်းဆီးရမိရေးနှင့် ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များ ချမှတ်ကာဆောင်ရွက်လျှက်ရှိပါသည်။ ဆင်မုဆိုးများသည် နီးစပ်ရာရွာနီး ချုပ်စပ်များ၊ ကျေးရွာများတွင် နေထိုင်ကြသူများဖြစ်သဖြင့် ဆင်မုဆိုးများ၏ လှုပ်ရှားမှုသတင်းအား ဒေသခံပြည်သူများမှ သိရှိနိုင်မည် ဖြစ်ပါသည်။ ဒေသခံပြည်သူများအနေဖြင့် ဆင်မုဆိုးသတင်းရရှိ ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

တောဆင်ရိုင်းများဝင်ရောက်နိုင်သည့် ကျေးရွာများရှိ ဒေသခံပြည်သူများအား တောဆင်ရိုင်းများ ချဉ်းကပ်ဝင်ရောက်လာပါက ပြုမူနေထိုင်ရမည့်နည်းလမ်းများ၊ တောဆင်ရိုင်းများမောင်းထုတ်ရာတွင် လိုက်နာရမည့်စည်းကမ်းများ၊ တောဆင်ရိုင်းများဝင်ရောက်ပါက ဆောင်ရန်ရှောင်ရန်များအား ဟောပြော စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။

တရားမဝင်သစ်များ လျော့နည်းပပျောက်ရေးနှင့် ဆင်မျိုးသုဉ်းမည့်အန္တရာယ်ကာကွယ်ရေးအတွက် လုံလောက်သောဝန်ထမ်းအင်အား၊ အသုံးပြုရန်ယာဉ်ယန္တရားနှင့် အထောက်အကူပစ္စည်း၊ ရန်ပုံငွေ၊ ဆက်စပ် ဌာနများနှင့် ပြည်သူလူထုပူပေါင်းပါဝင်မှု၊ တရားဥပဒေစိုးမိုးမှုစသည့်တို့အား ပြည့်စုံလုံလောက်စွာ ဖြည့်ဆည်း ပေးရန် လိုအပ်သည်သာမက သစ်တောထွက်ပစ္စည်းများအပေါ် မှီခိုနေသည့်ဒေသခံပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝမြှင့်တင်ပေးနိုင်မှသာ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ ဆက်စပ် မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။တောဆင်ရိုင်းများသည် တောထဲတွင်နေ၍ မရပါ။ ဆင်လိုက်မုဆိုးများက လိုက်လံသတ်ဖြတ်နေ၍ ရွာများအထိဝင်ရောက်လာပါကြောင်း၊ ယခုကျေးရွာများတွင် စာသင်ကျောင်းများအား ဝင်ရောက်ဖျက်ဆီးထားသည့်အပြင် စိုက်ပျိုးထားသည့် လယ်မြေများကိုလည်း ဖျက်ဆီးခံရသည်များရှိပါကြောင်း၊ တောဆင်ရိုင်းများ၏ အန္တရာယ်သည် ထန်းတောကြီး၊ အောက်ကမ္ဘာ၊ ဝင်းကရင်အုပ်စု၊ ဝင်းလှိုက်ကြီးနှင့် ပေပင်ခုန် စသည့်ကျေးရွာများတွင် မကြာခဏဆိုသလို နှောင့်ယှက်ဖျက်ဆီး နေပါကြောင်း၊ ယခုလည်း ၎င်းကိစ္စများရှိနေပါကြောင်း၊ ယင်းအခြေအနေများကို အန္တရာယ်ကင်းဝေးစေရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မည်ကို ထပ်မံသိလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်မင်းစံက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ [ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]**။ ။ဆင်ထိန်းသိမ်းရေးနယ်မြေစခန်းများ ပြုလုပ်ရန် ဆွေးနွေးရာတွင် ဆုံးဖြတ်ပိုင်ခွင့်သည် တိုင်းဒေသကြီးမှ ဆုံးဖြတ်ပိုင်ခွင့်မရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သဘာဝထိန်းသိမ်းရေးနယ်မြေ ပြုလုပ်မည်ဆိုလျှင် ပြည်ထောင်စုကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိပါကြောင်း၊ မိမိတို့သည် နိုင်ငံတကာအဖွဲ့အစည်း များနှင့်လည်း လက်ရှိတွင် ဆွေးနွေးနေဆဲဖြစ်ပါကြောင်း၊ ဆင်များနှင့် တိရစ္ဆာန်များထိန်းသိမ်းရန် နာမည်ကြီး နိုင်ငံခြားမှ အဖွဲ့အစည်းနှင့် ဆွေးနွေးနေသည်များရှိပါကြောင်း၊ ပြည်ထောင်စုမှလည်း ၎င်းကိစ္စကို အလေးထားပြီး ဆောင်ရွက်နေပါကြောင်း၊ ဆင်ထိန်းသိမ်းရေးနယ်မြေကို လုပ်နိုင်မည်ဆိုပါက ကိုယ်စားလှယ်ကြီး တင်ပြသည့် ကိစ္စများ အန္တရာယ်လျော့နည်းမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ နောင်ဆက်စပ်သည့် အစည်းအဝေးများတွင် ပြည်ထောင်စုဝန်ကြီးဌာနသို့ ၎င်းကိစ္စနှင့် ပတ်သက်၍ ဆက်စပ်တင်ပြပေးပါမည်။ ၎င်းကိစ္စများကို လုပ်နိုင်မည် ဆိုပါက သဘာဝတောဆင်ရိုင်းများကိုလည်း ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)၊ (၃)နှင့် (၄)တို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးညွှန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့၊ မြို့ရှောင်လမ်းမှာ (၈)လကာလအတွင်း ဆိုးဝါးစွာ ပျက်စီးနေမှုအပေါ် ဆောက်လုပ်ခဲ့သူ ကုမ္ပဏီနှင့် ဌာနများက မည်သို့မည်ပုံ ပြန်လည်ပြုပြင် ပေးမည်"**နှင့် စပ်လျဉ်း၍ ဦးစွာပထမ ပဲခူးမြို့ရှောင်လမ်းအား မည်သို့မည်ပုံ အရည်အသွေး စစ်ဆေးလက်ခံခဲ့သနည်းဆိုသည့် မေးခွန်းကို ဖြေကြားမည်ဖြစ်ပါသည်။ အရှည်(၁၁ မိုင် ၃ ဖာလုံ) အကျယ်(၂၄)ပေရှိ ပဲခူးမြို့ရှောင်လမ်းပိုင်း ကတ္တရာခင်းခြင်းလုပ်ငန်းအား လမ်းအလွှာအဆင့်တိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန (ရုံးချုပ်)၏ လမ်းအရည်အသွေး စစ်ဆေးရေးအဖွဲ့ (QC) အဖွဲ့မှ စစ်ဆေးပေးခဲ့ပါသည်။

ယခုလို (၈)လတာ ကာလအတွင်း ဆိုးဝါးစွာ ပျက်စီးနေမှုအပေါ် ဆောက်လုပ်ခဲ့သူ ကုမ္ပဏီနှင့် ဌာနများက မည်သို့မည်ပုံ ပြန်လည်ပြုပြင်ပေးမည်နည်း မေးခွန်းကို ဖြေကြားမည်ဖြစ်ပါသည်။ ဆောက်လုပ်သည့် ကုမ္ပဏီဖြစ်သည့် စိုးရတနာလင်းကုမ္ပဏီမှ ၂၀၁၆ခုနှစ် စက်တင်ဘာလကုန်အထိ ၎င်းပြုပြင်ပေးနိုင်သလောက် ပြုပြင်ပေးခဲ့ပါသည်။ ယခုအခါ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းအား B.O.T စနစ်ဖြင့် ဆောင်ရွက်သည့် မက်(စ်)ဟိုင်းဝေးကုမ္ပဏီနှင့် ရွှေသံလွင်ကုမ္ပဏီတို့မှ (၁-၁၀-၂၀၁၆)ရက်နေ့မှစ၍ (၃၁-၁-၂၀၁၆) ရက်နေ့ အတွင်း ကတ္တရာလမ်းချောဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရပါသည်။

တာဝန်ယူမှု၊ တာဝန်ခံမှု မည်သို့ရှိသနည်းဆိုသည့် မေးခွန်းကို ဖြေကြားမည်ဖြစ်ပါသည်။ တာဝန်ယူမှု တာဝန်ခံမှုကို ဖြေကြားရမည်ဆိုလျှင် ယခင်ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စိုးရတနာလင်းကုမ္ပဏီတို့၏ စာချုပ်အရ ၂၀၁၅ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းပြီးစီးရမည်ဖြစ်ပြီး (၃)လစာ ဖြစ်သည့် ၂၀၁၆ခုနှစ် မတ်လကုန်တွင် လုပ်ငန်းအာမခံငွေအတွက် ကျန်ရှိနေသေးသည့်ငွေအား ထုတ်ယူခွင့်ပြုထားသည်ကို တွေ့ရှိရပါသည်။ ထို့အတွက် တာဝန်ခံမှုပမာဏမှာ ယခုမိုးရာသီကာလတွင် ပြီးစီးမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က မည်သို့မည်ပုံ အရေးယူဆောင်ရွက်ထားသနည်းဆိုသည့် မေးခွန်းကို ဖြေကြားမည်ဖြစ်ပါသည်။ စိုးရတနာလင်းကုမ္ပဏီ၏ တာဝန်ခံမှုကာလမှာ ၂၀၁၆ခုနှစ် မတ်လကုန်တွင် ပြီးဆုံးသွားပြီဖြစ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က အရေးယူဆောင်ရွက်ရန် အခက်အခဲရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးညွှန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့နယ်၊ အုတ်ဖို-ကျုံးရိုးကျေးရွာအုပ်စု ကမ်းပါးပြိုမည့် အန္တရာယ်မှ ကင်းဝေးနိုင်ရေးအတွက် မြေထိန်းတုတ်များ ပေ(၂၀၀၀)ခန့် ရိုက်ပေးနိုင်ခြင်း ရှိ/မရှိ သိလို ပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ အုတ်ဖို-ကျုံးရိုးကျေးရွာအုပ်စုသည် ပဲခူးမြစ်၏ အရှေ့ဘက် ကမ်းပါးတွင်တည်ရှိသောကျေးရွာများသည် ပဲခူးမြစ်ရေကြောင်းပြောင်းလဲမှုကြောင့် ကျေးရွာရှိလူနေအိမ်များ၊ စာသင်ကျောင်းများ၊ လျှပ်စစ်မီးတိုင်များသည် ကမ်းပါးနှင့် နီးကပ်နေမှုကြောင့် မြစ်ကမ်းပါးထိန်းသိမ်း ကာကွယ်ရေးအစီအမံများ ဆောင်ရွက်နိုင်ရေးအတွက် ဤဦးစီးဌာနအနေဖြင့် ပဲခူးမြစ်ရေကျဆင်းချိန် နိုဝင်ဘာလ အတွင်းကွင်းဆင်းစစ်ဆေးတိုင်းတာသွားမည်ဖြစ်ပါသည်။ ကွင်းဆင်းတိုင်းတာမှုအပေါ်မူတည်၍ ဆောင်ရွက် သင့်သော အစီအမံများရေးဆွဲကာ ဤဦးစီးဌာန(ရုံးချုပ်)၏ဒီဇိုင်းအတည်ပြုချက်ရယူပြီး ပဲခူးတိုင်းဒေသကြီး

အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ (RE) တွင် ထည့်သွင်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့၏ မိန်းလမ်းမကြီးဖြစ်သည့် သနပ်ပင်-ပဲခူးလမ်းမကြီး အားအဆင့်မြှင့်လမ်းပိုင်းအဖြစ် ပြုပြင်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူး-သနပ်ပင်-ခရမ်း-သံလျင်လမ်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ Omni Focus ကုမ္ပဏီမှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံခဲ့သည့် လမ်းဖြစ်ပါသည်။ လမ်းဦးစီးဌာနအနေဖြင့် လမ်းအလိုက် ငွေလုံးငွေရင်းရန်ပုံငွေများကို လုပ်ငန်းစတင် ဆောင်ရွက်မည့် ဘဏ္ဍာရေးနှစ်မတိုင်မီ ကြိုတင်၍ တင်ပြတောင်းခံရမည် ဖြစ်သော်လည်း ငွေလုံးငွေရင်း ရန်ပုံငွေလျာထားချက်တောင်းခံရမည့် အချိန်တွင် Omni Focus ကုမ္ပဏီမှ လုပ်ငန်းပြန်လည် အပ်နှံခြင်းမရှိသေးပါသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ လျာထားချက် တင်ပြချိန်၌ လမ်းဦးစီးဌာနမှ လျာထားချက်စာရင်းတွင် ထည့်သွင်းတင်ပြနိုင်ခြင်းမရှိပါ။ သို့ပါ၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုမှ ခွဲဝေချထားပေးသော ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ပွင့်လင်းရာသီတွင် လမ်းပေါက်ဖာထေးခြင်း၊ လမ်းအနိမ့်အမြင့် ဖြေညှိ၍ ရေပိတ်လွှာလောင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ ပဲခူး-သနပ်ပင်-ခရမ်းလမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ပြတောင်းခံထားပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေခွဲဝေရရှိပါက လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၂)အား ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၂)နှင့်ပတ်သက်၍ မြို့ရှောင်လမ်းအပိုင်းတွင် သုံးစွဲသည့် ငွေပမာဏသည် အလွန်များပါသည်။ ဝန်ကြီးဖြေကြားသွားသည်မှာ ပထမပိုင်းတွင် လုပ်ခဲ့သည့် လမ်းသည် အပေါ်ယံလမ်းချောအဖြစ် မပါဝင်ဟုသိရပါသည်။ ဤမျှငွေကြေးအကုန်အကျခံပြီး စာချုပ်စာတမ်းထဲတွင် လမ်းချောအဖြစ် ပါဝင်သတ်မှတ်ခြင်း ရှိ/မရှိဆိုသည်ကို သိချင်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တောင်းခံထားသည့်ငွေ ၇၆၅. ၆၈ သန်းရှိပါကြောင်း၊ ၎င်းထဲတွင် တိုက်၏ခြံစည်းရိုး

ကာရံမှုဆိုပြီး (၁၈)သန်းကို တွေ့ရှိနေရပါသည်။ ၎င်းသည် လမ်းပိုင်းနှင့် မည်ကဲ့သို့ ဆက်စပ်မှုရှိသည်ကို သိချင်ပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။အသေးစိတ် ဖြေကြားရန် အခက်အခဲရှိပါကြောင်း၊ အချက်အလက်များရှိမှ ဖြေကြား၍ရမည်ဖြစ်၍ သိသလောက်ဖြေကြား ပေးပါမည်။ ပဲခူးမြို့ရှောင်လမ်း(၁၁)မိုင် (၃)ဖာလုံ အရှည်၊ အကျယ်(၂၄)ပေ ကတ္တရာခင်းခြင်းလုပ်ငန်းအား လမ်းအလွှာအဆင့်တိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန(ရုံးချုပ်)၏ လမ်းအရည်အသွေး စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးပေးခဲ့ပါသည်ဟု ပြောကြားချက်အရ ကတ္တရာခင်းခြင်းလုပ်ငန်းကို အားလုံးသိသည်ဟု ယူဆ၍ရပါကြောင်း၊ အသေးစိတ်ကို စာချုပ်ပါအချက်နှင့် လုပ်ငန်းလုပ်ဆောင်ချက်အရ သိမှဖြေကြား၍ ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၅) **"ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပြည်သူ့အားကစားကွင်းကြီးအား ပြည်သူများ လက်ဝယ်သို့ လွှဲပြောင်းနိုင်ခြင်း ရှိ/မရှိ သိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၆) **"ပဲခူးမြို့ ဆံတော်တွင်းလမ်းမပေ(၁၀၀၀)နှင့် မဟာဗန္ဓုလလမ်းမပေ (၁၃၃၅)တို့အား လမ်းအနေအထားထပ်မံမြှင့်တင်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၇) **"ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက်ရှိ မြေပေးမိန့်များ ပြန်လည်ပယ်ဖျက်ရုပ်သိမ်း ပေးခဲ့သည့် မြေနေရာအား မူလကသတ်မှတ်ထားသော ဈေးမြေနေရာ အဖြစ်လည်းကောင်း၊ ဈေးဆောက်လုပ်ခြင်းကိုလည်းကောင်း ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၈) **"ပဲခူး-သနပ်ပင်လမ်းမ-ဗိုလ်ကုန်းရပ်ကွက်ရှိ Bright Polite Star အထည်ချုပ် စက်ရုံ အလုပ်ပိတ်သိမ်းခဲ့ရာ ကျန်ရှိအလုပ်သမား(၂၇၁)ဦး၏ အလုပ်ရပ်နစ်နာကြေး အမြန် ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရမှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို ပါကြောင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၏မြို့တော်မှာ ပဲခူးမြို့ပင်ဖြစ်ပါသည်။ ယခင်က ပဲခူးတိုင်း၏ ဂုဏ်ကို ဆယ်ခဲ့ကြသော ထူးချွန်အားကစား ဘောလုံးအားကစားပေါင်းများစွာ မွေးထုတ်ပေးခဲ့သော ပဲခူးမြို့ ရွှေမော်ဓော‌ဘုရားလမ်းနှင့် ဟသ်ာလမ်းထောင့်တွင်ရှိသော ပဲခူးတိုင်းပြည်သူ့အားကစားကွင်းကြီးမှာ ယခင်က မြို့နယ်ဘောလုံးပြိုင်ပွဲများ၊ ခရိုင်ပွဲများ၊ တိုင်းဖိတ်ခေါ်ပွဲများ၊ ရဲပုံငွေပွဲများနှင့် ပြေးခုန်ပစ်ပွဲများ ကျင်းပခဲ့ရာ အထင်ကရ အားကစားကွင်းကြီးဖြစ်ခဲ့ပါသည်။ ယခုအခါ ထို တိုင်းအဆင့်မြို့ကျက်သရေဆောင် အားကစားကွင်းကြီးမှာ ပျက်စီးနေပြီး၊ ပိတ်ဆို့ကာရံထားသည်ကိုဘဲ မြင်နေရတာနှစ်ပေါင်းများစွာကြာရှိနေပါပြီ။ မည်သည့်ပုဂ္ဂိုလ်လက်ထဲသို့ ယခင်အစိုးရက လွှဲပြောင်းပေးခဲ့သည်။ မည်သို့စာချုပ်မျိုးလွှဲပြောင်းထားသည်။ ပြည်သူများအား လုံးဝအသိမပေးဘဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

အားကစားပြန်လည်ဖွံ့ဖြိုးလာရန်နှင့် ပြည်သူများ၏ စိတ်နှလုံးချမ်းမြေ့စွာ ပါဝင်ဆောင်ရွက် နိုင်ရေးအတွက် ပဲခူးမြို့လယ် တိုင်းအားကစားကွင်းကြီးအား ပြည်သူများလက်ဝယ်သို့ ပြန်လည် ပေးအပ်ရေးအတွက် ပြည်သူတို့မှလိုလားကြပါသဖြင့် ပြည်သူများကိုယ်စားမေးမြန်းအပ်ပါသည်။ ၄င်းတိုင်းအားကစားကွင်းကြီးအား ပြည်သူများလက်ဝယ်သို့ လွှဲပြောင်းနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့သည် တိုင်းဒေသကြီး၏မြို့တော်ဖြစ်ပြီး၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်တို့ ရုံးစိုက်ရာမြို့တော်လည်းဖြစ်ပါသည်။ သို့သော်လည်း မြို့တွင်းလမ်းများညံ့ဖျင်း၍ အပေါက်ကြီးများ၊ ချောက်များဖြစ်ပေါ်ပြီး၊ အလွန်ဆိုးဝါးနေကြပါသည်။ ယခုနှစ် ၂၀၁၆-၁၇တွင် စည်ပင်သာယာရေးအဖွဲ့မှ ဆံတော်တွင်း လမ်းမပေ(၁၀၀၀)နှင့် မဟာဇေ္ဇလလမ်းမ ပေ(၁၃၃၅)ကတ္တရာထပ်ပိုးလွှာခင်းမည်ဟု သိရပါသည်။ သို့သော်လည်း ဆောင်ရွက်နေခြင်းမရှိသေးပါ။ ၄င်းလမ်းများအနေအထားမှာ ဆိုးဆိုးဝါးဝါး ပျက်စီးနေပါသဖြင့် ၄င်းထပ်ပိုးလွှာခင်းရုံဖြင့်လုံလောက်သောအနေအထားမရှိပါ။ မိုးရွာလျှင် လမ်းမများပေါ်သို့ ရေ(၂')ခန့်လောက်အထိ ရေလွှမ်းနေကြကြောင်း ပြည်သူများမှ တင်ပြလာကြပါသည်။ သို့ဖြစ်ပါ၍ လမ်းအနေအထားထပ်မံမြှင့်တင်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၏ ရပ်ကွက်တစ်ခုဖြစ်သော ပုဏ္ဏားစုရပ်ကွက်သည် လူနေထူထပ်သော ရပ်ကွက်ကြီးတစ်ခုလည်းဖြစ်ပြီး၊ ပဲခူးမြို့၏ တောင်ဘက်အစွန်တွင် ကျရောက်ပြီး၊ ဆိုရှယ်လစ်ရပ်၊ မော်ကန်ရပ်၊ ပုဏ္ဏားစုရပ်၊ မုန်တိုင်းကျေးရွာတို့နှင့် တစ်ဆက်တစ်စပ်တည်းရှိရာ ရပ်ကွက်ကြီး တစ်ခုဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၄င်းရပ်ကွက်အတွင်း ရပ်ကွက်ဈေးတစ်ခုအမှန်လိုအပ်နေပါသည်။ ယခင်က သတ်မှတ်ထားသော ဈေးမြေနေရာတစ်ခု ရှိခဲ့ပါသည်။ သို့သော်လည်း ယခင်အစိုးရလက်ထက်က ၄င်းမြေနေရာအားပဲခူးတိုင်းအစိုးရအဖွဲ့မှ အတွင်းရေးမှူး ဦးမောင်မောင်သန်းမှ ၄င်း၏ဇနီးနှင့် အဖွဲ့များသို့ မြေပေးမိန့်ချပေးခဲ့သဖြင့် ရပ်ကွက်ပြည်သူများက မခံမရပ်နိုင်ဖြစ်ကာ ပြည်ထောင်စုအစိုးရထံ တင်ပြတိုင်တန်းရန် ကြိုးစားဆောင်ရွက်ခဲ့ရာ ၄င်းတို့မြေပေးမိန့်များကို ပြန်လည်ပယ်ဖျက်ရုပ်သိမ်းပေးခဲ့ပါသည်။ သို့သော်လည်း ၄င်းမြေနေရာအား

အစိုးရပိုင်မြေနေရာဖြင့်သာ ထားရှိကြောင်းသိရပါသဖြင့်၊ ပြည်သူများလိုလားတောင့်တသော မူလက သတ်မှတ်ထားသည့် ပြည်သူ့ဈေးနေရာအဖြစ် ပြန်လည်သတ်မှတ်ပေးပြီး၊ ဆောက်လုပ်ခွင့် ပြုရန် လျှောက်ထားပြီး ဖြစ်ကြောင်းလည်း သိရပါသည်။

သို့ဖြစ်ပါ၍ ၎င်းမြေနေရာအား မူလသတ်မှတ်ထားသော ဈေးမြေနေရာအဖြစ်လည်းကောင်း၊ ဈေးဆောက်လုပ်ခြင်းကိုလည်းကောင်း ခွင့်ပြုပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပဲခူး-သနပ်ပင်လမ်းမ-ဗိုလ်ကုန်းရပ်ကွက်ရှိ Bright Polite Star အထည်ချုပ်စက်ရုံမှ ၂၀၁၆ ခုနှစ်၊ ဧပြီလကုန်တွင် အလုပ်ပိတ်သိမ်းခဲ့ရာ ၎င်းစက်ရုံမှ အလုပ်သမား(၃၃၁)ဦးတို့၏ ဧပြီလလုပ်ခလစာနှင့် အလုပ်ရပ်ဆိုင်း နစ်နာကြေးတို့အား အလုပ်ရှင်မှ ပေးဆောင်စေရန် သက်ဆိုင်ရာ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ အလုပ်သမားဆက်ဆံရေးရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပဲခူးမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူးတို့ ရှေ့မှောက်တွင်အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုထားသော်လည်း အလုပ်ရှင်ဘက်မှ စာချုပ်ပါစည်းကမ်းများ၊ အကြိမ်ကြိမ်ချိုးဖောက်သဖြင့် တရားစွဲဆိုခြင်းခံရပြီးမှ (၂၉-၇-၂၀၁၆)တွင် အလုပ်သမားများ၏ လုပ်ခလစာကိုပေးချေခဲ့ပါသည်။ ကျန်ရှိသော အလုပ်သမား(၂၇၁)ဦးတို့၏ အလုပ်ရပ်နစ်နာကြေးပေးရန်အတွက် ထပ်မံ၍ အလုပ်ရှင်ဘက်မှ စာချုပ်ကတိ ချိုးဖောက်ပြန်ရာ အလုပ်သမား(၂၇၁)ဦး၏ အလုပ်ရပ်နစ်နာကြေး (၂၅၆)သိန်းအား ယနေ့တိုင်ပေးဆပ်ခြင်း မရှိသေးပါ။ ပဲခူးမြို့နယ်တရားရုံးမှလည်း စာချုပ်ကတိချိုးဖောက်မှုဖြင့် အလုပ်ရှင်အား ဒဏ်ငွေ(၅)သိန်းသာ ပေးဆောင်ရန် အပြစ်ဒဏ်သတ်မှတ်ပါသည်။

သို့ဖြစ်ပါ၍ အလုပ်ရပ်အလုပ်သမား(၂၇၁)ဦးတို့၏ နစ်နာကြေးအတွက် မည်သို့ဆောင်ရွက်ရမည်ကို ပဲခူးမြို့ အလုပ်သမားဆက်ဆံရေးရုံးမှ နေပြည်တော်အလုပ်သမားဦးစီးဌာန အလုပ် သမားဆက်ဆံရေးရုံးသို့ တင်ပြရာတွင် အလုပ်သမားရေးရာ နည်းဥပဒေ(၂၉)အရ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံနိုင်ရေး အခွန်မှုဖွင့်လှစ်ဆောင်ရွက်ရန်အကြောင်းကို ဩဂုတ် (၁၉)ရက်နေ့ စာအမှတ်-၀၀၂/၁/၁၃ အလဆ(လုပ်ငန်း) ၂၀၁၆/၃၈၀၅ ဖြင့် အကြောင်းပြန်ကြားပါသည်။ သို့သော်လည်း အလုပ်သမားဆက်ဆံရေးရုံးအနေဖြင့် တရားစွဲရန်အခွင့်အာဏာ မရှိဘဲဘဏ္ဍာရေးဝန်ကြီးဌာန၏ (၂၉-၉-၁၉၆၆) ကြော်ငြာစာ-၄၀၉/၄၁၀ တို့အရ အခွန်အရာရှိအဖြစ် အလုပ်သမားဥပဒေစစ်ဆေးရေးအရာရှိများနှင့် အလုပ်ရုံစစ်ဆေးရေးအရာရှိများကိုသာ အခွန်အရာရှိ တရားစွဲဆိုနိုင်သူအဖြစ် သတ်မှတ်ထားကြောင်း သိရှိပါသည်။

သို့ဖြစ်ပါ၍ ယခုအခင်းဖြစ်သည့်နေ့မှ စတင်လျှင်(၅)လခန့်ကြာမြင့်နေပြီး နောက်ဆုံးတရားရုံးအမိန့် ချသည့်နေ့မှ တွက်လျှင် ရက်(၅၀)ခန့်ရှိသည့်တိုင် အလုပ်သမား(၂၇၁)ဦးတို့၏ အလုပ်ရပ်နစ်နာကြေးရရှိခြင်း မရှိသေးပါ။ ထို့ကြောင့် အလုပ်သမားများ၏ နစ်နာကြေးအမြန်ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရမှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် အလုပ်သမားများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပဲခူးတိုင်းအစိုးရအဖွဲ့သို့ တင်ပြမေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)၊ (၆)နှင့် (၇)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ပြည်သူ့အားကစားကွင်းကြီးအား ပြည်သူများ လက်ဝယ်သို့ လွှဲပြောင်းနိုင်ခြင်း ရှိ/မရှိ သိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး အားကစားကွင်းမှာ အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစတင်၍ ပထမ(၃)နှစ် (၂၀၁၁-၂၀၁၂)၊ (၂၀၁၂-၂၀၁၃)၊ (၂၀၁၃-၂၀၁၄) ဘဏ္ဍာနှစ် (၃)နှစ်အား အခမဲ့ငှားရမ်းပေးခဲ့ပြီး (၂၀၁၄-၂၀၁၅)၊ (၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ်မှစတင်၍ တစ်နှစ်လျှင် သိန်း(၃၀)ဖြင့် ငှားရမ်းကာ နိုင်ငံတော် သို့ပေးသွင်းစေ၍ နှစ်(၃၀)အငှား ချထားခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပဲခူးမြို့ တိုင်းဒေသကြီးအားကစားကွင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ငှားရမ်းသူဖြစ်ပြီး ဟံသာဝတီ ဘောလုံးအသင်းအား အိမ်ကွင်းအဖြစ်တာဝန်ယူဆောင်ရွက်စေခဲ့ပါသည်။

ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာ ဦးစီးဌာနသည် အဆိုပါအားကစားကွင်းအား ပြန်လည်ပြုပြင်တည်ဆောက်ခြင်း မပြုသေးသည့် ဟံသာဝတီ ယူနိုက်တက် ဘောလုံးအသင်းပိုင်ရှင်နှင့်တွေ့ဆုံပြီး အကြိမ်ကြိမ်ညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ မှစတင်၍ အထူးတန်းပွဲကြည့်စင် အလျား(၁၃၀')× အနံ (၆၆')လူဝင်ဆံ့မှု (၁၀၀၀)ခန့်၊ အရှေ့ဘက်ပွဲကြည့်စင် အလျား(၁၉၆')× အနံ (၂၄') လူဝင်ဆံ့မှု (၁၃၅၀)ခန့်၊ ကားပါကင်၊ လက်မှတ်ရုံ၊ ရေနုတ်မြောင်းများထည့်သွင်း တည်ဆောက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ တင်ပြထားပြီး ဖြစ်ကြောင်းနှင့် အဆိုပါလုပ်ငန်းများအတွက် သတင်းစာတွင် တင်ဒါခေါ်ယူကြော်ငြာထားပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးမြို့၊ ဆံတော်တွင်းလမ်းမပေ(၁၀၀၀)နှင့် မဟာဗန္ဓုလလမ်းမပေ (၁၃၃၅)တို့အား လမ်းအနေအထားထပ်မံမြှင့်တင်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်တွင် ဆံတော်တွင်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း(၁၀၀၀'×၁၈'×၃")အား ခွင့်ပြုငွေကျပ် (၁၈၁. ၃၉၉၉) သိန်းဖြင့် လည်းကောင်း၊ ဗန္ဓုလလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့်တစ်ဖက် (၃')စီချဲ့ခြင်း (၁၃၅၅'×၁၈')အား ခွင့်ပြုငွေ ကျပ်(၃၇၉. ၇၄၈၅)သိန်းဖြင့်လည်းကောင်း ဆောင်ရွက်ရန် လျာထားပြီး ဖြစ်ပါသည်။ မိုးတွင်းကာလဖြစ်၍ လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိသေးခြင်းဖြစ်၍ တတိယ(၃)လပတ် အသုံးစရိတ်တွင် လျာထားပြီး ဒီဇင်ဘာလကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်ရှိ မြေပေးမိန့်များ ပြန်လည်ပယ်ဖျက်ရုပ်သိမ်းပေးခဲ့သည့် မြေနေရာအား မူလကသတ်မှတ်ထားသော ဈေးမြေနေရာ အဖြစ်လည်းကောင်း၊ ဈေးဆောက်လုပ်ခြင်းကိုလည်းကောင်း ခွင့်ပြုနိုင်ခြင်း ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ပုဏ္ဏားစုရပ်ကွက်တွင် တည်ရှိသော အဆိုပါမြေနေရာမှာ အစိုးရပိုင်မြေနေရာဖြစ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်မြေမဟုတ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၎င်းမြေနေရာအား ဈေးမြေနေရာအဖြစ် သတ်မှတ်၍ ဈေးဆောက်လုပ်ရန် ညွှန်ကြားပါက လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် လက်ရှိအခြေအနေအရ ၎င်းမြေနေရာသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြေနေရာမဟုတ်ပါသဖြင့် ဈေးဆောက်လုပ်ရန် အစီအစဉ် မရှိပါကြောင်း ပြန်လည်တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးညွန့်ရွှေမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၈)အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ[ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန]။** ။ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပဲခူး-သနပ်ပင်လမ်းမ-ဗိုလ်ကုန်းရပ်ကွက်ရှိ Bright Polite Star အထည်ချုပ် စက်ရုံ အလုပ်ပိတ်သိမ်းခဲ့ရာ ကျန်ရှိအလုပ်သမား(၂၇၁)ဦး၏ အလုပ်ရပ်နစ်နာကြေး အမြန်ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရမှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဗိုလ်ကုန်းရပ်ကွက်၊ သနပ်ပင်လမ်း၊ အမှတ်(၁၈၈)ရှိအလုပ်ရှင် ဦးမင်းကျော်သူ ပိုင်ဆိုင်သော Bright Polite Star (CMP)စနစ်ဖြင့် ချုပ်သည့်အထည်ချုပ် စက်ရုံသည် အလုပ်သမား ကျား(၄၁)ဦး၊ မ (၂၉၀)ဦး၊ စုစုပေါင်း(၃၃၁)ဦးတို့ဖြင့် လည်ပတ်လုပ်ကိုင်ခဲ့ရာမှ ၃၀-၄-၂၀၁၆ ရက်နေ့တွင် စက်ရုံပိတ်သိမ်းခဲ့ရာ၊ အလုပ်ရှင်မှ အလုပ်သမား(၃၃၁)ဦးတို့အား ပေးချေရန်ရှိသည့် ၄/၂၀၁၆ လ လုပ်ခ လစာငွေ(ကျပ်)- ၃၈၀၂၄၃၄၇/-နှင့် စက်ရုံပိတ်သိမ်း၍ နစ်နာကြေးငွေ(ကျပ်)-၂၅၅၆၁၅၀၀/- စုစုပေါင်း (ကျပ်)-၆၃၅၈၅၈၄၇/- အား သတ်မှတ်ရက် များတွင် ပေးချေနိုင်ခြင်းမရှိခဲ့သဖြင့် ဝန်ကြီးဌာန လက်အောက်ခံ အောက်ဖော်ပြပါ ဌာနများက တရားစွဲဆိုခဲ့ပါသည်-

- အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (ပဲခူးတိုင်းဒေသကြီး)ရုံးမှ အလုပ်ရှင်အား အခကြေးငွေပေးချေရေး ဥပဒေပုဒ်မ ၂၄ အား ချိုးဖောက်သဖြင့် ပဲခူးမြို့နယ်တရားရုံးတွင် ရာဇဝတ်ကြီး အမှုအမှတ် ၁၃၈၉/၂၀၁၆ ဖြင့် လည်းကောင်း။
- အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (ပဲခူးမြို့နယ်ရုံး)မှ အလုပ်ရှင်အား ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒ ၃၉ အရ ပဲခူးမြို့နယ်တရားရုံးတွင် ရာဇဝတ်ကြီး အမှုအမှတ် ၁၆၃၆/၂၀၁၆ ဖြင့်လည်းကောင်း။
- အလုပ်သမားဆက်ဆံရေးဦးစီးဌာန (ပဲခူးမြို့နယ်ရုံး)မှ အလုပ်ရှင်အား အငြင်းပွားမှု ဖြေရှင်းရေး

ဥပဒေပုဒ်မ ၄၃ အရ ပဲခူးမြို့နယ် တရားရုံးတွင် ရာဇဝတ်ကြီးအမှုအမှတ် ၂၀၃၉/၂၀၁၆ ဖြင့်လည်းကောင်း တရားစွဲဆိုခဲ့ပါသည်။

အထက်ဖော်ပြပါ တရားစွဲဆိုမှုများအရ အလုပ်ရှင်က အလုပ်သမားများ၏ ၄/၂၀၁၆ လ လုပ်ခလစာငွေများအား ၂၈-၆-၂၀၁၆ ရက်နေ့တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (ပဲခူးတိုင်းဒေသကြီးရုံး) မှတစ်ဆင့် ထုတ်ပေးပြီးဖြစ်၍ ပဲခူးမြို့နယ်တရားရုံးမှ ၁၂-၇-၂၀၁၆ ရက်နေ့တွင် အမှုအမှတ် ၁၃၈၉ အတွက် တရားလိုမှကျေအေးခဲ့သဖြင့် အမှုပိတ်သိမ်းခဲ့ ပြီး အမှုအမှတ် ၁၆၃၆ အတွက် ဒဏ်ငွေ(ကျပ်)-၃၀၀၀၀/-အားလည်းကောင်း၊ အမှုအမှတ် ၂၀၃၉ အတွက် ဒဏ်ငွေ(ကျပ်)-၅၀၀၀၀၀ အားလည်းကောင်း ၄-၈-၂၀၁၆ ရက်နေ့တွင် ပြစ်ဒဏ်ချမှတ် ခဲ့ပါသည်။

အဆိုပါအလုပ်ရှင်အား သက်ဆိုင်ရာဌာနများက တရားစွဲဆို၍ အလုပ်သမားများ၏ ရသင့်သောလုပ်ခလစာကျန်ငွေနှင့် အလုပ်ရပ်စဲမှု နစ်နာကြေးငွေများအား ရရှိစေရန် ဆောင်ရွက်ခဲ့သော်လည်း အလုပ်သမားများ၏ လုပ်ခလစာကျန်ငွေသာရရှိခဲ့ပြီး အလုပ်ရပ်စဲမှုနစ်နာကြေးအား ယနေ့ထိ ရရှိခဲ့ခြင်း မရှိသေးပါ။

အလုပ်သမားများ၏ စက်ရုံပိတ်သိမ်း၍ အလုပ်ရပ်စဲမှု နစ်နာကြေးငွေများရရှိရေးအတွက် မြေခွန်မပြေကျန်ငွေကဲ့သို့အရ ကောက်နိုင်ရေး အခွန်အမှုဖွင့်လှစ်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ တာဝန်ခံအရာရှိများအား တွေ့ဆုံမေးမြန်းရာ ပြည်ထောင်စုဝန်ကြီးရုံးသို့ အခွန်အမှုဖွင့်လှစ်နိုင်ရေးအတွက် တင်ပြထားကြောင်း ပြန်လည်တင်ပြလာပါသည်။

အခွန်အမှုဖွင့်လှစ်ရန်အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၃) အရ အလုပ်သမားဥပဒေစစ်ဆေးရေးအရာရှိများနှင့် အလုပ်ရုံစစ်ဆေးရေးအရာရှိများအား အခွန်အရာရှိအဖြစ် သတ်မှတ်ထားကြောင်း၊ ထို့အပြင် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေတွင် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ အရာရှိများအား အခွန်အရာရှိအဖြစ်ထမ်းဆောင်ရန် တိကျစွာ သတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိ ကြောင်းလေ့လာသိရှိရပါသည်။

အလားတူဖြစ်စဉ်များဖြစ်သည့် အလုပ်ရှင်မှ အလုပ်သမားများအား လုပ်ခလစာ၊ စက်ရုံပိတ်နစ်နာကြေးများပေးချေခြင်းမရှိဘဲ ရှောင်လွှဲသွားသော နိုင်ငံခြားသားပိုင်စက်ရုံများအား ယင်းအလုပ်ရှင်၏ ပိုင်ဆိုင်သောအဆောက်အဦ၊ စက်ကိရိယာပစ္စည်းများ ထုတ်ကုန်ပစ္စည်းများအား အခွန်အမှုဖွင့်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၄ ခုနှစ်တွင် နှစ်ကြိမ်၊ ၂၀၁၆ ခုနှစ်အတွင်းတွင် တစ်ကြိမ်အခွန်အရာရှိအဖြစ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ အရာရှိအား ခန့်ထားတာဝန်ပေးအပ်ဆောင်ရွက် ခဲ့ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ယခုအခါ အဆိုပါစက်ရုံမှအလုပ်သမားများသည် မိမိထံသို့လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့လည်းကောင်း လာရောက်၍ အလုပ်ရပ်စဲမှုနစ်နာကြေးများအား ရရှိရေးဆောင်ရွက်ပေးရန် လာရောက်တင်ပြကြပါသည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီး၏ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှလည်း အလုပ်သမားများ၏ အလုပ်ရပ်စဲမှုနစ်နာကြေး အမြန်ရရှိရေးအတွက် ပဲခူးတိုင်းဒေသကြီး

လွှတ်တော်တွင် အဆိုတင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်းအား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အလုပ်သမားများအား အလုပ်ရပ်စဲမှု နစ်နာကြေးပေးချေရန် ယနေ့ထိတိုင် ပျက်ကွက်နေသည့်အလုပ်ရှင် ဦးမင်းကျော်သူအား မြေခွန်မပြေကျန်ငွေကဲ့သို့အရ ကောက်နိုင်ရေး အခွန်အမှုဖွင့်လှစ်ဆောင်ရွက်ရန်အတွက် အခွန်အရာရှိအဖြစ် တိုင်းဒေသကြီးအတွင်းရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ အလုပ်သမား ဆက်ဆံရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့မှ ဆက်လက်တရားစွဲဆိုရေးကို စီစဉ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ တင်ပြထားပါသည်။

ဒုတိယအမြဲတမ်းအတွင်းဝန်(ရုံးအဖွဲ့မှူး) ဦးမောင်မောင်ကျော်ထံသို့ (၁. ၁၀. ၂၀၁၆)ရက် (၁၁း၀၀) နာရီအချိန်တွင် ဖုန်းဖြင့်ဆက်လက်မေးမြန်းရာ အခွန်အမှုဖွင့်နိုင်ရန် ပဲခူးတိုင်းဒေသကြီးရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများ ဖြစ်ကြသော အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနတို့မှ သင့်တော်သောဌာနတစ်ခုခုအား အဖွဲ့ဖွဲ့၍ ညွှန်ကြားချက်အမြန်ဆက်လက်ထုတ်ပြန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားချက်အရပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် လွှတ်တော်သို့ ဖြေကြားအပ်ပါသည်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၆)အား ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးညွန့်ရွှေ၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၆)နှင့်ပတ်သက်၍ ပုဏ္ဏားစုရပ်ကွက်၏ ယင်းဈေးမြေနေရာအား ယခုအခါတွင် အစိုးရမြေနေရာအဖြစ် ပြန်လည်ရရှိသည့်အတွက်ကြောင့် ပြည်သူများလိုချင်သည်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၎င်းမြေနေရာတွင် ဈေးအဖြစ် သတ်မှတ်ပေးရန် လိုလားကြောင်း တောင်းဆိုအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးမှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။မိမိဖြေကြားသွားသည်မှာ စည်ပင်သာယာပိုင်မြေ မဟုတ်သည့်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ပိုင်မြေမှနေ၍ ဆောက်လုပ်ခွင့်ရမည်ဆိုပါက စည်ပင်သို့လွှဲပေးမည်ဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်းနှင့်အညီ စည်ပင်သာယာရေးအဖွဲ့မှ ဈေးတည်ဆောက်ရေးအတွက် စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စည်ပင်သာယာပိုင်မြေမဟုတ်သည့်အတွက် မြေအနေအထားကို လေ့လာပြီးမှ အစိုးရအဖွဲ့ထံတွင် တောင်းဆိုရမည်ဖြစ်ပြီး၊ တောင်းဆို၍ရရှိအောင်လည်း မိမိမှ ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့နံနက်ပိုင်းကို (၁၂း၁၅)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (ပထမနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော်ကိုယ်စားလှယ် များက မေးခွန်းများကိုတစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြေစာရင်းပုံစံ ၁၀၅/၁၀၆ မရရှိသေးသည့် စာသင်ကျောင်း များအတွက် မြေဂရန်ရရှိရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားပြုသည့် တိုင်းဒေသကြီး ဝန်ကြီး တစ်ဦးမှ ဦးဆောင်သည့် တိုင်းဒေသကြီးအဆင့် တည်ဆောက်ရေးလုပ်ငန်းများ၏ အရည်အသွေး ထိန်းသိမ်းရေးကော်မတီ (သို့မဟုတ်) လုပ်ငန်းအဖွဲ့နှင့် ခရိုင်၊ မြို့နယ်အဆင့်ကော်မတီ (သို့မဟုတ်) လုပ်ငန်းအဖွဲ့များ စနစ်တကျ ဖွဲ့စည်းကြီးကြပ်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ပဲခူးတိုင်းဆေးရုံကြီး ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြု ဌာနများအတွက် ပြည်သူများသွားရေးလာရေး လွယ်ကူအဆင်ပြေနိုင်မည့် ပဲခူးမြို့ အနီးတဝိုက်တွင် တိုင်းဒေသကြီးအစိုးရ စီမံခန့်ခွဲခွင့်ရှိသော မြေနေရာတစ်ခုကို ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် စီမံပေးနိုင်ခြင်း ရှိ/မရှိနှင့် ယခုလက်ရှိ ပဲခူးမြို့ ကုတင်(၅၀၀)ဆံ့ ဆေးရုံအား သားဖွား၊ မီးယပ်နှင့် ကလေးအထူးကုဆေးရုံအဖြစ် ပြောင်းလဲ**

**ပြုပြင်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ ကျန်းမာရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအရှေ့ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်(၂)ခုပေါင်းတွင် (၁၆၆)ကျောင်း၊ ပဲခူးတိုင်းဒေသကြီးအနောက် ပြည်ခရိုင်နှင့် သာယာဝတီခရိုင် (၂)ခုပေါင်းတွင် (၂၃၁)ကျောင်း ပဲခူးတိုင်းဒေသကြီးတစ်တိုင်းလုံးအနေဖြင့် ပုံစံ ၁၀၅/၁၀၆ မရရှိသေးသည့် ကျောင်းပေါင်း(၃၉၇) ကျောင်း ရှိနေပါသည်။ တရားဝင်ပုံစံ ၁၀၅ မှာ နိုင်ငံတော်၏ အခွန်တံဆိပ်ခေါင်းကပ်ထားသည့် မြေစာရင်းမြေပုံကို ရေးကူးထားသော သက်ဆိုင်ရာ မြေတိုင်းစာရေးနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး တို့ လက်မှတ်ပါဝင်သည့် သက်သေခံစာရွက်ပင်ဖြစ်ပါသည်။ ထိုသက်သေခံရှိမှသာ မြေယာတရား ဝင်ဖြစ်ခြင်း၊ ကျောင်းဆောင်အဆောက်အဦပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို တရားဝင် လုပ်ကိုင်ခွင့် ရရှိနိုင်မည်ဖြစ်ပါသည်။ အချို့သော စာသင်ကျောင်းများသည် ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ တည်ရှိခဲ့သော်လည်း ယခုအချိန်အထိ မြို့မြေ၊ ရွာမြေများတွင် ပါဝင်ခြင်းမရှိဘဲ လယ်မြေဖြစ်နေပြီး ပုံစံ ၁၀၅ ထုတ်ယူရာနှင့် ဂရန်လျှောက်ရာတွင် အခက်အခဲများစွာ ဖြစ်ပေါ် လျက်ရှိနေပါသည်။

သို့ပါ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းအတွင်းရှိ စာသင်ကျောင်းများအား ပညာရေးဌာန၊ ရပ်မိရပ်ဖနှင့် အုပ်ချုပ်ရေးအဖွဲ့တို့၏ စနစ်တကျထောက်ခံချက်ဖြင့် လယ်ယာမြေ အခြားနည်းအသုံးပြုခြင်းဥပဒေ၊ နည်းဥပဒေများအတိုင်း မြေအသုံးပြုခွင့် ပြောင်းလဲထုတ်ပေးပြီး လိုအပ်လျက်ရှိသော ပုံစံ ၁၀၅/၁၀၆ နှင့် မြေဂရန်ရရှိရန် အကောင်အထည်ဖော်ဆောင်ရွက်ပေး နိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၅-၁၆နှင့် ၂၀၁၆-၁၇ ဘတ်ဂျက်များမှစ၍ တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာ ဌာနများမှ တည်ဆောက်ခဲ့ကြသည့် ဥပမာ-လမ်း၊တံတား၊ စာသင်ကျောင်း၊ ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန စသည်တို့ တည်ဆောက်ပြုပြင်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန်၊ သတ်မှတ် ထားသည့် အချိန်၊ သတ်မှတ်ထားသည့်စံချိန်၊ စံညွှန်းနှင့်အညီ စာချုပ်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်ရန်နှင့် ပြည်သူ့အကျိုးကို မျက်ကွယ်ပြု၍ နိုင်ငံတော်ဘဏ္ဍာငွေကြေးများ လေလွင့်ဆုံးရှုံးစေခဲ့သော တာဝန်မဲ့ပြုမူဆောင်ရွက်ခဲ့သော အဖွဲ့အစည်း၊ ကုမ္ပဏီများအား ထိရောက်စွာ အရေးယူပေးနိုင်ပါရန်နှင့် အမည်ပျက်စာရင်းတင်သွင်းကြော်ငြာပေးနိုင်ပါရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားပြုသည့် တိုင်းဒေသကြီးဝန်ကြီးတစ်ဦးမှ ဦးဆောင်သည့် တိုင်းဒေသကြီးအဆင့် တည်ဆောက်ရေး လုပ်ငန်းများ၏ အရည်အသွေး ထိန်းသိမ်းရေးကော်မတီ (သို့မဟုတ်) လုပ်ငန်းအဖွဲ့နှင့် ခရိုင်၊ မြို့နယ်အဆင့် ကော်မတီ(သို့မဟုတ်) လုပ်ငန်းအဖွဲ့များ စနစ်တကျဖွဲ့စည်းကြီးကြပ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါက်တာစောညီဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးမြို့ တိုင်းဆေးရုံကြီးမှာ မြေဧက ၁၀. ၈၅ဧကသော ကျယ်ဝန်းပြီး ဒုတိယကမ္ဘာစစ်မတိုင်မီ ၁၉၃၀ခန့်ဝန်းကျင်တွင် တည်ဆောက်ခဲ့ပြီး (T) ပုံအဆောက်အဦဖြစ်ပါသည်။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်တွင် ရှေ့ဘက်အဆောင်(၂)ခု ထပ်မံ တည်ဆောက်ခဲ့ပြီး နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် အလှူရှင်တစ်ဦးလှူဒါန်း မှုဖြင့် နောက်ဘက်တွင် ယခုခွဲစိတ်နှင့် အရိုးလူနာဆောင်(၁)ခုဆောက်လုပ်ခဲ့ပါသည်။ ထို့အပြင် အခြားသော အထောက်အကူပြုဌာနများဖြစ်သည့် ဓါတ်ခွဲ၊ ဓါတ်မှန်၊ ဆေးသိုလှောင်ဌာန၊ ရင်ခွဲရုံ၊ တိုင်းကုသရေးဦးစီးဌာနရုံး၊ တီဘီရောဂါကုဌာန၊ မျက်ခမ်းစပ်၊ အရေပြားရောဂါကုဌာန၊ ဝန်ထမ်းအိမ်ရာတို့အပြင် တိုင်းရင်းဆေးရုံ၊ တိုင်းကြက်ခြေနီ၊ သားဖွားသင်တန်းကျောင်း၊ ပဲခူးတိုင်းဆရာဝန်အသင်းရုံးခန်းမတို့လည်း တည်ဆောက် ထားခဲ့ပါသည်။

ဆေးရုံကြီး၏ တည်နေရာမှာ ပဲခူးမြို့လယ် လူစည်ကားရာအရပ်တွင် တည်ရှိပါသည်။ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ကျောင်းများ၊ ဈေးများ၊ လူနေအိမ်များနှင့်လည်း နီးကပ်စွာ တည်ရှိလျက်ရှိပါသည်။

ထို့အပြင် ကုတင်၅၀၀ဆံ့ဆေးရုံအတွက် အထူးကုဌာန (၂၇)ဌာနရှိနိုင်ပြီး ထိုဌာနများအတွက် လိုအပ်သည့် ကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ဆက်စပ်အထောက်အကူပြုဌာနများနှင့် တွက်ချက်ပါက အနည်းဆုံးမြေဧက ၂၅ဧကရှိမှသာ သင့်တော်မည်ဖြစ်ပြီး ယခုရှိသည့် မြေဧကနှင့် တွက်ချက်ပါက ကုတင် ၁၀၀ ဆံ့ ဆေးရုံသာ သင့်တော်ပြီး အလွန်ဆုံး ကုတင်၂၀၀ ထက်မပိုမှ ဖြစ်ပါမည်။ ယခုတွေ့မြင်နေရသည့် အတိုင်း အထူးကုဌာန (၁၇)ဌာနသာထားရှိနိုင်သည့် အခြေအနေတွင်ပင် ဆေးရုံတက်သည့်လူနာနှင့် အဆောက်အဦ နေရာထိုင်ခင်း မမျှတသည့် အခြေအနေမှာ မျက်မြင်ကြုံတွေ့နေရပြီး လူနာများအတွက် အချင်းချင်းရောဂါပိုးမွှား ကူးစက်နိုင်မှုအခြေအနေ၊ ကလေးနှင့်လူကြီးလူနာများ ရောပြွမ်းထိစပ်နေရမှုများကို စိုးရိမ်ဖွယ် တွေ့မြင်နေရပြီး အထူးကုဌာန(၂)ခုဖြစ်သည့် စိတ်ရောဂါနှင့် ကင်ဆာဌာနများအတွက် ဆေးရုံတက် လူနာပင် လက်မခံနိုင်သည့်အခြေအနေများနှင့် ဆေးရုံအတွင်း လူနာများပြားလွန်း၍ ကုတင်ပိုများထိုးနေရခြင်း၊ လျှောက်လမ်းကော်ရစ်တာတွင်ပင် လူနာနှင့်လူနာစောင့်များထားရခြင်းတို့ တွေ့မြင်နေရပါသည်။

အရေးပေါ် လူနာတင်ကားများ အဝင်အထွက်ခက်ခဲခြင်း၊ ဆေးရုံတွင်ကား၊ ဆိုင်ကယ်များ စနစ်တကျ မအပ်နှံနိုင်၍ လုံခြုံရေးထိခိုက်ခြင်း၊ ဆေးရုံတစ်ဝိုက်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အကြားလမ်းပေါ်တွင် ညဘက်ပွဲဈေးတန်းကဲ့သို့ ရောင်းဝယ်နေကြသဖြင့် မီးရေး၊ ထင်းရေး စိုးရိမ်နေရခြင်းနှင့် လူမှုရေး၊ ကျန်းမာရေး မည်သည့်ဘက်ကမှ အဆင်မပြေသည့်ဖြစ်စဉ်များ တွေ့မြင်နေကြရပါသည်။

နောင်အရှည်သဖြင့် ကြည့်မည်ဆိုလျှင် ပဲခူးမြို့ထဲ၌ ၆ထပ်မြင့်အဆောက်အဦဆေးရုံတစ်ခု ပေါ်ပေါက် လာသလို အခြားသောအထပ်မြင့် အဆောက်အဦများဖြင့် ပဲခူးမြို့၏ အထင်ကရ တန်ခိုးကြီးဆံတော်ရှင် ရွှေမော်ဓောစေတီတော်ကြီး၏ ပုံရိပ်ကို ထိခိုက်နိုင်ခြင်းကိုလည်း တွေ့မြင်နေရပါသည်။

ဤဆေးရုံကြီးအား မူလအတိုင်း ကုတင် ၂၀၀ ဆံ့ ဆေးရုံအဖြစ် ဆက်လက်ထားရှိပြီး သားဖွား၊ မီးယပ်နှင့် ကလေးအထူးကုဆေးရုံအဖြစ်သို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက် နိုင်မည်ဆိုပါက

- ဆေးရုံဖွဲ့စည်းပုံ စနစ်တကျရှိလာနိုင်ခြင်း၊

- မြို့ထဲ၌ လမ်းပိတ်ဆို့မှုများ၊ အခြားသောလူမှုစီးပွားဆိုးကျိုးများ လျော့ကျလာနိုင်ခြင်း၊
- နိုင်ငံတကာနှင့် အခြားသောတိုင်းမြို့တော် မြို့ကြီးများ၏ ဆေးရုံတည်ရှိမှုစံနှုန်းများဖြင့် ပြည်သူများအဆင်ပြေလာခြင်း၊ (ရန်ကုန်တိုင်းတွင် အထွေထွေရောဂါကုဆေးရုံနှင့် ကလေးဆေးရုံ သားဖွားမီးယပ်ဆေးရုံများ သီးခြားတည်ရှိသလို ရှမ်းပြည်နယ် တောင်ကြီး၊ မွန်ပြည်နယ် မော်လမြိုင်တို့တွင်လည်း အထွေထွေရောဂါကုဆေးရုံနှင့် ကလေးသားဖွားမီးယပ်ဆေးရုံများ ကုတင် ၅၀၀နှင့် ကုတင်၂၀၀ ဆေးရုံများ သီးခြားတည်ရှိပါသည်။)
- ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သည် တိုင်းမြို့တော်ဖြစ်သော်လည်း သူနာပြုသင်တန်းကျောင်း မရှိဘဲ ပြည်နှင့်တောင်ငူတွင်သာရှိသဖြင့် ပဲခူးခရိုင်အတွင်းရှိ ပြည်သူများနှင့် သင်တန်းတက်လို သော သား၊ သမီးငယ်များ အခက်အခဲရှိနေခြင်းကို သီးခြားနေရာရှိ အထွေထွေရောဂါကုဆေးရုံ ကြီးနှင့် တွဲချိတ်ဖော်ဆောင်နိုင်သဖြင့် များစွာအကျိုးရှိမည်ဖြစ်ခြင်း၊
- ဆေးရုံတွင် တာဝန်ကျဝန်ထမ်းများသည် ၂၄ နာရီ ဂျူတီတာဝန်ရှိသဖြင့် ဆေးရုံအတွက် လုံလောက်သောဝန်ထမ်းအိမ်ရာများကို နေရာသစ်တွင် စနစ်တကျစီစဉ်ပေးနိုင်ခြင်း၊
- နေရာသစ် ကုတင် ၅၀၀ဆံ့ဆေးရုံအတွက် လိုအပ်သောအထူးကုဌာနများ စနစ်တကျ တည်ဆောက်နိုင်ခြင်းနှင့် လူနာများလုံလောက်စွာ ကုသပြုစုပေးနိုင်ခြင်း၊

စသည့်များပြားလှစွာသော အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်သဖြင့် အထက်ပါအချက်အလက်များကို ထောက်ရှု၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကုတင် ၂၀၀ ဆံ့ အကျယ်အဝန်းသာရှိသော ကုတင် ၅၀၀ ဆေးရုံကြီးအား သားဖွားမီးယပ်နှင့် ကလေးအထူးကုဆေးရုံ ကုတင် ၂၀၀ အဖြစ် ပြင်ဆင်သတ်မှတ် ပြောင်းလဲတည်ဆောက်ပြီး ကုတင် ၅၀၀ ဆေးရုံသစ်ကြီးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြုဌာနများ အတွက် ပဲခူးမြို့အနီးတဝိုက်ရှိ တိုင်းဒေသကြီးအစိုးရ စီမံခန့်ခွဲခွင့်ရှိသော မြေနေရာတစ်ခုအား ဖော်ထုတ်ပေးရန် အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြေစာရင်းပုံစံ ၁၀၅/၁၀၆ မရရှိသေးသည့် စာသင်ကျောင်းများအတွက် မြေဂရန်ရရှိရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်ကြီးမေးမြန်းသောကိစ္စနှင့်ပတ်သက်၍ မြေစာရင်းပုံစံ (၁၀၅) (၁၀၆)ရေးဆွဲခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးမှ မိမိတို့မြို့နယ်အတွင်း မြေစာရင်းပုံစံ (၁၀၅)(၁၀၆) မရရှိသေးသည့် ကျောင်းများစိစစ်ပြီး၊ စုစည်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ မြေပုံရေးကူးခွင့် လျှောက်ထားရပါမည်။

အစိုးရအဖွဲ့မှလည်း စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း ဦးစွာဖြေကြားလိုပါသည်။ မြေပုံရေးကူးခွင့် ရရှိပါက သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ၂၀၁၂ခုနှစ်လယ်ယာ မြေဥပဒေအရ အခြားနည်းသုံးအမှုတွဲဖွင့်လှစ်ပြီး လယ်/စီအဖွဲ့အဆင့်ဆင့်၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် လယ်မြေဖြစ်ပါက ဗဟိုလယ်/စီအဖွဲ့မှ ခွင့်ပြုရပါမည်။ ယာမြေ၊ ကိုင်း/ကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင် စိုက်ပျိုးသော မြေ၊ ဓနိမြေ၊ ဥယျာဉ် မြေဖြစ်ပါက တိုင်းလယ်/စီအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ခွင့်ပြုရမည် ဖြစ်ပါသည်။ ထို့နောက် လယ်မြေအတွက် ဗဟို လယ်/စီအဖွဲ့မှ ခွင့်ပြုမိန့်ပုံစံ(၁၅)၊ ကျန်လယ်ယာ မြေအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုမိန့် ပုံစံ(၁၅-က)ရရှိ လာပါက မြေဂရန်ရရှိရန် အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဆက်လက်လျှောက်ထားရမည် ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စားပြုသည့် တိုင်းဒေသကြီးဝန်ကြီးတစ်ဦးမှ ဦးဆောင်သည့် တိုင်းဒေသကြီးအဆင့် တည်ဆောက်ရေး လုပ်ငန်းများ၏ အရည်အသွေး ထိန်းသိမ်းရေးကော်မတီ (သို့မဟုတ်) လုပ်ငန်းအဖွဲ့နှင့် ခရိုင်၊ မြို့နယ်အဆင့်ကော်မတီ (သို့မဟုတ်) လုပ်ငန်းအဖွဲ့များ စနစ်တကျ ဖွဲ့စည်းကြီးကြပ်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ"** ဆိုသည့် မေးခွန်းကို ဖြေကြားမည်ဖြစ်ပါသည်။ ဌာနဆိုင်ရာတစ်ခုမှ ခွင့်ပြုထားသော အဆောက်အအုံများ၊ လမ်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ မိမိတို့ ဆောက်လုပ်သည့် အဆောက်အအုံများ၊ လမ်းများအတွက် ဌာနဆိုင်ရာများဖြင့် ဖွဲ့စည်းထားသော အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ ဖြစ်စေ၊ ပြင်ပမှ အရည်အသွေးစစ်ဆေးရန် ထားရှိထားသော (QC) အဖွဲ့ကိုဖြစ်စေ ငှားရမ်း၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ပါ၍ တိုင်းဒေသကြီးဝန်ကြီးတစ်ဦးမှ ဦးဆောင်သည့် အရည်အသွေးစစ်ဆေးရေးအဖွဲ့ မရှိပါကြောင်း ဖြေကြား အပ်ပါသည်။

အရည်အသွေးစစ်ဆေးရေးအဖွဲ့ မရှိသော်လည်း တိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေး ကော်မတီ ဖွဲ့စည်းထားခြင်းရှိပါကြောင်း၊ ၎င်းတိုင်းဒေသကြီးတည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ တာဝန်များမှာ အရည်အသွေးစစ်ဆေးခြင်းမျိုးမဟုတ်ဘဲ အောက်ပါအတိုင်း ဖြစ်ပါသည်-

- ဆောင်ရွက်လိုသည့် တည်ဆောက်ရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုကိုရရှိမည့် အကျိုး သက်ရောက်မှုနှင့် နှိုင်းယှဉ်လေ့လာစိစစ်သွားရန်။
- သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ ဆောင်ရွက်ရန်တင်ပြသော တည်ဆောက်လုပ်ရေး လုပ်ငန်းများကို နည်းပညာနှင့် ဒီဇိုင်းများခေတ်မီ၍ စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရေး ကုန်ကျစရိတ်အား စိစစ်ပေးရန်။

- တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဆိုပြုတင်ပြသည့် နေရာများကို စိစစ်ရန်။
- ကော်မတီမှ စိစစ်ရမည့်လုပ်ငန်းများ (ဌာနဆိုင်ရာများမှ လုပ်ငန်းတင်ဒါစနစ်ဖြင့် ခေါ်ယူထားသော လုပ်ငန်းများ)၏ ခန့်မှန်းခြေစာရင်းများကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အတည်ပြုထားသော ဒေသထွက်ပစ္စည်းဈေးနှုန်း၊ လုပ်အားခများနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးရန်။
- ဆောင်ရွက်လိုသည့် တည်ဆောက်ရေးလုပ်ငန်းများ နေရာဒေသပတ်ဝန်းကျင်အခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးပေးရန်။
- သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတစ်ဦးမှ တင်ပြလာသော တည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်အတည်ပြုခြင်း စသည်တို့အား ဆောင်ရွက်ရာတွင် မူအားဖြင့် ဆုံးဖြတ်ခွင့်ပြုပေးနိုင်ခြင်းမရှိသည့် လုပ်ငန်းကိစ္စရပ်များ ပေါ်ပေါက်လာပါက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံတင်ပြ၍ လမ်းညွှန်မှုခံယူရန်။
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူရန်။
- ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။
- ကော်မတီသည် လိုအပ်သော လုပ်ငန်းလမ်းညွှန်ချက်များကို ထုတ်ပြန်ဆောင်ရွက်သွားရန် အချက်များပါဝင်သည့် တိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီကို ဝန်ကြီးချုပ် ဦးဆောင်သည့် အဖွဲ့အား ဖွဲ့စည်းထားကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာစောညိုဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပဲခူးတိုင်းဆေးရုံကြီး ခုတင်(၅၀၀)ဆံ့ဆေးရုံကြီးနှင့် ဆေးဘက်ဆိုင်ရာ အထောက်အကူပြု ဌာနများအတွက် ပြည်သူများသွားရေးလာရေး လွယ်ကူအဆင်ပြေနိုင်မည့် ပဲခူးမြို့အနီးတဝိုက်တွင် တိုင်းဒေသကြီးအစိုးရ စီမံခန့်ခွဲခွင့်ရှိသော မြေနေရာတစ်ခုကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် စီမံပေးနိုင်ခြင်း ရှိ/မရှိ နှင့် ယခုလက်ရှိ ပဲခူးမြို့ ကုတင်(၅၀၀)ဆံ့ ဆေးရုံအား သားဖွား၊ မီးယပ်နှင့် ကလေးအထူးကုဆေးရုံအဖြစ် ပြောင်းလဲပြုပြင်ပေးရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ တိုးတက်ပြောင်းလဲလာသော အခြေအနေနှင့် လိုအပ်ချက်အရ တင်ပြချက်များကို ထောက်ခံဆွေးနွေးအပ်ပါသည်။

ကုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး ပေါ်ပေါက်လာရေးနှင့် ကုတင်(၂၀၀)ဆံ့ သားဖွားမီးယပ်နှင့် ကလေးအထူးကုဆေးရုံကြီးများအဖြစ် ခွဲ၍ဆောင်ရွက်ရန် စီမံချက်ကို (၂၂-၈-၂၀၁၆)ရက်စွဲပါ စာအမှတ်-၁၆၀၅/ပခတ-ကုသရေး/ထွေ/၂၀၁၆ဖြင့် တင်ပြပြီး ဖြစ်ပါသည်။

ကုတင်(၅၀၀)(၆)ထပ်ဆောင် အဆောက်အဦဆောက်လုပ်ရန် လျာထားခွင့်ပြုငွေ ကျပ်သိန်း (၂၄၀၀၀)၏ ပထမအရစ် ခွင့်ပြုငွေသိန်း(၈၀၀၀)ကို (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ခွင့်ပြုပြီးဖြစ်ပါသည်။ သို့သော် ကုတင်(၅၀၀)(သို့မဟုတ်) (၆)ထပ် အဆောက်အဦအဖြစ် ဆောက်လုပ်ရန် မြေနေရာကို ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မေးခွန်းအမှတ်စဉ်(၁)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီးအတွင်း ပုံစံ ၁၀၅၊ ၁၀၆ ရရှိရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကော်မတီဖွဲ့၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါကြောင်း၊ ဝန်ကြီးအနေဖြင့် လုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်ကို အသေးစိတ် ရှင်းလင်းဖြေကြားသည့်အတွက် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို သိရှိမည်ဖြစ်ပါသည်။ မေးခွန်းတွင် မိမိအဓိကမေးမြန်းထားသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ မရရှိသေးသည့် စာသင်ကျောင်းများအတွက် ပုံစံ ၁၀၅၊ ၁၀၆ မြေဂရန်ရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် အစိုးရအဖွဲ့အစီအစဉ်ဖြင့် ကော်မတီအဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်း အကောင်အထည်ဖော်စေလိုသည့် အချက်ဖြစ်ပါကြောင်း၊ သို့မှသာ ထိုအဖွဲ့မှ ဦးစီးလမ်းညွှန်ခြင်းဖြင့် ဌာနဆိုင်ရာများအနေဖြင့် လုပ်ငန်းများပိုမိုလျင်မြန် အဆင်ပြေချောမွေ့မည်ဖြစ်ပါသည်။ အလုပ်သမားကိစ္စနှင့် ပတ်သက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး ဖြေကြားသွားသည်မှာ အဖွဲ့ဖွဲ့စည်းပြီး ညွှန်ကြားချက်များအရ ဆောင်ရွက်သွားခဲ့ကြောင်းနှင့် စည်ပင်သာယာဈေးနှင့်ပတ်သက်၍ စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီး ဖြေကြားသွားသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့အား တွန်းအားပေး၍ အလျင်အမြန် ကြိုးစားဆောင်ရွက်ပါမည်ဟု ဖြေကြားသွားသည့်အတွက် မိမိဆိုလိုသည်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၎င်းကိစ္စကို ကော်မတီအဖွဲ့ ဖွဲ့စည်းပြီး ဆောင်ရွက်ပေးလိုခြင်းဖြစ်ပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါက်တာစောညိုဝင်းမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ပုံစံ ၁၀၅၊ ၁၀၆ ရေးကူးခွင့်နှင့် မြေယာကိစ္စများဆိုလျှင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကော်မတီဖွဲ့ပြီး ဆောင်ရွက်ရခြင်းမျိုး မဟုတ်ဘဲ၊ သက်ဆိုင်ရာ မည်သည့်ပုဂ္ဂိုလ်မဆို လျှောက်ထားနိုင်ပါသည်။ လျှောက်ထားလျှင် သက်ဆိုင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို လိပ်မူပြီး လျှောက်ထားပါက လျှောက်ထားသည့် ပုဂ္ဂိုလ်များကို စုစည်းပြီး Cabinet တွင် တင်ပြရပါသည်။ ၎င်းနောက် သက်ဆိုင်ရာလျှောက်ထားသည့် ဒေသမှ ကွင်းများကို အစီအစဉ်ချပေးရသည့် အခြေအနေနှင့် ပြဿနာအရှုပ်အရှင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး နိုင်ပါသည်။ ပြဿနာရှိ၍ အငြင်းပွားသည့် မြေနေရာဒေသများကို ချပေးရန် ဆိုင်းငံ့မည်ဖြစ်ပါသည်။ ပြဿနာ အရှုပ်အရှင်းမရှိဘဲ ချပေး၍ရမည်ဆိုလျှင် အရှုပ်အရှင်းကင်းသည့် လယ်မြေများကို မိမိဝန်ကြီးတစ်ဦးတည်း၏ ဆုံးဖြတ်ချက်ဖြင့် မဟုတ်ဘဲနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ Cabinet တွင် တင်ပြပြီး အဖွဲ့အနေဖြင့် ဆောင်ရွက်ပြီးချပေးနေသည်များရှိပါကြောင်း၊ ပုံစံ ၁၀၅၊ ၁၀၆ ရေးကူးခွင့်တစ်ဦးချင်းကို ကော်မတီအနေဖြင့် မဟုတ်ဘဲ တိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်သည်ဖြစ်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့က ပုံစံ ၁၀၅၊ ၁၀၆ ရေးကူးခွင့်ကို အဖွဲ့အနေဖြင့် ချပေးလျက်ရှိကြောင်း ပြန်လည်ဖြေကြား အပ်ပါသည်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မေးခွန်းအမှတ်စဉ်(၂)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။တိုင်းဒေသကြီး တည်ဆောက်ရေး လုပ်ငန်း စိစစ်ရေးကော်မတီ (QC) ကို တိုင်းအဆင့်များနှင့် ဖွဲ့စည်းမလား (သို့မဟုတ်) မြို့နယ်အဆင့်များနှင့် ဖွဲ့စည်းမလား ဆိုသည်ကို ပြန်လည်ဖြေကြားပေးရန် ဖြစ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဒေါက်တာစောညိုဝင်းမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။တိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီကို တိုင်းဒေသကြီးအဆင့်များဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စု၊ အဘားကျေးရွာအရှေ့ဘက် စားကျက်မြေ (၆၂၈)ဧကအတွင်း ကျူးကျော်ဝင်ရောက်စိုက်ပျိုးနေခြင်းအပေါ် ဥပဒေအရ အမြန်ဆုံး အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ဝေါမြို့နယ်၊ အဗျားထမင်းဆိုင်ကျေးရွာအုပ်စုရှိ တိမ်ကောနေသော အရှည် (၂)မိုင်ခန့် စီရှိ ပြေားရိုးနှင့် ကုလားရိုးတို့ကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ဝေါမြို့နယ်အတွင်းရှိ တိမ်ကောနေသော အရှည်ပေ(၁၅၀၀၀)ခန့်ရှိ လက်သွယ် ဇလားရိုးမြောင်း ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **"ဝေါမြို့နယ်၊ အုပ္ပိုလ်ကျေးရွာအုပ်စု၊ အုပ္ပိုလ်(၃)ကျေးရွာ၏မြောက်ဘက်ရှိ (၇၁. ၄၁) ဧက ဖြစ်ပေါ်နေသော သောင်နုမြေအား မြေနုကွင်းဥပဒေအတိုင်း အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၅) **"ကြံ့ခိုင်မှုအားနည်းနေသော အရှည်(၁၇)မိုင်၊ (၄)ဖာလုံရှိ ပန်းကိုင်တာအား ပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စု၊ အဘားကျေးရွာ အရှေ့ဘက်တွင် စားကျက်မြေ (၆၂၈)ဧက ရှိပါသည်။ ထိုစားကျက်မြေအတွင်း သီးနှံများဝင်ရောက်ကျူးကျော် စိုက်ပျိုးနေခြင်းကြောင့် စားကျက်မြေများရှားပါးလာခြင်း၊ ဓါတုမြက်သတ်ဆေးများ၊ ကိုင်းသတ်ဆေးများ ပက်ဖျန်းခြင်းကြောင့် ကျွဲများသေဆုံးနေရပါသည်။ ကျူးကျော်ဝင်ရောက်စိုက်ပျိုးနေသူများမှ ကျွဲ၊ နွားများ ဝင်ရောက်သည်ဟုဆိုကာ ကျွဲ၊ နွားပိုင်ရှင်များကို တရားစွဲဆိုမှုများ ပြုလုပ်နေပါသည်။ သို့ဖြစ်ပါ၍ စားကျက်မြေ အတွင်း ကျူးကျော်ဝင်ရောက်စိုက်ပျိုးနေခြင်းအပေါ် ဥပဒေအရ အမြန်ဆုံးအရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ အဗျားထမင်းဆိုင်ကျေးရွာအုပ်စု၊ တောင်ဘက်၊ ကွင်းအမှတ်(၇၁၀)(က-ဂ) ကွင်း အရှည် (၂)မိုင်ခန့်စီရှိသော ပြေားရိုးနှင့် ကုလားရိုးတို့သည် တိမ်ကောလျက်ရှိနေပါသည်။ အဆိုပါရိုးမြောင်း(၂)ရိုး တိမ်ကောနေခြင်းကြောင့် စိုက်ပျိုးမြေဧက (၂၅၀၀)ကျော်ခန့် နှစ်စဉ် ရေကြီးရေလျှံမှု ဖြစ်ပေါ်လျှက်ရှိနေပါသည်။ ထိုတိမ်ကောနေသော ပြေားရိုးနှင့် ကုလားရိုး(၂)ရိုးတို့ကို ပြန်လည်တူးဖော်ပေးမည်ဆိုလျှင် စိုက်ပျိုးမြေဧက (၂၅၀၀)ကျော်ခန့် ဒေသခံတောင်သူများ အကျိုးပြုဖြစ်ထွန်းမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိမ်ကောနေသော အရှည်(၂)မိုင်ခန့်စီရှိသော ပြေားရိုးနှင့် ကုလားရိုးတို့ကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ အင်းတိုင်စုကျေးရွာ အနောက်တောင်ဘက် (၆၉၁)(၆၉၂)(၇၀၈-ခ)ကွင်း၊ အရှည်ပေ(၁၅၀၀၀)ခန့်ရှိသော လက်သွယ်ဇလားမြောင်းသည် တိမ်ကောလျက်ရှိနေပါသည်။ အဆိုပါ ရိုးမြောင်းတိမ်ကောနေခြင်းကြောင့် နွေရာသီဆည်ရေသောက်ရေသွင်းစပါးစိုက်ပျိုးရာတွင် ဒေသခံလယ်သမားများ အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ အဆိုပါ တိမ်ကောနေသော ရိုးမြောင်းအား ပြန်လည်တူးဖော်ပေးခြင်းကြောင့် ဒေသခံလယ်သမားများ၏နွေရာသီဆည်ရေသောက်စိုက်ပျိုးဖြစ်ထွန်းမည့်ဧက (၇၃၆)ဧကကျော် အကျိုးပြုမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တိမ်ကောနေသော အရှည်ပေ(၁၅၀၀၀)ခန့်ရှိသော လက်သွယ်ဇလားရိုးမြောင်း ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ အုတ်ဖိုကျေးရွာအုပ်စု၊ အုတ်ဖို(၃) ကျေးရွာ၏ မြောက်ဘက်တွင် သောင်နုမြေ (၇၁. ၄၁)ဧက ပေါ်ထွန်းလျက်ရှိပါသည်။ ထိုသောင်နုမြေကို အုတ်ဖိုကျေးရွာအုပ်စု ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ နှစ်စဉ်လယ်သမားအချို့ကို သီးစားချ လုပ်ကိုင်စေခဲ့ပါသည်။ အုတ်ဖိုကျေးရွာအုပ်စု၊ အုတ်ဖို(၃)ကျေးရွာရှိ ဒေသခံရွာသူ/ရွာသားများမှ ကျွဲ၊ နွားများ စားသောက်ရန် မြေများမရှိခြင်း၊ လူဦးရေတိုးများလာ၍ အိမ်ခြံမြေများ ကွက်သစ်ချဲ့ရန်မြေများမရှိခြင်း စသည့် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ အုတ်ဖို(၃)ကျေးရွာ၏ မြောက်ဘက်တွင် ပေါ်ထွန်းလျက်ရှိသော သောင်နုမြေ(၇၁. ၄၁)ဧကအား မြေနုကျွန်းဥပဒေအရ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်အတွင်းရှိ ပန်းကိုင်တာသည် မြစ်ကျိုးကျေးရွာမှ ပဲခူးမြို့နယ်၊ ပျဉ်ပုံကြီးတာဆုံအထိ (၁၇)မိုင်(၄)ဖာလုံအရှည်ရှိပါသည်။ ဝေါမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ ရေကြီးရေလျှံမှုမှ ကင်းဝေးစေရန် ပန်းကိုင်တာကြီးကို တည်ဆောက်ထားခြင်းဖြစ်သည်။ ပန်းကိုင်တာကြီး၏ အချို့အစိတ်အပိုင်းများသည် ကြံ့ခိုင်မှုအားနည်းနေ၍ ယိုယွင်းပျက်စီးနေပါသည်။ သို့ဖြစ်ပါ၍ တာပြုပြင်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)၊ (၃)၊ (၄)နှင့် (၅)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စု၊ အဘားကျေးရွာအရှေ့ဘက် စားကျက်မြေ (၆၂၈)ဧကအတွင်း ကျူးကျော်ဝင်ရောက်စိုက်ပျိုးနေခြင်း အပေါ် ဥပဒေအရ အမြန်ဆုံး**

**အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဝေါမြို့နယ်အတွင်း စားကျက်မြေဧရိယာ (၇၃၆၉)ဧကရှိရာ ၎င်းဧကအတွင်း အဘားကျေးရွာအုပ်စု၊ အဘားကျေးရွာအရှေ့ဘက်၊ ကွင်းအမှတ်(၇၃၅-က၊ ၇၃၆-ခ)ရှိ စားကျက်မြေ(၆၂၈)ဧက အပါအဝင်ဖြစ်ပါသည်။ အဆိုပါစားကျက်မြေပေါ်တွင် အဘားကျေးရွာအုပ်စု၊ ဖိုးဦးစိန်ကျေးရွာအုပ်စုနှင့် သူဌေးကုန်း ကျေးရွာအုပ်စုတို့မှ တောင်သူလယ်သမားများ ကျူးကျော်ဝင်ရောက် လုပ်ကိုင်ခဲ့ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး၊ မိုးစပါးဧကသိန်း(၃၀)ပြည့်မီရေးအတွက် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၆. ၁၁. ၂၀၀၃) ရက်စွဲပါစာအမှတ်၊ ၄/ ၁၁-၅၄/ ဦး ၆ ဖြင့် ဆီးဘွိုင်းကုမ္ပဏီနှင့် (SI)ကုမ္ပဏီတို့အပါအဝင် ပုဂ္ဂလိကလုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ပေးခဲ့ပါကြောင်း၊ ယခုအခါတွင် ဆီးဘွိုင်းကုမ္ပဏီနှင့် (SI) ကုမ္ပဏီတို့မှ မလုပ်ကိုင်တော့သော်လည်း ယခင်ကုမ္ပဏီနှင့် အကျိုးတူ လုပ်ကိုင်ခဲ့သည့် တောင်သူ (၇၁)ဦး တို့မှ ဆက်လက်လုပ်ကိုင်ခဲ့ပါကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးလုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်း (၁၅)နှစ်ခန့်ရှိပြီး ယခင်နှစ်များက ပြဿနာမရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ်၊ မိုးစပါးစိုက်ပျိုး ကာလတွင် ကျွဲ၊ နွားပိုင်ရှင်များ၏ တင်ပြချက်အရ စားကျက်မြေပေါ်တွင် ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်ခြင်းမပြုရန် အဘားကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၏ (၂၇. ၇. ၂၀၁၆)ရက်စွဲပါစာဖြင့် ပထမအကြိမ်၊ (၂၅. ၈. ၂၀၁၆)ရက်စွဲပါစာဖြင့် ဒုတိယအကြိမ်၊ (၄. ၉. ၂၀၁၆)ရက်စွဲပါစာဖြင့် တတိယအကြိမ်၊ (၂၀. ၉. ၂၀၁၆)ရက်စွဲပါစာဖြင့် စတုတ္ထအကြိမ် တားမြစ်စာ (၄)ကြိမ်ထုတ်၍ တားမြစ်ခဲ့ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၂၃. ၉. ၂၀၁၆) ရက်စွဲပါစာအမှတ်၊၅/၁-၂၃/ဦး ၆ ဖြင့် စားကျက်မြေအတွင်း ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်ခြင်းမပြုရန်နှင့် ကျူးကျော်စိုက်ပျိုးလုပ်ကိုင်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပြီးသော်လည်း တားမြစ်ချက်အား တောင်သူ(၇)ဦးမှ လိုက်နာမှုမရှိသဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

(၂၉. ၈. ၂၀၁၆)ရက်နေ့တွင် ဦးဖြိုးမောင်၏ စပါးစိုက်ပျိုးထားသည့် မြေ(၁၆. ၉၀) ဧကကို ဦးကျော်လင်းပါ(၆)ဦးတို့မှ ကျွဲ(၂၅၀)ကောင်ခန့် ဝင်ရောက်စားသောက်စေ၍ စပါးခင်းပျက်စီးသောကြောင့်လည်းကောင်း၊(၃၀. ၈. ၂၀၁၆)ရက်နေ့တွင် ဦးဖိုးချို စပါးစိုက်ပျိုးထားသော အမြင့်(၃)ပေခန့်စပါးဖူးခါစ အရွယ်ရှိသောမြေ(၅)ဧကရှိစပါးခင်းထဲသို့ ဦးအောင်ဆန်းပါ(၂၀)ဦးမှ ကျွဲကောင်ရေ (၂၀၀)ခန့် ဝင်ကျောင်းသည့်အတွက် လည်းကောင်း၊ (၃၁. ၈. ၂၀၁၆)ရက်နေ့တွင် ဦးဇော်မျိုးအောင်၏စပါးစိုက်ပျိုးထားသည့်မြေ (၄)ဧကတွင် ဦးကြည်လွင်ပါ(၁၂)ဦးမှ ကျွဲကောင်ရေ(၂၀၀)ခန့် ဝင်ရောက်စားသောက်စေသဖြင့် စပါးခင်းပျက်စီးခြင်းကြောင့်လည်းကောင်း၊ သီးနှံစိုက်ပျိုးသူများမှ သီးနှံဖျက်ဆီးသည့် ကျွဲ/နွားပိုင်ရှင်များအား ယင်းတို့၏ အကျိုးစီးပွား ဖျက်ဆီးနစ်နာမှုအတွက် နစ်နာသူများမှ (၁. ၉. ၂၀၁၆) ရက်နေ့တွင် တရားရုံးသို့ ဦးတိုက်လျှောက်ထားရာ တရားရုံးမှ ရာဇသတ်ကြီးပုဒ်မ ၄၂၇ ဖြင့် အရေးယူဆောင်ရွက်ထားပါကြောင်း သိရှိရပါသဖြင့် တရားစွဲဆိုမှုသည် သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်သာဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ အဗျားထမင်းဆိုင်ကျေးရွာအုပ်စုရှိ တိမ်ကောနေသော အရှည် (၂)မိုင်ခန့် စီရှိငပြားရိုးနှင့် ကုလားရိုးတို့ကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အတွင်းရှိ ငပြားရိုးမှာ ဝေါမြို့နယ်၊ အဗျားထမင်း ဆိုင်ကျေးရွာအပိုင် ကျုံတူချောင်းအနီးမှ စတင်စီးဆင်းလာပြီး ပဲခူး-စစ်တောင်းအတွင်းသို့ စတင်စီးဝင်ပါသည်။ ယခုအခါ အဆိုပါရိုးမှာ တိမ်ကောလာပြီး ဒိုက်များ၊ နုန်းများဖြင့် ပိတ်ဆို့နေခြင်းကြောင့် ကျေးရွာအတွင်းရှိ လယ်မြေများမှာ ရေကြီးရေလျှံမှုနှင့် ကြုံတွေ့နေရပါသည်။

ငပြားရိုးတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းအားဖြင့် အဗျားထမင်းဆိုင်ကျေးရွာအုပ်စု တောင်ဘက် ကွင်းအမှတ်(၇၁၀က-ဂ) ကွင်းအတွင်းရှိ လယ်မြေဧက (၁၂၅၀)ကျော်အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ် ပေးနိုင်မည်ဖြစ်ပြီး နွေစပါးစိုက်ပျိုးရေရရှိရေးအတွက်ပါ အထောက်အကူပြုစေနိုင်မည် ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိပါသည်။ ငပြားရိုး တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား(၂)မိုင်၊ မြေကြီး(၉၀၀၀)ကျင်း နှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၉. ၃၇၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE) ရန်ပုံငွေ တင်ပြတောင်းခံ ချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (RE) တင်ပြတောင်းခံသော လုပ်ငန်းများ စိစစ်ပြီးဖြစ်ပါ၍ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE) တွင် ရန်ပုံငွေ တင်ပြတောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မရရှိပါက ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဖြေကြားချက်(၂)**

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အတွင်းရှိ ကုလားရိုးမှာ ဝေါမြို့နယ်၊ အဗျားထမင်းဆိုင် ကျေးရွာအနီးမှ စတင်စီးဆင်းလာပြီး ပဲခူး-စစ်တောင်းအတွင်းသို့ စတင်စီးဝင်ပါသည်။ ယခုအခါ အဆိုပါရိုးမှာ တိမ်ကော လာပြီး ဒိုက်များ၊ နုန်းများဖြင့် ပိတ်ဆို့နေခြင်းကြောင့် ကျေးရွာအတွင်းရှိ လယ်မြေများမှာ ရေကြီးရေလျှံမှုနှင့် ကြုံတွေ့နေရပါသည်။

ကုလားရိုးတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းအားဖြင့် အဗျားထမင်းဆိုင်ကျေးရွာ အုပ်စု တောင်ဘက် ကွင်းအမှတ်(၇၁၀ က-ဂ)ကွင်းအတွင်းရှိ လယ်မြေဧက(၁၂၅၀)ကျော်အား ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး နွေစပါးစိုက်ပျိုးရေရရှိရေးအတွက်ပါ အထောက် အကူပြုစေနိုင်မည်ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိ ပါသည်။ ကုလားရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား(၂)မိုင်၊ မြေကြီး (၉၀၀၀) ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၉. ၃၇၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE) ရန်ပုံငွေ တင်ပြတောင်းခံ ချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (RE) တင်ပြတောင်းခံသော လုပ်ငန်းများ

စိစစ်ပြီးဖြစ်ပါ၍ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE) တွင် ရန်ပုံငွေတင်ပြ တောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မရရှိပါက ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်အတွင်းရှိ တိမ်ကောနေသော အရှည်ပေ(၁၅၀၀၀)ခန့်ရှိ လက်သွယ် ဇလားရိုးမြောင်း ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အတွင်းရှိ လက်သွယ် ဇလားရိုးမြောင်းမှာ ဝေါမြို့နယ်၊ ကြာလဟာကျေးရွာအနီး ဦးမိုးပတ်တာမှ စတင်စီးဆင်းလာပြီး အင်းတိုင်စုကျေးရွာ၊ ဂမုန်းကန်ရိုး အတွင်းသို့ စီးဝင်ပါသည်။ ယခုအခါ အဆိုပါ ချောင်းရိုးမှာ တိမ်ကောလျှက်ရှိပြီး ဒိုက်များ၊ နုန်းများ ပိတ်ဆို့နေခြင်းကြောင့် အင်းတိုင်စုကျေးရွာ အနောက်တောင်ဘက် (၆၉၁)(၆၉၂)(၇၀၈-ခ)ကွင်း အတွင်းရှိဒေသခံတောင်သူများ၏ လယ်မြေဧက (၁၅၀၀၀)ခန့်မှာ ရေကြီးနစ်မြုပ် မှုနှင့် ကြုံတွေ့နေရပြီး နွေစပါးစိုက်ပျိုးရေရရှိရေးအခက်အခဲနှင့်ပါ ကြုံတွေ့ နေရပါသည်။

လက်သွယ်ဇလားရိုးမြောင်း ပြန်လည်တူးဖော်ပေးခြင်းဖြင့် အင်းတိုင်စုကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက (၁၅၀၀၀)အား ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး နွေစပါးစိုက်ပျိုးဖြစ်ထွန်းမည့် ဧက (၇၃၆)အား စိုက်ပျိုးရေရရှိရေးအတွက် အထောက်အကူပြုစေမည် ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ကွင်းဆင်း၍ ဒေသခံများနှင့်တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိပါသည်။ လက်သွယ် ဇလားရိုးမြောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား (၃)မိုင်၊ မြေကြီး(၁၃၅၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၁၁. ၁၅၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE) ရန်ပုံငွေ တင်ပြတောင်းခံ ချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (RE) တင်ပြတောင်းခံသော လုပ်ငန်းများ စိစစ်ပြီးဖြစ်ပါ၍ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါ။

သို့ဖြစ်ပါ၍ (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE) တွင် ရန်ပုံငွေတင်ပြ တောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မရရှိပါက ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ အုပ္ပိုလ်ကျေးရွာအုပ်စု၊ အုပ္ပိုလ်(၃)ကျေးရွာ၏ မြောက်ဘက်ရှိ (၇၁. ၄၁) ဧက ဖြစ်ပေါ်နေသော သောင်နုမြေအား မြေနုကျွန်းဥပဒေအတိုင်း အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်ကြီးမေးမြန်းသောကိစ္စနှင့်ပတ်သက်၍ ဝေါမြို့နယ်၊ အုတ်ဖိုကျေးရွာအုပ်စု၊ အုတ်ဖို(၃) ကျေးရွာ၏ မြောက်ဘက်တွင်ရှိသော မြေဧရိယာ(၇၁. ၄၁)ဧကသည် လွန်ခဲ့သော နှစ်ပေါင်း(၁၀)နှစ် ကျော်ခန့်က

ပေါ်ထွန်းခဲ့သောသောင်နုမြေဖြစ်ပါသည်။ ၎င်းမြေဧရိယာ(၇၁. ၄၁) ဧကအား အုတ်ဖိုကျေးရွာရှိ ပြည်သူ့စစ်တောင်သူလယ်သမားများအား လုပ်ကိုင်ခွင့်ချထားပေးခဲ့ပြီး၊ အဆိုပါပြည်သူ့စစ် တောင်သူလယ်သမားများမှ တစ်ဆင့် တောင်သူလယ်သမား(၈)ဦးတို့မှာ လုပ်ကိုင်နေသည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ ယင်းတောင်သူများမှာ ယခင်လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေ၊ နည်းဥပဒေများအရ တောင်သူ လုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပါသည်။ နောင်အသစ်ထပ်မံပေါ်ထွန်းလာပါက ကျေးရွာ/မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှု အဖွဲ့တို့မှ ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီချထားပေးနိုင်ရေး စိစစ်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်းနှင့် လူနေအိမ်များကွက်သစ်တိုးချဲ့ ချထားပေးရန်အတွက် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှ တင်ပြလာပါက ၂၀၁၂ခုနှစ်၊ လယ်ယာမြေ ဥပဒေပုဒ်မ(၃၀)အရ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကြံ့ခိုင်မှုအားနည်းနေသော အရှည်(၁၇)မိုင်၊ (၄)ဖာလုံရှိ ပန်းကိုင်တာအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အတွင်းရှိ ပန်းကိုင်တာမှာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာန(ဆည်မြောင်း)မှ ထိန်းသိမ်းထားသော တာဖြစ်ပြီး ဝေါမြို့နယ်အတွင်းရှိ မြစ်ကျိုးကျေးရွာမှ ပဲခူးမြို့နယ် ပျဉ်ပုံကြီးတာဆုံအထိ အလျား(၁၇/၄)မိုင်ရှိပါသည်။ ဝေါမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ဒေသခံပြည်သူများ၏လယ်မြေများ ရေကြီးရေလျှံမှုမှ ကင်းဝေးစေရန်အတွက် တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ယခုအခါ တာ၏အချို့နေရာများတွင် နိမ့်ကျခြင်း၊ တာအိလျောခြင်းနှင့် တာပုံစံပြည့်မီခြင်းမရှိတော့သဖြင့် တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

ပန်းကိုင်တာ တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ဝေါမြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်းရှိ လယ်မြေဧက(၉၇၁၅၈)ဧကအား ရေကြီးရေလျှံမှုမှ အထိုက်အလျောက်ကာကွယ် ပေးနိုင်မည်ဖြစ်ပါသည်။

တာကြံ့ခိုင်မှုအားနည်းသည့်နေရာများအား တာပုံစံကျပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၁)မိုင်၊ မြေကြီး(၆၉၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၃၀. ၀၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE) ရန်ပုံငွေ တင်ပြတောင်းခံချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (RE) တင်ပြတောင်းခံသော လုပ်ငန်းများ စိစစ်ပြီးဖြစ်ပါ၍ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ (၂၀၁၇-၂၀၁၈)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE) တွင် ရန်ပုံငွေ တင်ပြတောင်းခံသွားပါမည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မရရှိပါက ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မေးခွန်းအမှတ်စဉ်(၁)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အဘားကျေးရွာအုပ်စု စားကျက်မြေနှင့်ပတ်သက်၍ အောက်ခြေတွင် ဖြစ်နေသည်များနှင့် ဝန်ကြီးမှ ပြန်လည်ဖြေကြားချက်များသည် ကွာဟလွဲချော်နေသည်ကို တွေ့ရှိရပါကြောင်း၊ လွန်ခဲ့သော(၆)လပိုင်းမှစ၍ ၎င်းစားကျက်မြေကို မစိုက်ပျိုးရန်အတွက် ဒေသခံပြည်သူလူထုမှ လွှတ်တော်ကိုယ်စားလှယ်ကို တင်ပြထားပါ၍ လွှတ်တော်ကိုယ်စားလှယ်မှ ကျေးရွာအုပ်ချုပ်ရေးမှူးကို အချိန်နှင့်တပြေးညီတား စာထုတ်ပေးရန်ပြောသော်လည်း (၂၇-၇-၂၀၁၆)ရက်တွင်မှ ကျေးရွာအုပ်ချုပ်ရေးမှူးက ထုတ်ပါသည်။ ယခင်နှစ်များက ပြဿနာမရှိခဲ့သော်လည်း ၂၀၁၆ခုနှစ် ပြောပိုင်ခွင့်ရှိသည့်ကာလတွင် တင်ပြခြင်းဖြစ်ပါကြောင်း၊ ဒေသခံ ကျွဲ၊ နွားပိုင်ရှင်များက ကျွဲကျောင်းသည့်အခါ ကျူးကျော်လုပ်သူများက ၎င်းတို့၏ အကွက်ကိုဝင်စားသည်ဆိုပြီး ပါး၊ နားအရိုက်ခံရသည့်အထိ ဒေသခံပြည်သူများမှ ရင်ဆိုင်ခံစားနေရပါသည်။ ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (၂၃-၉-၂၀၁၆)ရက်စွဲဖြင့် စာထုတ်ခဲ့ပြီး၊ ၎င်းရက်မတိုင်မီ (၂၇-၈-၂၀၁၆)ရက်တွင် မြေစာရင်း၊ ထွေ/အုပ်ဒုတိယဦးစီးမှူး၊ ကျေးလက်ဦးစီးဌာနနှင့် မိမိတို့သည် အဘားကျေးရွာသို့ သွားရောက်ခဲ့ရာ ဒေသခံပြည်သူ(၂၀၀)ကျော်တက်ရောက်၍ ၎င်းတို့က စားကျက်မြေတွင် ကျူးကျော်စိုက်ပျိုးထားသူများရှိကြောင်း တင်ပြရာသက်ဆိုင်ရာမြေစာရင်းဦးစီးဌာနမှ ဥပဒေအတိုင်း ဖြေကြားသွား ပါသည်။ ၎င်းတို့သည် စားကျက်မြေတွင် ဆက်လက်ကျူးကျော် စိုက်ပျိုးနေပါသဖြင့် ပဋိပက္ခအသွင်ဆောင်လာသည့် အနေအထားရှိနေပါ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကိုယ်တိုင်သွား၍ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ဖုန်းဆက်ပြောကြားခဲ့ပါကြောင်း၊ နေ့စဉ်ကျူးကျော် စိုက်ပျိုးနေသည်မှာ ယနေ့အထိ ဖြစ်ပါကြောင်း၊ (၈-၉-၂၀၁၆)ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြမှုအပေါ် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဥပဒေနှင့်အညီ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန် အကြောင်းကြားစာထုတ်ပြီး မိတ္တူကို မိမိထံသို့ပို့သော်လည်း အောက်ခြေမြို့နယ်အဆင့်မှ ၎င်းစာကို မိမိထံမပို့ခဲ့၍ (၁၉-၉-၂၀၁၆)ရက်နေ့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တက်ရောက်ခဲ့မှ ၎င်းစာကို မိမိထံပေးပါကြောင်း၊ စားကျက်မြေမြက်တွင် ကျွဲ၊ နွားကျောင်းသည့်အခါ ၎င်းမြေများကို ကိုင်းသတ်ဆေး၊ မြက်သတ်ဆေးများနှင့် ဖျန်းထားသည့်အတွက် ကျွဲ(၅)ကောင်သေပြီး ရောဂါဝေဒနာခံစားနေရသည်များ ရှိပါ၍ တရားစွဲဆိုရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မင်းကြီးထံ ရောက်သည့်အခါ အထွေထွေအုပ်ချုပ်ရေးဥပဒေအရ လုပ်ကိုင်ဆောင်ရွက်ပေးရမည်ဖြစ်၍ ဒေသခံ ပြည်သူများမှ တရားစွဲ၍မရသည့်ပုံစံ ဖြစ်နေပါကြောင်း၊ ကျူးပြီးစိုက်ပျိုးသည့် ဦးဖြိုးမောင်ပါ(၃)ဦးမှ လယ်သမား များအား တရားစွဲထားခြင်းဖြစ်ပါကြောင်း၊ (၁၆)ဧက ပျက်စီးခြင်းမဟုတ်ဘဲ မြေပြင်အနေအထားကို ကွင်းဆင်းကြည့်ရာ၌ (၂)ဧကခွဲနီးပါး၊ (၃)ဧကခန့် စားမိသည့်အနေအထားရှိပါကြောင်း၊ ၎င်းဖြစ်စဉ်မဖြစ်စေရန် အချိန်နှင့်တပြေးညီ စာထုတ်ပေးပြီး၊ ဥပဒေနှင့်အညီ တိကျစွာဆောင်ရွက်ပေးခြင်း မရှိသည့်အတွက် ဒေသခံပြည်သူများထံ (၂၃-၉-၂၀၁၆)ရက်တွင် တိမွေးကုဦးစီးအရာရှိ၊ မြေစာရင်းဦးစီးအရာရှိ၊ ဒုတိယ

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မိမိတို့သွားရောက်ခဲ့ရာ၌ (၇၁)ဦးမှ မိမိတို့ကို ဥပဒေအတိုင်း အရေးယူမည်လားဟု မေးမြန်း၍ မိမိတို့က စိုက်မှာဘဲဟု ပြောကြားကြောင်း၊ (၇၁)ဦးထဲမှ (၁)ဦးက ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေး အုပ်ချုပ်ရေးမှူးမှ သီးနှံများပျက်စီးသည်ဆိုလျှင် တရားစွဲလျှင်စွဲဆို၍ မိမိတို့က တရားစွဲရသည်ဟုဆိုသဖြင့် ဒေသခံပြည်သူ(၃၀၀)ကျော်က မိမိတို့ကို ညှိနှိုင်းပေးမည်ဆိုလျှင် ဥပဒေကို ကျော်လွှန်၍ စိုက်ပျိုးထားသည့် သီးနှံများကို ရာသီချိန်ကုန်သည်အထိ စောင့်ပေးမည်ဟုပြောပါကြောင်း၊ လွှတ်တော်သို့ ရောက်ရှိလာခြင်းမှာ အောက်ခြေတွင် အဆင့်ဆင့်ညှိနှိုင်းပြီး ဆောင်ရွက်၍မရသည့်အဆုံးမှ ရောက်ရှိလာခြင်းဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုသည် အလွန်အားနည်းနေပါ၍ သက်ဆိုင်ရာတာဝန်ရှိပြီး လုပ်ဆောင်ရမည့်ဌာနမှ အားနည်းချက်များကို များစွာတွေ့ရှိရပါကြောင်း၊ ကျူးပြီးစိုက်ပျိုးသည့်အပြင် အနည်းငယ်စားသည်ကို အများကြီးစားသည်ဟုပြော၍ ကွာဟချက်များရှိနေသဖြင့် ဝန်ကြီး၏ ဖြေကြားချက်သည် မြေပြင်အနေအထားနှင့် ကွာဟမှုရှိနေပါကြောင်း၊ (၇)ဦးကို တရားစွဲမည်မဟုတ်ဘဲ ကျူးပြီးစိုက်ပျိုးသည့် (၇၁)ဦးလုံးကို ဥပဒေအရ တရားစွဲရမည်ဖြစ်ပါသည်။ စားကျက်မြေတွင် ကျူး၍စိုက်ပျိုးထားသည်ကို ကျွဲ၊ နွားများ ဝင်ရောက်စားမိ၍ ကျွဲ၊ နွားပိုင်ရှင်များအား ဥပဒေအရ အရေးယူခံရပြီး ကျွဲ၊ နွားသေဆုံးမှုအား တရားစွဲ၍ မရပါကြောင်း၊ ၎င်း(၇၁)ဦးသည် လယ်ယာမဲ့မဟုတ်ဘဲ လယ်ဧကများစွာ ပိုင်ဆိုင်သူများဖြစ်ပါကြောင်း၊ ဥပဒေကို လေးစားမှုမရှိ ယနေ့အထိ စိုက်ပျိုးနေပါ၍ (၇၁)ဦးအား တရားဥပဒေအရ အမြန်ဆုံးအရေးယူဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၁) ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဆီးဘွိုင်း ကုမ္ပဏီနှင့် (SI)ကုမ္ပဏီတို့ကို ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် ၂၀၀၇ခုနှစ်က ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လုပ်ပိုင်ခွင့်ပေးခဲ့ပါသည်။ ရက်စွဲပါစာအမှတ်၊ ၄ / ၁၅ - ၅၄ / ဦး ၆ ဖြင့် လုပ်ပိုင်ခွင့် ပေးခဲ့ကြောင်းကို တင်ပြထားပါသည်။ ယခုအခါတွင် ဆီးဘွိုင်းကုမ္ပဏီနှင့် (SI)ကုမ္ပဏီတို့မှ မလုပ်ကိုင်တော့ သော်လည်း ယခင်ကုမ္ပဏီနှင့်အတူ လုပ်ကိုင်ခဲ့ကြသည့် တောင်သူ(၇၁)ဦးက ဆက်လက်လုပ်ကိုင်နေကြောင်း တင်ပြထားပါသည်။ တောင်သူများမှ ဆက်လက်လုပ်ကိုင်နေသည်မှာ (၁၅)နှစ်ခန့် ရှိနေခဲ့ရာ ယခင်က ပြဿနာမရှိခဲ့သော်လည်း ၂၀၁၆ခုနှစ် မိုးစပါးစိုက်ပျိုးရေးကာလတွင် ကျွဲ၊ နွားပိုင်ရှင်များနှင့် စားကျက်မြေတွင် ဝင်ရောက်စိုက်ပျိုးမှုနှင့် ပတ်သက်၍ တိုင်ကြားမှုများရှိလာပါသည်။ စားကျက်မြေများ၏ စီမံခန့်ခွဲမှုသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီမံဆောင်ရွက်ပိုင်ခွင့်ဖြစ်ပြီး၊ အဘားကျေးရွာစားကျက်မြေကိစ္စနှင့် ပတ်သက်ပြီး အဓိကအနေဖြင့် ဆွေးနွေးဆောင်ရွက်သွားမည်ဟု ကင်ပွန်းဆောင်ပြီး ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မေးခွန်းအမှတ်စဉ်(၄)နှင့်ပတ်သက်ပြီး ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ အုတ်ဖိုကျေးရွာအုပ်စု၊ အုတ်ဖို(၃)ကျေးရွာ၏ မြောက်ဘက်တွင်ရှိသည့် (၇၁. ၄၁)ဧကတွင် ဖြစ်ပေါ်နေသည့် သောင်ထွန်းမြေနုအား မြေနုကျွန်းဥပဒေအရ အမြန်ဆုံးအကောင်အထည်ဖော်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းအား ဆက်စပ်မေးခွန်းမေးမြန်းမည် ဖြစ်ပါသည်။ ဝန်ကြီးဖြေကြားသွားသည်မှာ ယင်းတောင်သူများမှာ ယခင်လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေ နည်းဥပဒေများအရ တောင်သူလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပုံစံ(၇) ထုတ်ပေးမည့် အနေအထားရှိပြီး သက်ဆိုင်သည့် မြေစာရင်းဦးစီးဌာနမှ ၎င်းမြေသည် မြေစာရင်းမြေပုံတွင် မြေနုကျွန်းဖြစ်နေ၍ ပုံစံ(၇) ထုတ်ပေး၍ မရကြောင်း၊ ပြည်သူ့စစ် တောင်သူလယ်သမားများမှတစ်ဆင့် လုပ်ကိုင်ခွင့်ချထားပေးခဲ့သည့် တောင်သူလယ်သမား(၈)ဦးမှာ ယနေ့အချိန်အထိ လုပ်ကိုင်နေပါသည်။ ၎င်းတောင်သူလယ်သမား(၈)ဦးမှာ အုတ်ဖို(၃)၏ ရွာသား(၅)ဦးခန့်ရှိပြီး၊ အုတ်ဖို(၂)မှ (၂)ဦးဖြစ်ပါကြောင်း၊ ဖြေကြားချက်လွဲမှားနေသည်မှာ ယခင်နှစ်အထိ လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့တွင် ပါဝင်သည့်အဖွဲ့ဝင်ကိုယ်တိုင်မှ လယ်သမားများအား သီးစားချထားပေးခဲ့ခြင်းဖြစ်၍ ၎င်းရွာသားများအား မြေနုကျွန်းဥပဒေအတိုင်း လုပ်ဆောင်ပေးရန် ဝန်ကြီးအား ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ပါသည်။ ဝန်ကြီးဖြေကြားသွားသည်မှာ နောက်အသစ်ထပ်မံပေါ်ထွန်းလာပါက ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့တို့မှ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဟုဆိုသဖြင့် ၎င်းမြေနုကျွန်းစပေါ်သည်မှာ ဧက(၂၀)ခန့်ရှိပြီး ၎င်းလယ်မြေများကိုကျူး၍ ဦးတိုက်စိုက်ပျိုးလာခဲ့ပါသည်။ မိမိတင်ပြချင်သည်မှာ (၇၁. ၄၁)ဧကကို ဒေသခံရွာသူရွာသားများက မြေနုကျွန်းများကို စီမံခန့်ခွဲ၍ ရ/မရ၊ ကျေးရွာအစပ်တွင် အားကစားဘောလုံးကွင်းမရှိ၍ မြေနုကျွန်းဥပဒေအတိုင်း စီမံဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသော ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။မြေနုကျွန်းပြဿနာက လယ်ယာမြေဥပဒေတွင် ဖော်ပြထားသည်မှာ ဥပဒေထဲတွင် ပေါ်သည့်ဘက်က (၁)ပုံယူရမည်ဖြစ်သည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ပြဿနာတက်နေသည့် ကိစ္စဖြစ်ပြီး ဥပဒေထဲတွင်ဖော်ပြထားသည်မှာ ပေါ်သည့်ရွာက အကုန်ယူရမည်ဟု ဖော်ပြထားသော်လည်း မူအရပေါ်သည့်ဘက်က (၂)ပုံ၊

မပေါ်သည့်ဘက်က(၁)ပုံ ယူရမည်ဟု ယူဆပြီး ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် ဆောင်ရွက်ထားသည်များ ရှိပါကြောင်း၊ ပြဿနာတက်နေသည့်ဘက်က အားလုံးယူဟု မိမိတို့က ဆုံးဖြတ်ပေးလိုက်လျှင် ၂/၃ ပုံ နှင့် ၁/၃ ပုံ ပြဿနာများက ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် ရှိနေပါကြောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်းပြီး ဖြေရှင်းရမည့်ပြဿနာဖြစ်၍ ဖော်ပြပါ ဌာနများမှ အသေးစိတ်ဆွေးနွေးပြီး ဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါသဖြင့် ဆုံးဖြတ်ချက်ပေး၍ မရသေးကြောင်း၊ မြစ်ရိုးတစ်လျှောက်ရှိ ဒေသခံပြည်သူများ၏ စားဝတ်နေရေးနှင့် မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုအပေါ် မိမိအနေဖြင့် ဆုံးဖြတ်ချက်ချပေး၍ မရပါကြောင်း၊ ၎င်းကိစ္စကို အထူးကိစ္စအနေဖြင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်းပြီး ဖြေရှင်းဆောင်ရွက်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၆) **"ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စု၊ ကရင်စုကျေးရွာ အ. မ. က (မူလွန်) ကျောင်းသည် ကြမ်းခင်းမြေသားနှင့် အုတ်ရိုးအဆင့် ဖြစ်နေပါ၍ ကျောင်းအား အခင်းနှင့်အကာများ အမြန်ဆုံးပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၇) **"ဝေါမြို့နယ်၊ တနော်ကျွန်းကျေးရွာအုပ်စုရှိ (အ. ထ. က) တနော်ကျွန်း ကျောင်းအားစာစစ်ဌာနအဖြစ် ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၈) **"ဝေါမြို့နယ်၊ စက်စုကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၉) **"သမဈေးငွေများ အပြည့်အဝမရရှိခြင်းနှင့် အသင်းသားများအားထုတ်ပယ်ခြင်းအပေါ် အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စု၊ ကရင်စုကျေးရွာ (အ. မ. က)(မူလွန်)ကျောင်းသည် ကျောင်းသားဦးရေ (၂၁၆)ယောက်ရှိပြီး ကျောင်းဆောင်မှာ ပေ(၁၁၀)ရှိပါသည်။ အဆိုပါကျောင်း ၏ ကြမ်းခင်းများသည် မြေသားဖြစ်နေပြီး အကာများမှာလည်း အုတ်ရိုးအဆင့်သာရှိနေပါသည်။ ကျောင်းသား/ကျောင်းသူများသည် မြေသားကြမ်းခင်းပေါ်တွင် အခင်းခင်းပြီး စာသင်ကြားနေ လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကြမ်းခင်းမြေသားနှင့် အုတ်ရိုးအဆင့်ဖြစ်နေသော ကျောင်းအား အခင်းခင်းပေးရန်နှင့် အကာများအမြန်ဆုံးပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ တနော်ကျွန်းကျေးရွာအုပ်စု၊ တနော်ကျွန်းကျေးရွာ (အ. ထ. က) အခြေခံ ပညာအထက်တန်းကျောင်းရှိ ကျောင်းသားဦးရေမှာ (၁၆၆)ဦးရှိပါသည်။ (၂၀၁၇-၂၀၁၈)ပညာသင်နှစ်တွင် စာမေးပွဲဖြေဆိုမည့် ကျောင်းသားဦးရေမှာ ကျောင်းတွင်း (၁၆၆)ဦးနှင့် ပြင်ပဖြေဆိုသူ (၅၀)ဦးခန့် ဖြေဆိုမည်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဝေါမြို့ (အ. ထ. က)အထက်တန်းကျောင်းသို့ သွားရောက်ဖြေဆိုရာတွင် ငွေကြေးကုန်ကျမှုများခြင်း၊ စားရေးသောက်ရေး အခက်အခဲများရှိခြင်း၊ ခရီးဝေးသို့ သွားရောက်ဖြေဆိုရခြင်းများကြောင့် ကျောင်းသား/ ကျောင်းသူများ စိတ်ဖိစီးမှုများခံရခြင်းစသည့် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ အခြေခံပညာအထက်တန်းကျောင်း(အ. ထ. က) တနော်ကျွန်းကျောင်းအား စာစစ်ဌာန အဖြစ် ခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ စက်စုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို (၂၀၀၈-၂၀၀၉) ခုနှစ်မှ စတင်တိုးမြှင့်ဖွင့်လှစ်ခဲ့ပါသည်။ ယခုအခါကျောင်းသား ဦးရေမှာ (၅၆၆)ဦးနှင့် ကျောင်း ဆောင်အကျယ်အဝန်းမှာ (၉၀ ပေ×၃၀ ပေ)အဆောင်(၂)ဆောင်နှင့် (၆၀ ပေ×၃၀ ပေ) အဆောင် (၁)ဆောင်၊ စုစုပေါင်း အဆောင်(၃)ဆောင်ရှိပါသည်။ သို့ဖြစ်ပါ၍ စက်စုကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဝေါမြို့နယ်၊ ဒလန္တမ်းကျေးရွာအုပ်စု၊ ပန်းညိုစု ကျေးရွာ၊ အောင်ပန်းညိုသမအသင်းတွင် အသင်းသားဦးရေ(၁၇၀)ဦးရှိပါသည်။ (၁. ၇. ၂၀၁၄)နေ့မှ (၂၀. ၁. ၂၀၁၆)နေ့အထိ လေးကြိမ်မြောက် ထုတ်ချေးရာ အသင်းသား(၄၅)ဦးမှာ ဝေါမြို့နယ်သမရုံးမှ ထုတ်ချေးသောချေးငွေကို အပြည့်အဝရရှိမှုမရှိဘဲ (၄)ကြိမ်စလုံး တစ်ဝက်နှုန်းသာရရှိခဲ့ပါသည်။ အောင်ပန်းညို အသင်းမှ အသင်းသား(၄၅)ဦးမှာ (၄)ကြိမ်မြောက်တွင် အသင်းသားအချင်းချင်း တန်းတူအခွင့်အရေး မရရှိခြင်းကြောင့် မြို့နယ်သမဦးစီးအရာရှိအားတင်ပြရာ အသင်းမှထုတ်ပယ်ခြင်း ခံခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ထိုသို့ပြုလုပ်နေခြင်းများအပေါ် အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းတင်ပြ အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၆)၊ (၇) နှင့် (၈)တို့အား စည်ပင်သာယာရေး နှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ အဘားကျေးရွာအုပ်စု၊ ကရင်စုကျေးရွာ အ. မ. က (မူလွန်) ကျောင်း သည် ကြမ်းခင်းမြေသားနှင့် အုတ်ရိုးအဆင့် ဖြစ်နေပါ၍ ကျောင်းအား အခင်းနှင့် အကာများ အမြန်ဆုံးပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများ ပြင်ဆင်အပြီးသတ် ဆောက်လုပ်ရန်အတွက် ရန်ပုံငွေတင်ပြတောင်းခံသည့် အမှုတွဲအား ပြုစုတင်ပြကြရန် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး၏(၃-၅-၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ဌာနခွဲ (၂-က)/၂၀၃၃/ခွဲဝေ(၁၆-၁၇)ဖြင့် တောင်းခံခဲ့ပြီးဖြစ်ပါသည်။ ဝေါမြို့နယ်အတွင်းမှ ကျောင်းများက တင်ပြရာတွင် အဆိုပါကျောင်း မပါရှိပါသဖြင့် ဒုတိယနှစ်ဝက် ဘတ်ဂျက်ခွဲဝေချက် ထပ်မံရရှိမှသာ ရန်ပုံငွေ ခွဲဝေပေးနိုင်မည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ တနော်ကျွန်းကျေးရွာအုပ်စုရှိ (အ. ထ. က) တနော်ကျွန်း ကျောင်းအား စာစစ်ဌာနအဖြစ် ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ တနော်ကျွန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသည် ကျောင်းအဆင့် (B-1)၊ ကျောင်းအုပ်(၁)ဦး၊ အထက်တန်းပြ(၁၁)ဦး၊ အလယ်တန်းပြ-၁ (၉)ဦး၊ အလယ်တန်းပြ-၂ (၆)ဦး၊ စုစုပေါင်း (၂၇)ဦး ရှိပါသည်။

အထက-တနော်ကျွန်းသည် အခြေခံပညာအလယ်တန်းကျောင်းမှ အထက်တန်းကျောင်းအဆင့်သို့ ၂၀၁၅-ခုနှစ်၊ နိုဝင်ဘာလတွင် အဆင့်တိုးမြှင့်ပေးခဲ့သော အထက်တန်းကျောင်းဖြစ်ပါသည်။

သို့ရာတွင် စာစစ်ဌာနအသစ်ဖွင့်လှစ်ရန်အတွက် အဓိကလိုအပ်ချက်များဖြစ်သော ဒေသတွင်း တိုက်နယ်ဆေးရုံ/ဆေးခန်းမရှိသေးပါ။ အရေးကြီးစာရွက်စာတမ်းများ၊ မေးခွန်းနှင့် အဖြေလွှာများထိန်းသိမ်း ထားရှိရန်အတွက် ငွေတိုက် (သို့မဟုတ်) ရဲစခန်းမရှိသေးသည့်အတွက် စာစစ်ဌာနအဖြစ် ဖွင့်လှစ်နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဝေါမြို့နယ်၊ စက်စုကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ စက်စုကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အလယ်တန်းဆင့် ကျောင်းသား(၂၀၀)ဦး၊ မူလတန်းဆင့်ကျောင်းသား (၃၃၆)ဦး၊ စုစုပေါင်းကျောင်းသား(၅၃၆)ဦးအား မူလတန်းကျောင်းအုပ်(၁)ဦး၊ အလယ်တန်းပြ(၅)ဦး၊ အလယ်တန်းပြ(၂) (၁)ဦး၊ မူလတန်းပြ(၃)ဦး စုစုပေါင်း(၁၀)ဦးတို့ဖြင့် သင်ကြားပေးလျက်ရှိပါသည်။ အဆိုပါကျောင်း၏ ကျောင်းမြေအကျယ်အဝန်းမှာ (၆. ၇)ဧကရှိပြီး (၉၀×၃၀)ပေ၊ သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင် (၂)ဆောင်၊ (၆၀×၃၀) ပေ၊ သွပ်မိုးအုတ်ညှပ်

တစ်ထပ်ဆောင် (၁)ဆောင် စုစုပေါင်းစာသင်ဆောင်(၃)ဆောင်ရှိပါသည်။ ကျောင်းအဆင့်တည်နေရာမှာ (D-41)ဖြစ်ပါသည်။ ပင်မကျောင်းဖြစ်သော အထက-သူရဲသမိန်နှင့် (၄)မိုင်ခန့် ကွာဝေးပါသည်။

ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ကျောင်းအဆင့်တိုးမြှင့်ရေးမူအရ အလက(ခွဲ)အဆင့်မှ အလက အဆင့်သို့တိုးမြှင့်ပေးရန်အတွက် အလယ်တန်းဆင့် ကျောင်းသား ဦးရေ(၂၄၀)နှင့်အထက် ရှိရမည် ဖြစ်ပါသည်။ ဝေါမြို့နယ် အလက(ခွဲ)စက်စုသည် အလယ်တန်း ကျောင်းအဖြစ်တိုးမြှင့်ရန် အလယ်တန်းဆင့် ကျောင်းသား (၂၄၀)ပြည့်မီခြင်းမရသဖြင့် အခြေခံပညာအလယ်တန်းကျောင်းအဖြစ်တိုး မြှင့်ခြင်းမရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မေးခွန်းအမှတ်စဉ်(၆)နှင့် (၇)တို့ကို ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မေးခွန်းအမှတ်စဉ်(၆)နှင့်ပတ်သက်၍ ဝေါမြို့နယ် ပညာရေးဌာန၏ အခြေအနေကို ဝန်ကြီးသိရန်တင်ပြလိုပါကြောင်း၊ ကျောင်းဆရာ/ဆရာမများသည် ၎င်းတို့၏ လိုအပ်ချက်ကို လွှတ်တော်ကိုယ်စားလှယ်အား တင်ပြပြီးလျှင် မြို့နယ်ပညာရေးဌာနမှ အကြီးအကဲများသိမှာ ကြောက်နေပါကြောင်း၊ ဇကရာဇ်ကျောင်း၏ အမှုတွဲများကို ကျောင်း၏ဆရာ/ဆရာမများမှ တင်ပြသော်လည်း မရခဲ့ခြင်းဖြစ်ပါကြောင်း၊ အဘားကျေးရွာ၊ ကရင်စုကျေးရွာများနှင့်ပတ်သက်သည့် BE ဘတ်ဂျက်အား မိမိတို့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပညာရေးဌာနတို့ရေးဆွဲရာ၌ ၎င်းကျောင်း၏ အခြေအနေ မည်သို့ရှိသည်ကို ပြောကြားခဲ့ပါသည်။

မေးခွန်းအမှတ်စဉ်(၇)နှင့်ပတ်သက်၍ တနော်ကျွန်းကျေးရွာ စာစစ်ဌာနကိစ္စသည် ပညာရေးဌာနမှ စာစစ်ဌာန လျှောက်ထားရန်ကျောင်းများရှိပါက အမြန်ဆုံးတင်ပြရန် အကြောင်းကြားစာအား တနော်ကျွန်းကျောင်းမှ မရသည့်အတွက် ကြားသိသည့်အချိန်တွင် လျှောက်ထားရာ၌ ပိတ်သွားပြီဖြစ်၍ လျှောက်ထား၍ မရခဲ့ပါကြောင်း၊ သို့ပါ၍ တိုင်းပညာရေးအဆင့်အထိ သွားရောက်ခဲ့ရာ၌ သတ်မှတ်ကာလ ကျော်လွန်သွားပြီဖြစ်ကြောင်း ကြားသိခဲ့ရပါသည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ကျောင်းအုပ်အား ခေါ်ယူမေးမြန်းရာ၌ ကြောက်ပြီးအမှုတွဲများ မတည်ဆောက်ထားပါဘူး၊ ခေါ်ယူ၍လည်းမပြောပါကြောင်း ဖြေကြားပါသည်။ အမှန်မှာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းပြီး ကျောင်းသားများ အခက်အခဲရှိ၍ အမှုတွဲအား တည်ဆောက်ထားပါကြောင်း၊ ပေါင်းစပ်ညှိနှိုင်းရာ၌ အထက်လူကြီးပညာရေးမှူး၏ ဖိအားကိုလည်းကြောက်နေ ရပါကြောင်း၊ မြေပြင်အနေအထားကို တာဝန်ရှိပုဂ္ဂိုလ်သိထားစေရန် မေးမြန်းတင်ပြရခြင်း ဖြစ်ပါသည်။ အောက်ခြေတွင် ဖြစ်ပျက်နေမှုကို ဝန်ကြီးမှ မြို့နယ်ပညာရေးမှူးများကို ဆွေးနွေးပေးစေလိုပါကြောင်း ဆက်စပ်မေးခွန်းမေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၆)နှင့် (၇)တို့နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၏ မေးခွန်းအမှတ်စဉ်(၆)နှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အောက်ခြေမှ တင်ပြမှသာ မိမိတို့သိရမည်ဖြစ်ကြောင်း၊ ဒေါ်ရီရီထိုက်တင်ပြသည့် ကျောင်းနှင့်ပတ်သက်သည့် ကိစ္စအား အောက်ခြေကို မိမိထံအမြန်ဆုံး တင်ပြပေးရန် တိုက်တွန်းမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

ဒေါ်ရီရီထိုက်၏ မေးခွန်းအမှတ်စဉ်(၇)နှင့်ပတ်သက်၍ အ.ထ.က တနော်ကျွန်းအား စာစစ်ဌာန ပြုလုပ်ရန် လိုအပ်သည့် အရည်အချင်း၊ အင်္ဂါရပ်များ ပြည့်စုံပါမှ ပေး၍ရပါသည်။ ၎င်းအင်္ဂါရပ်များ မပြည့်စုံပါက ပေး၍ရမည်မဟုတ်ပါကြောင်း၊ ပြည်ထောင်စုမှလည်း ခွင့်ပြုမည်မဟုတ်ပါကြောင်းနှင့် ၎င်းစာစစ်ဌာနသည် အင်္ဂါရပ်ပြည့်စုံလျက်မပေးပါက မိမိတို့တွင် တာဝန်ရှိမည်ဖြစ်ပါသည်။ ယခုကိစ္စသည် အင်္ဂါရပ်မပြည့်စုံ၍ မပေးခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၉)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သမချေးငွေများ အပြည့်အဝမရရှိခြင်းနှင့် အသင်းသားများအား ထုတ်ပယ်ခြင်းအပေါ် အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ အောင်ပန်းညို စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း၊ အသင်း စည်းကမ်း (By Law) အရ အသင်း၏ အသင်းအမှုဆောင်ကော်မတီအဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ စိစစ်ဆောင်ရွက်ချက်ဖြင့် အသင်း၏ အသင်းသား(၁၇၀)ဦးအနက် ဖော်ပြပါအသင်းသား(၄၅)ဦးအား အသင်းကထုတ်ပယ်ရခြင်း ဖြစ်ကြောင်း၊ သမဝါယမဦးစီးဌာနအနေဖြင့် ထုတ်ပယ်ခြင်းမျိုးမဟုတ်ကြောင်း၊

အကြောင်းမှာ အသင်းစည်းကမ်းအရ ၎င်းသမဝါယမအသင်းသည် စိုက်ပျိုးရေးနှင့်အထွေထွေ လုပ်ငန်းအသင်းဖြစ်သည့်အတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်သော လယ်သမားအသင်းသားများသာ ဖြစ်သင့်ကြောင်း၊ သို့ရာ၌ ၎င်းအသင်းသား(၄၅)ဦးမှာ လယ်သမားများမဟုတ်သည့်အတွက် အမှုဆောင် အဖွဲ့က ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ကြောင်း၊

ထုတ်ပယ်ခံရသော အသင်းသား(၄၅)ဦး မနစ်နာစေရေးအတွက် လယ်ယာလုပ်သား (သို့) မွေးမြူရေး နှင့် အထွေထွေအသင်းအမျိုးအစား ဖွဲ့စည်းဆောင်ရွက်နိုင်ရေး၊ ဝေါ သမဝါယမဦးစီးဌာနအနေဖြင့် ၎င်း(၄၅)ဦး သို့ (၁၂-၇-၂၀၁၆)ရက်နေ့က ဦးစီးအရာရှိနှင့်အဖွဲ့ ကျေးရွာသို့ သွားရောက်ချပြရှင်းလင်း ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မေးခွန်းအမှတ်စဉ်(၉)နှင့် ပတ်သက်၍ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မေးခွန်းအမှတ်စဉ်(၉)နှင့်ပတ်သက်၍ မြေပြင်တွင်ဖြစ်နေသည်မှာ ဝန်ကြီးဖြေကြားသကဲ့သို့ မဟုတ်ပါကြောင်း၊ ဒလန္တမ်းကျေးရွာအုပ်စု၊ ပန်းညိုစုကျေးရွာ၊ အောင်ပန်းညိုအသင်းအား ပန်းညိုစုကျေးရွာတွင် ဖွဲ့စည်းပါကြောင်း၊ ဒလန္တမ်းကျေးရွာအုပ်စုသည် ပန်းညိုစုကျေးရွာ၊ အညာစုကျေးရွာနှင့် ဒလန္တမ်းကျေးရွာ (၃)ရွာကို ပေါင်းပြီးသတ်မှတ်ပါကြောင်း၊ တစ်တောင်ညိုစုရွာလေးနှင့် ပန်းညိုစုကိုပေါင်းပြီး အောင်ပန်းညိုကျေးရွာဟုခေါ်ဆိုပါကြောင်း၊ တစ်တောင်ညိုစုရွာလေးတွင် အိမ်ထောင်စု(၂၅)စု၊ ပန်းညိုစုတွင် အိမ်ထောင်စု(၁၂၀)စု (၂)ခုပေါင်းလျှင် (၁၄၅)စုရှိသော်လည်း (၃၅)စု ထပ်တိုးပြီး အောင်ပန်းညိုအသင်းတွင် (၁၈၀)စုရှိပါကြောင်း ကျေးရွာလူကြီးမှ ပြုလုပ်ထားပါကြောင်း၊ အသင်းသားများအား ကျေးရွာအုပ်ချုပ်ရေးမှူးမှ လယ်သမားဆိုပြီး ထောက်ခံပါကြောင်း၊ ၎င်းအသင်းရှိ အသင်းသားများသည် လယ်သမားများဖြစ်ပါကြောင်း၊ မူအရ၊ စည်းကမ်းအရ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အသင်းကို ဦးစီးဦးဆောင် ဆောင်ရွက်နေသည့် အောင်ပန်းညိုအသင်းနှင့် သမကိုယ်စားလှယ်များက တောင်သူများဟု ထောက်ခံထား၍ တန်းတူအခွင့်အရေးရရှိမည်ဖြစ်ကြောင်း၊ (၁-၇-၂၀၁၄)ရက်တွင် ပထမအကြိမ် အဖြစ် (၁)သိန်းနှုန်း ထုတ်ချေးရာ၌ ကျန်လူများက (၁)သိန်းနှုန်းရရှိပြီး၊ (၄၅)ဦးမှာ (၅)သောင်းနှုန်း ရရှိပါကြောင်း၊ (၇-၁-၂၀၁၅)ရက်တွင် (၁၁၃၀၀၀)ကျပ်ချေးရာတွင် တစ်ဝက်နှုန်း(၅၆၅၀၀)ကျပ်ရရှိပါကြောင်း၊ (၇-၇-၂၀၁၅) ရက်တွင် (၁၂၀၀၀၀)ချေးရာတွင် (၆၀၀၀၀)ကျပ် ရရှိပါကြောင်း၊ စတုတ္ထအကြိမ်တွင် ပွင့်လင်းသည့် ပြည်သူ့အစိုးရ ဖြစ်လာသည့်အတွက် အသင်းသားချင်းအတူတူ တန်းတူမရရှိသည့်အတွက် လွှတ်တော်ကိုယ်စားလှယ်ထံတင်ပြရာ သက်ဆိုင်သည့် သမအမှုဆောင်အရာရှိအား မည်သည့်နည်းဖြင့်ချေးသည်ကို မေးမြန်းရာ အုပ်ချုပ်ရေးမှူးက ဝေါမြို့နယ်တွင် တောင်သူကိုသာချေးပါကြောင်း၊ မွေးမြူရေးတို့ကို မချေးပါကြောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးက တောင်သူဟု ထောက်ခံထားသည့်အတွက် အသင်းသား(၁၇၀)ကို တန်းတူအခွင့်အရေး ရရှိစေရန် သွားရောက် ဖြေရှင်းပေးပါမည်ဟု ပြောကြားခဲ့ကြောင်း၊ အသင်းသား(၁၇၀)ဦးကို တပြေးညီငွေများ ထုတ်ပေးလိုက်ပြီ ဖြစ်ကြောင်း ပြောကြားသော်လည်း အသင်းသား(၄၅)ဦးအား အသင်းမှ ထုတ်ပယ်လိုက်ပြီဟု ကြားသိရပါကြောင်း၊ တစ်ဝက်နှုန်းဖြတ်စားထားသည့် အသင်းကိုယ်စားလှယ်များသည် ကျေးရွာမှ ကြည်ညိုသူများ မဟုတ်သည့်အပြင် သမာသမတ်မကျ၍ ဖြုတ်ပေးရန်နှင့် (၄၅)ဦးကို နောက်မှ ထုတ်ချေးသော်လည်း ကျေနပ်ပါမည်ဟုပြောသော်လည်း ၎င်းတို့မှာ မူလနေရာအတိုင်းရှိပြီး၊ အသင်းသားများမှာ မထွက်ချင်ဘဲနှင့် ထွက်လိုက်ရပါကြောင်း၊ (၁၃-၇-၂၀၁၆) ရက်တွင် သမ၏မူမှာ မည်သည့်ပုံစံကို ချေးသလဲဟု မေးမြန်းရာ မွေးမြူရေးနှင့် စိုက်ပျိုးရေးသမားတို့ကို ချေးပါကြောင်း၊ အုပ်ချုပ်ရေးမှူးမှ တောင်သူဟု ထောက်ခံလိုက်ပြီး တစ်ဝက်နှုန်းကို မည်သူဖြတ်စားနေသလဲဟု မေးမြန်းရာ ထူးခြားမှုမရှိဖြစ်နေ၍ လွှတ်တော်ကိုယ်စားလှယ်ထံ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ နောက်တိုးလူများကို ချေးပြီးထုတ်ပယ်ခံရသူများကို

မချေးပါကြောင်း၊ မှန်မှန်ကန်ကန် (၆)လတစ်ဖြတ် ဆပ်နေသော်လည်း တန်းတူအခွင့်အရေးမရပါကြောင်း၊ စိုးမိုးခြယ်လှယ်နေသည့် သမအသင်းကိုယ်စားလှယ်များကို မထုတ်ပယ်ဘဲ တင်ပြခွင့်ရသည့်အချိန်တွင် ပွင့်လင်းမြင်သာမှုရှိ၍ တင်ပြရာ၌ ထုတ်ပယ်ခံရသည့် အခြေအနေဖြစ်နေပါ၍ ဝန်ကြီးတို့မှ အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးရန် မေတ္တာရပ်ခံတိုက်တွန်းချင်ပါသည်။ စိုးမိုးခြယ်လှယ်နေသည့် သ/မ အသင်း ကိုယ်စားလှယ်များကို ထုတ်ပယ်၍ကောင်းသည့်သူများကို အသစ်ပြန်ပြင်ဖွဲ့စည်းပေးရန် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ရီရီထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၉)နှင့်ပတ်သက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။မိမိတို့ အစိုးရအဖွဲ့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအနေဖြင့် စတင်တာဝန်ထမ်းဆောင် စဉ်က တိုင်းဒေသကြီး ဌာနဆိုင်ရာများနှင့် Presentation သွားရောက်ဆွေးနွေးစဉ်အခါက တိုင်းဒေသကြီးအတွင်းရှိ သမဝါယမဦးစီးမှူးနှင့်တကွ မြို့နယ်၊ ခရိုင်သမဝါယမဦးစီးအသင်းသားများအားလုံးကို ညွှန်ကြားထားခဲ့ပြီး ဖြစ်ပါသည်။ သက်ဆိုင်ရာ သမဝါယမအသင်းသားများအားလုံး မှန်မှန်ကန်ကန်ချေးငွေကို ရရှိသုံးစွဲနိုင်ရေးလည်း ညွှန်ကြားထားပြီးဖြစ်ပါသည်။ လက်ရှိသမဝါယမအသင်းအဖွဲ့ဆိုသည်မှာ သမဝါယမဦးစီး ဌာနအနေဖြင့် Base Organization လူထုအခြေပြုသည့်အဖွဲ့များ စုဖွဲ့စည်းပြီး မှုနှင့်ချေးပေးရာတွင် အသင်းစုတစ်စုတည်းတွင် ပါဝင်သည့် အသင်းသားများငွေကြေး အကြေအလည် မရရှိခြင်းသည် အမှန်မှာ မြို့နယ်သမဝါယမ ဦးစီးဌာနအနေဖြင့် စာရင်းစစ်ဆေးမှုအားနည်းမှုဟု မိမိသုံးသပ်ပါကြောင်း၊ ယင်းအမှုနှင့် ပတ်သက်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးကို အသေးစိတ်ခေါ်ယူကြားနာမည်ဆိုပါက စီစဉ်ဆောင်ရွက် ပေးနိုင်ပါမည်။ မိမိအနေဖြင့် လက်ရှိအမှုကို အသေးစိတ်စစ်ဆေးပြီး ပြန်လည်အကြောင်းကြား ဖြေရှင်းပေးပါမည်။ လက်ရှိမှာလည်း ထုတ်ပယ်ခံရသည့် အသင်းသား(၄၅)ဦးကို အသင်းသစ်ပြန်လည်ဖွဲ့စည်းပြီး၊ ချေးငွေများ ရယူနိုင် အောင်လည်း (၁၂-၇-၂၀၁၆)ရက်နေ့က ကွင်းဆင်းစိစစ်ပြီးဖြစ်ကြောင်း ဖြေကြားထားပါသည်။ အချုပ်အားဖြင့် ၎င်း(၄၅)ဦးမှာ ယခင်အသင်းစုများမှ အသင်းသားများနှင့် သဟဇာတမဖြစ်၍ အသင်းသစ်အနေဖြင့် ဖွဲ့စည်းဆောင်ရွက်ပေးရန် သမဝါယမအသင်းမှလည်း ခွင့်ပြုပေးထားပါသည်။ လက်ရှိငွေရေးကြေးရေး အရှုပ်အရှင်းအပေါ် မှန်ကန်မှု ရှိ/မရှိကို လက်ရှိသက်ဆိုင်ရာတိုင်းဒေသကြီး ညွှန်ကြားရေးမှူးကို ခေါ်ယူကြားနာ မည်ဖြစ်ပါသည်။ မိမိအနေဖြင့် ၎င်းအမှုကို အသေးစိတ်ခေါ်ယူကြားနာပြီး ဖြေရှင်းပေးပါမည်ဟု ဖြေကြားအပ် ပါသည်။

**ဦးကျော်ဌေး**။ ။ဆက်လက်ပြီး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏-

(၁) **"ကျောက်တံခါးမြို့၊ မြို့မြေနယ်နိမိတ်အား နိုင်ငံတော်အခွန်ငွေရရှိရန် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ကျောက်တံခါးမြို့နယ်၊ ကွင်းနောက်ရပ်ကွက်အတွင်းရှိ ရှုပ်ထွေးနေသော လျှပ်စစ်ဓါတ်ကြိုးများအား ရှင်းလင်းပေးရန် (၄၀၀)ဗို့လိုင်းသစ်များဆွဲပေးရန်နှင့် ထရန်စဖော်မာတစ်လုံးတပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်(၇၆)၊ သန့်စင်ခန်းနှင့် ဈေးဆိုင်ခန်း များအား နိုင်ငံတော်အခွန်ဘဏ္ဍာငွေရရှိရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ အများပြည်သူ ခရီးသွားလာရာတွင် အဆင်ပြေစေရေးတို့အတွက် အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကျောက်တံခါးမြို့သည် မြို့တွင်းနေလူဦးရေ ပေါင်း(၁၇၀၀၀၀)ကျော်ရှိပြီး အိမ်ထောင်စုပေါင်း(၃၃၀၀)ကျော်နှင့်မြို့မြေဧရိယာ(၈၅၀)ဧကခန့် ရှိပါသည်။ ရပ်ကွက်များ အနေဖြင့်(၅)ရပ်ကွက်ရှိပြီး စာတိုက်ရပ်ကွက်၊ ကွင်းမြောက်ရပ်ကွက်၊ ကွင်း တောင်ရပ်ကွက်၊ ဈေးပိုင်းရပ်ကွက်နှင့် ကွင်းနောက်ရပ်ကွက်များဖြင့် ဖွဲ့စည်းထားပါသည်။ ကျောက်တံခါးမြို့တွင် မြို့မြေအနေဖြင့် (၃၀. ၈. ၁၉၇၂)ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ဧရိယာ (၂၀၀)ဧကအား ထုတ်ပြန်ကြေညာခဲ့ပြီး မြို့ကွက်များအနေဖြင့် အနောက်စုရပ်၊ စာတိုက်ရပ်၊ ကွင်းတောင်ရပ်၊ ဈေးပိုင်းရပ်၊ ဌာနရပ်ဖြင့် မြို့မြေဧက (၂၀၀)အား မြို့ကွက်များဖြင့် တိုင်းတာထားကြောင်းသိရှိရပါသည်။

(၁၉၇၂)ခုနှစ် နောက်ပိုင်း ယခုအချိန်အထိ နှစ်ပေါင်း(၄၄)နှစ်အတွင်း မြို့နေလူဦးရေများ တိုးပွားလာခြင်းကြောင့် အိမ်ထောင်စုများ တိုးပွားလာသည့်အတွက် လက်ရှိတွင် မြို့တွင်းနေအိမ်ထောင်စုများမှ ဧရိယာ(၆၅၀)ခန့်ကို တိုးချဲ့နေထိုင်ပြီးဖြစ်ကြောင်း စုံစမ်းသိရှိရပါသည်။ (၁၉၇၂) ခုနှစ် နောက်ပိုင်းတိုးပွားလာသည့်လူဦးရေနှင့်အညီ မြို့မြေတိုးချဲ့သတ်မှတ်ခြင်း၊ စနစ်တကျ အကွက်ရိုက်ချထားပေးခဲ့ခြင်းများ ဆောင်ရွက်ပေးခဲ့ခြင်းမရှိသဖြင့် ပြည်သူများ ပိုင်ဆိုင်သည့် မြေများမှ လက်ရှိမြို့မြေနယ်နိမိတ်တွင် မပါဝင်သည့် မြေဧရိယာမှာ (၆၅၀)ဧကခန့်ရှိနေကြောင်း သိရှိရပါသည်။ ၎င်းမြေများမှာလည်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ(၃)၊ အပိုဒ်ခွဲ(က)အရ လယ်ယာမြေတွင်စိုက်ပျိုးရေးအတွက် အသုံးမပြုသော မြေများမပါဝင်ဟုဆိုသည့်အတွက် မြို့မြေ အဖြစ်သာ နယ်နိမိတ်ပြင်ဆင်သတ်မှတ်သင့်ပါသည်။

ယခုအချိန်တွင် နိုင်ငံတော်အစိုးရမှ မြေငှားဂရန်ရရှိအောင် ဆောင်ရွက်ပေးနေပြီး နိုင်ငံတော်အခွန်ငွေရရှိရန် ခေတ်အဆက်ဆက် ဆောင်ရွက်ခြင်းမပြုနိုင်ခဲ့သော တိုးချဲ့နေထိုင်လာခဲ့သည့် အဆိုပါ ကျောက်တံခါးမြို့မြေအား မြို့မြေနယ်နိမိတ်ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါး မြို့နယ် ကွင်းနောက်ရပ်ကွက်အတွင်းရှိ ဘူတာလမ်း၊ မြို့ပတ်(၁)လမ်းနှင့် လျှပ်စစ်(၅)လမ်းတွင် လမ်းထိပ် (၄၀၀)ဗို့လိုင်းများမှတစ်ဆင့် သွယ်တန်းထားသော ဆားဗစ်ကြိုးများမှာ ရှည်လျားရှုပ်ထွေးပြီး ဝါးတိုင်များ ထောက်၍ နေအိမ်များသို့ သွယ်တန်းထားပါသည်။

ထိုကဲ့သို့ သွယ်တန်းထားသည့်အတွက် မီးဘေးအန္တရာယ်စိုးရိမ်ရသလို ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် မြို့ပတ်(၁)လမ်းအတွင်း၊ လျှပ်စစ်ဓါတ်အား အဝင်ဗို့မှာ (၁၁၀)ဗို့အထိ ကျဆင်းလျက်ရှိနေပါသည်။ သို့ဖြစ်ပါ၍ မြို့ပတ်(၁)လမ်းတွင် ထရန်စဖော်မာတစ်လုံး တပ်ဆင် ပေးသင့်ကြောင်းနှင့် ရှုပ်ထွေးနေသော လျှပ်စစ်ဓါတ်ကြိုးများ အား အမြန်ဆုံးရှင်းလင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်အပိုင် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်(၇၆) ရှိ သန့်စင်ခန်းအား(၁၃-၁၀-၂၀၁၅) ရက်နေ့တွင် ပြန်လည်ပြင်ဆင်ရန် ခေတ္တပိတ်သိမ်းထားခဲ့ပြီး အမြန်လမ်းဆောက်လုပ်ရေးအဖွဲ့မှ ဆိုင်ခန်း အခန်း(၈၀)အား သန့်စင်ခန်းနှင့်တွဲလျက် ပြန်လည်တည်ဆောက်ခဲ့ပြီး၊ (၆-၂-၂၀၁၆)တွင် စည်းကမ်းမဲ့ ဈေးသည် အချို့ကြောင့်ဟုဆိုကာ ပြန်လည်ပိတ်ခဲ့ပါသည်။ အဆိုပါစည်းကမ်းမဲ့ဈေးသည်များအား (၁၅-၆-၂၀၁၆)တွင် သက်ဆိုင်ရာမှ တရားစွဲဆိုခဲ့ပြီး၊ ကျောက်တံခါးမြို့နယ် တရားရုံးမှ ဒဏ်ငွေရိုက်၍ အပြစ်ပေးခဲ့ပြီးဖြစ်သော်လည်း ယနေ့ထိတိုင် ဈေးသည်များအား ပြန်လည်ရောင်းချခွင့်မပေးဘဲ၊ သန့်စင်ခန်းအား ဆက်လက်ပိတ်ထားဆဲ ဖြစ်ပါသည်။

သန့်စင်ခန်းနှင့် ဈေးဆိုင်ခန်းများအား ပိတ်သိမ်းထားခြင်းကြောင့် ခရီးသွားပြည်သူများ ကျန်းမာရေး အတွက် အခက်အခဲတွေ့ရသလို၊ ဒေသခံပြည်သူများလည်း အလုပ်အကိုင်အခွင့် အလမ်းများ ဆုံးရှုံးနေရပါသည်။ ထို့ပြင် အမြန်လမ်းပေါ်၌ မကြာခဏဆိုသလို တရားမဝင်သစ် မှောင်ခိုကားများ ဖမ်းမိလျက်ရှိရာ သန့်စင်ခန်းများ ပြန်လည်ဖွင့်လှစ်ခြင်းအားဖြင့် သစ်မှောင်ခိုကားများအားလည်း အထိုက်အလျောက် တားဆီးရာ ရောက်နိုင် ပါသည်။ ခရီးသွားပြည်သူများ အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လျှင်လည်း အကူအညီရနိုင်ပါသည်။ ဒေသတွင်းကောလဟာလ စကားများပေါ်ထွက်နေသည်မှာ မိုင်(၄၀)နှင့် (၁၁၅)မိုင် ယာဉ်ရပ်နားစခန်းများရှိ စားသောက်ဆိုင် လုပ်ငန်းရှင်များ အဆင်ပြေစေရန်အလို့ငှာ သန့်စင်ခန်းများအား ပိတ်သိမ်းထားရခြင်း ဖြစ်ကြောင်း ပြောဆိုနေကြပါသည်။ အဆိုပါ ပြည်သူများ၏ ယုံမှားသံသယဖြစ်စေရာ ၎င်းကောလဟာလ စကားများကို ဖြေဖျောက်ပေးရန်လည်း လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါသန့်စင်ခန်းနှင့် ဆိုင်ခန်းများအား အမြန် ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးလင်းလင်းကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်တံခါးမြို့၊ မြို့မြေ နယ်နိမိတ်အား နိုင်ငံတော်အခွန်ငွေရရှိရန် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ကျောက်တံခါးမြို့သည် မြို့တွင်းနေလူဦးရေပေါင်း(၁၇၀၀၀၀)ကျော်ရှိပြီး၊ အိမ်ထောင်စုပေါင်း(၃၃၀၀)ကျော်နှင့် မြို့မြေဧရိယာ(၈၅၀)ဧကခန့်ရှိပြီး စာတိုက်၊ ကွင်းမြောက်၊ ကွင်းတောင်၊ ဈေးပိုင်းနှင့် ကွင်းနောက်ရပ်ကွက် စသည်ဖြင့် (၅)ရပ်ကွက် ဖွဲ့စည်းထားပါသည်။

ကျောက်တံခါးမြို့တွင် မြို့မြေအဖြစ် (၃၀. ၈. ၁၉၇၂)ရက်စွဲပါအမိန့်ကြော်ငြာစာဖြင့် ဧရိယာ(၂၀၀) ဧကအား ထုတ်ပြန်ကြော်ငြာခဲ့ပြီး မြို့ကွက်များအနေဖြင့် အနောက်စုရပ်၊ စာတိုက်ရပ်၊ ကွင်းတောင်ရပ်၊ ဈေးပိုင်းရပ်၊ ဌာနရပ်ဖြင့် မြို့ဧက(၂၀၀)အား မြို့ကွက်များအနေဖြင့် တိုင်းတာပြီး မြို့နေလူဦးရေများ တိုးပွားလာခြင်းကြောင့် အိမ်ထောင်စုများတိုးပွားလာသည့်အတွက် လက်ရှိတွင် မြို့ တွင်းနေအိမ်ထောင်စုများမှာ ဧရိယာ(၆၅၀)ဧကခန့်တိုးချဲ့နေထိုင်ပြီး မြို့မြေတိုးချဲ့ သတ်မှတ်ခြင်း၊ စနစ်တကျအကွက်ချထားပေးခြင်းမရှိသဖြင့် ပြည်သူများပိုင်ဆိုင်သည့်မြေများမှ လက်ရှိမြို့မြေနယ်နိမိတ်တွင်မပါဝင်သည့် မြေဧရိယာမှာ (၆၅၀)ဧကခန့် ရှိနေပါသည်။

အဆိုပါတိုးချဲ့မြို့နယ်နိမိတ်အတွင်းရှိ အိမ်ခြေများအား မြို့နယ်စည်ပင် သာယာရေးအဖွဲ့ မှ ၁၉၉၄-၁၉၉၅ခု ဘဏ္ဍာရေးနှစ်မှစတင်၍ ပစ္စည်းခွန်စည်းကြပ်ကောက်ခံခြင်း၊ အဆောက်အဦဆောက် လုပ်ခွင့်အား စည်းကြပ်ကောက်ခံခြင်းဆောင်ရွက်လျက်ရှိပါသည်။ အစီရင်ခံသည့်နေ့အထိ ကျောက်တံခါးမြို့နယ်အတွက် အိမ်ခြေ(၂၇၁၃)လုံး စည်းကြပ်ကောက်ခံထားပါကြောင်းနှင့် အဆိုပါမြေအား မြို့မြေနယ်နိမိတ် ပြင်ဆင် သတ်မှတ်ခြင်းကိစ္စအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲဖွင့်လှစ်ပြီး ဆက်လက်ဆောင်ရွက် ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးလင်းလင်းကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်တံခါးမြို့နယ်၊ ကွင်းနောက် ရပ်ကွက်အတွင်းရှိ ရှုပ်ထွေးနေသော လျှပ်စစ် ဓါတ်ကြိုးများအား ရှင်းလင်းပေးရန် (၄၀၀)ဗို့လိုင်း သစ်များ ဆွဲပေးရန်နှင့် ထရန်စဖော်မာတစ်လုံး တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ကျောက်တံခါးမြို့နယ်၊ ကွင်းနောက်ရပ်ကွက်၊ လျှပ်စစ်(၅)လမ်း နှင့်(၆)လမ်းတွင်

ရှည်လျားသောဆားဗစ်ကြိုးများပပျောက်စေရေးအတွက် (၄၀၀)ဗို့လိုင်း (၃)သွင် (၄)ကြိုး (၁၂၀)ပေ(၉)ခန်း တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၆-၁၇ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေ လျာထားလုပ်ငန်းများတွင် ထည့်သွင်းလျာထားခဲ့သော်လည်း ရန်ပုံငွေအခြေအနေအရ လုပ်ငန်းအား ခွင့်ပြုနိုင်ခြင်း မရှိခဲ့ပါ။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေလျာထားလုပ်ငန်းများတွင် အဆိုပါလုပ်ငန်းအား ထပ်မံ၍ ထည့်သွင်း လျာထားပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

ကျောက်တံခါးမြို့နယ်၊ ကွင်းနောက်ရပ်ကွက်အတွင်း ဘူတာလမ်း၊ မြို့ပတ်(၁)လမ်းတို့အား ခန်းမထောင့်(၁၁/၀.၄)ကေဗွီ(၃၁၅)ကေဗွီအေ ထရန်စဖော်မာမှ (၄၀၀)ဗို့လိုင်း(၄၀၀၀)ပေခန့်ဖြင့် ဓါတ်အားဖြန့်ဖြူးနေပြီး (၄၀၀)ဗို့လိုင်းအလျားရှည်လျားခြင်းနှင့် Phase လိုင်းမစုံခြင်းတို့ ကြောင့် ဗို့အားကျဆင်းမှုဖြစ်ပေါ်နေပါသည်။ အဆိုပါလမ်းများတွင် ဗို့အားရရှိမှု တိုးတက်လာစေ ရန်အတွက် ကျောက်တံခါးမြို့ အောင်မင်္ဂလာရပ်ကွက်တွင် (၁၁/၀.၄)ကေဗွီ(၂၀၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံး၊ (၁၁)ကေဗွီလိုင်း-၁၈၀၀ပေနှင့် (၄၀၀)ဗို့လိုင်း(၂၀၀၀)ပေ အသစ်တိုးချဲ့ ခြင်းလုပ်ငန်းမှာ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဘတ်ဂျက်ပါ လုပ်ငန်းအဖြစ် ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်(၇၆)၊ သန့်စင်ခန်းနှင့် ဈေးဆိုင်ခန်း များအား နိုင်ငံတော်အခွန်ဘဏ္ဍာငွေရရှိရေး၊ ဒေသခံ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေး၊ အများပြည်သူ ခရီးသွားလာရာတွင် အဆင်ပြေ စေရေးတို့ အတွက် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ယာဉ်ရပ်နားစခန်းများဖြစ်သည့် (ဘောနတ်ကြီး၊ ဖြူး(၁၁၅)မိုင်၊ နေပြည်တော်၊ သီးကုန်း၊စကားအင်း) တိုးဂိတ်များတွင် ခရီးသွားပြည်သူယာဉ်များရပ်နား အပန်းဖြေနိုင်ရန် ရည်ရွယ် ဆောက်လုပ်ပေးပြီးဖြစ်သည့်အပြင် ယာဉ်ရပ်နားစခန်းကြီးများ တစ်ခုနှင့် တစ်ခုကြား အကွာအဝေး (၈၁/၁၀၀)မိုင်ခန့် ဝေးကွာသဖြင့် အချို့သော ခရီးသွားယာဉ်များ မမျှော်မှန်း နိုင်သည့် ကိစ္စရပ်များဖြစ်သည့် ဘီးပေါက်ခြင်း၊ စက်ချို့ယွင်းခြင်းစသည့်တို့ ဖြစ်ပေါ်ပါက အုပ်ချုပ်မှု ကိစ္စဆောင်ရွက်ရန် အဆင်ပြေစေရေး ရည်ရွယ်၍ သန့်စင်ခန်းများအား ခန့်မှန်းမိုင်(၄၀)ကြား တစ်ခုနှုန်းဖြင့် ၇၆ မိုင်၊ ၁၅၈ မိုင်၊ ၂၄၃မိုင်၊ ၃၁၇မိုင် စသည့်တို့တွင် မူလအစီအစဉ်အရ ယာယီသန့်စင်ခန်းများအဖြစ်သာ သီးခြားဖွင့်လှစ် ဆောင်ရွက် ပေးခဲ့ခြင်း ဖြစ်ပါသည်။

သန့်စင်ခန်းနေရာများတွင် ယာဉ်များ ခေတ္တရပ်နားအခြေပြုရာမှ ဝန်းကျင်ကျေးရွာများရှိ ရပ်ကျေး ဈေးသည်များသည် သန့်စင်ခန်းဘေး ဝဲယာတွင်သာမက အမြန်လမ်းမကြီး ယာဉ်သွားလမ်း နှုတ်ခမ်းထိ စည်းကမ်းမဲ့ ရောင်းချမှုများရှိလာခြင်း၊ သန့်ရှင်းသပ်ရပ်မှုမရှိကြောင်း ခရီးသွားပြည်သူများမှ ဝေဖန် အကြံပြုခြင်း၊ မော်တော်ယာဉ်များ ရပ်နားစဉ်တွင်လည်း ဈေးဆိုင်ခန်းများရှေ့ အမြန်လမ်းမကြီးဘေး ကပ်လျှက်တွင် ရပ်နားကြခြင်းကြောင့် အရှိန်ဖြင့် မောင်းနှင်လာသောယာဉ်များ ယာဉ်မတော်တဆ ဖြစ်ပွား

နိုင်ခြင်းများ တွေ့ရှိရသည့်အတွက် (၁၃. ၁၀. ၂၀၁၅)ရက်နေ့မှစ၍ ယာယီပိတ်ထားခဲ့ရခြင်း ဖြစ်ပါသည်။

ဒေါ်ဝင်းအပြင် (၇၆)မိုင် သန့်စင်ခန်းနှင့်ပတ်သက်၍ အမြန်လမ်းမကြီးအား နိုင်ငံတကာအဆင့်မီလမ်းမကြီးအဖြစ် တိုးချဲ့ဖောက်လုပ်နေစဉ် အမြန်လမ်းမကြီးပေါ်ရှိ သန့်စင်ခန်းများကိုပါ နိုင်ငံတကာအဆင့်မီလုပ်ဆောင်သွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သန့်စင်ခန်းများ မွမ်းမံတည်ဆောက်ပြီးပါက ရပ်ကျေးဈေးသည်များအား စနစ်တကျနေရာချထား ရောင်းချစေခြင်း၊ ကားပါကင်များ နေရာသတ်မှတ်ခြင်း၊ သန့်စင်ခန်းလေလံတင်ရောင်းချခြင်း စသည်တို့အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မေးခွန်းအမှတ်စဉ်(၃)နှင့်ပတ်သက်၍ ဆက်စပ် မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မေးခွန်းအမှတ်စဉ်(၃)နှင့်ပတ်သက်ပြီး တင်ပြရသည်မှာ ပြည်သူများ၏ မျှော်လင့်ချက်ဆန္ဒအတိုင်း ပြည်သူများမှ မိမိအား ဈေးဆိုင်များပြန်လည်ဖွင့်လှစ်ချင်ကြောင်း လာရောက်ပြောကြားသည့်အတွက် ယခုကဲ့သို့ ကြယ်ပွင့်ပြမေးခွန်းကိုမေးမြန်းရာတွင် ဝန်ကြီးဖြေကြားရာ၌ မိုင်(၄၀)ကြားတွင် သန့်စင်ခန်း(၁)ခန်း (၇၆)မိုင်၊ (၁၅၈)မိုင်၊ (၂၄၃)မိုင်၊ (၃၁၇)မိုင်တို့တွင် အသီးသီးဖွင့်လှစ်ခဲ့သော်လည်း မိမိ၏ မဲဆန္ဒနယ်ဖြစ်သည့် အမြန်လမ်းမိုင်တိုင်(၇၆)တွင် ကွက်ကြားမိုးရွာသလားဆိုပြီး စဉ်းစားစရာဖြစ်ပါသည်။ မိမိနေရာမှ အန္တရာယ်များကျရောက်လာရသလားဟု တွေးစရာဖြစ်လာပါသည်။ ယခင်သန့်စင်ခန်းမလုပ်ခင်က မည်ကဲ့သို့ စဉ်းစားခဲ့သလဲ၊ ယာယီသန့်စင်ခန်းများဖွင့်စဉ်က ယခုလိုအန္တရာယ်ရှိမည်ကို မစဉ်းစားခဲ့မိဘူးလား၊ ယခုအသစ်ဖွင့်ရာတွင်လည်း သန့်စင်ခန်းများစွာရှိသည့်အနက် ၎င်းသန့်စင်ခန်းမှ ပိတ်ထားသည်ဖြစ်၍ မိမိအနေဖြင့် ပြည်သူများအား မည်ကဲ့သို့ ရှင်းပြရမည်ဆိုသည့် အခက်အခဲရှိပါကြောင်း၊ သူများသန့်စင်ခန်းများဖွင့်ပြီး၊ မိမိသန့်စင်ခန်းမိုင်တိုင်(၇၆)တစ်ခုတည်းသာပိတ်ထားသည့်အတွက် ဒီမိုကရေစီစံနှုန်းဖြစ်သည့် Equality အရလည်း သာတူညီမျှမှုမရှိဟု မိမိအနေဖြင့် ခံယူပါကြောင်း၊ ၎င်းအတွက် မိမိတို့၏ သန့်စင်ခန်းကို ပိတ်မည်ဆိုလျှင် အခြားယာယီသန့်စင်ခန်းများအားလုံး ပိတ်သိမ်းသင့်ကြောင်း ပြောကြားလိုပါသည်။ ဝန်ကြီးဖြေကြားသည့်နောက်ဆုံးတွင် အဆင့်မြင့်နိုင်ငံတကာလမ်းမကြီး ဖောက်လုပ်၍ သန့်စင်ခန်းများကို သေချာစနစ်တကျ ပြုလုပ်မည်ဆိုသည်မှာ ခန့်မှန်းတွေးစရာဖြစ်ပြီး မည်သည့်နေ့ မည်သည့်အချိန်ပြုလုပ်မည်ကိုလည်း မသိပါကြောင်း၊ လတ်တလောကြုံကြိုက်နေရသည့် ပြည်သူများခံစားနေရသည့် ၎င်းတို့၏မျှော်လင့်ချက်ကို ဖော်ဆောင်ပေးရန် အခြားသန့်စင်ခန်းများကို ဖွင့်ပါက မိုင်တိုင်(၇၆)သန့်စင်ခန်းကို ဖွင့်ပေးသင့်ပါသည်။ ၎င်းအချိန်အခါမှ ယင်းသန့်စင်ခန်းညစ်ပတ်သည်ဟု ပြောပါရန်၊ ညစ်ပတ်သည်ဆိုသည်မှာ ယနေ့အချိန်အခါတွင် ပိုပြီးအကျည်းတန်နေပါသည်။ သန့်စင်ခန်းကို သွပ်ပြားအစုတ်များနှင့် ပိတ်သိမ်းပြီး ယနေ့ခရီးသွားပြည်သူများသည် အပေါ့သွားရာ၌ သန့်စင်ခန်းရှေ့ကို အပေါ့သွားနေသည်ကို

တွေ့ရှိရပါကြောင်း၊ ၎င်းအရာများအားလုံးကို ပိတ်သိမ်းထားမှသာလျှင် အကျည်းတန်က ပျောက်မည်ဖြစ်သည်။ သာတူညီမျှမှုဖြစ်စေရန် အခြားသန့်စင်ခန်းများနှင့်တန်းတူ ဖွင့်လှစ်ပေးသင့်ပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးလင်းလင်းကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် ပတ်သက်၍ ဆက်စပ်မေးခွန်းကို စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ယခုပိတ်သိမ်းထားသော သန့်စင်ခန်းမှာ ပြည်ထောင်စုဝန်ကြီးဌာနမှ ညွှန်ကြားချက်များဖြင့် ပိတ်သိမ်းထားခြင်းဖြစ်ပါကြောင်းနှင့် အကယ်၍ လွှတ်တော်ကိုယ်စားလှယ်တင်ပြထားသကဲ့သို့ ပိတ်သည့်နေရာပိတ်၍ ဖွင့်သည့်နေရာဖွင့်ဖြစ်ခဲ့လျှင် မိမိတို့တိုင်းဒေသကြီးဝန်ကြီးအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန် အင်းသမားနှင့် ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများအပေါ် မူဝါဒချမှတ်၍ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း" အဆိုကို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း။**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန် အင်းသမားနှင့် ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများအပေါ် မူဝါဒချမှတ်၍ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရန် ဖြစ်ပါတယ်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံ အင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန်/ အင်းသမားနှင့် ရေလုပ်သားများ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများ အပေါ် မူဝါဒချမှတ်၍ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမည့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**ဦးဝင်းကို၊ မိုးညှိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒေါ်ရီရီထိုက်၏ **"ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန် အင်းသမားနှင့် ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများ အပေါ် မူဝါဒချမှတ်၍ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံဆွေးနွေးသွားမည်ဖြစ်ပါသည်။ ပဲခူးတိုင်းဒေသကြီး အတွင်းတွင် မြစ်၊ ချောင်း၊ အင်းအိုင်များ အလွန်ပေါများပါသည်။ ပေါများသည့်အလျောက် ချောင်း၊ မြောင်းများသည် လယ်ကွင်းများကြားတွင် ဖြတ်သန်းစီးဆင်းပြီး ရှိနေသည်မှာ လယ်ကွင်းများကြားတွင် ရှိနေသည်က များပါသည်။ မိုးအခါတွင် အင်းသမားနှင့် လယ်သမား၊ အင်းသမားနှင့် ရေလုပ်သားတို့၏ ပြဿနာမှာ ရာသီပေါ်ပြဿနာကဲ့သို့ ဖြစ်နေပါသည်။ သို့ပါ၍ ၎င်းပြဿနာများကို အစိုးရတစ်ရပ်အနေဖြင့် နိုင်နိုင်နင်းနင်းဖြေရှင်းသွားမှသာလျှင် ဒေသခံလုံခြုံရေးကို ထိခိုက်မှုအား သက်သာစေပြီး၊ တရားဥပဒေစိုးမိုးရေး ကိန်းအောင်းမှုကို ဟန့်တားကာကွယ်နိုင်မည်ဖြစ်ပါသည်။ အင်းသမားနှင့် လယ်သမားပြဿနာနှင့် ရေလုပ်သားများ အငြင်းပွား ပြဿနာများကို တိုင်းဒေသကြီးအစိုးရအနေဖြင့် စီမံချက်ချဆောင်ရွက်ပေးမှသာလျှင် ပြဿနာများချုပ်ငြိမ်းပြီး လယ်သမားကလည်း ကိုယ့်နေရာနှင့်ကိုယ် ဆောင်ရွက်နိုင်သကဲ့သို့ အင်းသမားနှင့် ရေလုပ်သားများသည် ၎င်းတို့၏သားငါးထုတ်လုပ်မှုများကို လိုအပ်သလို လုပ်ကိုင်နိုင်မည်ဖြစ်၍ အစိုးရတစ်ရပ်အနေဖြင့် စီမံချက်ချဆောင်ရွက်ပေးရန် ဒေါ်ရီရီထိုက်၏အဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါ်ရီရီထိုက်၏ အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ်ရှိပါသေးသလားခင်ဗျား။

**ဦးဝင်းမြင့်၊ ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဒေါ်ရီရီထိုက်၏ အဆိုနှင့်ပတ်သက်၍ လက်ခံဆွေးနွေးသင့်ကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမည်ဖြစ်ပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်ပြီး ငါးလုပ်ငန်းဦးစီးဌာန၏ ဖြစ်ပျက်နေသည့်ကိစ္စသည် ကြာမြင့်နေပြီဖြစ်ပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်ပြီး အဓိကထဲထဲ ဝင်ဝင်သိ၍ ပါဝင်ရသည်မှာ အင်းအိုင်ချောင်းမြောင်းနှင့် နီးစပ်သည့် လယ်သမားတစ်ဦး ဖြစ်နေလို့ပါဘဲ။ ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်မှုများသည် မည်မျှလွဲမှားခဲ့သလဲဆိုလျှင် ယခင်သက်တမ်းကာလ တိုင်းအဆင့်အကြီးဆုံးပုဂ္ဂိုလ်လာရောက်ပြီး မိမိတို့လယ်သမားများနှင့်တွေ့ပါသည်။ ယခင်စစ်အုပ်ချုပ်ရေးကာလ နဝတ လက်အောက်ခေတ်ကာလတွင် တွေ့ရပါသည်။ ယင်းကဲ့သို့ အဆင့်ဆင့်သော ပုဂ္ဂိုလ်များသည် တောင်သူ လယ်သမားများ၏ အခက်အခဲကိုသိရှိပြီး ပွင့်လင်းမြင်သာစွာဖြင့် ရေနုတ်မြောင်းပေါ်တွင် ရေစီးရေလာပိတ်ဆို့မှုကို နှောင့်ယှက်စေသည့် ဝါးလုံးတစ်လုံးမျှ စိုက်ခွင့်မရှိကြောင်း ပြောကြားပြီးနောက် မိုင်(၃၀)ခန့်ရှိသော မုက္ခမူရေနုတ်မြောင်း (သို့) ချိန်းချောင်းထဲတွင် ချောင်းတစ်ခုလုံးကိုပိတ်ပြီး အင်းချက်(၁၀)ချက်ထက်မနည်း တွေ့ရပါသည်။ ၎င်းကိစ္စများကို မိမိတို့အဆင့်ဆင့် ဆောင်ရွက်ခဲ့ရသည်မှာ ပထမအကြိမ် ရွေးကောက်ပွဲ

ကာလတွင် အနည်းငယ်အသက်ရှူပေါက်ရသည့်အဆင့်ကို ရရှိခဲ့ပါသည်။ ၂၀၁၃ခုနှစ် ပြည်သူ့လွှတ်တော်တွင် ရေစီးရေလာကောင်းမွန်အောင်လုပ်သည့် ချောင်းမြောင်းများပေါ်တွင် ငါးဖမ်းခွင့်မရှိဟု လယ်ယာစိုက်ပျိုးရေး ဒုတိယဝန်ကြီးကိုယ်တိုင် ပြောကြားခဲ့ပါသည်။ ၂၀၁၄ခုနှစ်တွင် မိမိအပါအဝင် လယ်သမား(၅)ဦးစုပေါင်းပြီး နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးအား သွားရောက်တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီး၏ တာဝန်ပေးမှုအရ (၇)ရက်အတွင်း ပဲခူးတိုင်းအဆင့်ရှိ စစ်ဆေးရေးအဖွဲ့ (၅)ဦး ရောက်ရှိခဲ့ပါသည်။ အဖွဲ့ခေါင်းဆောင်မှာ တိုင်းစစ်ဆေးရေးမှူး အမျိုးသမီးဖြစ်ပြီး မိမိတို့အား မစစ်ဆေးမီ ၎င်းတို့ကိုယ်တိုင်အားလုံး ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပြီး၍ မိမိတို့တိုင်သည့် (၇)ချက်မှာ လွဲမှားမှုမရှိသော်လည်း ဘာမျှဖြစ်လာမည်မဟုတ်၍ ဆက်လက် ကြိုးစားပါဦးဟု ပြောကြားပါသည်။ ၎င်းနှစ်တွင် မိမိတို့သည် ရေကြီးနစ်မြုပ်၍ လယ်(၁၀)ဧကခန့် ပျက်စီး ဆုံးရှုံးခဲ့ပါသည်။ ယခင်နှစ်က ဖွင့်လှစ်ထားသည့် ချိန်းချောင်းပေါ်တွင် ပိတ်ချက်(၁)ခု ပေါ်ပေါက်လာသည် ဖြစ်၍ ရေမကြီးဟုထင်သည့် အနေအထားသည် မိုးအားကောင်းပြီး (၂)ရက်(၃)ရက်အတွင်း (၃)ပေမက မြင့်တက်လာပြီး မိမိတို့လယ်မြေ ရေနစ်မြုပ်သည့်အနေအထားရှိပါသည်။ အဓိကမှာ ငါးလုပ်ငန်းဦးစီးဌာန၏ လွဲမှားစွာ ဆောင်ရွက်မှုများသည် နှစ်နှင့်ချီပြီး ရှိနေပါသည်။ ၎င်းကိစ္စကို မိမိတို့တိုင်းအနေဖြင့် အဓိက ဆောင်ရွက်သင့်သည့် အချက်တစ်ချက်ဖြစ်သည်ဟု အကြံပြုလိုပါသည်။ အထူးသဖြင့် ဆင်းရဲသည့် လူတန်းစားသည် ကျေးလက်နေ ပြည်သူ၇၀%ဖြစ်ပါသည်။ ကျေးလက်နေပြည်သူများနှင့် ဆက်စပ်သည့် လုပ်ငန်းကို အဓိကစဉ်းစားရမည့် အချက်(၁)ချက်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့်အစိုးရသက်တမ်းတွင် လွှတ်တော်၌ ပြောကြားသွားခဲ့သည်မှာ အင်းအိုင်ချောင်းမြောင်းများသည် ကျေးရွာများ၏ သယံဇာတဖြစ်ပါ၍ ၎င်းသယံဇာတကို ကျေးရွာသူကျေးရွာသားများသာ ခံစားသင့်ပါသည်ဟု အသံတစ်ခုထွက်ခဲ့ပါသည်။ ၎င်းတို့နှင့်ပတ်သက်၍ မိမိတို့ ပြုပြင်ပြောင်းလဲရမည့် အနေအထားရှိသဖြင့် ဥပဒေမူဝါဒများ ချမှတ်ပြီး ပြုလုပ်ရမည့်ကိစ္စဖြစ်၍ ပဲခူးတိုင်း အစိုးရအနေဖြင့် ၎င်းကိစ္စကို အရေးတယူပြုပြင် ဆောင်ရွက်သင့်ပါကြောင်း အဆိုကို ဆက်လက်ထောက်ခံ ဆွေးနွေးပြီး နိဂုံးချုပ်အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒေါ်ရီရီထိုက် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ထောက်ခံသွားပါတယ်။ ဒါ့ကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ ဆန္ဒရယူပါမည်။ အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း။ အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းတင်သွင်း နိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိသည့်အတွက် ဒေါ်ရီရီထိုက်၏အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ ဒေါ်ရီရီထိုက် တင်သွင်းသည့်အဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်းပေးသွင်းကြရန် ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။တိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို (၁၅း၃၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၆ခုနှစ် အောက်တိုဘာလ (၄)ရက် (အင်္ဂါနေ့) (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# ဒုတိယနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်
# [ ၂၀၁၆ခုနှစ် ၊ အောက်တိုဘာလ ၄ ရက် ]
# (အင်္ဂါနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၈၉. ၄၇ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]နှင့် ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဝင်းတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျနှင့် အုတ်တွင်း မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်တို့သည် ကျန်းမာရေး မကောင်းပါသဖြင့်လည်းကောင်း၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန]သည် လုပ်ငန်းတာဝန်ထမ်းဆောင်ရန် ရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းနှင့် ဗိုလ်မှူးဇေယျာဦးတို့သည် အရေးကြီးတာဝန်ထမ်းဆောင်ရန် ရှိပါသဖြင့် (၄-၁၀-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၈)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာအား စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ညွန့်ညွန့်ဌေး၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာအား စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ညွန့်ညွန့်ဌေး၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ညွန့်ညွန့်ဌေး[အတွင်းရေးမှူး၊ စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ]**။ ။ ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးသို့ ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ တင်သွင်းသည့်အစီရင်ခံစာ

**နိဒါန်း**

ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၆)ကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၇)၊(၂၈)နှင့်(၂၉)ရက်နေ့တို့တွင်လည်းကောင်း၊ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၁၂/၂၀၁၆)ကို ၂၀၁၆ ခုနှစ် ဩဂုတ်လ (၁၅)ရက်နေ့နှင့်(၁၆)ရက်နေ့တို့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့နှင့်(၁၈)ရက်နေ့တို့တွင် စည်ပင်သာယာရေးဥပဒေကြမ်းနှင့် ပတ်သက်သည့် ကြားနာခြင်းအစည်းအဝေးကိုလည်းကောင်း၊ ကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၁၃/၂၀၁၆)ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့နှင့် (၃၁)ရက်နေ့ တို့တွင်လည်းကောင်း၊ ကော်မတီ(၂)ရပ်တို့၏ ပူးပေါင်းအစည်းအဝေးအမှတ်စဉ်(၁၄/၂၀၁၆)ကို ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၇)ရက်၊ (၈)ရက်နှင့် (၉)ရက်နေ့တို့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အကောင်ထည်ဖော်နိုင်ခဲ့ပါသည်။

**ရည်ရွယ်ချက်များ**

- ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၃)၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေအား ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်နိုင်ရန် ရည်ရွယ်ပါသည်။
- ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၃) ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေတွင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရန်အချက်များ(၅၀) ရာခိုင်နှုန်းကျော်ရှိ၍ စည်ပင်သာယာရေးဥပဒေမူကြမ်း အသစ်ပေါ်ပေါက်လာရန် ရည်ရွယ်ပါသည်။

**လုပ်ငန်းဆောင်ရွက်ချက်များ**

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၇)၊(၂၈)နှင့်(၂၉)ရက်နေ့တို့တွင် ကော်မတီ(၂)ရပ် ပူးပေါင်းအစည်းအဝေး (၁၁/၂၀၁၆)၌ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်(၂၈)မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်(၃)၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေနှင့်ပတ်သက်၍ စိစစ်အကြံပြုချက်များကို သုံးသပ်ဆွေးနွေးခဲ့ပြီး အောက်ပါတို့ကို ဆုံးဖြတ်ခဲ့ပါသည်-

- လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီးထံသို့ နောက်ဆုံးအဆင့် စည်ပင်သာယာရေးဥပဒေမူကြမ်း ပေးပို့ရန်။
- ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ(၂)ရပ် ပူးပေါင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ၊ (၁၅)ရက်နေ့နှင့် (၁၆)ရက်နေ့ တို့တွင် ကျင်းပရန်။
- ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့နှင့်(၁၈)ရက်နေ့တို့တွင်ပြုလုပ်မည့် နောက်ဆုံးအဆင့် စည်ပင်သာယာရေးဥပဒေမူကြမ်းနှင့်ပတ်သက်သည့် ကြားနာခြင်းအစည်းအဝေးသို့ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာနဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ညွှန်ကြားရေးမှူးတို့အား ဖိတ်ကြားပေးပါရန်နှင့် စည်ပင်သာယာရေးနှင့်ပတ်သက်သည့်

အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများပါ တစ်ပါတည်း ယူဆောင်လာရေး အကြောင်းကြားပေးပါရန်ဆုံးဖြတ်ခဲ့ပြီး ပူးပေါင်းအစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၆)ကို ရုပ်သိမ်းခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့နှင့်(၁၆)ရက်နေ့တို့တွင် ကော်မတီ(၂)ရပ် ပူးပေါင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေမူကြမ်းအား ဆွေးနွေးခြင်းနှင့် ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့နှင့်(၁၈)ရက်နေ့တို့တွင် စည်ပင်သာယာရေးဥပဒေနှင့်ပတ်သက်၍ ကြားနာခြင်းဆောင်ရွက်ခဲ့ပြီး အောက်ပါဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်-

- ကြားနာခြင်းဆောင်ရွက်ပြီးနောက် စည်ပင်သာယာရေးဥပဒေမူကြမ်းနှင့်ပတ်သက်၍ ထပ်မံတွေ့ရှိချက်များအား နောက်တစ်ကြိမ်အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။
- ကော်မတီ(၂)ရပ်ပူးပေါင်းအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့နှင့် (၃၁)ရက်နေ့တို့တွင် ထပ်မံကျင်းပရန်ဆုံးဖြတ်ခဲ့ပြီး ကော်မတီ(၂)ရပ်ပူးပေါင်းအစည်းအဝေး (၁၂/၂၀၁၆)ကို ရုပ်သိမ်းခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၇)ရက်နေ့နှင့်(၁၈)ရက်နေ့တို့တွင် စည်ပင်သာယာရေးဥပဒေမူကြမ်းနှင့် ပတ်သတ်၍ ကြားနာရန် စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး တရားသူကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်တို့အား ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဖိတ်ကြားခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့နှင့်(၁၈)ရက်နေ့ ကြားနာခြင်း အစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့်လူမှုရေးဝန်ကြီး မတက်ရောက်နိုင်ခဲ့ပါ။ ကြားနာခြင်းအစည်းအဝေးသို့ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဒုတိယဦးစီးမှူး၊ ပဲခူးတိုင်းဒေသကြီးတရားသူကြီး၊ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၊ ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိတို့ တက်ရောက်ခဲ့ပြီး ကော်မတီနှစ်ရပ်မှ ကြားနာမှုအဖွဲ့နှင့် လေ့လာသူများတက်ရောက်ခဲ့ကြကာ စည်ပင်သာယာရေးဥပဒေမူကြမ်းအား ကြားနာမှု ပြုလုပ်ခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၃၀)ရက်နေ့နှင့်(၃၁)ရက်နေ့တို့တွင် ကော်မတီ(၂)ရပ်ပူးပေါင်းအစည်းအဝေး အမှတ်စဉ်(၁၃/၂၀၁၆)ကို ကျင်းပပြုလုပ်ခဲ့ပြီး စည်ပင်သာယာရေးဥပဒေမူကြမ်းအား ကြားနာမှုပြုလုပ်၍ ထပ်မံတွေ့ရှိချက်များကို ဆွေးနွေးခဲ့ကြကာ ပူးပေါင်းအစည်းအဝေး(၁၃/၂၀၁၆)ကို ရုပ်သိမ်းခဲ့ပါသည်။

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ(၇)ရက်၊(၈)ရက်နှင့်(၉)ရက်နေ့တို့တွင် ကော်မတီ(၂)ရပ် ပူပေါင်းအစည်းအဝေးအမှတ်စဉ်(၁၄/၂၀၁၆)ကို ကျင်းပပြုလုပ်ခဲ့ပြီး စည်ပင်သာယာရေးဥပဒေမူကြမ်းအား ဆက်လက်ဆွေးနွေးကြကာ ပူးပေါင်းအစည်းအဝေး (၁၄/၂၀၁၆)ကို ရုပ်သိမ်းခဲ့ပါသည်။

**ရှေ့လုပ်ငန်းစဉ်များ**

- ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကိုအခြေခံ၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ် အကောင်ထည်ဖော်ဆောင်ရွက်သွားရန်။
- ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုး

တိုးတက်ရေးကော်မတီတို့၏ (၂/၂၀၁၆)အစီရင်ခံစာပါ ကျန်ရှိသည့်ရှေ့လုပ်ငန်းစဉ်များအား ဆက်လက်အကောင်ထည်ဖော်ဆောင်ရွက်ရန်။

- စည်ပင်သာယာရေးဥပဒေမူကြမ်းအသစ်အား ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းနိုင်ရန်အတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန်။

**နိဂုံး**

ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ(၂)ရပ်တို့၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့်အညီ ပဲခူးတိုင်းဒေသကြီးအကျိုးအတွက် အစွမ်းကုန်အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဒေါ်မူမူခင်၊ သာယာဝတီမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်မူမူခင်[အတွင်းရေးမှူး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ]**။ ။ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီ ၂၀၁၆ခုနှစ်၊ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းအစီရင်ခံစာ

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီသည် မိမိတို့ဒေသတွေ့ကြုံဖြတ်သန်းခဲ့ရသော ရေးရာကော်မတီဆိုင်ရာ ကိစ္စရပ်များအား ပူးပေါင်းကူညီဆောင်ရွက်ကြလျက် အစိုးရသစ်၏ ဆောင်ရွက်မှုများအား ထိန်းညှိသွားနိုင်ရေးကိုလည်း တစ်ပါတည်းဆောင်ရွက်ခဲ့မှုအပေါ် ရေးရာကော်မတီ တတိယအစီရင်ခံစာကို ပြုစုတင်ပြခြင်းဖြစ် ပါသည်။

**ကော်မတီအစည်းအဝေးကျင်းပမှုများ**

အစီရင်ခံစာ((၂/၂၀၁၆)တွင် ပါရှိပြီးဖြစ်သော အစည်းအဝေးမှတ်တမ်းအားချန်လှပ်၍ တတိယအစီရင်ခံစာတွင် အောက်ပါအစည်းအဝေးမှတ်တမ်းများဖြင့် အစည်းအဝေးကျင်းပနိုင်ခဲ့ပါသည် -

- ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး)အစည်းအဝေးခန်းမတွင် ၂၀၁၆ခုနှစ်၊ ဇူလိုင်လ(၂၈)ရက်နေ့

နံနက်(၁၀)နာရီ မှ နေ့လည်(၁)နာရီအထိ ကျင်းပနိုင်ခဲ့ပြီး အစည်းအဝေး တက်ရောက်သော ရေးရာကော်မတီ(၁၂)ဦးနှင့် ပဲခူးတိုင်းဒေသကြီးလွှတ်တော် အကြံပေးအဖွဲ့၊ ပညာရေး လုပ်ငန်းဆိုင်ရာကျွမ်းကျင်သူ ဦးသိန်းလွင်နှင့် ကျန်းမာရေးလုပ်ငန်းဆိုင်ရာကျွမ်းကျင်သူ ဒေါက်တာမြသောင်းတို့ တက်ရောက်ကြပါသည်။

- ထိုအစည်းအဝေးမှတ်တမ်းမှ အောက်ပါဆုံးဖြတ်ချက် (၃)ရပ်အား ချမှတ်နိုင်ခဲ့ပါသည်
    - ပညာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ ဦးသိန်းလှိုင်နှင့် ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူ ဒေါက်တာမြသောင်းတို့ အကြံပြုချက်များရယူရန်။
    - (၁၁. ၈. ၂၀၁၆)ရက်နေ့ (၁၀)နာရီအချိန် တိုင်းဒေသကြီးလွှတ်တော်ရုံးတွင် ပဲခူးတိုင်း ပညာရေးမှူး၊ ဖြူးမြို့နယ်ပညာရေးမှူး၊ ထန်းတပင်မြို့နယ်ပညာရေးမှူး၊ ရွှေကျင်မြို့နယ် ပညာရေးမှူးတို့နှင့် ရေးရာကော်မတီများ တွေ့ဆုံညှိနှိုင်းပွဲ။
    - (၁၂. ၈. ၂၀၁၆)ရက်နေ့ (၁၀)နာရီအချိန် တိုင်းဒေသကြီးလွှတ်တော်ရုံးတွင်
        - Pretty Home ဆောက်လုပ်ရေး ကုမ္ပဏီ
        - Golden Bago ဆောက်လုပ်ရေးကုမ္ပဏီ
        - ရွှေရင်ကျေး ဆောက်လုပ်ရေးကုမ္ပဏီ
        - ကောင်းစံဝင်းဝင်း ဆောက်လုပ်ရေးကုမ္ပဏီ
        - ပဲခူးတိုင်းအနောက်ခြမ်း ဗလာစာအုပ်တင်ဒါရရှိသော AMI ကုမ္ပဏီတို့နှင့် ရေးရာကော်မတီများ တွေ့ဆုံညှိနှိုင်းပွဲများကို ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌကြီးမှ စီစဉ်ဆောင်ရွက်ပေးရန် တင်ပြတောင်းခံခြင်း ဆုံးဖြတ်ချက်များ ရရှိပါသည်။
- ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးရာကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို (ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး)အစည်းအဝေးခန်းမတွင် ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့ နံနက်(၁၀)နာရီ မှ နေ့လယ်(၁၂)နာရီအထိ ကျင်းပနိုင်ခဲ့ပြီး အစည်းအဝေးတက်ရောက်သော ရေးရာကော်မတီ(၁၁)ဦးနှင့် ကျင်းပနိုင်ခဲ့ပါသည်။ ထိုမှတစ်ဆင့် ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့ နေ့လယ်(၁)နာရီ မှ (၂)နာရီခွဲအထိ အစည်းအဝေးကို (၂)ရက်ဆက်တိုက်ကျင်းပရာ အောက်ပါအစည်းအဝေး ဆုံးဖြတ်ချက်များ ရရှိခဲ့ပါသည်။
- AMI ကုမ္ပဏီမှ ပညာရေးဌာနသို့ ပြန်လည်ပေးလှူရန် ဗလာစာအုပ်ဒါဇင်(၃၀၀) ပေးလှူမည်ဖြစ်ကြောင်း ရေးရာကော်မတီသို့ ပေးပို့အကြောင်းကြားလာခြင်းအပေါ် ရေးရာ ကော်မတီမှ လက်ခံနိုင်မည်မဟုတ်ကြောင်း ကန့်ကွက်လွှာ ပေးပို့ရန်။
- ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးရာကော်မတီသည် သာယာဝတီဆေးရုံ၊ အုတ်ဖို အ. ထ. က၊ နတ်တလင်းအစရှိသည့် နေရာများမှ တင်ပြတိုင်ကြားလာသည့်အပေါ် ကွင်းဆင်းစစ်ဆေးနိုင်ရန်အတွက် (၁၀. ၁၀. ၂၀၁၆)ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ ခွင့်ပြုစီစဉ်ပေးပါရန် ထိုဆုံးဖြတ်ချက်များကို ရရှိပါသည်။

**အစီရင်ခံစာ**

- ပဲခူးတိုင်းဒေသကြီးလွှတ်တော်အကြံပေးအဖွဲ့ ပညာရေးဆိုင်ရာကျွမ်းကျင်သူ ဦးသိန်းလွင်၏ (၃၁. ၈. ၂၀၁၆)ရက်စွဲပါ အကြံပြုတင်ပြစာနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော် အကြံပေးအဖွဲ့ ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူ ဒေါက်တာမြသောင်း၏ (၃၁. ၈. ၂၀၁၆) ရက်စွဲပါ အကြံပြုတင်ပြစာများကို လက်ခံရရှိပြီးဖြစ်၍ ရေးရာကော်မတီအစည်းအဝေးတွင် တင်ပြဆွေးနွေးသဘောတူညီချက် ရယူအကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုစီစဉ်ပေးမှုဖြင့် (၁၁. ၈. ၂၀၁၆)ရက်နေ့ နံနက်(၁၀) တိုင်းဒေသကြီးလွှတ်တော်ရုံးတွင် လွှတ်တော်ဒုဥက္ကဋ္ဌ၊ လွှတ်တော်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးရာ ကော်မတီဝင်(၁၁)ဦးနှင့် ဒေါ်ခင်သက်ဦး ဒုညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး၊ ဒေါ်အုံးကျင်၊ မြို့နယ်ပညာရေးမှူး၊ ဖြူးမြို့နယ်ပညာရေးမှူးရုံး၊ ဒေါ်အေးဝင်း၊ မြို့နယ်ပညာရေးမှူး ထန်းတပင်မြို့နယ်ပညာရေးမှူးရုံး၊ ဦးစိုးသိန်း၊ မြို့နယ်ပညာရေးမှူး၊ ရွှေကျင်မြို့နယ်ပညာရေးမှူးရုံးတို့ တက်ရောက်၍ တွေ့ဆုံညှိနှိုင်းကျင်းပနိုင်ခဲ့ပါသည်။ ထိုတွေ့ဆုံညှိနှိုင်းမှုမှ အောက်ပါရလဒ်ကောင်းများကို သဘောတူညီမှု ရရှိခဲ့ပါသည်။
    - ပညာရေးဌာနမှ တာဝန်ရှိသူများသည်ဒေသဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်း၍ ပြည်သူ့အတွက်ကောင်းမွန်သော ရလဒ်တစ်ရပ်ရရှိရန်ဆောင်ရွက်မည်။
    - ၂၀၁၅-၁၆ဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်းဒေသကြီးတွင် စာသင်ကျောင်းများကို တာဝန်ယူဆောင်ရွက်ခဲ့သော ကုမ္ပဏီများအနေဖြင့် စာချုပ်ပါသက်တမ်းနှင့်အညီ ပြုပြင်ရန်လိုအပ်သော လုပ်ငန်းများအား ပြန်လည်ဆောင်ရွက်ပေးရန် သဘောတူညီချက်နှင့် ကတိကဝတ်များ ရရှိခဲ့ပါသည်။
    - ၂၀၁၆-၁၇ပညာသင်နှစ်အတွက် ပဲခူးတိုင်းဒေသကြီး၊သာယာဝတီခရိုင်နှင့်ပြည်ခရိုင် တို့တွင် နိုင်ငံတော်မှ အခမဲ့ဖြန့်ဝေသော ကျောင်းသုံးဗလာစာအုပ်နှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ခဲ့သော AMI ကုမ္ပဏီအနေဖြင့် စာချုပ်ပါစည်းကမ်းလိုအပ်ချက်များအပေါ် ကုမ္ပဏီအမှုဆောင်များနှင့်တိုင်ပင်၍ တိုင်းပညာရေးဌာနသို့ ပံ့ပိုးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုစီစဉ်ပေးမှုဖြင့် (၁၁. ၈. ၂၀၁၆)ရက်နေ့ နံနက်(၁၀) တိုင်းဒေသကြီးလွှတ်တော်ရုံးတွင် လွှတ်တော်ဒုဥက္ကဋ္ဌ၊ လွှတ်တော်ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီဝင်(၁၁)ဦးနှင့် ဒေါ်မြင့်မြင့်သန်း တာဝန်ခံညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး၊ ဦးဘိုဝင်း၊ (တာဝန်ခံ)၊ ကောင်းစံဝင်းဝင်း ဆောက်လုပ်ရေးကုမ္ပဏီ၊ ဦးကျော်ဇေယျ(တာဝန်ခံ)ရွှေရင်ကျေးဆောက်လုပ်ရေးကုမ္ပဏီ၊ ဦးကျော်ဦးမြင့်(တာဝန်ခံ) Pretty Home ဆောက်လုပ်ရေး ကုမ္ပဏီ၊ ဦးအေးမင်း(တာဝန်ခံ) Golden Bago ဆောက်လုပ်ရေးကုမ္ပဏီ၊ ဦးမောင်မောင်ကျော် (တာဝန်ခံ)၊ AMI

ဗလာစာအုပ်ထုတ်လုပ်ရေးကုမ္ပဏီတို့ တက်ရောက်၍ တွေ့ဆုံညှိနှိုင်းပွဲကို ကျင်းပနိုင်ခဲ့ပါသည်။ ထိုတွေ့ဆုံညှိနှိုင်းမှုမှအောက်ပါရလဒ်ကောင်းများကို သဘောတူညီမှု ရရှိခဲ့ပါသည်။

- Golden Bago ဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံ ဦးအေးမင်းမှ ရွှေကျင်မြို့နယ်ရှိ ကျားချောင်းစာသင်ကျောင်း ပြန်လည်ပြုပြင်ခြင်းအား (၃၀. ၇. ၂၀၁၆)ရက်နေ့တွင် လုပ်ငန်းများစတင်၍ (၈. ၈. ၂၀၁၆)ရက်နေ့တွင် ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်းနှင့် ဝိုင်းကျွန်းစာသင်ကျောင်း ပြန်လည်ပြုပြင်ခြင်းအား(၁၆. ၇. ၂၀၁၆)ရက်နေ့တွင် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း စာချုပ်သတ်မှတ်ချက်နှင့်အညီ ပြန်လည်ပြုပြင်ရန် လိုအပ်ပါက လုပ်ငန်းများအား ပြန်လည်တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသွားပါသည်။
- Pretty Home ဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံ ဦးကျော်ဦးမြင့်မှ ရွှေကျင်မြို့နယ်ရှိ သစ်ဖယောင်းတန်းစာသင်ကျောင်းသည် သွားလာရေးခက်ခဲသည့် နေရာတွင်ရှိနေသဖြင့် စာချုပ်ပါသတ်မှတ်ချက်နှင့်အညီ ပြန်လည်ပြုပြင်ရန်လိုအပ်ပါက လိုအပ်သည့် လုပ်ငန်းများအား ပွင့်လင်းရာသီတွင် ပြန်လည်တာဝန်ယူ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသွားပါသည်။
- ကောင်းစံဝင်းဝင်းဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံ ဦးဘိုဝင်းမှ ရွှေကျင်မြို့နယ်ရှိ ပျဉ်ရေ စာသင်ကျောင်းသည် တံခါးများတပ်ဆင်ပြီးဖြစ်၍ ပြုပြင်ပြင်ဆင်ပြီး ဖြစ်ပါကြောင်းနှင့် ပြန်လည်ပြုပြင်ရန်လိုအပ်ပါက လိုအပ်သောလုပ်ငန်းများအား ပွင့်လင်းရာသီတွင် ပြန်လည်တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသွားပါသည်။
- ရွှေရင်ကျေးဆောက်လုပ်ရေးကုမ္ပဏီ တာဝန်ခံ ဦးကျော်ဇေယျမှ ရွှေကျင်မြို့နယ်ရှိ အင်းဗလာစာသင်ကျောင်းသည် တံခါးမှလွဲ၍ အားလုံးဆောင်ရွက်ပြီးဖြစ်ပါကြောင်းနှင့် ပြန်လည်ပြုပြင်ရန် လိုအပ်ချက်များရှိပါက ယခုတွင်အဆင်မပြေသည့်အတွက် ပွင့်လင်း ရာသီတွင် ပြန်လည်တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသွားပါသည်။
- AMI ဗလာစာအုပ်ထုတ်လုပ်ရေးကုမ္ပဏီ တာဝန်ခံ ဦးမောင်မောင်ကျော်မှ စာချုပ်ပါ စည်းကမ်းလိုအပ်ချက်များအပေါ် ကုမ္ပဏီအလုပ်အမှုဆောင်များနှင့် တိုင်ပင်၍ တိုင်းပညာရေးမှူးဌာနသို့ ပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားသွား ပါသည်။

**သဘောထားမှတ်ချက်**

(၁၁. ၈. ၂၀၁၆)ရက်နေ့နှင့် (၁၂. ၈. ၂၀၁၆)ရက်နေ့အထိ ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် တိုင်းပညာရေးမှူးရုံး တာဝန်ရှိပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာကုမ္ပဏီများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် အနာဂတ်ပညာရေးနှင့်ပတ်သက်၍ ပြုပြင်ရန်လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပါသည်။

- AMI ကုမ္ပဏီမှ ပညာရေးဌာနသို့ ပြန်လည်ပေးလှူရန် ဗလာစာအုပ်ဒါဇင် (၃၀၀) ပေးလှူမည်ဖြစ်ကြောင်း ရေးရာကော်မတီသို့ ပေးပို့အကြောင်းကြားလာခြင်းအပေါ် ရေးရာ

ကော်မတီမှ ထို AMI ဗလာစာအုပ်ကုမ္ပဏီ၏ ပြန်ကြားမှုအပေါ် ပြန်လည်သုံးသပ်ရာ စာချုပ်စည်းကမ်းများ သတ်မှတ်ထားသည့် စံနှုန်းများနှင့်မကိုက်ညီသည့်အတွက် နိုင်ငံတော်မှ နစ်နာဆုံးရှုံးမှု ပမာဏမှာ များပြားနေသည့်အတွက် ထိုပြန်လည်လျှုဒါန်းသော ဗလာစာအုပ် ဒါဇင်(၃၀၀)ဖြင့် လျော်ညီမှုမရှိကြောင်း တွေ့ရှိရပါသဖြင့် ထိုကိစ္စအား ရေးရာကော်မတီမှ ကန့်ကွက်ပါကြောင်းနှင့် ပြန်လည်သုံးသပ်ပြင်ဆင်ပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ညှိနှိုင်းဆောင်ရွက်ပေးရန် ထပ်ဆင့်တင်ပြအပ်ပါသည်။

- ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့်အလုပ်သမားရေးရာကော်မတီသည်သာယာဝတီဆေးရုံ၊ အုတ်ဖို အ. ထ. က၊ နတ်တလင်း အစရှိသည့်နေရာများမှ တင်ပြတိုင်ကြားလာသည့်အပေါ် ကွင်းဆင်းစစ်ဆေးနိုင်ရန်အတွက် (၁၀. ၁၀. ၂၀၁၆) ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ ခွင့်ပြုစီစဉ်ပေးခြင်းအပေါ် တာဝန်ကျေပွန်စွာ လွှတ်တော်၏ ဂုဏ်သိက္ခာ မြင့်မားရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**နိဂုံး**

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီသည် ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ဂုဏ်သိက္ခာကို စောင့်ထိန်း၍ လွှတ်တော်ဥက္ကဋ္ဌကြီးလမ်းညွှန်မှုကို ခံယူကာ မြေပြင်ကွင်း ဆင်းမှုများနှင့်အတူ လက်ရှိအစိုးရအဖွဲ့၏ စီမံဆောင်ရွက်ထားမှုများအပေါ် အပြန်အလှန်ထိန်းညှိ တည့်မတ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက တစ်ခုချင်းပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဒိုက်ဦးမြို့နယ်အတွင်း တိမ်ကောနေသောချောင်းများ၊ ရေနုတ်မြောင်းများ၊ ရိုးများ တူးဖော်ခြင်းလုပ်ငန်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ဒိုက်ဦးမြို့နယ်၊ ဝါးဂါမဏိကျေးရွာမှ တောင်သာကျေးရွာအထိ မြေသားလမ်းကို ဂဝံလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ဒိုက်ဦးမြို့နယ်၊ ဒိုးတန်းကျေးရွာအုပ်စု တောင်ပို့ကိုးလုံး-ဝါးဂါမဏိ လမ်းအား ကွန်ကရစ်လမ်းခင်းပေးရန်နှင့် တံတားတစ်စင်းပါတွဲ၍ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"ဒိုက်ဦးမြို့နယ်၊ သပြေတန်းကျေးရွာအုပ်စုအတွင်း ရွှေရောင်ထွန်း ကျေးရွာသစ်မှ ကိုယ်ထူကိုယ်ထချို့တဲ့ကျောင်းအား အစိုးရအသိအမှတ်ပြု အ. မ. က(ခွဲ)ကျောင်း အဖြစ်အသိအမှတ်ပြုပေးရန်နှင့် ဆရာ/ဆရာမများ ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်သည် အနောက်ဘက်တွင် ပဲခူးရိုးမမှ စီးဆင်းလာသော တောင်ကျချောင်းရေနှင့် မြေပြန့်ဒေသတွင် ရိုးများ၊ ရေနုတ်မြောင်းများလယ်ကွင်းများမှ မိုးရာသီတွင်မိုးကျကွင်းရေများစုပေါင်းကာဖြင့် မြို့၏အရှေ့ဘက် စစ်တောင်းမြစ်ထဲသို့ စီးဆင်းကြပါသည်။ ထိုစီးဆင်းသောရေများအား မြို့၏တည်ရှိပုံမှာ ရန်ကုန်-မန္တလေးကားလမ်းနှင့် မီးရထားလမ်းတို့ကိုဖြတ်၍ တားဆီးနေရပါသည်။ ပဲခူးရိုးမနှင့်ဒိုက်ဦးမြို့သည် မိုင်အားဖြင့် မိုင်(၂၀)ခန့်ကွာဝေး၍ မြို့၏အနောက်ဘက်တွင် ကျေးရွာပေါင်း(၁၆၀)ခန့်မှ ရွာရေများ၊ မိုးကျကွင်းရေများ၊ တောင်ကျချောင်းရေများ စုပေါင်းစီးဆင်းသည့်အတွက် နှစ်စဉ်ရေကြီးရေလျှံဖြစ်နေပါသည်။ တူးဖော်ဆောင်ရွက်သင့်သည့် ချောင်း၊ ရေနုတ်မြောင်း၊ ရိုးများမှာ-

- မအူတန်းချောင်း(ခေါ်)အလံပြချောင်း တူးဖော်ခြင်းလုပ်ငန်း။
- ကတုတ်ချောင်း(အထက်ပိုင်း) တူးဖော်ခြင်းလုပ်ငန်း။
- ဂုန်ညင်းတန်းချောင်း(အထက်ပိုင်း) တူးဖော်ခြင်းလုပ်ငန်း။
- တိုက်ကြီးစု ရိုးမြောင်း တူးဖော်ခြင်းလုပ်ငန်း။
- သစ်ငုတ်တိုရိုး တူးဖော်ခြင်းလုပ်ငန်း။
- ကောလိယချောင်း (အထက်ပိုင်း) တူးဖော်ခြင်းလုပ်ငန်း။
- ဒရယ်မီးချောင်း (အထက်ပိုင်း) တူးဖော်ခြင်းလုပ်ငန်း။
- သံတံတားရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း။
- စစ်ဘိုကြီးကျေးရွာ ဘိုင်းဒါးချောင်း မြေကာနံရံ တည်ဆောက်ခြင်း။
- ဝါးနောက်ကွင်းရိုး တူးဖော်ခြင်းလုပ်ငန်း။
- စစ်ဘိုကြီး ရေထုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း။
- ဘိုင်းဒါးမြောင်းမကြီးနှင့် ဥသျှစ်ကုန်းလမ်းဆုံ ရေဆိုးထုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်း။
- လေးအိမ်စုကျေးရွာ ချောင်းပေါက်ရိုး တူးဖော်ခြင်းလုပ်ငန်းများကို တူးဖော်ဆောင်ရွက်သင့်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများအား တူးဖော်ဆောင်ရွက်မည်ဆိုပါက ဒိုက်ဦးမြို့၏

အနောက်ဘက်တွင် ရေကြီးရေလျှံမှုကာကွယ်ခြင်း၊ စိုက်ပျိုးရေပြည့်ဝစွာရရှိခြင်း၊ စိုက်ပျိုးပြီးစပါးများ ပျက်စီးမှုကင်းဝေးခြင်း၊ စိုက်ပျိုး၍မရသောလယ်ဧကများလည်း စိုက်ဧကများတိုးပွားဖြစ်ပေါ်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေး တာလမ်းမများ ပျက်စီးမှုမှကင်းဝေးခြင်း၊ လယ်ယာထွက်ကုန်များလည်း အချိန်မီ ရောင်းချသယ်ယူနိုင်ခြင်း၊ စာသင်ကျောင်းများလည်း ပိတ်စရာမလို ကောင်းမွန်စွာ ပညာသင်ကြားနိုင်ခြင်း၊ ကျန်းမာရေး၊လူမှုရေး၊ စီးပွားရေး စသည်တို့ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်သဖြင့် ဒိုက်ဦးမြို့နယ်အတွင်း တိမ်ကောနေသောချောင်းများ၊ ရေနုတ်မြောင်းများ၊ ရိုးများ တူးဖော်ခြင်းလုပ်ငန်းအား မည်သည့်ဘဏ္ဍာရေး နှစ်တွင် တူးဖော်ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာအုပ်စု တောင်သာကျေးရွာမှ ဝါးဂါမဏိကျေးရွာအထိ မြေသားလမ်းအောက်ခြေ (၂၁)ပေ၊ အမြင့်(၆)ပေ၊ အပေါ်မျက်နှာပြင် အကျယ်(၁၅)ပေ၊ လမ်းအရှည်(၃)မိုင် (၆)ဖာလုံကို ၂၀၀၄ ခုနှစ်တွင် ဒိုက်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်၏ ခွင့်ပြုချက်ရယူ၍ ဒိုးတန်းကျေးရွာ အုပ်စု၏ ကြီးကြပ်ကွပ်ကဲမှု ဒေသခံပြည်သူများ၏ လုပ်အားတို့ဖြင့် ကိုယ့်အားကိုယ်ကိုးလမ်း ဖောက်လုပ် ခဲ့ကြပြီးနောက် ၂၀၁၄ခုနှစ်တွင် နိုင်ငံတော်၏ခွင့်ပြုငွေ(၁၈)သိန်း၊ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေ(၃၈)သိန်း၊ စုစုပေါင်း(၅၆)သိန်း အကုန်အကျခံကာ စက်ယန္တရားများအသုံးပြု၍ ထပ်မံဆောင်ရွက်ခဲ့ပါသည်။

ထိုမြေသားလမ်းအနေဖြင့် နွေရာသီတွင် သွားလာရေးအဆင်ပြေသော်လည်း မိုးရာသီတွင် ရွှံ့များ ထူထပ်နေသည့်အတွက် ဝါးဂါမဏိကျေးရွာ အလယ်တန်းကျောင်းသို့ နေ့စဉ်တက်ရောက် ပညာသင်ကြား နေသော တောင်သာကျေးရွာမှ ကျောင်းသူကျောင်းသားများအနေဖြင့် သွားလာရေးတွင် အခက်အခဲများ နေ့စဉ်ကြုံတွေ့နေကြရပါသည်။

တောင်သာကျေးရွာအပါအဝင် ကျေးရွာပေါင်း(၇)ရွာမှ အရေးပေါ်လူနာများ ဝါးဂါမဏိ တိုက်နယ် ဆေးရုံသို့ လာရောက်၍ ဆေးကုသမှုခံယူရာတွင် မိုးရာသီ၌ လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် အချိန်နောက်ကျရသည့်အတွက် အသက်ဆုံးရှုံးမှုများလည်း ကြုံတွေ့ခဲ့ ရပါသည်။

၎င်းဆက်သွယ်ရေးလမ်းကို အသုံးပြုနေသော ကျေးရွာ(၇)ရွာ၊ အိမ်ခြေ(၅၀၀)၊ အိမ်ထောင်စု (၅၆၆)ခု၊ ကျား+မ လူဦးရေပေါင်း (၂၅၉၀)ဦး၊ စိုက်ပျိုးဧရိယာ(၃၀၈၅)ဧက၊ ထွက်ရှိသောစပါးတင်းရေ(၂၁၅၉၅၀)တင်း၊ ပဲမျိုးစုံ(၃၀၈၅၀)တင်း၊ ဒေသထွက်ကုန်များအား ဒိုက်ဦးမြို့ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချရာ၌ ယခုမြေသား လမ်းအား အသုံးပြုရပါသည်။

သို့ပါ၍ စပါးသီးနှံကောက်ဦး ပေါ်ချိန်သည် သီးတင်းကျွတ်လကုန်တွင် ဖြစ်သည့်အတွက် ဒိုက်ဦးသို့ သယ်ယူရောင်းချရန် အခက်အခဲများရှိသကဲ့သို့ ဆောင်းထယ်ရေး ထွန်ယက်ရန်နှင့် စပါးရိတ်သိမ်း ခြွေလှေ့စက်များ အချိန်မီမလာရောက်နိုင်သည်မှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ဖြစ်သည့် အတွက် တောင်သူလယ်သမားများအနေဖြင့် ဆောင်းရာသီ စိုက်ပျိုးစရိတ်အခက်အခဲအပြင် သီးနှံစိုက်ပျိုးချိန် နောက်ကျရသည့် ပြဿနာများ ရင်ဆိုင်ကြုံတွေ့ခဲ့ကြပါသည်။

သို့ဖြစ်ပါသောကြောင့် ဝါးဂါမဏိ-တောင်သာ မြေသားလမ်းအား ဒေသခံပြည်သူများ နွေ မိုး၊ ဆောင်း သွားလာရေးလွယ်ကူစေရန် 'ဂဝံ' လမ်းဖြစ်လာပါကကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံတော်အတွက် ကုန်ထုတ် စွမ်းအားများလည်း အရှိန်အဟုန်ဖြင့် တိုးတက်လာမှာဖြစ်ပါသောကြောင့် ဒိုက်ဦးမြို့နယ်အတွင်း ရှိ ဝါးဂါမဏိ-တောင်သာကျေးရွာ မြေသားလမ်း အား ဂဝံလမ်းအဖြစ်ခင်းပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဒိုးတန်းကျေးရွာအုပ်စုတွင် ဒိုးတန်း၊ ဝါးဂါမဏိ၊ တောင်ပို့ကိုးလုံး၊ ဇီးတောစု၊ မလေးတကောင်း၊ သပြေတော ကျေးရွာတို့ဖြင့် ကျေးရွာခွဲ(၆)ရွာဖြင့် ဖွဲ့စည်းထားပါသည်။ ကျေးရွာပေါင်း(၆)ရွာ၊ အိမ်ထောင်စုဦးရေ (၉၉၈)အိမ်နှင့် လူဦးရေပေါင်း (၄၂၄၆)ဦး တို့ရှိပါသည်။

ဒိုးတန်းကျေးရွာအုပ်စု၊ ဝါးဂါမဏိကျေးရွာသည် ဒိုက်ဦးမြို့နှင့် (၇)မိုင်ခန့်အကွာတွင် တည်ရှိပြီး ဒရယ်မီး-အုတ်သျှစ်ကုန်း အမြန်လမ်းဖြတ်လမ်းမှ ဝါးဂါမဏိကျေးရွာနှင့် ဝါးဂါမဏိဆေးရုံသို့ (၂)မိုင်ခန့်ဝင်ရပါသည်။ ၎င်း(၂)မိုင်ခန့် အရှည်ရှိသောမြေသားလမ်းကို ရွာသူရွာသားများစုပေါင်း၍ လွန်ခဲ့သော(၂၅)နှစ်က ကိုယ်ထူကိုယ်ထဖြင့် ဖောက်လုပ်ခဲ့ပါသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်က မန္တလေးတိုင်းဒေသကြီး တိုင်းအကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တဇောတိကာဘိဝံသမှ ဘက်ဟိုးဖြင့် (၄၆)သိန်းအကုန်အကျခံပြီး မြေသားလမ်းထပ်တင်ခဲ့ ပါသည်။ ၂၀၁၂-၂၀၁၃ခုနှစ်တွင် ငွေကျပ်သိန်း(၃၀၀)အကုန်အကျခံ၍ ကျောက်ချောလမ်းခင်းခဲ့ပါသည်။ ယခုအခါ ကုန်ထုတ်စီးဆင်း မှုများပြားသဖြင့် ကားကြီးကားသေး အဝင်အထွက်များသောကြောင့် ဆရာတော် လှူဒါန်းထားသော ကျောက်ချောလမ်းမှာ ပျက်စီးယိုယွင်းနေပါသည်။

ဆရာ/ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ ဒေသခံပြည်သူများ သွားရေးလာရေး လွန်စွာ ခက်ခဲနေပြီဖြစ်ပါသောကြောင့် ၎င်းလမ်းအားကွန်ကရစ်လမ်းအဖြစ် ခင်းပေးနိုင်ပါရန်နှင့် ထိုတာလမ်းပေါ်တွင် ဒရယ်မီးချောင်းကိုဖြတ်၍ ဖောက်လုပ်ထားသော အကျယ်(၇)ပေ၊ အရှည် (၈၀)ပေရှိ တံတားတစ်စင်းရှိပါသည်။ ၎င်းတံတားကိုလွန်ခဲ့သော(၂၆)နှစ်ခန့်က ပုပ္ပါးဆရာတော် ဦးကဝိန္ဒမှ ငွေကျပ်သိန်း(၂၀)အကုန်အကျခံ၍ ဆောက်လုပ်ခဲ့စဉ်က ခွေးကုတ်လယ်ယာသုံးကား အကျယ်အဝန်းသာ သွားလာနိုင်ရန် တည်ဆောက်ခဲ့ခြင်း ဖြစ်ပါသည်။

ယခုအခါ SKAT,FEW,DINA,CANNA ကန့်လန့်ဂျီစသော ကားကြီး၊ ကားသေးများစွာ နေ့စဉ် စပါး၊ပဲ အစရှိသော လယ်ယာထွက်ကုန်များကို နေ့ညမပြတ် သယ်ဆောင်သွားလာနေကြသောကြောင့် ၎င်းတံတားမှာ အန္တရာယ်အဆင့်(၁)သို့ ရောက်ရှိနေပါသည်။ ၂၀၁၄ခုနှစ်က ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးအရာရှိနှင့် မြို့နယ်မြေစာရင်းဦးစီးအရာရှိတို့ ကွင်းဆင်းစစ်ဆေး ကြည့်ရှုစဉ် အန္တရာယ်အဆင့်(၁)ရှိသည်ဟုမှတ်ချက်ပြုပြီး အကောင်အထည်ဖော်နိုင်အောင် ကြိုးစားမည်ဟု ပြောခဲ့ပါ သော်လည်း ယခုအချိန်အထိ မည်သည့်ဘဏ္ဍာရေးနှစ်တွင် မပါလာသေးသည့်အတွက် လာမည့် ဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈တွင် ဒိုးတန်းကျေးရွာအုပ်စု တောင်ပို့ကိုးလုံး-ဝါးဂါမဏိ လမ်းနှင့်တံတားအား ကွန်ကရစ်လမ်းနှင့် တံတားတစ်စင်းပါပူးတွဲ၍ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာအုပ်စု၊ သပြေတန်းကြီးကျေးရွာ၏ အနောက်ဘက်တန်း (၁)မိုင်ခန့်အကွာမှာ အောက်ကညင်မြောင်ကြိုးဝိုင်း ကွင်းအမှတ် (၂၁)(၂၂) (၂၃)တို့ တည်ရှိနေပါသည်။

သပြေတန်းကြီးကျေးရွာ၊ ငွေးပင်ကူးကျေးရွာ၊ နတ်စင်ကုန်းကျေးရွာနှင့် ပျဉ်ပုံလေးကျေးရွာတို့ရှိ တောင်သူလယ်သမားများသည် မိမိတို့၏ စားဝတ်နေရေးပြေလည်နိုင်ရန် ၁၉၉၅ခုနှစ်မှစ၍ ကွင်းအမှတ်(၂၁)(၂၂)(၂၃)ကွင်းအတွင်း ဝင်ရောက်တိုးချဲ့လုပ်ကိုင်ခဲ့ရာ ယခုအချိန်တွင် ကွင်းအမှတ် (၂၁)(၂၂)(၂၃)များကို ဖြတ်သွားသော သပြေတန်း-ကျောက်တလုံးလှည်းလမ်း(ခေါ်) သဲလမ်းမကြီး ဝဲ-ယာနှစ်ဖက်မှာ ရွှေရောင်ထွန်းကျေးရွာအမည်ဖြင့် နေထိုင်နေတဲ့ အိမ်ခြေပေါင်း (၇၂)အိမ် ရှိနေပြီဖြစ်ပါသည်။

သပြေတန်းကြီးကျေးရွာအုပ်စု ရွှေရောင်ထွန်းကျေးရွာသစ်၌ရှိသော ကျောင်းနေအရွယ် ကလေးများသည် သပြေတန်းကြီး အ. မ. က(မူလွန်)ကျောင်းကို ကျောင်းသွားတက်မည်ဆိုလျှင် အိမ်နှင့် တည်နေရာအလိုက်(၃)မိုင်(၄)မိုင်အကွာမှ ကျောင်းတက်ရမည်ဖြစ်သည့်အပြင် နွေစပါး တူးမြောင်းနှင့် ကောလိယချောင်းကိုဖြတ်ပြီး ကျောင်းသွားတက်ရသည့်အတွက်ကြောင့် ၂၀၀၄ခုနှစ် မှစ၍သပြေတန်းကျေးရွာနှင့် (၃)မိုင်အကွာ ကွင်းအမှတ်(၂၂)ကွင်းအလယ်တွင် ကိုယ်ထူကိုယ်ထ စာသင်ကျောင်းတည်ဆောက်ပြီး ဆရာ/ဆရာမငှား၍ စာသင်ကြားပေးနေရပါသည်။ ထိုသို့ ဆရာ ငှားရမ်းသင်ကြားနေရသည်မှာ (၁၂)နှစ်တိုင်ရှိခဲ့ပါပြီ။ ကျောင်းသားဦးရေမှာ (၆၃)ယောက် ရှိပါသည်။ ကျေးရွာနေပြည်သူများသည် စီးပွားရေးလုပ်ငန်းကတစ်ဖက် ဆရာငှားရသည်မှာတစ်ဖက် နှစ်ရှည်ကြာသည့်အတွက် အခက်အခဲများစွာ ကြုံနေရပါသည်။ အဆိုပါကျောင်းအား ယခင်နှစ်များ၌ အဘယ်ကြောင့် ဤသို့စာသင်နေရသည်မှာ မြေယာပုံစံ(၁၀၅)မရရှိသေးခြင်းကြောင့် ဖြစ်ပါသည်။ သို့သော်လည်း ယခုနှစ်တွင် ရွှေရောင်ထွန်းရွာသစ် စာသင်ကျောင်း မြေနေရာအား မြေယာ ပုံစံ(၁၀၅)ရရှိခဲ့ပြီဖြစ်၍ မြို့နယ်ပညာရေးမှူးထံ လျှောက်ထားခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍ ကျောင်းနေအရွယ်ကလေးများသည် ပညာသင်ယူရာတွင် လွယ်ကူစွာသွားလာနိုင်ရန်နှင့် တိုးတက်သောပညာရေးစနစ်အဖြစ်သို့ ပညာသင်ကြားမှုရရှိစေရေးအတွက် သပြေတန်းကျေးရွာအုပ်စု ရွှေရောင်ထွန်းကျေးရွာမှ ကိုယ်ထူကိုယ်ထချို့တဲ့ကျောင်းအား အစိုးရအသိအမှတ်ပြု အ. မ. က(ခွဲ) ကျောင်းအဖြစ် အသိအမှတ်ပြုပေးရန်နှင့် ဆရာ/ဆရာမ ခန့်ထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသူရဇော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)၊ (၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦးမြို့နယ်အတွင်း တိမ်ကောနေသောချောင်းများ၊ ရေနုတ်မြောင်းများ၊ ရိုးများတူးဖော်ခြင်းလုပ်ငန်းအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် တူးဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊

မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် တာဝန်ယူပြီးနောက် တိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသူရဇော်မေးမြန်းထားသည့် မိမိ၏ ဝန်ကြီးဌာန တာဝန်ယူဆောင်ရွက်ရသည့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ဖြေကြားပေးရန်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသည့် မြောင်းများသည် စုစုပေါင်းအားဖြင့် (၁၃)ခုရှိပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် တွက်ချက်ဆောင်ရွက်ထားရှိမှုအား ဦးစွာပထမတင်ပြလိုပါသည်။ စုစုပေါင်းတင်ပြထားသည့် ၎င်းရေနုတ်မြောင်း(၁၃)ခုနှင့် ပတ်သက်ပြီး ၂၀၁၆-၂၀၁၇ ဖြည့်စွက်ရန်ပုံငွေစာရင်းတွင် ပါဝင်ခြင်းမရှိသဖြင့် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ BE စာရင်းတွင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ ဦးစားပေးအတိုင်း လျာထားတင်ပြပြီး ၂၀၁၇-၂၀၁၈ BE တွင် တိုင်းဒေသကြီးလွှတ်တော်မှ ဆောင်ရွက်နိုင်ရန် အတည်ပြုပေးပါက မိမိဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြထားသည့် လုပ်ငန်းများအား ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တွက်ချက်၍ စာရင်းပြုစုထားပြီး ၂၀၁၇-၂၀၁၈ BE တွင် တင်ပြပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦးမြို့နယ်၊ ဝါးဂါမဏိကျေးရွာမှ တောင်သာ ကျေးရွာအထိ မြေသားလမ်းကို ဂဝံလမ်းအဖြစ် ခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ဒိုးတန်းကျေးရွာအုပ်စု၊ ဝါးဂါမဏိကျေးရွာမှ တောင်သာကျေးရွာအထိ မြေသားလမ်းမှာ အရှည်(၃/၆)မိုင်၊ အကျယ်(၁၅)ပေရှိပါသည်။ အဆိုပါလမ်းအား ဂဝံလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်မည် ဆိုပါက လက်ရှိမြေသားလမ်းအား လိုအပ်သောလမ်းအကျယ်ရရှိနိုင်ရေး ဆောင်ရွက် ရမည်ဖြစ်ပါသည်။ ဝါးဂါမဏိကျေးရွာမှ တောင်သာကျေးရွာချင်းဆက်လမ်း(၃/၆မိုင်× ၁၂ပေ×၉လက်မ) မြေသားပြုပြင်ခြင်းနှင့် ဂဝံခင်း ခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၁၈၇. ၅၀)သန်း ကုန်ကျမည်ဖြစ်ပါကြောင်းလည်း ခန့်မှန်းတွက်ချက်ပြီး ဖြစ်ပါသည်။ အဆိုပါလမ်း ဆောင်ရွက်ပြီးစီးပြီဆိုပါက ကျေးရွာ(၇)ရွာ၊ အိမ်ခြေ(၅၀၀)အိမ်၊ လူဦးရေ (၂၅၉၀)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ပါကြောင်း စစ်တမ်း ကောက်ယူပြီး ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော လမ်းအား ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက် ၍ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်နှင့် ဖြည့်စွက်ရန်ပုံငွေ RE တွင် တင်ပြတောင်းခံထားခြင်းမရှိသည့်အတွက် မိမိတို့ အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုဘတ်ဂျက်တစ်ခုတည်းသာ သုံးစွဲသည့် ဌာနဖြစ်သည့်အတွက် မိမိအနေဖြင့် ငွေကြေးသုံးစွဲလုပ်ဆောင်ပေးရန် အခွင့်မရှိပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးထံ တိုက်ရိုက်မေးမြန်းတောင်းဆိုနိုင်ပြီး သို့မဟုတ်ပါက သက်ဆိုင်ရာမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြတောင်းဆိုသည့်နည်းလမ်းများအတိုင်း စုပေါင်းညှိနှိုင်း၍ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် သက်ဆိုင်ရာဦးစီးဌာနမှတစ်ဆင့်

ပြည်ထောင်စုသို့ တောင်းဆိုရန်မိမိအနေဖြင့် စီစဉ်လမ်းညွှန်ထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဒိုက်ဦးမြို့နယ်၊ ဒိုးတန်းကျေးရွာအုပ်စု တောင်ပို့ကိုးလုံး-ဝါးဂါမဏိ လမ်းအား ကွန်ကရစ်လမ်းခင်းပေးရန်နှင့် တံတားတစ်စင်းပါတွဲ၍ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ဒိုးတန်းကျေးရွာအုပ်စု၊ တောင်ပိုကိုးလုံး-ဝါးဂါမဏိလမ်းမှာ အရှည်(၂/၀)မိုင်ရှိပြီး (၁/၆)မိုင်မှာ ကျောက်ချောလမ်းဖြစ်၍ (၀/၂)မိုင်မှာ မြေသားလမ်း ဖြစ်ပါသည်။ အဆိုပါလမ်းပေါ်တွင် တံတား(၁)စင်း တည်ဆောက်ရန်လိုအပ်ပါသည်။ ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်တွင် တောင်ပို့ကိုးလုံး-ဝါးဂါမဏိလမ်း (၁/၂မိုင်×၁၂ပေ×၇လက်မ) ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် လျာထားနိုင်ရေး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြထားပြီး ဖြစ်ပါသည်။ အဆိုပါလမ်းပေါ်ရှိ ဒရယ်မီးချောင်းကူးတံတား (ဇီးတောစုတံတား)(၈၀ပေ×၁၄ပေ) ကွန်ကရစ် တံတား(၁)စင်း ဆောက်လုပ်မည်ဆိုပါက ခန့်မှန်း ကုန်ကျငွေကျပ်(၈၀)သန်း ကုန်ကျမည်ဖြစ်ပါကြောင်းလည်း တွက်ချက်ထားပြီးဖြစ်ပါသည်။ အဆိုပါ လမ်းနှင့်တံတား ဆောင်ရွက်ပြီးစီးပြီဆိုပါက ကျေးရွာ(၆)ရွာ၊ အိမ်ခြေ(၉၉၈)အိမ်၊ လူဦးရေ(၄၂၄၆)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ပါကြောင်းကိုလည်း စစ်တမ်းကောက် ထားပြီးဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော တံတားအား ဆောက်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေ BE နှင့် ဖြည့်စွက်ရန်ပုံငွေ RE တို့တွင် လုပ်ငန်းဆောင်ရွက်ရန် ရန်ပုံငွေတင်ပြတောင်းခံထားခြင်းမရှိပါသဖြင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသူရဇော်မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းအမှတ်စဉ်(၁)နှင့်ပတ်သက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် BE တွင် ထည့်သွင်းတောင်းဆိုနိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီမှ ၎င်းလုပ်ငန်းပါရှိရေးအတွက် မှတ်တမ်းတင်ထားပြီး ပြည်သူ့ငွေစာရင်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးသူရဇော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၄)အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးသူရဇော်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ဒိုက်ဦးမြို့နယ်၊ သပြေတန်းကျေးရွာအုပ်စုအတွင်း ရွှေရောင်ထွန်းကျေးရွာသစ်မှ ကိုယ်ထူကိုယ်ထ ချီ့တဲ့ကျောင်းအား အစိုးရအသိအမှတ်ပြု အ. မ. က(ခွဲ)ကျောင်း အဖြစ် အသိအမှတ်ပြုပေးရန်နှင့် ဆရာ/ဆရာမများ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် ၊ သပြေတန်းကျေးရွာအုပ်စု ၊ ရွှေရောင်ထွန်းကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းတွင် မူဆင့်ကျောင်းသားဦးရေ (၆၃)ဦးအား ပြင်ပဆရာ/ဆရာမများဖြင့် ငှားရမ်းပညာသင်ကြားပေးလျက်ရှိပါသည်။ ကျောင်းမြေအကျယ်အဝန်းမှာ (၀. ၉၄)ဧကရှိပြီး (၃၆×၂၄)ပေ သွပ်မိုး၊ ထရံကာ မြေစိုက်တစ်ထပ်ဆောင် (၁)ဆောင်ရှိပါသည်။ ပင်မကျောင်းဖြစ်သော အလက(ခွဲ)သပြေတန်းနှင့် (၃)မိုင်ခန့် ကွာဝေးပါသည်။၂၀၁၄-ခုနှစ်မှစ၍ ကိုယ့်အားကိုယ်ကိုးကျောင်းအဖြစ် ဖွင့်လှစ်ခဲ့သော်လည်း ကျောင်းမြေပိုင်ဆိုင်မှု အမည်မပေါက်သဖြင့် အမက(ခွဲ)အဖြစ် မရရှိခဲ့ခြင်းဖြစ်ပါကြောင်း၊ ကျောင်းမြေပိုင်ဆိုင်မှု အမည်ပေါက်ဖြစ်ပေါ်လာပါက အ. မ. က(ခွဲ)အဖြစ် နိုင်ငံတော်မှ အသိအမှတ်ပြုရန် ပြည်ထောင်စုသို့ ဆက်လက်တင်ပြပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“သနပ်ပင်မြို့နယ် ဖရဲကျေးရွာ ညောင်အုပ်ကြီးကွင်းအမှတ် (၈၅၃)တွင် ရေထိန်းတံခါး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၂) **“သနပ်ပင်မြို့နယ် မိုးခိုင်ကြီးကျေးရွာကွင်းအမှတ် (၁၁၇-က၊ ၁၁၈-က)တွင် ရေထိန်းတံခါးတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် ဖရဲကွင်း၊ အောက်စုပုဂံကွင်း၊ ထောင်မင်းကွင်း၊ ကျိုက်ပဒိုင်ကြီးကွင်း၊ ကျိုက်ပဒိုင်လေးကွင်းများရှိ လယ်မြေဧက (၃၅၀၀ခန့်)မိုးစပါး၊ နွေစပါး စိုက်ပျိုးကြပါသည်။ နွေစပါးစိုက်ပျိုးသည့်အခါ ဇောင်းတူရေသောက်စနစ် (DY-7) မှရေကိုသွယ်၍ ဖရဲကျေးရွာ ညောင်အုပ်ကြီးကွင်းအမှတ်(၈၅၃)တွင် နှစ်စဉ် ချောင်းပိတ်ခြင်းပြုလုပ်၍ နွေစပါးရေ ကို ရယူရပါသည်။

ချောင်းကို ပိတ်သည့်အခါ လူအား(သို့) စက်အားဖြင့် မြေသားတမံပြုလုပ်ရပါသည်။ ထို မြေသားတမံသည် မိုးရာသီတွင် ရေကြီးရေလျှံခြင်းကြောင့် ဖွင့်ပေးရပြီး နွေရာသီတွင် ရေတင်ရန် ပိတ်ပေးရပါသည်။ မြေသားတမံကို လူအားဖြင့် နှစ်စဉ်ဖွင့်ခြင်း၊ ပိတ်ခြင်းပြုလုပ်ရ၍ နှစ်စဉ် (ကျပ်သိန်းသုံးဆယ်)ခန့် ငွေကြေး ကုန်ကျသည့်အပြင် နွေရာသီပြန်လည်ပိဖို့ယူသည့်အခါ မြေသားရှားပါးလာမှုအခက်အခဲကိုလည်း တွေ့ကြုံနေရပါသည်။ လူအားဖြင့်ဆောင်ရွက်ရသည့်အတွက် မြေသားခိုင်ခံ့မှုမရှိသောကြောင့် တမံပြုပြင်ခြင်း လုပ်ငန်းကိုလည်း အမြဲလုပ်ဆောင်ရပါသည်။

ထိုမြေသားတမံနေရာတွင် ရေထိန်းတံခါးတစ်ခု တည်ဆောက်ပေးနိုင်မည်ဆိုပါက နှစ်စဉ်လူအားဖြင့် တမံဖွင့်ခြင်း၊ ပိတ်ခြင်းကိစ္စကြောင့် ကုန်ကျစရိတ်များနှင့် လူအားသက်သာမည်ဖြစ်ပြီး နွေစပါးစိုက်ပျိုးဧက (၃၅၀၀)ခန့်အားလည်း အချိန်မီ ရေသွင်းစိုက်ပျိုးစေနိုင်မည့်အပြင် စိုက်ဧကများလည်း တိုးလာမည် ဖြစ်ပါသည်။

သို့ပါ၍ ဖရဲကျေးရွာ ညောင်အုပ်ကြီး ကွင်းအမှတ်(၈၅၃)ရှိ မြေသားတမံနေရာတွင် ရေထိန်းတံခါး တစ်ခု တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် မိုးခိုင်ကြီး၊ မိုးခိုင်လေး၊ ကျိုက်မဲ၊ ကျိုက်ပဒိုင်ကြီး၊ ကျိုက်ပဒိုင်လေးကျေးရွာများရှိ လယ်မြေဧက (၄၀၀၀)တွင် မိုးစပါး၊ နွေစပါး စိုက်ပျိုးကြပါသည်။ နွေစပါးစိုက်ပျိုးသည့်အခါ ကျိုက်ပဒိုင်ရေလွှဲပေါက်မှ ချပေးသောရေကို မိုးခိုင်ကြီးကျေးရွာ ယောက်ကော်ချောင်းကိုပိတ်၍ နွေစပါးရေ ကို ရယူရပါသည်။

ယောက်ကော်ချောင်းကို ပိတ်သည့်အခါ လူအား(သို့) စက်အားဖြင့် မြေသားတမံပြုလုပ်ရပါသည်။ ထို မြေသားတမံသည် မိုးရာသီတွင် ရေကြီးရေလျှံခြင်းကြောင့် ဖွင့်ပေးရပြီး နွေရာသီတွင် ရေတင်ရန် ပိတ်ပေးရ ပါသည်။ မြေသားတမံကို လူအားဖြင့် နှစ်စဉ်ဖွင့်ခြင်း၊ ပိတ်ခြင်းပြုလုပ်ရ၍ နှစ်စဉ်(ကျပ်သိန်းသုံးဆယ်)ခန့် ငွေကြေးကုန်ကျသည့်အပြင် နွေရာသီပြန်လည်ဖို့ယူသည့်အခါ မြေသားရှားပါးလာမှု အခက်အခဲကိုလည်း တွေ့ကြုံနေရပါသည်။ လူအားဖြင့်ဆောင်ရွက်ရသည့်အတွက် မြေသားခိုင်ခံ့မှုမရှိသောကြောင့် တမံပြုပြင်ခြင်း လုပ်ငန်းကိုလည်း အမြဲလုပ်ဆောင်ရပါသည်။

ထိုမြေသားတမံနေရာတွင် ရေထိန်းတံခါးတစ်ခု တည်ဆောက်ပေးနိုင်မည်ဆိုပါက နှစ်စဉ်လူအားဖြင့် တမံဖွင့်ခြင်း၊ ပိတ်ခြင်းကိစ္စကြောင့် ကုန်ကျစရိတ်များနှင့် လူအားသက်သာမည်ဖြစ်ပြီး နွေစပါး စိုက်ပျိုးဧက (၄၀၀၀ကျော်)အားလည်း အချိန်မီ ရေသွင်းစိုက်ပျိုးစေနိုင်မည့်အပြင် စိုက်ဧကများလည်း တိုးလာမည် ဖြစ်ပါသည်။

သို့ပါ၍ မိုးခိုင်ကြီးကျေးရွာ ကွင်းအမှတ် (၁၁၇-က၊ ၁၁၈-က)မြေသားတမံနေရာတွင် ရေထိန်းတံခါး တစ်ခုတည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးမြင့်အောင်မေးမြန်းသည့် မေးခွန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သနပ်ပင်မြို့နယ် ဖရဲကျေးရွာ ညောင်အုပ်ကြီး ကွင်းအမှတ် (၈၅၃)တွင် ရေထိန်းတံခါး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်အတွင်းရှိ ဖရဲကွင်း၊ အောက်စုပုဂံကွင်း၊ ထောင်မင်းကွင်း၊ ကျိုက်ပဒိုင်ကြီးကွင်း၊ ကျိုက်ပဒိုင်လေးကွင်းများရှိ လယ်မြေများသည် နွေစပါး စိုက်ပျိုးချိန်တွင် ဇောင်းတူ

ရေသောက်စနစ် (DY-7)မှရေကိုသွယ်၍ ဖရဲကျေးရွာ ညောင်အုပ်ကြီး ကွင်းအမှတ်(၈၅၃)တွင် နှစ်စဉ် ချောင်းပိတ်တမံပြုလုပ်၍ နွေစပါးရေယူစိုက်ပျိုးရပါသည်။ မြေသား တမံပိတ်ဆောင်ရွက်ရသဖြင့် မိုးရာသီတွင်ရေကြီးရေလျှံခြင်းကြောင့် ပြန်လည်ဖွင့်ပေးရပြီး နွေရာသီတွင် ရေသိုလှောင်ထားနိုင်ရန် ပြန်လည်ပိတ်ပေးရပါသည်။ ယခုအခါ မြေယူရန် မြေနေရာရှားပါး လာမှုကြောင့်လည်းကောင်း၊ လူအားဖြင့် ဆောင်ရွက်ရသည့်အတွက် မြေသားခိုင်ခန့်မှုမရှိခြင်းကြောင့်လည်းကောင်း၊ နှစ်စဉ်ပိတ်ခြင်း ဖွင့်ခြင်းများ ပြုလုပ်ရသဖြင့် ငွေကြေးကုန်ကျသည့် အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

ဖရဲကျေးရွာအုပ်စု၊ ညောင်အုပ်ကြီးကွင်းအမှတ် (၈၅၃)တွင် ရေထိန်းတံခါး တည်ဆောက်ပေးခြင်း အားဖြင့် ဖရဲကွင်း၊ အောက်စု ပုဂံကွင်းနှင့် ကျိုက်ပဒိုင်လေးကွင်းအတွင်းရှိ လယ်မြေဧက(၃၅၀၀)ခန့်အား နွေစပါးစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေအချိန်မီပေးသွင်းနိုင်မည်ဖြစ်သည့်အပြင် စိုက်ဧကများလည်း တိုးတက် စိုက်ပျိုးလာနိုင်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြထားသည့်အတိုင်း စိစစ်ဆောင်ရွက် ထားပြီးဖြစ်ပါသည်။

လတ်တလောအနေဖြင့် ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ ညောင်အုပ်ကြီးကွင်းအမှတ်(၈၅၃)တွင် ရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ရေတံခါးအလျား(၃၀)ပေ၊ ရေတံခါးအရွယ်အစား(၆ပေ×၁၃ပေ)(၅ပေါက်) ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ (အကြမ်းဖျင်း)မှာ ကျပ်(၁၄၃. ၀၀၀)သန်း ကုန်ကျ မည်ဖြစ်ပါကြောင်းကို တွက်ချက် စစ်တမ်းကောက်ခံထားပြီး ဖြစ်ပါသည်။

သို့ပါသော်လည်း အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE)ရန်ပုံငွေ တင်ပြတောင်းခံချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (RE) တင်ပြတောင်းခံသော လုပ်ငန်းများစိစစ်ပြီးဖြစ်ပါ၍ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးဌာန ဝန်ကြီးများအနေဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက တင်ပြထားသည့် လုပ်ငန်းများကို တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြီးသည့် လုပ်ငန်းများကို ကြီးကြပ် ဆောင်ရွက် အကောင်အထည်ဖော်ပေးရသည်ဖြစ်သည့်အတွက် မိမိအနေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ စာရင်းစစ်တွက်ချက်တိုင်းတာ၍ EIA,SIA အရ ဆောင်ရွက်ခြင်းများပြုလုပ်ပြီး စာရင်းပြုစု ပေးထားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးမျိုးမြင့်အောင်၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သနပ်ပင်မြို့နယ် မိုးခိုင်ကြီးကျေးရွာကွင်းအမှတ် (၁၁၇-က၊ ၁၁၈-က)တွင် ရေထိန်းတံခါးတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်အတွင်းရှိ မိုးခိုင်ကြီးကျေးရွာ၊ မိုးခိုင်လေးကျေးရွာ၊ ကျိုက်မဲကျေးရွာ၊ ကျိုက်ပဒိုင်ကြီးကျေးရွာ၊ ကျိုက်ပဒိုင်လေးကျေးရွာများရှိ လယ်မြေများသည် နွေစပါးစိုက်ပျိုးချိန်တွင် ကျိုက်ပဒိုင်ရေလွှဲပေါက်မှ ချပေးသောရေကို မိုးခိုင်ကြီးကျေးရွာအနီး ယော့ကော်ချောင်းသို့ပိတ်၍ နွေစပါးစိုက်ပျိုးရေရယူရပါသည်။ မြေသားတမံပိတ် ဆောင်ရွက်ရသဖြင့် မိုးရာသီတွင် ရေကြီးရေလျှံခြင်းကြောင့်

ပြန်လည်ဖွင့်ပေးရပြီး နွေရာသီတွင် ရေသိုလှောင်ထားနိုင်ရန် ပြန်လည်ပိတ်ပေးရပါသည်။ ယခုအခါမြေယူရန် မြေနေရာ ရှားပါးလာမှုကြောင့်လည်းကောင်း၊ လူအားဖြင့် ဆောင်ရွက်ရသည့်အတွက် မြေသားခိုင်ခန့်မှု မရှိခြင်းကြောင့်လည်းကောင်း၊ နှစ်စဉ်ပိတ်ခြင်း ဖွင့်ခြင်းများပြုလုပ်ရသဖြင့် ငွေကြေးကုန်ကျသည့် အခက်အခဲများနှင့်ကြုံတွေ့နေရပါသည်။

သို့ပါ၍ သနပ်ပင်မြို့နယ်အတွင်းရှိ မိုးခိုင်ကြီးကျေးရွာ၊ မိုးခိုင်လေးကျေးရွာ၊ ကျိုက်မဲကျေးရွာ၊ ကျိုက်ပဒိုင်ကြီး ကျေးရွာ၊ ကျိုက်ပဒိုင်လေးကျေးရွာများရှိ လယ်မြေဧက(၄၀၀၀)ခန့်အား နွေစပါးစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေ အချိန်မီပေးသွင်းနိုင်မည်ဖြစ်သည့်အပြင် စိုက်ဧကများလည်း တိုးတက်စိုက်ပျိုးလာနိုင်မည် ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။ မိုးခိုင်ကြီးကျေးရွာ ယော့ကော်ချောင်း ရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ရေတံခါးအလျား(၁၂၀)ပေ၊ ရေတံခါး အရွယ်အစား (၆ပေ×၁၆ပေ)(၁၄ပေါက်) ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေ(အကြမ်းဖျင်း)မှာ ကျပ်(၅၃၅. ၂၀၄)သန်း ကုန်ကျမည်ဖြစ်ပါကြောင်း တိုင်းတာတွက်ချက်ထားပြီးဖြစ်ပါသည်။

သို့ပါသော်လည်း အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(RE)ရန်ပုံငွေ တင်ပြတောင်းခံချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (RE) တင်ပြတောင်းခံသော လုပ်ငန်းများစိစစ်ပြီးဖြစ်ပါ၍ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ မြို့မ(၂)ရပ်ကွက်၊ မီးရထားလမ်းဟောင်းရှိ 11KV လိုင်းကြိုးအောက်၌ 0.4- လိုင်း တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ မြို့မ(၂)ရပ်ကွက်ရှိ မီးရထားလမ်းဟောင်းလမ်းသည် အိမ်ခြေ (၅၀) အ-ထ-က(ခွဲ)ကျောင်းနှင့် စက်ရုံ(၅)ရုံရှိသောလမ်းဖြစ်ပြီး မင်းလမ်းပြီးပါက ဒုတိယအားထားရဆုံးသောလမ်းလည်းဖြစ်ပါသည်။ ၂၀၁၃ခုနှစ်၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဂဝံလမ်းအဖြစ် ဆောင်ရွက်ပေးပြီးဖြစ်ပါသည်။

မဒေါက်မြို့သည် လွန်ခဲ့သောနှစ်ပေါင်း (၅၃)နှစ်ခန့်ကတည်းက လျှပ်စစ်မီးကိုသုံးစွဲခဲ့ပါ သော်လည်း ထိုလမ်း၌ (0.4) ဓါတ်အားလိုင်းတပ်ဆင်ခြင်းမရှိခဲ့သလို ယနေ့အချိန်ထိလည်း တိုးချဲ့တပ်ဆင်ပေးခြင်း မရှိသေးပါ။ မြို့ရွာများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လျှပ်စစ်မီးရယူ သုံးစွဲမှုများလည်းမြင့်တက်နေပါသည်။ ယခုအခါ ထိုလမ်းရှိ နေအိမ်များမှာ မင်းလမ်းရှိ တရုတ်ဘုံ ကျောင်းရှေ့ဓါတ်တိုင်မှလည်းကောင်း ဈေးရှေ့ ဓါတ်တိုင်မှလည်းကောင်း ကိုက်(၁၀၀)မှကိုက်(၂၀၀)ခန့်အထိ သွယ်တန်းအသုံးပြုနေကြရပါသည်။

ထိုနေအိမ်များသို့သွားသော မီးကြိုးများအားလုံးသည် အ-ထ-က(ခွဲ)ကျောင်းလမ်း၌ အလျားလိုက်ကိုက်(၁၀၀)ခန့်သွယ်တန်းထားပါသည်။ သွယ်တန်းထားသောမီးကြိုးများ၏ အရည် အသွေးမပြည့်မီခြင်း၊ သစ်ပင်များကြားမှသွယ်တန်းထားရခြင်း၊ ဝါးများနှင့်ထောက်၍ အသုံးပြုနေရခြင်းတို့ကြောင့် ကျောင်းသား/ကျောင်းသူများနှင့် လမ်းသွားလမ်းလာများအတွက် လျှပ်စစ်အန္တရာယ်စိုးရိမ်ရဖွယ် အခြေအနေဖြစ်နေပါသည်။

ယခုအခါ ထိုမီးရထားလမ်းဟောင်းလမ်း၌ ဈေးရှေ့(၁၁)ကေဗွီလိုင်းမှ ရဲစခန်းဘေး ထရန်စဖော်မာသို့ သွယ်တန်းထားသော (11)ကေဗွီလိုင်းကြိုးတိုင်(၁၀)ခန်းရှိပါသည်။ ထို (11)ကေဗွီလိုင်းကြိုးတပ်ဆင်ထားသော ကွန်ကရစ်ဓါတ်တိုင်များမှာလည်း (10-m) တိုင်များ ဖြစ်ပါသဖြင့် (11)ကေဗွီလိုင်းနှင့် (0.4) လိုင်းနှစ်ထပ် တပ်ဆင်၍ ရနိုင်ပါသည်။

ထိုကဲ့သို့ လိုင်းနှစ်ထပ်တပ်ဆင်မည်ဆိုပါက-

- ရှုပ်ထွေးစွာတပ်ဆင်ထားသော လိုင်းကြိုးများရှင်းလင်းသွားခြင်း
- 0.4လိုင်းမှသွယ်တန်းရသောကြိုး တိုသွားသဖြင့် ဗို့အားပြည့်ဝစွာရရှိခြင်း
- ကျောင်းသားကျောင်းသူများနှင့် လမ်းသွားလမ်းလာများအတွက် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေခြင်း

စသည့် ကောင်းကျိုးများရရှိမှာဖြစ်သည့်အပြင် ဝန်ကြီးဌာနအနေဖြင့်လည်း လိုင်းကြိုးနှင့် တန်း/ကြွေသီးအတွက်သာ တပ်ဆင်ရမည်ဖြစ်သဖြင့် ကုန်ကျစရိတ်သက်သာသော လုပ်ငန်းတစ်ခုလည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ မြို့မ(၂)ရပ်ကွက်၊ မီးရထားလမ်းဟောင်းလမ်းရှိ (11)ကေဗွီလိုင်းကြိုးအောက်၌ (0.4)လိုင်းတိုးချဲ့တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးညီညီထွေးမေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ညောင်လေးပင် မြို့နယ်၊ မဒေါက်မြို့၊ မြို့မ(၂)ရပ်ကွက်၊ မီးရထားလမ်းဟောင်းရှိ 11KV လိုင်းကြိုးအောက်၌ 0.4- လိုင်း တပ်ဆင်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ မြို့မ(၂)ရပ်ကွက်ရှိ မီးရထားလမ်းဟောင်းလမ်းတွင် အိမ်ခြေငါးဆယ်ခန့်ရှိပြီး အဆိုပါလမ်းတွင် လက်ရှိအနေဖြင့် (၄၀၀)ဗို့လိုင်း တည်ဆောက်ထားခြင်းမရှိပဲ(၁၁/၀. ၄)ကေဗွီ(၃၁၅)ကေဗွီအေဈေးပိုင်း ထရန်စဖော်မာမှ (၁၁/၀. ၄)ကေဗွီ (၁၆၀)ကေဗွီအေရဲစခန်းအနီး ထရန်စဖော်မာသို့ သွယ်တန်းထားသော(၁၁)ကေဗွီလိုင်းသာ တည်ဆောက်ထားပါသည်။

သို့ပါ၍ အဆိုပါလမ်းရှိ ရှည်လျားဆားဗစ်ကြိုးများပပျောက်စေရန်နှင့် လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန်အတွက် လက်ရှိ(၁၁)ကေဗွီလိုင်းအောက်တွင် (၄၀၀)ဗို့လိုင်း(၈)ခန်း-၁၂၀၀ပေခန့် တည်ဆောက်ရမည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ဖြည့်စွက်ရန်ပုံငွေတွင် ပါလာခဲ့ပါက ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဖြည့်စွက်ရန်ပုံငွေတွင်

မပါလာခဲ့ပါက ၂၀၁၇-၂၀၁၈ခု BE ဘတ်ဂျက်ရန်ပုံငွေတွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ဒိုက်ဦး-စစ်တောင်းလမ်းဘေးရှိ မင်္ဂလွန်းကျေးရွာနှင့် ပုကိုင်ကျေးရွာဆက် တာတမံမြေသားလမ်းအား သုံးရာသီသွားလာအသုံးပြုနိုင်ရန် ဂဝံခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဒိုက်ဦးမြို့နယ်ရှိ ပုကိုင်ကျေးရွာသည် ရေကြီးကွင်းအတွင်း ရွာတည်နေထိုင်သော ကျေးရွာဖြစ်ပြီး ရွာ၏ပတ်ဝန်းကျင်တွင် အင်းလုပ်ငန်းများအဓိက ဖော်ဆောင်လုပ်ကိုင်လျှက်ရှိပါသည်။ အင်းလုပ်ငန်းမှ နိုင်ငံတော်ဘဏ္ဍာငွေလည်း နှစ်စဉ်ရရှိဆဲဖြစ်ပါသည်။ မိုးအခါတွင် ပုကိုင်ကျေးရွာသည် ရေပတ်လည်ဝိုင်းနေသည့်အတွက် သွားလာရန်စက်လှေငယ်များကို အားထား အသုံးပြုရ ပါသည်။ ၂၀၁၃ခုနှစ်တွင် ဆည်မြောင်းဌာနမှ မင်္ဂလွန်းကျေးရွာနှင့် ပုကိုင်ကျေးရွာချင်းဆက် အရှည်(၄)မိုင်၊ အကျယ်(၂၀)ပေရှိ မြေသားတာတမံလမ်းတစ်လမ်း ဖောက်လုပ်ပေးခဲ့ပါသည်။

အဆိုပါတာတမံလမ်းသည် ပုကိုင်ကျေးရွာအတွက် အဓိကအားထားရသော ဆက်သွယ်ရေး၊ ကုန်သွယ်လမ်းဖြစ်လာပါသည်။ သို့သော် ၎င်းတာတမံလမ်း၏ မြေသားသည် ရွှံ့စေးမြေဖြစ်သည့်အတွက် မိုးတွင်းကာလမိုးများပြီး ရွှံ့နွံများနှင့် လမ်းပျက်၍ သွားလာရေးခက်ခဲခဲ့ပါသည်။

သို့ဖြစ်ပါ၍ ပုကိုင်ကျေးရွာနေပြည်သူများအတွက် ၎င်းတာတမံလမ်းသည် အဓိကအားထားရမည့် ကုန်စည်စီးဆင်းရာ ကုန်ထုတ်လမ်းလည်းဖြစ်သည့်အတွက် ကျေးရွာနေပြည်သူများ၏ အကျိုးအလို့ငှာ တာတမံလမ်းအား ဂဝံခင်းပေးရန် လိုအပ်ပြီး ဂဝံခင်းပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးသန်းထိုက်အောင်မေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဒိုက်ဦး-စစ်တောင်း လမ်းဘေးရှိ မင်္ဂလွန်းကျေးရွာနှင့် ပုကိုင်ကျေးရွာဆက် တာတမံမြေသားလမ်းအား သုံးရာသီသွားလာအသုံးပြုနိုင်ရန် ဂဝံခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်အတွင်းရှိ မင်္ဂလွန်းကျေးရွာနှင့် ပုကိုင်ကျေးရွာချင်းဆက် တာတမံလမ်းအား ဂဝံခင်းပေးရန် လိုအပ်ပြီး ဂဝံခင်းပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)အနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် မိမိအနေဖြင့် ကျေးလက်လမ်းအဖြစ်

ခင်းပေးနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆည်မြောင်းတာဘောင်အား ကျေးလက်လမ်းအဖြစ် အသုံးပြုနိုင်ရန် ညှိနှိုင်းမည်ဖြစ်ပြီး၊ ညှိနှိုင်း၍အဆင်ပြေပါက ကျေးလက်ဦးစီးဌာနမှ ကွင်းဆင်းစိစစ် တွက်ချက်တိုင်းတာပြီး ၂၀၁၇-၂၀၁၈ BE တွင် ထည့်သွင်းတင်ပြနိုင်ရန်အတွက် စာရင်းပြုစုထားမှာဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"တိမ်ကောနေသော မုက္ခမူချောင်းအား လာမည့်ဘဏ္ဍာနှစ်တွင် ပြန်လည် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ဝေါမြို့နယ်၊ ညောင်ခါးရှည်တိုက်နယ်ဆေးရုံတွင် လိုအပ်လျက်ရှိသော ဓါတ်မှန်စက်ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ဝင်းကဒတ်ကျေးရွာအုပ်စု၊ မုက္ခမူကျေးရွာသည် စစ်တောင်းမြစ်ကမ်း အနီးရှိ ကျေးရွာတစ်ရွာဖြစ်ပါသည်။

ယခုအခါ မုက္ခမူချောင်းတိမ်ကောနေမှုကြောင့် စစ်တောင်းမြစ်ရေဝင်ရောက်ပြီး ရေပြန်ကျချိန်နှေးကွေးခြင်းကြောင့် မိုးစပါးစိုက်ပျိုးရာသီတွင် ရေတက်စောလျှင် စစိုက်ချိန်ကပင် ပျက်စီးသေဆုံးခြင်း၊ နောက်ပိုင်းရင့်မှည့်ချိန်တွင် ရေတက်ဝင်လာပါကလည်း ရိတ်သိမ်းရခက်ခဲပြီး အပျက်အစီးများ ဆုံးရှုံးများပြားခြင်း ရေတက်ပြန်ကျမှုနှေးကွေးခြင်းကြောင့် ပဲအမျိုးမျိုးကို ရာသီချိန်မီအောင် စိုက်ပျိုးနိုင်မှုမရှိခြင်း၊ ပဲစိုက်နောက်ကျလျှင်လည်း နောက်ပိုင်းရေငန်ဝင်ချိန်နှင့် ကြုံတွေ့နေရပြီး ပဲခင်းများမခူးရတော့ဘဲ လက်လွှတ်ဆုံးရှုံးလိုက်ရသည့်အခြေအနေမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့နေရပါသဖြင့် ကျေးရွာတွင်နေထိုင်သည့် ကျေးလက်နေပြည်သူများမှာ နှစ်စဉ်အရှုံးနဲ့သာ ရင်ဆိုင်နေရမှုကြောင့် ပညာရေး၊ ကျန်းမာရေးအစစ နိမ့်ကျမှုဖြစ်နေပါသည်။

သို့ဖြစ်ပါ၍ မုက္ခမူကျေးရွာရှိ လယ်သမားများရင်ဆိုင်ကြုံတွေ့နေရသော မုက္ခမူချောင်း တိမ်ကောနေမှုကြောင့် ဖြစ်ပေါ်နေသည့် လယ်ယာမြေအခက်အခဲများကို ကာကွယ်ဖြေရှင်းနိုင်ရန် အရှည် (၃)မိုင်၊ အကျယ်(၁၀)ပေရှိ တိမ်ကောနေသည့် မုက္ခမူချောင်းကို လာမည့်ဘဏ္ဍာရေးနှစ်တွင် ပြန်လည် တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါသည်။

**ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်ကျေးရွာအုပ်စုသည် ရွာပေါင်း(၁၀)ရွာပါရှိ သော ကျေးရွာအုပ်စုကြီးဖြစ်ပြီး လူဦးရေ(၄၀၀၀)ခန့်ရှိပါသည်။

ညောင်ခါးရှည်ကျေးရွာတွင် (၁၆)ကုတင်ဆံ့တိုက်နယ်ဆေးရုံရှိပြီး ဓါတ်မှန်ခန်းကို ပြည်ထောင်စုဖွံ့ဖြိုးရေးရန်ပုံငွေ(၂)သိန်းနှင့် ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေဖြင့် နိုင်ငံတော်မှ သတ်မှတ်ထားသော ဓါတ်မှန်ခန်း၏ စံချိန်စံညွှန်းအတိုင်း တည်ဆောက်ထားပြီးဖြစ်ပါသဖြင့် ကျေးလက်နေပြည်သူများ၏

ကျန်းမာရေးစောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန်အတွက် ဓါတ်မှန်စက်ကို လာမည့်ဘဏ္ဍာရေးနှစ် ၂၀၁၇-၂၀၁၈တွင် လျာထားသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တိမ်ကောနေသော မုက္ခမူချောင်းအား လာမည့်ဘဏ္ဍာနှစ်တွင် ပြန်လည် တူးဖော် ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်အတွင်းရှိ မုက္ခမူချောင်းမှာ ဝေါမြို့နယ် ဝင်းကဒတ်ကျေးရွာအုပ်စု၊ မုက္ခမူကျေးရွာအနီးမှ စတင်စီးဆင်းလာပြီး စစ်တောင်းမြစ်အတွင်းသို့ စီးဝင်ပါသည်။ ယခုအခါ မုက္ခမူချောင်းတိမ်ကောနေမှုကြောင့် စစ်တောင်းမြစ်ရေ ဝင်ရောက်ပြီး ရေပြန်ကျချိန်ကြာမြင့်ခြင်းကြောင့် ဒေသခံတောင်သူများ၏ လယ်မြေများ ပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့နေရပြီး နွေရာသီတွင် ရေငန်ဝင်ရောက်သဖြင့် ပဲစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုနှင့်လည်း ကြုံတွေ့နေရသည် ဆိုသည်ကိုလည်း မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါသည်။

မုက္ခမူချောင်း ပြန်လည်တူးဖော်ပေးခြင်းအားဖြင့် ဝင်းကဒတ်ကျေးရွာနှင့် မုက္ခမူကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက (၁၀၀၀)ခန့်အား ရေကြီးနစ်မြုပ်မှုနှင့် ရေငန်ဝင်ရောက်ခြင်းမှလည်း အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်းကို စစ်တမ်းကောက်ယူပြီး ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများကို ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။ မုက္ခမူချောင်းပြန်လည်တူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား(၃)မိုင်၊ မြေကြီး (၁၅၂၀၆)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ(အကြမ်းဖျင်း)မှာ ကျပ်(၃၂. ၅၅၀)သန်း ကုန်ကျမည်ဖြစ်ပါကြောင်း စိစစ်တွက်ချက်ထားပြီး ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE)ရန်ပုံငွေ တင်ပြတောင်းခံ ချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (RE)တင်ပြတောင်းခံသော လုပ်ငန်းများ စိစစ်ပြီးဖြစ်ပါ၍ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ BE တွင် လွှတ်တော်သို့ တင်ပြနိုင်ရန်အတွက် စာရင်းပြုစုပေးထားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးကြည်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးမျိုးကြည်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဝေါမြို့နယ်၊ ညောင်ခါးရှည်တိုက်နယ်ဆေးရုံတွင် လိုအပ်လျက်ရှိသော ဓါတ်မှန်စက်ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်တိုက်နယ်ဆေးရုံတွင်လိုအပ်လျှက်ရှိသော ဓါတ်မှန်စက်အား ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြတောင်းခံပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ပြန်လည်ဖြေကြားအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့နံနက်ပိုင်းကို (၁၁း၃၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (ဒုတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"မြို့မြေအား စနစ်တကျ အကွက်ချ ပြန်လည်တိုင်းတာဖော်ထုတ်ပေးရန်နှင့် မြို့ဂရန် မရသေးသူများအား ဂရန်ထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"မြို့လယ်ခေါင်တွင် ရှုပ်ထွေးနေပြီး လမ်းသွားလမ်းလာပြည်သူများအတွက် အနှောက်အယှက်ဖြစ်နေသော အသုံးမဝင်တော့သည့် အိတ်ချိန်းတယ်လီဖုန်း ကြိုးများအား ဖြုတ်သိမ်းရန် အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ မြို့မ(၁)ရပ်ကွက်အပိုင် ကျွန်းကုန်းရွာ မူလတန်းကျောင်း၏ အန္တရာယ်ရှိ (ကျောင်းဆောင်)ဟောင်းအားဖျက်သိမ်း၍ ကျောင်းဆောင်သစ်တစ်ဆောင် အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့သည် မြို့မ(၂)ခုနှင့် အိမ်ခြေ ပေါင်း(၂၀၀၀)ကျော်ရှိပါသည်။ ရန်ကုန်-မန္တလေး မီးရထားလမ်းပေါ်တွင် တည်ရှိပါသည်။ ရှေးယခင်က ရန်ကုန်-မန္တလေး မော်တော်ကားလမ်းကို မြို့တွင်းမှဖြတ်သွားသော်လည်း နောက်ပိုင်းတွင် မြို့ရှောင်လမ်းဖောက်လိုက်သဖြင့် မြို့ဘေးမှဖြတ်သွားပါသည်။

ယခင်က မြို့အဖြစ် သတ်မှတ်ဖူးသော်လည်း မည်သို့အကြောင်းကြောင့် မသိရဘဲ ကျေးရွာ အဆင့်ပြောင်း၍ သတ်မှတ်လိုက်ပါသည်။ ပိန်းဇလုပ်မြို့တွင် မီးရထားဘူတာရုံ၊ ရဲတပ်ဖွဲ့စခန်း၊ တိုက်နယ် ဆေးရုံနှင့် ကျေးလက်ဆေးပေးခန်း၊ အမှတ်(၂၆၄)ခြေလျင်တပ်ရင်း၊ ဆက်သွယ်ရေးစာတိုက်၊ လျှပ်စစ်ရုံး၊ စည်ပင်သာယာဈေးစသည့် မြို့အင်္ဂါရပ်များ အပြည့်အစုံရှိပါသည်။ အခြေခံပညာအထက်တန်းကျောင်း(၁)ခု၊ အလယ်ကျောင်း(ခွဲ)(၃)ခု၊ မူလတန်းလွန်ကျောင်း(၁)ခုရှိပြီး၊ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန် ပါသော်လည်း မည်သည့်အတွက်ရွာဖြစ်သွားသည် မသိရပါ။

မြို့နေပြည်သူများမှ ပြန်လည်လျှောက်ထားသဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ (၃၀-၃-၂၀၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၅၅/၂၀၁၅)ဖြင့် ကျေးရွာအုပ်စုမှ မြို့အဆင့်သို့ ပြန်လည်တိုးမြှင့်သတ်မှတ် ပေးခဲ့ပါသည်။

ယခင်က မြို့မှာစနစ်တကျဖြင့် မြို့ကွက်ဖြင့် တိတိကျကျရှိခဲ့ပါသည်။ ပယ်လမ်းများ၊ ကြားလမ်းများ၊ ရပ်ကွက်တွင်းလမ်းများ စနစ်တကျရှိပါသည်။ အိမ်ခြံမြေများမှာလည်း ဂရန်အမည်ပေါက်မြို့မြေများ ဖြစ်ပါသည်။ သို့သော် နောက်ပိုင်းရွာဖြစ်သွားသည့်အခါလမ်းများ၊ ခြံကွက်များမှာ စနစ်တကျမရှိတော့ပါ။ ပယ်လမ်းများ၊ ကြားလမ်းများမှာလည်း နီးစပ်ရာအိမ်များမှ တိုးယူလိုက်သဖြင့် အားလုံးပျောက်ကုန်ပါသည်။ မြို့ထဲရှိလမ်းများမှာလည်း ကျူးကျော်အိမ်များ၊ ကျူးကျော်ဆိုင်ခန်းများကြောင့် ကျဉ်းမြောင်းကုန်ပါသည်။ မြို့စွန်ရပ်ကွက်များနှင့် မြို့ကွက်ထဲပါလာသည့် ကျေးရွာ(၂)ရွာရှိ လမ်းများမှာလည်း သူတိုး၊ ငါတိုးနှင့် စနစ်တကျမရှိတော့ပါ။ ခြံမြေအကျယ် အဝန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍လည်း မကြာခဏစကားများ၊ ရန်ဖြစ်ပြဿနာတက်ကြရပါသည်။

ယခင်မြို့ဖြစ်စဉ်အခါက မြို့မြေမှာ ဂရန်မြေဖြစ်ခဲ့သော်လည်း နောက်ပိုင်းရွာဖြစ်သွား၍ ဂရန်မြေ မရတော့ပါ။ မြို့မ(၂)တွင် မြောက်ပိုင်းရပ်ကွက် (ယခင်အခေါ် ဈေးပိုင်းရပ်ကွက်)၊ တောင်ပိုင်းရပ်ကွက် (ယခင်အခေါ် ကုန်သည်ရပ်နှင့် တောင်ကျောင်းရပ်)၊ ရွှေပေါက်ကံရပ်ကွက်တွင် အိမ်ခြံမြေအနည်းငယ်တို့သာ ဂရန်ခြံမြေများဖြစ်ပါသည်။ ရွှေပေါက်ကံရပ်ကွက်အများစု၊ မြောက်ပိုင်းနှင့် တောင်ပိုင်းတို့မှ နောက်တိုးခြံကွက် များမှာ ဂရန်မရှိကြပါ။

မြို့မ(၁)တွင် ပိတောက်ရွှေဝါရပ်ကွက် (ဝမ်းဘဲအင်းရပ်)၊ စက်ကြီးကွင်း၊ အနောက်ပိုင်းရပ်ကွက် (အနောက်ရပ်)အတွင်း အနည်းငယ်၊ ကားလမ်းဘေးခြံအနည်းငယ်၊ (ကွက်သစ်ရပ်)တို့ သာ ဂရန်ရှိပါသည်။ ထိုရပ်ကွက်များရှိ ခြံမြေအများစုနှင့် ကင်မွန်းခြံ၊ ကင်မွန်းမြောင် ကင်မွန်းမြောင် ကွက်သစ်၊ ကျွန်းကုန်းရွာတို့မှာ ဂရန်မရှိကြပါ။ နဂိုဂရန်ရှိပြီးသား ခြံမြေများထဲ တစ်ချို့မှာလည်း ရွာဖြစ်သွား၍ သက်တမ်းထပ်မတိုးသဖြင့် ဂရန်မရှိတော့သည်များလည်းရှိပါသည်။

မြို့နယ်မြေစာရင်း၏ မြို့မြေအတွင်းပါဝင်သည့် ကွင်း/အကွက်များ စာရင်းအရ မြို့မ(၁) တွင် ကွင်း (၁၆ လက်မ ၁ မိုင်)စကေး (၂)ခု၊ အကွက် (၆၄ လက်မ ၁ မိုင်) စကေး(၂)ခု၊ မြို့မ (၂)တွင် အကွက် (၆၄ လက်မ ၁ မိုင်) စကေး (၃)ခု ရှိသည်ဟုသိရပါသည်။

သို့သော် လုပ်ငန်းလုပ်မည့်သူများ ခြံအရောင်းအဝယ်လုပ်မည့်သူများ အမွေဆိုင်အရှုပ်အရှင်း ပြဿနာကြောက်သည့်သူများသာ တစ်ဦးချင်း သွားလျှောက်ကြသည်များရှိပါသည်။ ထိုသို့ တစ်ဦးချင်း လျှောက်ရာတွင် ကုန်ကျစရိတ်များသဖြင့် အများစုမှာ ဒီအတိုင်းနေကြပါသည်။

ယခုအခါမြို့အဖြစ် ပြန်လည်သတ်မှတ်ပေးပြီးဖြစ်ပါသဖြင့် အများစုဖြစ်သော ဂရန်မရှိသေးသည့် ခြံကွက်များ၊ မြို့ဂရန်မြေရရှိနိုင်ရန် ပျောက်ဆုံးကုန်သော ပယ်လမ်း၊ ကြားလမ်းများ ပြန်လည်ပေါ်ထွက်လာစေရန် ကျူးကျော်နေအိမ်၊ ကျူးကျော်ဆိုင်ခန်းပြဿနာများ ဖြေရှင်းရေးအတွက် မူလလမ်းမြေဖော်ထုတ်နိုင်ရန်၊ မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုပြဿနာများ ကင်းဝေးစေရန်၊ မြို့ကွက်စနစ်ကျလှပမှုရှိစေရန်၊ ပျောက်ဆုံးနေသော ခြံခွန်၊ မြေခွန်များ နိုင်ငံတော်ဘတ်ဂျက်သို့ အပြည့်အဝရောက်ရှိစေရန်အတွက် မြို့မြေအား စနစ်တကျ အကွက်ချပြန်လည်တိုင်းတာ ဖော်ထုတ်ပေးရန်နှင့် မြို့ဂရန်မရသေးသူများ ဂရန်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ မြို့လယ်ခေါင်တွင် ရှုပ်ထွေးနေသော အိတ်ချိန်းတယ်လီဖုန်းကြိုးများ ရှိပါသည်။ အော်တိုအိတ်ချိန်းတယ်လီဖုန်းစက်ကို (၁၉၈၉-၉၀)ခန့်က စတင်ဖွင့်လှစ်ခဲ့ပါသည်။ စက်ခလုပ်ခုံ စတင်ဖွင့်ကာစက ဖုန်းအလုံးရေ(၄၀)ခန့်ဖြစ်ပြီး၊ နောက်ပိုင်းတွင်(၇၀)ခန့်အထိရှိပါသည်။

ဆက်သွယ်ရေးစနစ်အရ ကြိုးဖုန်းတပ်ဆင်ရန် မဖြစ်နိုင်သဖြင့် အိတ်ချိန်းဖုန်းများတပ်ဆင်ကြသော်လည်းခေါ်သည့်သူ၊ ပြောသည့်သူများထပ်နေ၍ ပြောချင်တိုင်းပြောမရ၊ ခေါ်ချင်တိုင်း ခေါ်မရဖြစ်ခြင်း၊ စကားသံများလည်း မကြားရခြင်းစသည့် အဆင်မပြေမှုများကြောင့် မသုံးကြတော့ဘဲ ပစ်ထားလိုက်ကြပါသည်။ အရေးပေါ်လိုအပ်ပါက အိတ်ချိန်းရုံးသို့ သွား၍ပြောကြ ပါသည်။

နောက်ပိုင်းတွင် CDMA ဖုန်းများ၊ WCDMA ဖုန်းများပေါ်လာသဖြင့် မည်သူမျှမသုံးကြတော့ပါ။ (၂၀၀၂-၂၀၀၃)ဝန်းကျင်လောက်တွင် သုံးစွဲသူမရှိသလောက်ဖြစ်ပါသည်။ စက်ခလုပ်ခုံတော့ ဖွင့်ထားပါသေးသည်။

(၂၀၀၇)ခုနှစ်ခန့်တွင် စက်ခလုပ်ခုံပါ ပိတ်သွားပါသည်။ သို့သော် ကြိုးများအား ဒီအတိုင်း ထားခဲ့ပါသည်။ တခြားလမ်းသွယ်များသို့ ခွဲထွက်ဆွဲထားသော ကြိုးများဖြတ်တောက်ပစ်ကြ၍ မရှိတော့ပါ။ ဘုတာရုံနားမှစ၍ ဘူတာရုံလမ်း၊ စာတိုက်လမ်းတစ်လျှောက် အိတ်ချိန်းရုံးအထိ ဆက်သွယ်ထားသောကြိုးများ ရှိနေပါသေးသည်။ အဆိုပါကြိုးများသည် မြို့လယ်ခေါင် ကားလမ်းမကိုကျော်၍ စည်ပင်ဈေးဘေးနားမှ ဆွဲထားခြင်းဖြစ်သည်။

ယခုအခါ ကြိုးများမှာ ရှုပ်ထွေးအိကျနေပြီး၊ ဈေးသွားဈေးလာပြည်သူများ၊ ဈေးသည်များနှင့် လမ်းသွားလမ်းလာပြည်သူများ၊ ဆိုင်ကယ်များ၊ ကားများသွားလာရေးအတွက် အနှောင့်အယှက်ဖြစ်ရသည်။ ကားလမ်းမကိုဖြတ်ကျော်ဆွဲထားသည့် ကြိုးများမှာအိကျ၍ ကားများ၊ ဖောကားများနှင့် မကြာခဏတိုက်ပြီးပြုတ်ကျသည်များရှိ၍ အန္တရာယ်လည်း အလွန်များပါသည်။ ယခုအခါတွင် ဝါးလုံး(၂)လုံးဖြင့် ဖြစ်သလိုထောက်၍ထားရပါသည်။ ဆက်သွယ်ရေးရုံးသို့ ပြောကြားသော်လည်း အရေးယူဆောင်ရွက်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ အန္တရာယ်ရှိ မြို့လယ်ခေါင်တည့်တည့်တွင် ရှုပ်ထွေးနေပြီး၊ လမ်းသွားလမ်းလာအများပြည်သူအတွက် နေ့စဉ်အနှောင့်အယှက်ဖြစ်နေရသော အသုံးမဝင်တော့သည့် အိတ်ချိန်း တယ်လီဖုန်းကြိုးများအား အမြန်ဆုံးဖြုတ်သိမ်းပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ မြို့မ(၁)ရပ်ကွက်အပိုင် ကျွန်းကုန်းရွာ မူလတန်းကျောင်း၏ ကျောင်းဆောင်သည် လူတက်ရောက်ရန် မသင့်တော်ဘဲ ဆိုးရွားစွာပျက်စီးနေသည့် အန္တရာယ်ရှိ ကျောင်းဆောင်တစ်ခုဖြစ်ပါသည်။ အဆိုပါအလျား(၅၆)ပေ အနံ(၄၀)ပေရှိ သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း(၁)ထပ်ခြေတံရှည် ကျောင်းဆောင်သည် (၁၉၆၈) ခုနှစ်ကတည်းက ပြည်သူများထည့်ဝင်ငွေဖြင့် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့ပါသည်။ ယခုအခါ သက်တမ်းအားဖြင့် နှစ်ပေါင်း(၄၈)နှစ်ခန့် ရှိပြီဖြစ်၍ ဆွေးမြေ့ပျက်စီးကာ ပြိုကျတော့မည့်အခြေအနေသို့ ရောက်ရှိနေပါသည်။ ကျောင်းသူ/ကျောင်းသားများ ကျောင်းပေါ်တက်၍ စာသင်ကြားရန် မသင့်တော်တော့ပါ။

အဆိုပါ မူလတန်းလွန်ကျောင်းတွင် တခြားစာသင်ဆောင်မရှိဘဲ တစ်ခုတည်းသော စာသင်ဆောင်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုအခါ ကျောင်းအောက်မြေကြီးပေါ်တွင် ယာယီတဲထိုး၍ စာသင်ကြားနေရပါသည်။ ကျောင်းတွင် (KG) တန်းမှ ပဉ္စမတန်းအထိ ကျောင်းသား/ကျောင်းသူ (၁၁၂)ဦး ပညာသင်ကြားနေပါသည်။ နောက်နှစ်တွင် ဆဋ္ဌမတန်းပါ ထပ်တိုးလာပါက ကျောင်းသားပိုများလာမည်ဖြစ်ပါသည်။ ကျောင်းဆောင် စတင်ဆောက်လုပ်ပြီးချိန်မှစ၍ ယခုပညာသင်နှစ်အထိ ကျောင်းဆောင်သာမက ပြင်ဆင်စရိတ်ပါ တစ်ခါမှမရခဲ့ပါ။ တင်ပြသည်မှာ အကြိမ်ကြိမ်ရှိပြီဖြစ်သော်လည်း မည်သည့်ဘတ်ဂျက်တွင်မှ ပါဝင်ခဲ့ခြင်းမရှိပါ။

ယခုအခါ ယာယီတဲပေါ်တွင် သင်ကြားနေရသဖြင့် ကျောင်းသား/ကျောင်းသူ အရည်အတွက်အရ ပညာသင်ကြားရေး အခက်အခဲရှိပါသည်။ ထို့ပြင် ရာသီဥတုကြောင့် ကျန်းမာရေးအန္တရာယ်၊ ပိုးမွှားများ အန္တရာယ်ကိုလည်း နေ့စဉ်ပူပန်နေရပါသည်။ ကျေးရွာနေပြည်သူများမှာလည်း ဆင်းရဲသား တောင်သူလယ်သမားများဖြစ်၍ ကိုယ်ထူကိုယ်ထလည်း မဆောက်လုပ်နိုင်ပါ။ သို့ဖြစ်ပါ၍ လူတက်ရန်မသင့်တော်သော အလွန်အန္တရာယ်ရှိ စာသင်ဆောင်အား ဖျက်သိမ်း၍ စာသင်ဆောင်အသစ် တစ်ခုအမြန်ဆုံးဆောက်လုပ်ပေးရန်နှင့် ယခုနှစ်ဘတ်ဂျက် တိုင်းဒေသကြီးရန်ပုံငွေ(RE)တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်နိုင်ဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မြို့မြေအား စနစ်တကျ အကွက်ချ ပြန်လည်တိုင်းတာဖော်ထုတ်ပေးရန်နှင့် မြို့ဂရန်မရသေးသူများအား ဂရန်ထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသောကိစ္စနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ညောင်လေးပင်မြို့တွင် မြို့မြေအဖြစ် ညောင်လေးပင်မြို့၊ ပြွန်တန်ဆာမြို့၊ မဒေါက်မြို့နှင့် ပိန်းဇလုပ်မြို့ဟူ၍ မြို့(၄)မြို့ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ (၃၀. ၃. ၂၀၁၅)ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ်(၃၅၅/၂၀၁၅)နှင့် ပိန်းဇလုပ်မြို့အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ပိန်းဇလုပ်မြို့တွင် မြို့မ(၁)ရပ်ကွက်၊ မြို့မ(၂)ရပ်ကွက်ဟူ၍

ရပ်ကွက်(၂)ခုဖြင့် ဖွဲ့စည်းထားပါသည်။ မြို့မရပ်ကွက်(၁)တွင် (၆၄လက်မ=၁မိုင်)စကေးဖြင့် မြေတိုင်းတာပြီးသည့်အကွက်ပေါင်း(၂)ကွက်ရှိ၍ ရပ်(၁)အနောက်ရပ်၊ ကွင်းရှိဧရိယာ(၆၈)ဧက၊ ရပ်(၄)ဝမ်းဘဲအင်း၊ ကွင်းရှိဧရိယာ(၃၅)ဧက၊ စုစုပေါင်း(၁၀၃)ဧကတို့အား (၁၉၅၁-၁၉၅၂)ခုနှစ်တွင် ပြင်တိုင်းတိုင်းတာခဲ့ပြီး လက်ရှိအသုံးပြုလျက်ရှိပါသည်။

မြို့မ(၂)ရပ်ကွက်တွင် (၆၄လက်မ=၁မိုင်)စကေးဖြင့် မြေတိုင်းတာပြီးသည့် အကွက်ပေါင်း (၃)ကွက်ရှိ၍ ရပ်(၂)ဈေးပိုင်းရပ်၊ ကွင်းရှိဧရိယာ(၄၈)ဧကအား (၁၉၆၇-၁၉၆၈)တွင် ပြင်တိုင်းအဖြစ်လည်းကောင်း၊ ရပ်(၃)ကုန်သည်ရပ်၊ ကွင်းရှိဧရိယာ(၃၅)ဧက၊ ရပ်(၅)တောင်ကျောင်းရပ်၊ ကွင်းရှိဧရိယာ(၂၀)ဧက၊ စုစုပေါင်း ဧရိယာ(၅၅)ဧကတို့အား မူလတိုင်းအဖြစ် (၁၉၀၅-၁၉၀၆)ခုနှစ်တွင် တိုင်းတာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပိန်းဇလုပ်မြို့တွင် (၆၄လက်မ=၁မိုင်)စကေးဖြင့် တိုင်းတာပြီး လက်ရှိအသုံးပြု နေသည့်အတွက် မြေပုံ(၅)ကွက်၊ ဧရိယာ(၂၀၆)ဧကရှိပြီး (၁၆လက်မ=၁မိုင်)စကေးကွင်း (၃)ကွင်းမြေပုံမှ တိုးချဲ့မြို့မြေအဖြစ် အသုံးပြုရန် ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၂၈. ၈. ၁၉၉၂) ရက်စွဲပါစာအမှတ်-၃၇၅/၂၇/ တ. ဝ. တမှ လယ်မြေ(၆၅)ဧကအား (လ/န(၃၉)ခွင့်ပြုပေးခဲ့သည့်အပေါ် ယခင်မြို့မြေချထားရေးအဖွဲ့များမှ လူနေအိမ်ခြံကွက်များ ချထားခဲ့ပြီး လက်ရှိလူနေအိမ်များ ဆောက်လုပ်အသုံးပြုလျှက်ရှိပါသည်။

ညောင်လေးပင်မြို့နယ် အနေဖြင့် မြို့မြေများ စနစ်တကျအကွက်ချပြန်လည် တိုင်းတာခြင်း ဆောင်ရွက်ရန်အတွက် ၂၀၁၆-၂၀၁၇ခုနှစ်တွင် မဒေါက်မြို့အား (၆၄လက်မ=၁မိုင်) စကေးဖြင့် တိုင်းတာရန် စီမံချက်ရေးဆွဲတင်ပြထားသော်လည်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး တင်ပြထားသည့် ပိန်းဇလုပ်မြို့အား ယခုနှစ်တွင် မြို့မြေတိုင်းတာရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ဂရန်ရယူလိုပါက သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းတွင် လျှောက်ထားရမည်ဖြစ်ကြောင်း လေးစားစွာဖြင့် ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပိန်းဇလုပ်မြို့သည် ယခင်က မိမိတို့မမွေးခင်က မြို့ဖြစ်သော်လည်း မိမိတို့မွေးဖွားပြီးသည့်အချိန်တွင် ရွာဖြစ်သွားခဲ့ပါသည်။၂၀၁၅ခုနှစ်တွင်မှ မြို့ပြန်ဖြစ်ခြင်းဖြစ်ပါသည်။ ရွာဖြစ်ခဲ့၍ စည်ပင်ဥပဒေသက်ရောက်မှု မရှိခဲ့ပါကြောင်း၊ ပယ်မြေ၊ ကြားနေ နေရာများမှာ သူတို၊ ငါတိုးနှင့် လွန်ခဲ့သော(၂၅)နှစ်၊ နှစ်(၃၀)ခန့်ကတည်းက ပျောက်ကွယ်သွားခဲ့ပါသည်။ ကျူးကျော်ဆိုင်ခန်းများ၊ ကျူးကျော်နေအိမ်ပြဿနာများ ဖြေရှင်းရန်အတွက် စနစ်တကျတိုင်းတာပြီး ပြန်လည် သတ်မှတ်ပါမှ အဆင်ပြေမည့် သဘောရှိပါသည်။ သို့မှသာ မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုများ လျော့သွားမည် ဖြစ်ပါသည်။ မိမိတို့ မမွေးဖွားခင် မြို့ဖြစ်သော်လည်းဘဲ ကျေးရွာဖြစ်သွားသည့်နောက်တွင် ဂရန်လျှောက်မည့်

သူများလည်း မလျှောက်တော့ပါကြောင်း၊ အကယ်၍ လျှောက်မည်ဆိုပါက ငွေကုန်ကြေးကျအလွန်များပါကြောင်း၊ ယခုအချိန်အထိ ငွေကုန်ကြေးကျတအားများပါကြောင်း၊ သို့အတွက်ကြောင့် လူအများစုမှာ ဖြစ်သလိုနေခဲ့ကြ၍ နိုင်ငံတော်ရရှိမည့် အခွန်ငွေများလည်း နစ်နာပါကြောင်း၊ ယခင်တိုင်းတာခဲ့သည့် ၁၉၅၁-၁၉၅၂၊ ၁၉၆၇-၁၉၆၈၊ ၁၉၀၅-၁၉၀၆ တို့မှာ မိမိတို့ မမွေးခင်က တိုင်းတာခဲ့ခြင်းဖြစ်ပါကြောင်း၊ လက်ရှိမြေပြင်အခြေအနေနှင့် မြေစာရင်း မြေပုံအနေအထားများသည်လည်း ကွဲပြားပြီး၊ ကြားလမ်းများ၊ ပယ်လမ်းများမှာ လုံးဝမရှိသလောက် ပျောက်ကွယ်သွားပြီဖြစ်ပါသည်။ သို့ပါ၍ မိမိတို့အနေဖြင့် ပြန်လည်ပြီး စနစ်တကျတိုင်းတာ၍ ဂရန်မရှိသောသူများအား ဂရန်ရှိအောင် ဆောင်ရွက်ပေးမည်ဆိုပါက ၎င်းပြဿနာများ ပြေလည်သွားနိုင်ပြီး အိမ်မြေ၊ လမ်းမြေ၊ ကြားမြေများ ပြန်ပေါ်လာမည်ဖြစ်ပြီး မြို့ကွက်လည်း စနစ်တကျဖြစ်သွားမည်ဖြစ်ပါသည်။ ပျောက်ဆုံးနေသည့် ဂရန်မှရရှိမည့် အခွန်အခများလည်း အပြည့်အဝပြန်လည်ရရှိမည်ဖြစ်ပါသည်။ လက်ရှိအနေအထားမှာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးရုံးမှတစ်ဆင့် မြေစာရင်းဦးစီးဌာန၊ မြို့နယ်မြေယာစီမံခန့်ခွဲရေးကော်မတီတို့သို့ လျှောက်ထား၍ရသည်ဆိုသည်ကိုသိပါသည်။ သို့သော်လည်း အရှုပ်အရှင်းပြဿနာဖြေရှင်းချင်သူများ စာချုပ်စာတမ်းပြုလုပ်ချင်သူများက မဖြစ်မနေသွားရောက်ကြရမည်ဖြစ်ပါသည်။ တော်ရုံမှာ ပိုက်ဆံသိန်းပေါင်းများစွာ အကုန်အကျခံပြီး မလုပ်ဆောင်ကြတော့ကြောင်း၊ သို့ပါ၍ ၎င်းကို ပြန်လည်ဖော်ထုတ်နိုင်မည် ဆိုလျှင် ပယ်မြေ၊ လမ်းမြေများ ပြန်လည်ပေါ်ထွက်လာပြီး ရွာတန်းရှည်ရေးအတွက်ကိုလည်း ကျေးရွာများအား ဖော်ဆောင်ပေးမည်ဆိုလျှင် ပျောက်ဆုံးနေသည့်လမ်းနှင့် နိုင်ငံတော်အတွက် ရရှိမည့်ဘတ်ဂျက်များလည်း ပြန်လည်ရရှိလာမည်ဖြစ်ကြောင်း၊ မြို့မြေတိုင်းတာရန်အတွက် အစီအစဉ်မရှိသေးသော်လည်း မည်သည့်ဘတ်ဂျက်နှစ်တွင် တိုင်းတာပေးမည်ဆိုသည်ကို သိရှိသေးလိုကြောင်း မိမိအနေဖြင့် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်နိုင်ဦးမေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ပိန်းဇလုပ်မြို့အား ယခုနှစ်တွင် မြေတိုင်းတာရန် အစီအစဉ် မရှိပါကြောင်း ဦးစွာဖြေကြားလိုပါသည်။ ဆက်လက်ပြီး ဖြေကြားလိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မိမိတာဝန်ယူခဲ့စဉ်က တိုင်းဒေသကြီး မြို့မြေနေရာချထားရေးကော်မတီ ဥက္ကဋ္ဌအနေဖြင့်လည်း တာဝန်ယူထားရသကဲ့သို့ ထို့နည်းတူစွာ ခရိုင်၊ မြို့နယ်မှာ မြို့မြေနေရာချထားရေးကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့မြေနေရာချထားရေးဥက္ကဋ္ဌဖြစ်ပြီး သက်ဆိုင်ရာ မြို့နယ်ဥက္ကဋ္ဌများ၊ အုပ်ချုပ်ရေးမှူးများက အတွင်းရေးမှူးများ အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ သို့ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသည့် ပိန်းဇလုပ်မြို့ မြေတိုင်းတာမည့်ကိစ္စအား မိမိအနေဖြင့် အထူးကိစ္စအနေဖြင့် မှတ်သားထားပြီး မြို့မြေနေရာချထားရေး ကော်မတီများနှင့်ခေါ်ယူပြီး ညှိနှိုင်းဆွေးနွေးပြီးသည့်အခါတွင် ဖြစ်နိုင်သည့် Possible အောက်ခြေတွင် ဖြစ်နိုင်သည့် လက်တွေ့လေ့လာမှုကို ပြုလုပ်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးအား အကြောင်းပြန်ကြားပေးမည် ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအောင်နိုင်ဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မြို့လယ်ခေါင်တွင် ရှုပ်ထွေးနေပြီး လမ်းသွားလမ်းလာပြည်သူများအတွက် အနှောင့်အယှက်ဖြစ်နေသော အသုံးမဝင်တော့သည့် အိတ်ချိန်းတယ်လီဖုန်းကြိုးများအား ဖြုတ်သိမ်းရန် အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်း၍ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ မြို့လယ်ခေါင်တွင်ရှုပ်ထွေးနေသည့် ပိန်းဇလုပ်လက်လှည့် အိတ်ချိန်း၏ တယ်လီဖုန်းကြိုးများအား (၃၀. ၉. ၂၀၁၆)ရက်နေ့ အပြီးဖြုတ်သိမ်း ရှင်းလင်းပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအောင်နိုင်ဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးအောင်နိုင်ဦး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ မြို့မ(၁)ရပ်ကွက် အပိုင်ကျွန်းကုန်းရွာ မူလတန်းကျောင်း၏ အန္တရာယ်ရှိ (ကျောင်းဆောင်)ဟောင်းအား ဖျက်သိမ်း၍ ကျောင်းဆောင်သစ်တစ်ဆောင် အမြန်ဆုံးဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့၊ မြို့မ(၁)ရပ်ကွက်အပိုင် ကျွန်းကုန်းရွာ အခြေခံပညာမူလတန်းကျောင်းတွင် အန္တရာယ်ရှိ၍ လူတက်ရောက်ရန်မဖြစ်နိုင်တော့သည့် ကျောင်းဆောင်အား ဖျက်သိမ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ (B Plan)တွင် ဦးစားပေးအဆင့်(၂)ဖြင့် ပညာရေး ဝန်ကြီးဌာနသို့ တင်ပြထားပြီး ဖြစ်ပါကြောင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ကဝမြို့နယ်အတွင်း (၄)မိုင်ခန့်ကွာသော ခနာကျေးရွာမှ ရှမ်းကန် အင်းဝ ကျေးရွာသို့ ရွာချင်းဆက်မြေသားလမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ကဝမြို့နယ်၊ သက္ကလမြို့နှင့် ကံပေါက်ကျေးရွာချင်းဆက် မြေသားလမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဂဝံလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **“ကဝမြို့နယ်အတွင်းရှိ ခမဲပြင်ဘုရားထိပ်မှ သံတံခါးကျေးရွာအရှေ့ဘက်ထိပ် စိမ်းလန်းမြောင်းသို့ စီးဝင်သောချောင်းအရှည်(၄)မိုင် (၅)ဖာလုံခန့်ကို တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ ခနာစံပြကျေးရွာမှာ ကဝမြို့အရှေ့တောင်ဘက်(၇)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကဝမြို့မှ ရှမ်းကန် အင်းဝရွာသို့ ဆက်သွယ်ရေးလမ်းရှိသော်လည်း ရှမ်းကန်အင်းဝမှတစ်ဆင့် ခနာကျေးရွာသို့ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်းမှာ လိုအပ်လျှက် ရှိကြောင်း ဒေသခံပြည်သူများမှ တင်ပြလာပါသည်။ အဆိုပါ ကျေးရွာချင်းဆက်လမ်း ခနာမှ -အင်းဝရှမ်းကန်သို့ ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ သို့ပါသောကြောင့် (၄)မိုင်ခန့် ကွာဝေးသော ခနာကျေးရွာမှ ရှမ်းကန်အင်းဝကျေးရွာသို့ ရွာချင်းဆက်မြေသားလမ်းအား ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့အနေဖြင့် (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သက္ကလမြို့နှင့် ကံပေါက်ကျေးရွာချင်းဆက်မြေသားလမ်းမှာ (၄)မိုင်၊ (၄)ဖာလုံခန့် ရှည်လျားပါသည်။ ၎င်းမြေသားလမ်းအား ကျေးရွာအုပ်စု(၄)အုပ်စု ကျေးရွာပေါင်း(၈)ရွာမှ အိမ်ထောင်စုပေါင်း(၁၇၅၆)စု၊ လူဦးရေ(၇၇၀၀)ဦးတို့မှ နေ့စဉ်အသုံးပြုသွားလာနေသောလမ်းဖြစ်ပါသည်။ အဆိုပါလမ်းမှာ မြေသားလမ်းဖြစ်သည့်အတွက် မိုးအခါတွင် ပျက်စီးယိုယွင်းပြီးဒေသခံပြည်သူတို့မှ သွားရေးလာရေးဒုက္ခရောက်ကြကြောင်း ပြည်သူများမှ တင်ပြလာပါသည်။ အဆိုပါလမ်းအား ဂဝံလမ်းအဆင့်မြှင့်တင်ပေးခြင်းဖြင့် အဆိုပါလမ်းကို မှီခိုသွားလာနေသော ဒေသခံပြည်သူ(၇၇၀၀)ဦးခန့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ သို့ပါသောကြောင့် သက္ကလမြို့နှင့် ကံပေါက်ကျေးရွာချင်းဆက်မြေသားလမ်းအား ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့အနေဖြင့် (၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ်တွင် ဂဝံလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်အတွင်းရှိ သံဒင်းချောင်းနှင့် အုက်ဆုံချောင်းတို့ဆုံသော နေရာ-ခမဲပြင်ဘုရားမှနေ၍ သံတံခါးရွာ အရှေ့ဘက် စိမ်းလန်းမြောင်းသို့စီးသော ချောင်းမှာတိမ်ကောနေပြီး ယခင်ဘဏ္ဍာရေးနှစ်များတွင် တူးဖော်ထားသော သဲနှင်းချောင်းနှင့် ဘုတ်ဆုံချောင်းတို့မှ စီးဆင်းလာသောရေများမှာ-ခမဲပြင်၊ အုန်းနဲ့နှင့် သံတံခါးကျေးရွာကြားရှိ တောင်သူများစိုက်ပျိုးထားသော စပါးစိုက်ခင်းများ နှစ်စဉ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း ဒေသခံ တောင်သူများမှ တင်ပြလာပါသည်။ သို့ပါသောကြောင့် ခမဲပြင်ဘုရားထိပ်မှ သံတံခါးကျေးရွာ အရှေ့ဘက်ထိပ်

စိမ်းလန်းမြောင်းသို့စီးဝင်သော ချောင်းအရှည်(၄)မိုင်၊ (၅)ဖာလုံခန့်ကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် တူးဖော်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးခိုင်မေးမြန်းသည့် မေးခွန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကဝမြို့နယ်အတွင်း (၄)မိုင်ခန့်ကွာသော ခနာကျေးရွာမှ ရှမ်းကန် အင်းဝ ကျေးရွာသို့ ရွာချင်းဆက်မြေသားလမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်၊ အင်းဝကျေးရွာမှ ခနာကျေးရွာသို့ ဆက်သွယ်သော ကျေးရွာချင်းဆက်လမ်းမှာ အရှည် (၄/၀)မိုင် ရှိပါသည်။ အဆိုပါလမ်းအား မြေသားလမ်းသစ် ဖောက်လုပ်ပေးမည်ဆိုပါက စံနှုန်းသတ်မှတ်ချက်အရ လိုအပ်သောလမ်းအကျယ်ရရှိနိုင်ရေး လမ်းဘေးရှိ လယ်ယာ မြေပိုင်ရှင်များ၏ သဘောတူညီချက်ရရှိမှသာ အဆင်ပြေစွာဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ဦးစွာပထမတင်ပြလိုပါသည်။ အဆိုပါလမ်းအား (၄/၀မိုင်× ၁၈'×၂') မြေသားလမ်း ဖောက်လုပ်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်(၈၃)သန်း ကုန်ကျမည်ဖြစ်ပြီး အဆိုပါလမ်း ဆောင်ရွက်ပြီးစီး ပါက ကျေးရွာ(၃)ရွာ၊ အိမ်ခြေ (၈၈၇)အိမ်၊ လူဦးရေ (၃၈၆၃)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ကြောင်းကို ကွင်းဆင်းစိစစ် စစ်တမ်းကောက်ယူပြီးဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော လမ်းအားဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပါဝင်ခြင်း မရှိပါသဖြင့် မိမိအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ BE တွင် ပြည်ထောင်စု လွှတ်တော်မှ စိစစ်အတည်ပြုနိုင်မည့် စာရင်းများတွင် တင်ပြနိုင်ရန်တွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် အသေးစိတ် ကွင်းဆင်းတိုင်းတာစိစစ်ပြီး စာရင်းပြုစုပေးထားမှာဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကဝမြို့နယ်၊ သက္ကလမြို့နှင့် ကံပေါက်ကျေးရွာချင်းဆက် မြေသား လမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဂဝံလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ သိလို ပါကြောင်း"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်၊ သက္ကလမြို့မှ ကံပေါက် ကျေးရွာချင်းဆက်လမ်းမှာ အရှည် (၄/၄)မိုင်ရှိ မြေသားလမ်းဖြစ်ပါသည်။ အဆိုပါလမ်းအား ဂဝံလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက လိုအပ်သောလမ်းအကျယ်ရရှိနိုင်ရေး လမ်းဘေးရှိ လယ်ယာမြေ ပိုင်ရှင်များ၏ သဘောတူညီချက်ရရှိမှသာ အဆင်ပြေစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဦးစွာပထမ

တင်ပြလိုပါသည်။ အဆိုပါလမ်းအား (၄/၄မိုင်× ၁၂'×၉") မြေသားပြုပြင်ခြင်းနှင့် ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် (၂၇၆. ၇၅)သန်း ကုန်ကျမည်ဖြစ်ကြောင်းကို စိစစ်တွက်ချက်ပြီးဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသောလမ်းအား ဆောင်ရွက်ပေးရန်နှင့် ပတ်သက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းများသည် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရသောလုပ်ငန်းများ ဖြစ်သဖြင့် တိုင်းဒေသကြီးအနေဖြင့် ဆောင်ရွက်ပေးနိုင်ရန် မရှိပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွှတ်တော်မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလမ်းများ စိစစ်အတည်ပြုရာတွင် ပါဝင်နိုင်ရေး အတွက် စာရင်းပြုစုပေးထားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကဝမြို့နယ်အတွင်းရှိ ခမဲပြင်ဘုရားထိပ်မှ သံတံခါးကျေးရွာ အရှေ့ဘက်ထိပ် စိမ်းလန်းမြောင်းသို့ စီးဝင်သောချောင်းအရှည်(၄)မိုင် (၅)ဖာလုံခန့်ကို တူးဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ကဝမြို့နယ်အတွင်းရှိ ခမဲပြင်ဘုရားမှနေ၍ သံတံခါးရွာ အရှေ့ဘက်စိမ်းလန်းမြောင်းသို့စီးသော ရိုးချောင်းမှာ ကဝမြို့နယ်၊ ခမဲပြင်ဘုရားထိပ်မှ သံတံခါးကျေးရွာ အရှေ့ဘက်ထိပ် စိမ်းလန်းမြောင်းမှတစ်ဆင့် ပိုင်ကျုံရေထိန်းတံခါးသို့ စီးဆင်းပါသည်။ ယခင်နှစ်များတွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော သံဒင်းချောင်းနှင့် ဘုတ်ဆုံချောင်းတို့မှ စီးဆင်းလာသောရေများမှာ ခမဲပြင်၊ အုန်းနဲ့နှင့် သံတံခါးကျေးရွာများရှိ ဒေသခံ တောင်သူများ၏ လယ်မြေများအတွင်း ရေဝင်ရောက်သဖြင့် ရေကြီးရေလျှံမှုနှင့် ကြုံတွေ့ခဲ့ရပါကြောင်း ဦးစွာတင်ပြလိုပါသည်။

ခမဲပြင်ဘုရားထိပ်မှ သံတံခါးကျေးရွာအရှေ့ဘက်ထိပ် စိမ်းလန်းမြောင်းအတွင်းသို့ စီးဝင်သော ရိုးချောင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းအားဖြင့် သံဒင်းကျေးရွာအုပ်စု၊ ကမာဘာကျေးရွာ အုပ်စုနှင့် ထာဝကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက(၄၀၀၀)ခန့်အား ရေကြီးနစ်မြုပ် မှုမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး မိုးရာသီတွင် ကျေးရွာချင်းဆက်သွယ်ရေး လမ်းကြောင်းအဖြစ် အသုံးပြုနိုင်မည် ဖြစ်ကြောင်းကိုလည်း စိစစ်တင်ပြအပ်ပါသည်။

လတ်တလောအနေဖြင့် ကွင်းဆင်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံမှုများ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ထားရှိပြီး ရိုးချောင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၄. ၅)မိုင်၊ မြေကြီး (၆၈၇၅၀) ကျင်းနှင့် ခန့်မှန်းကုန်ကျငွေမှာ ကျပ်(၂၁၂. ၅၄၄)သန်း ကုန်ကျမည်ဖြစ်ကြောင်းကို တွက်ချက် ထားပြီးဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ(RE)စာရင်းတွင် ရန်ပုံငွေ တင်ပြ တောင်းခံထားပြီးဖြစ်ပါသည်။ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး ရန်ပုံငွေမရရှိပါက ဆောင်ရွက် ပေးနိုင်မည် မဟုတ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"အရန်မီးသတ်တပ်ဖွဲ့သုံး မီးသတ်ယာဉ်များအား ယာဉ်လိုင်စင်ထုတ်ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ရေတာရှည်မြို့နယ်၊ မြို့တော်ခန်းမ ပြီးမြောက်အောင်မြင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ "** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ရေတာရှည်မြို့နယ်တွင် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးအတွက် လိုအပ်နေသော မြေနေရာအား သက်ဆိုင်ရာဌာနမှ စီမံချထားပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မြို့နယ်၊ မြို့မအသီးသီးတို့တွင် မြို့မိ/မြို့ဖကြီးများနှင့် မြို့နေပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်သော မီးဘေးအန္တရာယ်ကာကွယ်နိုင်ရေးအတွက် မီးသတ်ကားများကို ရှေးယခင်ကတည်းက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဝယ်ယူအသုံးပြုနိုင်ခဲ့ကြသော်လည်းဘဲ ယာဉ်များတွင် ယာဉ်လိုင်စင်များ ဆောင်ရွက်ထားနိုင်ခြင်း မရှိခဲ့ကြပါ။

ထိုကဲ့သို့သော ယာဉ်များသည် ရေတာရှည်မြို့နယ်အပါအဝင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့အသီးသီးတွင် ရှိနေမည်မှာ အမှန်ပင်ဖြစ်ပါသည်။ သို့ပါ၍ ယခုအခါ ဒီမိုကရေစီနိုင်ငံထူထောင်သည့် အချိန်တွင် ဥပဒေနှင့်အညီ လူမှုအဖွဲ့အစည်းများ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအတွက် လိုအပ်လျက်ရှိသော အရန်မီးသတ်တပ်ဖွဲ့၏ အင်အားကို အလေးထားသောအားဖြင့် အရန်မီးသတ်တပ်ဖွဲ့သုံး မီးသတ်ယာဉ်များအား ယာဉ်လိုင်စင်ထုတ်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ရေတာရှည်မြို့နယ်သည် မြို့မ (၅)မြို့မဖြင့် မြို့နယ်အဖြစ် တည်ဆောက်ထားသည့်အပြင် ရေတာရှည်မြို့မတွင် ရပ်ကွက်/ရပ်ကွက်ကြီး(၆)ခုဖြင့် တည်ဆောက်ထားသောမြို့ဖြစ်ပါသည်။ ရေတာရှည်မြို့ပေါ်တွင် မြို့တော်ခန်းမအဖြစ် ယနေ့အချိန်အထိ မရှိသေးသည့်အတွက် မြို့အင်္ဂါရပ်ဖြင့် မပြည့်စုံသေးသည်ဟု ယူဆမိပါသည်။ သို့ပါ၍ မြို့လူထု၏ တောင်းဆိုမှုဖြင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများထံ တင်ပြတောင်းခံဘူးသည်ကိုလည်း သိရှိရသဖြင့် စုံစမ်းကြည့်ရာ ရေတာရှည်မြို့၏ တောင်ဘက်အဝင် ယခင်သုသာန်ဟောင်းနေရာအား ပယ်ဖျက်၍ ဌာနဆိုင်ရာများ ရုံးစိုက်ရာနေရာအဖြစ် ခွဲဝေသတ်မှတ်သည့် မြေအပိုင်းအခြားတွင် (၀. ၈၀) ဧကခန့်ရှိ မြေနေရာတွင် မြို့နယ်ခန်းမအဖြစ် ဖောင်ဒေးရှင်းချထားသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါ။

ထိုကဲ့သို့ အောင်မြင်ခြင်းမရှိသေးသော ရေတာရှည်မြို့နယ် မြို့တော်ခန်းမဖြစ်မြောက်ရေးအတွက် မြို့နေပြည်သူလူထု၏ လိုလားတောင်းတမှုအား ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၏

တာဝန်ရှိသူများမှ မြို့တော်ခန်းမပြီးမြောက်အောင်မြင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ရေး ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ ရေတာရှည်မြို့နယ်သည် ရေနီ၊ မြို့လှ၊ သာဂရ၊ ဆွာ၊ ရေတာရှည်မြို့မကြီး(၅)ခုရှိသော မြို့နယ်တစ်ခုဖြစ်သည့်အားလျော်စွာ မြို့နယ်လုံးဆိုင်ရာ အခမ်းအနားကြီးများ ကျင်းပရာမြို့နယ်အလိုက် ရေတာရှည်မြို့တွင် ကျင်းပပါသည်။ ပြောင်းလဲလာသော ခေတ်ကာလအရ မြန်မာနိုင်ငံ ၏ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းအား လေးစားသမှု ဂါရဝပြုလိုသော အခမ်းအနားများတွင် ဗိုလ်ချုပ်ကြေးရုပ် တည်ဆောက်ထားနိုင်ခြင်း မရှိသေးသည့်အတွက် မြို့နေပြည်သူလူထုများ၏ တောင်းတလိုအပ်ချက်ကို မဖြည့်ဆည်းနိုင်ဘဲ ရှိနေကြရပါသည်။ ထိုကြောင့်မြို့မိမြို့ဖများမှ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်သော်လည်းပဲ ဗိုလ်ချုပ်ကြေးရုပ် တည်ဆောက်နိုင်ရန် မြေနေရာမရရှိသေးသည့်အတွက် ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်ရေး မအောင်မြင်သေးပါ။

သို့ဖြစ်ပါ၍ ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်နိုင်ရေးအတွက် လိုအပ်နေသော မြေနေရာအား သက်ဆိုင်ရာ ဌာနမှ စီမံချထားပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ဒေါက်တာကျော်ကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"အရန်မီးသတ်တပ်ဖွဲ့သုံး မီးသတ်ယာဉ်များအား ယာဉ်လိုင်စင်ထုတ်ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ၂၇-၅-၂၀၁၆ရက်နေ့တွင် ကျင်းပသည့်အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးသန့်စင်မောင်မှ တရားမဝင် မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ တရားဝင်လိုင်စင်ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားခဲ့ပြီးဖြစ်ပါကြောင်းနှင့် သမ္မတရုံးဝန်ကြီးဌာန၏ ၂၀-၆-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၅၀၅(၁)/၁၂/သမ္မတရုံးအစည်းအဝေးတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များညှိနှိုင်းဆွေးနွေးပွဲအစည်းအဝေး မှတ်တမ်း ဆုံးဖြတ်ချက်(ဒ)တွင် **" တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များအား ဖမ်းဆီးသွားရန်"**ဟု ဖော်ပြပါရှိပါသည်။ သို့ဖြစ်ပါ၍ အရန်မီးသတ်တပ်ဖွဲ့သုံး မီးသတ်ယာဉ်များအား ယာဉ်လိုင်စင်ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါက်တာကျော်ကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ရေတာရှည်မြို့နယ်၊ မြို့တော်ခန်းမ ပြီးမြောက်အောင်မြင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ် ရှိ/မရှိ ”** နှင့်စပ်လျဉ်း၍ ရေတာရှည်မြို့နယ်သည် ရပ်ကွက်ကြီး(၆)ခု၊ မြို့(၅)မြို့ဖြင့် ဖွဲ့စည်းပါဝင်သောမြို့နယ်ဖြစ်ပြီး ယခင်က သုသာန်ဟောင်းနေရာ(၀. ၈၀)ဧကခန့်တွင် မြို့တော်ခန်းမဆောက်လုပ်ရန် မြေနေရာ သတ်မှတ်ခဲ့ကြောင်း၊ ၁၉၉၆ခုနှစ်ခန့်က ဖောင်ဒေးရှင်းချထားဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၏ (၁၄. ၁၀. ၂၀၁၅)ရက်စွဲပါစာအမှတ် ၀၉၃/စည်ပင်/၂၀၁၅အရ ယခင်သုသာန်ဟောင်းအား ပယ်ဖျက်ခွင့်ပြုပေးခဲ့သဖြင့် မြို့တော်ခန်းမတည်ဆောက်ရေးအတွက် မြေနေရာ ရှိပါသည်။ သို့သော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ကျပ်သိန်း ၅၆၆၅. ၂၆၀ တိတိကို ဝင်ငွေ၏ ၁၆. ၇၄%ဖြစ်သော ကျပ်သိန်း(၉၄၇. ၅၈)အား ဝန်ထမ်းလစာနှင့် အငြိမ်းစားပင်စင်စရိတ် ပြန်လည်သုံးစွဲ ခဲ့ရပြီး ကျန်ငွေအား ရေတာရှည်၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီ ဒေသ(၅)ခုအတွက် လမ်း၊တံတား၊ ရေပေးရေး လုပ်ငန်းများ ဦးစားပေးခွဲဝေသုံးစွဲဆောင်ရွက်နေရပါသဖြင့် မြို့တော်ခန်းမတည်ဆောက်ရန် ဆောင်ရွက်မည် ဆိုပါက မြို့နယ်အတွက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည်မဟုတ်ကြောင်း၊ သို့ပါ၍ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှ ခွဲဝေချထားပေးပါက မြို့တော်ခန်းမပြီးမြောက် အောင်မြင်ရေးအတွက် မြို့နယ်လူထုနှင့် ပူးပေါင်း၍ အောင်မြင်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ရေတာရှည်မြို့နယ်တွင် ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်ရေးအတွက် လိုအပ်နေသော မြေနေရာအား သက်ဆိုင်ရာဌာနမှ စီမံချထားပေးနိုင်ခြင်း ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ရေတာရှည်မြို့နယ်သည် ရပ်ကွက်ကြီး(၆)ခု၊ မြို့(၅)မြို့ဖြင့် ဖွဲ့စည်းပါဝင်သော မြို့နယ်ဖြစ်ပြီး ဗိုလ်ချုပ်ကြေးရုပ် ဖြစ်မြောက်နိုင်ရေးအတွက် လိုအပ်သောမြေနေရာအား မြေယာစီမံခန့်ခွဲပိုင်ခွင့် ဆောင်ရွက်နိုင်သောဌာနများမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေ စီမံ ခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ဖြစ်ပါသည်။ သို့ပါ၍ ၎င်းဌာနများနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက် သွားရန် လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဒေါက်တာကျော်ကျော်၊ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မီးသတ်တပ်ဖွဲ့ မော်တော်ယာဉ်နှင့်ပတ်သက်ပြီး ဝန်ကြီးကို အနည်းငယ်အကြံပြုသည် (သို့မဟုတ်) မေးခွန်းမေးသည်ဖြစ်စေ အရန်မီးသတ်တပ်ဖွဲ့သည် ပရဟိတဖြစ်ပါကြောင်း၊ လစာငွေယူ၍ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်နေသည့် အဖွဲ့အစည်းမဟုတ်ပါကြောင်း၊ ပရဟိတပါ ကိုယ့်လုပ်ငန်းနှင့်ကိုယ်၊ ကိုယ့်ဝင်ငွေနှင့်ကိုယ် ရပ်တည်နေရသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ မိမိတို့သည် တစ်ချိန်တုန်းက နာရေးကူညီမှုအသင်းမော်တော်ယာဉ်၊ လူနာတင်ယာဉ်အစရှိသဖြင့် မော်တော်ယာဉ်များကို လိုင်စင်ထုတ်ပေးသည့်အခါ မီးသတ်မော်တော်ယာဉ်များကို လိုင်စင်ထုတ်ယူရန်အတွက် သက်ဆိုင်ရာ ကညနရုံးသို့ သွားရောက်ထုတ်ကြရပါသည်။ သို့သော်လည်း မီးသတ်မော်တော်ယာဉ်မပါဟုဆိုပြီး ဘေးထုတ်ခံခဲ့ရပါသည်။ ယင်းမီးသတ်မော်တော်ယာဉ်များသည် မီးလောင်ကျွမ်းသည့်အချိန်တွင် ကာကွယ်တားဆီးရန် အချိန်မှအပ ကျန်သည့်အချိန်တွင် ပြင်ပသို့ ထွက်ခွာခြင်းမရှိပါကြောင်း၊ ၎င်းတို့ကို သိမ်းဆည်းထားသည့် ရပ်နားသည့်နေရာတွင် နေ့စဉ်စက်နှိုးကြည့်ရသည်ဖြစ်၍ ပရဟိတကို စိတ်ဝင်တစားဆောင်ရွက်ဖူးသည့် ပုဂ္ဂိုလ်များသိမည်ဖြစ်ကြောင်း၊ ပြင်ပကို လုံးဝထွက်ခွင့်မရှိပါကြောင်း၊ မြို့မိမြို့ဖများ ကိုယ်ပိုင်ငွေဖြင့် ဆောက်တည်သည့်နေရာတွင် မော်တော်ယာဉ်(၁)စီးကို သုံးရာ၊ လေးရာ ဖြစ်နေ၍ တရားဝင်လိုင်စင်နှင့် မော်တော်ယာဉ်ကို ဝယ်ယူသုံးစွဲနိုင်ခြင်းမရှိပါကြောင်း၊ သို့ပါ၍ ၎င်းမော်တော်ယာဉ်များကို လိုင်စင်မရှိသော်လည်း ပြုစုစောင့်ရှောက်ပြီး မီးလောင်သည့်အချိန်တွင် ကိုယ့်မြို့အန္တရာယ်ကို ကာကွယ်ရန်ဆိုပြီး လိုင်စင်မရှိသည့် မော်တော်ယာဉ်ကိုဘဲ အသုံးပြုခဲ့ခြင်းဖြစ်ပါသည်။ အမှန်မှာ တရားဝင်လိုင်စင်ဆောင်ရွက်ရမည့်နေရာတွင် မီးသတ်ယာဉ်မပါဟုဆိုသဖြင့် ချန်ခဲ့ရပါသည်။ နိုင်ငံတော် အတိုင်ပင်ခံနှင့် သက်ဆိုင်ရာ ပြည်နယ်+တိုင်း ဝန်ကြီးချုပ်များ ဆွေးနွေးသည့်ပွဲတွင် တရားမဝင် မော်တော်ယာဉ်များကို ဖမ်းဆီးရန်အကြောင်းကို သိရှိပြီးဖြစ်ပါသည်။ ၎င်းမေးခွန်းကို တင်ပြရခြင်းမှာ ပရဟိတမြို့မိမြို့ဖပိုင် မော်တော်ယာဉ်များဖြစ်ပြီး မိမိတို့မြို့တွင် (၅)စီးရှိပါသည်။ သို့ပါ၍ ၎င်းမော်တော်ယာဉ်များကို မည်ကဲ့သို့ နည်းလမ်းအသစ်ဖြင့် ရှာဖွေပြီး ဆောင်ရွက်ပေးနိုင်မည်ဆိုသည်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးစေချင်ပါသည်။ ဆက်စပ်မေးခွန်းဖြစ်သကဲ့အကြံပြုသည်ဟုလည်းပြော၍ရပါသည်။ ဝန်ကြီးအနေဖြင့် နည်းလမ်းတစ်စုံတစ်ရာရှာဖွေပြီး ဆောင်ရွက်ပေးပါဟု တောင်းဆိုချင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာကျော်ကျော်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့်ပတ်သက်သော ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ တရားမဝင်မော်တော်ယာဉ်ဖြစ်သည့်အတွက် အတိုင်ပင်ခံမင်းစိုးရေး ဆုံးဖြတ်ချက်များဖြစ်သည့်အတွက် တရားဝင်လိုင်စင်

ချထားပေးနိုင်ခြင်းမရှိပါ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဒေါက်တာကျော်ကျော် အကြံပြုတင်ပြချက်အတိုင်း ပြောရလျှင် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ လိုင်စင်ရှိသော မော်တော်ယာဉ်ချထားပေးရန်ဖြစ်ကြောင်း လေးစားစွာဖြင့် အကြံပြုဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၏

(၁) **"ကျောက်ကြီးမြို့နယ်တွင် မြန်မာမျက်ရဲရွာပါ ကျေးရွာပေါင်း (၈)ရွာတွင် စက်ရေတွင်း၊ ရေကန်အဆောက်အဦများသည် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိခြင်းကြောင့် တာဝန်ယူတာဝန်ခံသော ကုမ္ပဏီနှင့် ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား စိစစ် အရေးယူပေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော စက်ရေတွင်းများ ပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်း-ရေလဲအရှည်(၅)မိုင်၊ အကျယ်(၁၂) ပေအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ကျောက်ကြီးမြို့နယ်၊ ထိုက်ထူကျေးရွာနှင့် စဖျင်ကြီးကျေးရွာ ဆက်သွယ်သော ထိုက်ထူ- စဖျင်ကြီးတံတားပေအရှည် (၂၀၀)ပေ၊ အလျား(၁၂)ပေ ဘေလီတံတား တည်ဆောက် ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်တွင် နိုင်ငံတော်ရန်ပုံငွေဖြင့် ရေကောင်း၊ ရေသန့်ရရှိရေးအတွက် စက်ရေတွင်းများ ချထားပေးခဲ့ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ ဆောက်လုပ်ပေးခဲ့သော (မြန်မာမျက်ရဲရွာ၊ လယ်ပတ်ကျေးရွာ၊ ကတ်ကျေးဆိပ်ကျေးရွာ၊ အင်းနတ်ကျေးရွာ၊ ပတ္တလားကျေးရွာ၊ အင်တိုင်းကုန်းကျေးရွာ၊ ကျောက်စရစ်ကျေးရွာ၊ ထိုးဝါးစိုက်ကျေးရွာ) ကျေးရွာပေါင်း (၈)ရွာတွင် စက်ရေတွင်း၊ ရေကန်အဆောက် အဦးများသည် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိဘဲ စက်များ၊ ရေတင်မရခြင်း၊ ရေကန်တွင် ရေထည့်မရခြင်း၊ ရေကောင်း ရေသန့်ရရှိအောင် မတူးခြင်းတို့ကြောင့် တာဝန်ယူတာဝန်ခံသော ကုမ္ပဏီနှင့် ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား စိစစ်အရေးယူပေးပြီး သတ်မှတ် စံချိန်စံညွှန်းနှင့် ကိုက်ညီသောစက်ရေတွင်းများ ပြန်လည်ပြုပြင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ် ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းရွာမှ ရေလဲကျေးရွာအထိ အရှည်(၅)မိုင်၊ အကျယ်(၁၂)ပေ လမ်းတွင် ကျောက်ချောလမ်းခင်းပေးရန် ရေတွင်းကုန်းလေးကျေးရွာ၊ ရေတွင်းကုန်းကြီးကျေးရွာ၊ သပြေကုန်းကျေးရွာ၊ အုန်းသျှစ်ကုန်းကျေးရွာ၊ အုန်းပင်စုကျေးရွာ၊ ဝက်တူးကျေးရွာ၊ ငွေးဆိပ်ကျေးရွာ၊ အညာစုကျေးရွာ၊ ရင်းတိုက်ကုန်းကျေးရွာ၊ ရေလဲကျေးရွာများဖြင့် ဆက်သွယ်ထားရာ အိမ်ထောင်စုဝင်(၃၀၀၀)ကျော်နှင့် လူဦးရေ(၂၀၀၀၀)ခန့် ပညာရေး၊ ကျန်းမာရေး၊ ကိစ္စများတွင် လွယ်ကူစွာ ဆက်သွယ်ကူးသန်းသွားလာနိုင်ရေးအတွက် အရှည်(၅)မိုင် အကျယ်(၁၂)ပေ နတ်သံကွင်း-ရေလဲ ကျောက်ချောလမ်း လမ်းခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ထိုက်ထူကျေးရွာနှင့် စဖျင်ကြီးကျေးရွာ ဆက်သွယ်သော ထိုက်ထူ-စဖျင်ကြီးတံတားမှာ အရှည်(၂၀၀)ပေ၊ အကျယ်(၃)ပေရှိသော သစ်သားလူကူးတံတားသာ ကိုယ်ထူကိုယ်ထဆောက်လုပ်ထားရာ ယခုအခါ ပျက်စီးယိုယွင်းနေသောကြောင့် သွားလာရေးခက်ခဲနေပါသည်။ အင်းနက်ကျေးရွာအုပ်စု၊ မမယမ်းကျေးရွာအုပ်စု၊ လယ်ဝိုင်းကြီးကျေးရွာအုပ်စု၊ ကျွဲတလင်းကျေးရွာအုပ်စု၊ ပတ္တလားကျေးရွာအုပ်စု၊ ဝက်လာတော ကျေးရွာအုပ်စု၊ ထိုးဝါးစိုက်ကျေးရွာအုပ်စုများအတွင်း တိုင်းရင်းသားပြည်သူများ လွယ်ကူစွာ ကူးသန်းသွားလာနိုင်ရေးအတွက် အဖက်ဖက်မှ နိမ့်ကျနေသော တိုင်းရင်းသားကျေးရွာများရှိ လူဦးရေ(၁၆၀၀၀)ခန့်အား ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစွာသွားလာနိုင်ရေးအတွက် အဓိကကျသော ထိုက်ထူ-စဖျင်ကြီး ပေအရှည်(၂၀၀ပေ×၁၂ပေ)ဘေလီတံတား တည်ဆောက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃) တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်တွင် မြန်မာမျက်ရဲရွာပါ ကျေးရွာပေါင်း(၈)ရွာတွင် စက်ရေတွင်း၊ ရေကန်အဆောက်အဦများသည် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိခြင်းကြောင့် တာဝန်ယူတာဝန်ခံသော ကုမ္ပဏီနှင့် ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအား စိစစ်အရေးယူပေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော စက်ရေတွင်းများ ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် မြန်မာမျက်ရဲကျေးရွာ၊ ပတ္တလားကျေးရွာ၊ ကျောက်စရစ်ကျေးရွာ၊ ထိုးဝါးစိုက်ကျေးရွာများတွင် ရေရရှိရေးလုပ်ငန်း

ဆောင်ရွက်ရန် Golden Hours ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင် အင်တိုင်းကုန်းကျေးရွာ၊ ကတ်ကျေးဆိပ်ကျေးရွာ၊ အင်းနက်ကျေးရွာတို့တွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ရန် Village Developer ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ပါသည်။

အချို့ကျေးရွာများရှိ စက်ရေတွင်းများမှာ ရေကန်များတွင် ရေဖြည့်တင်းမှုမရှိခြင်း၊ စက်များပုံမှန်မောင်းနှင်မှုမရှိခြင်း၊ ဘတ္တရီအားကုန်၍ စက်နှိုးမရခြင်းတို့ကြောင့် ရေကန်များကွဲအက်ခြင်း၊ စက်နှိုးမရခြင်းများဖြစ်ပေါ်ခဲ့ကြောင်း ဦးစွာပထမစိစစ်တင်ပြလိုပါသည်။

အဆိုပါကျေးရွာများအား ကွင်းဆင်းစစ်ဆေးခဲ့ရာ ပတ္တလားကျေးရွာ၊ အင်းနက်ကျေးရွာနှင့် ကတ်ကျေးဆိပ်ကျေးရွာများရှိ စက်ရေတွင်း၊ ရေကန်များမှာ ကောင်းမွန်လျှက်ရှိပြီး ရေဝါများထွက်ရှိခြင်းကို တွေ့ရှိရပါသည်။ မြန်မာမျက်ရဲကျေးရွာရှိ စက်ရေတွင်းသည် အင်ဂျင်အား အချိန်ကြာမြင့်စွာအသုံးမပြုမှုကြောင့် ဘတ္တရီအားကုန်၍ စက်နှိုးမရခြင်း၊ စက်နှိုးမရခြင်းကြောင့် ရေကန်အတွင်းရေဖြည့်တင်းနိုင်မှုမရှိခြင်းကြောင့် ရေကန်အောက်ခြေတွင် ပတ်ကြားအက်ကွဲကြောင်းများ ဖြစ်ပေါ်လာရခြင်းဖြစ်ပါကြောင်း စိစစ်တင်ပြလိုပါသည်။ ကျောက်စရစ်ကျေးရွာရှိ စက်ရေတွင်းမှာ ရေကန်အောက်ခြေတွင် ရေယိုစိမ့်မှုဖြစ်ပွားနေခြင်းဖြစ်ပါသည်။ ထိုးဝါးစိုက်ကျေးရွာနှင့် အင်တိုင်းကုန်းကျေးရွာရှိ စက်ရေတွင်းများမှာ ကောင်းမွန်လျှက်ရှိပြီး ယခုအခါတွင် သုံးစွဲလျှက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေဝါထွက်ရှိသော ပတ္တလားကျေးရွာ၊ အင်းနက်ကျေးရွာနှင့် ကတ်ကျေးဆိပ် ကျေးရွာရှိ စက်ရေတွင်းများအား တွင်းဆေး၊ တွင်းမှုတ်ပြုပြင်ခြင်း လုပ်ငန်းအားလည်းကောင်း၊ မြန်မာမျက်ရဲကျေးရွာရှိ စက်ရေတွင်းအား ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းအားလည်းကောင်း၊ ကျောက်စရစ်ကျေးရွာရှိ အုတ်ရေကန်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအား လည်းကောင်း ဆောင်ရွက်ရန် သက်ဆိုင်ရာကုမ္ပဏီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆက်သွယ်ခဲ့ပြီး (၂၀. ၁၀. ၂၀၁၆)ရက်နေ့တွင် အပြီးပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ကျေးရွာရေကော်မတီ မှလည်း မိမိတို့ကျေးရွာရှိ စက်ရေတွင်းများအား စနစ်တကျထိန်းသိမ်းပြုပြင်သုံးစွဲရန် လိုအပ်မည်ဖြစ်ပါကြောင်း  မေတ္တာရပ်ခံ ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်း-ရေလဲအရှည်(၅)မိုင်၊ အကျယ်(၁၂) ပေအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်း-ရေလဲလမ်းမှာ နတ်သံကွင်း-ရေလဲ-မုန်းအထိ အရှည်(၂၅/၀)မိုင်ရှိပြီး (၉/၅)မိုင်မှာ ဂဝံလမ်းဖြစ်၍ ကျန်(၁၅/၃)မိုင်မှာ မြေသားလမ်းဖြစ်ပါသည်။ ယခုအခါတွင် နှစ်ကာလကြာမြင့်ပြီဖြစ်သည့်အတွက် ဂဝံလမ်းမှာလည်း မြေသားလမ်းအဖြစ်သာကျန်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြေသားလမ်းစံချိန်စံညွှန်းများအရ မြေသားလမ်း အကျယ်(၁၈)ပေရှိမှသာ အမာခံလမ်းများအား ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

အဆိုပါ လမ်းဆောင်ရွက်ပြီးစီးပါက ကျေးရွာ (၁၁)ရွာ၊ အိမ်ခြေ (၁၁၉၈)အိမ်၊ လူဦးရေ (၇၃၁၀)ဦး သွားလာအသုံးပြုသွားလာနိုင်မည် ဖြစ်ပါကြောင်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော နတ်သံကွင်း-ရေလဲလမ်းအား ကျောက်လမ်း ဆောင်ရွက်ပေးရန် ကိစ္စနှင့် ပတ်သက်၍ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပါဝင်ခြင်း မရှိပါသဖြင့် မိမိအနေဖြင့် ဆောင်ရွက်ပေးရန် အခွင့်အလမ်းမရှိပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ ထိုက်ထူကျေးရွာနှင့် စဖျင်ကြီးကျေးရွာ ဆက်သွယ်သော ထိုက်ထူ-စဖျင်ကြီးတံတားပေအရှည် (၂၀၀)ပေ၊ အလျား(၁၂)ပေ ဘေလီတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ ထိုက်ထူကျေးရွာနှင့် စဖျင်ကြီးကျေးရွာသို့ ဆက်သွယ်သော ထိုက်ထူ-စဖျင်ကြီးတံတားမှာ အရှည် (၅၄၀)ပေ၊ အကျယ် (၃)ပေရှိ သစ်သားလူကူးတံတားဖြစ်ပြီး ယခုအခါတွင် ပျက်စီးယိုယွင်းလျက်ရှိပါကြောင်း စိစစ်တွေ့ရှိရပါသည်။ အဆိုပါတံတားအား ရာသီမရွေး သွားလာနိုင်သည့် (၅၅၀'×၁၄'×၁၀')ရှိ ကွန်ကရစ်တံတား (၁)စင်းတည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၅၅၀)သန်း ကုန်ကျမည်ဖြစ်ပါကြောင်း တွက်ချက်ထားပြီးဖြစ်ပါသည်။ အဆိုပါတံတားဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု (၇)အုပ်စု၊ ကျေးရွာ (၂၅)ရွာ၊ အိမ်ခြေ (၂၀၄၆)အိမ်၊ လူဦးရေ (၁၁၁၄၈)ဦး သွားလာအသုံးပြုလျက်ရှိပါကြောင်း စစ်တမ်းကောက်ယူပြီး ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော တံတားအား ဆောင်ရွက်ပေးရန်ကိစ္စနှင့် ပတ်သက်၍ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအနေဖြင့် ဆောင်ရွက်ပေးရန် အခွင့်အလမ်းမရှိပါကြောင်း လေးစားစွာဖြင့် တင်ပြဖြေကြားအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းအမှတ်စဉ် (၁)နှင့်ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ယခုဖြေကြားသွားသည့် နံပါတ်(၁)မေးခွန်းနှင့်ပတ်သက်၍ မေးထားသည့်အချက်တွင် အဓိကအချက်ရှိပါသည်။ သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီမှု ရှိ/မရှိဆိုသည့် အချက်နှင့်သက်ဆိုင်ရာ ကုမ္ပဏီများကို စိစစ်အရေးယူဆောင်ရွက်ပေးရန်ဆိုသည့် အချက်များပါရှိပြီး ၎င်းနေရာတွင် သက်ဆိုင်ရာကုမ္ပဏီများကို စိစစ်အရေးယူ ဆောင်ရွက်ပေးသည်ဆိုသည့် မေးခွန်းကို ဖြေကြားခြင်း မတွေ့ပါကြောင်း၊ ၎င်းမေးခွန်းနှင့်ပတ်သက်ပြီး ဆက်စပ်မေးချင်သည့်အချက်က မိမိတို့

လက်ရှိအစိုးရသစ်နှင့် မိမိတို့ ကိုယ်စားလှယ်များမှာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး ကဏ္ဍ(၃)ခုကို Check in balance ပြုလုပ်ပြီး စီစဉ်ဆောင်ရွက်နေပါသည်။ ယခုရှိနေသည့် ယခင်ကာလက ဖြစ်ပေါ်လာသည့် ကုမ္ပဏီများသည် ပြည်သူများအပေါ် ထင်လျင်တင်သလို အလွဲသုံးစားပြုမှုခြင်း၊ ၎င်းပုံစံမျိုး ပြုလုပ်ထားခြင်းကို ကိုယ်စားလှယ်များသည် ကိုယ်စားလှယ်၏ နာမ်မအရ သက်ဆိုင်ရာ ကျေးရွာအုပ်စုများ၊ ရွာများရောက်အောင် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာရှိ ရပ်မိရပ်ဖများနှင့် ပေါင်းစပ်ညှိနှိုင်းတိုင်ပင်ခြင်းဖြင့် ၎င်းအချက်အလက်များကို လေ့လာတွေ့ရှိရပါသည်။ ၎င်းအချက်အလက်များ အားလုံးထဲတွင် အင်ဂျင်နှင့် ဒိုင်နမိုများ သတ်မှတ်ထားသည့် စံချိန်စံနှုန်းနှင့် အချို့နေရာများတွင် အင်ဂျင်များမှာ အဟောင်းများထည့်ထားပြီး အင်ဂျင်အားအသေးကို ထည့်ထားခြင်း၊ ဒိုင်နမိုများလည်း ထို့နည်းလည်းကောင်းပင် ဖြစ်ပါကြောင်း၊ ရေတွင်းတွင် ရေပိုက်ရရှိရန်အတွက် ရေပိုက်နှင့်ပြုလုပ်ရမည့်နေရာတွင် ပိုက်များသည်၂" ပိုက် ထည့်ထားပါသည်။ ၄" ပိုက်အစားထိုးရမည့်အစား ၂" ပိုက်များဖြင့် ရေတွင်းတူးထားသည်ကို တွေ့ရှိရပါသည်။ ရေတွင်းများတွင် ရေဝါများဖြစ်နေသည်မှာ ရေကောင်းရေသန့်ရရှိရန်အတွက်ဖြစ်ပြီး ရေကောင်းရေသန့်မရရှိဘဲ တွင်းတိမ်တိမ် တူးထားမည်ဆိုပါက သတ်မှတ်စံချိန်စံညွှန်းနှင့် မကိုက်ညီကြောင်း၊ ရေတွင်းတွင်ရေထည့်ရန် ရေကန်မှာ အဓိကအရေးကြီးပါသည်။ ရေကန်ဆိုလျှင်လည်း ရေကန်နှင့်ပတ်သက်သည့် အကျယ်အဝန်း၊ အနက် ပြီးလျှင် ၎င်းရေကန်နှင့်ပတ်သက်ပြီး ရေရှည်တည်တံ့ရန် အဆောက်အဦကအစအားလုံးကို စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ/မရှိဆိုပြီး မိမိမှမေးမြန်းထားခြင်းဖြစ်ပါသည်။ ၎င်းကိစ္စတွင် ဖြေကြားထားသည်မှာ ရေကောင်းမွန် သော်လည်း ရေဝါများထွက်သည်ဟု ဖြေကြားထားပါသည်။ ထိုးဝါးစိုက်ကျေးရွာအုပ်စု၊ အင်တိုင်းကုန်းကျေးရွာ အုပ်စုတို့တွင် စက်ရေတွင်းများက ကောင်းမွန်းလျက်ရှိပြီး ယခုလက်ရှိသုံးစွဲလျက်ရှိပါသည်ဟု ဖြေကြား ထားသည်ကို တွေ့ရပါသည်။ မိမိကိုယ်တိုင် (၁)လပိုင်း (၃၁)ရက်နေ့က ၎င်းနေရာများကို ရပ်မိရပ်ဖများနှင့် ကွင်းဆင်း ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းနေရာတွင်လည်း သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာနက ဦးစီးမှူးကိုယ်တိုင်ပါ ပါသည်။ ပြုလုပ်ပေးပါမည်ဆိုပြီး ယနေ့ (၆)လကျော်အချိန်အထိ မပြုလုပ်သည့် အတွက် မိမိတို့က လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေဖြင့် ဥပဒေ၊ နည်းဥပဒေနှင့်အညီ လွှတ်တော် ထဲတွင် မေးမြန်းခြင်းကို သက်ဆိုင်ရာမှ တိတိကျကျစစ်ဆေးအရေးယူရန်ဆိုသည့်အချက်နှင့် တိတိကျကျ စံချိန်စံနှုန်းနှင့် ကိုက်ညီမှု ရှိ/မရှိဆိုသည့် အချက်(၂)ခုကို တိတိကျကျ ပြန်လည်ဖြေကြားပေးရန် ဆက်စပ်မေးခွန်း မေးမြန်းလို ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးမေးမြန်းသော မေးခွန်းအမှတ်စဉ်(၁)နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ဦးစီးဌာနမှ စိစစ်အရေးယူပေးရန်နှင့် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိသည့်ကိစ္စနှင့် ဆက်စပ်သည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ရှင်းလင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့် လုပ်ငန်းများသည် ယခင်အစိုးရ တာဝန်ယူစဉ်ကာလက ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဖြစ်ပြီး မိမိတို့အစိုးရအနေဖြင့် တာဝန်ယူစဉ်မှာ နောက်ကြောင်းပြန်အနေနှင့် တာဝန်ယူ ဆောင်ရွက်ရသည့် အထူးကိစ္စမျိုးဖြစ်ပါသည်။ ယခင်အစိုးရလက်ထက်တွင် တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများကို စိစစ်သည့် Third Party မရှိခဲ့သည်ကို မိမိတို့အစိုးရလက်ထက်တွင် သိရှိခဲ့ပါသည်။ သို့ပါ၍ သက်ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် ဦးစီးဌာနများမှ လုပ်ငန်းဆောင်ရွက်ရန် လွှတ်တော်တွင် အတည်ပြုချက်ရယူပြီး ဆောင်ရွက်ရန်ရရှိလာသည့် ဘဏ္ဍာငွေအပေါ် သုံးစွဲရာတွင် စိစစ်ဆောင်ရွက်ရန် အားနည်းမှုများလည်း ရှိခဲ့မည်ဖြစ်ပါသည်။ သို့ပါ၍ မိမိတို့အစိုးရလက်ထက်တွင် Third Party အဖြစ်နှင့် Conser Party group များ၊ Interior group များ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ရန် စီစဉ်နေကြောင်းကို ဦးစွာပထမ တင်ပြလိုပါသည်။

၎င်းကုမ္ပဏီနှင့်ပတ်သက်၍ အရေးယူရန် ရှိ/မရှိနှင့်ပတ်သက်ပြီး ကုမ္ပဏီနှင့် သက်ဆိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စာချုပ်ချုပ်ဆိုသည့် စည်းကမ်းချက်များအပေါ်တွင် စိစစ်ဆောင်ရွက်ပြီးမှသာလျှင် မိမိအကြောင်း ပြန်ကြားပေးနိုင်မည်ဖြစ်ကြောင်း စာချုပ်ပါ စည်းကမ်းချက်များကိုလည်း မေးမြန်းသည့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဖတ်ရှုရန် ပို့ဆောင်ပေးရန်အတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဒုတိယမေးခွန်းနှင့် တတိယမေးခွန်းတို့ကို တစ်ဆက်တစ်စပ်တည်း ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ ဒုတိယမေးခွန်းမှာ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်း-ရေလဲ ရွာချင်းဆက်လမ်းအရှည် (၅)မိုင်၊ အကျယ်(၁၂)ပေရှိ ကျောက်ချောလမ်းဟု မေးမြန်းထားပါသည်။ ယင်းနေရာတွင် ဖြေကြားထားသည်မှာ မြေသားလမ်းအကျယ် (၁၈)ပေရှိမှသာ အမာခံလမ်းများအား ဆက်လက်ဆောင်ရွက်ပေးပါမည်ဟု ပထမ နံပါတ်(၁)မှာ ဖြေထားပါသည်။ ၎င်းနှင့်ပတ်သက်၍ ပြောချင်သည်မှာ မိမိတို့ ယခုလက်ရှိတောင်းထားသည့် နတ်သံကွင်း-ရေလဲလမ်းမှာ ဂဝံလမ်းဖြစ်ပါသည်။ ပေအရှည်အားဖြင့် (၅)မိုင်ရှည်ပါသည်။ ၎င်းတွင် အကျယ်မှာ ၁၈ပေတိတိကျယ်ထားသည့် စံချိန်စံညွှန်းနှင့်ကိုက်ညီသည့်လမ်း ဖြစ်ပါသည်။ ၎င်းလမ်းကို မြေသားလမ်းဟုပြောလျှင် ယခုလက်ရှိ သိန်း(၁၀၀၀) လွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ယခုကမ္ဘာ့ဘဏ်နှင့်ပတ်သက်သည့် ဖွံ့ဖြိုးရေးငွေများဖြင့်လည်း ကျေးရွာပြည်သူများမှ ကိုယ်ထူကိုယ်ထဂဝံများကိုထုတ်ပြီး ခင်းထားပါသည်။ လမ်း၏ အရည်အသွေးမှာ ကျောက်ချောလမ်းပြုလုပ်မည်ဆိုပါက ပြည့်ဝသည့်အဆင့်အတန်းရှိပါသည်ဟု ပြောချင်ပါသည်။ ၎င်းအပြင်

ဆက်မေးချင်သည်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေတွင် ပါဝင်မှုမရှိပါသဖြင့်ဟု ဖြေကြားထား၍ ယခုနှစ်တွင် မပါဝင်ပါက မည်သည့်နှစ်များတွင် မိမိတို့ကို လုပ်ပေးနိုင်မည်၊ အထူးသဖြင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်သည် ပဲခူးတိုင်း(၂၈)မြို့နယ်တွင် လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ပတ်သက်ပြီး အနိမ့်ကျဆုံးမြို့နယ်ဖြစ်ပါသည်။ မိမိတို့ ကျောက်ကြီးမြို့နယ်တွင် အနိမ့်ကျဆုံး မြို့နယ်အဖြစ် သာဓကပြုပြောရမည်ဆိုလျှင် နတ်သံကွင်း-ကျောက်ကြီး (၉)မိုင်အရှည်လမ်းသည် ယနေ့ အချိန်အထိ သိပ်မကောင်းသေးသည့်အပြင် ကျောက်ကြီး-မုန်း (၂၂)မိုင်လမ်းမှာလည်း ကားသွား၍ မရပါကြောင်း၊ ၂၀၁၁ခုနှစ်က မိမိတို့၏ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် လာသည့်အခါတွင် ကျောက်ကြီးမြို့နယ်ရှိ လမ်းများမှာ ကားသွား၍မရသည့်အပြင် ဆိုင်ကယ်သွား၍လည်း မရသည့်အတွက် ဖြူးမြို့နယ်မှပတ်ပြီး မိုင်(၆၀)ခရီးကို ပတ်သွားရသည့် အခြေအနေမျိုးရှိပါ၍ ယခုမိမိ တောင်းဆိုနေသည့်လမ်းမှာ ကျောက်ကြီးမြို့နယ်အတွင်းရှိ အဘက်ဘက်မှ နိမ့်ကျနေသည့်ကျေးရွာချင်းဆက် လမ်းများကို ဖွံ့ဖြိုးတိုးတက်မှုရအောင် မိမိမှ တောင်းဆိုခြင်းဖြစ်ပါသည်။ ယင်းကဲ့သို့ တောင်းဆိုရာတွင် လွှတ်တော်ကိုယ်စားလှယ်တောင်းဆိုခြင်းကို စာရင်းထဲတွင် မပါဝင်၍ဆိုသည့် အချက်မျိုးကို မိမိတို့အား မဖြေစေချင်ပါကြောင်း၊ တိတိကျကျမည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ဆိုသည်ကို ဖြေပေးစေချင် ပါသည်။

တစ်ဆက်တစ်စပ်တည်း မိမိပြောချင်သည့် တတိယမေးခွန်းဖြစ်သည့် ကျောက်ကြီးမြို့နယ် ထိုက်ထူ ကျေးရွာနှင့် စဖျင်ကြီးကျေးရွာသို့ ဆက်သွယ်ထားသော ထိုက်ထူ-စဖျင်ကြီး ပေအရှည်(၂၀၀)၊ အကျယ် (၁၂)ပေ ဘေလီတံတား တည်ဆောက်ခြင်းဆိုသည့်မေးခွန်းဖြစ်ပါသည်။ ၎င်းမေးခွန်းတွင် ထိုက်ထူ-စဖျင်ကြီး တံတားမှာ အရှည်က (၅၄၀)ပေ၊ အကျယ်က (၃)ပေဟု ဖြေကြားထားသည်ကို တွေ့ရပါသည်။ ၎င်းနှင့် ပတ်သက်ပြီး ဆက်စပ်မေးခွန်းမေးချင်သည်က မိမိတို့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူထံ သွားရောက်ပြီး သက်ဆိုင်ရာပုဂ္ဂိုလ်များ၊ တာဝန်ရှိသည့် အင်ဂျင်နီယာများနှင့် Local ခများကိုကြည့်ပြီး တိတိကျကျမြေပုံအရ တိုင်းထားသည့် ပေအရှည်(၂၀၀)ဖြစ်ပါသည်။ ၎င်းနေရာတွင်ရှိနေသည့် ပေ(၅၄၀) ဆိုသည်မှာ ကျေးရွာတွင်ရှိနေသည့် ဒေသခံပြည်သူများက ကွေ့ကွေ့ကောက်ကောက်နှင့် Y ပုံစံလုပ်ထားသည့် အနား၏အရှည်ပေသာဖြစ်ပါသည်။ ၎င်းကိုစနစ်တကျ မိမိတို့ကိုယ်စားလှယ်များနှင့် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးပြီး မေးခွန်းများကို ဖြေစေချင်ပါသည်။ ယခုဖြေကြားထားသည့် အချက်များသည် သက်ဆိုင်ရာ ဝန်ကြီးဌာန၏အောက်တွင်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများက မြေပုံမှာ ကြည့်ထားပြီး ကွင်းဆင်းဆောင်ရွက်မှု မရှိဘဲနှင့် ယခုလို လွဲမှားစွာနှင့်ဖြေကြားသည်ကို တွေ့ရှိရပါသည်။ မိမိတို့ ကိုယ်စားလှယ်ဆိုသည်မှာ ကိုယ်စားလှယ်၏ အရည်အချင်းနှင့်ပြည့်မီအောင် ကိုယ်စားလှယ်လုပ်ငန်းနှင့် ပတ်သက်၍ တိတိကျကျ ပြည်သူများဆီ ချဉ်းကပ်သွားလာပြီးမှ စနစ်တကျ ပေ(၂၀၀)ဟူ၍ အရှည်ရှိသည်ကို မေးထားခြင်းဖြစ်ပါသည်။ ထို့အတွက် ပြန်လည်ပြင်ဆင်ပြီး ဖြေဆိုပေးရန် မေတ္တာရပ်ခံပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်မင်းဦး(ခ) ဦးတင်ဆန်းဦး မေးမြန်းသော မေးခွန်းအမှတ်စဉ် (၂)နှင့် (၃)တို့နှင့် စပ်လျဉ်းသော ဆက်စပ်မေးခွန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး မေးမြန်းထားသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအပေါ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေ တင်ပြတောင်းခံအတည်ပြုရာတွင် တိုင်းဒေသကြီး လွှတ်တော်အနေဖြင့် အတည်ပြုဆောင်ရွက်ပေးခြင်းနှင့် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုဆောင်ရွက်ပေးရခြင်းဖြစ်ပါသည်။ မိမိတို့ တိုင်းဒေသကြီးအစိုးရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးအနေဖြင့် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြု ပြဋ္ဌာန်းပေးသည့် လုပ်ငန်းဆောင်ရွက်ရာတွင် ကြီးကြပ်ဆောင်ရွက်ပေးရခြင်းဖြစ်ပါသည်။ တင်ဒါလုပ်ငန်း ခေါ်ယူရာတွင် မိမိတို့အနေဖြင့် မှန်ကန်မှုရှိစေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။ ဒုတိယအချက်အနေဖြင့် လုပ်ငန်း၏ သတ်မှတ်စံချိန်စံညွှန်း ကိုက်ညီမှု ရှိ/မရှိနှင့် ပတ်သက်သည့် ကိစ္စအပေါ်တွင် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရအနေဖြင့် မိမိဖြေကြားခဲ့ပြီးဖြစ်ပါသည်။ ၎င်းလုပ်ငန်းများကို စိစစ်ရာတွင် Survey ကော်မတီထားပြီး အတည်ပြုချက်ရယူခြင်းဖြစ်ပါသည်။ လုပ်ငန်းများကို ဆောင်ရွက် ပေးမည့် တံတား(သို့မဟုတ်)လမ်း(သို့မဟုတ်)အဆောက်အဦများ၏ BQ များကို တည်ဆောက်ရေး ကော်မတီထံ တင်ပြရပါမည်။ တည်ဆောက်ရေးကော်မတီ၏ စိစစ်အတည်ပြုချက်အပေါ်တွင် ဆောင်ရွက် ရခြင်းဖြစ်သည့်အတွက် လက်ရှိတင်ပြထားခြင်းသည် ခန့်မှန်းမျှသာဖြစ်ပါသည်။ သို့ပါ၍ သတ်မှတ်စံချိန် စံညွှန်းနှင့်ဆိုသည်မှာ တည်ဆောက်ရေးကော်မတီကခွင့်ပြုလျှင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ရန်သာဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မပါဝင်ပါက မည်သည့်နှစ်တွင် ဆောင်ရွက်ပေးမည်လဲဆိုသည်မှာ မိမိအနေဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့သည် ဘဏ္ဍာငွေသုံးစွဲခွင့် မရှိပါကြောင်း၊ ဘဏ္ဍာငွေထုတ်ယူသုံးစွဲခွင့်မရှိဘဲ စိစစ်ဆောင်ရွက်ရန်သာဖြစ်သည့်အတွက် နှစ်အတိအကျနှင့် ဆောင်ရွက်ပေးရန်မှာ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးကို တိုက်ရိုက် မေးမြန်းမှသာလျှင် တိကျခိုင်မာသည့် အဖြေကိုရရှိမည်ဖြစ်ပြီး မိမိအနေဖြင့် ဆောင်ရွက်ပေးနိုင်သည်မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလမ်းများနှင့်ပတ်သက်ပြီး ကွင်းဆင်းစစ်ဆေးတိုင်းတာ၍ စာရင်းအဖြစ် ပြုစုပေးထားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် တောင်းခံရာတွင် သက်ဆိုင်ရာဦးစီးဌာနမှတစ်ဆင့် ပြည်ထောင်စု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးချုပ်သို့ တင်ပြရန်သာဖြစ်ပါကြောင်း ဖြေကြားလိုပါသည်။

တံတားပေအရှည်နှင့်ပတ်သက်၍ ခန့်မှန်းတင်ပြထားခြင်းသာဖြစ်ပါသည်။ ဦးစီးဌာနအားလုံး၏ ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်မှူးများသည် Pretical Authority ရှိသူများ ဖြစ်ပါသည်။ မိမိတို့အစိုးရအဖွဲ့ဆိုသည်မှာ Admin Authority နှင့်သာ ဆုံးဖြတ်ခွင့်၊ လက်မှတ်ရေးထိုးခွင့်သာ ရှိပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၏ ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာ အရာရှိများက နည်းပညာနှင့်

ပတ်သက်ပြီး ၎င်းတို့မှာ Authority ရှိသည်ဖြစ်၍ ၎င်းတို့၏ တင်ပြချက်သည် လတ်တလောခန့်မှန်းမှု ဖြစ်ပြီး တကယ်အတည်ပြုမည်ဆိုလျှင် တည်ဆောက်ရေးကော်မတီကိုတင်ပြပြီး တည်ဆောက်ရေးကော်မတီက ခွင့်ပြုမှသာလျှင် ဒီဇိုင်း Applicationများကို အတိအကျအတည်ပြုပြီး သက်ဆိုင်ရာဦးစီးဌာနများမှတစ်ဆင့် ဆောင်ရွက်ရန်သာဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၄) **"ကျောက်ကြီးမြို့နယ်၊ အားကစားကွင်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ပုံငွေ ချထား ပြုပြင်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၅) **"ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အန္တရာယ်ရှိ (၁၅၀'×၃၀'×၁၂')ကျောင်းဆောင်အား ဖျက်သိမ်း၍ (၁၇၀'×၃၀') RC နှစ်ထပ်ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၆) **"ကျောက်ကြီးမြို့နယ်၊ မအူပင်ဆိပ်ကျေးရွာအုပ်စု၊ လပတ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် အန္တရာယ်ရှိ ယိုယွင်းပျက်စီးနေသော ကျောင်းဆောင် အစား (၁၂၀'×၃၀') တစ်ထပ်ကျောင်းဆောင် အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၇) **"ကျောက်ကြီးမြို့နယ်၊ ကျောက်စရစ်ကျေးရွာအုပ်စု၊ အင်တိုင်းကုန်း ကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် (၁၅၀'×၃၀') ကျောင်းဆောင်အသစ် ချထားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၈) **"ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဓါတ်ခွဲခန်း ကျွမ်းကျင် (၃)/ (၄)နှစ်ဦးနှင့် မုန်းတိုက်နယ် ပြည်သူ့ဆေးရုံအတွက် ဆရာဝန်တစ်ဦး အမြန်ဆုံး စေလွှတ်တာဝန်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၉) **"ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်း တိုက်နယ်ဆေးရုံတွင် ဓါတ်မှန်စက် 25 AMP တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ လိုအပ်နေပါ၍ ချထား စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၆)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်သည် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုစီးပွား ဖွံ့ဖြိုးရေးများနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး(၂၈)မြို့နယ်အတွင်း နောက်အကျဆုံး မြို့နယ်တစ်ခု ဖြစ်နေပါသည်။ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောက်ကြီးမြို့၊ မြို့နယ်အားကစားကွင်းသည် အလျား အနံ(၆၅၀ပေ×၄၃၅ပေ)၊ ဧရိယာ (၆. ၅)ဧက၊ ပုံစံ(၁၀၅)နှင့်တကွ အထောက်အထားများ

ရှိသော်လည်း ခြံစည်းရိုးမရှိခြင်း၊ ပွဲကြည့်စင်မရှိခြင်း၊ ကျောက်ကြီးမြို့၏ ပထဝီမြေပြင်အနေအထား နှင့်အညီ ကျောက်စရစ် ကုန်းပေါ်တွင် တည်ရှိပါသောကြောင့် မြက်ပင်တစ်ပင်မျှမရှိသော ဘောလုံးကွင်း ဖြစ်နေပါသည်။ ဘောလုံး ကွင်းပြင်အား မြေသားများ အစားထိုးခြင်းဖြင့် ပြင်ဆင်ဆောင်ရွက်လိုပါသောကြောင့် အခြားသော မြို့နယ်အားကစားကွင်းများနည်းတူ ရန်ပုံငွေချထားပြုပြင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်း အခြေခံပညာအထက်တန်းကျောင်းတွင် နိုင်ငံတော် ရန်ပုံငွေဖြင့် ၁၉၉၂ခုနှစ်က ခွင့်ပြုတည်ဆောက်ထားသော (၁၅၀ပေ ×၃၀ပေ×၁၂ပေ)ရှိ ငုဝါဆောင်အမည်ရ ကျောင်းဆောင်မှာ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ အခင်း၊ အမိုးနှင့် အကာအုတ်နံရံများ၊ ပေါက်ပြဲ ကွဲအက်ပြိုကျလာသောကြောင့် အန္တရာယ်ရှိ ကျောင်းဆောင်တွင် စာသင်ကြားနေရသော ကျောင်းသား/ ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် (၂၀-၆-၂၀၁၆) ရက်နေ့တွင် အဆိုပါကျောင်းရှိ သိပ္ပံခန်း(၁)ခန်း၊ ကွန်ပျူတာခန်း(၁)ခန်း၊ အစည်းအဝေးခန်းမ(၂)ခန်းနှင့် ကျောင်းသား/ကျောင်းသူများ စက်ဘီးထားရာ ဂိုဒေါင်တစ်လုံးတို့အား ကာရန်ပြီး စာသင်ခန်း (၁)ခန်း၊ စုစုပေါင်း(၅)ခန်းကို အန္တရာယ်ရှိ ငုဝါဆောင်မှ စာသင်ခန်း(၅)ခန်းအား ပြောင်းရွှေ့စာသင်နေရပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ- အနာဂတ်လူငယ်များ၏ ပညာရေးဖွံ့ဖြိုးတိုးတက်စေရေး၊ ဘေးအန္တရာယ် လုံခြုံကင်းရှင်းစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် တိုးတက်လာသောကျောင်းသားအင်အားနှင့်အညီ အဆိုပါအန္တရာယ်ရှိ ကျောင်းဆောင်အား ဖျက်သိမ်း၍(၁၇၀'× ၃၀') R.C နှစ်ထပ်ကျောင်းဆောင်အသစ် ချထားဆောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မအူပင်ဆိပ်ကျေးရွာအုပ်စု၊ လပတ်ကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းခွဲတွင် ကျောင်းသား/သူ ဦးရေ(၃၆၉)ဦးရှိပြီး (၁၅၀' × ၃၀') တစ်ထပ်ကျောင်းဆောင်တစ်ဆောင်နှင့် အန္တရာယ်ရှိ ပျက်ဆီးယိုယွင်းနေ(၁၂၀' × ၃၀') ရှိ မိဘများ ထည့်ဝင်ငွေဖြင့် တည်ဆောက်ထားသော သစ်သားကျောင်းဆောင်တစ်ဆောင်၊ စုစုပေါင်း(၂)ဆောင်ရှိပါသည်။ အန္တရာယ်ရှိပျက်စီးယိုယွင်းနေသော ကျောင်းဆောင်တွင် အမိုးယိုခြင်း၊ ကြမ်းခင်းများကျိုးပဲ့ခြင်း၊ အကာအရံများလည်းမရှိခြင်းတို့ကြောင့် ကျောင်းသား/သူများအင်အားနှင့် စာသင်ခန်းများထပ်မံလိုအပ်နေပါသည်။ အဆိုပါကျောင်းတွင် ကျောင်းသားနှင့် တန်းခွဲအရ အန္တရာယ်ရှိ ယိုယွင်းပျက်စီးနေသော ကျောင်းဆောင်အစား (၁၂၀'× ၃၀') တစ်ထပ်ကျောင်းဆောင်အသစ်ချထားဆောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ကျောက်စရစ်ကျေးရွာအုပ်စု၊ အင်တိုင်းကုန်းကျေးရွာ အခြေခံပညာမူလတန်း(လွှန်)ကျောင်းကို ၁၉၆၇ခုနှစ်တွင် နိုင်ငံတော်နှင့် မိဘပြည်သူများ ထည့်ဝင်ငွေဖြင့်(၆၀ပေ×၄၀ပေ) တစ်ထပ်ကျောင်းဆောင်တစ်ဆောင် တည်ဆောက်ခဲ့ပါသည်။ ယခုကျောင်းဆောင်မှာ နှစ်ပေါင်း(၅၀)ခန့် ကြာမြင့်ပြီး ပျက်စီးယိုယွင်းမှု များရှိနေခြင်းကြောင့် ကျောင်းသား/သူများအနေဖြင့် ပညာသင်ကြားရေးတွင် အန္တရာယ်ရှိနိုင်ပြီး လက်ရှိကျောင်းသား/သူ(၁၅၂)ဦးအတွက် စာသင်ခန်းနှင့် ကျောင်းသားဦးရေ လုံလောက်မှုတမှု မရှိပါသောကြောင့် အေးချမ်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် (၁၅၀ပေ×၃၀ပေ) ကျောင်းဆောင်အသစ် ချထားဆောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် ပြည်သူများ၏ ကျန်းမာရေး ဝန်ဆောင်မှုပေးနိုင်ရန် နိုင်ငံတော်မှ ကျန်းမာရေးဝန်ထမ်းများ ချထားပေးခြင်းအပေါ် လိုအပ်နေသော ကျန်းမာရေးဝန်ထမ်း ခွဲစိတ်ခန်းအကူတစ်ဦးတစ်ယောက်မှ မရှိသည်မှာ (၂)နှစ်ကျော်ကြာမြင့်ပြီဖြစ်ပါသည်။ ဆေးရုံတက်သော လူနာများမှာ သွေးစစ်ခြင်း၊ ခွဲစိတ်ခွဲစမ်းသပ်ခြင်းကိစ္စများတွင် အဓိကကျသော ဝန်ထမ်းများ မရှိပါသောကြောင့် ပြည်သူ့များ၏ ကျန်းမာရေးကိစ္စများတွင် မလိုလားအပ်သော မှားယွင်းမှုများကြောင့် အသက်အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် ကျောက်ကြီးမြို့နယ်ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးခွဲစိတ်ခန်း ကျွမ်းကျင် (၃)/(၄)နှစ်ဦးနှင့် မုန်းတိုက်နယ်ပြည်သူ့ဆေးရုံအတွက် ဆရာဝန်တစ်ဦးအမြန်ဆုံး စေလွှတ်တာဝန် ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းတိုက်နယ် ပြည်သူ့ဆေးရုံတွင် ပြည်ပရောက်လုပ်ငန်းများမှ ထည့်ဝင်လှူဒါန်းငွေဖြင့် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီသော လျှပ်စစ်မီးတပ်ဆင်ထားသော ဓါတ်မှန်ဆောင်ကို (၃၀. ၈. ၂၀၁၅)ရက်နေ့တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီးဖြစ်ပါသည်။ သို့သော် နတ်သံကွင်း တိုက်နယ်ဆေးရုံတွင် ဓါတ်မှန်ဆောင်သာရှိပြီး ဓါတ်မှန်စက် 25AMP တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ လိုအပ်နေပါသောကြောင့် ချထားစီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)၊ (၅)၊ (၆)၊ (၇)၊ (၈)နှင့် (၉)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဇော်မင်းဦး (ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ အားကစားကွင်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရန်ပုံငွေ ချထားပြုပြင်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်အားကစားကွင်းခြံစည်းရိုးမရှိခြင်း၊ ပွဲကြည့်စင်မရှိခြင်း၊ ကျောက်စရစ် ကုန်းပေါ်တွင်တည်ရှိခြင်းများကြောင့် ဘောလုံးကွင်းပြင်အား မြေသားများအစားထိုး၍ အားကစားကွင်းအဆင့်မြှင့် တင်ခြင်းလုပ်ငန်းများအား (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်တွင် (၅၀. ၀၀)သန်းခွင့်ပြုပေးနိုင်ပါရန် ခရိုင်အားကစား နှင့်ကာယပညာ ဦးစီးဌာနသို့ စီမံကိန်းအဆိုပြုတင်ပြထားခြင်းအပေါ် ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ အဆိုပါလုပ်ငန်းများအတွက် မြို့နယ်အင်ဂျင်နီယာတွက်ချက်မှုခန့်မှန်း ကုန်ကျစရိတ်နှင့် BQ အမြန်ဆုံးရေးဆွဲတင်ပြရန် ညွှန်ကြားထားပြီး (၂၀၁၇-၂၀၁၈) ဘဏ္ဍာနှစ် BE တွင် ထည့်သွင်းတင်ပြတောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဇော်မင်းဦး (ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းအန္တရာယ်ရှိ (၁၅၀'×၃၀'×၁၂')ကျောင်းဆောင်အား ဖျက်သိမ်း၍ (၁၇၀'×၃၀') RC နှစ်ထပ်ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊နတ်သံကွင်းကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်းရှိ အန္တရာယ်ရှိသောကျောင်းဆောင်အားဖျက်သိမ်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ (B-Plan)တွင် ဦးစားပေးအဆင့်(၁)ဖြင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြထားပြီး ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဇော်မင်းဦး (ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီးမြို့နယ်၊ မအူပင်ဆိပ်ကျေးရွာအုပ်စု၊ လပတ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် အန္တရာယ်ရှိ ယိုယွင်းပျက်စီးနေသော ကျောင်းဆောင်အစား (၁၂၀'×၃၀') တစ်ထပ်ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မအူပင်ဆိပ်ကျေးရွာအုပ်စု၊ လပတ်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းသားဦးရေအရ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ (B-Plan)တွင် ဦးစားပေးအဆင့်(၅)ဖြင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြထားပြီး ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဇော်မင်းဦး (ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ကျောက်ကြီးမြို့နယ်၊ ကျောက်စရစ်ကျေးရွာအုပ်စု၊ အင်တိုင်းကုန်းကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် (၁၅၀'×၃၀') ကျောင်းဆောင်အသစ် ချထားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၊ ကျောက်စရစ်ကျေးရွာအုပ်စု၊ အင်တိုင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ အန္တရာယ်ရှိသော ကျောင်းဆောင်အား ဖျက်သိမ်း၍ ကျောင်းဆောင်သစ် ဆောက်လုပ်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (A-Plan)တွင် ဦးစားပေးအဆင့်(၅)ဖြင့် ပညာရေးဝန်ကြီးဌာနသို့ တင်ပြထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဇော်မင်းဦး (ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဓါတ်ခွဲခန်း ကျွမ်းကျင်(၃)/ (၄)နှစ်ဦးနှင့် မုန်းတိုက်နယ် ပြည်သူ့ဆေးရုံအတွက် ဆရာဝန်တစ်ဦး အမြန်ဆုံးစေလွှတ်တာဝန်ပေးရန် အစီအစဉ် ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် ဓါတ်ခွဲကျွမ်းကျင်ဝန်ထမ်းအမှန်လိုအပ်ပါသည်။ ယခုအချိန်တွင် ဝန်ထမ်းသစ်များခန့်ထားမည်ဆိုပါက ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။

ကျောက်ကြီးမြို့နယ်၊ မုန်းတိုက်နယ်ဆေးရုံရှိ ဆရာဝန်မှာ ဘွဲ့လွန်စာမေးပွဲဖြေဆိုပြီး၍အလုပ်တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်နိုင်နေပြီ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဦးဇော်မင်းဦး (ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းတိုက်နယ်ဆေးရုံတွင် ဓါတ်မှန်စက် 25AMP တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ လိုအပ်နေပါ၍ ချထားစီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်းတိုက်နယ်ဆေးရုံအတွက် လိုအပ်လျက်ရှိသော ဓါတ်မှန်စက်(25 AMP)တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြတောင်းခံပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းအမှတ်စဉ်(၈)နှင့်ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ မေးခွန်းအမှတ်စဉ်(၈) ဖြေကြားချက်တွင် ယခုအချိန်တွင် ဝန်ထမ်းသစ်များ ခန့်ထားမည်ဆိုပါက ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်ဟု ဖြေကြားထားပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်ပြီး ယခုပြည်သူများ၏ အသက်အန္တရာယ်အတွက် ယခုအတိုင်း လစ်လပ်မှုထားမည်ဆိုလျှင် အသက်အန္တရာယ်ကို နေ့စဉ်နှင့်အမျှ စိုးရိမ်ရပါသည်။ အစိုးရအဖွဲ့သည် စီမံခန့်ခွဲအုပ်ချုပ်မှုကို ပြုလုပ်ရမည်ဖြစ်သည့်အတွက် စီမံခန့်ခွဲ အုပ်ချုပ်ခွင့်အာဏာအရ တခြားတစ်နေရာမှ ပိုနေသော ဝန်ထမ်း(သို့မဟုတ်)တစ်ခုခုကို အစားထိုးပြီး ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ ဆက်စပ် မေးခွန်း မေးမြန်းချင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၈)နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းကို စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ ဝန်ထမ်း (၁)နေရာ ခန့်ထားမည်ဆိုပါက ဝန်ထမ်းဆိုသည်မှာ တိုင်းဒေသကြီးက ခန့်၍မရပါကြောင်း၊ ပြည်ထောင်စုမှနေ၍ ဝန်ထမ်းခန့်ထားခြင်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ညွှန်ကြားမှုနှင့် စီမံမှုကိုသာ ဆောင်ရွက်၍ရပါသည်။ ဝန်ထမ်းခန့်ထားခြင်းကို ပြည်ထောင်စုမှ ခန့်ထားခြင်းဖြစ်ပါသည်။ သို့ပါ၍ ဝန်ထမ်း(၁)နေရာ ခန့်ထားပေးမည်ဆိုပါက ထည့်သွင်းစဉ်းစားနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားခြင်းဖြစ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ဒုတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို (၁၄း၃၅)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၁၆ခုနှစ် အောက်တိုဘာလ (၅)ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# တတိယနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ ရက်
# [ ၂၀၁၆ခုနှစ် ၊ အောက်တိုဘာလ ၅ ရက် ]
# (ဗုဒ္ဓဟူးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ (လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး) ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့မှာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၇၆ ဦးရှိတဲ့အနက် ဒီကနေ့အစည်းအဝေးကို ၆၉ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ ၉၀. ၇၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့]၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းနှင့် ဗိုလ်မှူးဇေယျာဦးတို့သည် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရန်ရှိပါသဖြင့်လည်းကောင်း၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန]နှင့် ရွှေကျင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်တို့သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စများရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန]နှင့် အုတ်တွင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်တို့သည် ကျန်းမာရေးမကောင်းပါသဖြင့် (၅-၁၀-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၇)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။ [သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ ၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကအတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာ ကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ အဖွဲ့ဝင် ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)က လွှတ်တော်သို့ တင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်ရီရီထိုက်[အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များ ဆိုင်ရာ ကော်မတီ]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ တင်သွင်းသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီ အစီရင်ခံစာ

**နိဒါန်း**

မြန်မာ့လူ့အဖွဲ့အစည်းတွင် ကျေးလက်နေပြည်သူများ၏ လူမှုဘဝများ တိုးတက်ပြောင်းလဲရေးသည် အရေးကြီးသောကဏ္ဍတစ်ခုအနေဖြင့် ရှေ့တန်းသို့ ရောက်ရှိလာပါသည်။ ထိုသို့ဆိုလျှင် အဖွဲ့စုံ၊ ကဏ္ဍစုံတို့မှ

ကွင်းဆင်းပြီး ပကတိလိုအပ်ချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှသာ အောင်မြင်မည်ဟု ယုံကြည်ပါသည်။ မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးနှင့် လယ်ယာမြေများ မြေကြီးမြေပုံ မှန်ကန်ရေးတို့မှာလည်း မဖြစ်မနေ ဆောင်ရွက်ရမည့် အကြောင်းအရင်းများ ဖြစ်လာပါသည်။

အထက်ပါအကြောင်းအချက်များကို ထင်ဟပ်စေမည့် လုပ်ငန်းစဉ်များကို ပဲခူးတိုင်းဒေသကြီး လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ မြေယာအငြင်းပွားမှုများ ဖြေရှင်းနိုင်ရေးအတွက် (၆/၂၀၁၆)အစည်းအဝေးကိုလည်းကောင်း၊ မြေပြင် အခြေအနေများ ကွင်းဆင်းဆောင်ရွက်နိုင်ရန်အတွက် (၇/၂၀၁၆) အစည်းအဝေးကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ တိုးတက်မြင့်မားစေရေးအတွက် (၈/၂၀၁၆)အစည်းအဝေးကို လည်းကောင်း ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး၏ စိုက်ပျိုးမှုအခြေအနေ

- ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးမှာ စုစုပေါင်းစိုက်ပျိုးဧက (၆၁၆၀၁၉၄) ဧကရှိသည့်အနက် မိုးစပါးစိုက်ဧက (၂၇၆၄၆၀၃)ဧက၊ နွေစပါးဧက (၂၁၅၅၉၈)ဧက၊ အခြားနှံစားသီးနှံ (၅၉၈၆၈)ဧက၊ ပဲမျိုးစုံ (၂၀၆၄၅၀၇)ဧက၊ ဆီထွက်သီးနှံ(၃၈၁၆၂၉)ဧက၊ စက်မှုကုန်ကြမ်းသီးနှံ (၂၂၄၃၄၀)ဧက၊ အခြားသီးနှံများစိုက်ဧက(၄၄၉၆၄၉)ဧကတို့ ဖြစ်ပါသည်။
- သဘာဝဘေးအန္တရာယ်ကြောင့် မိုးစပါးဧက(၁၀၂၃၈၂)ဧက ပျက်စီးပြီး၊ အခြားသီးနှံ (၉၄၉၃)ဧက ပျက်စီးဆုံးရှုံးခဲ့ပါသည်။ ထိုပျက်စီးဆုံးရှုံးမှုများမှာ လိုအပ်ချက်များရှိသည်ကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပြီး နောင်နှစ်များတွင် လျော့ပါးသက်သာစေရန် အစိုးရနှင့် လူမှုအဖွဲ့အစည်းပေါင်းစုံတို့ ပူးပေါင်းဆောင်ရွက်သွားရန်လည်း လိုအပ်မည် ဖြစ်ပါသည်။
- ပဲခူးတိုင်းဒေသကြီး၏ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးအတွင်းရှိ မျိုးစေ့ထုတ်ဌာန(၇)ခု ရှိပြီး ခေါင်နှံထုတ်မျိုးစေ့ထုတ်လုပ်ငန်းနှင့် တောင်သူများအနေဖြင့် ကိုယ်တိုင်တစ်နိုင်တစ်ပိုင် လုပ်ကွက်ငယ် မျိုးကောင်းမျိုးသန့် ထုတ်လုပ်နိုင်ရေးအတွက် ပညာပေးရှေ့တန်းစခန်းများကို တစ်မြို့နယ်လျှင် တစ်ခုဖွင့်လှစ်နိုင်ပါက အချိန်နှင့်တပြေးညီ လိုအပ်နေသော ဒေသထုတ် မျိုးကောင်းမျိုးသန့်များကို ဖြည့်ဆည်းနိုင်မည်ဖြစ်ရာ တောင်သူများအတွက်များစွာ အကျိုးကျေးဇူးရရှိမည်ဖြစ်ပါသည်။
- တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လက်ငင်းကြုံတွေ့နေ ရသည့် မြေယာပြဿနာများနှင့် မြေကြီးမြေပုံမှန်ကန်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ရေး၊ Digital Mapping ခေတ်မီ မြေတိုင်းကိရိယာများ အသုံးပြုဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများ တိကျမြန်ဆန်ပြီး ထိရောက်မှု ရှိလာမည်ဖြစ်ပါသည်။
- တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးခြံများ မှတ်ပုံတင်ခြင်း၊

ကူးစက်ရောဂါများကာကွယ်ခြင်းနှင့် မွေးမြူရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် သင်တန်းများဖွင့်လှစ်နိုင်ပါက တိုင်းဒေသကြီးအတွင်း မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများ တိုးတက်လာမည် ဖြစ်ပါသည်။

- သီးနှံအာမခံချက်ရရှိရေး စနစ်တစ်ခုဖော်ဆောင်နိုင်ပါက တောင်သူများအနေဖြင့် စီးပွားရေးသမားများ၏ ဈေးကစားခြင်းတို့မှ လွတ်မြောက်နိုင်မည် ဖြစ်ပါသည်။
- မြေယာကိစ္စရပ်များနှင့်ပတ်သက်ပြီး ကော်မတီမှ ဝေါ၊ ကဝ၊ မိုးညိုမြို့နယ်များ၏ မြေယာကိစ္စရပ်များကို ကြားနာမှုများ ကွင်းဆင်းစိစစ်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ပါသည်။
- ဝေါမြို့နယ် ဦးဝင်းသိန်း၏ တိုင်ကြားစာနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ (၁၅-၈-၂၀၁၆)ရက်နေ့ နံနက်ပိုင်းတွင် တိုင်ကြားသူ ဦးဝင်းသိန်းပါ (၆)ဦးကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များဖြစ်သော ဝေါမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးတို့ကို ခေါ်ယူကြားနာခဲ့ပါသည်။ နှစ်ဖက်ထွက်ဆိုချက်များကို ကြားနာခဲ့ပြီးနောက် မြေပြင်အခြေအနေကို ကွင်းဆင်းဆောင်ရွက်မှ အဖြေမှန်တွေ့ရှိမည်ဟု ကော်မတီမှ သုံးသပ်ခဲ့ပါသည်။ အဆိုပါသုံးသပ်ချက်အရ (၃၀-၈-၂၀၁၆)ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်။
- မိုးညိုမြို့နယ်၊ ထိန်တောအုပ်စု၊ ဥတိုကျေးရွာနှင့် ရေသပြာကျေးရွာမှ ဦးမြင့်ရွှေ၊ ဦးသန်းထွန်းပါ (၈)ဦး တိုင်ကြားစာအား ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ ဥက္ကဋ္ဌထံသို့ (၇-၉-၂၀၁၆) ရက်စွဲဖြင့် လက်ခံရရှိခဲ့ပြီး၊ (၈-၉-၂၀၁၆)နေ့တွင် ကော်မတီမှ တိုင်စာကို စိစစ်သုံးသပ်လျှက် ကွင်းဆင်းစိစစ်ညှိနှိုင်းဆောင်ရွက်ရန် ဥက္ကဋ္ဌသို့ တင်ပြအစီရင်ခံခဲ့ပါသည်။ ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် (၁၂-၉-၂၀၁၆)နေ့တွင် မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံးခန်းတွင် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာ၊ တာဝန်ရှိမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့အား တိုင်စာပါ အချက်အလက်များအား မေးမြန်းစိစစ်ဆောင်ရွက်ခြင်းနှင့် တိုင်ကြားသူ ပြည်သူတို့နှင့် တွေ့ဆုံစိစစ်မေးမြန်း၍ လိုအပ်သော အချက်အလက်များကို ရရှိစေရန် ကွင်းဆင်းစိစစ်ဆောင်ရွက်ခဲ့ပါသည်။

## နိဂုံး

နိဂုံးချုပ်အနေဖြင့် အထက်ပါတင်ပြခဲ့သော အခြေအနေများသည် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ ဆောင်ရွက်နေသော လုပ်ငန်းရပ်များဖြစ်ပြီး ဆက်လက်၍လည်း မိမိကော်မတီနှင့် ပတ်သက်သော အရေးအရာကိစ္စရပ်များကို အချိန်နှင့်တပြေးညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ကော်မတီဝင်အားလုံးမှ စိတ်အားထက်သန်စွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသ၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူတို့၏ အကျိုးစီးပွားများကို

ဆထက်ထမ်းပိုး တိုးတက်စေရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်ဦး[ဥက္ကဋ္ဌ၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ]**။ ။ဒုတိယအကြိမ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ တင်သွင်းသည့်အစီရင်ခံစာ

**နိဒါန်း**

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ် (က) (ခ) (ဂ) နှင့် ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က)နှင့် (ခ)အရ ၊ ၂၀၁၆ ခုနှစ် ဧပြီလ (၅)ရက်နေ့တွင် အဖွဲ့ဝင် (၁၂)ဦးဖြင့် လွှတ်တော်မှ အတည်ပြုဖွဲ့စည်းခဲ့ပါသည်။

ဤကော်မတီအနေဖြင့် ၂၀၁၆ခုနှစ် ၊ စက်တင်ဘာလ (၁၉)ရက်နေ့တွင် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး ကော်မတီ၏ ရည်ရွယ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးအတည်ပြု ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါသည်။

**ရည်ရွယ်ချက်များ**

- ပဲခူးတိုင်းဒေသကြီးအတွင်း လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု နိုင်ရန် ရည်ရွယ်သည်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သော ဤကော်မတီ၏ လုပ်ငန်းတာဝန် များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ရည်ရွယ်သည်။

**ဆုံးဖြတ်ချက်များ**

၂၀၁၆ ခုနှစ် စက်တင်ဘာလ (၁၉)ရက်နေ့တွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့ပြီး အောက်ပါ ဆုံးဖြတ်ချက်များကို ချမှတ်လုပ်ဆောင်ခဲ့ပါသည်-

- ပဲခူးတိုင်းဒေသကြီးအတွင်း လတ်တလောဖြစ်ပေါ်နေသော ကိုယ်ထူကိုယ်ထမီးလင်းရေး

ဆောင်ရွက်ရာ၌ မီးလင်းရေးကော်မတီနှင့် ပြည်သူများအကြား ဖြစ်ပေါ်နေသော ငွေကြေး ပြဿနာများကို ကော်မတီသို့ တင်ပြလာမှုများ ရှိနေပါသည်။ သို့ပါသောကြောင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၎င်းကိစ္စများကို စိစစ်ဖြေရှင်းပေးနိုင်ပါရန် ကော်မတီတစ်ရပ် ဖွဲ့စည်း၍ အမြန်ဆုံးဆောင်ရွက်ပေးပါရန်။

- (၁/၂၀၁၆) နှင့် (၂/၂၀၁၆) အစီရင်ခံစာမှ ဆုံးဖြတ်ချက်များအား အမြန်ဆုံးဆောင်ရွက်ပေးပါရန်။

**ရှေ့လုပ်ငန်းစဉ်များ**

ကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်များကို အခြေခံ၍ အောက်ပါရှေ့လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

- တိုင်းဒေသကြီး လျှပ်စစ်လျှာထားချက် စီမံကိန်းများနှင့် NEP စီမံကိန်းတို့ကို အမြန်ဆုံး အကောင်အထည် ဖော်နိုင်ရေးအတွက် ကူညီဆောင်ရွက်သွားရန်၊
- ကော်မတီ၏ ရည်ရွယ်ချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

**နိဂုံး**

အထက်ဖော်ပြပါ ရည်ရွယ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များ ပြီးမြောက်အောင်မြင်ရေးအတွက် ပြည်သူလူထု၏ အကျိုးစီးပွားကို ကော်မတီအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ဖြူးမြို့နယ်၊ ဂျေပူ၊ အမဲခေါင်၊ လယ်ပြင်ကြီးနှင့် သစ်ချောက်ခင်ကျေးရွာအုပ်စု (၄)အုပ်စုသို့ သွားလာအသုံးပြုနေသော အရှည်(၅)မိုင်ရှိ လမ်းမကြီးအား ကျောက်ချောလမ်းအဖြစ်သို့ ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ဖြူးမြို့နယ်၊ ဇောင်းလျားခုံကျေးရွာနှင့် ကျားသောင်ကျေးရွာကြား ငါးခေါင်းအင်းကျေးရွာသို့ ဆက်သွယ်ထားသော အရှည်(၁)မိုင်(၆)ဖာလုံရှိ မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်သို့ တိုးချဲ့ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဖြူးမြို့နယ်၊ ဂျေပူကျေးရွာအုပ်စု၊ အမဲခေါင်ကျေးရွာအုပ်စု၊ လယ်ပြင်ကြီးကျေးရွာအုပ်စုနှင့် သစ်ချောင်ခင်ကျေးရွာအုပ်စု(၄)အုပ်စုသို့ သွားလာအသုံးပြုနေသော အရှည်(၅)မိုင်ရှိ လမ်းမကြီးသည်များစွာ ပျက်စီးယိုယွင်းလျက်ရှိပါသည်။ ယင်းလမ်းကို တိုက်ပတ်လည်ကျေးရွာ၊ ဒေဝါရီကြပ် ကျေးရွာ၊ ကုလားရွှေတိုက်ခင်ကျေးရွာ၊ ဗမာရွှေတိုက်ခင်ကျေးရွာ၊ စမ်းမြောင်းကျေးရွာ၊ ဂိုပါလ်ကန်ကျေးရွာ၊ နရိုင်ပူကျေးရွာ၊ စွန်သိုက်ကျေးရွာ၊ ဘရိုက်တိုလာကျေးရွာနှင့် သစ်ချောက်ခင်ကျေးရွာများမှ အများပြည်သူတို့ အသုံးပြုအများဆုံးလမ်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖြူးမြို့နယ်၊ ဂျေပူ၊ အမဲခေါင်၊ လယ်ပြင်ကြီးနှင့် သစ်ချောက်ခင်ကျေးရွာအုပ်စု (၄)အုပ်စုသို့ သွားလာအသုံးပြုနေသော အရှည်(၅)မိုင်ရှိ ပျက်စီးယိုယွင်းနေသည့်လမ်းအား ကျောက်ချောလမ်းခင်း၍ ပြုပြင်ပေးနိုင်မှု ရှိ/မရှိ ဖြေကြားပေးပါရန် သက်ဆိုင်ရာဝန်ကြီးဌာနအား ကြယ်ပွင့်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းလိုပါသည်။

**ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဖြူးမြို့နယ်၊ ဇောင်းလျားခုံကျေးရွာနှင့် ကျားသောင်ကျေးရွာကြားရှိ ငါးခေါင်းအင်းကျေးရွာ သို့ ဆက်သွယ်ထားသော အရှည်(၁)မိုင်(၆)ဖာလုံရှိ မြေသားလမ်းသည် ပျက်စီးလျက်ရှိပါသည်။ ယင်းလမ်းသည် ဖြူးမြို့နယ်ရှိ ချောင်းကောက်ကျေးရွာ၊ လယ်ပြင်ကျေးရွာ၊ ဖိုးကတုံးကျေးရွာ၊ အင်ကြင်းကုန်းကျေးရွာ၊ ကြာအင်းကျေးရွာ၊ ကရင်ကျေးရွာနှင့် ငါးခေါင်းအင်း (တောင်/မြောက်) ကျေးရွာများမှ ပြည်သူများ အများဆုံးအသုံးပြုလျက်ရှိသည့်လမ်း ဖြစ်ပါသည်။ ထို့အပြင် ဆရာ/မ များနှင့် ကျောင်းသား/သူများသည် ခက်ခက်ခဲခဲသွားလာနေကြရပါသည်။

သို့ဖြစ်ပါ၍ ဖြူးမြို့နယ်၊ ဇောင်းလျားခုံကျေးရွာနှင့် ကျားသောင်ကျေးရွာကြားရှိ ငါးခေါင်းအင်းကျေးရွာသို့ ဆက်သွယ်ထားသော အရှည်(၁)မိုင်(၆)ဖာလုံရှိ မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ်သို့ ပြုပြင်ဖောက်လုပ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်စိန်မေးမြန်းသည့် မေးခွန်းအမှတ်စဉ် (၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ်၊ ဂျေပူ၊ အမဲခေါင်၊ လယ်ပြင်ကြီးနှင့် သစ်ချောက်ခင်ကျေးရွာအုပ်စု (၄)အုပ်စုသို့ သွားလာအသုံးပြုနေသော အရှည်(၅)မိုင်ရှိ လမ်းမကြီးအား ကျောက်ချောလမ်း အဖြစ်သို့ ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသောလမ်းအား ဆောင်ရွက်ပေးရန်ကိစ္စနှင့်ပတ်သက်၍ (၂၀၁၆-၂၀၁၇)ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေး နိုင်ခြင်း မရှိပါကြောင်း တင်ပြအပ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးသည့် လုပ်ငန်းစာရင်းများ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးပြီး လွှတ်တော်တွင် စာရင်းပြုစုပေးထားမည်ဖြစ်ပြီး ပြည်ထောင်စုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ ပေးပို့သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ဦးသက်စိန်၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ဖြူးမြို့နယ်၊ ဇောင်းလျားခုံကျေးရွာနှင့် ကျားသောင် ကျေးရွာကြား ငါးခေါင်းအင်း ကျေးရွာသို့ ဆက်သွယ်ထားသော အရှည်(၁)မိုင်(၆)ဖာလုံရှိ မြေသား လမ်းအား ကျောက်ချောလမ်းအဖြစ်သို့ တိုးချဲ့ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသောလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန်ကိစ္စနှင့် ပတ်သက်၍ (၂၀၁၆-၂၀၁၇)ခုဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပါဝင်ခြင်း မရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးသည့် လုပ်ငန်းစာရင်းများ ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးပြီး လွှတ်တော်တွင် စာရင်းပြုစု ပေးထားမည်ဖြစ်ပြီး ပြည်ထောင်စုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)သို့ ပေးပို့သွားမည် ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" မြန်မာ့ ဆက်သွယ်ရေး ကြိုးဖုန်းများ လိုင်းပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဖြူးမြို့နယ်အတွင်းရှိ မြန်မာ့ဆက်သွယ်ရေး ကြိုးဖုန်းများ မကြာခဏပြတ်တောက်ခြင်း၊ ဆက်သွယ်မှုအဆင်မပြေခြင်း၊ ကြိုးပြတ်တောက်မှုဖြစ်လျှင် လိုင်းကြိုးများလဲလှယ်တပ်ဆင်ရာတွင် ငွေကုန်ကြေးကျမှုများသော်လည်း မကြာခင်ပြန်လည်ပြတ်တောက် သွားခြင်းများ လက်ရှိဖြစ်ပေါ်လျက်ရှိပါသည်။

ထိုသို့ ချို့ယွင်းမှုများနေသဖြင့် မြန်မာ့ဆက်သွယ်ရေးကြိုးဖုန်းများကို အားကိုးအသုံးပြုမှု နည်းပါးလာပါသည်။ ကြိုးများပြတ်တောက်နေသော်လည်း လဲလှယ်တပ်ဆင်ခြင်းမရှိတော့ဘဲ အသုံးမပြုသူများလာပါသည်။ လစဉ်ထိန်းသိမ်းခ(၅၀၀)ကျပ်နှင့် လုပ်ငန်းခွန်(၂၅)ကျပ် ပေးဆောင်နေကြရပါသည်။ အချို့မှာ အားကိုး၍ မရသည့်အတွက် ယင်းငွေ(၅၂၅)ကျပ် မပေးဆောင်ကြသဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဝင်ငွေခွန်ကျဆင်းခဲ့ရပါသည်။

သို့ပါ၍ ကြိုးဖုန်းများဆက်သွယ်ရေးကောင်းစေရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းနှင့်ဆက်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်နွယ်နီဝင်းမေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်နွယ်နီဝင်း၊ ဖြူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **" မြန်မာ့ဆက်သွယ်ရေး ကြိုးဖုန်းများ လိုင်းပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ဖြူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်နွယ်နီဝင်း၏ ကြယ်ပွင့်ပြမေးခွန်းနှင့် ပတ်သက်၍ ဖြူးမြို့နယ်အတွင်းရှိ ကြိုးဖုန်းများပျက်လျှင် ၁၀၀၊၁၀၂၊ ၀၅၄- ၄၀၂၂၂၊ ၀၅၄-၄၀၃၃၃ များပြုပြင်ပေးရန် အကြောင်းကြားလာပါက အချိန်နှင့်တပြေးညီ ပြုပြင်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ Drop Wire မကောင်းပါက ဌာနမှလဲလှယ်ရန် ထုတ်ပေးခြင်း မရှိသည့်အတွက် သုံးစွဲသူမှ ကျခံရမည်ဖြစ်ပါကြောင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်ကြား အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ယာဉ်ရပ်နားစခန်း ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် စတင်ပြုလုပ်ပေးမည်နှင့် အစီအစဉ် မရှိပါက ကုန်တင်၊ ကုန်ချကားကြီးများနှင့် Express ကားကြီးများ မြို့အတွင်းသို့ နေ့စဉ်ဝင်ရောက်နေမှုအား တားဆီးပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"မီးဘေးသင့်ခဲ့ရသော တောင်ငူမြို့မဈေးကြီးအား အဆင့်မြင့်ဈေးသစ်ကြီး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။တောင်ငူမြို့နယ်ရှိ ယာဉ်ရပ်နားဝင်းမှာ ကျဉ်းလွန်းသည့်အတွက် (၁၀)ဘီး၊ (၁၂)ဘီးနှင့် တွဲကားကြီးများ မြို့တွင်းသို့ဝင်၍ ကုန်တင်၊ ကုန်ချ ပြုလုပ်ခြင်း၊ ရပ်နားခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ခရီးသည်တင် Express ကားဂိတ် (၃)ခုမှာလည်း မြို့တွင်းတွင် ဂိတ်ဖွင့်ထား ပြီး နေ့စဉ်ခရီးသည်အတင်အချပြုလုပ်ခြင်း၊ ဝင်ထွက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။ ထိုသို့ ပြုလုပ်မှုများကြောင့် နေ့စဉ်မြို့တွင်း၌ လမ်းများပိတ်ဆို့နေသဖြင့် ပြည်သူလူထုများ သွားလာရေးအတွက် များစွာအခက်အခဲရှိနေပါသည်။ ကျောင်းသား၊ ကျောင်းသူများအတွက်လည်း ယာဉ်အန္တရာယ်စိုးရိမ်နေရပါသည်။ မြို့တွင်းလမ်းများမှာလည်း ကားကြီးများ နေ့စဉ်မြောက်များစွာ ဝင်ရောက်နေသဖြင့် အမြဲပျက်စီးလျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ ကုန်တင်ကုန်ချကားကြီးများနှင့် Express ကားကြီးများအတွက် လုံလောက်သော အကျယ်အဝန်းရှိသည့် ယာဉ်ရပ်နားစခန်းပြုလုပ်ပေးရန် အစီအစဉ်ရှိမရှိနှင့် အစီအစဉ်ရှိပါက မည်သည့် ကာလတွင် စတင်ပြုလုပ်ပေးမည်နှင့် အစီအစဉ်မရှိပါက ကုန်တင်၊ ကုန်ချကားကြီးများနှင့် Express ကားကြီးများ မြို့အတွင်းသို့ နေ့စဉ်ဝင်ရောက်နေမှုအား တားဆီးပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။တောင်ငူမြို့မဈေးကြီးသည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်နေ့၊ ညနေ(၅)နာရီခန့်တွင် မီးဘေးသင့်ခဲ့ရပါသည်။ မီးလောင်ကျွမ်းမှုကြောင့် ဈေးဆိုင်ခန်းပေါင်း (၁၂၀၀)ကျော် ပျက်စီး ဆုံးရှုံးခဲ့ရပါသည်။ မီးဘေးသင့်ပြီးနောက် ယာယီဈေးအား မိုင်ဒါကွင်းတွင် တည်ဆောက်ခဲ့ပါသည်။ သို့ရာတွင် ယာယီဈေးမှာလည်း ဈေးသည်ရော၊ ဈေးဝယ်အတွက်ပါ အဆင်မပြေသော နေရာဖြစ်နေပါသဖြင့် ယာယီဈေးဆောက်လုပ်ပြီးသည်မှ ယနေ့အချိန်အထိ ဈေးသည်(၁၀)ဦး ပြည့်အောင်ပင် ဈေးဆိုင်ခန်းဖွင့်ရောင်းချခြင်းမရှိခဲ့ပါ။ (၂)နှစ်ကျော်ကြာမြင့်သည်အထိ ဈေးသစ်ကြီးပြန်လည် ဆောက်လုပ်နိုင်ခြင်းမရှိသောကြောင့် မီးဘေးသင့်ခဲ့ရသော ဈေးသူ၊ ဈေးသားများမှာ စားဝတ်နေရေး လွန်စွာ အခက်အခဲဖြစ်နေကြောင်းတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မီးဘေးသင့်ခဲ့ရသော တောင်ငူမြို့မဈေးကြီးအား နောင်အနာဂတ်တွင် ဖွံ့ဖြိုး တိုးတက်လာမည့် တောင်ငူမြို့နှင့် ကိုက်ညီသော အဆင့်မြင့်ဈေးသစ်ကြီး ဆောက်လုပ်ပေးရန် အစီ အစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအေးမင်းဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ယာဉ်ရပ်နားစခန်း ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် ကာလတွင် စတင်ပြုလုပ်ပေးမည်နှင့် အစီအစဉ် မရှိပါက ကုန်တင်၊ ကုန်ချကားကြီး များနှင့် Express ကားကြီးများ မြို့အတွင်းသို့ နေ့စဉ်ဝင်ရောက်နေမှုအား တားဆီးပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ ယာဉ်ရပ်နားဝင်း အားလုံလောက်သောအကျယ်အဝန်းရှိသည့် ယာဉ်ရပ်နားစခန်းပြုလုပ်ပေးရန် အစီအစဉ်နှင့်ပတ်သက်၍ လက်ရှိတောင်ငူမြို့၊ ရပ်ကွက် (၁)၊ အမြန်လမ်းပေါ်ရှိ ယာဉ်ရပ်နားဝင်း၏အကျယ်အဝန်းမှာ (၂. ၁၂)ဧကသာ ရှိပြီး လက်ရှိ အဆောက်အဦမှာ မော်တော်ယာဉ်စခန်းများဖွင့်လှစ်ထားသည့် အဆောက်အဦး(၄)ခုနှင့် ခရိုင်/ မြို့နယ်ယာဉ်ကြီးကြပ်ရေးရုံ(၁)ရုံ၊ မော်တော်ယာဉ်ဂိတ်စခန်း(၁၂)ခန်းတည်ရှိပြီး ကားကြီး/ကားလေး ယာဉ်(၄၀)စီးဝင်/ထွက်ရပ်နားဆောင်ရွက်နိုင်ပါသည်။ တောင်ငူမြို့၏ အသုံးပြုနေသည့် ကုန်ကားကြီးများ၊ ခရီးသည်တင် Express ကားဂိတ်(၃)ခုမှ ကားကြီး(၂၀)စီးခန့်ရှိသဖြင့် လက်ရှိယာဉ် ရပ်နားဝင်းထဲတွင် တစ်မြို့လုံးရှိကားကြီး/ကားလေး၊ ခရီးသည်ယာဉ်များရပ်နားရန်မှ မြေနေရာ လိုအပ်လျက်ရှိပါသည်။ လိုအပ်လျက်ရှိသောမြေနေရာမရှိမီ ဆောင်ရွက်မည်ဆိုပါက လက်ရှိကားဂိတ်ဝင်းထဲရှိ အဆောက်အဦဟောင်း နေရာများကို စနစ်တကျရှင်းလင်းဆောင်ရွက်ခြင်း၊ ယာဉ်များအား အလှည့်ကျရပ်နားခြင်းများဆောင်ရွက်ပါက အတိုင်းအတာတစ်ခုထိ ဆောင်ရွက်နိုင်ခြင်း ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ မြို့၏ယာဉ်ဝင်/ထွက်သွားလာမှု အတိုင်းအတာအတွက် လုံလောက်သော မြေနေရာကိုရရှိရန်မှာ မြေယာစီမံခန့်ခွဲမှုမရှိသဖြင့် မြေနေရာ ရရှိအောင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးပါက သက်ဆိုင်ရာခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့နှင့် ပူးပေါင်း၍ စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြား တင်ပြအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မီးဘေးသင့်ခဲ့ရသော တောင်ငူမြို့မဈေးကြီးအား အဆင့်မြင့် ဈေးသစ်ကြီး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့မ ဈေးသစ်ကြီးအား နောင်အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာမည့် တောင်ငူမြို့နှင့်ကိုက်ညီသော အဆင့်မြင့် ဈေးသစ်ကြီးဆောက်လုပ်ပေးရန် အစီအစဉ်နှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုးတက် လာသော ခေတ်ကာလနှင့်အညီ ခေတ်မီတိုးတက်သောဈေးသစ်ကြီးတည်ဆောက်နိုင်ရန် ပညာရှင်များဖြင့် မြေကြီးမြေပုံများ မှန်ကန်တိကျ ရေးဆွဲတိုင်းတာဆောင်ရွက်၍ ခေတ်မီဒီဇိုင်းများ ရေးဆွဲ ဆောင်ရွက်လျက်ရှိပြီး၊ ဒီဇိုင်းရေးဆွဲပြီးပါက လက်ရှိဆောင်ရွက်မည့် ဈေးသူ/ဈေးသားများအား ပွင့်လင်းမြင်သာအောင် ချပြ ဆွေးနွေးပြီး ဈေးသူ/ဈေးသားများ၏ ဆန္ဒသဘောတူညီချက်ကို အခြေခံရယူပြီး ရရှိပါက ဈေးနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမည့်သူများကို ပွင့်လင်းမြင်သာအောင် တင်ဒါခေါ်ယူဆောင်ရွက်၍ တင်ဒါရရှိပါက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုကိုခံယူကာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ ဥပဒေများနှင့်အညီ ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မေးခွန်းအမှတ်စဉ်(၂)ကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးအေးမင်းဝင်း၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မေးခွန်းအမှတ်စဉ် (၂)နှင့်ပတ်သက်၍ တောင်ငူမြို့မဈေးကြီးအား နောင်အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တောင်ငူမြို့နှင့် ကိုက်ညီသော အဆင့်မြင့် ဈေးသစ်ကြီး တည်ဆောက်ပေးရန် အစီအစဉ်ရှိပါက မည်သည့်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်မည်ကို ဝန်ကြီးဖြေကြားသည့်ထဲတွင် မပါဝင်သည့်အတွက် အချိန်ကာလအတိအကျ ဖြေကြားပေးစေလိုကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးအေးမင်းဝင်းမေးမြန်းသော မေးခွန်းအမှတ်စဉ်(၂)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးအေးမင်းဝင်း၏ မေးခွန်းအမှတ်စဉ်(၂)နှင့်ပတ်သက်၍ ယခင်အစိုးရလက်ထက်တွင် မပြီးသေးသည့် တောင်ငူဈေးသစ်ကြီးအား မိမိအစိုးရလက်ထက်တွင် အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်နိုင်ရေးအတွက် ဝန်ကြီးချုပ်ကြီးကိုယ်တိုင် အနီးကပ်ကြီးကြပ်ဆောင်ရွက်နေကြောင်း၊ တိုးတက်လာသောခေတ်ကာလနှင့်အညီ ဈေးသစ်ပုံစံဒီဇိုင်းများ ရေးဆွဲပြီးပါက ဈေးသူဈေးသားများကိုချပြ ဆွေးနွေးညှိနှိုင်းပြီး ၎င်းတို့၏သဘောထားရယူပြီးမှသာ တင်ဒါခေါ်ဆောင်ရွက်ရခြင်းဖြစ်သည့် အတွက် အချိန်ကာလတိကျစွာ မဖြေကြားနိုင်သော်လည်း တောင်ငူဈေးသစ်ကြီး အမြန်ဆုံးပြီးစီးအောင် တည်ဆောက်နိုင်ရေးအတွက် အထူးကြိုးစားဆောင်ရွက်နေပါကြောင်း ဆက်စပ်မေးခွန်းအား ဖြေကြားပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“တောင်ငူမြို့နယ်၊ ဆိတ်ဖူးတောင်၊ ရွှေလေးအင်း၊ ကုံမင်းအိုင်၊ သက်ကယ်ခြင်း ကျေးရွာချင်းဆက်လမ်းအား လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“တောင်ငူမြို့နယ် စစ်တောင်းမြစ်ကမ်းပါးများ ရေတိုက်စား ပြိုကျနေမှုအား အမြန်ဆုံး ကာကွယ်ထိန်းသိမ်းမှုပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“တောင်ငူမြို့နယ် အထွေထွေရောဂါကုဆေးရုံကုတင်(၂၀၀)မှ ကုတင် (၅၀၀)အဆင့်သို့ အမြန်ဆုံးအဆင့်မြှင့်တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **“တောင်ငူမြို့ ရန်ကုန်-မန္တလေး လမ်းဘေးဝဲယာရှိ ရေမြောင်းများ ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများပြုလုပ်ရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။တောင်ငူမြို့နယ် ဆိတ်ဖူးတောင်၊ ရွှေလေးအင်း၊ ကမ်းနီကျေးရွာအုပ်စုအတွင်းရှိ ဆိတ်ဖူး တောင်၊ ရွှေလေးအင်း၊ ဂုံမင်းအိုင်၊ သက်ကယ်ခြင်း ကျေးရွာချင်းဆက်လမ်းသည် (၄)မိုင်ခန့် ရှည်လျားပြီး ယခုအခါ ပျက်စီးနေပြီဖြစ်ပါသည်။ ၎င်းလမ်းအား ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ နေ့စဉ်ကျောင်းသွားကျောင်းပြန်၊ အလုပ်သွားအလုပ်ပြန် သွားရေး လာရေးအတွက် အားထားနေရပြီး တောင်ငူမြို့ပေါ်ရှိ သွားရောက်ရန် လွယ်ကူသောလမ်းဖြစ်ပါသည်။

အဆိုပါလမ်းကောင်းမည်ဆိုပါ ကျေးရွာပေါင်း(၅)ခုမှ အိမ်ခြေ(၆၇၄)အိမ်၊ လူဦးရေ(၃၁၂၈) တို့အတွက် များစွာအကျိုးဖြစ်ထွန်းစေပြီး ဒေသထွက်ကုန်များလည်း မြို့ပေါ်သို့လွယ်ကူချောမွေ့ စွာပို့ဆောင်နိုင်မည် ဖြစ်ပါသည်။ သို့ပါ၍ တောင်ငူမြို့နယ်ရှိ ဆိတ်ဖူးတောင်၊ ရွှေလေးအင်း၊ ဂုံမင်းအိုင်၊ သက်ကယ်ချင်း ကျေးရွာချင်းဆက်လမ်းအရှည်(၄)မိုင်အား လာမည့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် တွင် ကျောက်ချောလမ်းအဖြစ် ခင်းပေးရန်အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။တောင်ငူမြို့နယ်အတွင်း ဖြတ်သန်း စီးဆင်းသွားသော စစ်တောင်းမြစ်ကြောင်းတစ်လျှောက်တွင် မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးများ ပြိုကျလျက်ရှိရာ ယခုနှစ်တွင် တောင်ငူမြို့နယ် အရှေ့ဆင်ကျေးရွာအုပ်စု၊ သဖန်းပင်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှာ အလွန်ဆိုးရွားစွာ ကမ်းပါးပြိုမှုဒဏ်ကို ခံစားနေကြရပါသည်။ ယင်းသို့ ကမ်းပါးပြိုမှုများကြောင့် ကျေးရွာရှိ လူနေအိမ်များ ပျက်စီးရခြင်း၊ လယ်ယာကိုင်းကျွန်းများ ဆုံးရှုံးနေရခြင်းများ ကြုံတွေ့နေကြရပါသည်။ သဖန်းပင် ကျေးရွာအုပ်စုအတွင်းရှိ ကွမ်းသီးပင်ကျေးရွာနှင့် ပြသောင်ကျေးရွာတို့တွင် အဆိုးဝါးဆုံးအခြေ အနေဖြစ်နေပြီး မြစ်ကမ်းပါးပြိုကျမှုအစိတ်အပိုင်းသည် မြို့(မြို့ပေါ်)အလွန်နီးကပ်ရှိနေပြီဖြစ်သည်။ မြို့ပေါ် ရပ်ကွက်ဖြစ်သော (၁၉)ရပ်ကွက် ဒေါနလမ်း စစ်တောင်းမြစ်ကမ်းပါးဘေးတွင်လည်း မြစ်ရေတိုက်စား မှုကြောင့် လူနေအိမ်များ ရွှေ့ပြောင်းနေရသည့်အပြင် တချို့အိမ်များသည် စိုးရိမ်စရာအခြေအနေတွင် ရှိနေပါသည်။

သို့ပါ၍ စစ်တောင်းမြစ်တစ်လျှောက်ရှိကျေးရွာများမှ ပြည်သူများ၏ ကြုံတွေ့နေရသောဒုက္ခများ၊ ဆုံးရှုံးနေရသော လယ်ယာကိုင်းကျွန်းမြေများ၊ မြစ်ကမ်းပါးပြိုကျမှုကြောင့် ဖြစ်ပေါ်နေသော စိုးရိမ်သောကများ အစရှိသည့်အန္တရာယ်တို့မှ ကင်းဝေးစေရန် စစ်တောင်းမြစ်တစ်လျှောက်ကမ်းပါး ပြိုကျမှုများအား ထိန်းသိမ်း ကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများ အမြန်ဆုံးပြုလုပ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးအား ၁၉၄၉ခုနှစ်တွင် ကုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် စတင်တည်ထောင်ခဲ့ပြီး ၁၉၅၉ခုနှစ်တွင် ကုတင်(၁၅၀)ဆံ့အဆင့် သို့လည်းကောင်း၊ ၂၀၀၁ခုနှစ်တွင် ကုတင်(၁၅၀)မှ (၂၀၀)ဆံ့ အထိလည်းကောင်း တိုးမြှင့်ခဲ့ပါသည်။ အခုလက်ရှိတွင် နေ့စဉ်နှင့်အမျှ လူနာအတက်အဆင်း အပါအဝင် (၃၀၀)ကျော်ခန့်ရှိနေသဖြင့် လူနာဆောင်အသီးသီးတွင် လိုအပ်ချက်များရှိနေပါသည်။ လက်ရှိအသုံးပြုနေသော အဆောက်အဦမှာ အိုဟောင်းပျက်စီးယိုယွင်းလာသဖြင့် ပျက်စီးခြင်းများ၊ လေဝင်လေထွက် မကောင်းခြင်း၊ ဥပဓိရုပ်မကောင်းခြင်းများ ကြုံတွေ့နေရပါသည်။ လက်ရှိအသုံးပြုနေသော အိမ်သာများမှာ လူဦးရေနှင့် တွက်ချက်လျှင် (လုံး၀) လုံလောက်မှုမရှိခြင်း ဆားဗစ်ကန်များမှာ အချိန်ကြာမြင့်လာပြီးဖြစ်ပါသဖြင့် Functioning မဖြစ်ခြင်းတို့ကြောင့် အခက်အခဲများကြုံတွေ့နေရပါသည်။ ဝန်ထမ်းအိမ်ရာများ စံကိုက် ဖွဲ့စည်းပုံနှင့်အညီ (လုံး၀)လုံလောက်မှုမရှိပါ။ လိုအပ်လျက်ရှိသော ဝန်ထမ်းများ၊ (အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ အငယ်တန်းဝန်ထမ်းများ) အမြန်ဆုံးခန့်အပ်ပေးရန်လိုအပ်ပါသည်။ အထူးသဖြင့် ဆေးရုံသန့်ရှင်းရေး လုံခြုံရေးများသည် ဆေးရုံတစ်ရုံတွင် အလွန်အရေးကြီးသော အစိတ်အပိုင်းဖြစ်သဖြင့် ၄င်းတို့အား ဆောင်ရွက်ရန်အတွက် အငယ်တန်းဝန်ထမ်းများကို စံကိုက်ဖွဲ့စည်းပုံအရ အမြန်ဆုံးခန့်ထား ပေးရန် လိုအပ်ပါသည်။

လူနာဦးရေမှာ(၂၀၁၁)မှ(၂၀၁၅)ခုနှစ်အထိ ကိန်းဂဏန်းများကိုကြည့်လျှင် ပြင်ပလူနာဌာနရော၊ အတွင်းလူနာများပါ အဆမတန်များပြားလာသော်လည်း ဝန်ထမ်းအင်အား၊ အဆောက်အဦ၊ စက်ပစ္စည်း ကိရိယာများ၊ ခုတင်အရေအတွက်မှ စံကိုက်ဖွဲ့စည်းပုံ မရှိသဖြင့်များစွာ လိုအပ်ချက်များရှိနေပါသည်။ ထို့အပြင် ၎င်းဆေးရုံကြီးအား တောင်ငူခရိုင်(၆)မြို့နယ်အပြင် နယ်နိမိတ်ထိစပ်လျှက်ရှိသော ကရင်ပြည်နယ် အတွင်းရှိ မြို့နယ်များမှ လူနာများအားထားရာ အထွေထွေရောဂါကုဆေးရုံကြီးဖြစ်သဖြင့် ကုတင်(၅၀၀) အဆင့်သို့ လျှင်မြန်စွာတိုးချဲ့ပေးရန် လိုအပ်ပါသည်။

သို့ပါ၍ လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တောင်ငူခရိုင်အထွေထွေရောဂါကုဆေးရုံကြီးအား ကုတင်(၂၀၀)မှ ကုတင်(၅၀၀)အဆင့်သို့ တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိပါက မည်သည့်ဘဏ္ဍာ နှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ ရန်ကုန်-မန္တလေးလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ ရှိ ရေမြောင်းများမှာ သက်ဆိုင်ရာက တူးဖော်ခဲ့ခြင်း မရှိသည်မှာ နှစ်ကာလကြာနေပြီဖြစ်ပါ၍ ရေမြောင်းများမှာ ပိတ်ဆို့နေပြီး ရေစီးရေလာကောင်းမွန်ခြင်း မရှိသည့်အပြင်၊ တချို့နေအိမ်များနှင့် ဈေးဆိုင်များမှာ ရေမြောင်းများကိုပိတ်ဆို့၍ ရေမြောင်းများပေါ်တွင် အခိုင်အမာပြုလုပ်ထားကြခြင်းများ တွေ့ရှိရပါသည်။ ထိုကြောင့်ရေမြောင်းများမှာ ပိတ်ဆို့နေပြီး အဆိုပါ လမ်းမကြီးတလျှောက်ရှိ ရပ်ကွက်များဖြစ်ကြသော (၉)ရပ်ကွက်၊ (၁၀)ရပ်ကွက်၊ (၁၉)ရပ်ကွက်၊ (၂၁)ရပ်ကွက်၊ (၂၂) ရပ်ကွက် အစရှိသည့်ရပ်ကွက်များတွင် မိုးတွင်းအခါ၌ရေဝပ်ခြင်း၊ ရေကြီးခြင်းများ နှစ်စဉ်ကြုံတွေ့ နေရပါသည်။ ထိုကဲ့သို့ရေကြီးခြင်း၊ ရေဝပ်ခြင်းများကြောင့် ရပ်ကွက်အတွင်းရှိ လမ်းများမှာလည်း ပျက်စီး

ယိုယွင်းခြင်းများ ဖြစ်နေရပါသည်။ ထို့အပြင်(၂၂)ရပ်ကွက်ရှိ ထီးနီကုန်းမူလွန်ကျောင်းသည် နှစ်စဉ်မိုးတွင်း အခါရောက်တိုင်း ကျောင်းဝန်းအတွင်းရေများ ပြည့်လျှံနေ၍ မကြာခဏပိတ်ထားရပါသည်။ ထိုသို့ ရေကြီးရေလျှံခြင်းများကြောင့် ကလေးများအတွက် သွေးလွန်တုပ်ကွေး ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ အစရှိသည့် ရောဂါအန္တရာယ်များလည်း စိုးရိမ်ဖွယ်ရာရှိနေပါသည်။

သို့ဖြစ်ပါ၍ ရေစီးရေလာကောင်းမွန်စေရန်အတွက်လည်းကောင်း၊ ကျောင်းသူ/သားများအတွက် ပညာသင်ကြားရေးတွင် အခက်အခဲများမရှိစေရန်လည်းကောင်း၊ လမ်းပျက်စီးမှုများ လျော့နည်းစေရန် လည်းကောင်း၊ မလိုလားအပ်သော ရောဂါအန္တရာယ်များမှ ကင်းဝေးစေရန်လည်းကောင်း စသည့်အပြင် မြို့သာယာလှပစေရေးအတွက် တောင်ငူမြို့ ရန်ကုန်-မန္တလေးလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာရှိ ရေမြောင်းများအား ရှေ့နှစ် ၂၀၁၇ ခုနှစ် မိုးရာသီမတိုင်မီ သက်ဆိုင်ရာက ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမိုးမခမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တောင်ငူမြို့နယ်၊ ဆိတ်ဖူးတောင်၊ ရွှေလေးအင်း၊ ဂုံမင်းအိုင်၊ သက်ကယ်ခြင်း ကျေးရွာချင်းဆက်လမ်းအား လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောက်ချော လမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ဆိတ်ဖူးတောင်၊ ရွှေလေးအင်း၊ ကမ်းနီ ကျေးရွာအုပ်စုအတွင်းရှိ ဆိတ်ဖူးတောင်-ရွှေလေးအင်း-ဂုံမင်းအိုင်-သက်ကယ်ကျင်းကျေးရွာချင်း ဆက်လမ်းမှာ အရှည်(၄/၀)မိုင်၊ အကျယ်(၁၈)ပေရှိ မြေသားလမ်းဖြစ်ပါသည်။ အဆိုပါ လမ်းဆောင်ရွက်ပြီးစီးပြီဆိုပါက ကျေးရွာအုပ်စု(၃)အုပ်စု၊ အိမ်ခြေ(၆၇၄)အိမ်၊ လူဦးရေ(၃၁၂၈)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသောလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက် ပေးရန်နှင့် ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလုပ်ငန်းများသည် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရသောလုပ်ငန်းများဖြစ်သဖြင့် တိုင်းဒေသကြီးအဆင့်အနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါသည်။ ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၇-၂၀၁၈ အတည်ပြုဘတ်ဂျက် BE တွင် ပါဝင်ပါက တိုင်းဒေသကြီးဝန်ကြီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အဆင်သင့်ရှိပါကြောင်းကို လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမိုးမခမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တောင်ငူမြို့နယ် စစ်တောင်းမြစ်ကမ်းပါးများ ရေတိုက်စားပြိုကျနေမှုအား အမြန်ဆုံး ကာကွယ်ထိန်းသိမ်းမှုပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့်တောင်ငူမြို့နယ်အရှေ့ဆင်ကျေးရွာအုပ်စု၊ သဖန်းပင်ကျေးရွာအုပ်စု အတွင်း ကမ်းပြိုမှုများနှင့်ပတ်သက်၍ စစ်တောင်းမြစ်ရေ ကျဆင်းချိန်နိုဝင်ဘာလအတွင်း အသေးစိတ်ကွင်းဆင်းတိုင်းတာ စစ်ဆေးသွားမည်ဖြစ်ပါသည်။ ကွမ်းသီးပင်ကျေးရွာနှင့်ပြသောင်ကျေးရွာတို့တွင် ကမ်းပြိုမှုနှင့်ပတ်သက်၍ ပြသောင်ကျေးရွာအနီး ကမ်းပြိုမှုကာကွယ်ရေးအတွက်၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ခွင့်ပြုရန်ပုံငွေ (၂၁၂၀၀၀၀၀/-)ဖြင့်ကမ်းပြိုမှုကာကွယ်ရေး အစီအမံအဖြစ် အလျား ( ၃၀၀ - ပေ)၊ သုံးတန်းသွားမျောတိုင်တန်းရေကာအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ကာကွယ် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ မြို့ပေါ်ရပ်ကွက်ဖြစ်သော (၁၉) ရပ်ကွက်ဒေါနလမ်း ကမ်းပြိုမှုကာကွယ်ရေးအဖြစ်၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် အခြေထိန်းမျောတိုင်တန်း ကျောက်ဖြည့် ရေကာအလျားပေ (၃၅၀၀)နှင့်မျောတိုင်တန်း ကျောက်ဖြည့်ရေကာတို ( ၃၈)ခု စုစုပေါင်း (၁၉၀၀-ပေ) အားဆောင်ရွက်ပေးခဲ့ပါသဖြင့် ကမ်းပါးများတည်ငြိမ်နေပြီးဖြစ်ပါသည်။ ယခုကမ်းပြိုနေသော နေရာသည်ယခင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကမ်းထိန်းရေကာများ၏ အောက်ဘက်အပိုင်း ဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါနေရာအား စစ်တောင်းမြစ်ရေ ကျဆင်းချိန် နိုဝင်ဘာလအတွင်းတွင် ကွင်းဆင်းတိုင်းတာပြီး ဆောင်ရွက်သင့်သောအစီအမံများအား ဤဦးစီးဌာန (ရုံးချုပ်) ၏ အဆိုပြုချက်ရယူပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ဖြည့်စွက် ရန်ပုံငွေတွင်ထည့်သွင်းရေးဆွဲနိုင်ရေး တင်ပြသွားမည်ဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမိုးမခမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တောင်ငူမြို့နယ် အထွေထွေရောဂါကုဆေးရုံကုတင်(၂၀၀)မှ ကုတင် (၅၀၀)အဆင့်သို့ အမြန်ဆုံးအဆင့်မြှင့်တိုးချဲ့ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီးအား လာမည့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ကုတင်(၂၀၀)မှကုတင်(၅၀၀)အဆင့်သို့ တိုးချဲ့ပေးနိုင်ပါရန် တင်ပြလာသည်ကို ကုသရေးဦးစီးဌာနသို့ ဆက်လက် တင်ပြတောင်းခံမည် ဖြစ်ပါသည်။အထူးကုဆရာဝန်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ အငယ်တန်းဝန်ထမ်း လိုအပ်ချက်များကို စံကိုက်ဖွဲ့စည်းပုံအရ အမြန်ဆုံးချထားပေးနိုင်ပါရန် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ထံသို့ ဆက်လက်တင်ပြတောင်းခံမည်ဖြစ်ပြီး ကုသရေးဦးစီးဌာနညွှန်ကြားချက်ကို ရရှိပါကဆက်လက် ဖြေကြားပေးမည်ဖြစ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"တောင်ငူမြို့ ရန်ကုန်-မန္တလေး လမ်းဘေးဝဲယာရှိ ရေမြောင်းများ ပြန်လည်တူးဖော်ခြင်း လုပ်ငန်းများပြုလုပ်ရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ ရန်ကုန်-မန္တလေးလမ်းမကြီးတစ်လျှောက် ရေမြောင်းများမှာ မိုင်တိုင်(၁၇၃/၇ မှ ၁၇၄/၇)ထိ (၄)ဖာလုံ နှစ်ဘက်တွင် ယခင်က ဆောင်ရွက်ထားသည့် မူလ (၃'×၂')အုတ်ရေမြောင်း၊ ပေပေါင်း(၂)ဖက် (၂၆၄၀'×၂')ပေါင်း (၅၂၈၀')ဆောင်ရွက်ထားပြီးဖြစ်၍ ရေစီးရေလာကောင်းမွန်အောင် တောင်ငူမြို့နယ် စည်ပင်သာယာရေး အဖွဲ့အနေဖြင့် ၂၀၁၇-၂၀၁၈ခု၊ ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ဘတ်ဂျက်ရန်ပုံငွေဖြင့် ပြန်လည်ပိတ်ဆို့မှုများ ဆောင်ရွက်သွားရန် လျာထားဆောင်ရွက်ထားပါကြောင်း တင်ပြအပ်ပါသည်။ ကျန်ရှိသည့် မိုင်တိုင်(၁၇၃/၂ မှ ၁၇၃/၇)ထိ (၅)ဖာလုံခန့်မှာ လုံးဝဆောင်ရွက်ထားခြင်းမရှိပါ။ ၎င်းလမ်းသည် လမ်းဦးစီးဌာနလမ်းဖြစ်သဖြင့် လမ်းဦးစီးဌာန လမ်းမကြီးဥပဒေအရ လမ်းမကြီး ဘေး ဝဲ/ယာ ရေမြောင်းကို (၅'×၅')ဆောင်ရွက်ရန် ရှိပါသဖြင့် ၎င်းဥပဒေအတိုင်း ဆောင်ရွက်မည်ဆိုပါက (၂)ဖက် (၃၃၀၀'×၂') (၅'×၅')ကို ဆောင်ရွက်ပါက စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် (၃၉၆၀)သိန်းခန့် ကုန်ကျမည်ဖြစ်သောကြောင့် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်ရန် ရန်ပုံငွေလုံလောက်မှုမရှိပါ၍ လမ်းဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် သော်လည်းကောင်း(သို့မဟုတ်)ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေမှ ထောက်ပံ့ခွင့်ပြုရရှိပါက ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ကျောက်ကြီးမြို့နယ်အတွင်းရှိ ပျက်စီးယိုယွင်းလျက်ရှိသော မုန်း-နတ်သံကွင်း ကျေးရွာချင်း ဆက်လမ်း(ပျောက်ကျားတာ)အား ၂၀၁၇-၂၀၁၈ဘတ်ဂျက်တွင် ကျောက်ချောလမ်း အဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ကျောက်ကြီးမြို့နယ် ငထွေစုတ်ကျေးရွာအုပ်စု၊ ငထွေစုတ်ရွာအဝင် တံတားအား လာမည့် ၂၀၁၇-၂၀၁၈ဘတ်ဂျက်အတွင်း ထည့်သွင်းရေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ကျောက်ကြီးမြို့နယ်၊ မွေတွင်းကျေးရွာအုပ်စု၊ မင်းလှကျေးရွာနှင့် သောင်လယ် ကျေးရွာအုပ်စု ခုံကြီးကျေးရွာတို့ကြားရှိ ယခင်ကရှိခဲ့သည့် ချောင်းကြိုးအင်း ဖြတ်ကူး တံတားအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **"ကျောက်ကြီးမြို့နယ်၊ မုန်းတိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဆရာဝန်နေရာတွင် ယာယီအစားထိုးဆရာဝန်တစ်ဦးအား ခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ ပျက်စီးယိုယွင်းလျက်ရှိသော မုန်း-နတ်သံကွင်းကျေးရွာချင်းဆက်လမ်း (ပျောက်ကျားတာ) အား ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် ငထွေစုတ်ကျေးရွာအုပ်စု၊ ငထွေစုတ်ရွာအဝင် တံတားအား လာမည့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်တွင် ထည့်သွင်းရေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မွေတွင်းကျေးရွာအုပ်စု၊ မင်းလှကျေးရွာနှင့် သောင်လယ်ကျေးရွာအုပ်စု ခုံကြီးကျေးရွာတို့ကြားရှိ ယခင်ကရှိခဲ့သည့် ချောင်းကြိုးအင်း ဖြတ်ကူး တံတားအား ပြန်လည်တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဆရာဝန်နေရာတွင် ယာယီအစားထိုးဆရာဝန် တစ်ဦးအား ခန့်အပ်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစည်သူလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်ကြီးမြို့နယ်အတွင်းရှိ ပျက်စီးယိုယွင်းလျက်ရှိသော မုန်း-နတ်သံကွင်း ကျေးရွာချင်းဆက်လမ်း(ပျောက်ကျားတာ)အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ "**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ နတ်သံကွင်း-ရေလဲလမ်းမှာ နတ်သံကွင်း-ရေလဲ- မုန်းအထိ အရှည်(၂၅/၀)မိုင်ရှိပြီး (၉/၅)မိုင်မှာ ဂဝံလမ်းဖြစ်၍ ကျန်(၁၅/၃)မိုင်မှာ မြေသားလမ်းဖြစ်ပါသည်။ ယခုအခါတွင် နှစ်ကာလကြာမြင့်ပြီဖြစ်သည့်အတွက် ဂဝံလမ်းမှာလည်း မြေသားလမ်းအဖြစ်သာ ကျန်ရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြေသားလမ်းစံချိန် စံညွှန်းများအရ မြေသားလမ်း အကျယ်(၁၈)ပေရှိမှသာ အမာခံလမ်းများအား ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ပါသည်။ အဆိုပါလမ်း

ဆောင်ရွက်ပြီးစီးပါက ကျေးရွာ(၁၁)ရွာ၊ အိမ်ခြေ(၁၁၉၈)အိမ်၊ လူဦးရေ(၇၃၁၀)ဦး သွားလာအသုံးပြု နိုင်မည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသော နတ်သံကွင်း-ရေလဲလမ်းအား ကျောက်လမ်း ဆောင်ရွက်ပေးရန်နှင့် ပတ်သက်၍ ကျေးလက်ဦးစီးဌာနလုပ်ငန်းများသည် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရသော လုပ်ငန်းများဖြစ်သဖြင့် တိုင်းဒေသကြီးအဆင့်အနေဖြင့် ၂၀၁၇-၂၀၁၈ BE တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း တင်ပြအပ်ပါသည်။ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုရန်ပုံငွေစာရင်း BEတွင် ပါဝင်မှ မိမိအနေဖြင့် ကြီးကြပ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျေးလက်ဒေသလုပ်ငန်းများအနေဖြင့် တောင်းဆိုမှုများကို အကြံပြုပြောကြားလိုသည်က သက်ဆိုင်ရာမြို့နယ်ဒေသဖွံ့ဖြိုးရေးကော်မတီမှဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များမှဖြစ်စေ တင်ပြတောင်းခံမည်ဆိုပါက လွှတ်တော်ကိုယ်စားလှယ်များ လိုအပ်သော လုပ်ဆောင်နိုင်ရန် ရှိ/မရှိ တိကျသည့်အဖြေပေးနိုင်မှုဖြစ်ကြောင်း မိမိအနေဖြင့် တိကျတဲ့ အဖြေ ပေးနိုင်မည်မဟုတ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ကျောက်ကြီးမြို့နယ် ငထွေစုတ်ကျေးရွာအုပ်စု၊ ငထွေစုတ်ရွာအဝင်တံတားအား လာမည့် ၂၀၁၇-၂၀၁၈ဘတ်ဂျက်အတွင်း ထည့်သွင်းရေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ ငထွေစုတ်ကျေးရွာအုပ်စု၊ ငထွေစုတ်ရွာအဝင် တံတားမှာ (၁၆၀'×၁၄'×၂၅')ရှိ ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့သော သစ်သားတံတားဖြစ်ပြီး ယခုအခါ နှစ်ကာလကြာမြင့်ပြီဖြစ်သဖြင့် တိုင်၊ ယက်မ၊ ဆင့်၊ ကြမ်းခင်းများ ဆွေးမြေ့ပေါက်ပြဲနေပြီဖြစ်ပါသည်။ အဆိုပါတံတားအား (၁၆၀'×၁၄'×၂၄')ရှိ သံဘောင်ယက်မ၊ ကွန်ကရစ်ကြမ်းခင်း တံတားအဖြစ် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၁၆၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါတံတား ဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာ(၇)ရွာ၊ အိမ်ခြေ(၉၅၈)အိမ်၊ လူဦးရေ(၅၃၇၀)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသောတံတားအား ဆောင်ရွက်ပေးရန်နှင့် ပတ်သက်၍ ကျေးလက်ဦးစီးဌာနလုပ်ငန်းများသည် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်ရသောလုပ်ငန်းများဖြစ်သဖြင့် တိုင်းဒေသကြီးအဆင့်အနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ BE စာရင်းရေးဆွဲရာတွင် အဆင်သင့်ဖြစ်စေရေးအတွက် စာရင်းပြုစုပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)သို့ ပေးပို့သွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်ကြီးမြို့နယ်၊ မွေတွင်းကျေးရွာအုပ်စု၊ မင်းလှကျေးရွာနှင့် သောင်လယ် ကျေးရွာအုပ်စု ခုံကြီးကျေးရွာတို့ကြားရှိ ယခင်ကရှိခဲ့သည့် ချောင်းကြိုးအင်း ဖြတ်ကူးတံတားအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ "**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ မွေတွင်းကျေးရွာအုပ်စု၊ မင်းလှကျေးရွာနှင့် သောင်လယ်ကျေးရွာအုပ်စု၊ ခုံကြီးကျေးရွာတို့ကြားရှိ ယခင်ကရှိခဲ့သည့် ချောင်းကြိုးအင်းဖြတ်ကူး တံတားမှာ အင်းလယ်အားဖြတ်ကာ မိုးတွင်းအချိန်တွင် တံတားအဖြစ် ကိုယ်ထူကိုယ်ထတည် ဆောက်ခဲ့သော တံတားဖြစ်ပြီး ယခုအခါ ပျက်စီးလျှက်ရှိပါသည်။ အဆိုပါတံတားမှာ နွေရာသီနှင့် ဆောင်းရာသီအချိန်တွင် သွားလာဆက်သွယ်နိုင်ပြီး မိုးရာသီကာလတွင် အင်းဖြစ်နေသည့်အတွက် သွားလာ၍မရပါ။ အဆိုပါတံတားအား (၆၀၀'×၁၄'×၁၅')ရှိ ကွန်ကရစ်တံတား တည်ဆောက်မည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ်(၆၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသာတံတားအား ဆောင်ရွက်ပေးရန် ကိစ္စနှင့်ပတ်သက်၍ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိပါသဖြင့် မိမိတို့တိုင်းဒေသကြီးအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း အခွင့်အလမ်းမရှိပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လုပ်ငန်းများနှင့်ပတ်သက်၍ မိမိအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ပူးပေါင်းကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစည်သူလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ကျောက်ကြီးမြို့နယ်၊ မုန်းတိုက်နယ်ဆေးရုံတွင် လစ်လပ်လျှက်ရှိသော ဆရာဝန်နေရာတွင် ယာယီအစားထိုးဆရာဝန်တစ်ဦးအား ခန့်အပ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၊ မုန်းတိုက်နယ်ဆေးရုံရှိ ဆရာဝန်သည် ဘွဲ့လွန်စာမေးပွဲဖြေဆိုပြီး၍ အလုပ်တာဝန်ဝတ္တရားများကို ပြန်လည်ထမ်းဆောင်နိုင်နေပြီ ဖြစ်ပါကြောင်း ဖြေကြားမှုအပေါ် မိမိမှ တိုင်းကုသရေးနှင့် ကျောက်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များအား မေးမြန်းသည့်အခါ ၎င်းဆရာဝန်သည် ဘွဲ့လွန်စာမေးပွဲ ဖြေဆိုပြီးဖြစ်၍ အလုပ်တာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်နေပြီဖြစ်ကြောင်း ဖြေကြားပါသည်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၄)နှင့်ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးစည်သူလွင်၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ဆက်စပ်မေးခွန်း(၄)နှင့်ပတ်သက်၍ ဝန်ကြီးဖြေကြားသွားသလို ဒေါက်တာမြတ်ကျော်သည် တာဝန်ထမ်းဆောင်နေပါပြီဖြစ်ကြောင်း၊ မိမိမေးမြန်းလိုသည်က ပြည်ထောင်စုအဆင့်က ခန့်ထားသည့် ဆရာဝန်မရောက်ရှိချိန်တွင် ဒေါက်တာမြတ်ကျော် ပြန်လည်ခန့်ထားပေးရန်နှင့် အခုခန့်ထားတာက လက်ထောက်ဆရာဝန်များကို (၁)လတစ်ခါ ပြောင်းလဲတာဝန်ပေးအပ်သည့်အတွက် မုန်းနှင့်ကျောက်ကြီးမြို့နယ်(၂၂)မိုင်ကွာဝေးပြီး ကျောက်လမ်းဖြစ်သည့်အတွက် သူတို့အနေဖြင့် သွားရေးလာရေး အခက်အခဲဖြစ်နေချိန် ဆရာဝန်တစ်ဦးနှင့်တစ်ဦး ချိတ်ဆက်မမိသည့်အချိန်ကြာသည့်အတွက် မုန်းတိုက်နယ်ဆေးရုံတွင် အရေးပေါ်လူနာ ရောက်ရှိချိန်တွင် ဆရာဝန်မရှိပါသဖြင့် လူနာများလက်မခံပါဟူ၍ ရေးသားထားကြောင်း တာဝန်ယူမှု၊ တာဝန်ခံမှု ကင်းမဲ့သလိုဖြစ်နေကြောင်း၊ ပြည်ထောင်စုအဆင့်က ခန့်ထားသည့် ဆရာဝန်များမရောက်သေးခင် ယခုတာဝန်ထမ်းဆောင်နေသည့် ဆရာဝန်အား (၂)လတိတိ အပြောင်းအလဲမဟုတ်ဘဲ ပြန်လည်ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစည်သူလွင်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၄)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးစည်သူလွင်၏ မေးခွန်းအမှတ်စဉ်(၄)နှင့်ပတ်သက်၍ ကျောက်ကြီးမြို့နယ် မုန်းတိုက်နယ်ဆေးရုံတွင် တာဝန်ပေးနိုင်ရန်အတွက် ဆက်လက်ညွှန်ကြားပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ နံနက်ပိုင်းကို (၁၁း၂၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို တစ်ဆက်တည်းမေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"ဇရပ်ကြီး-မြို့စိုး ကတ္တရာလမ်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးရာတွင် ပုံစံ(၁၀၅)ပြနိုင်မှသာလျှင် ချေးငွေထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဇရပ်ကြီး-မြို့စိုးလမ်းပိုင်းသည် တောင်ငူ-မုပွလင်ကားလမ်းမနှင့် ဆက်သွယ်ထားသောလမ်း ဖြစ်ပြီး အုတ်တွင်းမြို့နယ်၊ ကွဲပွဲမြို့မှတဆင့် ရန်ကုန်-မန္တလေးအဝေးပြေးကားလမ်းမကြီးနှင့်လည်း ဆက်စပ်သောလမ်းမကြီးဖြစ်ပါသည်။ လမ်း၏ အရှည်မှာ(၆/၅)မိုင်ရှိသောလမ်းဖြစ်ပါသည်။ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို နှစ်အလိုက်ဆောင်ရွက်ခဲ့သည်မှာ ယခုဆိုလျှင်(၂/၁)မိုင်ထိ ပြီးစီးခဲ့ပါသည်။ ယခု ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင်လည်း (၂/၄)မိုင် ခင်းပေးမည်ကို သိရှိရ၍ အထူးကျေးဇူးတင်ရှိပါသည်။ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် (၀/၀)မိုင်မှစ၍ (၀/၂. ၁၉)မိုင်အထိ ပြန်လည်၍ ကတ္တရာထပ်ပိုးလွှာခင်းပေးခဲ့ပါသည်။ ၎င်း (၀/၂. ၁၉)မိုင်မှစ၍ (၁/၃)မိုင်ထိမှာ ကတ္တရာလမ်းဟုခေါ်ဆိုရန် ခက်ခဲလောက်အောင် ပျက်စီးနေပြီး ကျောက်ကြမ်းလမ်းအဆင့်ထိ ရောက်ရှိနေပါသည်။ထိုပျက်စီးနေသောလမ်းပိုင်းသည် ဇရပ်ကြီးကျေးရွာနှင့် ကင်မွန်းချုံကျေးရွာတို့၏ အဓိကရွာလယ်လမ်းဖြစ်ပြီး နေ့စဉ်ဒေသထွက်ကုန်တင်သောကားများ၊ ခရီးသည်ကားများ၊ မော်တော်ဆိုင်ကယ်များ၊ ကျောင်းသား/ကျောင်းသူ၊ ရဟန်းရှင်ပြည်သူများ နိစ္စဓူဝ သွားလာနေသောလမ်း ဖြစ်သည့်အတွက် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်းမှာ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)များ ဖောင်းပွလျက်ရှိသည်ကို တွေ့ရှိရပါသည်။ အကြောင်းကတော့ တချို့သောအကျင့်ပျက် ဝန်ထမ်းများကြောင့်ဟု ဆိုရမည်ဖြစ်ပါသည်။ ချေးငွေထုတ်ယူနေသော တချို့ပုံစံ(၇)များသည် မြေကြီးမြေပုံတွင် အမှန် တကယ်မရှိဘဲ ချေးငွေထုတ်ယူရန် သက်သက်သာ ပြုလုပ်ထားသော ပုံစံ(၇)များရှိပါသည်။ပုံစံ(၁) မရှိပါဘဲ ပုံစံ(၇)ထုတ်ထားသည်များကို သက်သေအထောက်အထားနှင့်တကွ စုဆောင်းထားပြီး ဖြစ်ပါသည်။ အချို့သောပုံစံ(၇)များသည် စားကျက်မြေပေါ်တွင်ကျူးကျော်ထားသော ပုံစံ(၇)များဖြစ်ပြီး တချို့သည် အင်းကျူးကျော်မြေပေါ်ရှိ ပုံစံ(၇)များဖြစ်သည်ကိုလည်း အထောက်အထား ခိုင်လုံစွာရှိပါသည်။ ပုံစံ(၇)ထုတ်ယူခွင့်မရှိသောမြေကို ပုံစံ(၇)ထုတ်ယူ၍ ချေးငွေထုတ်ယူနေပါသည်။

ဥပဒေနှင့်ညီညွတ်သော ပုံစံ(၇)ကိုင်ဆောင်သူလယ်သမားများသည် အကြောင်းအမျိုးမျိုးကြောင့် ချေးငွေဆပ်ရန် နောက်ကျခဲ့လျှင် ချေးငွေတစ်ဝက်ခန့်သာရရှိပြီး ဥပဒေနှင့်မညီညွတ်သော ပုံစံ(၇) ကိုင်ဆောင်သူများက အပြည့်အဝချေးငွေထုတ်ယူနေကြသည်ကို တွေ့ရှိရပါသည်။

ယခုကိစ္စကိုဖြေရှင်းရန် မြန်မာ့စိုက်ပျိုးရေးဘဏ်တွင် ချေးငွေထုတ်ယူသောအခါ ပုံစံ(၇)နှင့်အတူ ပုံစံ(၁၀၅)ပါ ပူးတွဲပါရှိမှ ချေးငွေထုတ်ပေးနိုင်ခဲ့လျှင် တရားမဝင်ပုံစံ(၇)များ ချေးငွေ မတရားထုတ်ယူနိုင်တော့မည်မဟုတ်ပါ။ ယခုအချိန်ကတည်းက ပုံစံ(၁၀၅)ကို ကော်မတီများဖွဲ့၍ တိကျစွာကွင်းဆင်း ဆောင်ရွက်လျှင် နောက်နှစ်ချေးငွေထုတ်ရာသီတွင် ဥပဒေနှင့်ညီညွတ်သော ပုံစံ(၇)များသာ ချေးငွေထုတ်ယူနိုင်တော့မည်ဖြစ်ပါသည်။ ယခုနှစ်ဝန်ထမ်းများ အပင်အပန်းခံလိုက်ပါက နောင်ရေရှည်အတွက် ကောင်းမွန်သောအကျိုးကျေးဇူးများ ရရှိကြမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးရာတွင် ပုံစံ(၁၀၅)ပြနိုင်မှသာလျှင် ချေးငွေထုတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးငွေးလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)နှင့် (၂)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးငွေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဇရပ်ကြီး-မြို့စိုး ကတ္တရာလမ်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီး-ကင်မွန်းချုံ-မြို့စိုးလမ်းသည် အရှည်(၆/ ၄. ၁၈)မိုင်ရှိပြီး ကတ္တရာလမ်း (၂/၀. ၁၈)မိုင်နှင့် ကျောက်ကြမ်းလမ်း (၄/၄)မိုင်ရှိသော လမ်းဖြစ်ပါသည်။ ကတ္တရာလမ်း(၂/၀. ၁၈)မိုင်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ခုဘဏ္ဍာရေးနှစ်တွင် (၀/၆)မိုင် ဆောင်ရွက်ပေးခဲ့ပြီး ကျန်(၂/၁. ၂၈)မိုင်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပေးခဲ့သော ကတ္တရာလမ်း(၁/၂. ၀၁၈)မိုင်အနက် ၂၀၁၄-၂၀၁၅ခုဘဏ္ဍာရေးနှစ်တွင် ကတ္တရာထပ်ပိုးလွှာအဖြစ် (၀/၂. ၁၉)မိုင် ထပ်မံဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်တွင် (၂/၄)မိုင် ကျောက်ချောလမ်းအဖြစ် ထူးလင်းကုမ္ပဏီမှ ဆောင်ရွက်မည်ဖြစ်ပါသည်။ ၎င်းပျက်စီးနေသော (၁/၂. ၁၈)မိုင်အား ကတ္တရာထပ်ပိုးလွှာခင်းမည်ဆိုပါက ခန့်မှန်းကုန်ကျငွေကျပ် (၁၁၀. ၁၇၁)သန်း ကုန်ကျမည်ဖြစ်ပါသည်။ အဆိုပါလမ်းဆောင်ရွက်ပြီးစီးပြီးဆိုပါက ကျေးရွာအုပ်စု(၃)အုပ်စု၊ အိမ်ခြေ(၄၇၃) အိမ်၊ လူဦးရေ(၂၁၉၁)ဦး အကျိုးပြုသွားလာနိုင်မည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသာလုပ်ငန်းအား ဆောင်ရွက်ပေးရန် ကိစ္စနှင့်ပတ်သက်၍ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပါဝင်ခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးငွေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးရာတွင် ပုံစံ(၁၀၅)ပြနိုင်မှသာလျှင် ချေးငွေထုတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ တောင်သူ

လယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ(၇)ပြုလုပ်ရာတွင် သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ တောင်သူတစ်ဦးချင်းအား ပုံစံ(၇)နှင့် ပုံစံ (၁၀၅)တို့ကိုပူးတွဲ၍ ထုတ်ပေးရပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးပေးရာတွင် ပုံစံ(၇)ထုတ်ယူခွင့် ရှိသောမြေ၊ ပုံစံ(၇)ထုတ်ယူခွင့်မရှိသောမြေ မှန်/မမှန် ကို ပုံစံ (၁၀၅)ကို စိစစ်ရုံဖြင့် မသိရှိနိုင်ပါ။

ပုံစံ(၇)ထုတ်ယူခွင့်မရှိသောမြေကို ပုံစံ(၇)ထုတ်ပေးထားကြောင်း၊ အထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား စိစစ်တာဝန်ပေးမှသာ ပုံစံ(၇) ထုတ်ပေးမှုမှန်/မမှန်ကို သိရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေညွှန်ကြားစာပါ ချေးငွေစည်းကမ်းသတ်မှတ်ချက် ၃(ခ)တွင် **"၂၀၁၂-ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၁)၊ လယ်ယာမြေဥပဒေအခန်း (၂) ပုဒ်မ ၄၊၅၊၆ များ အရ သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ရရှိပြီးသူဖြစ်ရမည်။ ၄င်းလက်မှတ်မိတ္တူ(၁) စောင်ကို ဘဏ်သို့ ကြိုတင်ပေးပို့ထားရမည်ဖြစ်ပြီး ငွေချေးယူရန်ဘဏ်သို့ လာရောက်သောအခါ ဘဏ်က တိုက်ဆိုင်စစ်ဆေးရန်အတွက် ၄င်းလက်မှတ်မူရင်းကို ယူဆောင်လာရမည်"** ဟု ဖော်ပြထားသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေးရာတွင် ပုံစံ(၁၀၅) ပြနိုင်မှသာလျှင် ချေးငွေထုတ်ချေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၃) **"ထန်းတပင်မြို့ 33/11 KV (5) MVA ဓါတ်အားခွဲရုံမှ ဇရပ်ကြီးသို့ ဖြန့်ဖြူးသော 11KVဓါတ်အားလိုင်းမှ ကြိုးအရွယ်အစား (ACSR 25mm) အစား (ACSR 95mm) ဖြင့် လဲလှယ်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ၎င်းဓါတ်အားလိုင်းတွင် အသုံးပြုထားသော ကွန်ကရစ်ဓါတ်တိုင်များ အပြီးသတ် စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"ယာဉ်မောင်းလိုင်စင်(က-၁)နှင့် (က)တို့ကို မြို့နယ်များအရောက် ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန (ကညန)မှ ကွင်းဆင်းဆောင်ရွက်ရန်"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၅) **"မြို့နယ်နယ်နိမိတ် သတ်မှတ်ထားသော ဇရပ်ကြီးကျေးရွာအုပ်စုနှင့် ကင်မွန်းချုံ ကျေးရွာအုပ်စုတို့ကို မည်သည့်အကြောင်းကြောင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖွံ့ဖြိုးရေးလုပ်ငန်းများ မဆောင်ရွက် ပေးခြင်းကို သိရှိရန်နှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ပြန်လည်ထည့်သွင်းပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၆) **"ထန်းတပင်မြို့၊ အ. ထ. က ကင်မွန်းချုံ၏ ခန်းညားဆောင်အား အကြီးစား ပြန်လည် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၇) **“အစိုးရဌာနများနှင့် အစိုးရစာသင်ကျောင်းများတွင် လက်ရှိနိုင်ငံ့ဥသျှောင် နိုင်ငံတော်သမ္မတဦးထင်ကျော်၏ ဓါတ်ပုံများချိတ်ဆွဲထားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားချက်ထုတ်ပြန်ထားခြင်း ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ထန်းတပင်မြို့ 33/11KV(5)MVA ဓါတ်အားခွဲဇရပ်ကြီးသို့ ဆက်သွယ်သော အရှည် (၁၂)မိုင်ရှိ 11KV ဓါတ်အားလိုင်းအား ရပ်ကွက်(၄)ရပ်ကွက် ကျေးရွာအုပ်စု(၉)အုပ်စုတို့မှာ ထရန်စဖော်မာ-400KVA ၁လုံး၊ 200KVA ၁၂လုံး၊ 315KVA ၇လုံး၊ 300KVA ၁လုံး၊ 100KVA ၂လုံး၊ 160KVA ၂လုံး စုစုပေါင်း (၂၅)လုံးတို့ဖြင့် ဖြန့်ဖြူးထားပါသည်။ ၄င်းလိုင်းတွင် သွယ်တန်းထားသော ကြိုးအရွယ်အစား (ACSR 25mm) နှင့်အထက်တွင် ဖော်ပြခဲ့သော ထရန်စဖော်မာ(၂၅)လုံးတို့အားမှာ မျှတမှုမရှိသည့် လိုင်းကြိုးများ မကြာခဏပျက် ကျပြီး လျှပ်စစ်မီးများ ပြတ်တောက်ခဲ့ရပါသည်။ လိုင်းကြိုးများ ပြတ်တောက်၍ လူနှင့်တိရစ္ဆာန်များ ဓါတ်လိုက်ခြင်းအန္တရာယ်များကို စိုးရိမ်ရပါသည်။ ထို့ပြင်လျှပ်စစ်ကိုမှီခိုအသုံးပြုနေသော စီးပွားလုပ်ငန်းများလည်း များစွာထိခိုက်ရပါသည်။ ထို့ကြောင့် အဆိုပါထရန်စဖော်မာ(၂၅)လုံးမှ အသုံးပြုသော ဓါတ်အားခံနိုင်ရည်ရှိမည့် ကြိုးအရွယ်အစား (ACSR 95mm) ရှိသည့် (11KV) ဓါတ်အားကြိုးကို ပြောင်းလဲတပ်ဆင်ရန် အစီအစဉ်ရှိ/မရှိနှင့် ၄င်းဓါတ်အားလိုင်းတွင် စိုက်ထူထားသော သစ်သားဓါတ်တိုင်များအစား ကွန်ကရစ်တိုင်များလဲလှယ်စိုက်ထူခဲ့သည်မှာ ၁၄၄လုံး ရှိခဲ့သည်ဟု လေ့လာတွေ့ရှိရပါသည်။ လဲလှယ်ရန်ကျန်ရှိသော သစ်သားဓါတ်တိုင်(၃၆)တိုင်မှာလည်း ဆိုးရွားစွာယိုင်နဲ့လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဓါတ်တိုင်ကြောင့် လျှပ်စစ်ပြတ်တောက်မှုမရှိစေရန် အဆိုပါသစ်သားဓါတ်တိုင်အစား ကွန်ကရစ်ဓါတ်တိုင်များနှင့်အပြီးသတ် စိုက်ထူလဲပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပြည်ထောင်စုမြန်မာနိုင်ငံမှာ မော်တော်ကားများ မော်တော်ဆိုင်ကယ်များ အရှိန်အဟုန်ကောင်းကောင်းနှင့် တိုးတက်များပြားလာသည်ကို အားလုံးသိရှိကြပြီးဖြစ်ပါသည်။ ဒါကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရှိမှသာလျှင် ယာဉ်အန္တရာယ်ကျဆင်းမှု၊ ဘဏ္ဍာငွေများ ဆုံးရှုံးမှုတို့သက်သာမှာဖြစ်ပါသည်။

ယခုကျွန်တော်လွှတ်တော်သို့တင်သွင်းမည့်ယာဉ်မောင်းလိုင်စင်(က-၁)နှင့်(က)တို့ဟာ မော်တော်ဆိုင်ကယ်မောင်းသူများအတွက်သာ ထုတ်ပေးထားသောလိုင်စင်ဖြစ်ပါသည်။

(က-၁) လိုင်စင်ဆိုသည်မှာ အသက်(၁၆)နှစ်နှင့် အသက်(၁၈)နှစ်ကြား လူငယ်များအတွက်သာဖြစ်ပြီး မော်တော်ဆိုင်ကယ် (၁၀၀စီနှင့်အောက်)သာ မောင်းနှင်ခွင့်ပြုထားပါသည်။ (က-၁) အတွက် လိုင်စင်ကြေးမှာ ၅၀၀၀ကျပ်(ငါးထောင်ကျပ်)ဖြစ်ပြီး အသက်အာမခံကြေးကတော့ ၂၂၀၀ကျပ် (နှစ်ထောင့်နှစ်ရာကျပ်) ဖြစ်ပါသည်။ (က)လိုင်စင် ဆိုသည်မှာ အသက်(၁၈)နှစ်အထက်ရှိသူများဖြစ်ပြီး မော်တော်ဆိုင်ကယ်(၁၀၀စီ)

အထက် မောင်းနှင်ခွင့် ပြုထားပါသည်။ (က)အတွက်လိုင်စင်ကြေးမှာ (၅၀၀၀)ကျပ်ဖြစ်ပြီး အသက်အာမခံကြေး ကတော့ (၅၂၀၀)ကျပ် ဖြစ်ပါသည်။ ယခုလိုအခွန်အခများရရှိသည့်အတွက် ဥပမာအားဖြင့် တင်ပြရမည်ဆိုလျှင် ပြီးခဲ့သော ဩဂုတ်လနှောင်းပိုင်းနှင့် စက်တင်ဘာလဆန်းပိုင်းတို့မှာ ကျွန်တော်တို့ ထန်းတပင်မြို့နယ်သို့ စနေ၊ တနင်္ဂနွေ(၂)ရက်၊ နှစ်ကြိမ် စုစုပေါင်း(၄)ရက်၊တောင်ငူခရိုင်(ကညန)မှ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ ပါသည်။ လူဦးရေ (၆၀၀၀)နီးပါးလိုင်စင်လာရောက်လုပ်ကြလို့ ဘဏ္ဍာငွေကျပ်(၆၀)သန်းခန့် ရရှိခဲ့ပါသည်။ ဒီငွေပမာဏဟာ စာသင်ကျောင်း(၂)ကျောင်းဆောက်လုပ်နိုင်မည်ဖြစ်ပါသည်။ ထန်းတပင်မြို့နယ်ဟာ မြို့နယ်အသေးဖြစ်သည့် အတွက် အခြားမြို့ကြီးများမှာဆိုလျှင် ဒီထက်မက ဘဏ္ဍာငွေ ရရှိမည်ဖြစ်ပါသည်။ အသက်အာမခံကြေး ပါဝင်သည့် အတွက် ယာဉ်အန္တရာယ်ကျရောက်လာပါကလည်း အဆနှစ်ဆယ်အထိ အသက်အာမခံဌာနမှ ပြန်လည်ထုတ်ယူနိုင်မှာဖြစ်ပါသည်။

ထန်းတပင်မြို့နယ်အတွေ့အကြုံအရ တစ်ရက်လျှင်ပျမ်းမျှ လူဦးရေထောင့်ငါးရာခန့် ကြိတ်ကြိတ်တိုး လာရောက်လိုင်စင်လုပ်ကြသည်ကိုတွေ့မြင်ရမည်ဖြစ်ပါသည်။ ဝန်ထမ်းများကလည်း မနက် (၉)နာရီမှ ည(၁၀) နာရီခန့်အထိ စိတ်ရှည်လက်ရှည် ဆောင်ရွက်ပေးသည်ကို တွေ့မြင်ရပါသည်။ လိုင်စင်ကိုင်ဆောင်လိုသူများ ကလည်း စိတ်ရှည်သည်းခံပြီး ညအချိန်ထိ စောင့်ဆိုင်းပေးကြသည်ကို တွေ့မြင်ရပါသည်။ ဒီနေရာမှာ အလျဉ်းသင့်သလို ရှင်းပြရလျှင် ရပ်ကွက်ကျေးရွာအုပ်စုဦးရေအလိုက် သတ်မှတ်ဆောင်ရွက်ပေးနိုင်ပါက ဝန်ထမ်းများလည်း သက်သာ လိုင်စင်ကိုင်ဆောင်လိုသူများမှလည်း သက်သက်သာသာနှင့် နှစ်ဦးနှစ်ဖက် ပြေလည်ကြမှာ ဖြစ်ပါသည်။ ဝန်ထမ်းများကလည်း အားလပ်ရက်ကိုအနားမယူဘဲ ကွင်းဆင်းဆောင်ရွက် ပေးသည့်အတွက် နိုင်ငံတော်မှ သင့်တင့်လျောက်ပတ်သော အပိုများထုတ်ပေးနိုင်ခဲ့မည်ဆိုလျှင် မိသားစု အပိုဝင်ငွေများလည်း ရရှိလာမှာဖြစ်ပါသည်။

အခွန်ဘဏ္ဍာငွေများများရရှိမှ တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် လုပ်ဆောင် နိုင်မှာ ဖြစ်ပါသည်။ အထက်မှာ တင်ပြခဲ့သည့်အတွေ့အကြုံအရ ပြည်သူများဟာ အခွန်ဆောင်ချင်နေကြပြီ စည်းကမ်းရှိရှိနှင့် ယာဉ်မောင်းလိုကြပြီကို တွေ့မြင်ရမည်ဖြစ်ပါသည်။

တနည်းအားဖြင့် ပြောင်းလဲချိန်တန်လို့ပြောင်းလဲချင်နေကြပြီဆိုတာ သိမြင်နိုင်မှာ ဖြစ်ပါသည်။ ဒါကြောင့် **" ယာဉ်မောင်းလိုင်စင် (က-၁)နှင့် (က)တို့ကို မြို့နယ်များသို့သွားရောက်၍ ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ကညန)မှ ကွင်းဆင်းဆောင်ရွက်သင့်ကြောင်း"** နှင့် ပတ်သက်၍ မေးမြန်းအပ်ပါသည်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဇရပ်ကြီးကျေးရွာနှင့် ကင်မွန်းချုံကျေးရွာ အုပ်စုတို့သည် ထန်းထပင်မြို့နယ်၊ စည်ပင်သာယာ ရေးအဖွဲ့၏ မြို့နယ်နိမိတ်အဖြစ် သတ်မှတ်ထားသော ကျေးရွာအုပ်စုကြီးများ ဖြစ်ပါသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးတစ်ခုစီရှိသော ကျေးရွာများ ဖြစ်ပါသည်။ ထို့ကြောင့် ဈေးဆိုင် ဌားရမ်းခအခွန်၊ ဈေးပွဲကျလိုင်စင်ခွန်၊ ဘေးအန္တရာယ်လုပ်ငန်းလိုင်စင်ခွန်၊ အိမ်ဆိုင်ခွန်၊ အိမ်ခွန်၊ ဝက်လေလံအခွန်၊ အမဲလေလံအခွန်တို့ စည်းကြပ်ကောက်ခံခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ စာရင်းအရ ဇရပ်ကြီးတွင် အိမ်ခြေ(၂၆၅၈)အိမ်၊ ကင်မွန်းချုံတွင် အိမ်ခြေ(၁၆၁၄)အိမ်ရှိပြီး

ကျေးရွာနှစ်ရွာမှာ ဆယ်ပေလမ်းသာခြားသဖြင့် နှစ်ရွာပေါင်းအိမ်ခြေ(၄၂၇၂)ရှိပြီး မြို့တစ်မြို့အလား စည်ကား တိုးတက်လျှက်ရှိပါသည်။

သို့ပါသော်လည်း ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် မည်သည့်ဖွံ့ဖြိုးမှုလုပ်ငန်းမျှ ထည့်သွင်းထားသည်ကို မတွေ့ရှိရပါ။ မြို့နယ်စည်ပင်ရန်ပုံငွေ၏ချို့တဲ့မှုကြောင့် ကတ္တရာလမ်းများမခင်းပေးနိုင်သေးသော်လည်း အမှိုက်သိမ်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ လမ်းမီးများထွန်းပေးခြင်း စသည့်အသေးအဖွဲလုပ်ငန်းလေး များပါ ထည့်သွင်းထားခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

စည်ပင်သာယာရေးဥပဒေပုဒ်မ ၃(ခ)၉(ပ)အရ မြို့နယ်နိမိတ်အဖြစ် သတ်မှတ်ထားသော ဇရပ်ကြီး ကျေးရွာနှင့် ကင်မွန်းချုံကျေးရွာတို့ကို မည်သည့်အကြောင်းကြောင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ မဆောင်ရွက်ပေးခြင်းကို သိရှိရန်နှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ပြန်လည်ထည့်သွင်း ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ထန်းတပင်မြို့ အ. ထ. က ကင်မွန်းချုံ၏ ခန်းညားဆောင်ကို ၁၉၇၃ခုနှစ်တွင် ပညာရေးဌာနမှ ခွင့်ပြုငွေ ၈၅၀၀၀ကျပ်နှင့် ပြည်သူများထည့်ဝင်ငွေ (၄၁၅၀၀၀)ကျပ် စုစုပေါင်း(၅၀၀၀၀၀)ဖြင့် ဆောက်လုပ်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း (၄၃)နှစ်ရှိပြီ ဖြစ်ပါသည်။ ၎င်းနှစ်ထပ်ကျောင်းဆောင် သည် (၁၈၉×၃၅×၂၁)ပေရှိပြီး၊ အုတ်ညှပ်၊ သွပ်မိုး၊ ပျဉ်ခင်းဖြင့် ဆောက်လုပ်ထားပါသည်။

ကျောင်းဆောက်လုပ်ပြီးစီးသည့်အချိန်မှစ၍ ယနေ့ထိပြင်ဆင်စရိတ်တောင်းခံခဲ့ခြင်းမရှိသေးပါ။ နှစ်ပေါင်း(၄၃)နှစ်ရှိပြီဖြစ်သောကျောင်းဆောင်သည် ယခုအခါပြတင်းပေါက်များပျက်စီးခြင်း၊ နံရံများ၊ ကြမ်းခင်းများ၊ စင်္ကြံလမ်းများ ပျက်စီးလျက်ရှိပါသည်။ မျက်နှာကြက်များ တပ်ဆင်ထားခြင်း မရှိသည့်အတွက် ကျောင်းသူ/သားများ အပူဒဏ်ကို ပြင်းထန်စွာခံစားရင်း ပညာသင်ကြားနေကြ ပါသည်။

သို့ဖြစ်ပါ၍ အ. ထ. က ကင်မွန်းချုံ၏ ခန်းညားဆောင်အား အကြီးစားပြန်လည် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် လွတ်လပ်ရေး ရရှိပြီးနောက်ပိုင်း နိုင်ငံ့ဥသျှောင်နိုင်ငံတော်သမ္မတများ၏ဓါတ်ပုံများကို အစိုးရရုံးဌာနများ အစိုးရစာသင်ကျောင်းများတွင် ချိတ်ဆွဲခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ကျွန်တော်၏ အသက် အရွယ်အစား မှီသလောက် တင်ပြရလျှင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် နိုင်ငံကိုဦးဆောင်ခဲ့သော ဦးနေဝင်း၊ ဦးစန်းယု၊ ဦးစိန်လွင်၊ ဒေါက်တာမောင်မောင်၊ တပ်မတော်အစိုးရတာဝန်ယူသော ခေတ်တွင် ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ပါတီစုံဒီမိုကရေစီခေတ်တွင် ဦးသိန်းစိန်တို့၏ ပုံများကို ချိတ်ဆွဲခဲ့ကြတာ တွေ့မြင်ခဲ့ရပါသည်။ အင်မတန်ကောင်းမွန်သင့်လျော်သော လုပ်ရပ်ဖြစ်ပါသည်။ လက်ရှိ အစိုးရသစ်လက်ထက်တွင် အချို့သော အစိုးရရုံးဌာနများ၊ အစိုးရစာသင်ကျောင်းများတွင် နိုင်ငံ့ဥသျှောင်

နိုင်ငံတော်သမ္မတဦးထင်ကျော်၏ ဓါတ်ပုံများကို ချိတ်ဆွဲထားခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အစိုးရဌာနများနှင့် အစိုးရစာသင်ကျောင်းများတွင် လက်ရှိနိုင်ငံ့ဥသျှောင် နိုင်ငံတော်သမ္မတဦးထင်ကျော်၏ ဓါတ်ပုံများ ချိတ်ဆွဲထားရန် ညွှန်ကြားချက်ထုတ်ပြန်ထားခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဌေးလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)တို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထန်းတပင်မြို့ 33/11 KV (5) MVA ဓါတ်အားခွဲရုံမှ ဇရပ်ကြီးသို့ ဖြန့်ဖြူးသော 11KVဓါတ်အားလိုင်းမှ ကြိုးအရွယ်အစား(ACSR 25mm) အစား (ACSR 95mm)ဖြင့် လဲလှယ်တပ်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် ၎င်းဓါတ်အားလိုင်းတွင် အသုံးပြုထားသော ကွန်ကရစ်ဓါတ်တိုင်များ အပြီးသတ် စိုက်ထူပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ထန်းတပင်မြို့နယ်၊ (၃၃/၁၁)ကေဗွီ(၅)အမ်ဗွီအေ ဇရပ်ကြီး ကျေးရွာသို့ ဓါတ်အားပေးဖြန့်ဖြူးထားသော (၁၁)ကေဗွီ ဇရပ်ကြီးဖီဒါသည် (ACSR 25mm) ကြိုး၊ သစ်သားတိုင် (၁၈၀)တိုင်ဖြင့် (၁၂)မိုင်ခန့်တည်ဆောက်ဓါတ်အားဖြန့်ဖြူးပေးထားပါသည်။ အဆိုပါဓါတ်အားလိုင်းမှ (၁၁/၀. ၄)ကေဗွီ ထရန်စဖော်မာ(၂၅)လုံးဖြင့် ဓါတ်အားဆက်သွယ်ယူ ၍ မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၉)အုပ်စုတို့အား ဓါတ်အားဖြန့်ဖြူးပေးထားပါသည်။

ဓါတ်အားဖြန့်ဖြူးမှုစနစ် ပိုမိုကောင်းမွန်လာစေရန်နှင့် ဓါတ်အားလိုင်း ကြံ့ခိုင်ကောင်းမွန်စေရန် အဆိုပါ ဓါတ်အားလိုင်းရှိ သစ်သားတိုင်(၁၈၀)တိုင်အနက်(၁၄၄)တိုင်အား ကွန်ကရစ်တိုင်ဖြင့် ပြည်ထောင်စုရန်ပုံငွေနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် လဲလှယ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ကျန်သစ်သားတိုင် (၃၆)တိုင်အား ကွန်ကရစ်တိုင်ဖြင့် လဲလှယ်ခြင်းလုပ်ငန်းအား ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသ**ကြီးရန်ပုံငွေဖြင့် လျာထားထည့် သွင်းပေးမည်ဖြစ်ပါသည်။ ထို့အပြင် (ACSR 25mm) ကြိုး** (ACSR 95mm) ကြိုးဖြင့် အစားထိုးလဲလှယ်ပေးခြင်းလုပ်ငန်းအားလည်း အပိုင်း(၄)ပိုင်းခွဲ၍ ထည့်သွင်း လျာထားပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ယာဉ်မောင်းလိုင်စင်(က-၁)နှင့် (က)တို့ကို မြို့နယ်များအရောက် ကုန်းလမ်း ပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန (ကညန)မှ ကွင်းဆင်းဆောင်ရွက်ရန်"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုလိုအပ်ချက်အရ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)နှင့် ခရိုင်ရုံး၊ ပြည်၊ တောင်ငူ၊ သာယာဝတီမှ မှတ်ပုံတင် နယ်မြေအတွင်းရှိမြို့နယ်၊

ကျေးရွာများသို့ မော်တော်ဆိုင်ကယ်မောင်းလိုင်စင်(က-၁)နှင့် (က)တို့ ကို ရုံးပိတ်ရက်ဖြစ်သည့် စနေနေ့၊ တနင်္ဂနွေနေ့များတွင် အလှည့်ကျ အထူးနယ်လှည့်ကွင်းဆင်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြပြီးဖြစ်ပါသည်။

ခရိုင်ရုံးတောင်ငူအနေဖြင့် ထန်းတပင်မြို့နယ်အောက်ရှိ ကင်မွန်းချုံကျေးရွာအုပ်စုသို့ (၂၇-၈-၂၀၁၆) ရက်နေ့တွင် (က)လိုင်စင်(၁၈၈၄)စောင်၊ (က-၁)လိုင်စင်(၃၃)စောင်၊ စုစုပေါင်း(၁၉၁၇) စောင်အား လည်းကောင်း၊ ဇရပ်ကြီးကျေးရွာအုပ်စုသို့ (၂၈-၈-၂၀၁၆)ရက်နေ့တွင် (က)လိုင်စင် (၁၆၆၁)စောင်၊ (က-၁)လိုင်စင် (၄၁)စောင်၊ စုစုပေါင်း (၁၇၀၂)စောင်အားလည်းကောင်း၊ ထန်းတပင်မြို့နယ်ခန်းမ၌ (၃-၉-၂၀၁၆) ရက်နေ့နှင့် (၄-၉-၂၀၁၆)ရက်နေ့တို့တွင် (က)လိုင်စင် (၁၈၈၆)စောင်၊ (က-၁) လိုင်စင်(၃၈)စောင်တို့အား မိမိတို့ဦးစီးဌာနမှ ဝန်ထမ်းအင်အား (၁၀)ဦးနှင့် မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ထမ်း အင်အား(၆)ဦးတို့ ဆောင်ရွက်ခဲ့ပြီး စုစုပေါင်း(က)လိုင်စင် (၅၄၃၁)စောင်၊ (က-၁)လိုင်စင်(၁၁၂)စောင်၊ စုစုပေါင်း (၅၅၄၃)စောင်အား ဆောင်ရွက်ပေးခဲ့ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဌေးလွင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)၊ (၆)နှင့် (၇)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မြို့နယ်နယ်နိမိတ် သတ်မှတ်ထားသော ဇရပ်ကြီးကျေးရွာ အုပ်စုနှင့် ကင်မွန်းချုံ ကျေးရွာအုပ်စုတို့ကို မည်သည့်အကြောင်းကြောင့် မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ဖွံ့ဖြိုးရေးလုပ်ငန်းများ မဆောင်ရွက် ပေးခြင်းကို သိရှိရန်နှင့် မည်သည့်ဘဏ္ဍာနှစ်တွင် ပြန်လည်ထည့်သွင်းပေးမည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ ထန်းတပင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့သည် ဇရပ်ကြီး ကင်ပွန်းချုံကျေးရွာများအား စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ကြေညာပြီး ပစ္စည်းခွန်၊ ဈေးဆိုင်ခန်းငှားရမ်းခ၊ ပုံကျဈေးကောက်လိုင်စင်၊ အန္တရာယ်ဖြစ်စေသည့် လုပ်ငန်းလိုင်စင်များ ကောက်ခံခဲ့ရာ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေစုစုပေါင်း(၂၉၂၀၈၂၅၀)ကောက်ခံရရှိပါသည်။ ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ဝင်ငွေမှာ ကျပ်(၁၀၀၃. ၇)သိန်းဖြစ်၍ ဝင်ငွေနည်းပါး သောအဖွဲ့ဖြစ်ပါသည်။ နှစ်စဉ်ရရှိသောရန်ပုံငွေဖြင့် ထန်းတပင်မြို့၊ ဇရပ်ကြီး၊ ကင်ပွန်းချုံ ကျေးရွာ များတွင် လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျှက်ရှိသော်လည်း မြို့ပေါ် (၆)ရပ်ကွက်တွင်လမ်း၊တံတားလုပ်ငန်းများဦးစားပေးဆောင်ရွက်ရပါသဖြင့် ဇရပ်ကြီး၊ ကင်ပွန်းချုံကျေးရွာ တို့တွင် ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်အတွင်း လမ်း၊တံတားလုပ်ငန်းများ လျာထားဆောင်ရွက်နိုင်ခြင်း မရှိကြောင်း တင်ပြအပ်ပါသည်။ အဖွဲ့၏ ဖွဲ့စည်းပုံ(ဃ)အရ လက်ရှိသန့်ရှင်းရေးဝန်ထမ်း ခန့်ထားနိုင်မှုမှာ လုပ်သား-၃(၂)ဦး၊ နေ့စား(သန့်ရှင်းရေး)(၁)ဦး၊ လစဉ်ဆီခွဲတမ်း(၂၁)ဂါလံဖြင့် ထန်းတပင်မြို့ပေါ် မြို့ပေါ် (၆)ရပ်ကွက်တွင် အလှည့်ကျအမှိုက်သိမ်းဆည်းဆောင်ရွက်ခြင်း၊ ဇရပ်ကြီးဈေး၊ ကင်ပွန်းချုံဈေးအမှိုက်အား အခါအားလျော်စွာ သိမ်းဆည်းခြင်းများဆောင်ရွက်လျက်ရှိပါသည်။

ထန်းတပင်မြို့ပေါ်၊ မြို့ပေါ်(၆)ရပ်ကွက်နှင့် ဇရပ်ကြီး၊ ကင်ပွန်းချုံကျေးရွာများတွင် မြို့ပိုမိုသန့်ရှင်းရေးအတွက် အမှိုက်သယ်ယာဉ်(၁)စီး၊ လိုအပ်သောစက်သုံးဆီနှင့် သန့်ရှင်းရေးလုပ်သား ထပ်မံခန့်ထားနိုင်ရေး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ထောက်ပံ့ငွေရရှိရန် တင်ပြထားပါကြောင်း၊ ၂၀၁၇-၂၀၁၈ခုဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ထောက်ပံ့ငွေကျပ် (၁၅၀၀)သိန်း ရရှိပါက ဇရပ်ကြီးကျေးရွာတွင် ကျုံပါလမ်း (၁၂၅၅'×၁၀'×၉") ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကင်ပွန်းချုံ အ. ထ. က အဝင်လမ်း (၅၀၀'×၁၂'×၉") ကတ္တရာလမ်းသစ်ခင်းခြင်း၊ လုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ပါရန် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးငွေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ထန်းတပင်မြို့၊ အ. ထ. က ကင်မွန်းချုံ၏ ခန့်ညားဆောင်အား အကြီးစား ပြန်လည် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အထက-ကင်မွန်းချုံရှိ ခန့်ညားဆောင်အား အကြီးစား ပြန်လည်ပြင်ဆင်ရန်အတွက် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၏ (၈-၈-၂၀၁၆)ရက်စွဲပါ စာအမှတ် ဌာနခွဲ(၉-က)/၁၂၃၆၂/အဆအ(၂၀၁၆)ဖြင့် မြသိန်းတန်ကုမ္ပဏီအား တာဝန်ပေးအပ်ပြီး ကျောင်းဆောင်ဟောင်းအား စတင်ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးငွေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"အစိုးရဌာနများနှင့် အစိုးရစာသင်ကျောင်းများတွင် လက်ရှိနိုင်ငံ့ဥသျှောင် နိုင်ငံတော်သမ္မတဦးထင်ကျော်၏ ဓါတ်ပုံများချိတ်ဆွဲထားရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားချက်ထုတ်ပြန်ထားခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံးများ၊ မြို့နယ်ပညာရေး မှူးရုံးများနှင့် အခြေခံပညာကျောင်းများတွင် လက်ရှိနိုင်ငံ့ဥသျှောင် နိုင်ငံတော်သမ္မတကြီး၏ ဓာတ်ပုံကို ချိတ်ဆွဲ ဆောင်ရွက်ရန် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် တင်ဒါဖွင့်ဖောက် စာချုပ်ချုပ်ဆို၍ လုပ်ငန်းအပ်နှံမှုကို ၂၀၁၆-ခုနှစ်၊ စက်တင်ဘာလ(၆)ရက်နေ့တွင် အခြေခံပညာဦးစီးဌာန၊ နေပြည်တော်၌ ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် စံပြဓာတ်ပုံလုပ်ငန်းတို့ စာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။

စံပြဓာတ်ပုံလုပ်ငန်းမှ (၂၂-၉-၂၀၁၆)ကြာသပတေးနေ့တွင် ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးသို့ နိုင်ငံတော်သမ္မတ၏ ဓာတ်ပုံကို စာချုပ်ချုပ်ဆိုခဲ့သော အရေအတွက်အတိုင်း ပေးပို့ပြီးဖြစ်၍ ခရိုင်ပညာရေးမှူးရုံးများ၊ မြို့နယ်ပညာရေးမှူးရုံးများနှင့် အခြေခံပညာကျောင်းများသို့ ဖြန့်ဝေပေးနေပြီဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မေးခွန်းအမှတ်စဉ်(၆)နှင့်ပတ်သက်ပြီး ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးဌေးလွင်၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မေးခွန်းအမှတ်စဉ်(၆)နှင့်ပတ်သက်၍ ဝန်ကြီးဖြေကြားထားသည့် မြသိန်းတန်ကုမ္ပဏီက ဆောက်လုပ်သော ကျောင်းဆောင်နှင့် မိမိမေးမြန်းသည့် မေးခွန်းနှင့်ကွဲလွဲနေပါကြောင်း၊ မြသိန်းတန်ကုမ္ပဏီက ဆောက်လုပ်သော ကျောင်းပေအရှည်(၇၀)ပေ၊ အနံ(၃၀)ပေရှိ ကျောင်းဆောင်အား ရက်(၁၀၀)စီမံချက်တွင် ပြင်ဆင်စရိတ် ထည့်သွင်းတောင်းခံပြီး ဆောင်ရွက်နေကြောင်း၊ မိမိမေးမြန်းသည်က ရှိပြီးသားခန်းညားဆောင် (၁၈၉) ပေ၊ အမြင့် (၃၅)ပေ၊ အကျယ် (၂၁)ပေရှိ ခန်းညားဆောင်အား ပြန်လည်ပြင်ဆင်ပေးရန် မေးမြန်းခြင်းဖြစ်ပါ၍ ဝန်ကြီးဖြေကြားသည့်အဖြေမှာ ကွဲလွဲနေသည့်အတွက် မည်ကဲ့သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဌေးလွင်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၆)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဌေးလွင်၏ မေးခွန်းအမှတ်စဉ် (၆)နှင့်ပတ်သက်၍ မိမိအနေဖြင့် အောက်ခြေထိ ပြန်လည်မေးမြန်းစိစစ်ပြီး ကိုယ်စားလှယ်တော်ကြီးများထံ ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"တောင်ငူလေတပ်စခန်းဌာနချုပ်မှ ဝေယာင်မြေပြင်စက်ပစ်ကွင်းအဖြစ် သိမ်းယူခဲ့သော လ/န(၃၉) ထုတ်ယူထားသည့် (၂၄၄၀)ဧကထဲမှ ရွာသာယာမှ သဖန်းချောင်းသို့ သွားသောလမ်းယာဘက်ဘေး သတ်မှတ်စွန့်လွှတ်နိုင်သော ဧရိယာနှင့် သဖန်းချောင်း ကျေးရွာမြေအား ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"ဆိုင်ကယ်လိုင်စင်အသစ်များအား ပြည်သူများ ထမ်းဆောင်နိုင်သော သင့်တော်သည့် အခွန်အခနှုန်းထားများ မူသေအမှတ်နံပါတ်များဖြင့် လိုင်စင်အသစ်များ ကွင်းဆင်း လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်များတွင် ကြော်ငြာဆိုင်းဘုတ် ကြီးများ၊ ဗီနိုင်း ပိုစတာများအတွက် စည်ပင်သာယာရေးအဖွဲ့သို့ အခွန် ပေးဆောင်ခြင်း ရှိ/မရှိနှင့် စည်ပင်သာယာနယ်နိမိတ် ပြင်ပကျေးရွာ များတွင် ကုန်ပစ္စည်းကြော်ငြာဘုတ်များ၊ ဗီနိုင်းများအား အခွန် ကောက်ယူခြင်း ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **“ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးကော်မတီများအား မြို့နယ် စည်ပင်သာယာရေးကော်မတီ ရွေးချယ်ရေးဥပဒေနှင့်အညီ ပြန်လည်ရွေးချယ်ပေးရန် အစီအစဉ်ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင် မြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ သဖန်းချောင်းကျေးရွာသည် ပြည်ထဲရေးအမည်ပေါက် ကျေးရွာဖြစ်ပါသည်။ ချောင်းဝကျေးရွာအုပ်စု၊ ရွာသာယာကျေးရွာမှ သဖန်းချောင်းကျေးရွာသို့ (၂)မိုင်ခန့်ဝေးကွာပြီး ရွာသာယာမှ သဖန်းချောင်းသို့ သွားသောလမ်းယာဘက်မှစ၍ သဖန်းချောင်းကျေးရွာအထိ သွားသောမြေယာများနှင့် ကျေးရွာပြည်သူလူထု၏ အိမ်ခြံမြေများကို တောင်ငူ လေတပ်စခန်းဌာနချုပ်မှ ဝေဟင်မြေပြင်စက်ပစ်ကွင်း အဖြစ် သိမ်းယူပြီး အခြားနည်းသုံးစွဲခွင့် လ/န(၃၉)ထုတ်ယူခဲ့ပြီး ဖြစ်ပါသည်။ သဖန်းချောင်းကျေးရွာသူရွာသား များမှ ခရီးသွားလာရာတွင် အန္တရာယ်ကင်းရှင်းစေရန်နှင့် မိမိတို့ကျေးရွာအတွင်းရှိ ခြံများအား ကျေးရွာ သူ/သားများအတွက် အာမခံချက်ရှိသော ဦးပိုင်ပေါက်ခြံမြေများ လိုအပ်ပါ၍ ဝေဟင်မြေပြင် စက်ပစ်ကွင်း အဖြစ် သိမ်းယူခဲ့သော လ/န(၃၉)ထုတ်ယူထားသည့် (၂၄၄၀)ဧကထဲမှ ရွာသာယာမှ သဖန်းချောင်းသို့ သွားသောလမ်းယာဘက်ဘေး သတ်မှတ်စွန့်လွှတ်နိုင်သောဧရိယာနှင့် သဖန်းချောင်းကျေးရွာမြေအား ပြည်သူ များ၏ အသနားခံတင်ပြတောင်းခံလာမှုအပေါ် ပြန်လည် စွန့်လွှတ်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဆိုင်ကယ်လိုင်စင် အသစ်များအား ပြည်သူများထမ်းဆောင် နိုင်သော သင့်တော်သည့် အခွန်အခနှုန်းထားများ မူသေအမှတ်နံပါတ်များဖြင့် လိုင်စင်အသစ်များ ကွင်းဆင်းလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် စည်ပင်သာယာနယ်နိမိတ်များတွင် ဆက်သွယ်ရေး တယ်လီဖုန်းကုမ္ပဏီများ၏ ကြော်ငြာဆိုင်းဘုတ်ကြီးများ၊ ဗီနိုင်းများ၊ ဆောက်လုပ်ရေး၊ စားသောက်ကုန်၊ အလှကုန်ပစ္စည်းများ၏ ကြော်ငြာဆိုင်းဘုတ်ကြီးများ၊

ဗီနိုင်းပိုစတာများအတွက် သက်ဆိုင်သည့် စည်ပင်သာယာရေးအဖွဲ့သို့ အခွန်ပေးဆောင်ခြင်း ရှိ/မရှိနှင့် စည်ပင်သာယာနယ်နိမိတ် ပြင်ပကျေးရွာများတွင် ကုန်ပစ္စည်းကြော်ငြာအမျိုးမျိုးစိုက်ထူ ထားသော ကြော်ငြာဘုတ်များ ဗီနိုင်းများအား အခွန်ကောက်ယူခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေး ကော်မတီများအား မြို့နယ်စည်ပင်သာယာရေးကော်မတီရွေးချယ်ရေးဥပဒေနှင့်အညီ ပြန်လည်ရွေးချယ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးခင်မောင်ဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"တောင်ငူလေတပ်စခန်းဌာနချုပ်မှ ဝေဟင်မြေပြင်စက်ပစ်ကွင်းအဖြစ် သိမ်းယူခဲ့သော လ/န(၃၉) ထုတ်ယူထားသည့် (၂၄၄၀)ဧကထဲမှ ရွာသာယာမှ သဖန်းချောင်းသို့ သွားသောလမ်းယာဘက်ဘေး သတ်မှတ် စွန့်လွှတ်နိုင်သော ဧရိယာနှင့် သဖန်းချောင်း ကျေးရွာမြေအား ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ချောင်းဝကျေးရွာအနီး၊ သဖန်းချောင်းကျေးရွာသည် ပြည်ထဲရေးအမည်ပေါက်ကျေးရွာဖြစ်ပါသည်။ တောင်ငူလေတပ်စခန်းဌာနချုပ်ရှိ တိုက်လေယာဉ်များ တိုက်ခိုက်ရေး၊ ရဟတ်ယာဉ်များအတွက် လေ့ကျင့်ပစ်ခတ်ရန် လိုအပ်လျက် ရှိသော တပ်ပိုင်ဝေဟင်မြေပြင် စက်ပစ်ကွင်းပြုလုပ်ရန်အတွက် ထန်းတပင်မြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ကွင်းအမှတ် (၄၇၂၊၄၇၃၊၄၇၆၊၄၆၇-က၊၄၆၉-က) အပ တောင်မြေဧရိယာ(၂၄၄၀) ဧကအား သတ်မှတ်ထားရှိခဲ့ပြီး အတည်ပြုမိန့်ရရှိရေးအတွက် တောင်ငူလေတပ်စခန်းဌာနချုပ်မှ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)သို့လည်းကောင်း၊ ယင်းမှတဆင့် စစ်ထောက်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာနနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အထိ အဆင့်ဆင့်တင်ပြခဲ့ရာ အတည်ပြုမိန့်ရရှိခဲ့ပြီး ယင်းအပတောမြေ(၂၄၄၀)ဧကအား ပြည်ထဲရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် (၃၃၄)အရ တောင်ငူလေတပ်စခန်းဌာနချုပ်မှ တပ်ပိုင်ဝေဟင်မြေပြင်စက်ပစ်ကွင်း ပြုလုပ်အသုံးပြုရန်အတွက် တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ငူမြို့၏ (၂၄-၁၁-၂၀၁၀)ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် အခမဲ့လွှဲပြောင်းပေးအပ်လိုက်ကြောင်း အမိန့်ထုတ်ပြန်ပြီးဖြစ်သဖြင့် အကြောင်းအရင်း ခိုင်မာ၍ မစွန့်လွှတ်ရခြင်းဖြစ်ပါသည်။ ချောင်းဝကျေးရွာအုပ်စု၊ ရွာသာယာကျေးရွာမှ သဖန်းချောင်း ကျေးရွာသို့ (၂)မိုင်ခန့်ဝေးကွာပြီး ရွာသာယာမှသဖန်းချောင်းသို့သွားသောကျောက်အိုး-မုန်ဒီပင်လမ်း၏ မြောက်ဘက်သည် အများ ပြည်သူများသွားလာနေသောလမ်းဖြစ်သောကြောင့် အခက်အခဲများရှိနေပါသည်။ ဝေဟင်မြေပြင်စက်ပစ်ကွင်းအဖြစ် သိမ်းယူခဲ့သော လ/န(၃၉)ထုတ်ယူထားသည့်

(၂၄၄၀)ဧကထဲမှ ရွာသာယာမှ သဖန်းချောင်းသို့ သွားသောလမ်း ယာဘက်ဘေး သတ်မှတ်စွန့်လွှတ်နိုင်သော ဧရိယာနှင့် သဖန်းချောင်းကျေးရွာမြေအား ပြည်သူများ၏ အသနားခံတင်ပြတောင်းခံလာမှုအပေါ် ပြန်လည် စွန့်လွှတ်ပေးရန်မှာ ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောထားဖြစ်ကြောင်း၊ မိမိအနေဖြင့် အကြံပြုလိုသည်က တိုင်းဒေသကြီး သိမ်းဆည်းမြေများ ပြန်လည်စိစစ်ရေးကော်မတီမှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာနသို့ စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိကို စာဖြင့် မေးမြန်းရန် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်ကြီးမှ ကာကွယ်ရေးဝန်ကြီးဌာနသို့ လိပ်မူပြီး တိုက်ရိုက်ပေးပို့ မေးမြန်းလိုပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာနကို မည်သို့ချိတ်ဆက် ဆောင်ရွက်သင့်သည်ကို အကြံပြုပေးစေလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးခင်မောင်ဝင်းမေးမြန်းသော မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးခင်မောင်ဝင်း၏ မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ သဖန်းချောင်းကျေးရွာမြေသည် လက်ရှိကာကွယ်ရေးဝန်ကြီးဌာနမှ အသုံးပြုနေခြင်းဖြစ်ပြီး ယင်းမြေအား ပြန်လည်စွန့်လွှတ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဒေသခံပြည်သူများမှ အသနားခံစာများ ပေးပို့ရန်လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဒေသခံများ ပေးပို့သည်စာတွင် သိမ်းဆည်းခံလယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှ ပြန်လည်စိစစ်ချက်ကို အမှုတွဲတည်ဆောက်ပြီး သက်ဆိုင်ရာကာကွယ်ရေး ဝန်ကြီးဌာနကို တင်ပြရန်ဖြစ်ကြောင်း လေးစားစွာ ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ။** ။ဦးခင်မောင်ဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]။** ။ ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ဆိုင်ကယ်လိုင်စင်အသစ်များအား ပြည်သူများထမ်းဆောင်နိုင်သော သင့်တော်သည့် အခွန်အခနှုန်းထားများ မူသေအမှတ်နံပါတ်များဖြင့် လိုင်စင်အသစ်များ ကွင်းဆင်းလုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင်မဲ့ ဆိုင်ကယ်လိုင်စင်များအား ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေများပေးသွင်း၍ အရေးယူဆောင်ရွက်ရန်နှင့် ပဲခူးဒေသအမှတ်ဖြင့်သာ မှတ်ပုံတင်ပေးရန် စီမံချက်ရေးဆွဲ၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးခင်မောင်ဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၃)နှင့် (၄)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်များတွင် ကြော်ငြာဆိုင်းဘုတ်ကြီးများ၊ ဗီနိုင်းပိုစတာများအတွက် စည်ပင်သာယာရေးအဖွဲ့သို့ အခွန်ပေးဆောင်ခြင်း ရှိ/မရှိနှင့် စည်ပင်သာယာနယ်နိမိတ် ပြင်ပကျေးရွာများတွင် ကုန်ပစ္စည်း ကြော်ငြာဘုတ်များ၊ ဗီနိုင်းများအား အခွန်ကောက်ယူခြင်း ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အဓိကလမ်းမကြီးများပေါ်တွင် ကြော်ငြာစိုက်ထူသည့်ဆိုင်းဘုတ်ကြီးများ၊ (၁၀၀)စတုရန်းပေနှင့် အထက်အား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူပြီး စိုက်ထူပါသည်။ သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ (၁)စတုရန်း ပေလျှင်(၁၂၀၀)နှုန်းဖြင့် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် စည်းကြပ်ကောက်ခံခွင့်ပြုပါသည်။ (၁၀၀)စတုရန်းပေအောက် သာမန်ဆိုင်းဘုတ်ကြော်ငြာအသေးများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ သတ်မှတ်ထားသော စီးပွားရေးကြော်ငြာဆိုင်းဘုတ်စိုက်ထူခ ဘဏ္ဍာရေးနှစ်အလိုက် စည်းကြပ်ကောက်ခံဆောင်ရွက်ပါသည်။ ထိုသို့ စည်းကြပ်ကောက်ခံဆောင်ရွက်ရာတွင် ကြော်ငြာဆိုင်းဘုတ် စိုက်ထူမည့်နေရာအား သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ လမ်းဦးစီးဌာန၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ သဘောထားမှတ်ချက်များရယူစိစစ်၍ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ပါသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပဲခူးတိုင်းဒေသကြီးပေါ်တွင် စိုက်ထူသောကြော်ငြာဘုတ်များ၊ ဗီနိုင်းများအား လမ်းဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဖြေကြား တင်ပြအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးခင်မောင်ဝင်း၊ ထန်းတပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏**“ပဲခူးတိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေးကော်မတီများအား မြို့နယ်စည်ပင်သာယာရေးကော်မတီ ရွေးချယ်ရေးဥပဒေနှင့်အညီ ပြန်လည်ရွေးချယ်**

**ပေးရန် အစီအစဉ်ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏(၂၆. ၂. ၂၀၁၃)ရက်စွဲပါစာအမှတ်၊ ၁၀၀(၅-၁)/၇/သမ္မတရုံးဖြင့် စည်ပင်သာယာရေးကော်မတီများဖွဲ့စည်းရန် ညွှန်ကြားခဲ့ပြီး မြို့နယ်အားလုံး တစ်ပြေးညီဖြစ်စေ ရန် ကော်မတီတွင် ပါဝင်ရမည့်ပုဂ္ဂိုလ်(၇)ဦး သတ်မှတ်ညွှန်ကြားပါသည်။ ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၅. ၅. ၂၀၁၄)ရက်စွဲပါစာအမှတ်၊ ၁၂/၄၄၉(၁-ပသ)/အဖရ(၂၀၁၄)ဖြင့် (၃၀. ၅. ၂၀၁၄)ရက်နေ့တွင် ကော်မတီဖွဲ့စည်းပြီးစီးမှုအခြေအနေတင်ပြရန် ညွှန်ကြားပါသည်။ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီများအသီးသီးဖွဲ့စည်းခဲ့ကြရာ ၂၀၁၄ခုနှစ် ဒီဇင်ဘာလ(၁)ရက်နေ့ အတည်ပြု ထုတ်ပြန်သည့် ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာ ရေးနည်းဥပဒေပုဒ်မ ၂၈ အရ ကော်မတီသက်တမ်းသည်ပုံမှန်အားဖြင့် (၃)နှစ်ဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ် မေလတွင် မြို့နယ် စည်ပင်သာယာရေးကော်မတီအားလုံး သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ နည်းဥပဒေပုဒ်မ ၂၉ အရ ကော်မတီသက်တမ်း(၃)နှစ်မပြည့်မီ(၆)လအတွင်း ကော်မတီ ဝင်ရွေးချယ်ခြင်းများပြီးစီးအောင် ဆောင်ရွက် ရမည်ဖြစ်ပါသဖြင့် ၂၀၁၆ခုနှစ် ဒီဇင်ဘာလမှစ၍ ၂၀၁၇ခုနှစ် မေလအထိ(၆)လအတွင်း မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များ လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်ဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်ပါ သဖြင့် ကော်မတီများအားလုံး သက်တမ်း ပြည့်ချိန်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးထံ ခွင့်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပြည်မြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ချထားပေးမှုများကို ပြန်လည် စိစစ်ရန်နှင့် ပုံစံ(၇)မရသေးသော တောင်သူများကို ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း "** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၂) **"အရည်အသွေး မပြည့်မီသော အဆောက်အဦ လုပ်ငန်းများကြောင့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့တွင် တိုင်းဒေသကြီး လွှတ်တော်က အရေးယူရန်နှင့် နာမည်ပျက် စာရင်းသွင်းရန် အဆိုတင်သွင်းထားသော ကုမ္ပဏီကို မည်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တင်ဒါအောင် လုပ်ငန်းများ စာရင်းတွင် ပါဝင်နေသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ပြည်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဂရန်မရှိသေးသော မြေကွက်များအား ဂရန်ချထား ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **"ပြည်မြို့ရှိ နှစ်စဉ်ရေကြီးနစ်မြုပ်လျက်ရှိသော ရပ်ကွက်များအား ပိုမိုကောင်းမွန်သော လူမှုဘဝများ ပြုလုပ်စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သို့စီစဉ်ဆောင်ရွက် မည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၅) **“ပြည်မြို့နယ် စည်ပင်သာယာဈေးကြီး၏ ပတ်ဝန်းကျင်ယာဉ်ကြောပိတ်ဆို့မှု အခြေအနေများကို မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပြည်မြို့နယ်အတွင်း လယ်ယာမြေ လုပ်ပိုင်ခွင့် (ပုံစံ-၇) ချထားပေးမှုကို ပြန်လည်စိစစ်ရန်နှင့် (ပုံစံ-၇) မရသေးသော တောင်သူများကိုရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပြည်မြို့နယ်တွင် အရည်အသွေး မပြည့်မီသော အဆောက်အဦလုပ်ငန်းများကြောင့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး တတိယနေ့(၁၆-၅-၂၀၁၆)ရက်နေ့တွင် တိုင်းဒေသကြီးလွှတ်တော်က အရေးယူရန်နှင့် နာမည်ပျက်စာရင်းသွင်းရန် အဆိုတင်သွင်းထားသော ကုမ္ပဏီကို မည်သည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန၏ တင်ဒါအောင် လုပ်ငန်းများစာရင်းတွင် ပါဝင်နေသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပြည်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဂရန်မရှိသေးသော မြေကွက်များအား ဂရန်ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပြည်မြို့ရှိ နှစ်စဉ်ရေကြီးနစ်မြုပ် လျက်ရှိသော ရပ်ကွက်များပိုမိုကောင်းမွန်သော လူမှုဘဝများ ပြုလုပ်စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပြည်မြို့နယ် စည်ပင်သာယာ ဈေးကြီး၏ ပတ်ဝန်းကျင်ယာဉ်ကြောပိတ်ဆို့မှု အခြေအနေများကို မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။** ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်မြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ချထားပေးမှုများကို ပြန်လည် စိစစ်ရန်နှင့် ပုံစံ(၇)မရသေးသော တောင်သူများကို ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း "** နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသောကိစ္စနှင့်ပတ်သက်၍ ပြည်မြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ထုတ်ပေးထားသည့် ဦးပိုင်ပေါင်း(၇၄၉၈၇)ဦးပိုင်ရှိပါသည်။ ထုတ်ပေးခဲ့သော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များသည် (၂၀၁၂)ခုနှစ်လယ်ယာမြေဥပဒေနှင့်အညီ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်ထုတ်ပေးထားခြင်းဖြစ်ပါသည်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ထုတ်ပေးထားရှိမှုအား လယ်ယာမြေလုပ်ပိုင် ခွင့်ရရှိသူများမှတ်ပုံစာရင်း(ပုံစံ-၅)ဖြင့် စိစစ်ထားရှိပြီးဖြစ်ပါသည်။ ပြည်မြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) မရရှိသေးသောတောင်သူများကို (ပုံစံ-၇)ရရှိရန်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လျှောက်လွှာ(ပုံစံ-၁)ဖြင့် သက်ဆိုင်ရာကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ လျှောက်ထားစေခြင်းနှင့် အငြင်းပွားလျှက်ရှိသောလယ်ယာမြေများကိုလည်း လယ်ယာမြေဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက် ပြီးစီးပါက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ထုတ်ပေးနိုင်ရန်နှင့် ဦးပိုင်လုပ်ကွက်ပေါင်း(၆၈၈)အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။** ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"အရည်အသွေး မပြည့်မီသော အဆောက်အဦ လုပ်ငန်းများကြောင့် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့တွင် တိုင်းဒေသကြီးလွှတ်တော်က အရေးယူရန်နှင့် နာမည်ပျက်စာရင်းသွင်းရန် အဆိုတင်သွင်းထားသော ကုမ္ပဏီကို မည်သည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ တင်ဒါအောင် လုပ်ငန်းများ စာရင်းတွင် ပါဝင်နေသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့အား ဝန်ကြီး (ဥက္ကဋ္ဌ)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးဦးစီးမှူး (အတွင်းရေးမှူး)၊ ပဲခူးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အဖွဲ့ဝင်(၈)ဦးဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရုံးအမိန့်အမှတ်၊ ၅၂ / ၂၀၁၅အရ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ တင်ဒါစိစစ် ရွေးချယ်ရေးအဖွဲ့မှ ကုမ္ပဏီ (၃၀)ခု စိစစ်ရွေးချယ်ခဲ့ပါသည်။ တင်ဒါအောင်မြင်သည့် ကုမ္ပဏီအမည် စာရင်းအား အတည်ပြုပေးနိုင်ပါရန် ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ (၉. ၈. ၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၁၆၅၇ / လမ်းတံတား -၁ / ကျေးလက် (ပခ)ဖြင့် တင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ (၂၂. ၈. ၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၆/၃-၁/ဦး ၆ ဖြင့် အတည်ပြုကြောင်း ပြန်လည်အကြောင်းကြား လာပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှလည်း (၁၉. ၈. ၂၀၁၆) ရက်နေ့တွင် ကျင်းပ

ပြုလုပ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၄၃/၂၀၁၆) ဆုံးဖြတ်ချက်အရ ကန့်ကွက်ရန်မရှိကြောင်း (No Objection) နှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန် (၁၉. ၈. ၂၀၁၆) ရက်စွဲပါ စာအမှတ်၊ ၃၇၆ / ဝယ်ဖြန့်-၃/ကျေးလက်(၈)ဖြင့် ခွင့်ပြုခဲ့ပါသည်။ (၂၅. ၈. ၂၀၁၆) ရက်နေ့တွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၌ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ်အတွက် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ရရှိခဲ့သော တင်ဒါအောင်ကုမ္ပဏီများ၏ အမည်စာရင်းအား တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ တင်ဒါပြိုင်ကုမ္ပဏီများနှင့် အများပြည်သူများရှေ့တွင် ပွင့်လင်းမြင်သာစွာ ဖွင့်ဖောက်ကြေငြာခဲ့ပြီးဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ် ကျေးလက်လုပ်ငန်းများတင်ဒါခေါ်ယူရာ၌ ဇီးကုန်းမြို့နယ် လမ်း/တံတား လုပ်ငန်း (Lot No.-33) တွင် တင်ဒါလျှောက်လွှာတင်သွင်းရာတွင် ကုမ္ပဏီတစ်ခုတည်းကသာ လျှောက်လွှာတင်သွင်းခဲ့ပြီး ၎င်းကုမ္ပဏီအနေဖြင့် မိမိတို့ကျေးလက်ဦးစီးဌာနတွင် အမည်ပျက်စာရင်းမရှိသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ခဲ့ခြင်း ဖြစ်ပါသည်။ ယခု လွှတ်တော်ကိုယ်စားလှယ် မေးမြန်းလာသည့်အတွက် အခြားကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုပြီး ဖြစ်သော်လည်း ၎င်းကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခြင်းကို ဆိုင်းငံ့ထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။** ။ ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဂရန်မရှိသေးသော မြေကွက်များအား ဂရန်ချထား ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပြည်မြို့နယ်ရှိ မြို့ပေါ်ရပ်ကွက်များတွင် ဂရန်မရှိသေးသော မြေကွက်များအား ဂရန်ချထားပေးနိုင်ရေးအတွက် ပြည်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေစာရင်း ပုံစံသက်သေခံ(၁၀၅)(၁၀၆)ရေးဆွဲလျက် ခရိုင်အုပ်ချုပ်ရေးမှူး (ကော်လိပ်တော်အရာရှိ)ထံ မြေငှား ဂရန်တင်ပြလျှောက်ထားလိုသည့်မြေကွက်အား လျှောက်ထားသူမှ ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာ ပြသလျှက် သတ်မှတ်ထားသောအချက်အလက်များဖြည့်စွက်လျက် လျှောက်လွှာတွင် တံဆိပ်ခေါင်းကပ်၍ တင်ပြလျှောက်ထားလာပါက အမှုတွဲဖွင့်လှစ်ဆောင်ရွက်ပေးပြီး စိစစ်ကာ မြေငှားဂရန် စာချုပ်ထုတ်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့ကို ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၁)နှင့်ပတ်သက်၍ ပြည်မြို့နယ်၊ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) လက်မှတ် ထုတ်ပေးထားမှုကို ပြန်လည်စိစစ်ရန်နှင့် မရသေးသော တောင်သူများကို ရရှိအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းမှုအပေါ် ဝန်ကြီးမှ လယ်ယာမြေ လုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇) ထုတ်ပေးကြောင်းကို ပြန်လည်စိစစ်ရန် ဖြေကြားထားခြင်း လုံးဝမရှိကြောင်း ဆက်စပ်မေးခွန်း မေးမြန်းပါသည်။

မေးခွန်းအမှတ်စဉ် (၂)နှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးဖြေကြားထားသည့်ထဲတွင် တင်ဒါစိစစ်အဖွဲ့မှ ကုမ္ပဏီ(၃၀)ကို ရွေးချယ်ထားခဲ့ကြောင်း၊ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) (၁၆. ၅. ၂၀၁၆)ရက်နေ့တွင် အရေးကြီးအဆိုကို လွှတ်တော်က ကန့်ကွက်သူမရှိ အတည်ပြု ထားပြီးဖြစ်ကြောင်း၊ အတည်ပြုခဲ့သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖောက်ဖျက်သလိုဖြစ်နေပါကြောင်း၊ လွှတ်တော်၏ဂုဏ်သိက္ခာ၊ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၏ ဂုဏ်သိက္ခာ ကျနိုင်ကြောင်း၊ လွှတ်တော်က အတည်ပြုဆုံးဖြတ်ထားသည်များကို အကောင်အထည်ဖော်ရန်အတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၅၈ ပုဒ်မခွဲ (ဃ)မှာ တိုင်းဒေသကြီး (သို့) ပြည်နယ်အစိုးရ သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့) ပြည်နယ်လွှတ်တော်က အခါအားလျော်စွာ အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ မိမိ၏ အရေးယူဆောင်ရွက်ရသည်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး (သို့) ပြည်နယ်လွှတ်တော်သို့ ပြန်လည်အစီရင်ခံရမည်ဟူ၍ အတိအလင်းပြဋ္ဌာန်းထားကြောင်း၊ သို့သော်လည်း တိုင်းဒေသကြီးအစိုးရက ဖောက်ဖျက်သူဖြစ်ပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၃ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) မှာပါဝင်ပြဋ္ဌာန်းထားသည်ကို ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ လေ့လာသိရှိ နိုင်ပါကြောင်း၊ ထပ်မံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၃ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂)တွင် ဘာကိုပြဋ္ဌာန်းထား သည်များကိုလည်း အစိုးရအဖွဲ့နှင့် ကိုယ်စားလှယ်ကြီးများ လေ့လာနိုင်ပါကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုထားသည့်အဆိုများနှင့် ပတ်သက်၍ အစိုးရအဖွဲ့အနေဖြင့် ကျန်သည့် သက်တမ်းတွင် အလေးထားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

မေးခွန်းအမှတ်စဉ် (၃)နှင့်ပတ်သက်၍ ပြည်မြို့ပေါ်ရှိ ရပ်ကွက်များတွင် ဂရန်မရှိသေးသော မြေကွက် များအား ဂရန်ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း မေးမြန်းမှုအပေါ် ဝန်ကြီးမှ မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို ဖြေကြားထားခြင်း မရှိပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]။ ။**

ဦးသက်ဝင်းလှိုင်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၁)ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ မြေစာရင်းပုံစံ(၇) ထုတ်ပေးရာတွင် သက်ဆိုင်ရာ ရပ်/ကျေးမှ တစ်ဆင့် ကျေးရွာလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့တွင် စတင် လျှောက်ထားရပါကြောင်း၊ မိမိတို့ အစိုးရလက်ထက်တွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကို ယနေ့အချိန်ထိ ဖွဲ့စည်းထားနိုင်ခြင်းမရှိသေးသည့်အတွက် တိုင်းဒေသကြီးအဆင့် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်း ထားနိုင်ခြင်းမရှိသေးပါ၍ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေးလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဝင် လုပ်ငန်းများကို ပြည်ထောင်စုအဆင့်ကစတင် ညွှန်ကြားချက်ရမှသာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်၍ မိမိအနေဖြင့် ခေတ္တဆိုင်းငံ့ထားခြင်းဖြစ်ပါကြောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့အစည်းဖွဲ့စည်းရန် ညွှန်ကြားချက် ကျလာစေရန် မိမိမှ ပြည်ထောင်စုဝန်ကြီးထံ ကိုယ်တိုင်ဆက်သွယ်မေးမြန်းသည့်အခါ ဗဟိုလယ်ယာ စီမံခန့်ခွဲရေးဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ တင်ပြထားသည်မှာ (၁)လခန့်ရှိပြီး ကျန်းမာရေးမကောင်းပါသဖြင့် ခေတ္တ စောင့်ပေးရန် ပြောကြားထားခြင်းရှိသည့်အတွက် လယ်ယာမြေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ တိုင်ကြားလာပါက မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကွင်းဆင်းပြီးစိစစ်ဆောင်ရွက်ပေးလေ့ရှိကြောင်း၊ ဥပမာ-မင်းလှမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာရှိ လယ်ယာမြေပုံစံ (၇) အငြင်းပွားမှုများ တိုင်ကြားလာပါက မိမိတို့ တိုင်းဒေသကြီးအဆင့်အနေဖြင့် Cabinet အစိုးရအဖွဲ့မှ ကွင်းဆင်းစိစစ်ဆောင်ရွက်စေလွှတ်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ သို့ပါ၍ အငြင်းပွားဖွယ် လယ်ယာမြေပုံစံ (၇) တိုင်ကြားလာပါက မိမိတို့လယ်ယာမြေစီမံခန့်ခွဲရေးအဆင့်က နေပြီး စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

ဦးသက်ဝင်းလှိုင်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၂)ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ တင်ဒါ စတင်ခေါ်ယူ ချိန်မှစတင်၍ တင်ဒါအောင်စာရင်း ထွက်ချိန်ထိ တစ်ဆက်တည်း Step by Step အဆင့်ဆင့် တင်ဒါကြီးကြပ်ရေးအဖွဲ့မှ ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ လွှတ်တော်မှတင်သွင်းထားသည်မှာလည်း ကျောင်းဆောက်လုပ်ရေးလုပ်ငန်းမှ ပျက်ကွက်မှုနှင့် ပတ်သက်၍ တင်ပြထားခြင်းဖြစ်ပါကြောင်း၊ သို့ပါ၍ မိမိတို့အစိုးရအနေဖြင့် ယင်းကုမ္ပဏီကို အမည်ပျက် စာရင်းအနေဖြင့် ကုမ္ပဏီများမှတ်ပုံတင်ရေးဦးစီးဌာနက ကြေညာမှသာလျှင် မိမိတို့အနေဖြင့် တင်ဒါအောင် ကုမ္ပဏီအဖြစ်မှ ပယ်ဖျက်နိုင်မှာဖြစ်ကြောင်း၊ ယခုလက်ရှိ လွှတ်တော်တွင် အဆိုတင်သွင်းထားသည့် ကုမ္ပဏီ နှင့်ပတ်သက်၍ လွှတ်တော်၏အဆိုကို အလေးအနက် ထားသည့်အနေဖြင့် တင်ဒါအောင်ကုမ္ပဏီဖြစ်သော်လည်း လုပ်ငန်းဆောင်ရွက်ရန် ခွင့်မပြုသေးကြောင်းနှင့် စာချုပ်ချုပ်ဆိုမှုကို ခေတ္တဆိုင်းငံ့ထားပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။ ဆက်လက်ပြီး ယင်းကုမ္ပဏီ၏ နာမည်ပျက်စာရင်းကို သက်ဆိုင်ရာကုမ္ပဏီများ မှတ်ပုံတင်ရေးအဖွဲ့မှ ကြေညာမှာဖြစ်ပြီး မိမိတို့အစိုးရအနေဖြင့် ယင်းကုမ္ပဏီကို အမည်ပျက်စာရင်းကြေညာရန် အခွင့်အလမ်းမရှိပါကြောင်း လေးစားစွာဖြေကြားပါသည်။

ဦးသက်ဝင်းလှိုင်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၃)ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ဂရန်မရှိ သေးသော မြေကွက်များအား ဂရန်ချထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဆက်စပ်မေးခွန်း မေးမြန်းမှုအပေါ် မိမိအနေဖြင့် တင်ပြလျှောက်ထား သည့်အချိန်တိုင်းကို ဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း လေးစားစွာဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)နှင့် (၅)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်မြို့ရှိ နှစ်စဉ်ရေကြီးနစ်မြုပ်လျက်ရှိသော ရပ်ကွက်များအား ပိုမိုကောင်းမွန်သော လူမှုဘဝများ ပြုလုပ်စီစဉ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သို့ စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း"** နှင့်စပ်လျဉ်း၍ ပြည်မြို့နယ်တွင် ရပ်ကွက်(၁၀)ခုအနက်၊ နဝင်းရပ်ကွက်သည် ဧရာဝတီမြစ်ရေနှင့် နဝင်းချောင်း တို့ကြောင့် နှစ်စဉ်မိုးရာသီအချိန်တွင် ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်လျက်ရှိပါသည်။ ထိုရေကြီးနစ်မြုပ်နေသည့် ရပ်ကွက်အား လူမှုဘဝကောင်းမွန်စေရေးအတွက် စည်ပင်သာယာမှ ဆောင်ရွက်နိုင်သော လုပ်ငန်းဖြစ်သည့် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ နှစ်စဉ်ဘဏ္ဍာရေးအလိုက် နဝင်းရပ်ကွက်အတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး လျာထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပြည်မြို့နယ် စည်ပင်သာယာဈေးကြီး၏ ပတ်ဝန်းကျင်ယာဉ်ကြောပိတ်ဆို့မှု အခြေအနေ များကို မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပြည်မြို့၊ စည်ပင်သာယာရေးဈေးကြီးဝန်းကျင်သည် အခြားမြို့ကြီးများ၏ ဈေးဝန်းကျင်ကဲ့သို့ နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှုများ ရှိပါသည်။ ယာဉ်ကြောပိတ်ဆို့မှု အဆိုးဆုံးအချိန်မှာ နံနက်(၈း၀၀) နာရီမှ (၁၀း၀၀)နာရီကြား ဖြစ်ပါသည်။ ယာဉ်ကြောပိတ်ဆို့မှုဖြစ်စေသည့် အကြောင်းများအနက် အဓိကအကြောင်းများမှာ သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်၊ ဆိုက္ကားများ၊ ယာဉ်ကြော ပြောင်းပြန်ဝင်ခြင်း၊ ကုန်ပစ္စည်းသယ်သည့်ယာဉ်များ အဝင်အထွက်များခြင်း၊ လိုင်းကားများ ခရီးသည်စောင့်၍ တင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ထိုသို့ ဖြစ်ပေါ်နေခြင်းအား အဖွဲ့စည်းကမ်း ထိန်းသိမ်းရေးဝန်ထမ်းဖြင့် ယာဉ်ကြောရှင်းလင်းဆောင်ရွက်သော်လည်း ထိရောက်စွာ ရှင်းလင်း နိုင်ခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ပြည်မြို့ စည်ပင်သာယာဈေးကြီးပတ်ဝန်းကျင် ယာဉ်ကြောပိတ်ဆို့မှု အထိုက် အလျောက်သက်သာစေရေးအတွက် ယာဉ်ကြောအရှုပ်ဆုံးအချိန်ဖြစ်သည့် နံနက်(၈း၀၀)နာရီမှ (၁၀း၀၀)နာရီကြား အချိန်တွင် ယာဉ်ထိန်းရဲဖြင့် ရှင်းလင်းနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၄)အား ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးသက်ဝင်းလှိုင်၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နှစ်စဉ်ရေကြီးနစ်မြုပ်လျက်ရှိသော ရပ်ကွက်များအား ပိုမိုကောင်းမွန်သော လူမှုဘဝများ ပြုလုပ်စီစဉ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သို့စီစဉ်ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်ပြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဖြေကြားသည့်အဖြေကို ကြိုဆိုလက်ခံပါကြောင်း၊ သို့သော်လည်း လူများအတွက် ပိုမိုကောင်းမွန်သည့် လူမှုဘဝပြုလုပ်ရန် စည်ပင်သာယာအဖွဲ့တယ်အနေဖြင့် ဆောင်ရွက်၍ ရမည်မထင်ပါကြောင်း၊ သို့ပါ၍ စည်ပင်သာယာအဖွဲ့အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စီမံကိန်းဦးစီးဌာနနှင့် အိုးအိမ်ဦးစီးဌာနတို့ ပေါင်းစပ်ပြီးညှိနှိုင်းဆောင်ရွက်သွားရန် အစီအစဉ် ရှိ/မရှိ ဆက်စပ်မေးခွန်းမေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်ဝင်းလှိုင်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၄)နှင့် စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးသက်ဝင်းလှိုင်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၄) ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ မိမိဆွေးနွေးသွားသကဲ့သို့ စည်ပင်သာယာမှ ဆောင်ရွက်နိုင်သော လုပ်ငန်းများဖြစ်သည့် လမ်းတံတားရေပေးရေးလုပ်ငန်းများကို မိမိတို့ဆောင်ရွက်နိုင်ပါသည်။ ကျန်သည့် လူမှုဘဝကောင်းမွန်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ အခြားဌာနဆိုင်ရာများကို တင်ပြပြီးမှဖြစ်နိုင်လျှင် အစိုးရအဖွဲ့ကိုတင်ပြပြီးမှ အားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသာမှ လူမှုဘဝကောင်းမွန်သည့် လုပ်ငန်းများအား လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"JICA အကူအညီဖြင့် ချေးငှားနေသော SME ချေးငွေမှာ ပွင့်လင်းမြင်သာမှုမရှိစွာဖြင့် လုပ်ဆောင်လျက်ရှိသည်ကို တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ ကြပ်မတ်သွားရန် စီစဉ်ထားသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။SMEလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး JICAအကူအညီဖြင့် ချေးငှားနေသော SME ချေးငွေမှာ အမှန်တကယ်အသေးစား၊ အလတ်စားလုပ်ငန်းရှင်များမရရှိဘဲ ပွင့်လင်းမြင်သာမှု မရှိစွာဖြင့် လုပ်ဆောင်လျက်ရှိသည်ကို တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ ကြပ်မတ်သွားရန် စီစဉ်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"JICA အကူအညီဖြင့် ချေးငှားနေသော SME ချေးငွေမှာ ပွင့်လင်းမြင်သာမှုမရှိစွာဖြင့် လုပ်ဆောင်လျက် ရှိသည်ကို တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ ကြပ်မတ်သွားရန် စီစဉ်ထားသည်ကို သိရှိလိုပါကြောင်း"**နှင့် စပ်လျဉ်း၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် မြန်မာ့အာမခံလုပ်ငန်း၊ Sumitomo Mitsui Banking Corporation (SMBC)၊ သမဝါယမဘဏ် (CB Bank) တို့နှင့်ပူးပေါင်း၍ JICA Two-Step- Loan နှင့်ချေးငွေအာမခံစနစ် (Credit Guarantee Insurance) တို့ကိုအသုံးပြု၍ SMEလုပ်ငန်းရှင်များ ချေးငွေလျှောက်ထားနိုင်သော သတင်းအချက်အလက်ပေးခြင်းအစီအစဉ် များကို ၁၄. ၈. ၂၀၁၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES) ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ သတင်းအပြည့်အစုံအား (၁၅. ၈. ၂၀၁၆) ထုတ်နိုင်ငံပိုင် သတင်းစာကြေးမုံနှင့် မြန်မာ့အလင်းတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

ဂျပန်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံအစိုးရသို့ ODA Loan အဖြစ် အထောက်အပံ့ပေးသည့် နှစ်ဆင့်ခံချေးငွေ (JICA Two-Step- Loan) ကို (အတိုးနှုန်း ၈. ၅%၊ ကာလရှည် ချေးငွေ အများဆုံး(၅)နှစ်၊ အများဆုံးချေးငွေ ကျပ်သိန်း(၅၀၀၀)အထိ) ဒုတိယအကြိမ် ဂျပန်ယန်းသန်း (၃၀၀၀)နှင့် ညီမျှသော မြန်မာငွေကျပ်(၃၀)ဘီလီယံကို အောက်ဖော်ပြပါ ပုဂ္ဂလိကဘဏ်(၆)ခုမှ တဆင့် SME ချေးငွေများကို ထုတ်ချေးပေးသွားမည်ဖြစ်ရာ ပြည်နယ်/တိုင်းဒေသကြီး/ ပြည်ထောင်စုနယ်မြေအသီးသီးရှိ SME လုပ်ငန်းရှင်များအနေဖြင့် ဘဏ်များသို့ တိုက်ရိုက်သွား ရောက်တွေ့ဆုံလျှောက်ထားရန် လိုအပ်ပါသည်-

(က) အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB)

(ခ) ကမ္ဘောဇဘဏ် (KBZ Bank)

(ဂ) မြန်မာနိုင်ငံသားများဘဏ် (Myanmar Citizens Bank)

(ဃ) သမဝါယမဘဏ် (CB Bank)

(င) ရောဝတီဘဏ် (AYA Bank)

(စ) မြန်မာ့ရှေ့ဆောင်ဘဏ် (Myanmar Apex Bank)

အပေါင်ပစ္စည်းရှိသော SME လုပ်ငန်းရှင်များအနေဖြင့် အဆိုပါ SME နှစ်ဆင့်ခံချေးငွေကို ဖော်ပြပါ ပုဂ္ဂလိကဘဏ်(၆)ခုသို့ SME ချေးငွေအဖြစ် တိုက်ရိုက်သော်လည်းကောင်း၊ အပေါင် ပစ္စည်းမရှိသော SME လုပ်ငန်းရှင်များအနေဖြင့် CGI စနစ်ဖြင့် အသုံးပြုလိုပါက အသေးစား နှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှတဆင့် သမဝါယမဘဏ် (CB Bank) သို့လည်းကောင်း လျှောက်ထားနိုင်ပါသည်။

CGI စနစ်ဖြင့် ငွေချေးရာတွင် သမဝါယမဘဏ် (CB Bank) မှ လက်ရှိလုပ်ငန်းအခြေအနေနှင့် (Business Plan) ပေါ်သုံးသပ်ပြီး၊ အများဆုံး ကျပ်သိန်း(၂၀၀)အထိသာ ထုတ်ချေးမည်ဖြစ်ပါသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသည် မြန်မာ့အာမခံလုပ်ငန်း၊ Sumitomo Mitsui Banking Corporation (SMBC)၊ သမဝါယမဘဏ် (CB Bank) တို့နှင့်ပူးပေါင်းပြီး ချေးငွေအာမခံစနစ် (Credit Guarantee Insurance) တို့ကိုအသုံးပြု၍ ချေးငွေထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ပေးလျှက်ရှိပါသည်။ ထို့ကြောင့် SME လုပ်ငန်းရှင်များအနေဖြင့် CGI စနစ်ကို အသုံးပြု၍ လိုအပ်သောချေးငွေကို အောက်ဖော်ပြပါနည်းလမ်းများဖြင့် (CB Bank) သို့ လျှောက်ထားနိုင်ပါသည်-

- SME များ၏ပိုင်ဆိုင်မှုများကို အာမခံအဖြစ် ထားရှိ၍ ချေးငွေရရှိနိုင်စေရန်၊
- လိုအပ်သည့်ချေးငွေပမာဏကို ပြည့်မီအောင် အာမခံပစ္စည်းမပေးနိုင်သည့် လုပ်ငန်းရှင်များအနေဖြင့်လည်း ဘဏ်ချေးငွေ ရရှိနိုင်စေရန်၊
- အပေါင်ပစ္စည်းမဲ့ (Future Business Plan) ဖြင့် ချေးငွေရရှိနိုင်စေရန်၊

CGI စနစ်ကို အသုံးပြု၍ ချေးငွေလျှောက်ထားလိုသော SME လုပ်ငန်းရှင်များသည် အောက်ဖော်ပြပါလုပ်ငန်းအဆင့်များကို ဆောင်ရွက်ရမည်-

- စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်ရယူရန်။
- သမဝါယမဘဏ် (CB Bank) သို့ သွားရောက်၍ ချေးငွေလျှောက်ထားရန်။
- မြန်မာ့အာမခံလုပ်ငန်းသို့ သွားရောက်၍ ချေးငွေအာမခံ (Credit Guarantee Certificate) ရယူနိုင်ရေး ဆောင်ရွက်ရန်။
- သမဝါယမဘဏ် (CB Bank) မှ မြန်မာ့အာမခံလုပ်ငန်း၏ (Credit Guarantee Certificate) ပေါ်မူတည်၍ သတ်မှတ်ချေးငွေပမာဏရယူရန်။

အထက်ပါ (JICA Two-Step- Loan) အစီအစဉ်နှင့် မြန်မာ့အာမခံလုပ်ငန်းမှ CGI စနစ်ကို အသုံးပြု၍ (CB Bank) မှတစ်ဆင့် ချေးငွေထုတ်ပေးသည့် အစီအစဉ်များအား သက်ဆိုင်ရာခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှတစ်ဆင့် ယခင်က SME ချေးငွေလျှောက်လွှာတင်ထားသော လုပ်ငန်းရှင်များသို့လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းတူ Cluster အစုအဖွဲ့များသို့ လည်းကောင်း၊ စက်မှုဇုန်တာဝန်ရှိ သူများသို့လည်းကောင်း၊ Online Viber များအသုံးပြု၍ လက်ကမ်းစာစောင်များဖြင့် အသိပေးခြင်းအပြင် သက်ဆိုင်ရာမြို့နယ်များသို့ လုပ်ငန်းများမှတ်ပုံတင်ရန် ကွင်းဆင်းဆောင်ရွက်သည့် အဖွဲ့များမှတစ်ဆင့်လည်း အသိပေးခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ အပေါင်ပစ္စည်းရှိသော SME လုပ်ငန်းရှင်များအနေဖြင့် ဖော်ပြပါ ပုဂ္ဂလိကဘဏ် (၆)ခုသို့ ဆက်သွယ်၍ သွားရောက်လျှောက်ထားနိုင်ပြီး၊ အပေါင်ပစ္စည်းမရှိသော SME လုပ်ငန်းရှင်များအနေဖြင့်

သက်ဆိုင်ရာခရိုင်/တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနများမှတစ်ဆင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန(ရုံးချုပ်)၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်ဖြစ်ကြောင်း ထောက်ခံချက်ရယူ၍ သမဝါယမဘဏ်နှင့် ဆက်သွယ်ပြီး လျှောက်ထားနိုင်ပါသည်။ (JICA Two-Step- Loan) အစီအစဉ်နှင့် CGI စနစ်ကို အသုံးပြု၍ (CB Bank) မှတစ်ဆင့် ချေးငွေထုတ်ပေးသည့် အစီအစဉ်များအား သက်ဆိုင်ရာဘဏ်များ၏ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ထုတ်ချေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးကျော်ဇေယျ၊ ပြည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဝန်ကြီးဖြေကြားသည့် ဖြေကြားချက်နှင့် ပတ်သက်ပြီး မိမိတို့လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရှိပြီးဖြစ်ပါသည်။ ယခုပြောကြားသည့် ဝန်ကြီး၏ ဖြေကြားချက်များနှင့်အပြင်မှာ ဘဏ်ခွဲများမှ လိုက်နာခြင်းရှိရဲ့လား၊ လုပ်ပိုင်ခွင့်ရထားသည့် ဘဏ်(၆)ခု၏ ဘဏ်ခွဲများသည် လုပ်ဆောင်ခြင်းမရှိပါကြောင်း၊ အမှန်တကယ်မှာ စီးပွားရေးလုပ်ငန်းရှင်များက သွားရောက် လျှောက်ထားသည့်အခါ အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရပါသည်။ သို့ပါ၍ ပထမအကြိမ် ချေးငွေ၊ ဒုတိယအကြိမ် ချေးငွေတို့ကို သွားရောက်ညှိနှိုင်းရာ ဒုတိယအကြိမ် ဘီလီယံ(၃၀)အတွက် လျှောက်ထားရာ လျှောက်လွှာပိတ်သွား၍ တတိယအကြိမ်မှ ချေးပေးပါသည်။ မိမိတို့ တိုင်းအတွင်းရှိ SME လုပ်ငန်းရှင်များသည် SME လုပ်ငန်းရှင်များထဲတွင် စတိုးဆိုင်များ၊ စားသောက်ဆိုင်များ၊ လွှက်ရည်ဆိုင်များမှစပြီး စားသောက်ကုန် လုပ်ငန်းများ၊ စက်မှုလုပ်ငန်းများအားလုံး အကျုံးဝင်ပါသည်။ ၎င်းလုပ်ငန်းရှင်များအားလုံးသိရှိပြီး လွယ်ကူစွာ လျှောက်လွှာလျှောက်နိုင်အောင် အစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ကြပ်မတ်ဆောင်ရွက်သွားမည်ဆိုသည့် အစီအစဉ်ရှိသလဲဆိုသည်ကို သိလိုပါသည်။ ညွှန်ကြားချက်များအားကို နီးစပ်သည့် စီးပွားရေးလုပ်ငန်းရှင်များ အားလုံး သိရှိပြီးဖြစ်ပါသည်။ ကိုယ်စားလှယ်များအနေဖြင့် လေ့လာပြီးဖြစ်ပါသည်။ ၎င်းအတိုင်းဘဏ်များ ဆောင်ရွက်နေမှုကို မည်ကဲ့သို့ ကြပ်မတ်မလဲဆိုသည်ကို သိလိုပါသည်။

**ဥက္ကဋ္ဌ။** ။ဦးကျော်ဇေယျမေးမြန်းသည့် မေးခွန်းနှင့်စပ်လျဉ်းသည့် ဆက်စပ်မေးခွန်းကို စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးကျော်ဇေယျ မေးမြန်းသည့် ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းရှင်များအတွက် ဆွေးနွေးပွဲပြုလုပ်ပြီး ကျန်ရှိ၍ရယူသင့်သည့်သူများ ဘဏ်ချေးငွေ အလွယ်တကူရရှိနိုင်အောင်၊ ဘဏ်များမှာလည်း အခက်အခဲမရှိအောင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ တာဝန်ရှိသူများနှင့် သေသေချာချာ အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပေါက်ခေါင်းမြို့နယ် ကုတင်(၁၆)လုံးဆံ့ ကံကျင်းတိုက်နယ်ဆေးရုံအား ဆရာဝန်၊ ကုတင်၊ ဆေးရုံသုံး ပစ္စည်းနှင့် ဆေးဝါးများအား (အမြန်) ချထားပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကံကျင်းကျေးရွာအုပ်စုတွင် ၂၀၁၅/၂၀၁၆ဘဏ္ဍာနှစ်မှစတင်၍ ကျပ်သိန်းပေါင်း (၅၇၃၀) အကုန်အကျခံပြီး (၁၂၆ပေ×၁၃၂ပေ×၁၄ပေ)ရှိ ကုတင်(၁၆)လုံးဆံ့ တိုက်နယ်ဆေးရုံအား နိုင်ငံတော်မှ ဆောက်လုပ် ပေးထားပြီးဖြစ်ပါသည်။

အဆိုပါကံကျင်းတိုက်နယ်ဆေးရုံအား ဖွင့်လှစ်အသုံးပြုနိုင်မည်ဆိုပါက ကျေးရွာအုပ်စု(၆) အုပ်စု၊ ကျေးရွာပေါင်း(၂၄)ရွာ၊ လူဦးရေ(၈၈၇၂)ဦးခန့် အချိန်တိုအတွင်း ဆေးဝါးကုသစောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။

ပေါက်ခေါင်းမြို့နယ် ဆရာဝန်ကြီးမှလည်း အထက်တန်းသူနာပြု(၂)ဦး၊ သူနာပြု(၂)ဦး၊ အလုပ်သမား (၂)ဦး ခန့်ထားပြီးဖြစ်သော်လည်း ဆရာဝန်၊ ကုတင်၊ ဆေးရုံအသုံးအဆောင်ပစ္စည်း ခွဲခန်းသုံးပစ္စည်းနှင့် ဆေးဝါးများ ယနေ့အချိန်ထိ မရရှိဘဲဖြစ်နေပါ၍ ဒေသခံပြည်သူလူထုအတွက် များစွာနစ်နာလျက်ရှိပါသည်။ ကံကျင်းအုပ်စုမှ ပေါက်ခေါင်းဆေးရုံသို့ လူနာပို့ဆောင်ရမည်ဆိုလျှင် အချိန်(၄)နာရီခန့်ကြာမြင့်မည် ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကြောင့် အသက်မဆုံးရှုံးသင့်ဘဲ လူနာများ အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ ကုတင်(၁၆)လုံးဆံ့ ကံကျင်းတိုက်နယ်ဆေးရုံအား ဆရာဝန်၊ ကုတင်၊ ဆေးရုံသုံးပစ္စည်းနှင့် ဆေးဝါး များအား (အမြန်) ချထားပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းနိုင်မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဝင်းနိုင်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပေါက်ခေါင်း မြို့နယ် ကုတင်(၁၆)လုံးဆံ့ ကံကျင်းတိုက်နယ်ဆေးရုံအား ဆရာဝန်၊ ကုတင်၊ ဆေးရုံသုံး ပစ္စည်းနှင့် ဆေးဝါးများအား (အမြန်) ချထားပေးနိုင်ခြင်း အစီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ကံကျင်းတိုက်နယ်ဆေးရုံတွင် လိုအပ်လျှက်ရှိသော ဆရာဝန်ဖြည့်ဆည်းပေးရန် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြပြီး ပြန်လည်တင်ပြပေးမည် ဖြစ်ပါသည်။

ကံကျင်းတိုက်နယ်ဆေးရုံအတွက် လိုအပ်သော လူနာကုတင်နှင့် ဆေးရုံအသုံးအဆောင်ပစ္စည်း၊ ခွဲခန်းသုံးပစ္စည်းနှင့်ဆေးဝါးများထောက်ပံ့ပေးရန် တိုင်းဒေသကြီးကုသရေးဦးစီးဌာန၏ (၁၇. ၅. ၂၀၁၆) ရက်စွဲပါစာအမှတ်- ၆၀၄/ပခတ-ကုသရေး/ဆေးပစ္စည်း/၁၆ဖြင့် ကုသရေးဦးစီးဌာနသို့ တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပေါင်းတည်မြို့နယ်သို့ ရွှေတောင်မြောင်းတကာ နှစ်ထပ်မဟာဓါတ်အားလိုင်း တည်ဆောက်ရာတွင် ပုံစံ(၇)ရရှိပြီး လယ်ယာမြေအတွင်းသို့ ဖြတ်ဖောက်ခဲ့သဖြင့် သီးနှံလျော်ကြေးနှင့် မြေလျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ပေါင်းတည်မြို့နယ်ရှိ မင်းကွက်ရပ် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **"ပေါင်းတည်မြို့နယ် ပညာရေးမှူးရုံးတိုးချဲ့ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၄) **"ပေါင်းတည်မြို့နယ်၊ တောင်ဘိုးလှကျေးရွာအုပ်စု၊ တောင်ဘိုးလှ အနောက်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၅) **"ပေါင်းတည်မြို့နယ်၊ ကြူတောကန်အုပ်စု၊ ကြူတောကန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပေါင်းတည်မြို့နယ်သို့ဖြတ်၍ ရွှေတောင်မြောင်းတကာ နှစ်ထပ်မဟာဓာတ်အားလိုင်း တည်ဆောက်ရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၇)ရရှိပြီး တောင်သူလယ်သမားများ၏ လယ်ယာမြေအတွင်းသို့ ခွင့်ပြုချက်ပင် မတောင်းဘဲ တာဝါတိုင်ကြီးများ

တည်ဆောက်သွားခဲ့သဖြင့် သီးနှံနှင့်လယ်မြေများ ဆုံးရှုံးခဲ့ရပါသည်။ ထိုသို့ ဆုံးရှုံးခဲ့သော ပေါင်းတည်မြို့နယ်ရှိ တောင်သူလယ်သမားများသို့ လယ်ယာမြေဥပဒေပါ အခွင့်အရေးအရ သီးနှံလျော်ကြေးနှင့် မြေလျော်ကြေး ပေးရန် အစီအစဉ် ရှိ /မရှိ သိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ် မင်းကွက်ရပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သည် ကျောင်းသား/ကျောင်းသူများနှင့် ကျောင်းသားမိဘများ အထူးအားထားရသောကျောင်း ဖြစ်ပါသည်။ ထိုကျောင်းတွင် ကျောင်းသားဦးရေ (၁၀၀၀)ကျော်တက်ရောက် သင်ကြားနေပြီး အခြေခံပညာအထက်တန်းကျောင်း၏ အင်္ဂါရပ်နှင့်လည်း ညီညွတ်ပါသည်။

မင်းကွက်ရပ် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)အား အခြေခံပညာအထက်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ မရှိ ဖြေကြားပေးရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပေါင်းတည်မြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးသည် မင်းကွက်ရပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ကျောင်းပိုင်မြေပေါ်တွင် တည်ရှိနေပါသည်။ ယခုအခါ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)မှာ ကျောင်းသားဦးရေး(၁၀၀၀)ကျော် ရှိပါသဖြင့် ကျောင်းမြေနေရာများအား ပြန်လည်ရယူလိုနေပါသည်။ ဒေသခံရပ်မိရပ်ဖတို့နှင့် ကျောင်းကော်မတီတို့က ကျောင်းမြေအတွင်းရှိ လ. ဝ. ကရုံးအား ထွက်ခွာပေးစေလိုပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးအား တည်ဆောက်ပေးပါက အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ မိမိကျောင်းမြေနေရာ ပြန်လည်ရရှိမည်ဖြစ်ပါသည်။

ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး မြေနေရာသည် မင်းကွက်(၃)ရပ်ကွက်၊ ရွှေတည်(၁)တွင် ပေ(၁၀၀)ပတ်လည်မြေနေရာ ဂရန်ရထားပြီး ရန်ကုန်-ပြည် ကားလမ်းဘေးတွင် တည်ရှိပါသည်။ ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးပိုင် မြေနေရာတွင် ရုံးတည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာနှစ်တွင် ဦးစားပေးအဖြစ် ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပေါင်းတည်မြို့နယ်၊ တောင်ဘိုးလှကျေးရွာအုပ်စု၊ တောင်ဘိုးလှအနောက်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်း ဆောက်လုပ်ပေးရန် ဒေသခံပြည်သူများမှ မြေနေရာလှူဒါန်းထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ /မရှိနှင့် ဆောက်လုပ် ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဦးစားပေးအဖြစ်ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပေါင်းတည်မြို့နယ်၊ ကြူတောကန် အုပ်စု၊ ကြူတောကန်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်း ဆောက်လုပ်ပေးရန် ဒေသခံများမှ မြေနေရာလှူဒါန်းထားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်းတည်ဆောက် ပေးရန် အစီအစဉ် ရှိ /မရှိနှင့် ဆောက်လုပ် ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာနှစ်တွင် ဦးစားပေးအဖြစ် ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့နယ်သို့ ရွှေတောင်မြောင်းတကာ နှစ်ထပ် မဟာဓါတ်အားလိုင်း တည်ဆောက် ရာတွင် ပုံစံ(၇)ရရှိပြီး လယ်ယာမြေအတွင်းသို့ ဖြတ်ဖောက်ခဲ့သဖြင့် သီးနှံလျော်ကြေး နှင့် မြေလျော်ကြေးပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ရွှေတောင်-မြောင်းတကာ ၂၃၀ကေဗွီနှစ်ထပ် မဟာဓါတ်အားလိုင်း တည်ဆောက်ရာတွင် လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ(၇)ရရှိပြီး တောင်သူလယ်သမားများ၏လယ်ယာမြေအတွင်းသို့ ဖြတ်သန်းသွားခဲ့သဖြင့် ပေါင်းတည်မြို့မှ နစ်နာသူတောင်သူ(၅၆)ဦးအား မြို့နယ်ဈေးနှုန်းစိစစ်ရေး အဖွဲ့၏ တွက်ချက်ပြီးဖြစ်သော သီးနှံလျော်ကြေး (၁၃၄၁၁၇၅၂)ကျပ်အား အောက်ပါအတိုင်း ပေးလျော်ခဲ့ပြီးဖြစ်ပါသည်-

| စဉ် | ပေးလျော်သည့်ရက်စွဲ | ဦးရေ | လျော်ကြေးငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၁. ၃. ၂၀၁၄ | (၄၄)ဦး | ၃၉၇၆၇၅၂ | |
| ၂ | ၂၆. ၃. ၂၀၁၄ | (၁၂)ဦး | ၉၄၃၅၀၀၀ | |
| | **စုစုပေါင်း** | (၅၆)ဦး | ၁၃၄၁၁၇၅၂ | |

ထို့အပြင် ကျန်ရှိနေသေးသည့် မြို့နယ်အတွင်း အမှန်တကယ်ကျန်ရှိနေသေးသူများအား လျော်ကြေးကို စိစစ်၍ ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။ သီးနှံလျော်ကြေးအားပေးပြီး မြေလျော်ကြေးပေးလျော်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)၊ (၃)၊ (၄)နှင့် (၅)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့နယ်ရှိ မင်းကွက်ရပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး ၊ ပေါင်းတည်မြို့နယ် ၊ မင်းကွက်ရပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းဆင့်ကျောင်းသား (၁၉၆)ဦး၊ အလယ်တန်းဆင့်ကျောင်းသား (၅၄၉)ဦး၊ မူလတန်းဆင့် ကျောင်းသား (၃၁၁)ဦး၊ စုစုပေါင်း (၁၀၅၆)ဦးအား လယ်အုပ် (၁)ဦး၊ ထက်ပြ (၇)ဦး၊ လယ်ပြ (၁၉)ဦး၊ လယ်မူ (၁၄)ဦး၊ မူပြ (၁)ဦး၊ စုစုပေါင်း (၄၂)ဦးတို့ဖြင့် သင်ကြားပေးလျက်ရှိပါသည်။ အဆိုပါကျောင်း၏ကျောင်းမြေ အကျယ်အဝန်းမှာ (၃. ၉)ဧကရှိပြီး (၉၄ × ၃၀)ပေ အုတ်ညှပ် နှစ်ထပ်ဆောင် (၁)ဆောင်၊ (၃၂ × ၂၈) ပေ သစ်သား နှစ်ထပ်ဆောင် (၁)ဆောင် ၊ (၃၀ × ၂၀) ပေ သစ်သား တစ်ထပ်ဆောင် (၂)ဆောင်၊ (၁၈ × ၁၈) ပေ သစ်သားတစ်ထပ်ဆောင် (၂)ဆောင်၊ (၈၀ × ၃၀)ပေ အုတ်ညှပ်တစ်ထပ်ဆောင်(၁)ဆောင် ၊ (၁၂၀ × ၆၀) ပေ အခြား တစ်ထပ်ဆောင် (၁)ဆောင်၊ စုစုပေါင်း စာသင်ဆောင် (၈)ဆောင်ရှိပါသည်။ ပင်မကျောင်း ဖြစ်သော အထက-မြို့မ နှင့် (၁. ၉) မိုင်ခန့် ကွာဝေးပါသည်။

ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ကျောင်းအဆင့်တိုးမြှင့်ရေးမူအရ အထက(ခွဲ)အဆင့်မှ အထကအဆင့်သို့ တိုးမြှင့်ပေးရန်အတွက် အထက်တန်းဆင့်ကျောင်းသား (၂၀၀)ဦးနှင့်အထက် ရှိရမည် ဖြစ်ပါသည်။ ပေါင်းတည်မြို့နယ်၊ မင်းကွက်ရပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုရန် (၂၇-၁၁-၂၀၁၅) ရက်စွဲပါ စာအမှတ်၊ စိတ်(၁)/ ၂၃၅၅/ကျောင်းအဆင့်တိုးဖြင့် တင်ပြပြီးဖြစ်ပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ဆက်လက်တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့နယ် ပညာရေးမှူးရုံးတိုးချဲ့ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည် မြို့နယ်ပညာရေးမှူးရုံးအား တိုးချဲ့ဆောက်လုပ်နိုင်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ (B-Plan) လျာထားမှု စာရင်းတွင် မြို့နယ်ပညာရေးမှူးရုံးအသစ် ဆောက်လုပ်မည့် ဦးစားပေးအဆင့်တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း ဖြေကြားပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့နယ်၊ တောင်ဘိုးလှကျေးရွာအုပ်စု၊ တောင်ဘိုးလှ အနောက်စု ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးခန်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပေါင်းတည်မြို့နယ်၊ တောင်ဘို့လှကျေးရွာအုပ်စု၊ တောင်ဘို့လှအနောက်စုကျေးရွာတွင်

ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦအား စံကိုက်အဆောက်အဦအဖြစ် ဆောက်လုပ်ပေးနိုင်ရန် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ ဦးစားပေးတင်ပြသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]။** ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့နယ်၊ ကြူတောကန်အုပ်စု၊ ကြူတောကန်ကျေးရွာတွင် ကျေးလက် ကျန်းမာရေးဌာနခွဲ ဆေးခန်းဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပေါင်းတည်မြို့နယ်၊ တောင်ဘို့လှကျေးရွာအုပ်စု၊ တောင်ဘို့လှအနောက်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အဦအား စံကိုက်အဆောက်အဦအဖြစ် ဆောက်လုပ်ပေးနိုင်ရန် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ ဦးစားပေးတင်ပြသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ "ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန် အင်းသမားနှင့် ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများအပေါ် မူဝါဒချမှတ်၍ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း" အဆိုအား လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန် အင်းသမားနှင့် ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများအပေါ် မူဝါဒချမှတ်၍ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးမှ အမည်စာရင်းတင်ပြထားပါတယ်။ သို့ဖြစ်၍ အမည်စာရင်း တင်သွင်းထားသာ ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)က ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောညိုဝင်း၊ သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အင်းလုပ်ငန်းများကြောင့် တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများနှင့် နိုင်ငံတော်အကျိုးစီးပွား ထိခိုက်ပျက်စီးမှုကို အကာအကွယ်ပေးနိုင်ပါရန်နှင့် မိသားစုတစ်ပိုင်တစ်နိုင် ငါးသယံဇာတ ရှာဖွေစားသောက်သူများ၏ ဝမ်းရေးအတွက် အစီအစဉ်များ ဖော်ဆောင်ပေးနိုင်ရန်အတွက် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၏ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

အထက်ပါမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်တို့ သနပ်ပင်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီးတစ်ခုလုံးတွင် အင်း၊ အိုင်၊ ချောင်း၊ မြောင်းများစွာတည်ရှိပြီး ၎င်းအင်း၊ အိုင်၊ ချောင်း၊ မြောင်းများသည် လယ်ယာလုပ်ငန်း၊ ပြည်သူများ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် များစွာဆက်စပ်နေကြောင်းလည်း အစိုးရအဖွဲ့နှင့် ကိုယ်စားလှယ်တော်ကြီးများ အသိပင်ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး ရေချိုငါးဖမ်းဥပဒေ၊ နည်းဥပဒေတို့တွင် ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့်များကို တစ်ကယ့်မြေပြင်အခြေအနေများတွင် ဘောင်ကျော်လုပ်ဆောင်မှုများကိုလည်း တွေ့ရှိနေကြရပါသည်။

ဥပမာပေးပြောရရင် သနပ်ပင်မြို့နယ် ကမ်းပြို-ကျုံပါ ရေနုတ်မြောင်းပါ။ အဆိုပါ ရေနုတ်မြောင်းမှာ ၁၉၉၆ တွင် တစ်အိမ်လျှင် (၁၀)ပေ ပတ်လည် (၁၀)ကျင်းနှုန်းဖြင့် ပတ်ဝန်းကျင်ကျေးရွာရှိ ပြည်သူများကို ကိုယ်ထူကိုယ်ထ တူးဖော်စေခဲ့ပြီး ၂၀၀၀-၂၀၀၁ တွင် စက်ယန္တရားဖြင့် ထပ်မံတူးဖော်ပေးခဲ့ပါသည်။ ၂၀၀၁မှ ၂၀၁၂အထိ ကြားချက်နှင့် အင်းဂျက်လေလံပေးခဲ့သဖြင့် ရေနုတ်မြောင်းသည် ရေစီးရေလာမကောင်းဘဲ တိမ်ကောပျက်စီးခဲ့ရပါသည်။ ရေဆင်းမကောင်းသဖြင့် လယ်မြေများရေကြီးခြင်း၊ ရေကျနောက်ဆုတ်ခြင်း၊ စပါး ပဲအထွက်လျော့ခြင်းတို့ တွေ့ကြုံရ၍ ပြည်သူအများ များစွာဆုံးရှုံးခဲ့ကြရပါသည်။ ၂၀၁၃ခုနှစ်တွင် ပြန်လည်တူးဖော်ပေးခဲ့ရပြီး အင်းဂျက်ချပေးခြင်းကို ၂၀၁၂-၂၀၁၄ တွင်သာ ရပ်နား၍ ၂၀၁၅ တွင် တဖန်ပြန်လည် ချပေးနေပြန်ပါသည်။

တူးမြောင်းတစ်ခုတူးရာတွင် နိုင်ငံတော်မှ သိန်းပေါင်းထောင်ချီ သုံးစွဲရသော်လည်း နိုင်ငံတော်မှ ပြန်လည်ရရှိငွေမှာ အင်းအတွက် ငွေ (၂)သိန်းကျပ်နှင့် ကြားချက်အတွက် ငွေ (၅)သောင်းကျပ်သာဖြစ်သဖြင့် အကျိုးနှင့် ဆုံးရှုံးမှုမှာ အဆပေါင်းများစွာ ကွာခြားပါသည်။

နောက်ထပ်အရေးကြီး ဥပမာတစ်ခုမှာ ပဲခူး-စစ်တောင်းတူးမြောင်းကြီးပင် ဖြစ်ပါသည်။ ငါးလုပ်ငန်း ဦးစီးဌာနအတွက် ငါးသယံဇာတ လေလံတင်ရောင်းချစရာ အင်းချောင်းကြီးဖြစ်ပြီး တဖန်လယ်သမားတို့ အဓိက အားထားရာ ရေသွယ်ချောင်းကြီးလည်း ဖြစ်နေပါသည်။ ထိုချောင်းကြီးတွင် ငါးဖမ်းဆီးရန်အတွက် အတွင်းသို့ စီးဝင်သော ရေစီးရေလာနေရာများတွင် မြင်းဝန်းယင်းများ ပိတ်ဆို့ခြင်း၊ ခြုံများချခြင်း၊ ကျားပိုက်ထောင်ခြင်း စသည်ဖြင့် သဘာဝအလျှောက် မဟုတ်ဘဲ ရေစီးရေလာရပ်တန့်စေသော အခိုင်အမာ အတားအဆီးများကို လူတို့က ပြုလုပ်လာကြပါသည်။ လေလံရရှိသူများက ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာမှုအားနည်းခြင်း၊ တရားဥပဒေစိုးမိုးမှုကို ထိရောက်စွာမလုပ်ဆောင်သောကြောင့် ရေအတားအဆီး အပိတ်အဆို့ ဖြစ်ပေါ်၍ မြစ်ချောင်းတိမ်ကောပြီး ယခုနှစ်မိုးရာသီ ဇွန်လတွင်ပင် မြို့နယ်၏ စပါးစိုက်ဧက ၁၅၆၉၃၄ ဧကတွင် ဧက (၄)သောင်းကျော် ရေကြီးနစ်မြုပ်၍ စပါးများ သေဆုံးခဲ့ရပါသည်။

အချို့လယ်များတွင် ရေကျပြီးနောက် ပြန်စိုက်၍ ရသော်လည်း အများအားဖြင့် ပြန်စိုက်၍မရတော့ပါ။ နိုင်ငံတော်နှင့် ပြည်သူအတွက် များစွာဆုံးရှုံးခဲ့ရပါသည်။

နွေစပါး ရေပေးဝေရာတွင်လည်း အင်းများငါးဖမ်းမပြီးစီးသဖြင့် တားဆီးမှုကြောင့် ရေစီးရေလာ နောက်ကျ၍ ပျိုးပင်များ ရေငတ်သေဆုံးခြင်း၊ ရေပြတ်၍ စပါးအထွက်ဆုတ်ခြင်းတို့ နှစ်စဉ်ဖြစ်ပေါ်လျှက် ရှိပါသည်။

မိုးစပါးအတွက် ရေနစ်မြုပ်သေဆုံးသော ခန့်မှန်းစပါးဧက ၄ သောင်းတွင် လုံးဝပျက်စီးပြီး ပြန်စိုက်၍ မရနိုင်တော့ပါ။ ၁ ဧကလျှင် ပျမ်းမျှ တင်း ၄၀ ဆုံးရှုံး၍ ဧက ၁ သောင်းလျှင် စပါးတင်း(၄)သိန်း ဆုံးရှုံးပါသည်။ စပါး(၁)တင်းလျှင် (၅)ထောင်ကျပ်နှုန်းဖြင့် တင်း ၄ သိန်းအတွက် သိန်းပေါင်း ၂ သောင်းခန့် ဆုံးရှုံးခဲ့ရပါသည်။ ပြန်စိုက်ရသည့် ဧက(၃)သောင်းအတွက် ထပ်မံကုန်ကျစရိတ်မပါပါ။

တစ်မြို့နယ်လုံးတွင် နွေစပါးစိုက်ဧက ၂၈၉၄၈ ဧကရှိပါသည်။ ရေပြတ်၍ တစ်ဧကလျှင် ၅ တင်း သို့မဟုတ် ၁၀ တင်း အထွက်နှုန်း လျော့ပါသည်။ ပျမ်းမျှ ၅ တင်းနှုန်းဖြင့် ၂၈၉၄၈ ဧကအတွက် ၁၄၄၇၄၀ တင်း ဆုံးရှုံးပြီး တစ်တင်းလျှင် ၅ ထောင်ကျပ်နှုန်းဖြင့် ၁၄၄၇၄၀ တင်းအတွက် (သိန်းပေါင်း ၇ ထောင်ကျော်) ဆုံးရှုံးရပါသည်။ ရေငတ်ပျက်စီးသော စပါးဧကများမပါပါ။ စပါးအထွက်ဆုတ်ယုတ်ခြင်း တစ်ခုတည်းကိုသာ ဖော်ပြခြင်းဖြစ်ပါတယ်။ ကောသွားသော မြစ်ချောင်းများ ပြန်လည်တူးဖော်ရသည့် စရိတ်ပင် တစ်နှစ်လျှင် သိန်းပေါင်းသောင်းချီ၍ ကုန်ကျပါသည်။

အထက်ပါ အချက်အလက်များကို အကြမ်းဖျဉ်းကြည့်လျှင်ပင် အင်းချက်လေလံတင်ခြင်းကြောင့် နိုင်ငံတော်ရရှိသည့် ငွေကြေးနှင့် ဆုံးရှုံးရသည့်ပမာဏများစွာ ကွာခြားကြောင်း သိမြင်နိုင်ပါသည်။

ထို့အတူ အင်းလေလံရရှိသူများသည် ပြဋ္ဌာန်းထားသော ဥပဒေများ၊ တိုင်း၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ချမှတ်ထားသော စည်းကမ်းချက်များနှင့်အညီ မဖမ်းဆီးမှုကြောင့် ငါးသယံဇာတများ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာပြီဖြစ်ပါသည်။ အခြားနိုင်ငံများမှ တရားမဝင် ဝင်ရောက်လာသော အေးခဲအသား၊ ငါး၊ ပုစွန်များကို ပြည်သူများစားသုံးနေရကြောင်း ဝမ်းနည်းဖွယ်တွေ့မြင်နေကြရပါသည်။

ငါးသယံဇာတထုတ်ယူရန် တရားဝင်ခွင့်ပြုချိန်မှာ တော်သလင်းလဆန်း ၁ ရက်မှ တန်ဆောင်မုန်း လပြည့်ကျော် ၁ ရက် (စက်တင်ဘာ ၂ ရက်နေ့မှ နိုဝင်ဘာ ၁၅ ရက်) နေ့အထိ ဆိုသော်လည်း ငါးရစ်ငါးသန်မဖမ်းဆီးရန် မည်သို့ပင်တားမြစ်နေစေကာမူ ဝါဆိုလဆန်း ၃ ရက် (ဇူလိုင်လ ၆ ရက်)နေ့တွင် ကျွန်တော်ကိုယ်တိုင် မြို့နယ်တွင်း ကွင်းဆင်းလေ့လာရာ ချောင်းမြောင်းများတွင် ခိုင်မာသော အတားအဆီး များဖြင့် ပိတ်ဆို့ဖမ်းဆီးနေခြင်းများကို တွေ့ရပါသည်။ ဓါတ်ပုံအထောက်အထားများလည်း ရရှိခဲ့ပါသည်။

အခိုင်အမာအတားအဆီးဆိုရာတွင် ချောင်းလုံးပြည့် ကျားများထောင်ခြင်း၊ ပိုက်များချခြင်း၊ ချောင်းမြောင်းကို မြေသားအိတ်ဖြင့် အောက်ခြေတွင် အခိုင်အမာဖို့ထားသည့် ယင်းများချခြင်း၊ ယင်း အကျဲအတိုင်းအတာကို အလွန်အမင်း ကျဉ်းထားခြင်း (မတ်စေ့ပြားနှင့် မတ်စေ့ဒေါင့်) စသည်တို့ကို တရားလက်လွတ်ပြုမူပြီး ဒေသခံရေလုပ်သားများ၏ တစ်ပိုင်တစ်နိုင် မိသားစုဝမ်းရေးအတွက် ကွန်ပစ်၊ ငါးမျှားခြင်း တို့အတွက် ငါးရှာဖွေ စားသောက်ခွင့် လက်မှတ်ကို ဈေးကြီးကြီးနှင့် ရောင်းချခြင်း၊ ဌာနဆိုင်ရာနှင့်

ပြည်သူ့ရဲပင် မသိရှိရဘဲအင်းသူကြီးမှ ရေလုပ်သားများအပေါ် အုပ်စုဖွဲ့အနိုင်ကျင့်ခြင်းများကို စသည်တို့ကို နှစ်စဉ်ပြုလုပ် နေခဲ့ပါသည်။

အထက်ပါ အချက်များကို ကြည့်ခြင်းဖြင့် နိုင်ငံတော်၏ ရရှိသည့် ငွေပမာဏနှင့် မမျှအောင် ပျက်စီးဆုံးရှုံးမှုကို ခံစားနေရပြီး အများပြည်သူအတွက် လွန်စွာထိခိုက်နစ်နာစေသည့် အထက်ပါ အင်းလုပ်ငန်းများကို တိုင်းဒေသကြီးအဆင့် လေလံတင်ရောင်းချရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဥပဒေနှင့်အညီ ပုဒ်မ ၂၄ လိုင်စင်ဆိုင်းငံ့နိုင်သော ထပ်မံအငှားချထားနိုင်သော၊ ပုဒ်မ ၃၂ (က) အရ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသော၊ ပုဒ်မ ၃၂ (ဂ) အရ အရေးယူဆောင်ရွက်နိုင်ပါသော ပုဒ်မ ၄၀ အရ တရားစွဲဆိုနိုင်သော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးအနေဖြင့် ပြည်သူ့အကျိုးငှာ ပြောင်းလဲချိန်တန်ပြီဖြစ်ခြင်းကြောင့် လိုအပ်သော အစီအစဉ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်နှင့်အညီ အလျင်အမြန် ဆောင်ရွက်ရန် အတွက် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်၏ အဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေးအပ်ပါသည်။

**ဦးညီညီထွေး၊ ညောင်လေးပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ဒေါ်ရီရီထိုက်၏အဆိုမှာ အပိုင်း(၂)ပိုင်း တွေ့ရမှာဖြစ်ပါတယ်။ ပထမအပိုင်းက **“ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန်”** ဆိုတဲ့အပိုင်းနှင့် ဒုတိယအပိုင်းက **“အင်းသမားနှင့် ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများအပေါ် မူဝါဒချမှတ်၍ ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်”** ဆိုပြီး(၂)ပိုင်း တွေ့ရပါတယ်။

ပထမအပိုင်းဖြစ်တဲ့ နယ်နိမိတ်သတ်မှတ်ပေးရေးနဲ့ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံရေးခေတ်စနစ်အမျိုးမျိုးကို ဖြတ်သန်းလာခဲ့ရတဲ့နိုင်ငံ ဖြစ်တာနဲ့အညီ ဝန်ကြီးဌာနများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းမှုအားနည်းခဲ့ခြင်း၊ ဌာနဆိုင်ရာများ၏ လုပ်ငန်းတာဝန်ပေါ့လျော့ခဲ့ခြင်းတို့ကြောင့် စာရင်းဇယားအမှားများ၊ ကိန်းကဏန်းအမှားများ မြေစာရင်းမြေပုံအမှားများနှင့် လျှောက်လှမ်းလာခဲ့ရတာဟာဖြင့် ယနေ့ထိတိုင်ပဲဖြစ်ပါတယ်။ အခုဆိုရင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ နေပြီးတော့ Digital မြေတိုင်းတာစက်များနှင့် ပြန်လည်တိုင်းထွာနေပြီဆိုတာကြားသိရပါတယ်။ နောက်ပြီး One Map မြေပုံပေါ်ထွက်လာရေးအတွက် နိုင်ငံတော်အဆင့် ဆောင်ရွက်နေပြီလို့ သိရှိရတဲ့အတွက် များစွာ ကျေနပ်ရပါတယ်။

အချိန်ကာလတွေ ရွှေ့ပြောင်းလာတာနှင့်အညီ ချောင်းရိုး/မြောင်းရိုးများ တိမ်ကောလာခြင်း အင်းနယ်နိမိတ်များ ကျဉ်းမြောင်းခြင်းများ ဖြစ်ပေါ်ခဲ့ပါတယ်။ အင်းနယ်နိမိတ်တွေ ဘာကြောင့်ကျဉ်းမြောင်းလာရလဲဆိုရင် ရေဘူဃအားဖြင့် မြစ်ရေကြီးခြင်း၊ နုံးအနယ်အနှစ်များပို့ချခြင်း စတဲ့သဘာဝကြောင့် ကျဉ်းမြောင်းသလို အကျင့်ပျက်ခြစားမှုများကြောင့်လည်း ပါပါတယ်။ ဘာကြောင့် အကျင့်ပျက်ချစားမှုကြောင့်လို့ ပြောရသလဲဆိုရင် နှစ်ရှည်အငှားဂရန် (ကြေးတိုင်)ရတဲ့ အင်းတွေဟာ အင်းကိုပြင်ဆင်ပဲ့မယ်ဆိုတဲ့ ကတိပေးရပါတယ်။ အဲ့ဒီအာမခံအတွက် အင်းတန်းဖိုးငွေရဲ့ ၃၀% ဌာနကိုပေးသွားထားရပါတယ်။ အင်းသမားတွေ

ကလည်း အင်းကိုမပြင်သလို ၃၀% ငွေလည်း ပြန်မရတော့ပါဘူး။ ဒါပေမဲ့ ဌာနဆိုင်ရာရဲ့ အစိုးရအပေါ် တင်ပြမှုမှာတော့ အဲ့ဒီအင်းတွေအားလုံးပြင်ပါတယ်။ ၃၀% ငွေလည်း ပြန်ပေးလိုက်ပါတယ်။ ဒီအချက်ကလည်း အင်းတိမ်ကောခြင်းမှာ ပါဝင်တယ်လို့ယူဆလို့ရပါတယ်။

အင်းမြေတွေတိမ်ကောလာတဲ့အတွက် တောင်သူတွေကလည်း အဲ့ဒီမြေပေါ်မှာ လယ်/ယာတွေ စိုက်ပျိုးလာကြပါတယ်။ တချို့မြေတွေဆိုရင် ယခုအင်းရေပြင်နဲ့ ပေပေါင်း ၁၅၀၀-၂၀၀၀ လောက်ဝေးကွာနေပြီဖြစ်သော်လည်း အင်းမြေအဖြစ်ပဲရှိနေတဲ့အတွက် အခုပြောင်းလဲလာတဲ့ မြေယာဥပဒေအရ ပုံစံ (၇) မရရှိတဲ့အတွက် တောင်သူတွေ နစ်နာနေရပါတယ်။ ဒါ့အတွက်ကြောင့် ဒေါ်ရီရီထိုက်ရဲ့ အင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန် ဆိုတဲ့အပိုင်းကို ထောက်ခံဆွေးနွေးပါတယ်။

ဒုတိယအပိုင်းဖြစ်တဲ့ **“မူဝါဒချမှတ်ပြီး ထိရောက်စွာဖြေရှင်းဖို့”** ဆိုတဲ့ အပိုင်းကို ဆွေးနွေးရမယ်ဆိုရင် မူဝါဒချမှတ်တာဟာ ကျွန်တော်တို့လွှတ်တော်မှာ တာဝန်ရှိသလို အစိုးရနှင့် ဌာနဆိုင်ရာမှာလည်း တာဝန်ရှိ ပါတယ်။ ဘာလို့လည်းဆိုတော့ လွှတ်တော်က ဥပဒေ၊ နည်းဥပဒေကိုသာ ပြဋ္ဌာန်းပြီး လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်၊ စည်းကမ်းသတ်မှတ်ချက်များကိုတော့ သက်ဆိုင်ရာဌာနအကြီးအမှူးနဲ့ ဝန်ကြီးတို့က သတ်မှတ်တာ ဖြစ်ပါတယ်။

မူဝါဒချမယ်ဆိုရင် ဘယ်လိုမူဝါဒတွေ ချမှတ်မလဲဆိုတာ ကျွန်တော့်အနေနဲ့က အပြုသဘောဆောင်ပြီး အနည်းငယ်ဆွေးနွေးတင်ပြပါရစေ။ ပထမအနေနဲ့ လေလံစည်းကမ်းတွေကို ပြန်လည်ပြင်ဆင်သင့်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ခေတ်စနစ်နဲ့ မညီတော့တဲ့အချက်တွေ ပါဝင်နေလို့ပါ။ ဥပမာအနေနဲ့ပြောရရင် ပြီးခဲ့သောလေလံ (အရင်လေလံ) စည်းကမ်းအမှတ်စဉ် (၁၃)မှာ **“အင်းလေလံရောင်းချရေးအဖွဲ့သည် အကြောင်းတစ်စုံတစ်ရာမပြဘဲ မည်သည့်အင်းနှင့် မည်သည့်လေလံဆွဲဝယ်ခြင်းကိုမဆို ငြင်းပယ်နိုင်သည်”** ဆိုပြီး သတ်မှတ်ထားတာတွေ့ရမှာဖြစ်ပါတယ်။ အကြောင်းပြချက်မရှိဘဲ ငြင်းပယ်တယ်ဆိုတော့ ကျွန်တော်တို့ အခုလက်ရှိသွားနေတဲ့ ပွင့်လင်းမြင်သာမှုရှိရမယ်ဆိုတဲ့မူနဲ့ လုံးလုံးဆန့်ကျင်နေတဲ့အပြင် အာဏာရှင်ဆန်တဲ့ အသုံးအနှုန်းလို့လည်း ယူဆနိုင်ပါတယ်။ အမှတ်စဉ် (၁၆)မှာလည်း ဟိုလိုလိုဒီလိုလို စကားရပ်တွေရှိပါသေးတယ်။ အချိန်ကိုငဲ့ပြီး မတင်ပြတော့ပါဘူး။

ဒုတိယအနေနဲ့ အင်းလေလံတင်ရောင်းချခြင်းကို မြို့နယ်ငါးလုပ်ငန်းရုံးတွေမှာ ပြုလုပ်ပေးသင့်ပါတယ်။ ဘာကြောင့်လဲဆိုရင် တချို့သောအင်းတွေရဲ့ လေလံဈေးနှုန်းဟာ ပဲခူးကိုလာပြီး လေလံဆွဲရတဲ့ စာရိတ်လောက်တောင်မရှိတာကတစ်ကြောင်း၊ အမှန်တကယ်အင်းလုပ်ကိုင်လိုသော်လည်း မြို့ပေါ်တက်လေလံဆွဲရမည့် ဒုက္ခကို မခံနိုင်တာကတစ်ကြောင်း စတဲ့အကြောင်းပေါင်းများစွာကြောင့် လေလံတွေကို မြို့နယ်တွေမှာ ရောင်းပေးသင့်ပါတယ်လို့ အကြံပြုဆွေးနွေးအပ်ပါတယ်။ ဒါ့အပြင် အင်းရဲ့ အနီးတဝိုက် ကျေးရွာများမှာ နေထိုင်တဲ့ ဒေသခံများကို ဦးစားပေးပြီး လေလံပေးသင့်ပါတယ်။ ဒါကဘာကြောင့်လဲဆိုတော့ ယခုအင်းလုပ်ကိုင်ခွင့်ရရှိထားသူတွေဟာ အများအားဖြင့် ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သူများသာလျှင်ဖြစ်ပြီး ၎င်းတို့ကိုတိုင် လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိဘဲ ဒေသမှာရှိသောသူများအား တစ်ဆင့်ပြန်လည်ရောင်းချ လုပ်ကိုင်ဆောင်ရွက်နေကြခြင်းကြောင့် ဒေသခံအင်းသမားများမှာ နှစ်စဉ်နစ်နာဆုံးရှုံးမှုများ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ဒါ့ကြောင့် အမှန်တကယ် လုပ်ကိုင်သူဒေသခံ အင်းသမားများကိုသာ လေလံဦးစားပေးသင့်ပါတယ်။

တတိယအချက်အနေဖြင့် ဆည်မြောင်းပိုင်နယ်နိမိတ်ထဲက အင်းများအား ပြန်လည်ဖော်ထုတ်ပြီး လုပ်ပိုင်ခွင့်စည်းကမ်းများ ပြန်လည်သတ်မှတ်သင့်ပါတယ်။ ဂရန်အင်းအများစုဟာ အင်္ဂလိပ်ခေတ်တည်းက တူးဖော်သွားတဲ့ ရေနုတ်မြောင်းများပေါ်မှာ ရှိနေလို့ပါပဲ။ ဆည်မြောင်းဦးစီးဌာနရဲ့ သတ်မှတ်ချက်အရ **"ရေနုတ်မြောင်းများအတွင်း ရေစီးရေလာအား အဟန့်အတားဖြစ်စေမည့် မည်သည့်ကိစ္စမှမပြုလုပ်ရ"** ဆိုတဲ့ အချက်ဟာ ငါးဖမ်းဆီးရတဲ့ပုံစံသတ်မှတ်ချက်များနဲ့ လုံးဝကို ဆန့်ကျင်ဖက် ကွဲလွဲနေတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲ့ဒီအတွက်ကြောင့်လည်း နှစ်စဉ်နှစ်တိုင်းလိုလို အင်းသမားနဲ့ လယ်သမားများ ပြဿနာများဖြစ်ပြီး တရားရုံးတွေရောက်တဲ့အပြင် ဝန်ကြီးထံရောက်တဲ့ တိုင်စာပေါင်းဟာလည်း မနည်းမနောရှိနေမှာပါ။

စတုတ္ထအချက်အနေဖြင့် တောင်သူလယ်သမားမိသားစုများဟာ လယ်ယာလုပ်ငန်းခွင့်အားလပ်ချိန်များမှာ တစ်ဝမ်းတစ်ခါးအတွက် ငါးရှာဖွေချင်ပေမဲ့လည်း ရေပြင်အားလုံးလိုလိုဟာ ငါးလုပ်ငန်းရေပြင်များဖြစ်နေ၍ ငါးရှာဖွေစရာ နေရာမရှိတော့တဲ့အတွက် အခက်ကြုံနေကြရပါတယ်။ ဒါကိုဖြေရှင်းပေးဖို့ဆိုရင် ဘုံငါးဖမ်းရေပြင်များ သတ်မှတ်ပြီး ငါးဖမ်းခွင့်လိုင်စင်များ ချပေးသင့်ပါတယ်။

အနှစ်ချုပ်အားဖြင့် တင်ပြရမယ်ဆိုရင် အင်းသမားနှင့် ရေလုပ်သားများ အင်းသမားနှင့် လယ်သမားများဟာ အထက်မှာ တင်ပြခဲ့တဲ့အတိုင်း နှစ်စဉ်နှစ်တိုင်းလိုလို ပြဿနာများဖြစ်ပြီး တရားရုံးတွေရောက်ရတဲ့အပြင် တိုင်းဒေသကြီးအစိုးရနှင့် ဝန်ကြီးထံ ရောက်တဲ့တိုင်စာပေါင်းဟာလည်း မနည်းမနောရှိနေတဲ့အတွက် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်ရီရီထိုက် တင်သွင်းသော **" ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန် အင်းသမားနှင့်ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများအပေါ် မူဝါဒချမှတ်၍ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း "** အဆိုကို ထောက်ခံဆွေးနွေး တင်ပြအပ်ပါသည်ခင်ဗျား။

**ဦးမျိုးခိုင်၊ ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။လေးစားအပ်ပါသော ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ဒုတိယအကြိမ်မြောက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး၏ ပထမနေ့တွင် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်တင်သွင်းသော **" ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန်၊ အင်းသမားနှင့် ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများအပေါ် မူဝါဒချမှတ်၍ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုအား ထောက်ခံဆွေးနွေးမည့် ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား-နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီစနစ်ကို ပီပြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အချိန် ဖြစ်ပါတယ်။ ဒီစနစ်အောင်မြင်ဖို့ဆိုလျှင် စနစ်ရဲ့မောင်းနှင်အားဖြစ်တဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံ၊ တာဝန်ယူမှုဆိုတဲ့

အချက်တွေကို လျစ်လျူရှုထားလို့မရပါဘူး။ နိုင်ငံတော်မှ ယနေ့အချိန်အထိ ထုတ်ပြန်ပြီးသော ဥပဒေများ၊ တည်ဆဲဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် စည်းမျဉ်းစည်းကမ်းများကို ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူအများ သိရှိနားလည်စေရန် ကြိုးပမ်းဆောင်ရွက်ရမည့် တာဝန်မှာ အစိုးရ၊ လွှတ်တော်၊ ဝန်ကြီးဌာနနှင့် ၎င်းတို့ရဲ့လက်အောက်မှ ဌာနဆိုင်ရာအသီးသီး၊ NGO အဖွဲ့အစည်းများ အသီးသီးတာဝန်ရှိကြပါတယ်။ ဒီတာဝန်ကို ထမ်းဆောင်တဲ့နေရာမှာ အစိုးရအဖွဲ့ရဲ့ ဝန်ကြီးဌာနအောက်ရှိ အဆင့်ဆင့်သောဌာနများရဲ့ ဝန်ထမ်းများမှာ အဓိကတာဝန်ရှိပါတယ်။ အထက်တွင် ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်တင်ပြခဲ့သောအဆိုတွင် ပါရှိသည့်အချက်အလက်များကို ပြန်ကြည့်လျှင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အင်းနယ်နိမိတ်များ၊ ငါးဖမ်းသောနည်းသစ်များ၊ အသုံးပြုသော ငါးဖမ်း ကရိယာ၊ စည်းမျဉ်း၊ စည်းကမ်းများကို ဒေသခံပြည်သူများ၊ တောင်သူများသို့ အသိပညာပေးရန် တာဝန်ရှိ ပါတယ်။ အင်းသူကြီး၊ ရေလုပ်သားများအနေဖြင့်လည်း သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါတယ်။ အထက်တင်ပြပါအချက်အလက်များအား ပွင့်လင်းမြင်သာစွာဖြင့် ပြည်သူအများသိရှိလည်းလည်စေရန် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ဆောင်ရွက်ခဲ့မယ်ဆိုလျှင် အဆိုရှင်တင်ပြ ခဲ့သော အင်းသမားနှင့် ရေလုပ်သား၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများ လျော့နည်းပပျောက်လာမည်ဖြစ်ပါတယ်။ လက်ရှိအခြေအနေတွင် အင်းနယ်နိမိတ်တိကျစွာ သတ်မှတ်နိုင်ရေးနှင့် အခြားငါးလုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုအပ်ချက်ရှိလျှင်လည်း ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းပေးနိုင်ရန် (သို့မဟုတ်) ပြဋ္ဌာန်းပြီးသော ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်ဖြည့်စွက်ရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကော်မတီများနှင့် ဆက်သွယ် ပူးပေါင်းဆောင်ရွက်သင့်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား- ပြည်သူများအချင်းချင်း ပဋိပက္ခဖြစ်စေနိုင်သော ဥပဒေ၊ နည်းဥပဒေများ၊ တိကျပြတ်သားပြီး ပြည်သူအများအလွယ်တကူ လိုက်နာနိုင်သော ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ပြဋ္ဌာန်းဆောင်ရွက်ပေးရမည့် တာဝန်မှာ လွှတ်တော်ရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ အဆိုရှင်တင်ပြသော အင်းသမား၊ ရေလုပ်သား၊ လယ်သမားနှင့်ဒေသခံပြည်သူတို့အကြား ပဋိပက္ခပြဿနာများ မပေါ်ပေါက်စေရန် ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် ရေလုပ်ငန်းနှင့်ပတ်သက်သော တည်ဆဲဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရေလုပ်သားနှင့် အင်းသမားများ လိုက်နာ စေရန်လည်းကောင်း။ တိကျသေချာသော အင်းနယ်နိမိတ်များကို သတ်မှတ်ပေးပြီး ပြည်သူအများ သိရှိအောင် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်သင့်ပါတယ်။ ထိုသို့ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ များမှာ အချိန်အခါ၊ ဒေသနှင့်ကိုက်ညီမှုမရှိတော့လျှင် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သင့်သော အချက်အလက် များဖြင့် ပြန်လည်သုံးသပ်ပြင်ဆင်ဖြည့်စွက်ပြီး တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြဆွေးနွေး အတည်ပြုချက် ရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ပါတယ်။ သို့ပါသောကြောင့် အဆိုရှင် ဝေါမြို့နယ်မဲဆန္ဒနယ်၏ အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက်တင်သွင်းသော အင်းသမား၊ ရေလုပ်သား၊ လယ်သမားနှင့် ဒေသခံပြည်သူတို့အကြား ပဋိပက္ခပြဿနာများ ပေါ်ပေါက်စေရန် ပဲခူးတိုင်းဒေသကြီး

အစိုးရအဖွဲ့အနေဖြင့် မူဝါဒချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ကဝမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးခိုင်မှ လေးနက်စွာ ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန် အင်းသမားနှင့် ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများအပေါ် မူဝါဒချမှတ်၍ ထိရောက်စွာ ဖြေရှင်း ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးမှ ပြန်လည်ဖြေရှင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထိုက် မေးမြန်းသောကိစ္စနှင့် ပတ်သက်၍ ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းရိုး၊ မြောင်းရိုးများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန်/ အင်းသမားနှင့်ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင် လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများဖြစ်ပေါ်လာပါက သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး အင်းသမားနှင့် ရေလုပ်သားများ၏ လုပ်ပိုင်ခွင့်များကို ငါးလုပ်ငန်းဦးစီးဌာနမှ မူဝါချမှတ်၍ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ရီရီထိုက်၊ ဝေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ငါးလုပ်ငန်းဦးစီးဌာနမှ အခွန်စည်းကြပ်ထားသော ချောင်းမြောင်း၊ ရိုးမြောင်းများနှင့် လေလံအင်းနယ်နိမိတ်များအား တိကျမှန်ကန်စွာ သတ်မှတ်ပေးနိုင်ရန် အင်းသမားနှင့် ရေလုပ်သားများ၊ အင်းသမားနှင့် လယ်သမားများ တရားဝင်လုပ်ပိုင်ခွင့်အရ အငြင်းပွားနေမှုများအပေါ် မူဝါဒချမှတ်၍ ထိရောက်စွာ ဖြေရှင်း ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း"** အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်၏ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၁(ထ)(၂)အရ မတ်တပ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ သဘောထားရယူရာတွင် အစည်းအဝေးတက်ရောက်သူ (၆၇)ဦးအနက် ထောက်ခံသူ(၆၀)ဦးရှိပြီး အစည်းအဝေးသို့ တက်ရောက်သော တိုင်းဒေသကြီး ကိုယ်စားလှယ်ဦးရေ ထက်ဝက်ကျော်ထောက်ခံသည့်အတွက် ယင်းအဆိုကို တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပါသည်။

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့ ) ရပ်နားကြောင်းနှင့် အစည်းအဝေး (စတုတ္ထနေ့) ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၄း၃၀)နာရီတွင် ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ (၆)ရက် (ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီခင်ဗျား။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ်ပဲခူးတိုင်းဒေသကြီးလွှတ်တော်
# စတုတ္ထပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
# [ ၂၀၁၆ ခုနှစ် ၊ အောက်တိုဘာလ ၆ ရက် ]
# (ကြာသပတေးနေ့)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံးအစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဦးကိုကိုဦး(ပ/၅၆၅၄)၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး၊ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဆောင်ရွက်ပါသည်။]

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၇၆ ဦး ရှိတဲ့အနက် ဒီကနေ့ အစည်းအဝေးကို ၆၉ ဦး တက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၉၀.၇၉ ရာခိုင်နှုန်းရှိတဲ့အတွက် တက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံဦးရေထက် ကျော်လွန်တာကြောင့် ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)နှင့် ၃၅ (ဂ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်များကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက် သွားပါမယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄(က) အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူမှာဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူရှိပါက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်[ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)]**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော်ကတော့ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်(ခ)ဦးဆန်းမြင့် ဖြစ်ပါတယ်။ ရေတာရှည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းသိန်း[ဝန်ကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့]၊ ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန]၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစည်သူလွင်၊ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရန်နိုင်စန်းနှင့် ဗိုလ်မှူးဇေယျာဦးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စများရှိပါသဖြင့်လည်းကောင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ဌေး[ဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန]သည် ကျန်းမာရေးမကောင်းပါသဖြင့် (၆-၁၀-၂၀၁၆)ရက်နေ့ အစည်းအဝေးသို့ မတက်ရောက် နိုင်ခြင်းအား ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ယင်းတို့(၇)ဦး၏ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယခုခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။
[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပြုကြောင်းကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ တက်ရောက်ခွင့်ရှိတဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၇၆ ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ ၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(ခ) အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို တိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးနိုင်အောင်ခင်က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာအား ရေးရာကော်မတီအဖွဲ့ဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်ကြီးနိုင်အောင်ခင်က လွှတ်တော်သို့ တင်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဗိုလ်ကြီးနိုင်အောင်ခင်[အဖွဲ့ဝင်၊ ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ]**။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ တင်သွင်းသော အစီရင်ခံစာ

**နိဒါန်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီအနေဖြင့်

- တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသော ဥပဒေကြမ်း၊ အဆို(သို့မဟုတ်) အစီရင်ခံစာ၊ ဖြေကြားသောအဖြေများ၊ ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စနစ်တကျ စိစစ်ရန်၊

- ပြည်သူလူထု၏ အကျိုးအတွက် အစိုးရအဖွဲ့မှ သတ်မှတ်ကာလအတွင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိ မူလသတ်မှတ်ချက်အတိုင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိနှင့် မည်သည့် အခြေအနေထိ အကောင်အထည်ဖော် ဆောင်ရွက်ကြောင်း ထိရောက်မှန်ကန်စွာ စစ်ဆေးနိုင်ပါရန်၊
- အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲတိုးတက်မှုများအား ကော်မတီမှ သက်ဆိုင်ရာကဏ္ဍအလိုက် စိစစ်ပြီး အပြုသဘောဆောင်သော စောင့်ကြည့်ထိန်းညှိမှုဖြင့် ပြည်သူ့အတွက် အရေးကြီးလုပ်ငန်းစဉ်များ ကျန်ရှိမှုမရှိစေရေး၊ ထပ်မံဆောင်ရွက်ရန် ကျန်ရှိသော ဆောင်ရွက်သင့်သော လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော် စီမံဆောင်ရွက်ရေး စိစစ်သွားရန်၊

စသည့် အရေးကြီးသော တာဝန်ဝတ္တရားများ ဖော်ဆောင်ရန်အတွက် အောက်ပါအစီရင်ခံစာကို ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ တင်ပြအစီရင်ခံအပ်ပါသည်။

**ကော်မတီဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်သည့် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီကို ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၇ အပိုဒ် (က) (ခ) (ဂ) အရလည်းကောင်း၊ ၂၀၁၃ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၆ အရ လည်းကောင်း၊ ၂၀၁၄ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၆၂ (က)၊ (ခ) အရ လည်းကောင်း၊ ၂၀၁၆ခုနှစ်၊ မတ်လ (၃၀)ရက်၊ ၁၃၇၇ ခုနှစ် တပေါင်းလပြည့်ကျော် (၇)ရက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ဥက္ကဋ္ဌ (၁)ဦး၊ အတွင်းရေးမှူး(၁)ဦး၊ အဖွဲ့ဝင် (၁၁)ဦး၊ စုစုပေါင်းကော်မတီဝင် (၁၃)ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌမှ လွှတ်တော်၏ အတည်ပြုချက်ရယူကာ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

**ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပခြင်း၊ လုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် တာဝန်ယူခြင်း**

ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၇-၄-၂၀၁၆ နေ့ နံနက် ၁၀း၃၀ နာရီ
ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၃-၅-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ
တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၄-၅-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ
စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပထမနေ့ကို ၃၀-၅-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ
စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဒုတိယနေ့ကို ၁-၆-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ
စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး တတိယနေ့ကို ၃-၆-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ
ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို ၂၈-၆-၂၀၁၆ နေ့လယ် ၁း၀၀ နာရီ
ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၉-၆-၂၀၁၆ နေ့လယ် ၁း၀၀ နာရီ
ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပထမနေ့ကို ၂၈-၇-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ
ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဒုတိယနေ့ကို ၂၉-၇-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ

သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပထမနေ့ကို ၂၉-၈-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ

သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ဒုတိယနေ့ကို ၃၀-၈-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ

သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေး တတိယနေ့ကို ၃၁-၈-၂၀၁၆ နေ့ နံနက် ၁၀း၀၀ နာရီ

အစည်းအဝေး (၇)ကြိမ်၊ ရက်ပေါင်း(၁၂)ရက်၊ ဆွေးနွေးပွဲ (၁)ရက် တို့ဖြင့် ကျင်းပခဲ့ပါသည်။

**ကော်မတီမှ လုပ်ငန်းအဖွဲ့ (၃)ဖွဲ့ ဖွဲ့စည်းပြီး**

- မေးခွန်း၊ အဆိုများနှင့် ၎င်းတို့နှင့်ပတ်သက်သော တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အဆင့် အဖွဲ့အစည်းများမှ ပေးအပ်သော ကတိကဝတ်များ လေ့လာစောင့်ကြည့်ရေး လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခဲ့ပြီး အဖွဲ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ အားလုံးတာဝန်ယူ ဆောင်ရွက်ကြပါသည်။
- ကတိကဝတ်ပြုခဲ့သော မေးခွန်းများ၊ အဆို အချေများနှင့် ကတိကဝတ်နှင့်သက်ဆိုင်သော လက်ကျန်လုပ်ငန်းများ စိစစ်ရေးလုပ်ငန်းအဖွဲ့တွင် သက်ဆိုင်ရာမဲဆန္ဒနယ်မှ ကိုယ်စားလှယ် များနှင့် ထိတွေ့ဆွေးနွေးခြင်း၊ လိုအပ်သည့် အကြံဉာဏ်များရယူခြင်းနှင့် တွန်းအားပေး ဆောင်ရွက်ခြင်းတို့အတွက် ပဲခူးတိုင်းဒေသကြီး (၄)ခရိုင်အလိုက် ဇုံနယ်များသတ်မှတ်၍ အဖွဲ့(၄)ဖွဲ့ခွဲ တာဝန်ယူကြပါသည်။
- လုပ်ငန်းများ ကွင်းဆင်းစိစစ်ရေးအဖွဲ့အတွက် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီ အဖွဲ့ဝင်အားလုံး တာဝန်ယူ ဆောင်ရွက်ကြပါသည်။

**လုပ်ငန်းစဉ်**

- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁-၇-၂၀၁၆ မှ ၁၃-၇-၂၀၁၆ နှင့် ၂၁-၇-၂၀၁၆ မှ ၂၂-၇-၂၀၁၆ နေ့အထိ) ကျင်းပသည့် (၅)ရက်အတွင်း ကိုယ်စားလှယ်များ မေးမြန်းခဲ့သော အဆို၊ မေးခွန်းအရေအတွက်မှာ အဆို(၁)၊ ကြယ်ပွင့်ပြ မေးခွန်း (၁၃၀)၊ ကြယ်ပွင့်မပြမေးခွန်း (၁၀၉)ခု တို့ ဖြစ်ပါသည်။
- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁-၇-၂၀၁၆ မှ ၁၃-၇-၂၀၁၆ နှင့် ၂၁-၇-၂၀၁၆ မှ ၂၂-၇-၂၀၁၆ နေ့အထိ) ကျင်းပသည့် (၅)ရက်တွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကတိကဝတ်ပြုမှု အခြေအနေ များအား ကော်မတီမှ အောက်ပါအတိုင်း အကောင်အထည်ဖော် စိစစ်နိုင်ခဲ့ပါသည်။

**အဆိုများ**

| | |
|---|---|
| ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | (၁) ခု |
| **စုစုပေါင်းအဆို** | **(၁) ခု** |

**ကြယ်ပွင့်ပြမေးခွန်းများ**

| | |
|---|---|
| ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန | (၄) ခု |
| ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | (၅၃) ခု |

ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန (၈) ခု

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန (၅၀) ခု

**စုစုပေါင်းကြယ်ပွင့်ပြမေးခွန်း (၁၁၅) ခု**

**ကြယ်ပွင့်မပြမေးခွန်းများ**

ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန (၅) ခု

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (၄၅) ခု

ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန (၁) ခု

ပဲခူးတိုင်းဒေသကြီး စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန (၃) ခု

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန (၃၈) ခု

**စုစုပေါင်းကြယ်ပွင့်မပြမေးခွန်း (၉၂) ခု**

တို့ဖြစ်ကြပြီး

အဆိုတင်သည့် ကိုယ်စားလှယ်ပေါင်း (၁) ဦး

ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသည့် ကိုယ်စားလှယ်ပေါင်း (၃၃) ဦး

ကြယ်ပွင့်မပြမေးခွန်း မေးမြန်းသည့် ကိုယ်စားလှယ်ပေါင်း (၂၄) ဦး

တို့ ဖြစ်ပါသည်။

- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများ ကတိကဝတ်ပြုမှု စုစုပေါင်း အဆို(၁)ခု၊ ကြယ်ပွင့်ပြမေးခွန်း (၁၁၅)ခု၊ ကြယ်ပွင့်မပြမေးခွန်း (၉၂)ခု တို့ကို စာရင်းပြုစုပြီး စနစ်တကျနံပါတ်တပ်၍ စိစစ်သုံးသပ် မှတ်တမ်းတင်သိမ်းဆည်းခဲ့ပါသည်။
- ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးစီ၏ ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆို၊ မေးခွန်းများ ကတိကဝတ်ဖြစ်မှု၊ မဖြစ်မှု အရေအတွက် အနှစ်ချုပ်ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ပါသည်။
- ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး၌ မေးခွန်းများ ဖြေကြားရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကတိကဝတ်မပြုခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း (၁၅)ခုနှင့် ကြယ်ပွင့်မပြမေးခွန်း(၁၇)ခု ပေါင်း (၃၂)ခုတို့အား မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

**ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ**

- တိုင်းဒေသကြီး ဝန်ကြီးဌာန အသီးသီးမှ တိုင်းဒေသကြီးလွှတ်တော်သို့ မေးခွန်းများ ဖြေကြားရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြတောင်းခံမည့် လုပ်ငန်းများနှင့် ပတ်သက်၍ မည်သည့်အချိန်တွင် မည်သို့အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တပါတည်း ထည့်သွင်းဖြေကြားပေးရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တိုက်တွန်းရန်။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် မေးမြန်းသော ဆက်စပ်မေးခွန်းနှင့် အဖြေများကို တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မေးခွန်းဖြေကြားရာတွင် တစ်ဆက်တစ်စပ်တည်းပေါင်းချုပ်၍ တိုင်းဒေသကြီးလွှတ်တော်သို့ ပြန်လည်ပေးပို့ရန်။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းသည့် လွှတ်တော်ကော်မတီများ၏ အစီရင်ခံစာများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ချက်များနှင့် လုပ်ငန်း အကောင်အထည်ဖော် အောင်မြင်မှုများကို အစိုးရအဖွဲ့မှ လွှတ်တော်သို့ စနစ်တကျ အစီရင်ခံ တင်ပြရန်။
- လွှတ်တော်မှ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားသည့် တိုင်းဒေသကြီးလွှတ်တော်၏ ဒုတိယနှင့် တတိယအကြိမ် မေးခွန်းများကို အရေးကြီးဆောင်ရွက်မှုအတိုင်း အဆင့်သတ်မှတ်၍ လတ်တလောဆောင်ရွက်ရမည့် လုပ်ငန်းများ စိစစ်ရွေးချယ်၍ ထိရောက်သော ဆောင်ရွက်ချက်များ အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပုံမှန်မေးမြန်းတွေ့ဆုံရန်။
- ကတိကဝတ်အဖြစ် သတ်မှတ်ခြင်းခံရသော ဖြေဆိုချက်များနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု မှတ်တမ်းအား သက်ဆိုင်ရာ ကတိကဝတ်ကော်မတီသို့ လစဉ်ပေးပို့ ညှိနှိုင်းဆောင်ရွက်ရန်၊ ဆောင်ရွက် ပြီးစီးကြောင်း အကြောင်းပြန်ကြားခြင်းလုပ်ငန်း အဆင်ပြေချောမွေ့ရန်နှင့် ကတိကဝတ်မှ ပယ်ဖျက်ရန် အလို့ငှာ ကြားနာခြင်း တစ်စိတ်တစ်ဒေသအဖြစ် လိုအပ်သည့် မေးမြန်းဆွေးနွေးချက်မှုများ ပြုလုပ်ရန် အတွက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး အဆင့် သက်ဆိုင်ရာဌာနများအား ဖိတ်ကြားဆောင်ရွက်ရန်။
- ကော်မတီ၏ ပြည်သူ့အကျိုးရှေးရှုသော လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းအဆင့်အဖွဲ့အစည်းများဖြစ်သည့် အခြားသော လွှတ်တော်ဆိုင်ရာ ကော်မတီများနှင့် လုပ်ငန်းများ ချိတ်ဆက်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားရန်။

**နိဂုံး**

တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် အစိုးရသစ်လက်ထက်တွင် ပြုပြင်ပြောင်းလဲ တိုးတက်မှု များအား ပြသနိုင်ရန်နှင့် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ တိုင်းဒေသကြီးအစိုးရ ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီမှ စနစ်တကျ ကဏ္ဍအလိုက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူ့ကိုယ်စားလှယ်များမှ ပြည်သူ့လိုလားချက်များနှင့်အညီ တင်ပြခဲ့သော အဆို၊ မေးခွန်းများကို တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများမှ ပြန်လည်ရှင်းလင်း ဖြေကြားပေးခြင်း၊ ကတိကဝတ်အကောင်အထည်ဖော်ခြင်းနှင့် ကျန်ရှိလုပ်ငန်းများကို ကော်မတီ၏ စိစစ်ညှိနှိုင်း မှုများအရ စနစ်တကျ အကောင်အထည်ဖော်ခြင်းဖြင့် တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်အောင် များစွာ ဆောင်ရွက်နိုင်မည်ဟု ကော်မတီမှ ရှုမြင်သုံးသပ်ပါသည်။

သို့ပါ၍ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့ဘဝကို ပြောင်းလဲပေးနိုင်မည့် ပဲခူးတိုင်းဒေသကြီးလွှတ်တော်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွက် အင်အားတစ်ခုအဖြစ် ပါဝင်နေမည်ဖြစ်ပါကြောင်း လေးစားစွာအစီရင်ခံ တင်ပြအပ်ပါသည်။

# ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများက တစ်ခုချင်းပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ပေါင်းတည်မြို့နယ်၊ မဲခေါင်းအုပ်စု၊ အုန်းနဲ့စမ်းကျေးရွာထိပ်ရှိ မိုးမညို တမံကြီးအား ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ပေါင်းတည်မြို့နယ် အားကစားကွင်းကို ပွဲကြည့်စင်အသစ်နှင့် အတွင်းပတ်လမ်းဘေး သံဇကာများ ဆောက်လုပ်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ မဲခေါင်းအုပ်စု၊ အုန်းနဲ့စမ်းကျေးရွာထိပ်ရှိ မိုးမညိုတမံကြီးမှာ လွန်ခဲ့သော နှစ်ပေါင်း (၉၀)ခန့်ကတည်းက တည်ဆောက်ခဲ့သော တမံဖြစ်ပါသည်။ ၎င်းတမံကြီးသည် ပေါင်းတည်မြို့နယ်၊ ကြို့ပင်သာကျေးရွာအုပ်စု၊ မဲခေါင်းကျေးရွာအုပ်စု၊ ဘိုးသာအောင်ကုန်းကျေးရွာအုပ်စု၊ သပြေကြီးစုကျေးရွာအုပ်စု၊ ကျောင်းတော်ရာကျေးရွာအုပ်စုများမှ လယ်ဧက(၅၀၀၀)ကျော်အား ရေလုံလောက်စေရန်ထိန်းသိမ်းပေးထားသော တမံကြီးဖြစ်ပါသည်။

မိုးမညိုတမံကြီးသည် ၂၀၁၆ခုနှစ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျိုးပေါက်ပျက်စီးခဲ့ရ ပါသည်။ ၎င်းတမံကျိုးပေါက်ပျက်စီးပြီးနောက် လယ်သမားများမှ လယ်ယာမြေစိုက်ပျိုးရန်အတွက် ကျိုးပေါက်သွားသော တမံဘောင်အားကိုယ်ထူကိုယ်ထဖြင့် (၃)နှစ်ဆက်တိုက် ငွေသိန်း(၄၀)ကျော် အကုန်အကျခံ ယာယီပြုပြင်ခဲ့ပါသည်။ ထိုသို့ပြုပြင်ခဲ့သော်လည်း ယာယီဘောင်ဖို့ခြင်းလုပ်ငန်းသာ ဆောင်ရွက်နိုင်ခဲ့သဖြင့် မိုးရွာသည့်အချိန်တွင်သာ တမံအတွင်းရေရှိပြီး ကျန်အချိန်များတွင် ရေသိုလှောင်နိုင်ခြင်းမရှိသည့်အတွက် ၎င်းတမံကြီးမှ ရေသောက် ဧရိယာ(၅၀၀၀)ဧကကျော်မှ အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။ မိုးမညိုတမံကြီး၏ ကျိုးပေါက်ပျက်စီးသွားသည့်နေရာအား ပြန်လည်ပြုပြင်နိုင်မှသာ လယ်မြေ(၅၀၀၀)ဧကကျော်မှာ ရေလုံလောက်မှု ရရှိနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၎င်းမိုးမညိုတမံကြီးအား ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ /မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်သည့်ရန်ပုံငွေဖြင့် တည်ဆောက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့၊ အုတ်ဖို(၁)ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းကြီးသည် မြို့နယ်အဆင့် အားကစား ပြိုင်ပွဲများ၊ ဘောလုံးပြိုင်ပွဲများ၊ မြတ်စွယ်တော်ဒိုင်းစသည့် ဖိတ်ခေါ်ဖလားပွဲများ ကျင်းပလျက်ရှိသော ဘောလုံး အားကစားကွင်းကြီး ဖြစ်ပါသည်။ ၎င်းအားကစားကွင်းကို ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် အုတ်တံတိုင်း ကာရံခဲ့ပြီး ဖြစ်ပါသည်။ သို့သော်လည်း ပွဲကြည့်စင် တည်ဆောက်ထားရှိသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သဖြင့် ပျက်စီးယိုယွင်းပြီး အမိုးများပေါက်ပြဲရေယိုပြီး အခင်းများလည်း ဆွေးမြေ့နေသဖြင့် အသစ်တည်ဆောက်ရန် လိုအပ်နေပါသည်။ ဘောလုံးကွင်းပတ်လည် ပြေးလမ်းနှင့် အားကစားသမားများ လုံခြုံရေးအတွက် အတွင်းသံဇကာများလည်း တပ်ဆင်ရန် လိုအပ်နေပါသည်။

သို့ဖြစ်ပါ၍ ယခင်အစိုးရလက်ထက်တွင် ပဲခူးတိုင်းအတွင်း ဇီးကုန်းနှင့် အခြားမြို့များတွင် အားကစားကွင်းများကို သင့်တင့်ပြီး ခန့်ညားသောပွဲကြည့်စင်များဖြင့် တည်ဆောက်ပေးခဲ့သော်လည်း ကျွန်တော်တို့ ပေါင်းတည်မြို့တွင် မြို့နယ်အားကစားကွင်း ဂုဏ်ဒြပ်နှင့် မညီဖြစ်ပြီး မမျှတမှုများ ကြုံတွေ့ခဲ့ ရပါသည်။ ယခုတက်လာသော အစိုးရသစ်သည် ပြည်သူကိုဗဟိုပြု၍ မျှတစွာဆောက်ရွက်မည်ဟု ယုံကြည်ပါသည်။

သို့ဖြစ်ပါ၍ ပေါင်းတည်မြို့နယ် အားကစားကွင်းကို ပွဲကြည့်စင်အသစ်နှင့် ပြေးလမ်း၊ ကစားသမားများ လုံခြုံရေးအတွက် အတွင်းပတ်လမ်းဘေးသံဇကာများ ဆောက်လုပ်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်သည့်ရန်ပုံငွေဖြင့် တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးထွန်းထွန်းဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ပေါင်းတည်မြို့နယ်၊ မဲခေါင်းအုပ်စု၊ အုန်းနဲ့စမ်းကျေးရွာထိပ်ရှိ မိုးမညို တမံကြီးအား ပြန်လည်ပြုပြင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ မဲခေါင်းအုပ်စုအတွင်းရှိ မိုးမညိုတမံကြီးမှာ လွန်ခဲ့သောနှစ်ပေါင်း(၁၀၀)ခန့်က တည်ဆောက်ခဲ့သော မြေသားတမံဖြစ်ပါသည်။ မဲခေါင်းအုပ်စု၊ ကြို့ပင်သာ အုပ်စု၊ သပြေကြီးစုအုပ်စုများအတွင်းရှိ မိုးစပါးစိုက်လယ်မြေဧက(၅၀၀၀)အား မိုးတွင်းကာလတွင် ရေကူပေးသောတမံဖြစ်ပါသည်။ ဝဲကြီးရေလှောင်တမံတည်ဆောက်ပြီးသောအခါ သပြေကြီးစုကျေးရွာအုပ်စုနှင့် ကြို့ပင်သာကျေးရွာအုပ်စုတို့မှ လယ်မြေများမှာ ဝဲကြီးဆည်ရေသောက်ဧရိယာအတွင်း ပါဝင်သွားခဲ့ပြီး ယခုအခါ ဆည်ရေသောက်ပြင်ပမှ လယ်မြေဧက(၁၆၅၀)ခန့် အတွက်သာ မိုးစပါးရေကူပေးနိုင်ခဲ့ပါသည်။

တောင်သူများစိုက်ပျိုးရေလိုအပ်ချိန်တွင် တမံယာယီပိတ်ဆို့၍ တစ်နိုင်တစ်ပိုင် ရေရယူ သုံးစွဲရပါသည်။

ချောင်းအတွင်း ရေစီးဆင်းမှုများလာသည့်အခါ ယာယီတမံမှာ ကျိုးပေါက်သွားသည့်အတွက် ရေရယူမှု အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

မိုးမညိုတမံကြီး ပြန်လည်ပြုပြင်ပေးခြင်းအားဖြင့် မဲခေါင်းအုပ်စုနှင့် အုန်းနဲ့စမ်းကျေးရွာ အတွင်းရှိ လယ်မြေဧက(၁၆၅၀)ခန့်အား မိုးစပါးရေကူပေးဝေနိုင်မည်ဖြစ်ပါသည်။ မိုးမညိုတမံ ပြန်လည်တည်ဆောက် ပေးနိုင်ရန်အတွက် အလျား(၂၀၀)ပေ၊ အကျယ်(၅၀)ပေနှင့် အမြင့်(၁၅)ပေရှိ အုတ်တမံအမျိုးအစား တည်ဆောက်ပေးရမည်ဖြစ်ပြီး ရေသွင်းရေထုတ်ကောင်းမွန်စေရန်အတွက် ရေယူအဆောက်အအုံ(၁)ခုပါ ထည့်သွင်းတည်ဆောက်ပေးရမည်ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရန်အတွက် ခန့်မှန်းကုန်ကျငွေ(အကြမ်းဖျင်း)မှာ ကျပ်(၅၀၀၀၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE) ရန်ပုံငွေ တင်ပြတောင်းခံ ချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (RE) တင်ပြတောင်းခံသော လုပ်ငန်းများ စိစစ်ပြီးဖြစ်ပါ၍ (၂၀၁၆-၂၀၁၇) ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ BE စာရင်းများတွင် လွှတ်တော်သို့ အတည်ပြုချက်ရယူရာတွင် ထည့်သွင်းဖော်ပြနိုင်ရန် စာရင်းပြုစု ပေးထားပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးထွန်းထွန်းဦးမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးထွန်းထွန်းဦး၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ပေါင်းတည်မြို့နယ် အားကစားကွင်းကို ပွဲကြည့်စင်အသစ်နှင့် အတွင်း ပတ်လမ်းဘေး သံဇကာများ ဆောက်လုပ်ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပေါင်းတည်မြို့နယ် အားကစားကွင်းပွဲကြည့်စင်အသစ်နှင့် ပြေးလမ်း/ကစားသမားများ လုံခြုံရေးအတွက် အတွင်းပတ်လမ်းဘေးသံဇကာများ ဆောက်လုပ်ပြုပြင်ပေးနိုင်ရန်အတွက် ပွဲကြည့်စင်(၂၂. ၄၂၅)သန်းနှင့် Inner Fancy ကာရံခြင်း(၆. ၅)သန်းအား (၂၀၁၇-၂၀၁၈)ဘဏ္ဍာနှစ် (BE) တွင် ခွင့်ပြုနိုင်ရေးကို အဆိုပြုတင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ရွှေတောင်မြို့နယ် ယက်ကန်းနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းတွင် လက်တွေ့ဆောင်အဖြစ် ၄၀'×၃၀' RC (၂)ထပ်ဆောင် လိုအပ်လျက်ရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ခွင့်ပြုချထားပေးနိုင်ခြင်း ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်တွင် ယက်ကန်းနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်း ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။ လက်ရှိစက်ယက္ကန်း၊ လက်ယက္ကန်းပုံမှန် ၁နှစ်သင်တန်းကျောင်းသား/ ကျောင်းသူ(၄၀)ခန့် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကာလတိုသင်တန်းအပြင် အသက်မွေးဝမ်းကျောင်း ဘာသာရပ်သင်ကြားရန်အတွက် သင်တန်းသား/ သင်တန်းသူ ၂၀၀ခန့် သင်ကြားပေးမည်ဖြစ်ပါသည်။

ယခုအချိန်တွင် (၁)နှစ်သင်တန်းကျောင်း သင်ကြားနေသော လက်တွေ့ဆောင်စက်ယက္ကန်းနှင့် လက်ယက္ကန်းစင်များသည် လက်ရှိအဆောက်အဦ အကျယ်အဝန်းနှင့် လုံလောက်မှုမရှိသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လက်တွေ့ဆောင်အဖြစ် ၄၀×၃၀' RC ၂ထပ်ဆောင် လိုအပ်လျက်ရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုချထားပေးနိုင်ခြင်း ရှိ /မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးညွန့်ဝေမေးမြန်းသည့် မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးညွန့်ဝေ၊ ရွှေတောင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ရွှေတောင်မြို့နယ် ယက္ကန်းနှင့် အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းတွင် လက်တွေ့ဆောင်အဖြစ် ၄၀'×၃၀' RC (၂)ထပ်ဆောင် လိုအပ်လျက်ရှိပါသဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ခွင့်ပြုချထားပေးနိုင်ခြင်း ရှိ/မရှိ”** နှင့်စပ်လျဉ်း၍ ရွှေတောင်မြို့နယ်တွင် ယက္ကန်းနှင့်အသက်မွေးဝမ်းကျောင်း သင်တန်းဖွင့်လှစ်သင်ကြားလျက်ရှိပါသဖြင့် လက်ရှိတွင် ပုံမှန်တစ်နှစ်သင်တန်းဖွင့်လှစ်ကာ ကျောင်းသားကျောင်းသူ (၄၁)ဦး သင်ကြားလျက် ရှိပါသည်။ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကာလတိုသင်တန်းအပြင် အသက်မွေးဝမ်းကျောင်း ဘာသာရပ်သင်ကြားရန် သင်တန်း သား/သင်တန်းသူ (၂၀၀)ဦးခန့် သင်ကြားပေးမည်ဖြစ်သည့်အတွက် လက်တွေ့ဆောင် (၄၀'×၃၀') RC (၂)ထပ်ဆောင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားတွက်ချက် တင်ပြတောင်းခံထားပြီး ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးသက်မင်းဇော်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ ကျေးရွာအမည်နှင့် ကျောင်းအမည်များ လွဲမှားနေခြင်းကို ပြန်လည်မှန်ကန်အောင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်မင်းဇော်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမြို့နယ်၊ မစိုးရိမ်အုပ်စုအတွင်းရှိ ဆင်ဖြူကန်ကျေးရွာ၏ ကျောင်းအမည်မှာ အ. မ. က မစိုးရိမ်ကျောင်းအမည်၊

မစိုးရိမ်ကျေးရွာတွင် အ. မ. က စောကဲအမည်နှင့် စောကဲကျေးရွာတွင် အ. မ. က ဆင်ဖြူကန်ကျောင်းအမည်များဖြင့် ကျောင်းအမည်၊ ကျေးရွာအမည် မှားယွင်းနေခဲ့ပါ သောကြောင့် ကျေးရွာအမည်နှင့် ကျောင်းအမည် တည့်မတ်မှန်ကန်စေရန်အတွက် ပြင်ဆင်ပေးရန် အစီအစဉ် ရှိ /မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးသက်မင်းဇော်မေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးသက်မင်းဇော်၊ ပေါက်ခေါင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **" ကျေးရွာ အမည်နှင့် ကျောင်းအမည်များ လွဲမှားနေခြင်းကို ပြန်လည်မှန်ကန်အောင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၊ ဆင်ဖြူကန်ကျေးရွာ၏ ကျောင်းအမည်မှာ အ-မ-က မစိုးရိမ်ကျောင်းအမည်၊ မစိုးရိမ်ကျေးရွာတွင် အ-မ-က စောကဲကျောင်းအမည်နှင့် စောကဲကျေးရွာ တွင် အ-မ-က ဆင်ဖြူကန်ကျောင်းအမည်၊ ရေဖြူကျေးရွာတွင် အ-မ-က ထိန်တောကျောင်းအမည်၊ ထိန်တော ကျေးရွာတွင် အ-မ-က ရေဖြူကျောင်းအမည်၊ မြို့ကုန်းကျေးရွာတွင် အ-မ-က ဥသျှစ်ကုန်းကျောင်းအမည်၊ ဥသျှစ်ကုန်းကျေးရွာတွင် အ-မ-က မြို့ကုန်းကျောင်းအမည်၊ ကျွဲတပေါင်းကျေးရွာတွင် အ-မ-က အင်းမီးကျောင်း အမည်၊ အင်းမီးကျေးရွာတွင် အ-မ-က ခွဲ ကျွဲတပေါင်းကျောင်းအမည်များဖြင့် ကျေးရွာအမည်နှင့် ကျောင်းအမည် မှားယွင်းနေမှုများကြောင့် ကျေးရွာအမည်နှင့် ကျောင်းအမည် တည့်မတ်မှန်ကန်စေရန်အတွက် မြို့နယ်ပညာရေးမှူးရုံးအနေဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုကိုခံယူ၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ သက်ဆိုင်ရာ ဌာနများနှင့် မြေပြင်အခြေအနေကို ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာ ပြည်သူလူထု၏ သဘောထားများရယူကာ အမည်ပြင်ဆင်ရေးလုပ်ငန်းများကို အထက်အဆင့်ဆင့်သို့ ဆက်လက်တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်အတွင်းရှိ အ. မ. က ကျောင်းများ ကိုယ့်ကျောင်းရွာ အမည်နှင့် ကျောင်းအမည်လွဲမှားနေမှုများကို ယခုပညာသင်နှစ်တွင် အမည်တည့်မတ်မှန်ကန်စွာ ပြင်ဆင်ပေးနိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဝန်ကြီးဌာနက ထိရောက်စွာ ဆောင်ရွက်ပေးရန် တိုက်တွန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“၂၀၁၆-၂၀၁၇ စိုက်ပျိုးရေးနှစ်အတွင်း မိုးစပါးအောင်ရေပြည့်ပြည့်ဝဝနှင့် လိုအပ်သည့်အချိန်တွင် အချိန်နှင့်တပြေးညီရရှိနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“NEP အစီအစဉ်မှ ကျေးရွာတွင် ဓါတ်အားဖြန့်ဖြူးရေးလိုင်းတည်ဆောက်ရန်အတွက် ပြန်လည်တိုင်းတာသုံးသပ်ပေးနိုင်ရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ”**နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၃) **“လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများမှ နေ့စား၊ ပုတ်ပြတ် အလုပ်သမားများကို လုပ်ငန်းခွင်ထိခိုက်မှုမှ ကာကွယ်ရေးဝတ်စုံနှင့် ဆက်စပ်အသုံးအဆောင်များ စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၄) **“သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲအုပ်စုကို မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ထည့်သွင်းပေးရန် စီစဉ်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့်မေးခွန်း(၄)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။၂၀၁၆-၂၀၁၇ စိုက်ပျိုးရေးနှစ်ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးထားမှုမှာ ဧကပေါင်း(၈၂၆၃၁)ဧကရှိပါသည်။ အဆိုပါစိုက်ပျိုးရေး ဧကစုစုပေါင်းတွင် ဆည်ရေသောက် ဧရိယာစုစုပေါင်းမှာ(၆၀၃၆၁)ဧကရှိ၍ ဆည်ရေသောက်မဟုတ်သည့် စိုက်ပျိုးမြေမှာ (၂၂၂၇၀)ဧကရှိပါသည်။တောင်နဝင်း လက်တံမှ ဆည်ရေသောက်ဧက(၄၇၈၂၅)ဧကနှင့် မြောက်နဝင်းလက်တံဆည်ရေသောက်ဧက (၁၂၅၃၆)ဧကဖြင့် စုစုပေါင်းဆည်ရေသောက်ဧရိယာပေါင်း(၆၀၃၆၁)ဧကရှိရာ စုစုပေါင်းမိုးစပါး စိုက်ပျိုးဧက၏ (၇၅%)ရှိသည်ကိုတွေ့ရပါသည်။ ယခုနှစ်ပိုင်းတွင် သဲကုန်းမြို့နယ်အတွင်း မိုးရေချိန်နည်းခြင်းနှင့် မိုးရွာရက်ကျဲခြင်းတို့ကြောင့်လည်း စပါးခင်းများ မကြာခဏရေခမ်းခြောက်ခြင်း၊ ရေပြတ်ခြင်းတို့ကို တွေ့ကြုံနေရပါသည်။ ဆည်မြောင်းရေပြည့်ဝစွာမရရှိခြင်း၊ အချိန်မှီ၊ အခါမှီမရရှိခြင်း၊ တောင်သူများကိုယ်တိုင်ရေလိုက်ရခြင်းများကြောင့် သီးနှံအထွက်ကျခြင်း၊ ပျက်စီးခြင်းနှင့် တောင်သူအချင်းချင်းကြား ရေပြဿနာနှင့် အမှုအခင်းရင်ဆိုင်ကြရသည်မှာလည်းနှစ်စဉ်ကြုံတွေ့နေကျပြဿနာတစ်ခုဖြစ်နေပါသည်။ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြောင်းတာဝန်ခံများ၏ တာဝန်မှာ မြောင်းထဲတွင်ရေရောက်ရှိကြောင်း ပြသရေးမဟုတ်ဘဲ လိုအပ်သည့်လယ်ကွင်းများအထိ ရေရောက်ရှိသွားရေးကို ကြပ်မတ်ဆောင်ရွက်ရမည်ဟု ယူဆပါသည်။

ယခုအခါအဆိုပါ မြောင်းတာဝန်ခံများ၏ တာဝန်ယူမှုနည်းပါးခြင်း၊ မြောင်းလက်တံများပျက်စီးမှုနှင့် အယူအဆမှားယွင်းမှုများကြောင့် ဆည်ရေသောက်ဧရိယာများအတွက် ရေလုံလုံလောက်လောက် မရောက်ရှိပါ။ ဥပမာပြရလျှင်သဲကုန်းမြို့နယ်အတွင်းသို့ ဝင်ရောက်လာသည့် မြောက်နဝင်းမြောင်းမကြီး (MLC)မှာ သဲကုန်းမြို့နယ်အတွင်း မရောက်ရှိမီ ပြည်မြို့နယ်အတွင်း အပြည့်စီး၍ သဲကုန်းမြို့နယ်အစပ်တွင် မြောင်းတစ်ဝက်ခန့်ပင်မပြည့်ကြောင်းတွေ့ရှိရပါသည်။ (CL-27)မှာ သဲကုန်းမြို့နယ်၊ သန္ဓေပင်အုပ်စုတွင်

ရေထု (၃)လက်မခန့်သာစီးကြောင်းတွေ့ရှိရပါသည်။ တောင်နဝင်းလက်တံ (B-1)မှာ ရေကောင်းစွာ မသယ်နိုင်ပါ။ ယခု(၂၀၁၆-၂၀၁၇)စိုက်ပျိုးရာသီတွင် စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထားခြင်း၊ စိုက်ပျိုးရေ ကဏ္ဍအတွက် ငွေစက္ကူရိုက်နှိပ်ရခြင်းတို့အပေါ် ပညာရှင်များနှင့် မီဒီယာအသီးသီး၏ ငွေဖောင်းပွမည်စိုးသည် ဟူသည့် ယူဆချက်များလည်းရှိပါသည်။ အဆိုပါစိုးရိမ်ခြင်းများအတွက် လယ်ယာမြေပေါ်မှ သီးနှံထွက်ကုန် တိုးတက်သည်ကိုမြင်စေခြင်းဖြင့် ထိန်းညှိဖြေလျှော့ပေးရပါမည်။

သို့ဖြစ်ပါ၍ယခုနှစ်မိုးစပါးအောင်ရေကို သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများ ကိုယ်တိုင် ထိရောက်စွာ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်၍ ရေရရှိရေးအတွက် ပြုပြင်သင့်သည့် ဆည်မြောင်းလက်တံများပြုပြင်ကာ ယခုလမှစ၍ ဒီဇင်ဘာလအထိ အောင်ရေအချိန်နှင့် တစ်ပြေးညီရရှိအောင် ကြီးကြပ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ /မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။သဲကုန်းမြို့နယ်၊ ကြို့ကုန်းအုပ်စု ပိုင်တပ်မ၊ ပေပင်သာ၊ သပြေကုန်းနှင့် ရှမ်းတောရွာ(၄)ရွာမှာ (NEP)အစီအစဉ်တွင် (၄)ရွာပေါင်း (၁၀၀) ကေဗွီအေ ထရန်စဖော်မာ(၁)လုံးရရှိထားသော ယူနစ်(၁)ခုဖြစ်ပါသည်။ အဆိုပါ ထရန်စဖော်မာအား ရွာ(၄)ရွာအလယ်တွင်ထားရှိပြီး ဓာတ်အားပို့လွှတ်မည်ဖြစ်၍ (0.4)လိုင်းတည် ဆောက်ရမှုမှာ မလိုအပ်ဘဲ ရှည်လျားနေသည်ဟု ကျေးရွာသူ/သားများက သုံးသပ်ပါသည်။ နီးစပ်ရာ (၂)ရွာစီတွဲ၍ ရွာများနှင့် အနီးဆုံးနေရာတွင် ထရန်စဖော်မာ(၂)လုံးခွဲ၍ တည်ဆောက်ပေးနိုင်လျှင် ရွာတွင်းလိုင်းတည်ဆောက်မှုမှာ တိုတောင်းသွားပါလိမ့်မည်။

သို့ဖြစ်ပါ၍ ပြန်လည်တိုင်းတာသုံးသပ်ပေးနိုင်ရန် စီစဉ်ပေးနိုင်ခြင်း ရှိ /မရှိ သိလိုကြောင်း မေးမြန်းအပ် ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ယခုအခါပြည်ခရိုင်အတွင်း သဲကုန်းမြို့နယ်နှင့် အခြားမြို့နယ်များတွင် လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင် နေသည်ကို တွေ့ရှိရပါသည်။ ဤလုပ်ငန်းများတွင် အသုံးပြုနေသော နေ့စား၊ ပုတ်ပြတ်လုပ်သားများ၏ အခန်းကဏ္ဍမှာ အလွန်အရေးပါလှသလို အဆိုပါလုပ်သားများ၏ လုပ်ငန်းခွင် ထိခိုက်မှုဘေးကင်းရေး မှာလည်း တန်ဖိုးထားစဉ်းစားသင့်သောအချက်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအလုပ်သမား၊ အလုပ်သမ တို့အတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ပေးသည့် ဝတ်စုံနှင့်ဦးထုပ်၊ လက်အိတ်၊ ဖိနပ်အစရှိသည့် ဆက်စပ်အသုံးအဆောင်များ စီစဉ်ဆောင်ရွက်ခြင်း ရှိ /မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲကျေးရွာအုပ်စုမှ မြို့ပြအသွင်တိုးတက်ဖွံ့ဖြိုးလျက်ရှိသော ဒေသတစ်ခုဖြစ်ပါသည်။ တိုက်နယ်အဆင့်ဆေးရုံတစ်ရုံ၊ အ. ထ. က ကျောင်းတစ်ကျောင်း၊ နယ်မြေရဲစခန်းတစ်ခု၊ စည်ပင်သာယာဈေးနှင့် အခြားအစိုးရဌာနများတည်ရှိပြီး ရန်ကုန်-ပြည်အစုန် /အဆန်ရထားများ ရပ်နားရာတိုက်နယ် ဒေသတစ်ခုဖြစ်ပါသည်။ နှစ်စဉ်စည်ပင်သာယာရေးနှင့်ဆိုင်သော အခွန်အခများထမ်းရွက်နေရသော်လည်း စည်ပင်သာယာရေးအဖွဲ့မှ ရသင့်ရထိုက်သော ဝန်ဆောင်မှုများမရရှိခဲ့ပါ။ သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် အခွန်အခများ ပိုမိုတိုးတက်၍ အလေအလွင့်မရှိစေရန်လည်းကောင်း၊ စည်ပင်မှပေးအပ်သော ဝန်ဆောင်မှုများကို ဒေသခံပြည်သူများ ရရှိနိုင်ရန်လည်းကောင်း၊ ဆင်မြီးဆွဲအုပ်စုကို မြို့နယ်စည်ပင် သာယာရေးနယ်နိမိတ်အတွင်း ထည့်သွင်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း ရှိ /မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“၂၀၁၆-၂၀၁၇ စိုက်ပျိုးရေးနှစ်အတွင်း မိုးစပါးအောင်ရေပြည့်ပြည့်ဝဝနှင့် လိုအပ်သည့် အချိန်တွင် အချိန်နှင့်တပြေးညီရရှိနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်တွင် မိုးစပါးစိုက်ပျိုးဧက (၈၂၆၃၁)အနက် တောင်နဝင်းဆည်ရေသောက်(၄၇၈၂၅)ဧကနှင့် မြောက်နဝင်းဆည်ရေသောက် (၁၂၅၃၆)ဧက စုစုပေါင်း(၆၀၃၆၁)ဧကဖြစ်၍ စိုက်ပျိုးဧရိယာ၏ (၇၅%)ခန့်အား အထောက်အကူပြုနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ မိုးနည်းပါးသည့်နှစ်များတွင် အချိန်ကာလနှင့် ရာသီဥတုအခြေအနေအရ ရေလိုအပ်ချက်ရှိ၍ ဌာနသို့ တောင်းဆိုတင်ပြလာခြင်းများအပေါ် **“ ပျိုးထောင်ရေ၊ စိုက်ပျိုးရေ၊ အပင်ဖြစ်ထွန်းရေ၊ အောင်ရေ”** စသည်ဖြင့် ကာလအလိုက် ဖြည့်စွက်ရေပေးဝေလျှက်ရှိပါသည်။

သဲကုန်းမြို့နယ်အတွင်း မြောက်နဝင်းဆည်ရေသောက်ရေပေးမြောင်းများမှာ သက်တမ်း နှစ်(၃၀)ကျော်ခန့်ရှိပြီး တောင်နဝင်းရေပေးမြောင်းများမှာ သက်တမ်းနှစ်(၂၀)ကျော်ခန့်ရှိ၍ စီးဆင်းရေတိုက်စားမှုလူနှင့် ကျွဲနွား၊ တိရစ္ဆာန်တို့ကြောင့် တူးမြောင်းပျက်စီးပြီး တူးမြောင်းများ ပုံစံကျမရှိတော့ခြင်း၊ မြောင်းအတွင်း မြုံနွယ်များပေါက်ရောက်နေခြင်း၊ တိုက်စားမြေများ သဲနုန်းပို့ချခြင်း စသည်တို့အား နှစ်အလိုက် ရရှိရန်ပုံငွေအပေါ်မူတည်၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေပေးဝေလျက်ရှိပါသည်။

ယခုအခါတွင် သဲကုန်းမြို့နယ်အတွင်း မြောက်နဝင်းဆည်ရေသောက် ဆင်မြီးဆွဲနယ်မြေ ကျေးရွာအုပ်စုအချို့ကို မိုးစပါးပျိုးထောင်ရေပေးဝေခဲ့ပြီး စိုက်ပျိုးရေးနှင့်အပင်ဖြစ်ထွန်းရေအား ဆက်လက်ပေးဝေလျက်ရှိရာတွင် တောင်နဝင်းဆည်ရေအား DO-9 မြောင်းမှ ရေကူးရယူကာ မြောက်နဝင်းလက်ဝဲမြောင်းမကြီး MLC မှတဆင့် လက်တံ CL-27 သို့ စီးဝင်ဖြန့်ဝေရခြင်း ဖြစ်ပါသည်။

လတ်တလောတွင် တောင်နဝင်းဆည်ရေသောက်စနစ်နှင့် မြောက်နဝင်းဆည်ရေသောက်စနစ်တို့အား ဂျပန်အစိုးရချေးငွေ (JICA ODA Loan) ဖြင့် (JICA) အတိုင်ပင်ခံအဖွဲ့နှင့် တည်ဆောက်ရေး(၂) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရေသောက်စနစ်ရေပေးမြောင်းများ ပြုပြင်ဆောင်ရွက်နေဆဲကာလဖြစ်ပါသည်။ ယခုနှစ် မိုးစပါးအောင်ရေပေး ဝေမှုအား ပြည့်ပြည့်ဝဝဖြည့်ဆည်း ပေးနိုင်ရန် မြောက်နဝင်းလက်ဝဲမြောင်းမကြီး သဲနုန်းပို့ကျသည့် အပိုင်းများနှင့် မြောင်းပုံစံကျ ပြုပြင်ရန် အပိုင်းများအား ပြည်ထောင်စုရန်ပုံငွေ(၀၄၀၉-သာမန် အသုံးစရိတ်)ဖြင့်ပွင့်လင်းရာသီတွင် စတင်၍ လုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

တစ်ချိန်တည်းတွင် ရေပေးဝေသည့်စနစ်အရ တောင်သူလယ်သမားများမှ လိုက်နာဆောင်ရွက်နိုင်ရေး၊ ရေအလေအလွင့်မရှိစေရေး၊ သက်ဆိုင်ရာကျေးရွာအုပ်စုများအတွင်း စိုက်ပျိုး ရေးမျှတစွာ ရရှိသုံးစွဲနိုင်ရေးနှင့် ရေအလေအလွင့်မရှိစေရန် ဌာနဝန်ထမ်းများမှ ကျေးရွာအုပ်ချုပ် ရေးမှူးများနှင့် ညှိနှိုင်းဆောင်ရွက်လျက် ရှိပါသည်။ သို့မှသာ ဆည်ရေလိုအပ်ပါက အကျိုးသက်ရောက်မှုရာခိုင်နှုန်းပြည့် ရရှိစေရန်နှင့် စိုက်ပျိုးမှု အဆင်ပြေခြင်း၊ သီးနှံအထွက် ကောင်းမွန်ရေးမှ စ၍ စိုက်ပျိုးစရိတ်ချေးငွေများ ပြည့်ဝစွာ ပြန်လည်ပေးသွင်း နိုင်ရေး စသည့်အကျိုးစီးပွားများ ဖြစ်ထွန်းလာစေမည်ဖြစ်ပါသည်။

သဲကုန်းမြို့နယ်အတွင်း (၂၀၁၆-၂၀၁၇)မိုးစပါးစိုက်ပျိုးရာသီအတွင်း အောင်ရေလိုအပ်နိုင်မည့် ဆည်ရေသောက်ဧရိယာများအား မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်း များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ကွင်းဆင်းစိစစ်ခြင်း ဆောင်ရွက်လျက်ရှိပြီး တောင်သူလယ်သမားများမှ ဆည်ရေစနစ်တကျ ရယူသုံးစွဲနိုင်ရေး၊ ရေပြည့်မီစွာရရှိ အသုံးပြုနိုင်ရေးအတွက် မြို့နယ်အတွင်း (၂၀၁၆-၂၀၁၇) မိုးစပါး အောင်မြင်ဖြစ်ထွန်းရေးဦးတည်ကာ ဌာနလုပ်ထုံးလုပ်နည်းများဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပြီး (JICA ODA Loan) ဖြင့် ဆောင်ရွက်မည့် ရေသောက်စနစ်ပြုပြင်မှုလုပ်ငန်းတွင် ယခင်မြောက်နဝင်းဆည် ရေသောက်စနစ်၌ ပါဝင်သည့် CL-22 မှစ၍ အောက်ပိုင်းရေသောက်ဧရိယာများအတွက် တောင်နဝင်း DO-9 မြောင်းအား Design အသစ်တွက်ချက်၍ တောင်နဝင်းဆည်ရေသောက်စနစ်အနေဖြင့် ဆည်ရေပေးဝေမှုပြုသွားရန် စီမံပါဝင်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“NEP အစီအစဉ်မှ ကျေးရွာတွင် ဓါတ်အား ဖြန့်ဖြူးရေးလိုင်းတည်ဆောက်ရန် အတွက် ပြန်လည်တိုင်းတာသုံးသပ်ပေးနိုင်ရန် စီစဉ်ပေးနိုင်ခြင်း ရှိ/မရှိ”**နှင့် စပ်လျဉ်း၍ သဲကုန်းမြို့နယ်၊ ကြို့ကုန်းအုပ်စုပိုင် တပ်မ၊ ပေပင်သာ၊ သပြေကုန်းနှင့် ရှမ်းတောရွာ

(၄)ရွာမှာ (NEP)အစီအစဉ်တွင် (၄)ရွာပေါင်း (၁၀၀) ကေဗွီအေ ထရန်စဖော်မာ(၁)လုံးအား ရွာအလယ်တွင်ထားရှိရေးနှင့် ပတ်သက်၍ ကြို့ကုန်းအုပ်စု ရယက ဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖများမှ ထောက်ခံ အကြံပြုချက်အရ ရေးဆွဲထားခြင်းဖြစ်ပါသည်။ ယခုအခါတွင် အမျိုးသားလျှပ်စစ်ဓါတ်အားရရှိရေး စီမံကိန်း ပထမအဆင့် ဆောင်ရွက်ရန်အတွက် လိုအပ်သော တင်ဒါခေါ်ယူရေး၊ စာရွက်စာတမ်း များရေးဆွဲခြင်း၊ တင်ဒါစိစစ်ခြင်းများ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါသောကြောင့် ပြန်လည် တိုင်းတာ သုံးသပ်ပေးနိုင်ရန် စီစဉ်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါသည်။ ဆက်လက်၍ ဖြေကြားလိုသည်မှာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည် သုံးသပ်စီစဉ်ပေးရန် အခက်အခဲရှိသော်လည်း တိုင်းဒေသကြီးအစိုးရအနေဖြင့် လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး ကျန်ရှိသည့် ကျေးရွာများကို ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် ထည့်သွင်းလျာထားကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများမှ နေ့စား၊ ပုတ်ပြတ် အလုပ်သမားများကို လုပ်ငန်းခွင်ထိခိုက်မှုမှ ကာကွယ်ရေးဝတ်စုံနှင့် ဆက်စပ် အသုံးအဆောင်များ စီစဉ် ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာနအနေဖြင့် လမ်း၊ တံတား တည်ဆောက်ရေး လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော လမ်းလုပ်သားများ အတွက် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးဝတ်စုံများကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိပါကြောင်း ဖြေကြား အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၄)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲအုပ်စုကို မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ထည့်သွင်းပေးရန် စီစဉ်ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ သဲကုန်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ဆင်မြီးဆွဲကျေးရွာအုပ်စုမှ ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သားသတ် လုပ်ငန်းလိုင်စင်၊ ဈေးကောက်လိုင်စင်၊ ဈေးဆိုင်ခန်းငှားရမ်းခ၊ ပုဂ္ဂလိက အိမ်ဆိုင်လိုင်စင်ခ၊ စားသောက်ဆိုင် လိုင်စင်ခ၊ အန္တရာယ်ဖြစ်စေတတ်သည့်လုပ်ငန်းလိုင်စင်များမှ စုစုပေါင်း(၂၂၅၂၈၀၀ိ/-) ဝင်ငွေရရှိပါသည်။ ဆင်မြီးဆွဲကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းခင်းခြင်း၊ တံတားတည်ဆောက်ခြင်း၊ ရေပေးရေးလုပ်ငန်းရေစင်ဆောက်လုပ်ပေး ခြင်းများ နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် လျာထားဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် (၁၉၄၅၀၀၀ိ/-)၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် (၂၇၄၅၀၀၀၀ိ/-) ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်တွင် ဆင်မြီးဆွဲကျေးရွာအုပ်စု ကျေးလက်ဈေး

လုပ်ငန်း(၃)ခု၊ တန်ဘိုး(၅၇၅၅၀၀၀ိ/-)ဆောင်ရွက်ပါသည်။ ဆင်မြီးဆွဲကျေးရွာသည် သဲကုန်းမြို့နှင့် (၈)မိုင်ကွာဝေးပြီး မြို့နှင့်တစ်ဆက်တစ်စပ်တည်းတည်ရှိပါကြောင်း တင်ပြအပ်ပါသည်။ မြို့အသွင် ဖွံ့ဖြိုးတိုးတက်သောကျေးရွာများအား ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အဖြစ် အဆင့်မြှင့်သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆင်မြီးဆွဲမြို့သတ်မှတ်ပါက မြို့ပြစည်ပင် သာယာရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး မြို့စည်ပင်နယ်နိမိတ်အဖြစ် တင်ပြဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယခုအခြေအနေအရဒေသခံပြည်သူများအား သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသော်လည်း မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ထည့်သွင်းဆောင်ရွက်ရန်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မေးခွန်းအမှတ်စဉ်(၁)နှင့် (၄)တို့အားဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးဇော်လင်းထိုက်၊ သဲကုန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။မေးခွန်းအမှတ်စဉ်(၁)ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ ဝန်ကြီးမှ ရေရှည်အစီအမံများကို တင်ပြသွားသည့်အတွက် မိမိအနေဖြင့် ကျေးဇူးတင်ပါကြောင်း၊ ယခုနှစ် စိုက်ပျိုးရေးရေ ပြည့်ပြည့်ဝဝရရှိရေးနှင့် လတ်တလောရေလိုနေသည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရသည့်အုပ်စုအသီးသီးမှ ကျေးရွာသူ/သားများက တင်ပြသည့်အခါ သက်ဆိုင်ရာဌာနမှ ဆောင်ရွက်ပေးသော်လည်းရေကိစ္စအဆင်မပြေသည့်အတွက် ယင်းကိစ္စကို သက်ဆိုင်ရာဝန်ကြီးဌာနကို လှမ်းပြီးတောင်းဆိုသည့်အခါသက်ဆိုင်ရာ ဌာနအသီးသီးမှ ဝန်ထမ်းများ ချက်ချင်းကွင်းဆင်းဆောင်ရွက်ပေးသည့်အတွက် တိုင်းအစိုးရအဖွဲ့ကအမိန့် ညွှန်ကြားချက်တစ်စုံတစ်ရာ ထုတ်လိုက်မည်ဆိုပါက အောက်ခြေဦးစီးဌာနအသီးသီးမှ အလျင်အမြန်လိုက်ပါဆောင်ရွက်ကြပါကြောင်း၊ အစိုးရအဖွဲ့အနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး ယခုနှစ်တွင်အောင်ရေပြည့်ပြည့်ဝဝရရှိရေး စိုက်ပျိုးရေးထုတ်ကုန် ထွက်ပေါ်လာရေးအတွက် ယခုနှစ်အတွက် ထိရောက်သည့်ညွှန်ကြားချက် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

မေးခွန်းအမှတ်စဉ်(၂)နှင့်ပတ်သက်၍ ဝန်ကြီးဖြေကြားထားသည့်ထဲတွင် ဆောင်ရွက်ရန်အတွက်လိုအပ်သော တင်ဒါခေါ်ယူရေး၊ စာရွက်စာတမ်းများရေးဆွဲခြင်း၊ တင်ဒါစိစစ်ခြင်းများ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိနေပါသောကြောင့် မိမိအနေဖြင့် ဆက်လက်မေးမြန်းရန်မလိုတော့ပါကြောင်း၊ သို့သော်လည်း အောက်ခြေဌာနအသီးသီး၏ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ မှားယွင်းသည့်ကိစ္စတော်တော်များများ ရှိနေသည်ကိုဝန်ကြီးအနေဖြင့် ပြန်လည်သုံးသပ်စေချင်ပါကြောင်း၊ ရွာ(၄)ရွာ၏အလယ်တွင် ထရန်စဖော်မာ(၁)ခု ချထားပြီးယင်းထရန်စဖော်မာကနေပြီး (0. 4 )KV လိုင်း ခါတ်အားပိုလွှတ်မည့်ကိစ္စတွင် ၎င်းရွာများ တစ်စုံတစ်ရာဝန်ပိသွားနိုင်သည့် အခြေအနေမျိုးကို နဂိုကတည်းက ဦးစီးဌာနအနေဖြင့် ပြန်လည်သုံးသပ်စေချင်ပါကြောင်းပြောကြားပါသည်။

မေးခွန်းအမှတ်စဉ်(၄)နှင့်ပတ်သက်၍ စည်ပင်သာယာမှပေးသော ဝန်ဆောင်မှုများကို ဆင်မြီးဆွဲကျေးရွာအုပ်စုက ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ကုန်ခါနီးမှ ယင်းဝန်ဆောင်မှု(၂)ခုကို ရရှိခဲ့ပြီး ရွေးကောက်ပွဲစခါနီးမှ ချထားပေးကြောင်း၊ ဆင်မြီးဆွဲကျေးရွာအုပ်စုက မြို့အသွင် ဖွံ့ဖြိုးတိုးတက်နေပြီး စည်ပင်သာယာမှ အခွန်အခ အမြောက်အများ ကောက်ခံကြောင်း၊ ပြည်မြို့ ဝက်ထီးကန်ရွာကို အခွန်ခကောက်ခံမှုလည်းမရှိ ဝန်ဆောင်မှုလည်း မပေးဘူး၊ သဲကုန်းမြို့နယ်၊ ဆင်မြီးဆွဲကျေးရွာ အခွန်ကောက်ခံပြီး ဝန်ဆောင်မှုမပေးကြောင်း၊ ဝန်ဆောင်မှုပေးသော်လည်း ရွေးကောက်ပွဲနီးသည့် နှစ်ပိုင်းမှ ဝန်ဆောင်မှု (၂)ခုပေးပါကြောင်း၊ ယင်းကျေးရွာများမှ စည်ပင်၏ ဝန်ဆောင်မှု ရရှိရန်အတွက် နောက်တစ်ကြိမ် ရွေးကောက်ပွဲပြီးဆုံးချိန်ကို စောင့်ရမလိုဖြစ်နေကြောင်း မိမိတို့အစိုးရအခွန်အခများ တိုးပွားနိုင်စေရေးအတွက် ပြည်သူများကို မှန်မှန်ကန်ကန် အခွန်ပေးနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယင်းဝန်ဆောင်မှုကို ထိထိရောက်ရောက်မပေးဘူး စီမံခန့်ခွဲမှုမပေးနိုင်ပါက နောင်နှစ်များတွင် ယင်းဒေသ အခွန်အခလျော့ပါးသွားနိုင်သည့် အနေအထားရှိကြောင်း၊ ဝန်ကြီးဌာနအသီးသီးကို မိမိအနေဖြင့်စီမံခန့်ခွဲရေး တောင်းသည့်မေခွန်း(၁၀)ခု ပြင်ဆင်လာသော်လည်း မေးခွန်း(၆)ခု ကြယ်ပွင့်မပြမေးခွန်း ပြောင်းလဲခြင်းခံရပါသည်။

ပဲခူးတိုင်းဒေသကြီးဆင်မြီးဆွဲ ကျေးရွာအုပ်စုကို မြို့နယ်စည်ပင်နယ်နိမိတ်အတွင်း သွတ်သွင်းပေးနိုင်ရေး မေးခွန်းချင်း နှိုင်းယှဉ်ကြည့်လျှင် ဒေါက်တာစောညိုဝင်း တတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းသွားသည့် မေးခွန်းမျိုးနှင့်တူညီကြောင်း၊ မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သွတ်သွင်းရေးကို လုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ သဲကုန်းမြို့နယ် ဆင်မြီးဆွဲကျေးရွာအုပ်စုကျမှ ဒါမျိုးမဆောင်ရွက်ပေးနိုင်လျှင် ဥပဒေဟာ တစ်မြို့နယ်နှင့် တစ်မြို့နယ် မတူညီခြင်းလား၊ တစ်ရွာတစ်ပုဒ် ဆန်းနေခြင်းလားကိုလည်း ဝန်ကြီးအား မေးမြန်းလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားသည့် မေးခွန်းအပေါ် မိမိအနေဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြခြင်းဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့ စတင်ကတည်းက ဆည်မြောင်းများကို တည်ဆောက်ရေးလုပ်ငန်းများနှင့် ချောင်းကော၊ မြောင်းကောများကို ပြန်လည်တူးဖော်ခြင်းနှင့် စိုက်ပျိုးရေးရရှိအောင် အကျိုးရှိရှိအသုံးချနိုင်ရေးအတွက် အစိုးရက ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ တောင်နဝင်းဆည်နှင့် ဝဲကြီးဆည်တို့သည် နှစ်ပေါင်းများစွာ ကြာပြီဖြစ်သည့်အတွက် ပျက်စီးယိုယွင်းမှုရှိနေပါကြောင်း၊ ယခုနှစ်စီမံကိန်းထဲတွင် မြောင်းလက်တံပျက်စီးနေခြင်းအား ပြုပြင်ပေးရန် အခက်အခဲရှိနေပါကြောင်း၊ သို့ပါသော်လည်း သက်ဆိုင်ရာ ဒေသကိုယ်စားလှယ်ကြီးများနှင့် မိမိတို့ဆည်မြောင်း ဦးစီးဌာနမှ ရှိသည့်ဝန်ထမ်းများမှ စိုက်ပျိုးရေးရရှိရန် အခက်အခဲရှိပါက ညှိနှိုင်းဆောင်ရွက်ပြီး ဝန်ကြီးဌာနကိုလည်း အချိန်မရွေးချိတ်ဆက်၍ ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်လင်းထိုက်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၄)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။မြို့အသွင်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာများအား ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အဖြစ်အဆင့်မြှင့် သတ်မှတ်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆင်မြီးဆွဲကျေးရွာအုပ်စု ကျေးလက်ဈေးလုပ်ငန်း(၃)ခု၊ တန်ဖိုးငွေကျပ် (၅၇၅၅၀၀၀၀/-)ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"ပန်းတောင်းမြို့နယ်၊ မြို့တွင်းရေကျော်သော နေရာများနှင့် မြို့ပြင် ရေကျော်သော နေရာများအား ကတ္တရာလမ်းသားမြှင့်ခြင်း၊ ကွန်ကရစ် ရေကျော်ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့ လဲအုပ်စု၊ ခုံကြီးကျေးရွာရှိ မူလတန်းလွန် ကျောင်းတွင် တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ပန်းတောင်းမြို့နယ်၊ ပန်းတောင်းမြို့ပေါ် (၅)ရပ်ကွက်ရှိ Main လမ်းဘေးဝဲယာ ရေမြောင်းများအား မြို့အင်္ဂါရပ်နှင့်အညီ ရေစီးရေလာကောင်းမွန်စေရန် တပြေးညီ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၄) **"ပန်းတောင်းမြို့နယ်၊ ကျောင်းဦးအုပ်စု၊ သံလယ်ကြီးကျေးရွာရှိ မူလတန်းလွန် ကျောင်းမှာ အန္တရာယ်ရှိကျောင်းဆောင်ဖြစ်နေ၍ အမြန်ဆုံးကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(၅) **"ပန်းတောင်းမြို့နယ်၊ သရက်လိန်အုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ လက်အောက်မှ တက်သစ်ကျွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပန်းတောင်းမြို့နယ်မှ ယခင်က (၃)နှစ် (၁)ကြိမ်၊ (၄)နှစ်(၁)ကြိမ်၊ ရေကြီးခြင်း၊ (၂၅)နှစ်ကျော်မှ စိုးရိမ်ရေအမှတ်ထက် အလွန်အမင်းရေကြီးခြင်း ကြုံတွေ့ရပါသည်။ ယခုအခါ ရာသီဥတုဖောက်ပြန်မှု၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုမှာ နှစ်စဉ်ရေကြီးခြင်း ဖြစ်လာပြီး စိုးရိမ်ရေအမှတ်ထက် အလွန်အမင်းရေကြီးခြင်းအား ကြုံတွေ့ခံစားနေရပါသည်။ ဒုတိယသမ္မတ ဦးဟန်နရီဗန်ထီးယူနှင့် ဝန်ကြီးများ၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းနှင့် ဝန်ကြီးများမှ လာရောက်

ကြည့်ရှု ကူညီပေးမှုများပြုလုပ်ခဲ့ပါသည်။ မြို့တွင်းတွင်(၇)နေရာ အရှည်(၂၅၀၀)ပေခန့်နှင့် မြို့ပြင်(၃)နေရာ အရှည်(၁၀၀၀)ပေခန့်တို့အား ကတ္တရာလမ်းသားမြှင့်ခြင်း၊ ကွန်ကရစ်ရေကျော်များ ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးရန်လိုအပ်နေပါသည်။ စိုးရိမ်ရေအမှတ်ထက် အလွန်အမင်းရေကြီးလာပါက အရေးပေါ် လူနာတင်ယဉ်များ ဖြတ်သန်းမရခြင်း၊ (၂)တန်ကားများဖြတ်သန်းမရခြင်း၊ ဆိုင်ကယ်များဖြတ်သန်းမရခြင်း ကြောင့် အရေးပေါ်ကယ်ဆယ် ရေးလိုအပ်ပါက အခက်အခဲများကြုံတွေ့ရပါသည်။

သို့ဖြစ်ပါ၍ ပန်းတောင်းမြို့နယ်၊ မြို့တွင်းရေကျော်နေရာများနှင့်မြို့ပြင်ရေကျော် နေရာများအား ကတ္တရာလမ်းသားမြှင့်ခြင်း၊ ကွန်ကရစ်ရေကျော်ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ လဲအုပ်စု၊ ခုံကြီးကျေးရွာရှိ မူလတန်းလွန်ကျောင်း ၁၉၇၉ခုနှစ်က ကုန်ကျငွေ(၁)သိန်းနှင့် ကိုယ်ထူကိုယ်ထ (၅)ခန်းပါ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း (၆၆×၃၃)ပေ (၁)ထပ်ကျောင်းဆောင်ရှိပါသည်။ ၂၀၁၀ခုနှစ် ကိုယ်ထူကိုယ်ထဖြင့် (၄၀×၁၅)ပေ သွပ်မိုး၊ ထရံကာ၊ မြေထပ်(၁)ဆောင်ရှိပါသည်။ ယခုအခါ (၄၀×၁၅)ပေ ကျောင်းဆောင်မှာ အကာများပေါက်ပြဲနေပြီး ကျောင်းဆောင်(၂)ခုနှင့် ကျောင်းသားဦးရေစုစုပေါင်း မူလတန်း(၆၁)ဦး + အလယ်တန်း (၃၇)ဦး = (၉၈)ဦး ရှိသည့် အခြေ အနေဖြစ်ပြီး ကြပ်တည်းစွာ ပညာသင်ကြား နေရပါသည်။ သို့ဖြစ်ပါ၍ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ လဲအုပ်စု၊ ခုံကြီးကျေးရွာရှိ မူလတန်းလွန် ကျောင်းတွင် တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ် ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပန်းတောင်းမြို့နယ်တွင် ပန်းတောင်း မြို့ပေါ်၌ ကြခတ်ရပ်ကွက်၊ မင်းရပ်ရပ်ကွက်၊ ဝန်လိုရပ်ကွက်၊ စည်ပင်သာရပ်ကွက်၊ ဖောင်းကန်ရပ်ကွက် (၅)ရပ်ကွက်ရှိပါသည်။ (Main) လမ်းမဘေးဝဲယာတွင် ရေမြောင်းရှိရာ ရေစီးခြင်းမရှိဘဲ ရေဝပ်ခါ ရေအိုင်များဖြစ်ပေါ်လျက် မသန့်ရှင်းသော ရေများဖြစ်ခြင်း၊ ခြင်၊ ယင် ပေါက်ဖွားခြင်း ဖြစ်ပေါ်နေပါသည်။ နေအိမ်တစ်အိမ်နှင့် တစ်အိမ်၏ ရှေ့ရေမြောင်းများမှ မြင့်သည့်ရေမြောင်းမြင့်၊ နိမ့်သည့်ရေမြောင်းနိမ့် နေသောကြောင့် ရေစီးခြင်းမရှိဘဲ ဝပ်နေသော အခြေအနေဖြစ်ပါသည်။ ပန်းတောင်းမြို့စည်ပင်သာယာရေး အဖွဲ့တွင် ရေမြောင်းဖောက်လုပ်ရန် စက်မရှိပါ။

သို့ဖြစ်ပါ၍ ပန်းတောင်းမြို့နယ်၊ ပန်းတောင်းမြို့ပေါ် (၅)ရပ်ကွက်ရှိ (Main)လမ်း ဘေးဝဲယာ ရေမြောင်းများအား မြို့အင်္ဂါရပ်နှင့်အညီ ရေစီးရေလာ ကောင်းမွန်စေရန် တပြေးညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ /မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပန်းတောင်းမြို့နယ်၊ ကျောင်းဦးအုပ်စု၊ သံလယ်ကြီးကျေးရွာရှိ မူလွန်ကျောင်းမှာ (၉၀×၃၀)ပေ သွပ်မိုးဖြစ်ပါသည်။ ကျောင်းသားဦးရေ (၉၅)ဦးရှိပြီး KG တန်းမှ စတုတ္ထတန်းထိ ပညာသင်ကြားနေသော ကျောင်းဆောင်ဖြစ်ကာ (၅၂)ဦး တက်ရောက်ပညာသင်ကြားနေပါသည်။ ပဥ္စမတန်းမှ သတ္တမတန်းထိ ကျောင်းသားများအား (၃၀×၂၀)ပေ အဆောင်တွင် သင်ကြားနေပါသည်။ အဆိုပါ (၉၀×၃၀)ပေ ကျောင်းဆောင်မှ အခင်းများပျက်စီးနေခြင်း၊ အကာများပေါက်ပြဲနေခြင်း၊ အမိုးမှာလည်းပေါက်ပြဲနေခြင်း၊ တိုင်များလည်း ချစားနေခြင်း၊ လမ်းလျှောက်သည့် အခါ အဆောက်အအုံတုန်ခါနေခြင်း၊ တိုင်ခြေ(၃၆)လုံးတွင် (၁၀)လုံးသာကောင်းပြီး (၂၆)လုံးမှာ သံဖိနပ်ပြတ်နေသော အန္တရာယ်ရှိ ကျောင်းဆောင်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပန်းတောင်းမြို့နယ်၊ ကျောင်းဦးအုပ်စု၊ သံလယ်ကြီးကျေးရွာရှိ မူလွန်ကျောင်းမှာ အန္တရာယ်ရှိ ကျောင်းဆောင်ဖြစ်နေ၍ အမြန်ဆုံးကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပန်းတောင်းမြို့နယ်၊ သရက်လိန်အုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာနခွဲလက်အောက်မှ တက်သစ်ကျွန်းကျေးရွာမှာ ရေလယ်ခေါင်တွင် ရောက်ရှိနေပြီး ဆက်သွယ်ရေးစက်လှေများဖြင့် ကူးသန်းသွားလာရပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအရ အရေးပေါ်အခြေအနေတွင် တစ်ဖက်ကမ်းသို့ ရောက်ရှိပြီးတစ်ဆင့် ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက်ရခြင်းဖြစ်ပါသည်။ တက်သစ်ကျွန်းကျေးရွာတွင် အိမ်ထောင်စု(၄၁၂)စုနှင့် လူဦးရေ(၁၈၅၀)ဦး ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲ ရရှိမည် ဆိုပါက မြေနေရာများမှာလည်း ကျေးရွာအားလုံးစုပေါင်း၍ ဝယ်ယူထားပြီး ဖြစ်ပါသည်။ မြေနေရာနှင့် ပတ်သက်၍ စာရွက်စာတမ်းများ ပူးတွဲတင်ပြထားပါသည်။

သို့ဖြစ်ပါ၍ ပန်းတောင်းမြို့နယ်၊ သရက်လိန်အုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ လက်အောက်မှ တက်သစ်ကျွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ပန်းတောင်းမြို့နယ်၊ မြို့တွင်းရေကျော်သော နေရာများနှင့် မြို့ပြင် ရေကျော်သော နေရာများအား ကတ္တရာလမ်းသားမြှင့်ခြင်း၊ ကွန်ကရစ် ရေကျော်ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မြို့တွင်းလမ်းပိုင်းဖြစ်သည့် ဆင်တဲအတွင်းလမ်း မိုင်(၀/၀-၁၄/၂)ထိ

(၁၄မိုင်၂ဖာလုံ)အတွင်း ရေကျော်သည့် လမ်းအပိုင်းများဖြစ်သော မိုင်(၃/၇-၄/၀)အတွင်း (၁၆၅ပေ)၊ မိုင်(၅/၁-၅/၂)အတွင်း (၃၀၀ပေ)၊ မိုင်(၅/၃-၅/၅)အတွင်း (၁၀၁၀ပေ)၊ မိုင်(၁၃/၇-၁၄/၀)အတွင်း (၆၆၀ပေ)၊ မိုင်(၁၄/၀-၁၄/၂)အတွင်း (၁၃၂၀ပေ) အပိုင်းများအား ကတ္တရာလမ်းသား မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံထားပြီး ဖြစ်သဖြင့် ပွင့်လင်းရာသီ ရောက်ရှိပါက လုပ်ငန်းများစတင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

နေလသစ္စာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းအပိုင်းဖြစ်သည့် ပန်းတောင်း-တောင်ကုတ်လမ်း မိုင်(၁၄/၂-၄၁/၀)အတွင်း လမ်းအပိုင်းတွင် ရေကျော်မှုဖြစ်ပွားလျက်ရှိသည့် မိုင်(၁၅/၂၊၁၅/၃)အတွင်း (၆၆၀ပေ)၊ မိုင်(၁၅/၃-၁၅/၄)အတွင်း (၅၀၀ပေ)၊ နဝဒေးတံတား ချဉ်းကပ်လမ်း မိုင်(၉/၇-၁၀/၀)အတွင်း (၆၆၀ပေ)နေရာများအနက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီတွင် မိုင်(၉/၇-၁၀/၀)အတွင်း၊ မိုင်(၁၅/၂-၁၅/၃)အတွင်းနှင့် မိုင်(၁၅/၃-၁၅/၄)အတွင်း စုစုပေါင်း (ပေ၇၀၀) ခန့်အား ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)၊ (၃)၊ (၄)နှင့် (၅)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ လဲအုပ်စု၊ ခုံကြီးကျေးရွာရှိ မူလတန်းလွန် ကျောင်းတွင် တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့၊ လဲအုပ်စု၊ ကုန်းတန်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် မူလတန်းဆင့်ကျောင်းသားဦးရေ (၆၁)ဦးရှိပြီး၊ ဆရာ/ဆရာမ ဦးရေမှာ ကျောင်းအုပ်(၁)ဦး၊ လယ်ပြ(၃)ဦး၊ မူပြ(၃)ဦး စုစုပေါင်း(၇)ဦး ရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၆၆×၃၃)ပေ နှစ်ထပ်ဆောင်(၁)ဆောင်ရှိပါသည်။ ကျောင်းအဆင့်မှာ (A)ဖြစ်ပါသည်။

အဆိုပါကျောင်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ (B-Plan) လျာထားမှု စာရင်းတွင် တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်မည့် ဦးစားပေး(၇)တွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း ဖြေကြားပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ ပန်းတောင်းမြို့ပေါ် (၅)ရပ်ကွက်ရှိ Main လမ်းဘေး ဝဲယာ ရေမြောင်းများအား မြို့အင်္ဂါရပ်နှင့်အညီ ရေစီးရေလာကောင်းမွန် စေရန် တပြေးညီ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပန်းတောင်းမြို့နယ်၊ မြို့ပေါ်ရပ်ကွက်များ ရေစီးရေလာ

ကောင်းမွန်စေရေးအတွက် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းလျာထားချက်တွင် သိပ္ပံလမ်း ပင်မရေနုတ်မြောင်း ရေလမ်းကြောင်းဖွင့်ခြင်း၊ နုန်းဆယ်ခြင်းနှင့် ၎င်းပင်မမြောင်းဖြတ် Box Culvert (၂)စင်း ပြုလုပ်ခြင်းအား ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပင်မရေထုတ်မြောင်း ရေစီးရေလာကောင်းမွန်သွားလျှင် ကျန်ရေနုတ် မြောင်း၊ ရေသွယ်မြောင်းများအား ပင်မရေနုတ်မြောင်းနှင့် ဆက်သွယ်ခြင်းကို နှစ်စဉ်စဉ်ဆက် မပြတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပန်းတောင်းမြို့ပေါ် (၅)ရပ်ကွက်ရှိ Main လမ်းဘေးဝဲ/ယာ ရေမြောင်းများအား မြို့အင်္ဂါရပ်နှင့်အညီ ရေစီးရေလာကောင်းမွန်စေရန်အတွက် နေအိမ်ခြံရှေ့ရှိ ရေမြောင်းများအား အနိမ့်အမြင့်ညီစေရန်အဖွဲ့မှ ကွင်းဆင်းတိုင်းတာပြီး ရေမြောင်းများတူးဖော်သွားရန် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ ကျောင်းဦးအုပ်စု၊ သံလယ်ကြီးကျေးရွာရှိ မူလတန်းလွန် ကျောင်းမှာ အန္တရာယ်ရှိကျောင်းဆောင်ဖြစ်နေ၍ အမြန်ဆုံးကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ကျောင်းဦးအုပ်စု၊ သံလယ်ကြီးကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် မူလတန်းဆင့်ကျောင်းသားဦးရေ(၅၈)ဦးရှိပြီး ၊ဆရာ/ဆရာမ ဦးရေမှာ ကျောင်းအုပ်(၁)ဦး၊ လယ်ပြ(၃)ဦး၊ မူပြ(၄)ဦး စုစုပေါင်း(၈)ဦးရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၅၆×၃၅)ပေ တစ်ထပ်ဆောင်(၁)ဆောင်ရှိပါသည်။ ကျောင်းအဆင့်မှာ (C)ဖြစ်ပါသည်။

အဆိုပါကျောင်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ (B-Plan) လျာထားမှုစာရင်းတွင် အန္တရာယ်ရှိ၍ ကျောင်းဆောင်သစ်ဆောက်လုပ်မည့် ဦးစားပေးအဆင့်(၁)တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်း ဖြေကြားပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပန်းတောင်းမြို့နယ်၊ သရက်လိန်အုပ်စုရှိ ကျေးလက်ကျန်းမာရေးဌာနခွဲ လက်အောက်မှ တက်သစ်ကျွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲအဖြစ်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ ပန်းတောင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ဒေါင်းမြတ်နားကျေးလက် ကျန်းမာရေးဌာန၊ ခတ္တိယကျေးလက်ကျန်းမာရေးဌာနခွဲတွင် ကျေးရွာပေါင်း(၆)ရွာ ပါဝင်ပြီး တက်သစ်ကျွန်းကျေးရွာသည် ဧရာဝတီမြစ်ရေလယ်ခေါင်တွင် တည်ရှိသောကြောင့် လမ်းပန်းဆက်သွယ်ရေးမှာ စက်လှေများဖြင့်သာ သွားလာရပါသည်။ အရေးပေါ်ကျန်းမာရေးစောင့်ရှောက် မှုပေးရာတွင် သွားလာရေးခက်ခဲသော နေရာဒေသတစ်ခုဖြစ်ပြီး တက်သစ်ကျွန်းကျေးရွာတွင် အိမ်ခြေ(၄၀၆) အိမ်နှင့်လူဦးရေ (၁၈၅၀)ဦး ရှိပါသည်။

ကျေးလက်ကျန်းမာရေးဌာနခွဲဆေးခန်း အဆောက်အဦဆောက်လုပ်ရန်အတွက် အလျား (၂၁၀)ပေ၊ အနံ(၁၅၀)ပေရှိသောမြေနေရာအား ကျေးရွာမှ လှူဒါန်းပေးမည်ဖြစ်ပါသည်။ ဒုတိယ ကျေးလက်ကျန်းမာရေးဌာနခွဲအောက်ရှိ တက်သစ်ကျွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးမည်ဆိုပါက ကျေးရွာလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုပိုမိုလွှမ်းခြုံမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပန်းတောင်းမြို့နယ်၊ တက်သစ်ကျွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်နိုင်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဒေါ်ဇင်မိုးထိုက်၊ ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၁)နှင့်ပတ်သက်၍ မြို့တွင်း၊ မြို့ပြင် ကတ္တရာလမ်းသားမြှင့်တင်ခြင်းနှင့် ကွန်ကရစ်ပြုလုပ်ခြင်း ဆောင်ရွက်ပေးရေးနှင့်ပတ်သက်၍ မြို့တွင်းက အားလုံးလုပ်ပြီးကြောင်း ပြောကြားထားပြီး မြို့ပြင် BOT စနစ်နှင့် တာဝန်ယူရသော နေလသစ္စာကုမ္ပဏီက တာဝန်ယူတည်ဆောက်ပေးမည့်လမ်းပိုင်း (၆၆၀)ပေ၊ (၅၀၀)ပေနှင့် နောက်ထပ်(၆၆၀)ပေရှိပြီး ယင်း(၃)နေရာမှာ ပေ(၇၀၀)ကိုဘဲ လမ်းသားမြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးမည်ဟု ရေးသားထားသဖြင့် ကျန်သည့်လမ်းပိုင်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ/မရှိ ဆက်စပ်မေးခွန်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဒေါ်ဇင်မိုးထိုက်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဒေါ်ဇင်မိုးထိုက် မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁) ဆက်စပ်မေးခွန်းနှင့် ပတ်သက်၍ ကျန်ရှိနေသည့် မြို့ပြင်လမ်းပိုင်းကို BOT စနစ်ဖြင့် နေလသစ္စာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ရတာဖြစ်ပြီး ယင်းကုမ္ပဏီ၏ ဖြေကြားချက်အရ နောင်နှစ် များတွင် ရေကြီး၊ ရေလျှံမှုများ မဖြစ်စေရန် စိစစ်ကြည့်ရှုပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လုပ်ဆောင်သွားရန် တိုက်တွန်းသွားမည်ဖြစ်ကြောင်း ဆက်စပ်မေးခွန်းအား ပြန်လည်ဖြေကြားပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဝင်းကို၊ မိုးညှိမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"မိုးညှိမြို့နယ်၊ ရေကင်းအုပ်စု၊ မြောက်ရွာအနီးတွင် ဧရာဝတီမြစ်အရှေ့ဘက် ကမ်းပတ် ရေကာတာ ကျိုးပေါက်ခဲ့သဖြင့် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့၍ နိုင်ငံတော်မှ ထောက်ပံ့ ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"မိုးညှိမြို့နယ်၊ ထိန်တောကျေးရွာအုပ်စု အထက်တန်းကျောင်းရှေ့ မြကန်သာရေကန် ဘေးရှိ အများပြည်သူပိုင် ကလေးအားကစားကွင်းနှင့် ပန်းဥယျာဉ်ကို မူလအတိုင်း ပြန်လည်ထားပေးရန် စီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းကို၊ မိုးညှိမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မိုးညှိမြို့နယ်၊ ရေကင်းအုပ်စု၊ မြောက်ရွာအနီး တွင် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပတ် ရေကာတာသည် ၂၀၁၆ခုနှစ်၊ ဩဂုတ်လ(၆)ရက်နေ့ ညက ကျိုးပေါက်ခဲ့ပါသဖြင့် လူ၊ ကျွဲ၊ နွားနှင့် တိရစ္ဆာန်များမှာ အတော်ကို အတိဒုက္ခရောက်ခဲ့ကြပါသည်။

ထို့အပြင် တောင်သူ(၈၁၆၂)ဦး စိုက်ပျိုးထားသော သီးနှံဧက(၂၇၈၄၅)မှာ ရေလွှမ်းမိုးသွား ခဲ့ပါသည်။ ထိုအထဲတွင် မိုးစပါးဧက(၂၂၃၃၅)ဧက၊ အခြားသီးနှံ(၅၅၁၀)ဧကတို့ ပါဝင်ခဲ့ပါသည်။ ရေကြီးနစ်မြုပ်ခဲ့ပြီး အမှန်တကယ်ပျက်စီးဆုံးရှုံးသွားသည့် ဧကများရှိနေခဲ့ပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်မှ ဆုံးရှုံးနစ်နာသွားသော တောင်သူများ၏ သီးနှံဧကစာရင်းများကို စိစစ်ပြီး လိုအပ်သော အထောက်အပံ့များ ပံ့ပိုးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညှိမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မိုးညှိမြို့နယ်၊ ထိန်တောကျေးရွာအုပ်စု၊ ထိန်တောမြို့သည် အထက်တန်းကျောင်း၊ ရဲစခန်း၊ တိုက်နယ်ဆေးရုံ၊ ဈေး၊ မီးသတ်ယာဉ်၊ ကတ္တရာလမ်း အစရှိသော မြို့ပြအင်္ဂါများ အစုံအလင်ရှိပြီး မြို့ပြအသွင်ကိုဆောက်လျက်ရှိသော မြို့တစ်မြို့ ဖြစ်ပါသည်။

မြို့ပြအသွင်ကို ဆောင်လျက်ရှိသည်နှင့်အညီ ထိန်တောမြို့အထက်ကျောင်းရှေ့နှင့် မြကန်သာ ရေကန်ဘေးတွင် ၁၉၈၉ခုနှစ်ကတည်းက ကလေးကစားကွင်းနှင့် အပန်းဖြေဥယျာဉ်တို့ တည်ရှိခဲ့သဖြင့် ကလေးများပျော်ရွှင်စွာ လျှောစီး၊ ဒန်းစီး၊ ခုန်ပေါက်ကစားပြုခဲ့ကြသည်ကို အမှတ်ရနေမိပါသည်။ ပြည်သူများမှာလည်း ဥယျာဉ်များ အနားယူအပန်းဖြေမှုများဖြင့် စည်ကားလျက်ရှိနေခဲ့ပါသည်။

ကလေးကစားကွင်း၊ ပန်းဥယျာဉ်များကို ဖန်တီးတည်ဆောက်ပေးခြင်းမှာ ကလေးများ ကျန်းမာ သန်စွမ်းပြီး စရိုက်လက္ခဏာများ လွတ်လပ်စွာရှင်သန်ဖွံ့ဖြိုးစေကာ ကိုယ့်ကိုကိုယ်ယုံကြည်မှု မြင့်မားလာစေရန် ရည်ရွယ်ကြောင်း နားလည်ရပါသည်။

သို့သော် ယခုအခါ အဆိုပါ အများပြည်သူပိုင် ကလေးကစားကွင်းနှင့် ပန်းဥယျာဉ်နေရာမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံး ဖွင့်လှစ်ထားခြင်း၊ ဆက်သွယ်ရေးရုံးတည်ဆောက်ထားခြင်းနှင့် အုပ်ချုပ်ရေးမှူးရုံးများ ဝင်ရောက်နေရာယူထားလျက်ရှိနေပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူဆန္ဒနှင့်အညီ အဆိုပါကလေးကစားကွင်းနှင့် အပန်းဖြေပန်းဥယျာဉ်တို့ကို မူလအတိုင်းပြန်လည်ထားပေးနိုင်မှု အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကိုမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုးညိုမြို့နယ်၊ ရေကောင်းအုပ်စု၊ မြောက်ရွာအနီးတွင် ဧရာဝတီမြစ်အရှေ့ဘက် ကမ်းပတ်ရေကာတာ ကျိုးပေါက်ခဲ့သဖြင့် သီးနှံများ ပျက်စီးဆုံးရှုံးခဲ့၍ နိုင်ငံတော်မှ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၏ ရေကြီးနစ်မြုပ်ပျက်စီးဧရိယာများတွင်မိုးစပါးများ ပြန်လည်စိုက်ပျိုးမည့်တောင်သူများသို့ စိုက်ပျိုးရေးဦးစီးဌာနမှ အရံမျိုး(၁၅၀၀)တင်း ထောက်ပံ့ပြီးဖြစ်ပါသည်။ ရုံးချုပ်(နေပြည်တော်) တိုင်း၊ ခရိုင်၊ မြို့နယ်များမှပညာပေးအဖွဲ့များလည်း ရေကြီးနစ်မြုပ်ဒေသများသို့ကွင်းဆင်းပြီး ပညာပေးဟောပြောပွဲများ ဆောင်ရွက်ပေးခဲ့ပါသည်။ ကျန်ရှိသည့်ထိခိုက်နှင့်ပျက်စီး ဧရိယာများသို့ အထောက်အပံ့ရရှိရေး အတွက်တိုင်းဒေသကြီးအစိုးရမှ တစ်ဆင့်ပြည်ထောင်စုအစိုးရသို့ တင်ပြထားပြီး ယနေ့အထိ အထောက်အပံ့ပေးမှုများမရရှိသေးပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကိုမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မိုးညိုမြို့နယ်၊ ထိန်တောကျေးရွာအုပ်စု အထက်တန်းကျောင်းရှေ့ မြကန်သာရေကန် ဘေးရှိ အများပြည်သူပိုင် ကလေးအားကစားကွင်းနှင့် ပန်းဥယျာဉ်ကို မူလအတိုင်း ပြန်လည်ထားပေးရန် စီအစဉ် ရှိ/မရှိ"**နှင့် စပ်လျဉ်း၍ မိုးညိုမြို့နယ်၊ ထိန်တောကျေးရွာအုပ်စု၊ ထိန်တောကျေးရွာတွင် ၁၉၇၀ခုနှစ်၌ မြို့မြေကွက်သစ် ဖော်ထုတ်ခဲ့ပြီး နိုင်ငံတော်မှ ထိန်တောသောက်သုံးရေကန်တူးဖော်ရန် ရန်ပုံငွေရရှိသဖြင့် ကန်တူးဖော်ခဲ့ပါသည်။ ကန်ပတ်လည်တွင် ကန်မြေထားရှိပြီး ၁၉၈၉ ခုနှစ်တွင် ထိန်တော ကလေးကစားကွင်းနှင့် ပန်းခြံတည်ဆောက်ခွင့် ထိန်တော အ. ထ. ကမှ တောင်းဆိုသဖြင့် ခေတ္တခွင့်ပြုခဲ့ကြောင်း၊ (၂)နှစ်အကြာတွင် ပျက်စီးခဲ့ကြောင်း သိရှိရပါသည်။ ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ ကျေးလက်အိတ်ချိန်းရုံး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့ တည်ဆောက်ပြီး ယခုအချိန်ထိ အသုံးပြုလျက်ကြောင်း သိရှိရပါသည်။ ထိန်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ တင်ပြချက်အရ ကလေးကစားကွင်းနှင့် ပန်းခြံမြေမှာ ခေတ္တသာအသုံးပြုခွင့်ပေးထားခြင်းဖြစ်ကြောင်း

သိရှိရပါသည်။ ၎င်းတို့ထိန်တောကျေးရွာမှာ မြို့စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် သတ်မှတ်ထားခြင်း မရှိပါကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကလေးကစားကွင်းနှင့် အပန်းဖြေဥယျာဉ် ဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါသည်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။မေးခွန်းအမှတ်စဉ်(၂)နှင့် ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးဝင်းကို၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းအမှတ်စဉ်(၂)နှင့်ပတ်သက်၍ အများပြည်သူပိုင်မြေကို ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများက စီမံချထားခွင့်ရှိပါသလား၊ နေရာချထားသည့်အစည်းအဝေးတွင် အများပြည်သူနှင့် ပတ်သက်သည့် ကိစ္စကြီးငယ်အတွက် အသုံးပြုရန် သီးသန့်ချထားပေးသော်လည်း အများပြည်သူအကျိုးအတွက် ချထားပေးသည်များကို ပြန်လည်သိမ်းဆည်းခွင့်ရှိပါသလား၊ ၂၀၀၂ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မ ၃၅၆ အရ နိုင်ငံတော် နိုင်ငံသားများ၏ တရားဝင်ရရှိပိုင်ဆိုင်ထားသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် စပ်လျဉ်း၍ ဥပဒေအရ အကာအကွယ်ပေးထားပါကြောင်း၊ ပုဒ်မ ၃၅၇ အရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် နိုင်ငံတော်/နိုင်ငံသားများ၏ နေအိမ်ဥပစာအတွင်း လုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ အခြားဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှုများတွင် ဥပဒေအရ ဤပြဋ္ဌာန်းထားကြောင်း၊ ပန်းခြံနှင့် ကလေးကစားကွင် တည်ဆောက်ခွင့်မပေးပါက အများပြည်သူပိုင်မြေနေရာအား မြေအစားမပေးလျှင် မူလအတိုင်းထားရန်နှင့် ယင်းမြေနေရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၊ ကျေးလက်အိတ်ချိန်းရုံး၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ တည်ဆောက်ပြီး မြေအစား ပြန်လည်မချပေးဘဲ အများပြည်သူပိုင်မြေထဲတွင် ဆောက်လုပ်နေခြင်းအပေါ် ဆက်စပ်မေးခွန်းမေးမြန်းပါသည်။ စည်ပင်သာယာမှ မဖြေကြားလျှင် သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးဝင်းကိုမေးမြန်းသော မေးခွန်းအမှတ်စဉ်(၂)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။၁၉၈၉ခုနှစ် ထိန်တောကလေးကစားကွင်းနှင့် ပန်းခြံတည်ဆောက်ခွင့်ကို ထိန်တော(အ. ထ. က)မှ တောင်းဆိုသဖြင့် ခတ္တခွင့်ပြုခဲ့ပါကြောင်း၊ ယင်းမြေကို ပါတီရုံး၊ အခြားရုံးအဆောက်အဦများ အဆင့်ဆင့် သုံးစွဲလာပြီး ဒီနေရာတစ်နေရာတည်း မဟုတ်ဘဲ မည်သည့်မြို့နယ်များတွင်မဆို သုံးစွဲနေသည်ကို တွေ့ရပါကြောင်း၊ ဥပမာ- သာယာဝတီခရိုင်ရုံးသည် တစ်ချိန်က စုပေါင်းရုံးဖြစ်သည့် မြေနေရာတွင် ပါတီတစ်ခုကနေပြီး သမဝါယမရုံးအဆောက်အဦကနေပြီး ပါတီအတွက် သုံးစွဲနေသည်ကို ကိုယ်စားလှယ်ကြီးများ ကြည့်ခြင်းအားဖြင့် ထင်သာမြင်သာရှိသည်ကို တင်ပြချင်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“မြို့လယ်ချောင်းအောက်ပိုင်းကို မြစ်မခအထိ တူးဖော်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **“ရေကြည်ချောင်းကို မြစ်မခအထိ တူးဖော်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **“ကတက်ချောင်းအထက်ပိုင်း တူးဖော်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၄) **“မြစ်မခမြစ် အနောက်ဘက်ကမ်း မိုးညိုမြို့နယ်မှ တာဖို့ထားသောကြောင့် အရှေ့ဘက်ကမ်း အုတ်ဖိုမြို့နယ်အတွင်းရှိ လယ်မြေများ ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ်နေ၍ အရှေ့ဘက် ကမ်းမှ တာဖို့ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၅) **“ဂမုန်းချောင်း ရေတိုက်စားခြင်းကြောင့် အောင်မင်္ဂလာရပ်ကွက်နှင့် ကျက်ဆူတော ကျေးရွာလူနေအိမ်များနှင့် နီးကပ်စွာကမ်းပြိုမှုများ ဖြစ်ပေါ်နေ၍ ရေတိုက်စားမှု မဖြစ်အောင် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း(၅)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့ မြို့လယ်ချောင်း အောက်ပိုင်းကို မြစ်မခအထိ တူးဖော်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့ ရေကြည်ချောင်းကို မြစ်မခအထိ တူးဖော်ပေးရန် အစီအစဉ် ရှိ /မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့၊ ကတက်ချောင်း အထက်ပိုင်း တူးဖော်ပေးရန် အစီအစဉ် ရှိ /မရှိ သိရှိလိုပါ ကြောင်း မေးမြန်းအပ်ပါသည်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့၊ မြစ်မခမြစ် အနောက်ဘက်ကမ်း မိုးညိုမြို့နယ်မှ တာဖို့ထားသောကြောင့် အရှေ့ဘက်ကမ်း အုတ်ဖိုမြို့နယ်အတွင်း ရှိ လယ်မြေများရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ်နေရ သောကြောင့် အရှေ့ဘက်ကမ်းမှ တာဖို့ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။အုတ်ဖိုမြို့၊ ဂမုန်းချောင်း ရေတိုက်စားခြင်းကြောင့် အောင်မင်္ဂလာရပ်ကွက်နှင့် ကျက်ဆူတောကျေးရွာ လူနေအိမ်များနှင့် နီးကပ်စွာ ကမ်းပြိုမှုများဖြစ်ပေါ်နေရာ ရေတိုက်စား မှုမဖြစ်အောင် ပြုပြင်ပေးရန် အစီအစဉ် ရှိ /မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစောသူရအောင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)၊ (၃)နှင့် (၄)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“မြို့လယ်ချောင်းအောက်ပိုင်းကို မြစ်မခအထိ တူးဖော်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ် အတွင်းရှိ မြို့လယ်ချောင်းမှာ ပဲခူးရိုးမမှ မြစ်ဖျားခံစီးဆင်းလာပြီး မြစ်မခမြစ်အတွင်းသို့ စီးဝင်ပါသည်။ မြို့လယ်ချောင်းအား (၂၀၁၂-၂၀၁၃)ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် အလျား(၁၁. ၁၄)မိုင် တူးဖော် ဆောင်ရွက်ခဲ့ပြီး (၂၀၁၆-၂၀၁၇) ခုနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် အလျား(၅. ၀)မိုင် တူးဖော်ဆောင်ရွက် ခဲ့ပြီးဖြစ်ပါသည်။ ယခုကျန်ရှိသော မြို့လယ်ချောင်းအောက်ပိုင်းအလျား(၇. ၀)မိုင်အား မြစ်မခမြစ်ထိ တူးဖော် ပေးရန် တင်ပြလာခြင်းဖြစ်ပါသည်။

မြို့လယ်ချောင်းအောက်ပိုင်းကို မြစ်မခမြစ်ထိတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းအား ဖြင့် ကြပ်ချောင်း၊ ချောင်းနား၊ တက်ဆွဲကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက(၁၅၀၀)ကျော်အား ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက်ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိပါသည်။ မြို့လယ်ချောင်းအောက်ပိုင်းကို မြစ်မခမြစ်ထိတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၇)မိုင်၊ မြေကြီး(၅၅၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ(အကြမ်းဖျင်း)မှာ ကျပ်(၁၈၁. ၅၀၀)သန်း ကုန်ကျမည် ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေ (RE) တွင် တင်ပြတောင်းခံချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (RE) တင်ပြတောင်းခံသောလုပ်ငန်းများ စိစစ်ပြီးဖြစ်ပါ၍ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ BE တွင် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူရန် ထည့်သွင်းပေးနိုင်ရေးအတွက် မိမိအနေဖြင့် စာရင်းပြုစုထားမည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ရေကြည်ချောင်းကို မြစ်မခအထိ တူးဖော်ရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်အတွင်းရှိ ရေကြည်ချောင်းမှာ အုတ်ဖိုမြို့နယ်၊ မြို့လယ်ချောင်းထိပ်ရေတံခါးမှ ခွဲထွက်ပြီး မြစ်မခမြစ်အတွင်းသို့ စီးဝင်ပါသည်။ ရေကြည်ချောင်းအား (၂၀၁၃-၂၀၁၄)ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် အလျား(၁၂. ၅)မိုင် တူးဖော်ဆောင်ရွက်ခဲ့ပြီး (၂၀၁၆-၂၀၁၇) ခုနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့် အလျား(၅. ၀)မိုင် တူးဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါ သည်။ ယခုကျန်ရှိသော မြို့လယ်ချောင်း အောက်ပိုင်းအလျား (၇)မိုင် အား မြစ်မခမြစ်ထိ တူးဖော်ပေးရန် တင်ပြလာခြင်းဖြစ်ပါသည်။

ရေကြည်ချောင်းပြန်လည်တူးဖော်ပေးမည်ဆိုပါက ငါးရှဉ့်ရိုးကျေးရွာအုပ်စု၊ တောင်ကုန်း ကျေးရွာအုပ်စု၊ အုတ်တွင်းကုန်းကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက(၁၅၀၀)ခန့်အား ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိပါသည်။ ရေကြည်ချောင်းအား မြစ်မခမြစ်ထိတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၇)မိုင်၊ မြေကြီး (၆၃၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ(အကြမ်းဖျင်း)မှာ ကျပ်(၁၅၇. ၅၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေ (RE) တွင် တင်ပြတောင်းခံချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (RE) တင်ပြတောင်းခံသော လုပ်ငန်းများ စိစစ်ပြီးဖြစ်ပါ၍ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် BE တွင် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူရန် ထည့်သွင်းပေးနိုင်ရေးအတွက် စာရင်းပြုစုထားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကတက်ချောင်းအထက်ပိုင်း တူးဖော်ရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်အတွင်းရှိ ကတက်ချောင်းမှာ ပဲခူးရိုးမမှ မြစ်ဖျားခံ၍ စီးဆင်းလာပြီး အုတ်ဖိုမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်း၍ ဂမုန်းချောင်းအတွင်းသို့ စီးဝင်ပါသည်။ ကတက်ချောင်းအား (၂၀၁၅-၂၀၁၆)ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် အလျား(၆. ၅)မိုင် တူးဖော်ဆောင်ရွက်ခဲ့ပြီး (၂၀၁၆-၂၀၁၇) ခုနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေဖြင့်

အလျား(၅. ၀)မိုင် တူးဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယခုကျန်ရှိသော ကတက်ချောင်း (အထက်ပိုင်း) အလျား (၄)မိုင်ခန့်အား ဆက်လက်တူးဖော်ပေးရန် တင်ပြလာခြင်းဖြစ်ပါသည်။

ကတက်ချောင်း(အထက်ပိုင်း)ပြန်လည်တူးဖော်ပေးခြင်းဖြင့် အုတ်ဖိုမြို့နယ်အတွင်းရှိ နှောကုန်းကျေးရွာအုပ်စု၊ ဖုန်းဆိုးကြီးကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက(၃၀၀၀)ခန့်အား ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက် ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

လတ်တလောအနေဖြင့် ကွင်းဆင်း၍ ဒေသခံများနှင့် တွေ့ဆုံမှုများ ဆောင်ရွက်ထားရှိပါသည်။ ကတက်ချောင်း(အထက်ပိုင်း) တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား(၄)မိုင်၊ မြေကြီး (၃၅၀၀၀)ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ(အကြမ်းဖျင်း)မှာ ကျပ်(၁၂၅. ၅၀၀)သန်း ကုန်ကျမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းမှာ (၂၀၁၆-၂၀၁၇)ခုနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE) ရန်ပုံငွေ တင်ပြတောင်းခံချိန်တွင် ပါဝင်ခြင်းမရှိပါသဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ (RE) တင်ပြတောင်းခံသော လုပ်ငန်းများ စိစစ်ပြီးဖြစ်ပါ၍ (၂၀၁၆-၂၀၁၇)ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် BE တွင် တိုင်းဒေသကြီးလွှတ်တော်၏ အဆုံးအဖြတ်ရယူရန် ထည့်သွင်းတင်ပြနိုင်ရေးအတွက် စာရင်းပြုစုထားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"မြစ်မခမြစ် အနောက်ဘက်ကမ်း မိုးညိုမြို့နယ်မှ တာဖို့ထားသောကြောင့် အရှေ့ဘက်ကမ်း အုတ်ဖိုမြို့နယ်အတွင်းရှိ လယ်မြေများ ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ်နေ၍ အရှေ့ဘက် ကမ်းမှ တာဖို့ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ မြစ်မခမြစ်အနောက်ဘက်ကမ်းရှိ လယ်မြေများ ဖော်ထုတ်နိုင်ရေးအတွက် မြစ်မခမြစ်အနောက်ဘက်ကမ်းပတ်တာအား ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ (၂၀၀၇-၂၀၀၈) ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် မူလတည်ဆောက်ပြီးသော တာများအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် တာမြှင့်ခြင်းလုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ ယခုလွှတ်တော်ကိုယ်စားလှယ်မှတင်ပြလာသော မြစ်မခမြစ်အနောက်ဘက်ကမ်း မိုးညိုမြို့နယ်မှ တာဖို့ထားသောကြောင့် အရှေ့ဘက်ကမ်း အုတ်ဖိုမြို့နယ်အတွင်းရှိ လယ်မြေများ ရေကြီးနစ်မြုပ်ခြင်းများ ဖြစ်ပေါ်နေရသဖြင့် မြစ်မခမြစ်အရှေ့ဘက်ကမ်းတာအားဖို့ပေးရန် အစီအစဉ် ရှိ/မရှိ တင်ပြလာမှုနှင့် ပတ်သက်၍ တာအသစ်ပြုလုပ်ပါက မူလရေနေရေထိုင်ဧရိယာလျော့နည်းပြီး မြစ်ဝှမ်းအတွင်းရှိ အခြားနေရာများတွင် ရေကြီးရေလျှံမှု ဖြစ်ပွားစေနိုင်ပါသည်။ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသော မြစ်ချောင်းများ ရေကြီးရေလျှံမှု လျော့ပါးသက်သာစေရေးအတွက် Master Plan ဖြင့် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြစ်မခမြစ်ဝှမ်းလွင်ပြင်မှာ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်နှင့် အုတ်ဖိုမြို့နယ် အတွင်း စိုက်ပျိုးဧရိယာများအဖြစ် တည်ရှိနေသော်လည်း မိုးတွင်းကာလတွင် တောင်ကျ ရေစီးဆင်းချိန်နှင့် ဧရာဝတီမြစ်ရေကြီးချိန်တွင် ဆင်ခေါင်းပေါက်၊ မြစ်သာပေါက်၊ ထွင့်မြတ်ပေါက်မှတစ်ဆင့် ဧရာဝတီမြစ်ရေသည် မြစ်မခမြစ်အတွင်းသို့ ဝင်ရောက်သဖြင့် ဧရာဝတီမြစ်ရေဘေး ကာကွယ်ရေးတာနှင့် မြစ်မခမြစ်ရေဘေးကာကွယ်ရေးတာတို့မှာ ထိစပ်နေပြီး ဧရိယာကျယ်ဝန်း၍ ရေစီးရေလာအခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီး Master Plan ဖြင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်းနှင့် လက်ရှိဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ဆက်လက်ပြီး မိမိအနေဖြင့် ဖြေကြားလိုသည်က မိမိတို့အစိုးရလက်ထက်တွင် မြောင်းတာတမံများကို တည်ဆောက်ခြင်းနှင့် ချောင်းကောမြောင်းကောများကို တူးပေးမည်၊ ပြည်သူလူထု အခက်အခဲဖြစ်နေသည့်တာ၊ ပျက်စီးနေသည့်တာများကို ဖို့ပေးမည်ဟု အစိုးရစတင်တာဝန်ယူကတည်းက ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနကို ညွှန်ကြားခဲ့ပြီးဖြစ်ကြောင်း၊ မိမိအနေဖြင့် တင်ပြလိုသည်က ပြည်ထောင်စုအစိုးရကနေ ဒီအပေါ်မှာ အလေးထားဆောင်ရွက်ပါကြောင်းနှင့် ချောင်းကောမြောင်းကောများကို တူးပေးလျှင် လက်ခံ စီးဆင်းသည့် ဧရာဝတီမြစ်ကြောင်းကောနေမှုကို ပြည်ထောင်စုအစိုးရ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မြစ်ကြောင်းတူးဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်ရှိနေသည့် ချောင်းကော၊ မြောင်းကောများနှင့် ပတ်သက်ပြီး မိမိအစီအစဉ်အတိုင်း ကြုံသလိုတူးဖော်ခြင်းမဟုတ်ဘဲ သက်ဆိုင်ရာဒေသများက စာဖြင့် ကျေးရွာနှင့် သက်ဆိုင်သည့် သဘာဝဆိုးကျိုးသက်ရောက်မှု၊ စီးပွားရေးဆိုင်ရာအကျိုးသက်ရောက်မှု၊ လူမှုရေးဆိုင်ရာအကျိုး သက်ရောက်မှုတို့ကို စစ်တမ်းကောက်ယူပြီး လိုအပ်သည့်နေရာများတွင် စီစဉ်ဆောင်ရွက်ပေးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစောသူရအောင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၅)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ ဦးစောသူရအောင်၊ အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဂမုန်းချောင်း ရေတိုက်စားခြင်းကြောင့် အောင်မင်္ဂလာရပ်ကွက်နှင့် ကျက်ဆူတော ကျေးရွာလူနေအိမ်များနှင့် နီးကပ်စွာကမ်းပြိုမှုများ ဖြစ်ပေါ်နေ၍ ရေတိုက်စားမှု မဖြစ်အောင် ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ အောင်မင်္ဂလာရပ်ကွက်နှင့် ကျက်ဆူတောကျေးရွာတို့တွင် ဂမုန်းချောင်းရေတိုက်စားမှုကြောင့် နေအိမ်နှင့် နီးကပ်စွာကမ်းပြိုနေမှုကိစ္စနှင့် ပတ်သက်၍ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ချောင်းရေ ကျဆင်းချိန် နိုဝင်ဘာလအတွင်းတွင် ကွင်းဆင်းတိုင်းတာပြီး ဆောင်ရွက်သင့်သည့် အစီအမံများကို ၎င်းဦးစီးဌာန(ရုံးချုပ်)၏ ဒီဇိုင်းအတည်ပြုချက် ရယူပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲနိုင်ရေး တင်ပြသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

## အစည်းအဝေးနံနက်ပိုင်းအစီအစဉ် ခေတ္တရပ်နားခြင်း

**ဥက္ကဋ္ဌ။** ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအား (၁၃း၀၀)နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနှင့် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ နံနက်ပိုင်းကို (၁၁း၅၀)နာရီတွင် ခေတ္တရပ်နားကြောင်း ကြေညာပါတယ်။

## တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ် ကျင်းပမှာဖြစ်တဲ့အတွက် နေရာယူပေးကြပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစီအစဉ် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ် ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၄ခုနှစ် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄(ခ) အရ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (စတုတ္ထနေ့) နေ့လယ်ပိုင်းအစည်းအဝေးအစီအစဉ်ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဇီးကုန်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်သည် အရေးပေါ်တာဝန်နှင့် ခွင့်တိုင်ကြားသဖြင့် ၎င်း၏ကြယ်ပွင့်ပြမေးခွန်း (၃)ခုအား ကြယ်ပွင့်မပြမေးခွန်းအဖြစ် သတ်မှတ်ပြီး ဆက်လက်၍ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်းရန်ရှိသည့် ကိုယ်စားလှယ်များအတွက် ဆောင်ရွက်သွားပါမယ်။

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ သက်ဆိုင်ရာတိုင်းဒေကြီးအစိုးရအဖွဲ့ ဝန်ကြီးများက ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"မိုးညိုမြို့နယ်တွင် သကြားစက်လာရောက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"မိုးညိုမြို့နယ်၊ အိုးဘိုကျွန်းအုပ်စု အောင်မြင်သာယာကျေးရွာ မြစ်ကမ်းပါး ပြိုကျနေမှုအား တားဆီးကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအေးဝင်း၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး မိုးညှင်းမြို့နယ်တွင် လယ်မြေ၊ ယာမြေ၊ ကိုင်းမြေစသောစိုက်ပျိုးမြေများရှိရာ ထိုမြေများပေါ်တွင် စပါး၊ ပဲ၊ နှမ်း၊ ပြောင်း စသဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။

ယာမြေများပေါ်တွင်ကြံစိုက်ပျိုးပါကတောင်သူလယ်သမားတို့၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ကြံစိုက်တောင်သူများ၏ အဓိကလိုအပ်ချက်မှာ ကုန်ချောထုတ်လုပ်ရန်အတွက် သကြားစက်တည်ရှိရန်လိုအပ်ပါသည်။ ထို့ကြောင့်ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် မိုးညှင်းမြို့နယ်တွင် သကြားစက် လာရောက်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/ မရှိ မေးမြန်းအပ်ပါသည်။

**ဦးအေးဝင်း၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ မိုညှင်းမြို့နယ်၊ အိုးဘိုကျွန်းအုပ်စု အောင်မြင်သာယာကျေးရွာ မြစ်ကမ်းပါးပြိုကျနေမှုအား တားဆီးကာကွယ်ပေးရန် အစီအစဉ် ရှိ / မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအေးဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ဦးအေးဝင်း၊ မိုးညှင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးညှင်းမြို့နယ်တွင် သကြားစက်လာရောက် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ အုတ်တွင်းသကြားစက်၊ ပေါက်ခေါင်းသကြားစက်၊ ရေတာရှည်သကြားစက်၊ ဇေယျဝတီသကြားစက် စသဖြင့် သကြားစက်များရှိပြီး ယနေ့အချိန်တွင် သကြားစက်အားလုံး ပိတ်ထားရပြီး ကြံစိုက်တောင်သူများနှင့် သကြားစက်လည်ပတ်မှုမရှိသည့်အခါ အရှုံးပေါ်နေတာဖြစ်သည့်အတွက် သကြားစက်နှင့် ကြံစိုက်တောင်သူများ၏ ပြဿနာများကို မိမိတို့အစိုးရအနေဖြင့် ယနေ့လက်ရှိမှာ ဖြေရှင်းဆောင်ရွက်ပေးနေရသည်များကို ဦးစွာပထမတင်ပြလိုပါကြောင်း၊ ပြည်ထောင်စုအစိုးရ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)တွင် သကြားစက်တည်ဆောက်ရန် အစီအစဉ် မရှိသေးပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအေးဝင်းမေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဝင်း[ဝန်ကြီး၊ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန]**။ ။ဦးအေးဝင်း၊ မိုးညိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မိုးညိုမြို့နယ်၊ အိုးဘိုကျွန်းအုပ်စု အောင်မြင်သာယာကျေးရွာ မြစ်ကမ်းပါး ပြိုကျနေမှုအား တားဆီးကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊မိုးညိုမြို့နယ်၊ အိုးဘိုကျွန်းအုပ်စု၊ အောင်မြင်သာယာကျေးရွာ မြစ်ကမ်းပါး ပြိုကျနေမှုအား တားဆီးကာကွယ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလာမှုနှင့် ပတ်သက်၍ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် အဆိုပါနေရာအား ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခြင်းမရှိပါသဖြင့် မြစ်ရေကျဆင်းချိန်နိုဝင်ဘာလအတွင်း ကွင်းဆင်းတိုင်းတာပြီး ဆောင်ရွက်သင့်သော အစီအမံများကို ဤဦးစီးဌာန(ရုံးချုပ်)၏ ဒီဇိုင်းအတည်ပြုချက်ရယူပြီး ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်ဖြည့်စွက်ရန်ပုံငွေတွင် ပါဝင်နိုင်ရေး ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"အခြေခံ အဆင့် စာသင်ကျောင်းများတွင် အားကစားပျောက်ဆုံးနေပါ၍ ကလေးများ ကျန်းမာရွှင်လန်းပြီး စာပေများလေ့လာသင်ယူနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအနေဖြင့် လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ ခရိုင်၊ နတ်တလင်းမြို့နယ် အခြေခံပညာ စာသင်ကျောင်းများတွင် PT ချိန် (အားကစားချိန်)နှင့် ကာယဆရာများမရှိခြင်း၊ ရှိသော်လည်း ကျွမ်းကျင်မှုမရှိခြင်းများကို တွေ့နေ ရပါသည်။ သို့ပါသောကြောင့် ကလေးများမှာအားကစားဆိုတာ ဘယ်ဆီနေမှန်းမသိ ဖြစ်နေရပါသည်။ ဟန်ပြများသာများနေပါသည်။

အလားတူမူလတန်းအဆင့်၊ အလယ်တန်းအဆင့်ကလေးများသည် မနက်မိုးလင်း ကတည်း က ကျူရှင်၊ ညနေညပိုင်းမှာလည်း ကျူရှင်ဖြစ်နေသဖြင့် ကစားချိန်မရှိဘဲ စက်ရုပ်များ လိုဖြစ်နေပါသည်။ (ထိုသို့ဖြစ်ရခြင်းမှာ ကျောင်းများတွင် စာသင်ချိန်မလုံလောက်၍လား၊ မလုံလောက်ပါက မနက်ပိုင်းအချိန်ပိုခေါ်၍ ညနေပိုင်းမှာ ကစားချိန်ပေးသင့်ပါသည်။) ကလေးများမှာ စိတ်ရောကိုယ်ပါ ပင်ပန်းနေကြပါသည်။

သို့ပါသောကြောင့် ကလေးများ ကျန်းမာရွှင်လန်းပြီး စာပေများလေ့လာသင်ယူနိုင်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရအနေဖြင့် လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ /မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမောင်မောင်ဦးမေးမြန်းသည့် မေးခွန်းအား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးမောင်မောင်ဦး၊ နတ်တလင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"အခြေခံအဆင့် စာသင်ကျောင်းများတွင် အားကစား ပျောက်ဆုံးနေပါ၍ ကလေးများ ကျန်းမာရွှင်လန်းပြီး စာပေများလေ့လာသင်ယူနိုင်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရအနေဖြင့် လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အထက်တန်း အလယ်တန်း မူလတန်းကျောင်းများတွင် သီတင်းတစ်ပတ်လျှင် ကာယချိန် ထက်ဆင့်(၁)ချိန်၊ လယ်ဆင့်(၂)ချိန်၊ မူဆင့်(၄)ချိန်၊ ပညာရေးဝန်ကြီးဌာနမှ ခွဲဝေသတ်မှတ်သင်ကြားစေပါသည်။ကာယပညာ သင်ကြားရေးအတွက် လပိုင်းမာတိကာများ၊ ဆရာလက်စွဲများဖြင့် ကိုက်ညီအောင် သင်ကြားစေလျက်၊ လစဉ်သင်ကြားပြီးစီးကြောင်း အစီရင်ခံစာများ ပေးပို့ဆောင်ရွက်လျက် ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ၂၄-၈-၂၀၁၆ နေ့စွဲပါစာအမှတ်(၃-ခ)/၄၁၈၆/ အားကစား(၁၆) အရ ကျောင်းအလိုက်၊မြို့နယ်အလိုက်၊အားကစားပြိုင်ပွဲများ ပြုလုပ်ရန်နှင့် ပြီးစီးကြောင်းအစီအရင်ခံစာများ ပေးပို့ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။ထို့အပြင် ၇-၉-၂၀၁၆ နေ့စွဲပါစာအမှတ်(၃-ခ)/၄၉၀၅/လပတ်(၁၆) အရ အောက်တိုဘာလမှစ၍ ကျောင်းများတွင် လစဉ်အားကစားပြိုင်ပွဲများ ကျင်းပရန်နှင့်ထိုက်သင့်သောဆုများ ချီးမြှင့်ရန် ညွှန်ကြားထားပြီး ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအနေဖြင့် (U-14)ကျောင်းသား ဘောလုံးပြိုင်ပွဲကို မြို့နယ်/ခရိုင်အလိုက် ဇူလိုင်လများတွင် ကျင်းပခဲ့ပါသည်။ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကို (၂၂-၇-၂၀၁၆)မှ (၂၅-၇-၂၀၁၆)အထိ ပြည်မြို့နယ်တွင် ကျင်းပခဲ့ပြီး ပြည်နယ်/ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲတွင် တတိယဆုရရှိခဲ့ပါသည်။ ယခု (U-16) ဘောလုံးပြိုင်ပွဲကို မြို့နယ်/ခရိုင်အလိုက် ဩဂုတ်လတွင် ကျင်းပခဲ့ပြီး တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲကို တောင်ငူမြို့နယ် အားကစားကွင်းတွင် (၂၂-၉-၂၀၁၆)မှ (၂၅-၉-၂၀၁၆)နေ့အထိ ကျင်းပပြီးစီးခဲ့ပါသည်။ ပဲခူးတိုင်းဒေသကြီး (၂၈)မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ ကျား/မ စက်ဘီးစီးပြိုင်ပွဲကို (၈-၁၁-၂၀၁၆) နေ့တွင် ပဲခူးမြို့၌ ကျင်းပရန် စီမံချက်ရေးဆွဲဆောင်ရွက်ထားပါသည်။

(၂၇-၁၂-၂၀၁၆) မှ (၂၉-၁၂-၂၀၁၆) နေ့အထိ အခြေခံပညာကျောင်းပေါင်းစုံ ပြေး ခုန် ပစ် ပြိုင်ပွဲကို (၂၈)မြို့နယ်ပြိုင်ပွဲအဖြစ် ဇီးကုန်းမြို့နယ်တွင် ကျင်းပသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် ကလေးများ ကျန်းမာရွှင်လန်းပြီး စာပေများလေ့လာသင်ယူနိုင်ရန်အတွက် စာသင်ကြားရေးသာမက အားကစားနည်းအလိုက် လေ့ကျင့် သင်ကြားပေးခြင်း၊ ပြိုင်ပွဲများကျင်းပလျက် ပါဝင်ယှဉ်ပြိုင်စေခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ် ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **"သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တရားမဝင် သစ်၊ ဝါး၊ မီးသွေးနှင့် သဘာဝသယံဇာတများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်အောင် တိုင်းအစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(၂) **"၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ကျေးလက်ဦးစီးဌာနမှဆောင်ရွက်ခဲ့သော လုပ်ငန်းများအနက် ဂဝံလမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်းများမှာ စံချိန်စံညွှန်းမပြည့်မီဘဲ ခင်းပြီးစအချိန်မှာပင် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်နေသည့်အတွက် တိုင်းအစိုးရအဖွဲ့မှ မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း "** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"ဌာနများနှင့် ကုမ္ပဏီများ လုပ်ငန်းလုပ်ဆောင်နေစဉ် လုပ်ငန်းလုပ်ဆောင်မှု အသေးစိတ် အချက်အလက်များအား အများပြည်သူသိရှိစေရန် ကြော်ငြာဆိုင်းဘုတ်စိုက်ထူထားရန်"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၌ သစ်တောဧက (၅၀၀၀၀)ခန့် ရှိပါသည်။ ယခုအခါ တရားမဝင်သစ်ထုတ်လုပ်မှုများနှင့် မီးသွေးဖုတ်ခြင်း၊ ဝါးများထုတ်ယူခြင်းများမှာ အဆမတန်ဖြစ်ပေါ်လျက်ရှိပါသောကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများစွာ ဆုံးရှုံးနေရသည့် အပြင် တရားဥပဒေစိုးမိုးရေးကိုပါ ကြီးစွာနှောင့်ယှက်လျက်ရှိပါသည်။

သို့ပါ၍ သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တရားမဝင်သစ်၊ ဝါးမီးသွေးနှင့် သဘာဝသယံဇာတများ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်အောင် တိုင်းအစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါ၍ မေးမြန်းအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်၊ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော လုပ်ငန်းများအနက် ဂဝံလမ်းခင်းခြင်း ကတ္တရာလမ်းခင်းခြင်းများမှာ စံချိန်စံညွှန်း မပြည့်မီသည့်အတွက် ခင်းပြီးစအချိန်မှာပင် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်နေသည့်အတွက် တိုင်းအစိုးရအဖွဲ့မှ မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုပါ၍ တင်ပြအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီးသာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်အတွင်း (Famous Traid) ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သော(၂၀၁၅-၂၀၁၆)ခုနှစ်တွင် တာဝန်ယူဆောင်ရွက်ခဲ့သော လုပ်ငန်းများအနက်

- မှော်အင်း-ပုတိမ်စုလမ်း ဂဝံ (၁/၂. ၆မိုင်) (၂၀. ၄၆၅ သန်း)
- မှော်အင်း-ခေါင်းလောင်းတိုင်လမ်း ဂဝံ (၁/၀မိုင်) (၁၆. ၂ သန်း)
- မှော်အင်း-လွှစင်ကုန်း-ကြပ်ကလေး-သုံးဆယ်စုလမ်း ဂဝံ (၁/၀မိုင်) (၁၆. ၂ သန်း)
- ခမုံ-ဆင်မနီလမ်း ဂဝံ (၂/၂မိုင်) (၃၆. ၄၆၈ သန်း) စုစုပေါင်း(၉၀. ၃၃၃)သန်း ကုန်ကျခံ တည်ဆောက်ခဲ့ပါသည်။

သို့ရာတွင် အဆိုပါကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့သော လမ်းအများစုမှာ အရည်အသွေး စံချိန်စံညွှန်းပြည့်မီခြင်းမရှိသည့်အတွက် နိုင်ငံတော်ဘဏ္ဍာငွေများမှာ များစွာလေလွင့်ဆုံးရှုံးနေရပါသည်။

ထို့ပြင် (Golden Green Gate) ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့သော

- လက်ပံတန်း-မင်းရပ်-ကွမ်းခြံ-ပြည်လမ်း(ကတ္တရာ)(၃/၄. ၈)မိုင်×၁၀ပေ×၉လက်မ (၃၆၄. ၈၆၀)သန်း
- ခမုံ-ထိန်တော-ဆင်လမ်းမှ ကန့်လန့်တန်းကျေးရွာသွားလမ်းမြေ ×ဂဝံ(၀/၆)မိုင်×၁၀ပေ× ၉လက်မ (၃၅. ၁၇၅)သန်း
- ရေကြည်-ပေါက်တောစုလမ်း ဂဝံ(၂/၀)မိုင် ၁၀ပေ×၇လက်မ (၅၉. ၂၀၀)သန်း စုစုပေါင်း (၄၅၉. ၂၃၅)သန်း ကုန်ကျပြီးတည်ဆောက်ခဲ့သော်လည်း ရေကြည်ပေါက် တောစုလမ်းမှာ ဆိုးဝါးစွာ ပျက်စီးယိုယွင်းလျက်ရှိပါသည်။ စံချိန်စံညွှန်းမပြည့်မီသည့်အတွက် မည်ကဲ့သို့ စစ်ဆေးထားသည်ကို သိရှိလိုပါ၍ မေးမြန်းအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။နိုင်ငံတော်ဘတ်ဂျက်များသုံးစွဲရာတွင် ပွင့်လင်းမြင်သာမှုရှိစေရန်အလို့ငှာ လုပ်ငန်းလုပ်ဆောင်သောဌာနများ(သို့) ကုမ္ပဏီများအနေဖြင့် မိမိတို့ လုပ်ဆောင်သောလုပ်ငန်းအသေးစိတ် အချက်အလက်များအား ဒေသနေပြည်သူများသိရှိစေရန် ကြော်ငြာ ဆိုင်းဘုတ်များ စိုက်ထူထားရှိ ပေးပါရန်။

အဘယ်ကြောင့်ဆိုသော် ယခင်ကာလတစ်လျှောက် အချို့သောလုပ်ငန်းလုပ်ကိုင်ခွင့်ရသော ဌာန(သို့) ကုမ္ပဏီများသည် လုပ်ငန်းလုပ်ကိုင်ရမည့် ကတိကဝတ်များချိုးဖောက်ကာလုပ်ကိုင်ခဲ့သည့်အတွက် လုပ်ငန်း ပြီးဆုံးသည်မှ သတ်မှတ်ကာလမတိုင်မီ ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်နေသည်ကို မြင်တွေ့နေရပါသည်။

ပထမလွှတ်တော်သက်တမ်းတွင် ဇီးသီးဗန်းမှောက်သည်ဆိုသောဝေါဟာရကို တွင်တွင်ကျယ်ကျယ် ကြားခဲ့ရပါသည်။ ယခုအစိုးရသက်တမ်းတွင် ယခင်ကလို အဖြစ်မျိုးမကြုံစေရန်နှင့် နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ ကနဦးဦးတည်ချက်ဖြစ်သော အဂတိတရားကင်းစင်ရေးကို ဖော်ဆောင်ရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုသော ယဉ်ကျေးမှုထွန်းကားလာစေရန် ဌာနများနှင့် ကုမ္ပဏီများလုပ်ငန်းလုပ်ဆောင်နေစဉ် လုပ်ငန်းလုပ်ဆောင်မှု အသေးစိတ်အချက်အလက်အား အများပြည်သူသိရှိစေရန် ကြော်ငြာဆိုင်းဘုတ် စိုက်ထူဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]။** ။ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် တရားမဝင် သစ်၊ ဝါး၊ မီးသွေးနှင့် သဘာဝသယံဇာတများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်အောင် တိုင်းအစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်သည် ဧရိယာ (၁၇၉၄၁၅၁)ဧက ကျယ်ဝန်းပြီး ကြိုးဝိုင်းတော (၂၁)ခု၊ (၄၈၂၃၆၁)ဧက၊ ကြိုးပြင်ကာကွယ်တော(၂)ခု၊ (၄၃၀၃)ဧက၊ စုစုပေါင်း သစ်တောမြေ (၆၆၁၄၈၀)ဧက ရှိပါသည်။ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်သည် ဧရိယာ (၃၆၇၄၁၃)ဧကရှိပြီး ကြိုးဝိုင်းတော(၅)ခု (၈၇၅၆၁)ဧက၊ ဆင်ထိန်းသိမ်းရေးဘေးမဲ့တော(၁)ခု၊ (၈၆၈၇၉)ဧက၊ ကြိုးပြင်ကာကွယ်တော(၁)ခု (၃၅၅၃)ဧက၊ လက်ပံတန်းမြို့နယ်၏ သစ်တောမြေ ဧရိယာစုစုပေါင်း (၁၇၇၉၉၃)ဧကရှိပါသည်။

သာယာဝတီခရိုင်တွင် လက်ရှိသစ်တောဝန်ထမ်း(၁၅၆)ဦးသာရှိပြီး သစ်တောဝန်ထမ်း(၁)ဦးလျှင် ဧရိယာ(၁၁၅၀၀)ဧကကို တာဝန်ယူထိန်းသိမ်းရပါသည်။ လက်ပံတန်းမြို့နယ်တွင် သစ်တောဝန်ထမ်း (၁၉)ဦး သာရှိပြီး (၁)ဦးလျှင် ဧရိယာ (၁၉၃၃၈)ဧကကို လက်ရှိအင်အားဖြင့် အတတ်နိုင်ဆုံး ကာကွယ်ထိန်းသိမ်းလျက် ရှိပါသည်။

သာယာဝတီခရိုင် သစ်တောဦးစီးဌာနအနေဖြင့် နှစ်စဉ် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု GDP လျာထားချက်များ ပြည့်မီရေးအတွက် နှစ်စဉ်ပျမ်းမျှ ထင်း(၈၀၀၀)တန်ခန့်၊ ဝါး(၅၀၀၀၀၀၀)လုံးခန့်၊ မီးသွေး (၁၅၀၀၀၀)တန် လိုအပ်ချက်များကိုလည်း သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင် ထုတ်လုပ်ခွင့်ပြုဆောင်ရွက်ခဲ့ပါသည်။

လက်ပံတန်းမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် နှစ်စဉ် သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု GDP ပြည့်မီရေးအတွက် ၂၀၁၅-၁၆ဘဏ္ဍာနှစ်တွင် ထင်း(၈၀၀)တန်၊ ဝါး(၁၅၀၀၀၀၀)လုံး၊ မီးသွေး(၁၈၀၀)တန်ကို လည်းကောင်း၊ ၂၀၁၆-၁၇ဘဏ္ဍာနှစ်တွင်လည်း ထင်း(၂၀၇၅)တန်၊ ဝါး (၁၆၂၅၀၀၀)လုံး၊ မီးသွေး(၂၇၀၀) တန်ကို လည်းကောင်း သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ထုတ်လုပ်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤကဲ့သို့ ပြည်သူလူထု၏ အခြေခံလိုအပ်ချက် (Basic Need) များကို သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဝင်ထုတ်လုပ်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိသလို အခြား တစ်ဘက်တွင် လည်း မသမာသူဝိသမများမှလည်း တရားမဝင်သစ်၊ ထင်း၊ မီးသွေး၊ ဝါးများကို ထုတ်ယူမှုများရှိပါသည်။ ဤသို့ထုတ်ယူမှုများကိုလည်း လက်ပံတန်းမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် လိုအပ်သလို ဝန်ထမ်း အင်အားများစုဖွဲ့၍ စဉ်ဆက်မပြတ်သတင်းစုံစမ်းဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိပါသည်။

သာယာဝတီခရိုင် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောဝန်ထမ်းအင်အားစုဖွဲ့မှုဖြင့် တရားမဝင် သစ်ဖမ်းဆီးရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်တွင် တရားမဝင်သစ် (ကျွန်း/သစ်မာ/အခြား)(၁၆၇၃. ၂၇)တန်၊ ယာဉ် (၂၃)စီး၊ ဆိုင်ကယ်(၃၈)စီး၊ ချိန်းဆော(၂၀)လက် တရားမဝင် သစ်စက်(၁၄)လုံး၊ စက်လှေ(၁)စီးနှင့် တရားခံ(၇၇)ဦး ဖမ်းဆီးနိုင်ခဲ့ပါသည်။ ထို့ပြင် ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာနှစ်အတွင်းတွင်လည်း တရားမဝင်သစ်၊ (ကျွန်း/ သစ်မာ/အခြား) (၁၈၇၃. ၃၉၃၈)တန်

ယာဉ်(၁၁)စီး၊ ချိန်းဆော(၁၆)လက်၊ တရားမဝင်သစ် (၆)လုံး နှင့်တရားခံ(၅၂)ဦးဖမ်းဆီးနိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်၊ စက်တင်ဘာလကုန်အထိ တရားမဝင်သစ် (ကျွန်း/သစ်မာ/အခြား) (၅၁၁. ၈၅၃၁) တန် ယာဉ်(၁၃)စီး၊ ဆိုင်ကယ်(၁၄)စီး၊ တူးမီးသေနတ်(၄)လက်၊ ချိန်းဆော(၁၈)လက်၊ ဒူးလေး(၅)လက်၊ မီးသွေး(၁၁၂. ၈)တန်၊ ထင်း(၁၃. ၂၇၉၂)တန်၊ တရားခံ(၆)ဦး ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့် အညီထိရောက်စွာအရေးယူဆောင်ရွက်ခဲ့ပါသည်။

လက်ပံတန်းမြို့နယ်၊ သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ခုနှစ် ဘဏ္ဍာနှစ်တွင် တရားမဝင် (ကျွန်း/သစ်မာ/အခြား) (၁၄၁. ၄၇၂၆)တန် ယာဉ်(၂)စီး၊ ချိန်းဆော(၁၁)လက်၊ ဆိုင်ကယ်(၂၀)စီးနှင့် တရားခံ (၇)ဦး ဖမ်းဆီးနိုင်ခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ခုဘဏ္ဍာနှစ်တွင် တရားမဝင် (ကျွန်း/သစ်မာ/အခြား) (၇၁၄. ၂၆၄)တန် ယာဉ်(၂)စီး၊ ချိန်းဆော (၁၇)လက်၊တရားမဝင် သစ်စက် (၁)လုံး၊ မီးသွေး(၃၆. ၈)တန်နှင့် တရားခံ(၁၅)ဦးဖမ်းဆီးနိုင်ခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ခု ဘဏ္ဍာရေးနှစ် စက်တင်ဘာလကုန်အထိ တရားမဝင် (ကျွန်း/သစ်မာ/အခြား)(၁၂၆. ၄၃၁၂)တန် တူးမီးသေနတ်(၂)လက်၊ ဒူးလေး(၅)လက်၊ချိန်းဆော(၁၀)လက်၊ ဆိုင်ကယ်(၆)စီး၊ မီးသွေး(၁၁၂. ၈) တန်နှင့် တရားခံ(၆)ဦး ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့ပါသည်။ တရားမဝင်သစ် ခိုးယူခုတ်လှဲသူ မသမာ ဝိသမာသားများသည် သစ်တောဝန်ထမ်းများ၏ ဝန်ထမ်းအင်အားမလုံလောက်မှု သစ်တောလုပ်ငန်းများ များပြားစွာ ဆောင်ရွက်နေမှုများကို အခွင့်ကောင်းယူ၍ သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်ကျူးကျော် ဝင်ရောက်၍ တရားမဝင်သစ်များခိုးယူခုတ်လှဲခြင်း၊ တောထဲတွင် တရားမဝင် တူးမီးသေနတ်များ၊ ဒူးလေးများ၊ ဓါးရှည်များ ကိုင်ဆောင်ထားခြင်း၊ သစ်တောဝန်ထမ်းများမှ သွားရောက်ဖမ်းဆီးလျှင် ရန်ပြုတိုက်ခိုက်ခြင်းများ ရှိပါသည်။ ဤကဲ့သို့ တရားမဝင်လက်နက်များကိုင်ဆောင်ထားသော သစ်ခိုးထုတ်ယူသူများအား ရှာဖွေ ဖမ်းဆီးခြင်းများကို သာယာဝတီခရိုင်နှင့် လက်ပံတန်းမြို့နယ်အတွင်း သစ်တောဦးစီးဌာနဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့်သာ ဖမ်းဆီးအရေးယူဆောင် ရွက်ခဲ့ရပါသည်။

လက်ပံတန်းမြို့နယ်၊ သစ်တောဦးစီးဌာနတွင် သစ်တောဝန်ထမ်း(၁၉)ဦးသာရှိပြီး ၄င်းဝန်ထမ်းများဖြင့် တရားမဝင်သစ်ဖမ်းဆီးရေးလုပ်ငန်းများအဖြစ် အခြားသစ်တောပြုစု ထိန်းသိမ်း ခြင်း လုပ်ငန်းပမာဏများစွာ ကိုလည်းဆောင်ရွက်ရပါသည်။

ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုကို ခံယူပြီး သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ တရားမဝင်သစ်ဖမ်းဆီးရေးကို စစ်ကြောင်း အသွင်ဖြင့် ပိတ်ဆို့ဖမ်းဆီးခြင်း၊ ရှောင်တခင်စစ်ဆေးခြင်း၊ သတင်းရယူခြင်းများ ထိရောက်စွာ ဆောင်ရွက်လျှက် ရှိပါသည်။ တရားမဝင်ပိုင်ရှင်မဲ့ ယာဉ်ယန္တရားများ၊ လက်ကိုင်လွှစက် များအသုံးပြု၍ ဆောင်ရွက်လာမှုအပေါ် အရေးယူရန်အားနည်းခြင်း၊ ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်မှုမရှိခြင်း တို့ကြောင့် တရားမဝင်သစ်ခိုးထုတ်လုပ်မှု လျှော့နည်းပပျောက်စေရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့များ ဆက်စပ်ဌာနများနှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ဆောင်ရွက်မှသာ အောင်မြင်နိုင်မည် ဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောစသည့် သစ်တောနယ်မြေများနှင့် အရေးကြီးသည့် ဆည်/ ရေလှောင်တမံများ၏ ရေဝေ၊ ရေလဲ ဧရိယာများတွင် တရားမဝင် ကျူးကျော်ဝင်ရောက်ခြင်း၊ ထင်းခုတ်ခြင်း၊ ဝါးခုတ်ခြင်း၊ မီးသွေးခုတ်ခြင်း၊ တရားမဝင်သစ်ခိုးထုတ်ခြင်းများ မရှိစေရေးအတွက်သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့သို့ တင်ပြပြီး ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၄၄)အား (၂)လ တစ်ကြိမ် ထုတ်ပြန်ထားရှိပါသည်။

ထို့ပြင် ဖမ်းဆီးရမိသည့် တရားမဝင်သစ်ခိုးထုတ်သူများအား ဥပဒေနှင့်အညီအရေးယူ ဆောင်ရွက်ရာတွင် ထိရောက်စွာအရေးယူနိုင်ရေး ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် သစ်တောဥပဒေအား ပြင်ဆင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပြုန်းတီးသွားသော သစ်တောများ ပြန်လည်တည်ထောင်ရေးအတွက် ၂၀၁၇-၂၀၁၈ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိ ပဲခူးတိုင်းဒေသကြီးသစ်တောများ ပြန်လည်တည်ထောင်ရေး (၁၀)နှစ်စီမံကိန်းအား သစ်တောဦးစီးဌာန ဦးစီးရုံးချုပ်၏ စီမံကြီးကြပ်မှုဖြင့် ရေးဆွဲပြီး ပြည်ထောင်စုအစိုးရထံ တင်ပြဆောင်ရွက်လျက်ရှိပါသည်။

တရားမဝင်သစ်များလျော့နည်းပပျောက်ရေးအတွက် လုံလောက်သောဝန်ထမ်းအင်အား အသုံးပြုရန် ယာဉ်ယန္တရားနှင့် အထောက်အကူပစ္စည်း၊ ရန်ပုံငွေ၊ ဆက်စပ်ဌာနများနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှု တရားဥပဒေစိုးမိုးမှု စသည်တို့အား ပြည့်စုံလုံလောက်စွာဖြည့်ဆည်းပေးရန် လိုအပ်သည်သာမက သစ်တောထွက်ပစ္စည်းများအပေါ် မှီခိုနေသည့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဘဝမြှင့်တင်ပေးနိုင်မှသာ အောင်မြင်စွာဆောင်ရွက် နိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ထို့ပြင်တိုင်းဒေသကြီးအတွင်း သစ်တောဝန်ထမ်းများနှင့် သစ်တောလုံခြုံရေးရဲများဖြင့် ပူးပေါင်း၍ သစ်တောဝန်ထမ်းများဖြင့် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးယူခုတ်လှဲ ထုတ်ယူမှုများ မရှိစေရန် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ခိုးယူခုတ်လှဲ ထုတ်ယူသူများကိုစဉ်ဆက်မပြတ် သတင်းများ စုံစမ်းဖော်ထုတ်၍ ဖမ်းဆီးအရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးအောင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)နှင့် (၃)တို့အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော လုပ်ငန်းများအနက် ဂဝံလမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်းများမှာ**

**စံချိန်စံညွှန်းမပြည့်မီဘဲ ခင်းပြီးစအချိန်မှာပင် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်နေသည့်အတွက် တိုင်းအစိုးရအဖွဲ့မှ မည်ကဲ့သို့ အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း "** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်အတွင်း(Famous Traid) ကုမ္ပဏီမှ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင်-

- မှော်အင်း-ပုတိမ်စုလမ်း ဂဝံ (၁/၂. ၆မိုင်×၁၀'×၆") (၂၁. ၄၆၅ သန်း)
- မှော်အင်း-ခေါင်းလောင်းတိုင်လမ်း ဂဝံ (၁/၀မိုင်×၁၀'×၆") (၁၆. ၂ သန်း)
- မှော်အင်း-လှော်စင်ကုန်း-ကြက်ကလေး-သုံးဆယ်စုလမ်း ဂဝံ (၁/၀မိုင်×၁၀'×၆") (၁၆. ၂ သန်း)
- ခမုံ-ဆင်မနီလမ်း ဂဝံ (၂/၂မိုင်×၁၀'×၆") (၃၆. ၄၆၈ သန်း) တို့အား တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ဎင်းလမ်းများအား လုပ်ငန်းမဆောင်ရွက်မီ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ စည်ပင်ကော်မတီ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာမှ ရပ်မိရပ်ဖများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ ညှိနှိုင်းအစည်းအဝေး ခေါ်ယူခဲ့ပါသည်။ မြို့နယ်ဦးစီးမှူးမှ လမ်းများနှင့် ပတ်သက်သည့် စံချိန်စံညွှန်းများအား ရှင်းလင်းချပြပြီး လုပ်ငန်း ဆောင်ရွက်စဉ် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်းမရှိပါက ကျေးလက်ရုံးသို့ ချက်ချင်းအကြောင်းကြားရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးဆုံးဖြတ်ချက်များအား အားလုံးသဘောတူသဖြင့် ကုမ္ပဏီမှ လုပ်ငန်းများကို အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

မှော်အင်း-ပုတိမ်စုလမ်းမှာ လမ်းလုပ်ငန်းဆောင်ရွက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လွှဲအပ်ခဲ့ပါသည်။ ဂဝံလမ်းဖြစ်ပြီး မိုးဦးကာလနှင့် မိုးတွင်းကာလများတွင် သံဘီးတပ်လှည်း၊ လယ်ယာသုံးသံဘီးတပ် ဂွန်ဒေါင်းနှင့် ထွေလာဂျီများ နေ့စဉ်မပြတ်သွားလာမှုများသည့်အတွက် လမ်း၏အချို့နေရာများတွင် ပျက်စီးနေပါသည်။

မှော်အင်း-ခေါင်းလောင်းတိုင်လမ်းမှာ လမ်းလုပ်ငန်းဆောင်ရွက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လွှဲအပ်ခဲ့ပါသည်။ ဂဝံလမ်းဖြစ်ပြီး မိုးဦးကာလနှင့် မိုးတွင်းကာလများတွင် သံဘီးတပ်လှည်း၊ လယ်ယာသုံးသံဘီးတပ်ဂွန်ဒေါင်းနှင့် ထွေလာဂျီများ နေ့စဉ်မပြတ်သွားလာမှုများသည့်အတွက် လမ်း၏အချို့နေရာများတွင် ပျက်စီးနေပါသည်။ အဆိုပါလမ်းသည် မှော်အင်းရွာအား ဖြတ်သန်းပြီးမှ ခေါင်းလောင်းတိုင်ရွာသို့ ဆက်သွယ်သော လမ်းဖြစ်ပြီး မှော်အင်းရွာအဝင်နေရာတွင် အနည်းငယ်ပျက်စီးနေပါသည်။

မှော်အင်း-လှော်စင်ကုန်း-ကြပ်ကလေး-သုံးဆယ်စုလမ်းမှာ လမ်းလုပ်ငန်းဆောင်ရွက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လွှဲအပ်ခဲ့ပါသည်။ ဂဝံလမ်းဖြစ်ပြီး မိုးဦးကာလနှင့် မိုးတွင်းကာလများတွင် သံဘီးတပ်လှည်း၊ လယ်ယာသုံးသံဘီးတပ် ဂွန်ဒေါင်းနှင့် ထွေလာဂျီများ နေ့စဉ်မပြတ်သွားလာမှုများသည့်အတွက် လမ်း၏အချို့နေရာများတွင် ပျက်စီးနေပါသည်။

ခမုံ-ဆင်မနီလမ်းမှာ လမ်းလုပ်ငန်းဆောင်ရွက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လွှဲအပ်ခဲ့ပါသည်။ ဂဝံလမ်းဖြစ်ပြီး မိုးဦးကာလနှင့် မိုးတွင်းကာလများတွင် သံဘီးတပ်လှည်း၊ လယ်ယာသုံးသံဘီးတပ် ဂွန်ဒေါင်းနှင့် ထွေလာဂျီများ နေ့စဉ်မပြတ်သွားလာမှုများသည့်အတွက် လမ်း၏အချို့နေရာများတွင် ပျက်စီးနေပါသည်။

ပျက်စီးသွားသောလမ်းများ၏ လမ်းပိုင်းများအား ပြန်လည်ပြုပြင်ရန် သက်ဆိုင်ရာကုမ္ပဏီသို့ ညှိနှိုင်း အကြောင်းကြားပြီးဖြစ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်အတွင်း ရွှေရောင်စိမ်းလန်းခြင်းမုခ်ဦးကုမ္ပဏီမှ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ခဲ့သော ရေကြည်-ပေါက်တောစုလမ်းမှာ လုပ်ငန်းမဆောင်ရွက်မီ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ စည်ပင်ကော်မတီ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာမှ ရပ်မိရပ်ဖများနှင့် ကုမ္ပဏီမှတာဝန်ရှိသူများ ညှိနှိုင်းအစည်းအဝေး ခေါ်ယူခဲ့ပါသည်။ မြို့နယ်ဦးစီးမှူးမှ လမ်းများနှင့် ပတ်သက်သည့် စံချိန်စံညွှန်းများအား ရှင်းလင်းချပြပြီး လုပ်ငန်းဆောင်ရွက်စဉ် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်းမရှိပါက ကျေးလက်ရုံးသို့ ချက်ချင်းအကြောင်းကြားရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးဆုံးဖြတ်ချက်များအား အားလုံးသဘောတူသဖြင့် ကုမ္ပဏီမှ လုပ်ငန်းများကို အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ ယင်းလုပ်ငန်းဆောင်ရွက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ အပ်နှံခဲ့ပါသည်။ ဂဝံလမ်းဖြစ်ပြီး မိုးဦးကာလနှင့် မိုးတွင်းကာ များတွင် (၄)တန်ရှိသော ဖောကားများနှင့် ခါတ်မြေသြဇာအိတ် အပြည့်တင်၍ မောင်းနှင်သည့်အတွက် လမ်း၏အချို့နေရာများတွင် ပျက်စီးနေပါသည်။ အဆိုပါလမ်းအား ပြန်လည်ပြုပြင်ရန်အတွက် ဖြတ်သန်းသွားသော ကားပိုင်ရှင်များနှင့် ကျေးရွာမှ တာဝန်ရှိသူများ (၄)ကြိမ်တိုင်တိုင် အစည်းအဝေးများ ညှိနှိုင်းပြုလုပ်ပြီးဖြစ်ပါကြောင်း သိရှိရပါသည်။ မိမိအနေဖြင့် ဖြည့်စွက်ပြောကြားလိုသည်က ကျေးလက်လမ်းများသည် ကျေးလက်ဒေသရှိ တောင်သူလယ်သမားများ၏ လယ်ယာထွက်ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ရန် ဖောက်လုပ်ထားသော လမ်းပိုင်းဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးတင်ပြထားသည့် လမ်းပိုင်းသည် ယခင်အစိုးရလက်ထက်က ကုမ္ပဏီများ တင်ဒါခေါ်ပြီး တည်ဆောက်ထားသည့် လမ်းများဖြစ်ပြီး လူထု၏ပူးပေါင်းပါဝင်မှုလည်း လိုအပ်ပါကြောင်း မိမိအနေဖြင့် ပြောလိုပါကြောင်း၊ ယခင်နှစ်ဖောက်လုပ်ခဲ့သည့် လမ်းများတွင် သက်ဆိုင်ရာဒေသခံလူထုက ပူးပေါင်းပါဝင်ပြီး ကုမ္ပဏီက ကျောက်လာချလျှင်ကျောက်နုလား/ကျောက်ရင့်လား ကြည့်ပြီးကျောက်နုလျှင် လူထုမှကျောက်အချ မခံသည့်ဒေသရှိသလို နိုင်ငံတော်ကလုပ်မပေးဘဲ ရတာယူမယ်ဆိုသည့် ဒေသများလည်းရှိကြောင်း၊ ကျေးရွာလူထုမှ ပူးပေါင်းဆောင်ရွက်သည့် ဒေသလမ်းများသည် ယနေ့ထိ ပျက်စီးမှုမရှိဘဲ ရေရှည်ခိုင်ခံ့နေသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ကျေးလက်လမ်းများကို တင်ဒါချပေးသည့်အခါ ပွင့်လင်းမြင်သာစွာနှင့် မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း၊ လမ်းများနှင့်ပတ်သက်ပြီး လုပ်ငန်းများအကောင်အထည်ဖော်သည့်အခါ သက်ဆိုင်ရာလူထုနှင့် အရပ်ဘက် ဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ပြီး မိမိတို့ဒေသလမ်းကျောက်အရည်အသွေး ကောင်းမွန်စေရေး ပူးပေါင်းစစ်ဆေးနိုင်ရန် အသိပေးပြောကြားလိုပါကြောင်း၊ သက်ဆိုင်ရာဒေသမှ မိမိတို့ရရှိသည့် လုပ်ငန်းနှင့် ကုမ္ပဏီ ပွင့်လင်းမြင်သာမှုရှိအောင် လမ်းအမည်၊ ကုန်ကျစရိတ်၊ အတိုင်းအထွာများကို ဆိုင်းဘုတ်စိုက်ထူ ထားရန် မိမိတို့ဝန်ကြီးဌာနကို ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာကိုယ်စားလှယ်ကြီးများကိုလည်း အသိပေးဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဌာနများနှင့် ကုမ္ပဏီများ လုပ်ငန်းလုပ်ဆောင်နေစဉ် လုပ်ငန်းလုပ်ဆောင်မှု အသေးစိတ်အချက်အလက်များအား အများပြည်သူသိရှိစေရန် ကြော်ငြာဆိုင်းဘုတ်စိုက်ထူထားရန်"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းများဆောင်ရွက်သည့်အခါ လုပ်ငန်းဆောင်ရွက်သည့် အသေးစိတ် အချက်အလက်များအား ဒေသနေပြည်သူများသိရှိစေရန် ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူသွားမည် ဖြစ်ပြီး တင်ဒါအောင်မြင်သောကုမ္ပဏီများအား လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းအသေးစိတ် အချက်အလက်များပါဝင်သော ဆိုင်းဘုတ်များ စိုက်ထူသွားနိုင်ရေးအတွက် အကြောင်းကြားထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။ လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက မိမိနှင့်သက်ဆိုင်သောဒေသများမှလိုအပ်သည့် ကိန်းဂဏန်း Data အချက်အလက်များကို လိုအပ်ပါက သက်ဆိုင်ရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထုတ်ယူခွင့်ပေးရန်နှင့် ပွင့်လင်းမြင်သာစွာ ရှင်းပြပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါသည်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ**။ ။ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါတယ်။

**ဦးမျိုးအောင်၊ လက်ပံတန်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။မေးခွန်းအမှတ်စဉ်(၁)နှင့်ပတ်သက်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် (၁၆၇၃၊ ၂၇)တန်၊ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် (၁၈၇၃၊ ၃၉၃၈)တန်သစ်များဖမ်းဆီးမိကြောင်း ဝန်ကြီးမှ ဖြေကြားထားကြောင်း၊ သစ်တောကဏ္ဍနှင့်ပတ်သက်ပြီး စိမ်းလန်းစိုပြေလာခြင်းမရှိဘဲ တဖြည်းဖြည်း ပြောင်လာသည်ကို တွေ့ရကြောင်းနှင့် သစ်တောကဏ္ဍဝင်ငွေ (၂၂)သန်းဖြစ်ပြီး သုံးစွဲမှုမှာ (၂၂၃၂)သန်း ဖြစ်နေသည်ကို ဝန်ကြီးအနေဖြင့် ဖြေကြားပေးစေလိုပါကြောင်း၊ သတင်းပေးမှ ဖမ်းလို့ရသည်ဆိုသည်က ဟုတ်ပါသလား၊ လက်တွေ့အောက်ခြေတွင် တရားမဝင်သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေးထုတ်နေသည်များကို သစ်တောဌာန ဝန်ထမ်းများအကုန်သိရှိပြီးသားဖြစ်ကြောင်း၊ သစ်တောကဏ္ဍ ဝန်ထမ်းလုံလောက်မှုမရှိ၍ ဝန်ထမ်းများ ထပ်ခန့်မယ်ပြောပြီး သူ၏ဝန်ထမ်းများက မသမာဝိသမသားများနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အတွက် နိုင်ငံတော်အခွန်ငွေများ ဆုံးရှုံးနေပါကြောင်း၊ သစ်တောကဏ္ဍဝန်ထမ်းများ မသမာဝိသမသားများ ပူးပေါင်းဆောင်ရွက်နေသည်ကို ဝန်ကြီးအနေဖြင့် သိရှိပါက မည်သို့ ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း မေးမြန်းပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမျိုးအောင်မေးမြန်းသော မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်သည့် ဆက်စပ်မေးခွန်းအား သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းစံ[ဝန်ကြီး၊ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန]**။ ။မေးခွန်းအမှတ်စဉ်(၁)နှင့် ပတ်သက်၍ သစ်တောကဏ္ဍ၏ ဝင်ငွေ၊ ထွက်ငွေနှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို သက်ဆိုင်ရာ သစ်တောဦးစီးဌာနကို မေးမြန်းပြီးမှ မိမိအနေဖြင့် ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း၊ တရားမဝင်သစ်ခိုးထုတ်မှုတွင် ဝန်ထမ်းများ ပါဝင်နေသည့်ကိစ္စနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးမှုနှင့် အများကြီးဆက်စပ်နေပြီး မိမိဝန်ထမ်းများ အဂတိလိုက်စားမှု ပြုလုပ်သည်ကို ကြားသိလျှင် အဖွဲ့ဖွဲ့စစ်ဆေးပြီး ထိရောက်သည့်အပြစ်ဒဏ်နှင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း မှာကြားထားပါသည်။ သတင်းပေးမှ မိမိအနေဖြင့် ဖမ်းဆီးတာမျိုးမဟုတ်ဘဲ ပူးပေါင်းပါဝင်လျှင် ပိုအားကောင်းလာမည်ဖြစ်ကြောင်း၊ သစ်ထုတ်လုပ်မှုတွင် နိုင်ငံတော်မှ စနစ်တကျကွပ်ကဲမှုမရှိခြင်းနှင့် အဂတိလိုက်စားမှုပြဿနာရှိခြင်းတို့ကြောင့် သစ်ထုတ်လုပ်မှုများပြားပြီး သစ်တောပြုန်းတီးရခြင်းဖြစ်ကြောင်း၊ တရားမဝင်သစ်ဖမ်းဆီးသည့်အခါ တိတိကျကျ လုပ်နေပါကြောင်း၊ ဒါ့ကြောင့် သစ်တောရဲဝန်ထမ်းများ ထပ်မံဖြည့်ဆည်းသည့်အခါ ထိထိရောက်ရောက် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှု ပြဿနာကြားသိလျှင် အဖွဲ့ဖွဲ့ စစ်ဆေးပြီး ထိရောက်သည့် ပြစ်ဒဏ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားလိုပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏

(၁) **“ကြို့ပင်ကောက်မြို့နယ်၏ အနောက်ဘက်ဆုံး မိုးညိုမြို့နယ်နှင့် ထိစပ်နေသော ဒေသရှိ တောင်သူလယ်သမားများမှ မိုးအခါတွင် စိုက်ပျိုးရေး လုပ်ငန်းများကို ရေကြီးနစ်မြုပ်မှု ဒဏ်မခံရဘဲ လုပ်ကိုင်နိုင်ရန်နှင့် နောင်နှစ်များတွင်လည်း စိုက်ပျိုးထားသော သီးနှံခင်းများကို ရေလွှမ်းခြင်းခံရမည်ကို စိုးရိမ်ပူပန်နေရမှုအား တိုင်းဒေသကြီးအစိုးရမှ ဆောင်ရွက်ပေးရန်ကိစ္စ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ကြို့ပင်ကောက် မြို့နယ် ပုဏ္ဏရိပ်ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဌာနခွဲအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦတစ်ခု ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၏ အနောက်ဖက်ဆုံး မိုးညိုမြို့နယ်နှင့်ထိစပ် နေသောဒေသရှိ တောင်သူလယ်သမားများမှ မိုးအခါတွင် စိုက်ပျိုးရေးလုပ်ငန်းများကို ရေကြီးနစ်မြုပ်မှု ဒဏ်မခံရဘဲ လုပ်ကိုင်နိုင်ရန်နှင့် နောင်နှစ်များတွင်လည်း စိုက်ပျိုးထားသော သီးနှံခင်းများကို ရေလွှမ်းခြင်းခံရမည်ကို စိုးရိမ်ပူပန်နေရမှုအား

တိုင်းဒေသကြီးအစိုးရမှ ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းသောမေးခွန်းဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၏ အနောက်ဘက်ဆုံး မိုးညိုမြို့နယ်နှင့် ထိစပ်နေသော ဒေသရှိ ကျေးရွာများသည် ရေနစ်ရေလွှမ်းဒဏ်ခံစားနေရသည်မှာ (၁၀)စုနှစ် တစ်ခုမက ကြာနေပြီဖြစ်ပါသည်။ ပြီးခဲ့သော (၂၀၁၅)ခုနှစ်နှင့်ယခုနှစ် (၂၀၁၆)ခုနှစ်များတွင် ရေကြီးနစ်မြုပ်မှုများမှာ ပိုမိုဆိုးရွာလာပြီး ရေလွှမ်းနေကျ အစွန်ဆုံးဒေသများသာမကပဲ အတွင်းပိုင်းကျသော ကျေးရွာအုပ်စုများပါ စိုက်ပျိုးခင်းများ ရေလွှမ်းခြင်းကို ခံကြရပါသည်။ သို့သော် အစွန်ဆုံးကျသော ကမ်းနားဒေသများသည် (၁၀)စုနှစ် တစ်ခု ကျော်က မိုးအခါတွင် စပါးနှင့် ဂုန်လျှော်စိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းအခါတွင် ပဲမျိုးစုံစိုက်ပျိုးလုပ်ကိုင်နိုင်သော ဒေသများဖြစ်ပြီး ကမ်းနားဒေသဟု ခေါ်ဆို ကြပါသည်။ ကမ်းနားဒေသဟု ခေါ်ဆိုရခြင်းမှာလည်း ယခင်က မြစ်မခမြစ်သည် ထိုဒေသတွင် ကြီးမားကျယ်ပြန့်စွာတည်ရှိနေပြီး ရေစီးရေလာကောင်းသော မြစ်ကြီးတစ်ခု ဖြစ်ခဲ့ပါသည်။ ကြို့ပင်ကောက်မြို့နယ်နှင့် မိုးညိုမြို့နယ်ကြားတွင် ရှိခဲ့သောမြစ်မခမြစ်သည် မြို့ပေါင်းများစွာကို ဖြတ်သန်းစီးဆင်းသည့်အပြင် ဧရာဝတီမြစ်မှ ကုန်းတွင်းပိုင်းသို့ လျှံတက်လာသော ရေများကိုပါ သယ်ဆောင် သွားပြီး ဧရာဝတီမြစ်နှင့်အပြိုင် စီးဆင်းနေသဖြင့် မြစ်မခမြစ်ဟုခေါ်ဆိုခြင်းဖြစ်ပါသည်။

ယခုအခါတွင် မြစ်မခမြစ်သည် အမည်သာရှိတော့ပြီး လက်ရှိအနေအထားတွင် မြောင်းမက ချောင်းမကျဖြစ်၍ ထိုဒေသတွင် နစ်မြုပ်နေသော ရေကိုဖယ်ထုတ်နိုင်စွမ်းမရှိတော့ပါ။ မြစ်မခမြစ် တိမ်ကောသကဲ့သို့ အခြားချောင်းငယ်၊ မြောင်းငယ်များလည်း၊ တိမ်ကောပပျောက်ပြီး ကြို့ပင်ကောက်မြို့၏ အနောက်ဘက်အစွန်ဆုံး မိုးညိုမြို့နယ်နှင့် ထိစပ်ရာဒေသများတွင်လည်း ရေကြီးရေလျှံဖြစ်ကြရပါသည်။

ထို့ပြင် ကြို့ပင်ကောက်မြို့နယ်၏ အနောက်ဘက်အစွန်ဆုံးဒေသများ ရေကြီးစေရန်အားပေး နေသောအချက်များမှာ-

- မိုးညိုမြို့နယ်မှ တည်ဆောက်လိုက်သော မြစ်မခမြစ်အနောက်ဘက်ကမ်း တာကြီးဖြစ်ပါသည်။ မိုးညိုမြို့နယ် ရေနစ်မြုပ်မှုကို ကာကွယ်နိုင်ရန် (၂၀၁၅-၂၀၁၆)ခန့် တည်ဆောက်လိုက်သော မြစ်မခအနောက်ဘက်ကမ်းတာသည် မိုးညိုမြို့နယ်အတွင်း ဝင်ရောက်သောရေကို ကာကွယ် တားဆီးနိုင်သော်လည်း ကြို့ပင်ကောက်မြို့နယ်၏ အစွန်ကျသော ကျေးရွာများကို ပိုမို ရေနစ်စေပါသည်။ ၎င်းတာကြီးမတည်ဆောက်မီက ရေကြီးနစ်မြုပ်မှုဒဏ်ကို မြို့နယ်(၂) မြို့နယ်မှ မျှခံနေကြသော်လည်း ၎င်းတာကြီးတည်ဆောက်လိုက်သဖြင့် ကြို့ပင်ကောက်မြို့နယ် တစ်ဖက်တည်းကို ရေနစ်မြုပ်မှု(၂)ဆ တိုးလာပါသည်။
- ၎င်းမြစ်မခတာကြီးတည်ဆောက်ရာတွင်လည်း သွယ်တန်းညီညာမှုမရှိပဲ ကြို့ပင်ကောက် မြို့နယ်နှင့် ထိစပ်နေသော မိုးညိုမြို့နယ်ပိုင် ငါးကျီးကျေးရွာနားတွင် မြစ်မခအနောက်ဘက်ကမ်း တာကြီး ကွေ့ကောက်မို့မောက်၍ ရေထွက်ပေါက်ကျဉ်းနေသောကြောင့် ယခုနှစ်ရေကြီးမှုတွင် ငါးကျီးကျေးရွာမှ အိမ်ခြေအမြောက်အများရေတိုက်စားပြီး မျောပါရသကဲ့သို့ ငါးကျီးရွာ မြောက်ဘက်ဒေသ ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ ရေနစ်မြုပ်မှုများ ဖြစ်ရသည်ဟု ဒေသခံများက ယူဆထားပါသည်။ ငါးကျီးမြောက်ဘက်ကျသော ကြို့ပင်ကောက် မြို့နယ်အတွင်းရှိ မင်အို အုပ်စုတွင် (၁၁၀၈)ဧက၊ ကျောက်ဝအုပ်စုတွင် (၁၁၅၆)ဧက

နစ်မြုပ်သည့်အပြင် အတွင်းပိုင်းကျ သော ညောင်ပင်မြင်းစီးအုပ်စုတွင် (၁၁၈၄)ဧကနှင့် ရှားပင်တအုပ်စုတွင် ဧကပေါင်း(၃၅၀၀)ခန့် စိုက်ကွင်းများ ရေနစ်မြုပ်ရသကဲ့သို့ လူနေအိမ်များလည်း နစ်မြုပ်ကြပါသည်။

အုတ်ဖိုမြို့နယ်အတွင်း ထက်ဆွဲဒေသတဝိုက်တွင် မြစ်မခမြစ်၏ တိမ်ကောမှုနှင့် ရေစီးရေလာမကောင်းမှုကြောင့် အုတ်ဖိုမြို့နယ်နှင့်ထိစပ်နေသော ကြို့ပင်ကောက်မြို့နယ်အတွင်းရှိ ဆင်နင်းပင် အုပ်စုတွင် ဧက(၁၃၀၀)ကျော်၊ စစ်ကုန်းအုပ်စုတွင် (၁၉၀၆)ဧက ရေကြီးနစ်မြုပ်ပြီး အတွင်းပိုင်းကျသော ပျဉ်ထောင်တွင်းအုပ်စုတွင် (၁၀၇၀)ဧက၊ အုန်းနဲ့ကျောတန်းအုပ်စုတွင် (၆၀၀)ဧကခန့် ရေနစ် မြုပ်ကြပါသည်။

- နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်အုပ်စုမြို့နယ်များ၏ အရှေ့တောင်ပေါ်ဒေသများတွင် ဆည်များရှိပြီး ဆည်များမှာ ရေလွှတ်လျှင်လည်း ရေအားလုံးစုဆိုရာနေရာသည် ယခုချောင်းမြောင်းများ တိမ်ကောပြီး ရေနစ်ရာဒေသများသာဖြစ်ပါသည်။
- ဧရာဝတီမြစ်သည် (၅)မိုင်ခန့်ကွာဝေးပြီး မိုးတွင်းဧရာဝတီမြစ်ရေလျှံသောအခါတွင် မြစ်သာပေါက်မှ ရေလျှံတက်လာပြီး မြစ်မခမြစ်အတွင်းသို့ စီးဝင်ပါသည်။ ယခင်ကတော့ မြစ်မခမြစ်က ဧရာဝတီမှရေလျှံရေများကို သယ်ဆောင်သွားနိုင်သော်လည်း ယခုအခါတွင် မြစ်မခမြစ်မှာ ရေများ သယ်ဆောင်ခြင်းမပြုနိုင်သည့်အပြင် ဧရာဝတီမြစ်သည်လည်း တိမ်ကော၍ မြစ်ကြမ်းပြင်တက်မှုကြောင့် မိုးအခါတွင် ဧရာဝတီမြစ်ရေလျှံတက်မှုများ ပိုမိုများပြားပြီး ရေနစ်မြုပ်မှုများလည်း ပိုမိုဖြစ်ကြရပါသည်။

ဖော်ပြပါအချက်များသည် ကြို့ပင်ကောက်မြို့နယ်၏ အနောက်ဘက်အစွန်ဆုံးဒေသရှိ ပြည်သူများ၏ ဆွေးနွေးချက်များကို သုံးသပ်တင်ပြမှုဖြစ်ပါသည်။ ဒေသခံပြည်သူများ၏ ဆန္ဒမှာ ဟိုယခင်(၁၀)နှစ်ကျော်က စိုက်ပျိုးလုပ်ကိုင်နိုင်သော်လည်း ယခုအခါ စိုက်ပျိုးလုပ်ကိုင်ရန် အခက် အခဲတွေ့နေရသကဲ့သို့ ကုန်းတွင်းပိုင်းကျသော တောင်သူလယ်သမားများကလည်း ယခု(၂)နှစ် ဆက်တိုင်စိုက်ခင်းများ ရေနစ်မြုပ်ခံနေရ၍ နောင်လာမည့်နှစ်များတွင်လည်း နှစ်စဉ်စိုက်ပျိုးခင်းများ ရေနစ်ခံရမည်ကို စိုးရိမ်ပူပန်နေကြရပါ၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရှိဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းအပ်ပါသည်။

**ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။ ။**

ကြို့ပင်ကောက်မြို့နှင့် (၃)မိုင်ကျော်ကွာဝေးသောပုဏ္ဏရိပ်ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဌာနခွဲအတွက် ကျေးရွာမှစုပေါင်းလှူဒါန်းသော မြေနေရာရှိနေပြီဖြစ်ပါ၍ ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက် အဆောက်အဦ ဆောက်လုပ်ပေးနိုင်ခြင်း မရှိ/မရှိ သိလို၍ မေးမြန်းခြင်း။

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၊ ဘုကြီးအုပ်စု၊ ပုဏ္ဏရိပ်ကျေးရွာ ကြို့ပင်ကောက်မြို့နှင့် (၃)မိုင်ကျော် ကွာဝေးသကဲ့သို့ ကျေးလက်ကျန်းမာရေးဌာန (Main) ဖြစ်သော ဘုကြီးရွာ နှင့်လည်းကောင်း၊ (၃)မိုင်ကွာဝေးပါသည်။ လွန်ခဲ့သောနှစ် (၃၀)ခန့်ကတည်းက ကျေးလက်ကျန်းမာ ရေးဌာနခွဲအဖြစ် သတ်မှတ်ပေးထားပြီး ကျေးရွာမှ ကိုယ်ထူကိုယ်ထအဆောက်အဦတစ်ခုအား လမ်းမြေပေါ်တွင် ဆောက်လုပ် အသုံးပြုခဲ့ပါသည်။ ၄င်းပုဏ္ဏရိပ်ကျေးရွာ ကျန်းမာရေးဌာနခွဲသို့ မှီခိုအားထားနေသော ရွာပေါင်း(၈)ရွာရှိပြီး လူဦးရေမှာ (၃၅၀၀)ခန့်ရှိပါသည်။

ယခင်ကျေးရွာမှ ကိုယ်ထူကိုယ်ထဆောက်လုပ်လှူဒါန်းခဲ့သော အဆောက်အဦမှာ လမ်းမြေ ပေါ်တွင် ဆောက်လုပ်ထားခြင်းဖြစ်သည့်အပြင် နှစ်ပေါင်း (၃၀)ကျော်ကြာမြင့်ပြီဖြစ်ပါ၍ ပြိုကျပျက်စီးသွားပြီး ဖြစ်ပါသည်။ တာဝန်ကျဆရာမ(သားဖွား)မှလည်း ကျေးရွာတွင် နေအိမ်ငှားရမ်းပြီး လုပ်ငန်းတာဝန်များကို အဆင်ပြေအောင် ကြိုးစားဆောင်ရွက်နေရပါသည်။

ယခုအခါ ကျေးလက်နေပြည်သူများမှ ကျေးလက်ကျန်းမာရေးဌာနခွဲဆောက်လုပ်ရန်အတွက် (၇၅ ပေ×၁၃၀)ပေ အကျယ်အဝန်းရှိသောမြေကွက်ကိုလည်း ကျန်းမာရေးဦးစီးဌာနသို့ လှူဒါန်းပေးအပ် ရန်လည်း အသင့်ရှိနေပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးဦးစီးဌာနမှ ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် သတ်မှတ်ပေးထား သော ပုဏ္ဏရိပ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦတစ်ခု ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိလို၍ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်နိုင်[ဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန]**။ ။ ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **“ ကြို့ပင်ကောက်မြို့နယ်၏ အနောက်ဘက်ဆုံး မိုးညိုမြို့နယ်နှင့် ထိစပ်နေသော ဒေသရှိ တောင်သူလယ်သမားများမှ မိုးအခါတွင် စိုက်ပျိုးရေး လုပ်ငန်းများကို ရေကြီးနစ်မြုပ်မှုဒဏ်မခံရဘဲ လုပ်ကိုင်နိုင်ရန်နှင့် နောင်နှစ်များတွင်လည်း စိုက်ပျိုးထားသော သီးနှံခင်းများကို ရေလွှမ်းခြင်းခံရမည်ကို စိုးရိမ်ပူပန်နေရမှုအား တိုင်းဒေသကြီး အစိုးရမှ ဆောင်ရွက်ပေးရန်ကိစ္စ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ် အတွင်းရှိ မြစ်မခမြစ်သည် မြစ်မခမြစ် အနောက်ဘက်ခြမ်းမှ ရိုးချောင်းများ စုပေါင်းစီးဆင်းသော မြေနိမ့်ချိုင့်ဝှမ်း မြစ်ဝှမ်းလွင်ပြင်တစ်ခု ဖြစ်ပါသည်။ ဧရာဝတီမြစ်ရေကြီးချိန်တွင် နတ်တလင်းမြို့နယ် ဆင်ခေါင်းပေါက်နှင့် မိုးညိုမြို့နယ် မြစ်သာပေါက်မှ စီးဝင်လာသော ဧရာဝတီမြစ်ရေများသည် မြစ်မခမြစ် အတွင်းသို့စီးဝင်ပြီး ဧရာဝတီမြစ်ရေကျချိန်တွင် မြစ်မခမြစ်ထဲရှိ မြစ်ရေများသည်လည်း ဧရာဝတီမြစ် အတွင်းသို့ ပြန်လည်စီးဝင် ပါသည်။

ယခင်မြစ်မခမြစ်သည် ကြို့ပင်ကောက်မြို့နယ်၊ မိုးညိုမြို့နယ်၏ အစွန်ဆုံးကျသော ကမ်းနားဒေသများ၌ ရှေးယခင်နှစ်များတွင် မိုးအခါ စပါးနှင့် ဂုန်လျှော်များကိုစိုက်ပျိုးနိုင်ခဲ့ပြီး ဆောင်းအခါတွင် ပဲမျိုးစုံစိုက်ပျိုးနိုင်သော ဒေသများဖြစ်ပါသည်။ မေးခွန်းတွင်ပါရှိသော မြစ်မခမြစ်အနောက်ဘက်ကမ်းပတ်တာ တည်ဆောက်ခြင်းလုပ်ငန်းမှာ (၂၀၁၅-၂၀၁၆)ခုနှစ်ဟု ဖော်ပြထားပါသည်။ အမှန်တကယ်တည်ဆောက်သော ခုနှစ်မှာ (၂၀၀၈)ခုနှစ်ဖြစ်ပြီး မှားယွင်းစွာဖော်ပြထားပါသည်။ (၂၀၀၈)ခုနှစ်တွင် မိုးညိုမြို့နယ်၌ လယ်ယာမြေဖော်ထုတ်နိုင်ရေးအတွက် မြစ်မခမြစ်အနောက်ဘက် ကမ်းပတ်တာအား တာဖို့လိုက်ခြင်းကြောင့် ကျယ်ပြန့်စွာစီးဆင်းနေသော ရေပြင်ကျယ်မှာ ကျဉ်း မြောင်းသွားခြင်းကြောင့်လည်းကောင်း ဧရာဝတီမြစ်မှ မြစ်ရေများလျှံတက်လာပြီး မြစ်မခမြစ်ထဲသို့ စီးဝင်လာသောရေများတွင် နုန်းမြေများပါလာခြင်းကြောင့် လည်းကောင်း၊ မိုးများသည့်နှစ်များ တွင် ပဲခူးရိုးမချောင်း/မြောင်းများမှ နုန်းပို့ချခြင်းများကြောင့်လည်းကောင်း မြစ်မခမြစ်မှာ တိမ်ကော ပပျောက်ပြီး ကြို့ပင်ကောက်မြို့နယ်၏ အနောက်ဘက်အစွန်ဆုံး မိုးညိုမြို့နယ်နှင့် ထိစပ်ရာဒေသ များတွင်လည်း လယ်မြေဧက(၁၀၀၀၀)ကျော်ခန့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။

မြစ်ရေကြီးချိန်တွင် ဧရာဝတီမြစ်မှဝင်လာသောရေများနှင့် မြစ်မခမြစ်မှ တောင်ကျရေများ စီးဆင်းလာသောကြောင့် ငါးကျီးကျေးရွာအထက်တွင် မြစ်မခမြစ်မှ ရေကောင်းစွာမနုတ်နိုင်သဖြင့် ကြို့ပင်ကောက်မြို့နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်နေပါသည်။

မြစ်မခမြစ် မြစ်ရေကြီးမှုကြောင့် လယ်မြေများအား ကာကွယ်နိုင်ရန်အတွက် (၂၀၁၅-၂၀၁၇) ဘဏ္ဍာရေးနှစ်အတွင်း ကြို့ပင်ကောက်မြို့နယ်တွင် ရွာသစ်-သဲခုံ-ရှားဖြူကုန်းတာ အလျား(၆)မိုင် တာဖို့ခြင်းလုပ်ငန်းအားလည်းကောင်း၊ မိုးညိုမြို့နယ်တွင် မြောက်လွတ်ကုန်း-ငါးကျီး-အင်းဝင်းကြီး-လယ်သမားတာ အလျား(၅)မိုင် တာဖို့ခြင်းလုပ်ငန်းအားလည်းကောင်း ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း လုပ်ငန်းပြီးစီးမှုမှာ (၅၄%) ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသည်။

မြစ်မခမြစ်(ခေါ်)လှိုင်မြစ်တစ်လျှောက် ရေစီးရေလာကောင်းမွန်လာစေရန် ပဲခူးတိုင်းဒေသကြီး တစ်ခုတည်းဆောင်ရွက်၍မရနိုင်ပါ။ ဆက်စပ်လုပ်ငန်းများဖြစ်သော ဆက်စပ်နေသည့် ရေစီးရေလာ အဟန့်အတားဖြစ်စေသည့် သာယာဝတီခရိုင်အတွင်းရှိ မြစ်မခမြစ်ကို ကန့်လန့်ဖြတ်ဆောက်လုပ်ထားသည့် နတ်တလင်း-တာပွန်ကားလမ်း၊ မင်းလှ-မိုးညိုကားလမ်း၊ လက်ပံတန်း-သာရဝေါ ရထားလမ်းနှင့် ကားလမ်း၊ သာယာဝတီမြို့နယ်ရှိ စံရွှေး-ဖိုးခေါင်လမ်းများအပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကန့်လန့်ဖြတ်လမ်း၊ တံတားများ၊ ရေထွက်ပေါက်များကိုလည်း လိုအပ်သည့်အကျယ်၊ အမြင့် ရရှိစေရန်အတွက် ပြုပြင်ရန် လိုအပ်ပါသည်။ ထို့အပြင် မြစ်မခမြစ်အတွင်း ရေစီးရေလာ အဟန့်အတားဖြစ်စေသည့် သဲသောင်ခုံများ ဖယ်ရှားခြင်း၊ မြစ်ကြောင်း ကောက်ကွေ့နေသောနေရာများ၌ မြစ်ကြောင်းဖြောင့်ခြင်း လုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ရန်လိုအပ်ပါသည်။

မြစ်အတွင်းမိုးတွင်းကာလတွင် စီးဆင်းလာသော ရေစီးရေလာဧရိယာရရှိစေရန် မြစ်ကြမ်းပြင် တူးဖော်ခြင်းနှင့် ရေဘေးကာကွယ်ရေးတာများ မြှင့်တင်ခြင်းတို့ကို ဟန်ချက်ညီစွာဆောင်ရွက်နိုင်ရေးအတွက် စူးစမ်းလေ့လာရေးကို အချိန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

ရေရှည်အစီအမံအနေဖြင့် သစ်တောဧရိယာများဖွံ့ဖြိုးစေရန်အပြင် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေမည့်အကြောင်းတရားများ လျော့နည်းစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် ဧရာဝတီမြစ်နှင့်ဆက်စပ်မြစ်ချောင်း၊ မြစ်ဝှမ်းများကို Master Plan ရေးဆွဲ၍ ပူးပေါင်းအဖြေ ရှာဆောင်ရွက်သင့်ပါကြောင်း ဖြေကြားအပ်ပါသည်။ ဆက်စပ်ပြီးဖြေကြားလိုသည်က ဧရာဝတီမြစ်နှင့် မြစ်မခမြစ်အတွင်းရှိ ဒေသများတွင် ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်သည်မှာ မနှစ်ကထက် ယခုနှစ်(၂)ကြိမ်ဆက်တိုက် ဖြစ်ပေါ်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အစီအမံများအနေနဲ့ နိုင်ငံတော်ဒုတိယသမ္မတကြီးကိုယ်တိုင် ရေကြီးရေလျှံမှုတွင် (၁)ကြိမ်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် မိမိအပါအဝင် သက်ဆိုင်ရာဝန်ကြီးများကလည်း ယင်းဒေသများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီးဖြစ်ပါကြောင်း၊ ရေရှည်အစီအမံအနေနဲ့ ပြုပြင်ဆောင်ရွက်သည့်အခါ အများကြီးရှိသည်ကို တင်ပြလိုပါကြောင်း၊ မူလအစကပင် ယင်းဒေသသည် ရေလွှမ်းမိုးသည့် ဧရိယာများ ဖြစ်သည့်အတွက် ရေကြီးနစ်မြုပ်မှုအထိုက်လျောက်ရှိသည်မှာ အမှန်ဖြစ်ကြောင်း၊ မြေနိမ့်လွင်ပြင်ဖြစ်သည့်အတွက် မိမိငယ်ငယ်ကတည်းက ရေကြီးရေလျှံဖြစ်သည့် ဒေသများကို အင်္ဂလိပ်လက်ထက်ကတည်းက ကမ်းပတ်တာတည်ဆောက်ထားခြင်းရှိပါကြောင်း၊ ယနေ့ဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုများကို ဆေးမြီးတိုနှင့် ကုခြင်းမလုပ်ဘဲ သက်ဆိုင်ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့မှနေပြီး Master Plan ရေးဆွဲပြီး သက်ဆိုင်ရာဒေသခံများ၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များနှင့် အခြားအရပ်ဖက်ဆိုင်ရာ အဖွဲ့အစည်းများက ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ပြီး ဘယ်လိုဆောင်ရွက်လျှင် ယင်းဒေသရေရှည်အကျိုးစီးပွား ဖြစ်စေနိုင်မည်ကို စီမံဆောင်ရွက်ခွင့်ရအောင် အကြံပြုတင်ပြထားပါကြောင်း၊ မိမိအနေဖြင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသည့် နေရာများတွင် ပြုပြင်ရေးလုပ်ငန်းများဖြစ်သည့် မြစ်ကြောင်းတူးဖော်ရေးလုပ်ငန်းဆောင်ရွက်ရန် အစီအစဉ်ချမှတ်နေကြောင်း၊ ယနေ့ဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုကို ဆေးမြီးတိုနှင့် ဆောင်ရွက်ရမည့် အခြေအနေမျိုးမဟုတ်သည့်အတွက် ရေလွှမ်းသည့်ဧရိယာများတွင် ဖြစ်ပေါ်သည့်အတွက် သဘာဝပတ်ဝန်းကျင်ဆိုးကျိုးများကို ခံစားနေရပြီးဖြစ်ကြောင်း တင်ပြလိုပါသည်။ သစ်တောများပြုန်းတီးမှုများလည်းရှိနေပါကြောင်း၊ သစ်တောများပြုန်းတီးသည့်အခါ သစ်တောသစ်ပင်များမရှိတော့သည့်အတွက် ရေတွေက အပေါ်ယံမြေနုမြေသားတွေကို တိုက်စားပြီး နုန်းနှစ်တွေ မြစ်ချောင်းထဲစီးဝင်ပြီး မြစ်ကြောင်းများကောနေသည်ကို လက်ရှိယနေ့ပညာရှင်များက အကြမ်းဖျင်းသုံးသပ်ထားသည်ကို တင်ပြလိုပါကြောင်း၊ သစ်တောဖြုန်းတီးမှုမရှိစေရန် သစ်တော၊ သစ်ပင်များကို ပြန်လည်ပြုစုပျိုးထောင်ပြီး သဘာဝပတ်ဝန်းကျင်ပြန်လည်ပြုပြင်ထိန်းသိမ်းရန် လိုအပ်မှာဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ပြုပြင်စရာရှိသည့် လုပ်ငန်းများကို ဆေးမြီးတိုနှင့် ဒီနေရာတံတားတစ်စင်းပျက်သွားလျှင် တံတားအသစ်ပြန်ဆောက်တာမဟုတ်ဘဲ ယနေ့မိုးညိုမြို့နယ်တွင် ပါသွားသည့် ကွန်ကရစ်တံတားသည် ကျပ်သန်းပေါင်းများစွာ ကုန်ကျခံတည်ဆောက်ထားခြင်းဖြစ်ပါကြောင်း၊ သို့သော် မူလရှိသည့်အကျယ်အစား တံတားကုန်ကျစရိတ်နည်းနည်းနှင့် သက်သာချင်သည့်အတွက် တံတားကို ကျုံ့ပြီးတည်ဆောက်သည့်အခါ ရေဝင်ရေထွက်မမျှတသောကြောင့် တံတားပျက်စီးဆုံးရှုံးရသည့် အခြေအနေမျိုးရှိပါကြောင်း၊ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များ လာရောက်ကြည့်ရှုသည့်အခါ တံတားပြန်ဆောက်ရန် သူတစ်ဦးတည်း၏ ဆုံးဖြတ်ချက်များနှင့် ညွှန်ကြားခဲ့ခြင်းမရှိပါကြောင်း၊ သို့သော်

မိမိအနေဖြင့် တင်ပြထားသည်က သက်ဆိုင်ရာဒေသ မြေပြင်အနေအထားကို ဒေသခံများ၊ နည်းပညာရှင်များ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ပြီး ယင်းဒေသတံတားကို အတိုင်းအတာနှင့် ပြန်ဆောက်လျှင် ရေစီးရေလာကောင်းပြီး ရေကြီးနစ်မြုပ်မှုမှ အထိုက်အလျောက် ကာကွယ်နိုင်မည့် အကြံပြုမှုများကို ပြည်ထောင်စုသို့ တင်ပြထားပြီးဖြစ်သလို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း မိမိအနေဖြင့် တင်ပြထားပြီးဖြစ်ပါကြောင်း၊ ရေရှည်စီမံကိန်းချမှတ်ရမည့်လုပ်ငန်းများ ဖြစ်သည့်အတွက် မိမိတို့အနေဖြင့် အကုန်လုံးစုပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီးပါက ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို လိုအပ်လျှင် ပြည်ထောင်စုကိုဘဲ တင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ လုပ်စရာရှိသည်များကို လုပ်ကိုင်နိုင်ရန်အတွက် မိမိအနေဖြင့် အကြံပြုတင်ပြသွားမည်ဖြစ်ကြောင်း လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးစန်းမြင့်(ခ)ဦးဆန်းမြင့်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၂)အား စည်ပင်သယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးစန်းမြင့်(ခ) ဦးဆန်းမြင့်၊ ကြို့ပင်ကောက်မြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကြို့ပင်ကောက် မြို့နယ် ပုဏ္ဏရိပ် ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဌာနခွဲအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲ စံကိုက်အဆောက်အဦတစ်ခု ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ကြို့ပင်ကောက်မြို့နယ်၊ ပုဏ္ဏရိပ်ကျေးလက်ကျန်းမာရေး ဌာနခွဲ စံကိုက်အဆောက်အဦအား ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ရန်အတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **"မင်းလှမြို့နယ်၊ သင်အိုင်ကျေးရွာအုပ်စုရှိ အထက်တန်းကျောင်း(ခွဲ) ကိုင်းပြင်ကြီး ကျောင်းတွင် ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၁၈၀'×၃၀')(၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **"မင်းလှမြို့နယ်၊ လှည်းပြင်တင်ကျေးရွာအုပ်စု၊ ဘုရားကွင်းကျေးရွာတွင် မူလတန်း ကျောင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၃) **"မင်းလှမြို့နယ်၊ စစ်ကွင်းမြို့ တိုက်နယ်ဆေးရုံသို့ လူနာတင်ယာဉ်(၁)စီး အမြန်ဆုံး ချထားပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း(၃)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ သင်အိုင်ကျေးရွာအုပ်စုရှိ အထက်တန်းကျောင်း(ခွဲ) ကိုင်းပြင်ကြီးကျောင်းတွင် (၁၉၇၃) ခုနှစ်၌ မိဘပြည်သူများ ဆောက်လုပ်ခဲ့သော နှစ်ထပ်ကျောင်းဆောင်သည် ယခုအခါတွင် အပေါ်ထပ်၏ အဆင့်များပြုတ်ကျခြင်း၊ ကြမ်းခင်း များဆွေးမြေ့ခြင်းတို့ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် အပေါ်ထပ်ရှိစာသင်ခန်းများတွင် စာသင်ကြား၍ မရသည့်အခြေအနေသို့ ရောက်ရှိနေပါသည်။ စာသင်ခန်းများ မလုံလောက်မှုကြောင့် ၂၀၁၅/၁၆ခုနှစ်က (၉၀ပေ×၃၀ပေ)(၁)ထပ်ကျောင်းဆောင်(၂)ဆောင် ချထားပေးသော်လည်း (၂)ထပ် ကျောင်းဆောင်ဟောင်း၏ အပေါ်ထပ်စာသင်ခန်းများမှာ အသုံးပြု၍မရသည့်အတွက် စာသင်ခန်း လုံလောက်မှုမရှိသေးသောကြောင့် ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၁၈၀ပေ× ၃၀ပေ)(၂)ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လှည်းပြင်တင်ကျေးရွာအုပ်စု၊ ဘုရားကွင်းကျေးရွာတွင် မူလတန်းကျောင်းသား/သူဦးရေ(၇၀)ခန့်သည် ဘုန်းတော်ကြီးကျောင်းတွင် (ဘ. က)ကျောင်း အဖြစ် သင်ကြားလာသည်မှာ (၃)နှစ်ရှိပြီးဖြစ်ပါသည်။ ယခုအခါ ဘုန်းတော်ကြီးကျောင်းမှလည်း နောင်နှစ်တွင် တာဝန်မယူနိုင်တော့သည့်အတွက် ကျောင်းသား/သူများ ပညာဆက်လက်သင်ကြားနိုင်ရန် ဘုရားကွင်းကျေးရွာတွင် မူလတန်းကျောင်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့၊ တိုက်နယ်ဆေးရုံတွင် တက်ရောက်ကုသမှု ခံယူသော လူနာများအနေဖြင့် ကုသရန်ခက်ခဲသော အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက စစ်ကွင်းတိုက်နယ်ဆေးရုံအဆင့်ဖြင့် ကုသ၍မရရှိသောအခါ ခရိုင်ဆေးရုံ(သို့) ရန်ကုန်ပြည်သူ့ ဆေးရုံကြီးများသို့ သွားရောက်ကုသရပါသည်။

ထိုသို့ သွားရောက်ရန်အတွက် ပြင်ပမှကားများကို ငှားသော်လည်း လွယ်ကူစွာမရရှိခြင်း တို့ကြောင့် လူနာရှင်ပြည်သူများစွာ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေရသည့်အတွက် စစ်ကွင်းမြို့ တိုက်နယ်ဆေးရုံသို့ လူနာတင်ယာဉ်(၁)စီး အမြန်ဆုံးချထားပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးအောင်အောင်မေးမြန်းသည့် မေးခွန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့အား စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"မင်းလှမြို့နယ်၊ သင်အိုင်ကျေးရွာအုပ်စုရှိ အထက်တန်းကျောင်း(ခွဲ) ကိုင်းပြင်ကြီး ကျောင်းတွင် ကျောင်းဆောင်ဟောင်းအား ဖျက်သိမ်း၍ (၁၈၀'×၃၀')(၂)ထပ်**

**ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ သင်အိုင်အုပ်စု၊ ကိုင်းပြင်ကြီးကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)တွင် ကျောင်းသားဦးရေ (၅၀၇)ဦး ရှိပြီး၊ ဆရာ/ဆရာမ ဦးရေမှာ ကျောင်းအုပ်(၁)ဦး၊ ထက်ပြ(၇)ဦး၊ လယ်ပြ(၁၃)ဦး မူပြ(၅)ဦး စုစုပေါင်း (၂၆)ဦး ရှိပါသည်။ စာသင်ဆောင်အနေဖြင့် (၁၈၀×၃၀)ပေ နှစ်ထပ်ဆောင် (၁)ဆောင်၊ (၁၂၀×၃၀)ပေ တစ်ထပ်ဆောင်(၁)ဆောင်၊ (၉၀×၃၀)ပေ တစ်ထပ်ဆောင် (၁)ဆောင်၊ (၆၀×၄၀)ပေ တစ်ထပ်ဆောင် (၁)ဆောင် စုစုပေါင်း(၄)ဆောင်ရှိပါသည်။ ကျောင်းအဆင့်မှာ (B) ဖြစ်ပါသည်။

အဆိုပါကျောင်းအား ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေ (B-Plan)လျာထားမှု စာရင်းတွင် ဉပဓိရုပ်မကောင်း၍ ကျောင်းဆောင်သစ်ဆောက်လုပ်မည့် ဦးစားပေးအဆင့်(၁၆)တွင် ထည့်သွင်း လျာထား ပြီး ဖြစ်ပါကြောင်း ဖြေကြားပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“မင်းလှမြို့နယ်၊ လှည်းပြင်တင်ကျေးရွာအုပ်စု၊ ဘုရားကွင်း ကျေးရွာတွင် မူလတန်း ကျောင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ လှည်းပြင်တင်ကျေးရွာအုပ်စု ဘုရားကြီးကျေးရွာရှိ ဘုန်းတော်ကြီး ကျောင်းတွင် သာသနာ့အောင်မြေ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအမည်ဖြင့် တရားဝင် ဖွင့်လှစ်ထားပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းသား/ကျောင်းသူဦးရေ (၃၁)ဦး ရှိပါသည်။

၎င်းကျေးရွာသည် အမက-စစ်ပြန်ကွင်း၊ အမက-အာတီစီ ကျောင်းများနှင့် (၂)မိုင်ခန့် ကွာဝေး ပါသည်။ ယခုလက်ရှိ အခြေအနေမှာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းအဖြစ် ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။ မြေယာပိုင်ဆိုင်မှု နှင့် ကျောင်းအဆောင်ပိုင်ဆိုင်မှု မှတ်တမ်းများရရှိပြီး အမက(ခွဲ)ကျောင်းအဖြစ် အဆင့်တိုးမြှင့် တင်ပြလာပါက အခြေခံပညာဦးစီးဌာန၊ နေပြည်တော်သို့ ဆက်လက်တင်ပြပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဦးမောင်မောင်လွင်[ဝန်ကြီး၊ စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန]**။ ။ဦးအောင်အောင်၊ မင်းလှမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“မင်းလှမြို့နယ်၊ စစ်ကွင်းမြို့ တိုက်နယ်ဆေးရုံသို့ လူနာတင်ယာဉ် (၁)စီး အမြန်ဆုံး ချထားပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ စစ်ကွင်းမြို့၊ တိုက်နယ်ဆေးရုံ၏ လိုအပ်ချက်အဖြစ် လူနာတင်ယာဉ်ချထားပေးနိုင်ရန် မေးမြန်းခဲ့ပါသည်။ တင်ပြချက်ကို ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်ပေးပို့တောင်းခံမည်ဖြစ်ပြီး ကုသရေး ဦးစီးဌာန၏ ညွှန်ကြားချက်ကိုရရှိပါက ဆက်လက်ဖြေကြားပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ကျောက်တံခါး မြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၅)ရပ်ကွက်ရှိ မျက်နှာဝအကျယ် (၈၀)ပေ၊ အနံ(၂၄၈)ပေ မြေနေရာ၌ မီးသတ်စခန်းအသစ် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလင်းလင်းကျော်၊ ကျောက်တံခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)။** ။ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုမြို့သည် အိမ်ခြေ(၃၀၀၀)ကျော်ရှိပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ (၂၁-၈-၂၀၁၅) ရက်စွဲပါ အမိန့်ကြေငြာစာ အမှတ်(၁၀၄၆)အရ မြို့အဖြစ် သတ်မှတ်ပေးခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မြို့တစ်မြို့ဖြစ်ပါသည်။ ၁၈၈၈ခုနှစ်တွင် ဖဒိုကျေးရွာကြီးအား အဘဘိုးပိုက်ဆံမှ စတင် တည်ခဲ့ပြီး ယခုအခါ အလွန်စည်ကားသော မြို့တစ်မြို့ဖြစ်လာပါသည်။ ဖဒိုမီးသတ်အနေဖြင့် ၁၉၆၃ ခုနှစ်တွင် အရန်မီးသတ် စတင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီး မီးသတ်လက်တွန်းလှည်းဖြင့် မီးဘေးကာကွယ်ရေးဆောင်ရွက်ခဲ့ ပါသည်။ ၁၉၈၃ခုနှစ်တွင် မီးသတ်ဦးစီးဌာနမှ ထုတ်ပေးသော (DENNIS) မီးသတ်ကားဖြင့် ပေ(၂၀) ပတ်လည်အကျယ်၊ မြို့မ(၁)ရပ်ကွက်၊ ပယ်မြေပေါ်တွင် မီးသတ်စခန်းဆောက်လုပ်ဆောင်ရွက်ခဲ့ပါသည်။ မြို့ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မီးသတ်ကားမလုံလောက်တော့သဖြင့် မီးရထားဝန်ကြီး ဦးအောင်မင်းမှ (၁၀. ၂. ၂၀၁၁)ရက်နေ့တွင် ဖဒိုမီးသတ်သို့ (TE 21) မီးသတ်ကားတစ်စီး လှူဒါန်းခဲ့ပါသည်။ (၂၀. ၁၀. ၂၀၁၅) ရက်နေ့တွင် မီးသတ်ဦးစီးဌာနမှ (DFAC) ဒေါင်ဖန်း မီးသတ်ယာဉ်တစ်စီး ထုတ်ပေးခဲ့ပါသည်။ ယခုအခါ ဖဒိုမြို့ မီးသတ်စခန်းတွင် မီးသတ်ကားထားရှိ ရန် မြေနေရာလိုအပ်သည့်အတွက် ကျောက်တံခါးမြို့နယ် အုပ်ချုပ်ရေးမှူးအဖွဲ့မှ မီးသတ်စခန်း ဆောက်လုပ်ရန် ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၅)ရပ်ကွက် မျက်နှာဝအကျယ် (၈၀)ပေ၊ အနံ(၂၄၈)ပေ မြေနေရာအားသတ်မှတ်ပေးခဲ့ပါသည်။ လက်ရှိမီးသတ်စခန်းတွင် ဝန်ထမ်းနှစ်ဦး၊ အရန်တပ်ဖွဲ့ဝင် (၁၀)ဦးဖြင့် ဆောင်ရွက်လျက်ရှိပြီး မီးသတ်စခန်းအား မြို့အင်္ဂါရပ်နှင့်အညီ ဆောက်လုပ် ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဦးလင်းလင်းကျော်မေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ကိုယ်စား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်တစ်ဦးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ဦးလင်းလင်းကျော်၊ ကျောက်တံခါး မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **“ကျောက်တံခါး မြို့နယ်၊ ဖဒိုမြို့၊ ဘိုးပိုက်ဆံ(၅)ရပ်ကွက်ရှိ မျက်နှာဝ အကျယ် (၈၀)ပေ၊ အနံ(၂၄၈)ပေ မြေနေရာ၌ မီးသတ်စခန်းအသစ် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ”** နှင့် စပ်လျဉ်း၍ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေးသည် ကျန်းမာရေး အခြေအနေအရ မဖြေကြားနိုင်ပါသဖြင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ကိုယ်စား ဖြေကြားပေးမည်ဖြစ်ပြီး မိမိ၏ဖြေကြားချက်အပေါ် ကျေနပ်မှုမရှိပါက သီးသန့်ထပ်မံဆွေးနွေးပြောကြားပေးဖို့ ရှိပါကြောင်း၊

မေးခွန်းနံပါတ်(၁)နှင့် ပတ်သက်၍ မီးသတ်ဦးစီးဌာနကို ခေါ်ယူမေးမြန်းသည့်အခါ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဖဒို၊ တောက္ကဲ့အင်း၊ ပဲနွယ်ကုန်းစသည့် မြို့(၃)မြို့ကို ကျောက်တံခါးမြို့နယ်မှ ခွဲပြီးလုပ်ရသည့်အတွက် မလောက်မငှဖြစ်နေသည့် အနေအထားရှိကြောင်း၊ ဖဒိုမြို့ တရားမဝင် အစိုးရပိုင် မီးသတ်စခန်း(၉)ခု ရှိရမှာဖြစ်ပြီး၊ တကယ်တမ်းတရားဝင်မီးသတ်စခန်း(၂)ခုသာရှိပါကြောင်း၊ ထပ်မံတိုးချဲ့ ဖွဲ့စည်းရန်အတွက် သင်တန်းများတက်ခိုင်းထားပါကြောင်း၊ ထို့အတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေး နှစ်တွင် ပထမဦးစားပေးအနေဖြင့် ဘတ်ဂျက်တင်ထားပေးပြီးဖြစ်ကြောင်း အဖြေကိုရရှိခဲ့ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။ တစ်ဆက်တည်းတင်ပြလိုသည်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘတ်ဂျက်သည် အောက်တိုဘာလမှ စက်တင်ဘာလအတွင်း ပြည်ထောင်စု ကော်မရှင်ကို ပေးရမှာဖြစ်ကြောင်း၊ တချို့ကိစ္စများသည် သက်ဆိုင်ဌာနများနှင့် ခေါ်တွေ့ပြီး သက်ဆိုင်ရာ ဝန်ကြီးများ၏ ကတိကဝတ်များပါအောင် စီမံကိန်းတွင် ထည့်သွင်းရေးဆွဲရန် မှာကြားထားပြီး ဖြစ်ကြောင်း၊ မေးခွန်းများ မေးမြန်းထားသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိမေးမြန်းထားသည့် ဌာနဝန်ကြီးများဆီမှာ ကတိကဝတ်များရှိလျှင် ထပ်မံပြီး အောက်တိုဘာနှင့် နိုဝင်ဘာလမကုန်ခင် နောက်ဆုံးညှိနှိုင်းကြရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုကို တင်သည့်အခါ ကြိုတင်ရတာဖြစ်ပြီး ပြည်ထောင်စုကလည်း (၃)လ၊ (၄)လလောက် ဘတ်ဂျက်ကို ညှိနှိုင်းရကြောင်း၊ တိုင်းဒေသကြီးအစိုးရကို ကြိုတင်ရတာဖြစ်သည့်အတွက် သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌများအား မှာကြားထားပြီးဖြစ်ကြောင်း၊ မိမိလိုအပ်ချက်များကို အောက်ဖော်ပြပါ ဌာနများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးများနှင့်ညှိနှိုင်းပြီး ကြိုတင်ညှိနှိုင်းတင်ပြပေးရန် ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်တွင် သက်ဆိုင်ရာမီးသတ်ဦးစီးဌာနက ပထမအဆင့်ဘတ်ဂျက်တွင် ပထမဦးစားပေး အနေဖြင့် တင်ထားပြီးဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ဓါတ်သတ္တုဆိုင်ရာ လုပ်ငန်းလိုင်စင်များ ချထားပေးခြင်းမရှိဘဲ ကျောက်ထုတ်လုပ်ငန်းများ အကြီးအကျယ် ပြုလုပ် နေခြင်းအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ကြစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အလေးထား ထိန်းသိမ်းစီမံမှုများ ချမှတ်လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမိုးမခ၊ တောင်ငူမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)။** ။ဓါတ်သတ္တုဆိုင်ရာလုပ်ငန်းလိုင်စင်များ ချထားပေးခြင်းမရှိဘဲ ကျောက်ထုတ်လုပ်ငန်းများ အကြီးအကျယ်ပြုလုပ်နေခြင်းအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ကြစေရန် သက်ဆိုင်ရာဝန်ကြီးဌာန များမှ အလေးထားထိန်းသိမ်းစီမံမှုများ ချမှတ်လုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ကျောက်တိုင်၊ ဆိတ်ဖူးတောင်၊ ဒိုးသောင်နှင့် နဂါးမောက်ကျေးရွာအုပ်စုများတွင် ရေမြေသယံဇာတများ အခြေအနေပေးလျက်ရှိပါသည်။ အဆိုပါ

ကျောက်များမှာ ကွန်ကရစ်လုပ်ကိုင်ရန် လမ်းခင်းကျောက်များအသုံးပြုရန်အတွက်လည်းကောင်း၊ အရည်အသွေးပြည့်မီသည့် ကျောက်များဖြစ်ပါသည်။ ကျောက်ထုတ်လုပ်ရန်လမ်းပန်းဆက်သွယ်မှုများလည်း ကောင်းမွန်ပါ သည်။ နယ်မြေများလည်း တည်ငြိမ်အေးချမ်းလျက်ရှိပါသည်။

ဖော်ပြပါကျောက်များအား ခေတ်အဆက်ဆက် အစိုးရဌာန၊ အစိုးရကော်ပိုရေးရှင်း၊ ပုဂ္ဂလိကများမှ ကျောက်ထုတ်လုပ်ငန်းများအား ကျောက်မိုင်းခွဲခြင်း၊ ယခုအခြေအနေတွင် စက်ယန္တရားများဖြင့် တူးဖော် ဆယ်ယူခြင်း၊ ရရှိကျောက်များအား ခွဲစက်များတည်ဆောက်၍ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်လျက်ရှိပါသည်။

အဆိုပါကျောက်ထုတ်လုပ်သည့် ဒေသများအား ၂၀၁၃/၂၀၁၄ ခုနှစ်တွင် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်မှ မြေဧရိယာ(၃၃၄)ဧကခန့်အား ကျောက်ထုတ်လုပ်ရေးအသုံးပြုရန် အခြားနည်း အသုံးပြုခွင့် ၁၉၅၃ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ (၃၉)အရ ခွင့်ပြုမိန့်ရယူ၍ ကျောက်ကျင်းများအား သိမ်းယူခဲ့ပြီး ကျောက်လုပ်ငန်းများ တပ်ရန်ပုံငွေရရှိရန် အငှားချဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၀/၂၀၁၁ ခုနှစ်တွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဖော်ပြပါ ကျောက်ကျင်း ကျောက်ထုတ်လုပ် အသုံးပြုခွင့်ရ ဧရိယာ (၃၃၄)ဧကကို ပြန်လည်စွန့်လွှတ်ခဲ့ပါသည်။

ပြန်လည်စွန့်လွှတ်ခဲ့သည့် ကျောက်ကျင်းမြေများမှာ မြေစာရင်းဆိုင်ရာ မြေရာဇဝင်ကောက်နုတ်ချက် မှတ်တမ်းများအရ ကျောက်တူးဖော်ထုတ်လုပ်အသုံးပြုခွင့် လ/န (၃၉)ရပြီးဖြစ်ကြောင်း လေ့လာမှတ်သား ရပါသည်။ ယခုအခါတွင် လ/န(၃၉)ရပြီး မြေပေါ်တွင် လက်ရှိတရားဝင် တပ်မသိမ်းမီနှင့် တပ်သိမ်းပြီး နောက်ပိုင်း အငှားချခံရသူများမှ လုပ်ကိုင်နေသော်လည်း ဓါတ်သတ္တု ဆိုင်ရာလိုင်စင်များ ချထားခွင့်ပြုခဲ့ခြင်း မရှိပဲ ကျောက်များထုတ်လုပ်နေသည့် လုပ်ငန်းရှင်များစွာရှိ နေပြီး ယခုလက်ရှိတွင်လည်း လုပ်ကိုင်နေဆဲ ဖြစ်ပါသည်။

ထို့ကြောင့် နေ့စဉ်နှင့်အမျှ ကျောက်ကားကြီးများသွားလာနေကြ၍ ကားလမ်းများပျက်စီးခြင်း၊ တောင်များမှာ ကျင်းချိုင့်ကြီးများဖြစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်များပျက်စီးခြင်း အစရှိသည့် ဆိုးကျိုးများစွာ ရှိနေပြီး မိမိတို့မြို့/တိုင်းဒေသကြီး/နိုင်ငံအတွက် အခွန်အကောက်များမရသည့် အပြင် ဆုံးရှုံးနစ်နာမှုများ ရှိနေပါသည်။

သို့ပါ၍ လည်းကောင်း ကျောက်လုပ်ငန်းများအား စည်းကမ်းတကျဥပဒေနှင့်အညီ အခွန် စည်းကြပ်ခြင်း လုပ်ငန်းလိုင်စင်၊ ဓါတ်သတ္တုထုတ်လုပ်လိုင်စင်အငှားချထားခြင်းများကို ဥပဒေနှင့်အညီ စီမံဆောင်ရွက်ကြစေရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အလေးထား ထိန်းသိမ်းစီမံမှုများ ချမှတ်လုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးမိုးမခမေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ကိုယ်စား တိုင်းဒေသကြီးအဖွဲ့အစည်းဝင်တစ်ဦးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမေးခွန်းသည် တောင်ငူမြို့(၁)မြို့နယ် တည်းအတွက် မဟုတ်ဘဲ တစ်ပြည်လုံးနှင့်သက်ဆိုင်သည့် မေးခွန်းမျိုးဖြစ်ပါကြောင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ကိုယ်စား ဖြေဆိုရာတွင် မေးခွန်းမေးမြန်းသည့် ကိုယ်စားလှယ်တော်ကြီးအနေဖြင့် ပြည့်ပြည့်စုံစုံ ကျေနပ်မှုရှိမည်မထင်ပါကြောင်း၊ သို့သော်လည်း ပြီးခဲ့သည့် ခေတ်အဆက်ဆက်က မည်သို့ ပြုလုပ်သည်ကို သိရှိအောင် တင်ပြမှာဖြစ်ပါတယ်။ ယင်းလုပ်ငန်းကိစ္စများကို ဆက်လက်ပြီး မည်သို့ ဆောင်ရွက်မည်ကို အစိုးရအနေဖြင့် ပြန်လည်သုံးသပ်ရန်လိုမှာဖြစ်ပါကြောင်း **"ဓါတ်သတ္တုဆိုင်ရာ လုပ်ငန်းလိုင်စင်များ ချထားပေးခြင်းမရှိဘဲ ကျောက်ထုတ် လုပ်ငန်းများ အကြီးအကျယ် ပြုလုပ်နေခြင်း အပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ကြစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အလေးထားထိန်းသိမ်း စီမံမှုများ ချမှတ်လုပ်ဆောင်ရန် အစီအစဉ် ရှိ/မရှိ "** နှင့် စပ်လျဉ်း၍ အောက်မြန်မာပြည် မြေနှင့် အခွန်ဥပဒေ ပုဒ်မ ၃၈(က)နှင့် အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်းဥပဒေ ၃၁(၁)(၂)တို့အရ လည်းကောင်း၊ အောက်မြန်မာပြည် မြေနှင့်အခွန်နည်းဥပဒေ ၁၀၇(က)(ခ)နှင့် အထက်မြန်မာပြည် မြေနှင့်အခွန်နည်းဥပဒေ၉၁(ခ)(ဂ)တို့အရလည်းကောင်း၊ မြန်မာနိုင်ငံမြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၁၉၂၊ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ အမိန့် ဆင့်ဆိုချက် ၆၃ အရလည်းကောင်း၊ တွင်းထွက်စက်မှု ကုန်ကြမ်းအဆင့်နှင့် အလှဆင်ကျောက် အဆင့်တွင် ပါဝင်ခြင်းမရှိသည့်လမ်းခင်းရန်၊ တည်ဆောက်ရေး လုပ်ငန်းသုံးရန် ဓါတ်သတ္တုများ ထုတ်ယူသုံးစွဲခြင်း၊ မြေစေးထုတ်ယူသုံးစွဲခြင်းတို့နှင့် ပတ်သက်၍ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ဓါတ်သတ္တု လုပ်ငန်းလိုင်စင်များ ချထားပေးခြင်းနှင့် ဓါတ်သတ္တုခွန်များ စည်းကြပ် ကောက်ခံခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဓါတ်သတ္တုလုပ်ငန်းများ တူးဖော်ခွင့်လုပ်ငန်းလိုင်စင် ထုတ်ပေးရာတွင် အစိုးရစီမံခန့်ခွဲနိုင်သော မြေလွတ်/မြေလပ် ဟုတ်/မဟုတ်၊ လယ်မြေ၊ ယာမြေ/ဥယျာဉ်ခြံမြေ၊ စိုက်ပျိုးမြေနှင့် မြေလွတ်မြေရိုင်းဖြစ်ပါက လယ်ယာမြေအခြားနည်းအသုံးပြုခွင့်ရသောမြေ ဟုတ်/မဟုတ်၊ မြေပေါ်တွင် သာသနိက အဆောက်အဦများ၊ အများနှင့်ဆိုင်သော အဆောက်အဦများ၊ ပုဂ္ဂလိကအဆောက်အဦများ ရှိ/မရှိ၊ ရာသီသီးနှံနှင့် နှစ်ရှည် သီးပင်များ စိုက်ပျိုးလုပ်ကိုင်ထားခြင်းရှိ/မရှိ၊ ၎င်းမြေသည် တစ်ဦးတစ်ယောက်၏ လက်ဝယ်ထားရှိ ပိုင်ခွင့်ရှိသောမြေ ဟုတ်/မဟုတ်၊ မြို့နယ် စည်ပင်သာယာနယ်နိမိတ်၏ (၁)မိုင်အတွင်း ကျရောက်ခြင်းရှိ/မရှိ၊ လမ်းမကြီးနှင့် အနည်းဆုံးပေ (၆၀၀)၊ လူနေအိမ်များနှင့် အနည်းဆုံး ပေ(၃၀၀)ကွာဝေးခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ မြေရာဇဝင်စိစစ်ချက်၊ သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့၏ ထောက်ခံချက် များရယူခြင်း၊ သဲ၊ ကျောက်စရစ် ထုတ်လုပ်မှုများအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူခြင်း၊ ကျောက်ထုတ်လုပ်ခွင့် လျှောက်ထားမှုများ အတွက် သတ္တုတွင်းဝန်ကြီးဌာန၏ ထောက်ခံချက်များရယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် ယခုနှစ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ ကွင်းဆင်းစစ်ဆေးချက်၊ သဘောထားမှတ်ချက်များရယူ၍ ဓါတ်သတ္တု လုပ်ငန်းလိုင်စင်များ စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဓါတ်သတ္တုခွန်(၄၃၉)သိန်း ကောက်ခံရန် လျာထားခဲ့ပြီး အုတ်လုပ်ငန်းရှင်(၉၅)ဦး၊ သဲလုပ်ငန်းရှင်(၁၀၂)ဦး၊ ကျောက်လုပ်ငန်းရှင်(၈၂)ဦး၊ ဂဝံလုပ်ငန်းရှင်(၆)ဦး၊ သဲ + ကျောက်စရစ်လုပ်ငန်းရှင်(၃၅)ဦး၊ စုစုပေါင်းဓါတ်သတ္တုလုပ်ငန်း လိုင်စင်(၃၂၀) ခွင့်ပြုပေးခဲ့ပြီး ဓါတ်သတ္တုခွန် သိန်း(၂၉၀၀)ကျော် လျာထားချက်ပြည့်မီကျော်လွန် ကောက်ခံရရှိခဲ့ပါသည်။

လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းသော ကျောက်ထုတ်မြေနှင့် ပတ်သက်၍ လက်ငုတ်/ လက်ရင်း ပြဿနာအရှုပ်အရှင်းကင်း၍ မြေစာရင်းပုံစံ(၁၀၅)ရေးကူးခွင့်ရရှိပြီးသော တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ဒိုးသောင်ကျေးရွာအုပ်စုမှ လုပ်ငန်းရှင်(၁၂)ဦး၊ ဧရိယာ(၄၂. ၈၄)ဧကနှင့်  ဆိတ်ဖူးတောင်ကျေးရွာအုပ်စုမှ လုပ်ငန်းရှင်(၄)ဦး ဧရိယာ(၂၄. ၀၅)ဧက စုစုပေါင်းလုပ်ငန်းရှင် (၁၆)ဦး၊ ဧရိယာ(၆၆. ၈၉)ဧကတို့မှ လုပ်ငန်းလိုင်စင်ရရှိရေး တင်ပြလျှောက်ထားလာပါသဖြင့် အမှုတွဲဖွင့်လှစ်၍ အထက်ပါသတ်မှတ်ချက်များ ညီညွတ်ပြီး၊ သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်ထောက်ခံချက်များရရှိပါက ဓါတ်သတ္တုလိုင်စင် ထုတ်ပေးခြင်း၊ ဓါတ်သတ္တုခွန် ကောက်ခံခြင်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဓါတ်သတ္တုလုပ်ငန်းလိုင်စင်ခွင့်ပြုချက်မရှိမီ တရားမဝင်ဓါတ်သတ္တုထုတ်လုပ်မှု မရှိစေရေး သတိပေး တားမြစ်ခြင်း၊ လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ပဲခူးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဓါတ်သတ္တုခွန် သိန်း (၁၅၈၄)ခန့် ကောက်ခံရန်လျာထားပြီးဖြစ်ပါ၍ အခွန်လျာထားချက် ပြည့်မီကျော်လွန်စေရေးနှင့် တရားမဝင် ဓါတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများ မရှိစေရေး၊ သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စိစစ်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ဆိုလိုသည့်သဘောက မိမိတို့လက်တွေ့တွေ့ရသည့်အခါ အနီးကပ်ကြီးကြပ်ကွပ်ကဲမှု ယခုအချိန်ထိ အားနည်းသည်ကို သိရှိရပါကြောင်း၊ သဲလုပ်ငန်းများတွင် တစ်နှစ်လျှင် အခွန်(၈၀၀၀၀)နှင့် (၁၀၀၀၀၀)ကြား ရရှိတာတွေ့ရကြောင်း၊ ဒါတွေနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပေါင်းစပ်ပြီး ဥပဒေနှင့်အညီ လုပ်သလား၊ မလုပ်ဘူးလား ဆိုသည်ကို စစ်ဆေးရန်လိုအပ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများကိုလည်း သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများက စနစ်တကျကောက်ခံရန်လိုပါကြောင်း၊ အခွန်ဥပဒေနှင့်ပတ်သက်ပြီး သစ်တောဝန်ကြီးပြောသလို ဥပဒေကတော့ရှိပြီး ပြစ်ဒဏ်မှာ နည်းနေသည့် အတွက် ဤဥပဒေပြစ်ဒဏ်ပြင်ဆင်ရန်ရှိပါကြောင်း၊ ဇယား(၂)၊ ဇယား(၅)မှာပါသည့် လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ အခွန်ဥပဒေရေးဆွဲသည့်အခါ အားနည်းချက်ရှိသည့်အတွက် ပြန်လည်ရေးဆွဲရန် ဥပဒေချုပ်ကို ပြောကြားထားပါကြောင်း၊ လွှတ်တော်ကလည်း အခွန်ရရှိမှုနှင့်ပတ်သက်ပြီး ဇယား(၂)၊ ဇယား(၅)နှင့်အညီ အခွန်ဥပဒေပြန်လည်ရေးဆွဲရန်လိုပါကြောင်း၊ ယခုဖြေကြားချက်အနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဝန်ကြီး၏ကိုယ်စား လေးစားစွာဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီး မြို့နယ်၊ ခဲဒိုးကျေးရွာအုပ်စု၊ မူသည်ကျေးရွာအား အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်များ ပြုလုပ်ခွင့်ပေးပါရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)**။ ။ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ခဲဒိုးကျေးရွာအုပ်စု၊ မူသည်ကျေးရွာသည် နိုင်ငံတော် ပြည်ထဲရေး ဝန်ကြီးဌာနအမည်ပေါက်ဖြင့် သတ်မှတ်ကျေးရွာဖြစ်ပါသောကြောင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် အိမ်ထောင်စု(၉၅)စု၊ လူဦးရေ (၄၇၃)ဦး ရှိပါသည်။ ခဲဒိုးကျေးရွာအုပ်စုအတွင်းရှိ တောင်ပေါ်တိုင်းရင်းသားကျေးရွာမှ ပြည်သူများသည် အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်များမရှိ ပါသောကြောင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့မှာ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ပြုလုပ်ခိုင်းသော်လည်း လုံးဝမရရှိဘဲဖြစ်နေပါသဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အခွင့်အရေးအရ ခဲဒိုးကျေးရွာအုပ်စု၊ မူသည်ကျေးရွာရှိ ပြည်သူများအား အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်များပြုလုပ်ခွင့်ပြုပေးပါရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦးမေးမြန်းသည့် မေးခွန်းအား လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး၏ ကိုယ်စား တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်တစ်ဦးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဦးဇော်မင်းဦး(ခ)ဦးတင်ဆန်းဦး၊ ကျောက်ကြီးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၏ **"ကျောက်ကြီး မြို့နယ်၊ ခဲဒိုးကျေးရွာအုပ်စု၊ မူသည်ကျေးရွာအား အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်များ ပြုလုပ်ခွင့်ပေးပါရန် အစီအစဉ်ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင် မွေးရာပါနိုင်ငံသားဖြစ်သော တိုင်းရင်းသားပြည်သူများအတွက် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ယခင်ထက်ပိုမိုလွယ်ကူသော ဖြေလျှော့နည်းများဖြင့် လျှင်မြန်စွာဆောင်ရွက်ပေးရန် ရည်ရွယ်၍ (၁. ၇. ၂၀၁၁)ရက်နေ့မှစ၍ (၃၁. ၁၂. ၂၀၁၅)ရက်နေ့အထိ မိုးပွင့်စီမံချက်များဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပြီး ပဲခူးတိုင်း ဒေသကြီးအတွင်း အိမ်ထောင်စုလူဦးရေစာရင်း စုစုပေါင်း(၉၃၄၁၀)စု၊ နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း(၆၉၁၄၄၈)ဦး ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ မိုးပွင့်စီမံချက်ဖြင့် ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင်လည်း မြို့နယ်ရုံးများသို့ လာရောက်လျှောက်ထားမှုများအား ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းသည့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်ကြီးမြို့နယ်၊ ခဲဒိုးကျေးရွာအုပ်စု(မူသည်း)အတွင်း ကျောက်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ အိမ်ထောင်စုလူဦးရေစာရင်း(၉၀)စု ထုတ်ပေးခဲ့ပြီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းအား ၂၀၁၅ခုနှစ် ၊ရွေးကောက်ပွဲမတိုင်မီ(၂၀၂)ဦး၊

ရွေးကောက်ပွဲအပြီးကာလမှာ ယနေ့အထိ (၉၄)ဦး၊ စုစုပေါင်း(၂၉၆)ဦးအား ဆောင်ရွက်ထုတ်ပေးထားပြီး ဖြစ်ပါသည်။

အဆိုပါ ကျောက်ကြီးမြို့နယ်၊ ခဲဒိုးကျေးရွာအုပ်စု(မူသည်း)သည် KNU တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်စပ်ဒေသဖြစ်သဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အခြေခံ ၍ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းအား ဒေသခံတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ လိုလားစွာဖိတ်ခေါ်လာပါက တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ကြီးကြပ်လမ်းညွှန်ချက်ဖြင့် ပြည်ထောင်စုဝန်ကြီးရုံးသို့ လမ်းညွှန်မှုခံယူတင်ပြ၍ ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ယခုလက်ရှိတွင် မြို့နယ်ဦးစီးမှူးရုံးသို့ လာရောက်လျှောက်ထားမှုများအား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏

(၁) **“ပေါင်းတည်မြို့နယ်ရှိ မီးသတ်အဆောက်အဦ ပျက်စီးယိုယွင်းနေပါသဖြင့် စံချိန်မီ နှစ်ထပ်အဆောက်အဦ တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(၂) **“ပေါင်းတည်မြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း(၂)ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ဈေး(၂)ရပ်ကွက်၊ ရွှေတောင်လမ်းရှိ မီးသတ်အဆောက်အဦသည် လွန်ခဲ့သောနှစ်ပေါင်း (၅၁)နှစ်က တည်ဆောက်ခဲ့ပြီး ယခုအခါ ခိုင်ခန့်မှုအားနည်းပြီး ပျက်စီးယိုယွင်းနေပါသည်။ ထိုအဆောက်အဦမှာ ပေါင်းတည်မြို့၏ မြို့လယ်ခေါင်တွင် တည်ရှိပြီး မြို့ပြနှင့် လိုက်လျောညီထွေသော စံကိုက်အဆောက်အဦ ဖြစ်ရန်လည်း လိုအပ်နေ ပါသည်။

ထို့ကြောင့် ဝန်ထမ်းများနေထိုင်ရန် အဆင်ပြေချောမွေ့စေရန်၊ မီးသတ်ကားများထားရှိရန်နှင့် အစည်းအဝေးများကျင်းပပြုလုပ်ရန် အဆင့်မြင့်မြို့နယ်မီးသတ်စခန်းဆောက်လုပ်ပေးရန် လိုအပ် နေပါသည်။ ထို့ကြောင့် အဆင့်မြင့်မြို့နယ်မီးသတ်စခန်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးအဖြစ်ထည့်သွင်းလျာထား လျာထားဆောင်ရွက်ပေးမည် ဖြစ်ကြောင်း မေးမြန်းအပ်ပါသည်။

**ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)**။ ။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးသည် မင်းကွက်ရပ်၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ကျောင်းပိုင် မြေပေါ်ရှိ တည်ရှိနေပါသည်။ ယခုအခါ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ ကျောင်းသား ဦးရေ(၁၀၀၀)ကျော်ရှိနေပါသဖြင့် ကျောင်းမြေနေရာအား ပြန်လည်ရယူလိုပါသည်။ ဒေသခံရပ်မိ ရပ်ဖတို့နှင့် ကျောင်းကော်မတီတို့က ကျောင်းမြေအတွင်းရှိ လဝက ရုံးအား ထွက်ခွာပေးစေလိုပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးအား တည်ဆောက်ပေးပါက အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှာ မိမိကျောင်းမြေနေရာ ပြန်လည်ရရှိမည် ဖြစ်ပါသည်။

ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာမြို့နယ်ဦးစီးမှူးရုံး မြေနေရာသည် မင်းကွက်(၃)ရပ်ကွက်၊ ရွှေတည်(၁)တွင် ပေ(၁၀၀)ပတ်လည် မြေနေရာ ဂရန်ရထားပြီး ရန်ကုန်-ပြည်ကားလမ်းဘေးတွင် တည်ရှိပါသည်။ ထို့ကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးပိုင်မြေနေရာတွင် ရုံးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဦးစားပေးအဖြစ် ထည့်သွင်းလျာထား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တိကျစွာရှင်းလင်းစွာ ဖြေကြားပေးပါရန် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ဦးရဲလင်းနိုင်မေးမြန်းသည့် မေးခွန်းများအား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၏ ကိုယ်စား တိုင်းဒေသကြီးအဆင့်အဖွဲ့အစည်းဝင်တစ်ဦးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့နယ်ရှိ မီးသတ်အဆောက်အဦ ပျက်စီးယိုယွင်းနေပါသဖြင့် စံချိန်မီနှစ်ထပ်အဆောက်အဦ တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ"** နှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့မီးသတ်စခန်းအဆောက်အဦအား သတ်မှတ်ညွှန်ကြားချက်နှင့် ကိုက်ညီသည့် မီးသတ်စခန်းအဆောက်အဦ ဆောက်လုပ်ရန်အတွက် ၂၀၁၇-၂၀၁၈ခု ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ဘတ်ဂျက်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ခွင့်ပြုရန်ပုံ ငွေရရှိပါက ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**ဦးညွန့်ရွှေ(ဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ဦးရဲလင်းနိုင်၊ ပေါင်းတည်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၏ **"ပေါင်းတည်မြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာမြို့နယ်ဦးစီးမှူးရုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပေါင်းတည်မြို့နယ်ဦးစီးမှူးရုံး ဖွင့်လှစ်ထားရှိသော အလျား(၁၂၀)ပေ၊ အနံ(၆၀)ပေ၊ အမြင့်(၂၅)ပေ၊

မီးခံကျောက်ပြားမိုး၊ RC အုတ်ကာ၊ ကွန်ကရစ်ခင်း အဆောက်အဦ (သိုလှောင်ရုံအမှတ်-၃၅)အား ကုန်သွယ်မှုမူဝါဒကောင်စီ၏ (၃. ၁၂. ၂၀၀၈ ရက်စွဲပါ စာအမှတ်၊ အမစ/ကသ/၃/၃၉(၁၀၃၃/၂၀၀၈) အရ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးထံမှ (၂၆. ၁၂. ၂၀၀၈)ရက်နေ့တွင် တရားဝင်လွှဲပြောင်း လက်ခံရရှိခဲ့သော အဆောက်အဦဖြစ်ပါသည်။

၎င်းအပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၂၇/၂၀၁၅)၏ သဘောတူညီချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ (၇. ၁. ၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၆)ဖြင့် ပြန်တမ်းထုတ်ပြန်ခဲ့သည့် နိုင်ငံတော်ကိုယ်စား လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်ရသော နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦများစာရင်းတွင် အဆိုပါ ပေါင်းတည် မြို့နယ်ဦးစီးမှူးရုံး ဖွင့်လှစ်ထားသော အဆောက်အဦ ပါဝင်ပြီးဖြစ်ပါသည်။

ပေါင်းတည်မြို့နယ်ဦးစီးမှူးရုံးသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြစ်သဖြင့် ပေါင်းတည် မြို့နယ်ဦးစီးမှူးရုံး ဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ တင်ပြတောင်းခံ ပေးနိုင်ပါရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန(လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ)၊ ဝန်ကြီးရုံးသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

## ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီအတွင်းရေးမှူး ဦးမြင့်ဦး၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား ရေးရာကော်မတီ အတွင်းရေးမှူး ဦးမြင့်ဦး၊ အုတ်တွင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်သို့ တင်ပြပေးဖို့ ဖိတ်ခေါ် ပါတယ်။

**ဦးမြင့်ဦး[အတွင်းရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီ]**။ ။(ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်း ကော်မတီအစီရင်ခံစာအား နောက်ဆက်တွဲဖြင့် ဖော်ပြအပ်ပါသည်။)

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် လွှတ်တော်၏ ဆောင်ရွက်ချက်များအား တင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ချက်များအား လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံတင်ပြခြင်းနှင့် လွှတ်တော်က မှတ်တမ်းတင်ခြင်းအစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်-

- တိုင်းဒေသကြီးဝန်ကြီးချုပ်၏ မိန့်ခွန်းအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်၏အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ရေးရာကော်မတီ(၆)ခု၏ အစီရင်ခံစာအား မှတ်တမ်းတင်ခြင်း။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့် ကြားနာခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်မှုတို့အား မှတ်တမ်းတင်နိုင်ရန်အတွက် ထောက်ခံဆွေးနွေးတင်ပြဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစောညိုဝင်း[သနပ်ပင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)]**။ ။ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်၏ အောက်ပါ ဆောင်ရွက်ချက်များအား မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါသည်-

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(ပထမနေ့) (၃-၁၀-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့သည့်-

- တိုင်းဒေသကြီးဝန်ကြီးချုပ်၏မိန့်ခွန်း။
- ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၏ (၁-၅-၂၀၁၆)ရက်မှ (၃၁-၈-၂၀၁၆) ရက်ထိ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်၏ (၁-၇-၂၀၁၆)ရက်မှ (၃၁-၈-၂၀၁၆)ရက်ထိ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (ဒုတိယနေ့) (၄-၁၀-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေး နှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာ။

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာ ကော်မတီ အစီရင်ခံစာ။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (တတိယနေ့)(၅-၁၀-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာ။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထနေ့)(၆-၁၀-၂၀၁၆) ရက်နေ့တွင် တင်ပြခဲ့သည့်-

- ပဲခူးတိုင်းဒေသကြီးလွှတ်တော် ကတိကဝတ်အာမခံချက်များ စိစစ်ရေးကော်မတီ အစီရင်ခံစာ။
- ပဲခူးတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီ အစီရင်ခံစာ။

ပဲခူးတိုင်းဒေသကြီးလွှတ်တော်တွင် ဆောင်ရွက်ခဲ့သည့်-

- (၂၉-၇-၂၀၁၆)ရက်နေ့တွင် ဦးမင်းဆွေ ဦးဆောင်သည့် ကြံစိုက်ပျိုးရေးနှင့် သကြားထုတ်လုပ်မှုအတွက် အိန္ဒိယနည်းပညာလက်တွေ့အသုံးချခြင်းဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်မှု။
- (၁၁-၈-၂၀၁၆)ရက်တွင် ပညာရေးဆိုင်ရာ အဆောက်အဦများဆောက်လုပ်ခြင်း တင်ဒါအနိုင်ရ ကုမ္ပဏီများနှင့် သက်ဆိုင်သော ကိစ္စရပ်များ ကြားနာခြင်း။
- (၁၅-၈-၂၀၁၆)ရက်တွင် ဝေါမြို့နယ်၌ ၁၉၈၉ခုနှစ်က အခွန်လွတ်ဈေးတည်ဆောက်ရန် သိမ်းယူခဲ့သဖြင့် ပြန်လည်ရရှိလိုကြောင်း တိုင်ကြားစာအား တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာကော်မတီမှ ကြားနာခြင်း။
- (၁၆-၈-၂၀၁၆)ရက်နှင့် (၂၈-၉-၂၀၁၆)ရက်တို့တွင် ကဝမြို့၌ အဆင့်မြင့်အားကစား ကွင်းနှင့် ဈေးတည်ဆောက်ရန် သိမ်းဆည်းလယ်မြေဧရိယာ(၈)ဧကကို ခြံကွက်ရိုက် ရောင်းစားခြင်းအား တိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီမှ ကြားနာခြင်း။
- (၁၈-၈-၂၀၁၆)ရက်တွင် စည်ပင်သာယာရေးဥပဒေနှင့်ပတ်သက်၍ ကြားနာခြင်း။
- (၂၉-၈-၂၀၁၆)ရက်တွင် ပြည်သူ့လွှတ်တော်မှ ဒေါ်ဇင်မာအောင် ဦးဆောင်သည့် မြန်မာနိုင်ငံ အမျိုးသမီးများ နိုင်ငံရေးစွမ်းဆောင်မှု စွမ်းရည်မြှင့်တင်ရေးအလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပပြုလုပ်မှု။
- (၅-၉-၂၀၁၆)ရက်မှ (၆-၉-၂၀၁၆)ရက်ထိ ဦးစိန်ဌေး ဦးဆောင်သည့် ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မှု။

- (၂၃-၉-၂၀၁၆)ရက်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနဝန်ကြီး ဦးညွန့်ရွှေ ဦးဆောင်သည့် ဖြည့်စွက်ရန်ပုံငွေနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မှုတို့အား မှတ်တမ်းတင်ပေးပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောညိုဝင်း၏ တင်ပြချက်အပေါ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့်အတွက် ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်၏ ဆောင်ရွက်ချက်များအား တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါသည်။

## တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့အထိ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားအပ် ပါတယ်။

ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ရေးရာကော်မတီများ၏ ကြိုးပမ်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုတို့ဖြင့် ကြယ်ပွင့်ပြမေးခွန်း(၁၃၇)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၁၀၉)ခု၊ အဆို(၁)ခု၊ အဆိုမေးခွန်းစုစုပေါင်း (၂၄၇)ခုကိုလည်းကောင်း၊ မှတ်တမ်းတင်ခြင်းအဖြစ် တိုင်းဒေသကြီးဝန်ကြီးချုပ် မိန့်ခွန်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အစီရင်ခံစာ၊ ဥပဒေချုပ်အစီရင်ခံစာ၊ စာရင်းစစ်ချုပ်အစီရင်ခံစာ၊ ဥပဒေပြုရေးကော်မတီနှင့် စီးပွားရေး၊ စည်ပင်သာယာရေးနှင့် ကုန်သွယ် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့၏ ပူးပေါင်းအစီရင်ခံစာ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အလုပ်သမားရေးရာကော်မတီအစီရင်ခံစာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ တောင်သူလယ်သမားနှင့် မြေယာကိစ္စရပ်များဆိုင်ရာ ကော်မတီအစီရင်ခံစာ၊ လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစီရင်ခံစာ၊ ကတိကဝတ်အာမခံချက်များစိစစ်ရေးကော်မတီ အစီရင်ခံစာ၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့် ပြည်သူ့ငွေစာရင်းကော်မတီအစီရင်ခံစာများနှင့် ကြံစိုက်ပျိုးရေးနှင့် သကြားထုတ်လုပ်မှု အိန္ဒိယနည်းပညာအသုံးချခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ပညာရေးဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ခြင်းကိစ္စရပ်များကြားနာမှု၊ ဝေါမြို့နယ် အခွန်လွတ်ဈေး၊ ကဝမြို့နယ် အားကစားကွင်းနှင့် ဈေးကိစ္စတိုင်ကြားစာများကိစ္စ တိုင်ကြားမှုကြားနာခြင်း၊ စည်ပင်သာယာရေးဥပဒေနှင့်

ပတ်သက်၍ ကြားနာခြင်း၊ မြန်မာနိုင်ငံ အမျိုးသမီးများ နိုင်ငံရေးစွမ်းဆောင်မှု စွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ၊ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုဆိုင်ရာ The Asia Foundation မှ အလုပ်ရုံဆွေးနွေးပွဲ၊ ဖြည့်စွက်ရန်ပုံငွေနှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ အပါအဝင် မှတ်တမ်းတင်ခြင်း (၁၈)ခု တို့ကို လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အထက်ပါဆောင်ရွက်ခဲ့သော လုပ်ငန်းများ အနက် အားနည်းချက်၊ အားသာချက်များအရ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွား ကြရန် လိုအပ်ပါသည်။

အထူးသဖြင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် တိုင်းဒေသကြီး လွှတ်တော်ဥပဒေ ပုဒ်မ ၈၄ အရ မိမိအား ရွေးချယ်ပေးသည့် မဲဆန္ဒနယ်ကို ကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော အများကလေးစားထိုက်သည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း ပြဋ္ဌာန်းထားသဖြင့် တိုင်းဒေသကြီးလွှတ်တော် ကျင်းပနေသည့်ကာလ လွှတ်တော်အတွင်း၌ လည်းကောင်း၊ ပြည်သူများ၏ယုံကြည်လေးစားအပ်သော ပြည်သူ့ကိုယ်စားလှယ်များအဖြစ် အနေ၊ အထိုင်၊ အပြော၊ အဆို၊ အပြုအမူကအစ အထူးဂရုပြုပြီး သီလသိက္ခာ၊ သမာဓိသိက္ခာနှင့် ပညာသိက္ခာများ ပြည့်စုံသူများဖြစ်ရန် လိုအပ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ရိုးသားပွင့်လင်းမှု၊ နိုင်ငံရေး အမြင်ကျယ်မှု၊ စည်းရုံးရေးထက်မြက်မှုရှိစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများအကျိုးကို ရှေ့ရှုပြီး ပြည်သူများအပေါ် အဂတိတရား ကင်းစင်စွာဖြင့် အကျိုးပြုဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးအဆင့် အုပ်ချုပ်မှုကဏ္ဍ၊ တရားစီရင်မှုကဏ္ဍတို့နှင့် ဝင်ရောက်စွက်ဖက်မှု၊ ပွတ်တိုက်မှု ဝိရောဓိများ မဖြစ်စေရန်လည်း အထူးသတိပြုပြီး မိမိတို့၏ ပြည်သူကိုယ်စား ပြုမှု၊ ဥပဒေပြုမှု၊ အပြန်အလှန် ထိန်းကျောင်းမှု တာဝန်များအရသာ လိမ္မာကျွမ်းကျင်စွာ ဆောင်ရွက်ပေးကြဖို့ မှာကြားလိုပါတယ်။

နောက်တစ်ကြိမ် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးများတွင် မေးခွန်းနှင့် အဆို များကိုလည်း အနီးကပ်မှစုပြီး တင်သွင်းခြင်းမျိုးမပြုဘဲ၊ သတ်မှတ်သည့်ရက်အတွင်း စနစ်တကျ ကွင်းဆင်းဆောင်ရွက် ပြုစုတင်ပြကြရန်နှင့် လွှတ်တော်အတွင်း၌လည်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ သက်ဆိုင်သော ဆွေးနွေး မေးမြန်းချက်များကို သတ်မှတ်ထားသည့် အချိန်အတွင်း မေးမြန်းခြင်း၊ အဆိုပြုခြင်း၊ ထောက်ခံဆွေးနွေးခြင်း ပြုရန် လိုအပ်ကြောင်း ပြောကြားအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပန်းတိုင်သစ်ဆီသို့ ရောက်ရှိရေးအတွက် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးကဏ္ဍမှ အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားနိုင် ကြပါစေကြောင်း တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

# ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် စတုတ္ထပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပဲခူးတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို (၁၅း၂၅)နာရီတွင် အောင်မြင်စွာပြီးစီးကြောင်း ကြေညာအပ်ပါတယ်။

**[သြဘာသံများ]**

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။